ကမ္ဘာ့ဗုဒ္ဓသာသနာပြု
ပထမကျော်-အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

ဆရာတော်

# အရှင်သိဋ္ဌိလ


၏

## ဘဝဖြစ်စဉ် နှင့်
## ကမ္ဘာ့ဗုဒ္ဓသာသနာပြု မှတ်တမ်း

အရှင်ဉာဏိက



ဒုတိယအကြိမ်
ဓမ္မဒါန



ကမ္ဘာ့ဗုဒ္ဓသာသနာပြု

ပထမကျော် - အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

ဆရာတော်

# အရှင်သေဋ္ဌိလ

၏

# ဘဝဖြစ်စဉ်

နှင့်

# ကမ္ဘာ့ဗုဒ္ဓသာသနာပြု မှတ်တမ်း


## အရှင်ဉာဏိက

ဒုတိယအကြိမ်


ဓမ္မဒါန

| | |
|---|---|
| ပုံနှိပ်ခြင်း | ဒုတိယ အကြိမ်<br>၁၉၉၀-ပြည့်နှစ်<br>မတ်လ |
| အုပ်ရေ | ၃၀၀၀ |
| အဖုံး ပန်းချီ | မောင်အေးမြင့်<br>[မြန်မာ့ရိုးရာဒီဇိုင်း] |
| အဖုံးရိုက် | ပညာ့ဗိမာန်ပုံနှိပ်တိုက် |
| ဘလောက် | အဝင်း |
| စာအုပ်ချုပ် | ပပစိုး |
| ဘာသာရေး ဆိုင်ရာခွင့်ပြုချက် | ၃၇၀/၈၉ [၈] |
| မျက်နှာဖုံး ခွင့်ပြုချက် | ၃၉/၉၀ [၁] |
| ထုတ်ဝေသူ | ပျော်ဘွယ် ဦးတင်အောင်<br>ဥက္ကဋ္ဌ<br>ပျော်ဘွယ်မြို့နယ်အသင်း (ရန်ကုန်)<br>ကင်းလွတ်ခွင့် အမှတ် [၇၈]<br>အမှတ် (၈) မိုးကောင်းလမ်း၊<br>ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးကြည်၊ [မြ-၀၂၄၀၉] ပညာ့ဗိမာန်<br>ပုံနှိပ်တိုက်၊ အမှတ် ၄၁၊ ၄၄-လမ်း၊<br>ရန်ကုန်မြို့။ |







ပထမကျော်ဘွဲ့တံဆိပ်များ (၁၉၁၈-ခု)



ဆရာတော်တရားဟောနေစဉ်ဖူးတွေ့ရပုံ



ဆရာတော်အရှင်သေဋ္ဌိလမဟာထေရ်နှင့် ကမ္ဘာအေးဆရာတော်ဦးဉာဏုတ္တရမထေရ်တို့ ဂျပန်ပြည်၌ဖူးတွေ့ရစဉ် (၁၉၅၇)




ဟာဝါရီကျွန်း သင်္ဘောဆိပ်တွင် အမေရိကန် ရေတပ်ဗိုလ်ချုပ်ကြီးက ဆရာတော်ကြီး အား ခရီးဦးကြိုဆိုပုံ






ဂျပန်ပြည်၌
ထေရဝါဒ
ဗုဒ္ဓသာသနာ
အခြေချရန်
ဆရာတော်
ဦးသေဋ္ဌိလသည်
အဂ္ဂမဟာပဏ္ဍိတ
ဦးဉာဏုတ္တရနှင့်အတူ
ကြွတော်မူစဉ်
ကြိုဆိုကြပုံများ










အပေါ်ပုံ။ ။လန်ဒန်မြို့ ကက်ဗဘန်ခန်းမတွင် ဆရာတော် အရှင်သေဋ္ဌိလ မဟာထေရ်၏ ဗုဒ္ဓဘာသာ တရားဟောကြားတော်မူစဉ်—

အလယ်ပုံ။ ။လန်ဒန်မြို့ ရက်ပိုင်းယင်း ခန်းမတွင် ဘာသာစုံ ပရိသတ်တို့အား ဗုဒ္ဓဘာသာ တရားတော်များ ဟောကြားတော်မူစဉ်....

အောက်ပုံ။ ။လန်ဒန်မြို့ရှိ အဘိဓမ္မာပါဠိတော် အသင်းကြီးသို့ ငွေစေတီလှူဒါန်းပြီးနောက်မစ္စဘာဖီလ်ဂါဒင်၊ မစ္စက်အီလ်ဂါဒင်၊ မစ္စတာ ဒေးဗစ်ဆင်တို့နှင့်အတူ ဆရာတော်အား ဖူးတွေ့ရစဉ်....












အပေါ်စံပုံ၊ ။အမေရိကန်နိုင်ငံ အော်ရီဂင်နယ် ကောလိပ်ကျောင်းတွင် တရားဟောကြားရန် ကျောင်းအုပ်ကြီးက ပင့်ဆောင်လာစဉ်—

အပေါ်ယာပုံ။ ။အိန္ဒိယနိုင်ငံ သာသနာ ၂၅၀၀ ပြည့် ဗုဒ္ဓပူဇနိယပွဲတော်သို့ ကြွရောက်စဉ်က....


အလယ်ပုံ၊ ။ကမ္ဘာ့ ဗုဒ္ဓဘာသာ ညီလာခံ၌ ဖူးတွေ့ရစဉ်....

အောက်စံပုံ၊ ။အနောက်ဂျာမဏီနိုင်ငံသို့ သာသနာပြုခရီးထွက်ရန် မဂ်လာဒုံလေဆိပ်၌ ဖူးတွေ့ရစဉ်....

အောက်ယာပုံ၊ ။ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ ရုပ်ရှင်ရုံကြီးတစ်ခု၌ တရားဟောကြားတော်မူစဉ်—




ဂျပန်ပြည်တွင်
ဆရာတော်
တရားဟောကြားနေပုံ



ဆရာတော်အရှင်သေဋ္ဌိလမဟာထေရ်နှင့် ကမ္ဘာအေးဆရာတော်ဦးဉာဏုတ္တရမထေရ်တို့
ဂျပန်ပြည်၌ဖူးတွေ့ရစဉ် (၁၉၅၇)



ဩစတြေလျပြည်၊ လူ(၃၀၀၀) ဆံ့ သောဇာတ်ရုံကြီးတစ်ခုတွင် ဆရာတော်တရားဟော အပြီး၌
ချယ်ယာမင်လူကြီး နှင့်တကွ တရားနာပရိသတ်များက လက်ခုပ်တီး၍ဩဘာပေးနေကြပုံ (၁၉၅၅)



အမေရိကန်၌ကျင်းပသော အရှေ့ အနောက် အတွေးအခေါ်ပညာရှင်များညီလာခံတွင်
ပါမောက္ခ စတန်းဒတ်၊ ပါမောက္ခ ဘားနဒ်၊ ကင်းဆပ်ကောလိပ်မှ မစ္စ ဆမယ်လီတို့နှင့်အတူ
ရန်ကုန်တက္ကသိုလ်၏ကိုယ်စားလှယ်တော်အဖြစ် ဆရာတော်ကြီးအား ဖူးတွေ့ရစဉ် ။





ဝဲအပေါ်ပုံ

ဩစတြေးလျနိုင်ငံတွင် သာသနာပြုတော်မူစဉ်က....

ယာအပေါ်ပုံ

အိုင်အိုခါ တက္ကသိုလ်၌ ကျောင်းသားများ၏ မေးမြန်းချက်တို့ကို ဖြေကြားတော်မူစဉ်....



Photo taken in 1938 with Venerable U Thittila, the then President of the South India Buddhist Association's Dramatic Club, on the occasion of his departure to England.

အောက်ပုံ

အရှင်သေဋ္ဌိလအား အိန္ဒိယဗုဒ္ဓဘာသာအသင်းမှ ဂုဏ်ပြုပွဲ (၁၉၃၈)

# သဝဏ်လွှာ

ကမ္ဘာ့ဗုဒ္ဓသာသနာပြု နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ဇေဋ္ဌိလသည် ယခုအခါ သက်တော်(၈၈)သိက္ခာတော် (၆၈)ဝါရရှိပြီ ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် တကွ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက် များကို ယခု ထုတ်ဝေသော ဆရာတော်ဘုရားကြီး၏ ကမ္ဘာ့ဗုဒ္ဓသာသနာပြု မှတ်တမ်းစာအုပ်တွင် အကျဉ်းချုပ် ဖော်ပြထားပါသည်။

ဤမှတ်တမ်းစာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ဆရာတော်ဘုရား ကြီး၏ မွန်မြတ်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များနှင့် ပြည့်စုံစွာ ဆောင်ရွက်ခဲ့သော လုပ်ငန်းများ အများအပြား ရှိသည့်အနက် ဆရာတော် ဘုရားကြီး၏ စံနမူနာ တင်ထိုက်သော အောင်မြင်မှု လုပ်ငန်းကြီးတစ်ရပ်မှာ ကမ္ဘာ့ သာသနာပြု လုပ်ငန်းကြီး ပင် ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး သည် လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ကျော် ကာလမှ စ၍ ကြီးမားသော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဒုက္ခ အမျိုးမျိုးခံကာ ကမ္ဘာ့နိုင်ငံ အရပ်ရပ်သို့ မိမိ ကိုယ်တော်တိုင် ကြွရောက်ပြီး ကမ္ဘာ့ဗုဒ္ဓသာသနာပြု လုပ်ငန်းကြီးကို စတင် ပျိုးထောင် အောင်မြင်စွာ ဆောင်ရွက်တော် မူခဲ့ပါသည်။

၁၉၃၈ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့ ကြွရောက်တော်မူပြီး ဗုဒ္ဓစာပေ တရားတော်များကို မိမိ ကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားဟော ပြောခြင်းဖြင့် တစ်ဆယ့် လေးနှစ် တိုင်တိုင် ဗုဒ္ဓ သာသနာပြု လုပ်ငန်း ကြီးကို အောင်မြင်စွာ စတင် ဆောင်ရွက်တော်မူသည်။

အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ ဟော်လန်၊ ဘယ်လ်ဂျီယံ၊ အမေရိက အစရှိသော အနောက်နိုင်ငံများသို့ လည်းကောင်း၊

ဂျပန်၊ သြစတြေးလျ အစရှိသော အနောက်နိုင်ငံများနှင့် အာရှနိုင်ငံအချို့သို့ လည်းကောင်း ထိုနိုင်ငံများမှ ပင့်ဖိတ်ချက်အရ အကြိမ်ကြိမ်ကြွရောက်ပြီး ဗုဒ္ဓတရားတော်များကို အင်္ဂလိပ်ဘာသာဖြင့် ဖြန့်ဖြူး ဟောကြားတော်မူခဲ့ ပါ၍ ကမ္ဘာ့နိုင်ငံ အရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်များသည် ဆရာတော်ကြီးကို အထူး ရိုသေ လေးစား ကြည်ညို ဂါရဝ ပြုကြပါသည်။

ဆရာတော်ဘုရားကြီး၏ ရေးသား၊ ဟောပြော သင်ကြားမှု ကျေးဇူးတော်ကြောင့် ကမ္ဘာ့နိုင်ငံ အရပ်ရပ်တွင် ဗုဒ္ဓဘာသာ အသင်း အဖွဲ့များ တည်ထောင်လာကြပြီး ဗုဒ္ဓဘာသာဝင် အဖြစ်သို့ ကူးပြောင်း လာကြသော နိုင်ငံခြားသား ပုဂ္ဂိုလ်များ မြောက်မြားစွာ ပေါ်ထွန်း လာခြင်းကို မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင် အပေါင်းတို့က လှိုက်လှဲစွာ နှစ်ထောင်းအားရ ဂုဏ်ပြုချီးကျူးကြပါသည်။

ဆရာတော်ဘုရားကြီးနှင့်တကွ အခြား ဗုဒ္ဓသာသနာပြု ဆရာတော် ကြီးများ၊ သူတော်စင်များ၏ ဂုဏ်ကျေးဇူးတော်များကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ မန်မာန အစရှိသော အကုသိုလ်များ၏ ဖိစီးမှုကို ခံနေ ကြရသည့် အတွက် ကြောက်မက်ဖွယ်ရာ စစ်ဘေးစစ်ဒဏ်များကို အကြိမ် ကြိမ် ခံခဲ့ကြရသော ကမ္ဘာသူ ကမ္ဘာသား အပေါင်းတို့သည် ၎င်း အကုသိုလ်များကို ချုပ်ငြိမ်းစေပြီးလျှင် ကုသိုလ်တရားနှင့် မေတ္တာ တရား များကို ရှေးရှုထားသော ဗုဒ္ဓဘာသာရေးအား၊ အမြိုက်ဆေးကို သောက်သုံး ခွင့်ရရှိကြသည့်အတွက် ကမ္ဘာကြီးတစ်ခုလုံးတွင် စစ်ဘေးစစ်ရန်မှ ကင်း ငြိမ်းပြီး အေးချမ်းသာယာတော့မည့် အတိတ်ကောင်း နိမိတ်ကောင်း ကြီးနှင့် တွေ့ကြုံကြရပေပြီ။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစွာနှင့် သက်တော်ရာကျော်ရှည်ပြီး ကမ္ဘာ့ဗုဒ္ဓသာသနာပြု လုပ်ငန်း ကြီးကို ဆဘက်ထမ်းပိုး ဆက်လက် တိုးတက်ဆောင်ရွက် နိုင်ပါစေဟု ကျွန်ုပ်နှင့် တကွ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့က လေး မြတ်စွာ ရှိခိုးကန်တော့ ဆုတောင်းမေတ္တာ ပို့သကြပါသည်။

ဆရာတော်ဘုရားကြီးကဲ့သို့ပင် နောင်အခါ၌ နိုင်ငံရပ်ခြားဒေသများသို့ ကြွရောက်ပြီး ဗုဒ္ဓသာသနာ ပြုနိုင်ကြမည့် သာသနာ့အာဇာနည် မထေရ်မြတ်များ ပေါ်ထွန်းပါစေရန် ကျွန်တော် အထူးလိုလား တောင့်တမိပါသည်။

ယခု ထုတ်ဝေသော ဆရာတော်ဘုရားကြီး၏ ကမ္ဘာ့ဗုဒ္ဓသာသနာပြု မှတ်တမ်းစာအုပ်သည် နိုင်ငံရပ်ခြားသို့ ဗုဒ္ဓသာသနာပြုရန် ကြွရောက်လိုသော မထေရ်ကောင်း မထေရ်မြတ် သာသနာ့အာဇာနည် ပုဂ္ဂိုလ်များပေါ်ထွန်းလာစေရန် လမ်းပြမီးရှူးတန်ဆောင်သဖွယ် ဖြစ်ပါစေဟု ကျွန်တော် လေးမြတ်စွာ ဆန္ဒပြုပါသည်။

ဗုဒ္ဓမြတ်စွာ၊ သာသနာ ရောင်ဝါနေသို့ လင်းစေသော်ဝ်။ ။

ဦးညွန့်
အငြိမ်းစားအတွင်းဝန်ချုပ်
ကုလသမဂ္ဂ အာရှစီးပွားရေးကော်မရှင်

အမှတ်—၁၊
ငါးထပ်ကြီး ရိပ်သာလမ်း
ရန်ကုန်မြို့
(၁၅-၁၀-၈၃)

စာစောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းမောင် (မဥ္ဇူသက)၏

# မိတ်ဆက်လွှာ

နိုင်ငံတော်ဩဝါဒါစရိယ ပထမကျော် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်သေဋ္ဌိလ မဟာထေရ်၏ ကမ္ဘာ့ ဗုဒ္ဓသာသနာပြုမှတ်တမ်း စာအုပ်ကို ဓမ္မမိတ်ဆွေများလက်သို့ အရောက်ပို့ဆက်အပ်ပါသည်။

ဆရာတော်ကြီး အရှင်သေဋ္ဌိလသည် သက်တော်ရှည်တော်နှင့် မမျှ အောင် သာသနာတော်ပြန့်ပွားရေးကို အထူးအားသွန် ဆောင်ရွက်တော်မူသော ဆရာတော်ကြီး ဖြစ်ပါသည်။ ရှေးယခင်က ဆရာတော်ကြီး သာသနာပြုပုံတို့ကို ကြားဖူးရုံမျှရှိ၍ သေချာစေ့စပ် မသိခဲ့ရပါ။ ယခု ဆရာတော်အရှင်ဉာဏိက မထေရ် ရေးသားတော် မူသည်များကို ဖတ်ရှုရသောအခါမှ ဆရာတော်ကြီး သက်ရှည်ပျိုနုစဉ်က အထူးဆင်းရဲပင်ပန်းခံတော်မူလျက် သာသနာပြုတော်မူပုံတို့ကို အသေးစိတ် သိရှိရပါသည်။

ဆရာတော်ကြီးသည် သက်တော် (၈၀) ကျော်လွန်သည့်တိုင် ကမ္ဘာလှည့် သာသနာပြုတော်မူသော လုပ်ငန်းကို မလျှော့ခဲ့ပေ။ ဆရာတော်ကြီး ကြိုးပမ်းခဲ့မှုကြောင့် အနောက်နိုင်ငံ ဒေသ အတော်များများတွင် ဗုဒ္ဓသာသနာတော် အထူးထင်ရှား ပြန့်ပွားလျက် ယခုအခါ သာသနာပြု ကြွတော်မူကြသော ထေရ်ရှင်တို့အတွက် လမ်းခင်းပေးသကဲ့သို့ ရှိနေပြီဖြစ် ပါသည်။ ဤသို့လျှင် သာသနာတော်အကျင်း အလွန်အကျိုးပွားစီးစေ တော်မူသော ဆရာတော်ကြီး၏ စွမ်းဆောင် ကြိုးပမ်းအားထုတ်မှုတို့သည် ဂုဏ်ပြုပူဇော်ထိုက်သော လုပ်ငန်းများ ဖြစ်ကြောင်းကို ကောင်းစွာ နှလုံး သွင်းမိကြပါသည်။ ထို့ကြောင့် တပည့်ရင်းချာ ဒကာတစ်စုတို့ကဦးဆောင် ကြလျက်၊ လွန်ခဲ့သော ၁၃၄၄-ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက် (၁၀-၄-၁၉၈၃) နေ့တွင် ရန်ကုန်မြို့၊ ချေကျော်ရပ် ဗုဒ္ဓဘာသာကလျာဏ

ယုဝအသင်းကြီးအဆောက်အအုံ၌ ဆရာတော်ကြီး၏နိုင်ငံခြားသာသနာပြု တရားပွဲနှင့် ဂုဏပူဇာပွဲကြီးကို ဆင်ယင်ခဲ့ကြပါသည်။

ဤသို့ ဓမ္မသဘင်ပွဲကြီး ဆင်ယင်ရုံမျှဖြင့် ဆရာတော်ကြီး၏ကြိုးပမ်း ဆောင်ရွက် သာသနာပြုတော် မူချက်တို့ကို ဂုဏ်ပြုသည် မမည်သေးပေ။ ဆရာတော်ကြီးကဲ့သို့ နောင်အခါ သာသနာပြုမည့် ထေရ်ရှင်၊ လူပုဂ္ဂိုလ်တို့ ပေါ်ထွက်လာပါမူကား ရွှေဆောင်ရွှေသွား သာသနာပြု ထေရ်မြတ်တို့ အား၍ နှစ်သက်တော်မူကြလိမ့်မည်ဟု ရည်သန်ကာ ဆရာတော်ကြီး၏ သာသနာပြုပုံအရပ်ရပ်ကို မှတ်တမ်းတင် ပြုစုတော်မူထားသော ဆရာတော် အရှင်ဉာဏိက၏ကမ္ဘာ့ဗုဒ္ဓသာသနာပြု မှတ်တမ်းစာအုပ်ကို ပုံနှိပ် ဖြန့်ချိရန် ဓမ္မမိတ်ဆွေတစ်စု တိုင်ပင်၍ အားထုတ်ခဲ့ကြပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် တစ်စုတစ်ပေါင်းတည်း စိတ်တူ ကိုယ်တူ ညီညွတ်စွာဖြင့်ပါဝင်ဆောင်ရွက်ကြသော စည်သူဦးညွန့် (ကုလသမဂ္ဂ)၊ ဦးမောင်မောင်(ဓမ္မဃောသက)၊ ဦးအောင် (ဉာဏ်လင်းစာပေ)၊ ဦးမြင့်လွင်၊ ဦးမောင်မောင်သော်(လပြည့်ဝန်း)၊ ဦးမျိုးဆွေ (မင်္ဂလာဈေး)၊ ကျောင်းအမကြီး ဒေါ်စိန်ခင်၊ ပျော်ဘွယ် ဦးတင်အောင် (ထုတ်ဝေသူ)တို့ ပါဝင်လျက် အခက်အခဲပေါင်းမြောက်မြားစွာကြားမှ ရုန်းကန် လှုပ်ရှားဆောင်ရွက်ခဲ့ရသည့်အတွက် အဖွဲ့ဝင် ဓမ္မမိတ်ဆွေ အပေါင်းအား လည်း ကျေးဇူးတင်လျက် မိမိတို့ ပါဝင်ပြုစုအပ်သော ကုသိုလ် အစုစုကို စာဂါနုဿတိ ဖြစ်တော်မူကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဦး သန်းမောင် (မဥ္ဇူသက)
နိုင်ငံ့ ဂုဏ်ရည် ဒုတိယဆင့်
အမှတ် ၁၁၆(F)ဟက္ကသိုလ်ရိပ်သာလမ်း၊
ရန်ကုန်မြို့။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အတ္ထုပ္ပတ္တိနိဒါန်း .... .... | ၁ |
| ၂။ | ဖွားရာဇာတိမြေ .... .... | ၇ |
| ၃။ | ရှင်အဖြစ် ပဗ္ဗဇ္ဇမင်္ဂလာ ထင်ယင်ခြင်း .... .... | ၉ |
| ၄။ | စာသင်ထွက်ခြင်း .... .... | ၁၃ |
| ၅။ | စာပြန်ပွဲများ အောင်ပန်းဆင်ခြင်း .... .... | ၁၄ |
| ၆။ | မန္တလေးမြို့သို့ စာသင်တက်ခြင်း .... .... | ၁၄ |
| ၇။ | အရှင် အာဒိစ္စဝံသနှင့် တွေ့ဆုံခြင်း .... .... | ၁၄ |
| ၈။ | ဆရာ ရှာခြင်း .... .... | ၁၆ |
| ၉။ | မော်လမြိုင်သို့ .... .... | ၁၈ |
| ၁၀။ | ရဟန်းအဖြစ်သို့ .... .... | ၁၉ |
| ၁၁။ | ဆရာ့တာဝန် ကြီးလေးလှပုံ .... .... | ၁၉ |
| ၁၂။ | ရန်ကုန်သို့ ပြောင်းရွှေ့ .... .... | ၂၁ |
| ၁၃။ | အရှင် အာဒိစ္စဝံသ ကျောင်းတိုက် .... .... | ၂၁ |
| ၁၄။ | ပထမကျော်အောင်ခြင်း .... .... | ၂၂ |
| ၁၅။ | စာချ—စာသင် .... .... | ၂၃ |
| ၁၆။ | ပိဋကစာပေဉာဏ် .... .... | ၂၄ |
| ၁၇။ | အင်္ဂလိပ်စာ စ,သင် .... .... | ၂၅ |
| ၁၈။ | အင်္ဂလိပ်စာ အားမပေးသောဝန်းကျင် .... .... | ၂၆ |
| ၁၉။ | နိုင်ငံခြားသို့ ပထမအကြိမ် ထွက် .... .... | ၂၈ |
| ၂၀။ | မြန်မာပြည်သို့ ပြန်လာ .... .... | ၂၉ |
| ၂၁။ | အိန္ဒိယသို့ ပညာရှာ .... .... | ၃၀ |

| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၂၂။ | သတင်းစာမှ ဆန္ဒခံယူ | .... | — | ၃၁ |
| ၂၃။ | ဘာသာစုံလေ့လာ | .... | — | ၃၁ |
| ၂၄။ | အရှင်အာဒိစ္စဝံသ အင်္ဂလန်သို့ | .... | — | ၃၂ |
| ၂၅။ | ဒုတိယအကြိမ် နိုင်ငံခြားပညာသင် | — | .... | ၃၂ |
| ၂၆။ | နိုင်ငံခြားသာသနာပြုရန် ပြင်ဆင်ခြင်း | — | .... | ၃၄ |
| ၂၇။ | တပည့် ဦးနာဂသေနနှင့် တွေ့ဆုံခြင်း | .... | — | ၃၅ |
| ၂၈။ | အိန္ဒိယပြည်သို့ ပြောင်းရွှေ့နေထိုင်ခြင်း | .... | .... | ၃၆ |
| ၂၉။ | ဘော်ဒါဆောင်၌ စွန့်စားမှု | — | — | ၃၆ |
| ၃၀။ | သီယိုဇိုဖီအသင်း စာကြည့်တိုက်မှူး | .... | — | ၃၇ |
| ၃၁။ | မဒရပ် ဗုဒ္ဓဘာသာအဖွဲ့၏ ဥက္ကဋ္ဌဖြစ် | .... | — | ၃၈ |
| ၃၂။ | မဒရပ်ဗုဒ္ဓဘာသာအဖွဲ့၏ ဂုဏ်ပြုမှတ်တမ်း (အင်္ဂလိပ်ဘာသာ မူရင်း) | .... | .... | ၄၀ |
| ၃၃။ | ရင်း—မြန်မာပြန် | .... | .... | ၄၁ |
| ၃၄။ | လန်ဒန်သို့ ရောက်ခြင်း | .... | .... | ၄၄ |
| ၃၅။ | ဒုတိယကမ္ဘာစစ်ကြီး | .... | .... | ၄၅ |
| ၃၆။ | ကယ်တင်မည့်သူ ပေါ်လာခြင်း | — | .... | ၄၆ |
| ၃၇။ | အလကား မနေတတ်သော အရှင် | .... | .... | ၄၇ |
| ၃၈။ | သူနာပြုအလုပ် လုပ်ဆောင်ခြင်း | — | — | ၄၈ |
| ၃၉။ | အသံလွှင့်ရုံ၌ ကူညီရခြင်း | .... | .... | ၅၀ |
| ၄၀။ | မြန်မာ့အဘိဓာန် လုပ်ငန်း | — | — | ၅၀ |
| ၄၁။ | သာသနာပြုလုပ်ငန်းအစ | .... | — | ၅၁ |
| ၄၂။ | တရားပွဲများ ဟောပြောရခြင်း | — | .... | ၅၆ |
| ၄၃။ | ဗုဒ္ဓဘာသာအသင်း၏ အနေအထား | — | .... | ၅၆ |
| ၄၄။ | သင်တန်းများတိုးချဲ့ခြင်း | .... | .... | ၅၇ |
| ၄၅။ | ပါဠိသင်တန်း၏ ကျေးဇူး | .... | .... | ၅၈ |
| ၄၆။ | နောင်ဘာ၊ ငရဲနှင့် ကောင်းကင်ဘုံ | .... | .... | ၆၁ |
| ၄၇။ | နောက်ဘဝနှင့် လူဝင်စားပြဿနာ | .... | .... | ၇၅ |
| ၄၈။ | နိကာယ်သင်တန်း | .... | .... | ၉၉ |
| ၄၉။ | အဘိဓမ္မာသင်တန်း | — | .... | ၁၀၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၀။ | စိတ္တဘာဝနာ ဟောပြောချက် .... .... | ၁၂၉ |
| ၅၁။ | (၎င်း—အင်္ဂလိပ်ဘာသာ) — — | ၁၃၃ |
| ၅၂။ | သာသနာပြုရန် သူရဲကောင်းစိတ်ဓာတ် .... | ၁၃၇ |
| ၅၃။ | မိချီဂန်တက္ကသိုလ်၌ ဟောပြောချက် — — | ၁၅၅ |
| ၅၄။ | ရန်ကုန်တက္ကသိုလ် အဘိဓမ္မာ ကထိက .... .... | ၁၆၀ |
| ၅၅။ | လခ ယူထိုက် မယူထိုက် ပြဿနာ .... .... | ၁၆၅ |
| ၅၆။ | ၆-လ လွန် မြောက် ခရီးပေါက်သော် .... — | ၁၆၇ |
| ၅၇။ | သုတေသနမှူးနှင့် အယ်ဒီတာ — .... | ၁၆၈ |
| ၅၈။ | ၄-နှစ်သက်တမ်းအဆုံး .... — | ၁၆၉ |
| ၅၉။ | အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် — — | ၁၆၉ |
| ၆၀။ | ကမ္မဋ္ဌာန်းသင်တန်းပြုခြင်း .... .... | ၁၇၀ |
| ၆၁။ | ဆရာတော်၏ ကျန်းမာရေး .... — | ၁၈၃ |
| ၆၂။ | ဆရာတော်၏အင်္ဂလိပ်စာရေးဟန် — — | ၁၉၂ |
| ၆၃။ | ဗုဒ္ဓဘာသာဆိုတာ ဘာလဲ .... — | ၁၉၉ |
| ၆၄။ | ဆရာတော်၏ လက်ရာများ .... .... | ၂၀၃ |
| ၆၅။ | ဥရောပ နောက်ဆုံးခရီး .... — | ၂၀၅ |
| ၆၆။ | အဘိဓမ္မာနှင့် ဆရာတော်၏နာမည် — — | ၂၀၈ |
| ၆၇။ | ကျမ်းပြုဆရာ၏ မျှော်မှန်းချက် — — | ၂၁၁ |
| ၆၈။ | နိဂုံးသံပိုင်း .... — | ၂၁၄ |
| ၆၉။ | ဇာတာတော်ဟောစာတမ်း .... .... | ၂၁၇ |
| ၇၀။ | နက္ခတ်ဗေဒင် သဘောအရ သုံးသပ်သော် — | ၂၂၂ |
| ၇၁။ | တစ်ဖန် ၁၉၅၆ ခုနှစ်တွင် .... — | ၂၂၂ |
| ၇၂။ | ကျမ်းပြုအကျော်နှင့် ကမ္ဘာ့သာသနာပြုခရီးသည် | ၂၂၃ |
| ၇၃။ | သြဝါဒါစရိယ ဘာသာပြန်အသင်း ဥက္ကဋ္ဌ .... | ၂၂၄ |
| ၇၄။ | ရန်ကုန်တက္ကသိုလ်ပါဠိအသင်း မဂ္ဂဇင်း — | ၂၂၅ |
| ၇၅။ | သာသနာ့ရောင်ခြည် .... .... | ၂၃၀ |
| ၇၆။ | မင်္ဂလာဗျူဟာအသင်းချုပ် ငွေရတုစာစောင်မှ သြဝါဒ ကထာ — — | ၂၃၅ |

# အတ္ထုပ္ပတ္တိ နိဒါန်း

## အတ္ထုပ္ပတ္တိ ရေးသားခြင်း

ကျွန်ုပ်တို့ မြန်မာလူမျိုးများ၌ "ဘဝဖြစ်စဉ်" ခေါ်သော အတ္ထုပ္ပတ္တိ ရေးသားခြင်း အလေ့အထ အလွန်နည်းသည်။ ထူးခြားသော ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏အကြောင်းကို စေ့စေ့စုံစုံ လေ့လာစုံစမ်း၍ မှတ်တမ်းတင် ခြင်းမရှိ။ ရှိကန်သလောက်ရှိသော်လည်း အတိအကျ မှတ်တမ်းတင်ခြင်းမျိုး မဟုတ်၊ ခန့်မှန်းချက်လောက်သာ ပြောပြနိုင်သည်။ နှစ်အပိုင်း အခြားမျှပင် မတိကျ၊ နေ့ရက်အပိုင်းအခြားကား ဆိုဖွယ်မရှိပေ။

မှတ်ဉာဏ်ကောင်းသူ အနည်းငယ်မျှသာ ဘယ်နေ့ဘယ်ရက်က ဘာ ဖြစ်ခဲ့သည်ဟု ပြောနိုင်သည်။

အကြောင်းအရာ ဖြစ်ပျက်စဉ်ကိုလည်း မှန်ကန်တိကျအောင် ပြော လေ့မရှိ၊ ရေးလေ့မရှိကြပေ။ ကြားမကောင်းလျှင် မြုပ်ပစ်တတ်ကြသည်။ ဂုဏ်ပျက်မည်ထင်လျှင် ဆိတ်ဆိတ်နေတတ်ကြသည်။

အချို့အရာ၌ကား အတ္ထုပ္ပတ္တိရှင် (မိမိတို့ဆရာ)ကို ဂုဏ်ပြုလို၍ အမှန်ဖြစ် အမှန်ရှိသော အချက်အနည်းငယ်ကို ချဲ့ကားကာ အသိုင်းအဝိုင်း စုံလင်စွာ အပိုအမိုများ ထည့်သွင်းကာ ရေးလေ့ပြောလေ့ ရှိကြသည်။ အသိုင်းအဝိုင်းများကြောင့် အမှန်ပျောက်၍ နေတတ်ပေသည်။

အချို့ ပညာရှင်များ မိမိအတ္ထုပ္ပတ္တိကို ကိုယ်တိုင်ရေးသားရန် တွန့် ဆုတ်လေ့ ရှိကြသည်။ အထူးအားဖြင့် ရဟန်းစသော ရဟန်းကျမ်းပြု ပုဂ္ဂိုလ်များသည် သာ၍ လျှို့ဝှက်တတ်ကြသည်။ "ကိုယ့်ဂုဏ်ကိုယ်ဖော်

မသူတော်''ဟူသော အတွေးအမြင်ကြောင့် ဖြစ်စရာ ရှိသည်။ ဤအတွေး အခေါ်သည် ကျမ်း ပြု အာ ကျော် ပညာရှင်များကို မိမိအကြောင်း ကိုယ်တိုင်မရေးရန် တားဆီးသည်မှာ အမှန်ဖြစ်သည်။

ထို့ကြောင့် မြန်မာပြည် သာသနာ့သမိုင်းတင်ဦးကာလ ပုဂံပြည် ရာဇဝင်၌ ဓမ္မဒဿီမည်သော ရှင်အရဟံနှင့် သဒ္ဒနီတိကျမ်းပြုဆရာ အရှင် အဂ္ဂဝံသတို့၏အကြား ဆရာစဉ်ဆက်သည် မှေးမှိန်လျက်ရှိသည်။ ထိုဆရာ တော်များသည် မည်သည့်အရပ်ဒေသမှ မည်သည့်မျိုးရိုး၊ မည်သည့်မိဘ များမှ ဆင်းသက်ပေါက်ပွားလာကြကြောင်း ကျွန်ုပ်တို့ မသိကြရပေ။

သဒ္ဒနီတိဆရာတော်၊ ဘေဒစိန္တာဆရာတော်များသည် ပါဠိစာပေမျှ မက ဆန်ဆကရိတ်ခေါ် သက္ကတဘာသာများ၌ ကျွမ်းကျင်လိမ္မာတော်မူ ကြကြောင်း ယင်းဆရာတော်များ ရေးသားပြုစုသော ကျမ်းဂန်များက ဖော်ပြကြ၏။ သက္ကတဗျာကရုဏ်းနှင့် အခြားဒဿန၊ ကာဗျ၊ နာဋကကျမ်း များအပြင် ဆန္ဒောဝိစိတိ၊ သုဗောဓာလင်္ကာရ စသော ကျမ်းများကို မည်သည့် ဆရာတော်ထံတွင် မည်သို့လေ့လာသင်ကြားတော်မူခဲ့ကြသည်ကို ကျွန်ုပ်တို့ မသိနိုင်ကြတော့ပေ။

ဘုရင်နှင့် မိဖုရားမှူးမတ်နှင့်အသည်သားများက မိမိတို့ကောင်းမှုနှင့် စပ်၍ ကျောက်စာ၊ မင်စာများရေးထိုးခဲ့ကြသလို သာသနာတော်၏ကျင့်စဉ်၊ ကျင့်ထုံးများ၊ ရဟန်းရှင်လူပုဂ္ဂိုလ်ကျော်တို့၏ ဖြစ်စဉ်များကို ရေးမှတ်ထား ခဲ့ကြပါမူ ယနေ့ကျွန်ုပ်တို့သိကြရသည်ထက် ပိုမိုပြည့်စုံစွာသိကြရ၊ ဂုဏ်ယူကြ ရ၊ အတုယူကြရမည် ဖြစ်ပေသည်။ ယခုမှ ကျွန်ုပ်တို့ သာသနာ့ဝင်၌ ဓမ္မစေတီ မင်း၏ကျောက်စာ ဘစ်ခုသာ အခိုင်မာဆုံးအထောက်အထားအဖြစ်ကျွန်ုပ်တို့ လက်ဝယ်ရှိနေပေသည်။ သို့သော် ပြည့်စုံသည်ဟူ၍ကား မဆိုနိုင်ပေ။

ရှည်ဝေးသောခတ်ကာအဖြစ် အပျက်များကိုထား၍ကုန်းဘောင်ခေတ် နောက်ဆုံးမင်းများ လက်ထက်တွင် သာသနာတော်၌ ကျော်စောထင်ရှား သော သာသနာပြုပုဂ္ဂိုလ်ကျော်များ၊ ကျမ်း ပြုပုဂ္ဂိုလ်ကြီးများ၊ သာသနာ တော်ကို အသက်တမျှချစ်မြတ်နိုးကာတန်ဖိုးထား၍ကျင့်ကြံသွားတော်မူခဲ့ကြ သောဆရာတော်ကြီးများ၏ ဖြစ်စဉ်များသည် ပျောက်ကွယ်နေကြသည်၊ အချို့ မှေးမှိန်နေကြပေသည်။

နိုင်ငံတွင်းသာမကနိုင်ငံခြား၌ပင် ကျော်စောကိတ္တိရှိသော လယ်တီ ဆရာတော်၊ ဝိသုဒ္ဓါရုံဆရာတော်စသော ဆရာတော်ကြီးများ၊ လယ်တီဆရာ

တော်၏ ပါဠိနှင့် မြန်မာ အရေးအသားများကို အနောက်နိုင်ငံသို့ရောက် အောင် ဘာသာပြန်၍ ပို့ဆောင်ပေးခဲ့သော ပထမကျော် ဆရာတော် ဦးဉာဏ၊ လူပညာရှိ ဦးရွှေဇံအောင်တို့၏ အကြောင်းအရာ အတ္ထုပ္ပတ္တိ များသည် သမိုင်း တန်ဖိုးကြီးသလောက် လူသိနည်းသော ဖြစ်ရပ်များ အဖြစ် တည်ရှိနေပေသည်။

သို့ဖြစ်ရကား တစ်ခေတ်တွင် မော်ကွန်းတင်ကြရမည့် ကျွန်ုပ်တို့၏ ခေတ်ရှိ ရဟန်းကျော်၊ လူပုဂ္ဂိုလ်ကျော်တို့၏ အတ္ထုပ္ပတ္တိများကို ဖော်ထုတ် ပေးရန် မျက်မှောက်ခေတ်၏ တောင်းဆိုချက်ကို လိုက်လျော ဖြည့်စွမ်း ပေးဖို့ သင့်လှပေသည်။

ဝမ်းမြောက် ကျေနပ်ဖွယ် ကောင်းလှသည်ကား စံကင်းဆရာတော်၊ မစိုးရိမ်ဆရာတော်၊ ပခုက္ကူ ဆရာတော်ကြီးများ၏ အတ္ထုပ္ပတ္တိများ၊ အမရပူရ မဟာဂန္ဓာရုံ ဆရာတော်၏ ကိုယ်တိုင်ရေး တစ်ဘဝ သံသရာ မှတ်တမ်း၊ ဒဂုန်ရွှေများ၏ ဒဂုန်ရွှေများ၊ 'ဘသက်ရှည်'မည်သော ဆရာ ကြီး ဦးဖေမောင်တင်၏ ဘဝဖြစ်စဉ်၊ ဓိဒုတ် ဦးဘချို၏ အတ္ထုပ္ပတ္တိ စသည် များကို ကျွန်ုပ်တို့ ဖတ်ရှု မှတ်သား ရခြင်းပင် ဖြစ်သည်။ ဤသို့သော အတ္ထုပ္ပတ္တိ စာစဉ်များ အဆက်မပြတ် ပေါ်လာပါစေဟု ဤနေရာမှ ဆန္ဒ ပြုလိုက်ပါရစေ၊ ဤ စာရေးသူသည် လိုအပ်နေသော ကွက်လပ်ကို 'နိုင်ငံ ခြား သာသနာပြု ဆရာတော် အရှင်သေဋ္ဌိလ၏ ဘဝဖြစ်စဉ်'ဖြင့် ဖြည့်တင်း တင်ဆက် လိုက်ရပေသည်။

ဆရာတော် အရှင်သေဋ္ဌိလသည် သာမန်ပုဂ္ဂိုလ်မဟုတ်၊ ငယ်ရွယ်စဉ် ကပင် ထူးချွန်သောသူဖြစ်သည်။ လူရည်ချွန်ရှင်အဖြစ်မှ လူရည်ချွန် ရဟန်း အဖြစ်သို့ တိုးတက်ကူးပြောင်းလာခဲ့သည်။ တစ်ဖန် လူရည်ချွန် ရဟန်းငယ် အဖြစ်မှ ထူးချွန်ပြောင်မြောက်သော နိုင်ငံခြား သာသနာပြု ဆရာတော် တစ်ပါး အဖြစ် ထင်ရှားလာသော ပုဂ္ဂိုလ်ကျော် တစ်ပါး ဖြစ်ပေသည်။

ဤစာရေးသူတို့ ငယ်ရွယ်စဉ် ပရိယတ္တိ ပိဋကစာပေများ၌ မျက်လုံး ပွင့်ခါစအချိန်၌ ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသ ကျောင်းတိုက်မှ ဆရာတော် အရှင်အာဒိစ္စဝံသ၏ ဘိက္ခုနီသာသနာတော်ပုံ အကြောင်းအရာ အထွေထွေကို ကြားရ၊ စာအုပ်ဖတ်ရှုရသောအခါ တစ်နိုင်ငံလုံးလိုလို ရှင်ရဟန်း အများ စုက ဆန့်ကျင်ပြီး ကန့်ကွက်နေသည့် အချိန်တွင် စာရေးသူတို့၏ ကျေးဇူး ရှင် မြောင်းမြ ဆရာတော်ဘုရားကြီးက—

"ဒီပုဂ္ဂိုလ်ဟာ ညံ့တဲ့လူမဟုတ်ဘူး၊ အတွေးအခေါ် အယူအဆတွေ လေးနက်သလောက် အရေးအသားလဲ သေသပ်တိကျလှတယ်၊ အများပြောတိုင်း မမြင်ကြ၊ မထင်ကြနဲ့။ သူ့ ဆိုလိုချက်တွေဟာ မဖြစ်နိုင်တာ မဟုတ်ဘူး"

—ဟု မိန့်တော်မူသည်။ "ဘိက္ခုနီသာသနောပဒေသ" ဟူသော စာအုပ်ကို ရည်ညွှန်း၍ မိန့်တော်မူချက် ဖြစ်သည်။

ထိုအချိန်က စ၍ အရှင်အာဒိစ္စရေးသော စာအုပ်တွေကို ရှာဖွေ ဖတ်ရှုကြသည်။ သူ၏ အဆိုတွေကို လေးနက်စွာ စဉ်းစားခဲ့သည်။ ထိုမှ ဆက်၍ အရှင်အာဒိစ္စနှင့် စပ်သွယ်သော ပုဂ္ဂိုလ်များနှင့် သိလာရသည်။ အရှင်အာဒိစ္စဝံသကျောင်းတိုက် တည်ပြီးစလောက်က ပထမကျော် အောင်ပန်း ဆွတ်လှမ်းခဲ့သော တပည့် ဦးသေဋ္ဌိလ၏ ပထမာကျော်လက်မှတ် ခံယူရေး အခမ်းအနားနှင့် စပ်၍ ဆရာ ဒါယကာ အထင်အမြင် အပေးအယူ မညီမျှမှုကြောင့် ကျောင်းဒါယကာကြီး တစ်ဦးဖြစ်သော ဆာ-ဦးဘိုးသာနှင့် ကွဲခဲ့ရပုံ စသည်များကို သိလာခဲ့ရသည်။

ထိုအခါ လောက်မှစ၍ အရှင်သေဋ္ဌိလ၏ စာပေ အရည်အချင်းနှင့် နောင်အခါ နိုင်ငံခြားသို့သွား၍ ဘာသာန္တရ လေ့လာသင်ကြားပုံ၊ အောင်မြင် တိုးတက်ပုံများကို ကြားသိနေရ၍ အရှင်သေဋ္ဌိလသည် စာရေးသူများအဖို့ အတုယူစရာ ဖြစ်ခဲ့ရသည်။ လမ်းပြရှေ့သွားနေသော နမူနာတစ်ဆူ ဖြစ်ခဲ့ရသည်။

သီဟိုဠ်ကျွန်းမှ သီဟိုဠ်သား ဒေဝမိတ္တခေါ် အနာဂါရိကဓမ္မပါလက 'မဟာဗောဓိအသင်း'ဟု အသင်းကြီးတစ်ခု တည်ထောင်ကာ အိန္ဒိယ၌ ၁၈၉၁ ခုနှစ်မှစ၍၊ အင်္ဂလန်၌ ၁၉၂၆ ခုနှစ်မှစ၍ ဓမ္မဒူတလုပ်ငန်းများကို စတင် လုပ်ဆောင်ခဲ့၏။ အထိုက်အလျောက် အောင်မြင်နေသည်ကို အများသိမြင် နေကြရ၏။ ကျွန်ုပ်တို့ မြန်မာပြည်က ဤကဲ့သို့ အသင်းအဖွဲ့ တစ်ခု အောင်အောင်မြင်မြင် ဖွင့်လှစ်ကာ သာသနာ မပြုစုနိုင်လင့်ကစား ဆရာတော် အရှင်သေဋ္ဌိလ၏ စွမ်းစွမ်းတမံ ဒုက္ခမျိုးစုံနှင့် အရင်းတည်ကာ ပြုစုခဲ့သော ဓမ္မဒူတ လုပ်ငန်းရပ်ကြီးကား အင်္ဂလန် ဗုဒ္ဓဘာသာ အသင်းကြီးနှင့် အခြား အနောက်တိုင်း ဗုဒ္ဓဘာသာကို စိတ်ဝင်စားသူများ၏ အားထား ရှိခိုးရာ ဖြစ်ခဲ့ပေသည်။ ဤစာအုပ်၌ ဆရာတော်၏ ဖြစ်စဉ်နှင့် ကြိုးပမ်းမှုတို့ကို အသေးစိတ် ဖော်ပြ ထားရာ စာဖတ်သူတို့သည် အားကျ

ကြည်ညို၍ မြန်မာပြည်၏ တောက်ပသော ကြယ်ပွင့်ဟု ဆိုနိုင်သော အရှင်သေဋ္ဌိလကို မြန်မာပြည်၊ မြန်မာဗုဒ္ဓဘာသာဝင်တို့ကို ကိုယ်စားပြုသော သာသနာပြု ဓမ္မဒူတ ပုဂ္ဂိုလ်ကြီးတစ်ယောက်အဖြစ် မြင်နိုင်၊ အသိအမှတ်ပြုနိုင်ကြလျှင် စ ပြုသူ၏ ကြိုးပမ်းမှုသည် မအောင်မြင်သည်ဟု ယူဆရတော့မည် ဖြစ်ပါကြောင်း။ ။

အရှင်ဉာဏိက (မြောင်းမြ)
ခေတ္တ–ဗုဒ္ဓဝိဟာရ
ဘာမင်ဂန်မြို့၊ အင်္ဂလန်
ယူနိုက်တက်ဒ် ကင်းဒမ်း။
၂–၁၂–၈၂

## ဖွားရာဇာတိမြေ

ဖွားရာဇာတိမြေကား မြန်မာပြည်အလယ်ပိုင်း ပျော်ဘွယ်မြို့ အနီး ပုတီးကုန်း ကျေးရွာကြီး ဖြစ်သည်။

ပျော်ဘွယ်ဟူသည်မှာ ရန်ကုန်မြို့မှ မီးရထားဖြင့်သွားလျှင်(၂၇၇) မိုင်၊ ကားဖြင့်သွားလျှင်(၃၂၁)မိုင်ခန့်၌တည်ရှိသည်။ နယ်နိမိတ်သတ်မှတ် ရပါလျှင် အရှေ့ဘက်၌ရှမ်းရိုးမ၊ အနောက်ဘက်၌မကွေးတိုင်း၊နတ်မောက် မြို့နယ် မြောက်ဘက်၌ မိတ္ထီလာနှင့် သာစည်မြို့နယ်များရှိသည်။ ပျော်ဘွယ် မြို့နယ် တစ်ခုလုံးခြုံ၍ကြည့်လျှင် စတုရန်းမိုင် (၂၆၀) သာသာ ရှိသည်။

ပျော်ဘွယ်မြို့၏နောက်ခံသမိုင်းကြောင်းကားလွန်ခဲ့သောနှစ်ပေါင်း (၂၀၀) နီးပါးက ဤဒေသသည် ရမည်းသင်း(၅) မြို့ (ဝရီး၊ ဘဒ္ဒ၊ ပေါက်အိုင်၊ မြို့လှ၊ ရမည်းသင်း)နှင့် နယ်ချင်းစပ်လျက် ရှိသည်။ ညောင် ရမ်းမြို့ အပါအဝင် အင်ကြင်းဒိုင်နယ်အတွင်း၌ ပါဝင်သည်။*

ထိုခေတ်လောက်က ဤဒေသသည် နာမည် မကောင်းလှပေ။ မင်းဒဏ်သင့်သူ၊ မင်းပြစ်ကြောက်၍ ရှောင်တိမ်းသူတို့ ခိုလှုံရာ ဖြစ်သော ကြောင့် ဖြစ်သည်။ ဆိုးသွမ်းလိုသူ၊ လူမိုက်ဗိုလ် လုပ်လိုသူ များသည် ဤဒေသသို့ လာရောက်၍ စခန်းချကြသည် ဆို၏။

ကုန်းဘောင်မင်းဆက် ၇—ဆက်မြောက် ဘကြီးတော်မင်း လက် ထက်တွင် ညောင်ရမ်းမင်းကလေးသည် နယ်ပုံတော်သတ်မှတ်ရန် ဤဒေသ သို့ ရောက်လာသော် ဒေသ၏မြေခံရေခံကို ပြောင်းလဲစေလိုသော သဘော ဖြင့် "ဤနေရာကို ပျော်ဘွယ်ကောင်းသော ဒေသတစ်ခုဖြစ်အောင် မြို့သစ် တည်ရမည်"ဟု ဆိုင်ရာတို့အား အမိန့်ပေးခဲ့သည်။

---

* မြန်မာ့စွယ်စုံကျမ်း

မြို့သစ်တည်သောသူများအနက် ခေါင်းဆောင်ဦးစီး လုပ်သူကား မင်းသားလေးကိုယ်စား ညောင်ရမ်းမြို့ကို အုပ်ချုပ်ရသော သီရိဝတ္တဗလဘွဲ့ခံ ဦးမှု ဟုဆိုကြ၏။ "ဥဩရာသီ၊ ပျော်ဘွယ်တည်၊ လူမည်ဦးမှု တဲ့" ဟု ဆိုစမှတ်ပြုကြသည်။ ထိုအခါမှ စ၍ ပျော်ဘွယ် ဟူသော အမည် ပေါ်လာတော့သည်။

မီးရထားလမ်းများ မဖောက်လုပ်ရသေးမီ ရှမ်းပြည်ဘက်မှ ထွက်သော ကုန်ပစ္စည်းများ၊ အနောက်ဘက်မှ ရောဝတီ မြစ်ကမ်းရိုးမှ ထွက်သော ကုန်ပစ္စည်းများသည် ယခု ပျော်ဘွယ်မြို့ တည်ရာအရပ်၌ လာရောက်ပေါင်းဆုံကြ၍ ကုန်ပစ္စည်း ဖလှယ်ရာ အရပ် ဖြစ်ခဲ့သည်။ အချက်အချာကျ၍ စည်ကားသော ဒေသဖြစ်ခဲ့သည်။ မီးရထားလမ်း ပေါက်သောအခါမူကား ရန်ကုန်နှင့် မန္တလေးဘက်မှ အထက်ကုန် အောက်ကုန်များတိုးတက်များပြားစွာ ကူးသန်းရောင်းဝယ်လာကြသည်။

အနောက်ဘက် မိုင် ၄၀ ကျော်ဝေးသော နတ်မောက်မြို့သို့လည်းကောင်း၊ အရှေ့ဘက် ၁၂ မိုင်ခန့်တွင် ရွှေညောင်ပင်ရွာ၊ ကျောက်ချပ်သို့လည်းကောင်း၊ အရှေ့တောင်ဘက် ၁၃ မိုင်ခန့်တွင် ကွင်းရွာသို့ လည်းကောင်း ဆောင်းနှင့်နွေလများ၌ ကူးသန်းသွားလာနိုင်သော လမ်း များရှိသည်။

မိုးခေါင်ရေရှား ဒေသဖြစ်သော်လည်း ဆန်ရေစပါးနှင့်ပဲအမျိုးမျိုး၊ ဝါဂွမ်းများ ထွက်သည်။ ရေသွင်း စိုက်ပျိုးရန် အရှေ့ဘက် ၈ မိုင်ကွာလောက်တွင် ကျောက်ဆည်ကန်၊ အနောက်တောင်ဘက်တွင် ဂုံမင်းဆည်၊ ပဘ-အနီး ပျော်ဘွယ်ဆည် သို့မဟုတ် မင်းရာမဆည်၊ ဝတီးကန်များ ရှိသည်။

ရှမ်းရိုးမတောင်တန်းများကိုကျောပေး၍ ပျော်ဘွယ်မြို့အရှေ့ဘက် ၅ မိုင်ကွာလောက်တွင် ပုတီးကုန်းမည်သော ကျေးရွာကြီးတစ်ရွာရှိသည်။ ၁၀ မိုင်ခန့် အရှေ့ဘက်သို့လျှောက်လျှင် ရှမ်းရိုးမတောင်ခြေ တောင်တန်းများသို့ ရောက်နိုင်၏။ ယင်းတောင်တန်းများကား... ဇလုံးတောင်၊ ထုံးတောင်၊ မိုးကောင်းတောင်၊ ခွန်နန်းကြိုးတောင်၊ ကြပ်တည်းတောင်၊ သပြေတောင်များ ဖြစ်ကြသည်။

ယင်းပုတီးကုန်းရွာကြီးတွင် ရိုးရာတောင်သူလယ်သမားဘဝ၊ သမ္မာအာဇီဝ ကောင်းသော အသက်မွေးခြင်းဖြင့် အသက်မွေး နေထိုင်ကြသော ဦးအေး-ဒေါ်ထွေးမည်သော သမီး ခင်ပွန်း နှစ်ဦးရှိသည်။ ဗုဒ္ဓဘာသာ

ဝင်များဖြစ်ကြသည့် အလျော်ကျ ရတနာသုံးပါး ဦးထိပ်ထားကြသူများ ပီပီ ရိုးရိုးအေးအေး နေထိုင်ကြလျက် ကျောင်းကန် ဘုရားမှန်မှန် သွား၍ ဥပုသ်သီတင်း မြဲသောသူများ ဖြစ်ကြသည်။

ဆရာတော် အရှင်သေဋ္ဌိလ လောင်းလျာ သူငယ်သည် ဦးအေး-ဒေါ်ထွေးတို့၏ အငယ်ဆုံးသော သား ယောကျ်ားကလေး ဖြစ်သည်။ အကြီးနှင့်အလတ်မှာ ဒေါ်ခန့်နှင့် ဦးပြုံးဖြစ်၍ မွေးချင်း သုံးယောက်သာ ရှိသည်။ သူငယ်၏ ဖွားသက္ကရာဇ်မှာ ၁၂၅၈—ခု၊ ဒုတိယ ဝါဆိုလဆန်း ၁—ရက်၊ သောကြာနေ့ ဖြစ်သည်။

သားငယ်ခုနစ်နှစ်သားသာ ရှစ်နှစ်တွင်းဝင်လာသောအခါမိဘများသည် ပုတီးကုန်းကျောင်း၊ ဆရာတော် အရှင်ကာဝိန္ဒထံတွင် အပ်နှံ၍ ပညာသင်ယူစေသည်။ ပထမကျော်လောင်းလျာ သူငယ်သည် "တောက်မည့်မီးခဲ တရဲရဲ" ဟူသော စကားပုံ အတိုင်း နုတ်လျှာ ပြတ်သား လှသည်။ သင်ပုန်းကြီးကို လများ မကြာစေဘဲ သင့်ယူကျက်မှတ်ပြီးဖြစ်သည်။ သွက်လက် ချက်ချာစွာ ရေးနိုင် ဖတ်နိုင်သည်။ ထိုခေတ် ထုံးစံအတိုင်း ကိုးကြောင်း လင်္ကာများဖြင့် အတွက်အချက် ရေးရာ၌လည်း ဆရာက လမ်းကြောင်းပေးသည့်အခါ ပင်ကို ထိုးထွင်းဉာဏ်ကိုစေစား၍ လျင်မြန်စွာပင် တွက်ချက်နိုင်ပေသည်။

## ရှင်အဖြစ် ပဗ္ဗဇ္ဇ မင်္ဂလာ ဆင်ယင်ခြင်း

ဆရာတော်လောင်း သူငယ်အသက် ၁၃)နှစ်အရွယ်ရောက်သောအခါ ၁၂၇၁—ခုနှစ်၌ ပုတီးကုန်းဆရာတော် အရှင်ကာဝိန္ဒကို ဥပဇ္ဈာယ်ပြု၍ ပဗ္ဗဇ္ဇ (ရှင်အဖြစ်သို့ရောက်စေခြင်း မင်္ဂလာကို စည်ကားသိုက်မြိုက်စွာ မိဘများကပင် ပစ္စယဒါယကာ ခံယူ၍ ကျင်းပခဲ့သည်။

သာသနာတော်တွင် စည်ပင်တွန့်ကားကြီးပွားမည့် ပုဂ္ဂိုလ်ကျော်များသည် အမြော်အမြင် ရှိသော ဆရာတော်များ၏ အချီးအမြှောက်ကို ခံရစမြဲ ဖြစ်သည်။ ရှင်အဖြစ်သို့ ရောက်စေခြင်းသည် အမိဝမ်း၌ ပဋိသန္ဓေနေခြင်းနှင့်တူ၍ သာနွေသားကို အထူးသတိကြီးစွာ မိဘများ စောင့်ရှောက်သကဲ့သို့ ရှင်ငယ်ကို ဆရာဥပဇ္ဈာယ်များက ဖေးဖေးမမ မေတ္တာ ကရုဏာ

အပြည့်အဝထားကာ စောင့်ရှောက်ရမည်ဟု အဋ္ဌကထာဆရာများ မှာထားချက် ရှိသည်။*

ထိုအချက်ကို သတိရှိသော ဆရာမြတ် အရှင်ကဝိန္ဒသည် (သေဋ္ဌာပသတ္တတရာ ဂုဏာအဿ အတ္ထိ) ချီးကျူး၍ မကုန်နိုင်သည့် ဂုဏ်ထူးများကို ဆောင်မည့်သူဟူသော (ဗျုပ္ပတ်)အနက် သဘောကို ညွှန်း၍ သေဋ္ဌိလ–ဟု ဘွဲ့ချီးပေးတော်မူသည်။

ကျောင်းသားငယ် ဘဝက နမက္ကာရ၊ ရတနာ ရွှေချိုင့်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ လောကနီတိ၊ ရွှေဟင်္သာဇာတ်၊ တေမိဇာတ်၊ စန္ဒကုမာရဇာတ်များကို ကျေညက်စွာလေ့လာခဲ့ပြီးသော သာမဏေ ရှင်သေဋ္ဌိလသည် အဘိဓမ္မာ(၇)ကျမ်း၏အချုပ် သရုပ်ပြခေါင်းစဉ်သာသာမျှဖြစ်သော သင်္ဂြိုဟ်ပါဠိအနက်ကို ဆရာတော် ဦးကဝိန္ဒထံတော်၌ လေ့လာရသည်။

အခြေခံသဒ္ဒါအနည်းငယ်ပြုပြီးနောက် ပုတီးကုန်းဆရာတော်သည် သတိပဋ္ဌာန်သုတ်ရှည်ကြီး၏ ပါဠိအနက်ကို ရှင်သေဋ္ဌိလအားသင်ပေးတော်မူသည်။ ဆရာတော်၏ ရည်ရွယ်ချက်မှာ မြင့်မားတော်မူလှသည်။

ရှင်သေဋ္ဌိလ ၁၄–နှစ်သား အရွယ်ရောက်လတ်သော် ပျော်ဘွယ် အရှေ့ဘက် ပုတီးကုန်းရွာမ အရှေ့တောင်ဘက်ယွန်းယွန်းတွင် ခွေးအုံများ မြေမျှား ပေါလှသော တောတစ်ခုသို့ ဆရာတော်ဦးကဝိန္ဒသည်ရှင်သေဋ္ဌိလ အပါအဝင်သာမဏေငါးပါးနှင့်အတူ တောထွက်တော်မူသည်။ တပည့်ငယ် သာမဏေများအား လက်တွေ့တရားပြ၍ တိတ်ဆိတ်ငြိမ်းချမ်းသော တောရိပ်တွင် သမဏသုခကို ကိုယ်တိုင်လည်း ခံစား၊ တပည့် များအားလည်း ဝေငှသည့် သဘောပင် ဖြစ်သည်။

အဆိုပါတောသည် အရှေ့ဘက်တောင်ပိုင်း ရှမ်းပြည်နှင့် နယ်နမိတ်ချင်း စပ်ခနေသော ရှမ်းရိုးမတောင်ခြေများနှင့် မလှမ်းမကမ်းမှာရှိသည်။ တစ်စတစ်စနှင့် တောတောင်မြိုင်ဇပ်း နက်၍ သွားသည်။

ကမ္မဋ္ဌာန်းကျောင်းကလေး (၅)ကျောင်း၊ အလယ် ဗဟိုတွင် ဆရာတော်၏ ကျောင်းရှိ၍ ကျန်လေးကျောင်းက ဝိုင်းရံလျက်ရှိသည်။ တံခါး

---

* ဖွဲ့မပဏ္ဏာသ၊ ဘဒ္ဒါလိသုတ် (အဋ္ဌကထာ)

ရှိသည်ဆိုရုံမျှ တပ်ထားသော်လည်း လုံလဲသောတံခါးများ မဟုတ်ကြ။ အိပ်သောအခါ ရှင်ငယ်များသည် တောနက်ရာဘက်သို့ ကျောခိုင်းလျက် ကြောက်ကြောက်နှင့် အိပ်ကြရ၏။ ရွာကျောင်းမှာကဲ့သို့ ခေါင်းအုံးနှင့် အိပ်ကြရသည် မဟုတ်။ ဝါးပိုးခြမ်း ခေါင်းအုံးနှင့် အိပ်ကြရသည်။

တောကြမ်းသည်ဟု လူပြောသူပြောများသောကြောင့် စိတ်မလုံရှိစဉ် တစ်ခါတစ်ရံ သပိတ်လုံးမျှ ပမာဏရှိသော အစိမ်းရောင်အလုံးကြီးများ နိမ့်လိုက်မြင့်လိုက် ဆင်းသက်နေကြသယောင် တွေ့မြင်ရသောအခါ မအိပ်ဝံ့သလိုရှိကြသည်။ ဆရာတော်ကိုလည်း မလျှောက်ရဲကြ၊ သို့သော် (၇)ရက်ခန့်ကြာသောအခါ ခွေးအ,များ အူသံမှတစ်ပါး ဘာသံမျှ မကြားရ။ မြွေများ သွားလာနေသည်ကို တွေ့သော်လည်း အန္တရာယ် မပြုကြောင်း သိသောအခါ မကြောက်ကြတော့ပေ။ မြွေများကလည်း ကြောက်လန့်သည့် အမူအရာ မပြ၊ သူ့လမ်းသူ အေးအေးပင် သွားနေကြသည်။

နေ့စဉ် ဆွမ်းခံချိန်ရွာသို့သွား၍ ဆွမ်းခံကြ၊ ပြန်ရောက်လျှင် စု၍ဆွမ်းစားကြ၊ ဆွမ်းကိစ္စပြီးသောအခါ ဆေးကြောသုတ်သင်၍ သပိတ်မှောက်ရေစစ်ပြီး တစ်နေ့တာ ဆွမ်းကိစ္စ ပြီးဆုံးစေကြသည်။ ကောသနိုက်, ပတ္တပိုဏ် ဓူကင်ဆောက်တည်ကြရ၍ တစ်နေ့ရာတည်းတွင် တစ်ကြိမ်သာစားကြ၊ သပိတ်ထဲထည့်ကာ ရေပြွမ်းမွေ့နှောက်၍ စားကြရသည်။ ထိုသို့ဆွမ်းကိစ္စ ပြီးသည်နှင့် တစ်ပိုင်နက် ဆရာတော် သင်ပြသည့်အတိုင်း ထွက်သက်ဝင်သက် ကမ္မဋ္ဌာန်း ထိုင်ကြရသည်။

ရပ်ရွာမှဒါယကာ,ဒါယိကာမများ၊ သာမဏေများ၏ မိဘဆွေမျိုးများကလည်း ဆရာတော်အပေါ်၌ ယုံကြည်ကြ'လေးစားကြသောကြောင့် အထူးအထွေ ဘာမျှ မလျှောက်ကြပေ၊ တရားအားထုတ်နေကြသည်... ဟု ကြည်ညိုသဒ္ဓါပိုလာကြသဖြင့် ဆွမ်းဘောဇဉ်များ မချို့မငဲ့ရန်သာ ဂရုစိုက်ကြသည်။

တစ်ခါကားမိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးလာကာတဲကျောင်းများမြုပ်ကုန်သဖြင့် သစ်ပင်ပေါ်သို့ပင် ခေတ္တတက်နေကြရသေး၏။ ဤသို့ အခက်အခဲ အကျပ်အတည်း ရှိသောအခါ သာမဏေများသည် ဆရာတော်၏ မျက်နှာကို ကြည့်ကြသည်။ ဆရာတော်သည် "တောတောင် သဘာဝသည် ဤသို့သဘော ရှိသည်။ စိမ့်စမ်း ရေတံခွန်ကိုသည် ရသေ,

ရဟန်း သူတော်ကောင်းတို့၏ စိတ်နှလုံးကို ချမ်းမြေ့စေသည်''ဟု နှစ်သိမ့်စကား ဆိုတော်မူတတ်သည်။

''မောင်ရှင်တို့၊ ရှေးအခါက သစ်ပင်တောတောင်၊ လျှိုမြောင်ချပ်ကြားမှာ နေကြတဲ့ ဘုရားသားတော်တွေဟာ ခြသေ့်ဟောက်သံ၊ ကျားဟိန်းသံ၊ ငှက်တွန်သံ၊ မိုးချုန်းသံ စတဲ့အသံတွေနဲ့ ယဉ်ပါးနေတဲ့ အတွက် အဲဒီအသံတွေကင်းဆိတ်တဲ့ရွာမှာ အနည်းငယ်ကလေးမှ မပျော်ပိုက်ကြဘူးတဲ့၊ ဇီဇာပွင့်(နှင်းကြပ်)ပွင့်တွေ ဖုံးထားသလို တိမ်တိုက်တွေ ဖုံးထားတဲ့ ကောင်းကင်ပြင်ရယ်၊ အဲဒါတွေဟာ ငါ့ကို ချမ်းမြေ့ရွှင်လန်းစေတယ်လို့ ရှင်မဟာကဿပ ဥဒါန်း ကျူးတော်မူသတဲ့''....(ထေရဂါထာ စသည်၊ ၁၀၇၁)ဤသို့စသည်ဖြင့် ရံခါရံခါမိန့်တော်မူသည်။ ဆရာ့စကားကြောင့် တောတောင်ကို ကြောက်တတ်သည့် စိတ်တွေပျောက်ကာ နေချင့်စဖွယ် သာယာသော လောကအသွင် ထင်မြင်လာတော့သည်။

ရှင်သေဋ္ဌိလသည် ဆရာတော် ဦးကဝိန္ဒ သတိပဋ္ဌာန်သုတ်ပါဠိ အနက်ကို ချပေးတော်မူသည့် ရည်ရွယ်ချက်ကို ယခုမှ သဘောပေါက်သည်။ စိတ်အမျိုးအစား၊ ဝေဒနာအပြားကို နားလည်ထားပြီးဖြစ်၍ ကိုယ့်အတွင်းသန္တာန် ကိုယ်ပြန်၍ ရှုမှတ်စေသောအခါ ဖြစ်ဆဲခဏ၊ ပေါ်လာဆဲခဏ၌ ဘာဖြစ်ပေါ်လာသည်ကို ချက်ချင်း နားလည်လိုက်ကာ ချက်ချင်းပျက်သွားသည်ကိုလည်း သဘောကျသွားလေတော့သည်။

ဤလေ့ကျင့်ခန်းနှင့် ဤရှုမှတ်ချက်များသည် နောင်သောအခါ အင်္ဂလန်၌ ကမ္မဋ္ဌာန်း သင်ပြန်းပေးသောအခါ လက်တွေ့ကျကျပြသနိုင်ရန် အထောက်အကူပြုလေသည်။

ဆရာတော် ဦးကဝိန္ဒသည် စာတတ်ပေတတ်၊ ဝိနည်းဘက်တွင် နာမည်ကြီးလှသော မိုးနှံကုန်းဆရာတော်ကြီး ဦးဇယန္တထံ ပရိယတ်ထက် ပဋိပတ်ဘက်တွင် ပို၍ နည်းနာနယ ခံယူခဲ့သည်။ လက်တွေ့ပွားများ ရှုမှတ် နည်းကား စာတွေ့နှင့် မလုံလောက်၊ လက်တွေ့ရှိဖို့လည်း လိုအပ်သည်။ လက်တွေ့ပြနိုင်သော ဆရာကို မှီခိုရမှ ဖြစ်ပေသည်။

မိုးနှံကုန်းဆရာတော် ဦးဇယန္တဟူသည် ရဟန္တာဟု နာမည်ကျော်ကြားသော ညောင်လွန်ဆရာတော်ဦးမေဓာဝီ၏ဆရာတည်း။ မိုးနှံကုန်းဆရာတော်ဟုခေါ်တွင်ခြင်းကား မိုးနှံကုန်းရွာဇာတိဖြစ်သောကြောင့် မဟုတ်။ ဆရာတော်ဦးဇယန္တသည် ရမည်းသင်းမြို့နယ်၊ ရွှေဒါးဘူတာအနီး ပေကုန်း

ကျေးရွာကြီး၏ အရှေ့ဘက် ညောင်ပင်သာခေါ် ရှပိုးကလေး ဇာတိဖြစ်သည်။ ၁၂၀၉-ခုနှစ်၌ ခမည်းတော် ဦးအင်း၊ မယ်တော် ဒေါ်ဘုံကြီ တို့မှ ဖွားမြင်သည်။ မန္တလေးမြို့ ဒက္ခိဏာရာမ ကျောင်းတိုက်၌ပညာသင်၍အရှေ့ပြင် စသင်းကိုက်၌ ပထမစာတော်ချအဖြစ် ပိဋကတ်စာပေများကို ဖြန့်ဖြူးကာ နောက်သီပေါမင်းလက်ထက်တွင် မိဘရပ်ထံပြန်ဆင်းလာ၍ မိုးနှံကုန်းရွာကြီး၌ စာသင်တိုက်တည်ကာစာချသာသနာပြုတော်မူသည်။ ထို့ကြောင့် မိုးနှံကုန်း ဆရာတော်ဟု တွင်သည်။ ထိုဆရာတော်သည် ဝိနည်းဘက်၌ပို၍ အသေအလာအချအပို့ များသည်။မိုးနှံကုန်းဂိုဏ်းအုပ်ဆရာတော်ဟုအသိအမှတ်ပြုကြသည်။(မိုးနှံကုန်းရွာကြီးကားပျော်ဘွယ်မြို့အရှေ့တောင်ဘက် နှစ်မိုင်ခန့် အကွာတွင် တည်ရှိသည်။)

## စာသင်ထွက်ခြင်း

ထိုနှစ်မိုးတွင်းတစ်ဝါဆိုပြီး ဝါလကျွတ်သောအခါ ကမ္မဋ္ဌာန်း ထိုင်ခြင်းအလုပ်၌စိတ်ဝင်စားသလောက်သမာဓိလည်းအရွယ်နှင့်မလိုက် အလွန်ရခနခိုက် တစ်နေ့တွင် အရှင်သေဋ္ဌိလကို ဆရာတော်ကခေါ်၍ အမိန့်ရှိသည်မှာ....

“ကိုရှင်....မင်းတို့အရွယ် ငယ်ကြသေးတယ်၊ စာသင်ဖို့လိုသေးတယ်၊ စာတတ်ပြီးတော့မှပရိယတ္တိသာသနာ့ဝန်ကိုပဲ ထမ်းထမ်း၊ ပဋိပတ္တိသာသနာ့ဝန်ကိုပဲထမ်းထမ်း၊ ကိုယ်သန်ရာကိုယ်လုပ်နိုင်တယ်၊ယခုတစ်ဝါတွင်းပါ ၅-၆ လသာသက်ဆိုရင် ဝါသနာအထုံရလောက်ပြီ၊ သမာဓိလဲ အတော်ရပြီး ကမ္မဋ္ဌာန်းသဘောလဲ နားလည်လောက်ပြီ၊ ဒီမျှလောက်ပဲ ငါမှန်းထားတယ်၊ ဒါ့ကြောင့် မင်း စာသင်သွားရမယ်”ဤသို့ အမိန့် ရှိတော်မူသည်။

ဤသို့မိန့်တော်မူပြီးမကြာမီဘောင်ငူမြို့ဇေတဝန်ကျောင်း တိုက်(မြို့ရိုးကျောင်းဟုလည်း ခေါ်သည်)ဆရာတော် အရှင် သုန္ဒရထံ ပို့တော်မူသည်။

အသက် ၁၅-နှစ်မှ ၁၇-နှစ်အတွင်း ယင်းစာသင်တိုက်၌ သဒ္ဒါ၊ သင်္ဂဟ၊ ဘေဒစိန္တာနှင့် ဆန်းကျမ်းများကို နေ့ဝါအဖြစ် သင်ယူကျက်မှတ်ရသည်၊ ပုဒ်စစ်နှင့် မာတိကာ၊ ဓာတုကထာကို သင်ရသည်။ ရှင်သေဋ္ဌိလအဖို့ သင်္ဂဟပါဠ်နက်ရ သရုပ်အဖြိုင်ဖြိုင်ကွဲပြီးဖြစ်သဖြင့် မာတိကာ၊ ဓာတုကထာမည်သော အဘိဓမ္မာကျမ်းများ၌ အခက်အခဲအနည်းငယ်မျှမတွေ့ရပေ။ ပုဒ်စစ်ဟူသည်မှာ မြန်မာဘာသာဖြင့် ရေးသားထားသော ကြည့်စာ

ဖြစ်သော်လည်း အစဉ်အလာအားဖြင့် ညဝါလုပ်ကာ နေ့တွင်ကျက်ခဲ့၍ ညပိုင်းအာမောင်တွင် ဆရာထံပြန်ဆိုပြရသည်။ ဆရာက အဓိပ္ပာယ် ရှင်းလင်းပြသည်။ ဤသည်ကို ညဝါဆိုသည်ဟု ခေါ်ရိုးပြုကြသည်။

## စာပြန်ပွဲများ အောင်ပန် ဆင်ခြင်း

ထိုနှစ်များအတွင်း ရှင်သောဘိလသည် တောင်ငူမြို့ ပရိယတ္တိစာတော်ပြန်ပွဲ၌ အငယ်တန်း၊ အလတ်တန်းတွင်လည်းကောင်း၊ ရန်ကုန်မြို့ နှစ်ကျိပ်ရှစ်ဆူ စာပြန်ပွဲ၌ အငယ်တန်းတွင်လည်းကောင်း၊ မိတ္ထီလာမြို့ စာပြန်ပွဲ၌ အလတ်တန်းတွင်လည်းကောင်း အောင်ပန်းဆွတ်ခူးခဲ့လေသည်။

## မန္တလေးမြို့သို့ စာသင်တက်ခြင်း

၁၂၇၅-ခုနှစ်၊ အသက်(၁၇)နှစ်အရွယ်တွင် ဇေတဝန်ဆရာတော် အရှင်သုန္ဒရ၏ တိုက်တွန်း ညွှန်ပြတော်မူချက်အရ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်သို့ ပြောင်းရွှေ့ခဲ့သည်။

## နာမည်ကျော် အရှင်အာဒိစ္စဝံသနှင့် တွေ့ဆုံခြင်း

ထိုစဉ်အခါ၌ မန္တလေးမြို့မစိုးရိမ်စာသင်တိုက်ကြီးသည်စာချစာသင်ပုဂ္ဂိုလ်များဖြင့် အထူးစည်ကားတိုးတက်နေသော ပရိယတ္တိပညာတက္ကသိုလ်တစ်ခုဖြစ်သည်။ နာမည်ကျော်ကြားသော စာတတ်ပေတတ်ဆရာတော်များရှိရာမှ ပန်းသတင်းလေညင်းဆောင်သကဲ့သို့ စာသင်သားများအတွင်း ဂုဏ်သတင်းမွှေးပျံ့ကာ ထိုစာသင်တိုက်သည် ကြီးပွား တိုးတက်ရပေသည်။

စာချဆရာတော်များ ထက်မတော်ရှယ်တော်ကြီးမား၍ စာမချနိုင်၍သော်လည်းကောင်း၊ ယာဘာ ဘာဘပေါများ၊ ဂုဏ်သတင်းကြီးထွား၍ ဒါယကာ ဒါယိကာမ အဝင်အထွက်များ၊ စာဝါအပျက်များ၍ သော်လည်းကောင်း၊ စာချဘုန်းတော်ကြီးများခရီးအသွန်သွား၍ဖြစ်စေ၊ ပျင်းရိဖင့်နွဲ့အချိန်ဆွဲနေ၍ ဖြစ်စေ စာ လုပ်မတွင်ကျယ်သျှင်သော်လည်းကောင်း စာသင်သားများ ဘဖြည်းဖြည်း ဆုတ်ယုတ်ယျော့ပါးလာမြဲဖြစ်သည်။

ထိုခေတ်အခါကား မြန်မာတစ်ပြည်လုံးမှ စာသင်သားများသည် “ရဟန်းမှန်လျှင် မန်းပြန်မှ” ဟူသော စကားအရ မန္တလေးသို့ စာသင်

မထွက်ရသေးလျှင်"စာမတတ်သေး"ဟူ၍ အထင်ရှိကြသည်။ သက်ဆိုင်ရာ ဆရာသမားများကလည်း နည်းစုံအောင် မန္တလေးလွှတ်ပြီး တပည့်ကိုပညာသင်စေဦးမှ တော်မည်ဟု ထင်မြင်ကြသည်။ သာသနာပြု မြန်မာမင်းများ ရှိစဉ်က ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများထံ နည်းစနစ်ခံခဲ့ကြ၍ ဝါသနာပြင်းပြလှစွာဖြင့် တကယ်တမ်း အားကြိုးမာန်တက် စာပို့ချတော်မူကြသော ဆရာတော်များလည်း မင်းနေပြည်တော်ဖြစ်ခဲ့သောမန္တလေးတွင် အလွန် ပေါများလှပေသည်။

နေ့ဝါတွင် ထူးချွန်ပြောင်မြောက်သော ဆရာတော်၊ ညဝါတွင် အထုံများ၍ အထူးနိုင်နင်း ကျွမ်းကျင်သော ဆရာတော်၊ နေ့ဝါတွင်လည်း သဒ္ဒါဉာဏ်ပြည့်ဝ၍ သဒ္ဒါပါရဂူဖြစ်သော ဆရာတော်၊ ဝိနည်းဘက်၊ အဘိဓမ္မာဘက်တွင် ပြိုင်ဘက်ကင်းသော ဆရာတော်၊ ဆန်းကျမ်းနိုင်နင်းတော်မူလှ၍ ဆန်းအဘက်တွင် တစ်ဖက်ကမ်းခပ်သော ဆရာတော်၊ ဗေဒင်တတ်သော ဆရာတော်၊ ဘင်္ဂါလီ နာဂရီ၊ သက္ကတ တတ်ကျွမ်းသော ဆရာတော် စသည်ဖြင့် မန္တလေးမြို့တော် လေးပြင် လေးရပ်တွင် တိုက်ကြီးတိုက်ငယ် အသွယ်သွယ်တို့၌ ဤသို့သော ဆရာတော်များ ရှိကြပေသည်။

ထို့ကြောင့် မဟုတ်လော၊ တစ်နေ့ တစ်ခါပ်မျှသော ဆွမ်းတော်ဖြင့် မျှတ—ရောင့်ရဲကာ အဆင်းရဲခံ၍ စာသင်သား ရဟန်းရှင်များနေပျော်ကြခြင်းဖြစ်သည်။ ဝမ်းရေးကိစ္စကား စာသင်သားလေးက၌အတော်အရေးကြီးသော ကိစ္စဖြစ်၏။ အဆက်အသွယ်ကောင်းသော စာသင်သားများ၌ မထောင်းတာ၊ ကိုယ့်ဒူးကိုယ်ချွန် ဆွမ်းရှာရသော ကိုယ်တော်လေးများ အဖို့ကား ခြေတိုအောင်လျှောက်နိုင်မှ တစ်ဝမ်းစာရ၏။ အပင်ပန်းမခံလိုသူ အသက်သာ ကြိုက်သူများကား"ဘုံလောင်း"ခေါ် ပုဂ္ဂိုလ်မရွေးလောင်း လှူသော နေရာသို့ အရောက်သွားကာ စုပြုံတိုးဝှေ့၍ ခံယူကြရသည်။

မည်သို့ဖြစ်စေ၊ ဆွမ်းတစ်ထပ် ဝဝစားပြီးလျှင် တစ်နေ့လုံး စာလိုက်ရန်သာ ရှိတော့၏။ မိမိလိုသော စာဝါချရာကျောင်းနှင့် မိမိနေထိုင်သော ကျောင်းတိုက် ဝေးနေစေကာမူ အပန်းမကြီး၊ စာအုပ်ကိုပိုက်ကာ နေရှိန်ကို သင်္ကန်းခေါင်းတင်ကာ ကုပ်၍ သွားလာနေကြပေသည်။ ဤသို့သော စာသင်သားများကို မန္တလေးမြို့ အနှံ့အပြား၌ တွေ့မြင်ရမည်ဖြစ်၏။

အခန်းကြို အခန်းကြား အလင်းရောင်များများ မရှိလှသောနေရာ များ၌ စာဖတ်သူဖတ် တက်သူကတက် ချသူချနှင့် မိမိဆန္ဒရှိရာ ကြိုးကြိုး

ကုတ်ကုတ် ပညာရှာမှီးနေကြသော စာသင်သားလည်း မရှားလှ၊ အင်္ဂလိပ်စာ၊ ကုလားစာ စသည့် ဘာသာန္တရ လေ့လာ နေကြသူလည်း အနန္တ၊ ဗေဒင် လက်ရိုး တွက်နေသူလည်း မရှား၊ ဤသို့ စာသင်သားငယ်တို့၏ ကြိုးပမ်းမှုသည် အရေးကြုံ၍ သာသနာတော်နှင့် စပ်သော အရေးအခင်း ပေါ်ခဲ့သော် မြန်မာပြည်၏ ထောင့်တိုင်းထောင့်တိုင်းမှ ဆရာတော်လတ်၊ ဆရာတော်ငယ်၊ ဆရာတော်ကြီးများ အသီးအပွင့်အဖြစ် ပေါ်ပေါက်လာသည်ကို ကျွန်ုပ်တို့ ဝမ်းမြောက် ကျေနပ်စွာ မြင်တွေ့ရပေသည်။

သင်္ဂါယနာတင်ပွဲတော်ကြီးကို ရှုပါ။ ကမ္ဘာ့တုန်အောင်ကြီးကျယ်လှသော သာသနာ့အရေးတော်ကြီး မဟုတ်ပါလော၊ ဗုဒ္ဓဘာသာဝင်ဟုတ်—မဟုတ်သော ကမ္ဘာ့သတင်းစာကြီး အစောင်စောင်က အံ့ဩချီးကျူးရသော ကိစ္စချုပ်ကြီး ဖြစ်ပေသည်။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းကြီးငယ်တွေကို တည်းဖြတ်ခြင်း၊ သုတ်သင်ခြင်း၊ နှီးနှော မြန်မာပြန်ခြင်းစသည်တို့၌ မည်သည့်နိုင်ငံ မှ မည်သည့်ပညာရှင်ကိုမှ အားကိုးတကြီး အပ်နှံပြီးနေစရာမလို၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဟိန္ဒူ၊ သက္ကတစသော ဘာသာန္တရ ပညာရှင်တွေ ထိုစာသင်သားလောကမှ ကိုးတက် ပေါ်ထွန်းလာသည်ကို တွေ့ကြရ၏။ ကျမ်းညွှန်းကျမ်းကိုး အရာ၌ဖြစ်စေ၊ ပြည့်စုံလည်း ပြည့်စုံလှသည့် အပြင်၊ သိပ်သည်းသိပ်သည်း ကျစ်လျစ်သော အရေးအသားများဖြင့် နိဒါန်းခန့်ခန့် ရေးသားရာ၌ဖြစ်စေ၊ ထိုဆရာတော် ဤဆရာတော်(တစ်ချိန်က စာသင်သားငယ်အဖြစ် အပင်ပန်းခံခဲ့ကြသော) မြန်မာ့သားကောင်း ရတနာများပင် လုပ်ဆောင်ခဲ့ကြသည် မဟုတ်ပါလော။

## ဆရာ ရှာခြင်း

ရှင်သော္ဘိလသည် မန္တလေးမြို့ရောက်မသာအခါ စာသင်သား ရဟန်းတော်များဖြင့် ပြည့်ကျပ်နေသော စာသင်တိုက်ကြီး တစ်တိုက်အတွင်း ဘာလုပ်ရမှန်းမသိ ယောင်လည်လည် ဖြစ်နေသည်။ မစိုးရိမ်ကျောင်းတိုက်ကြီး၏ အရိန်အဝါက ရောက်သစ်စ ရှင်သော္ဘိလကို တွေဝစေသည်။ "လမ်းညွှန်မရှိဘဲ တွေ့ကရာစာဝါတွေ ငါလျှောက်တက်နေလို့တော့ ငါဘာမှ တိုးတက်မှာ မဟုတ်ဘူး၊ နည်းပေးလမ်းပြ ဆရာတစ်ယောက်ရှိမှ ငါ လမ်းဖြောင့်မှာပဲ" ဤသို့ တွေးတောမိလာသည်။

ဤအတွေးဖြင့် နီးစပ်ရာ စာချဆရာတော်များကို စူးစမ်းသောအခါ ၁၁-၀ မျှ ရှိသေးသော ဆရာတစ်ဦးကို သတိပြုမိသည်။ ဘွဲ့တော်အရှင် အာဒိစ္စဝံသ ဖြစ်သည်။ စာချသောအခါ ရှည်ရှည်ဝေးဝေး မပြော၊ အဓိပ္ပာယ်ကို တိုတိုနှင့် လိုရင်းကိုသာ ပြောသည်ကို ကြားရ၏။ စာလိုက်နေသော စာသင်တပည့်များကို ပိုင်စိုးပိုင်နင်းပြော၏။ သူပြောသလို မလုပ်သော စာသင်သားကို အရေးမလုပ်။ စည်းကမ်းကြီးသယောင် တွေ့မြင်နေရပေသည်။ ရှင်သေဌ္ဌိလသည် ထိုဆရာကို သဘောအလွန်ကျနေတော့သည်။

"ဟော့.... ဒီစာချဘုန်းကြီးက အတော်ခွကျတယ်ကွ၊ သိပ်ဩဇာပေးတယ်၊ စာရိုးရိုးချတာ မဟုတ်ဘူး၊ ဒါကျက်ဆိုကျက်မှ၊ ဒီဟာကိုအနက်ရအောင်လုပ်ဆို အနက်ရမှ၊ သူပြောတဲ့အတိုင်း မလုပ်ရင်ပြေးရပြီသာ မှတ်၊ မငဲ့ဘူး၊ မညှာတာဘူး၊ တပည့်ကိုချော့ပေါင်းတဲ့ပုဂ္ဂိုလ် မဟုတ်ဘူး"

ဤသို့ စာတက်ဖော်များက အပြစ်တစ်ခုသဖွယ် ပြောဆိုချက်သည် ရှင်သေဌ္ဌိလအဖို့ ဂုဏ်များသာ ဖြစ်နေသည်။ "ဒီလို ပုဂ္ဂိုလ်မျိုး မှီခိုရမှ ငါအကျိုးရှိမယ်၊ စာတတ်မယ်"ဟု စဉ်းစားဆုံးဖြတ်ကာ စာချဆရာ အရှင်အာဒိစ္စဝံသအား ရှင်သေဌ္ဌိလသည် မိမိကိုယ်ကိုအပ်နှင်းကာ တပည့်ခံယူလိုက်လေသည်။

ထိုဆရာတော်ထံ၌ပင် ၁၂၇၅–ခုနှစ်မှ ၁၂၇၇–ခုအထိ ၂–နှစ်သာသာ အတွင်းရူပသိဒ္ဓိ၊ ဘောဒစိန္တာ၊ ကစ္စာယနသာရ၊ သဒ္ဒတ္ထဘေဒစိန္တာ၊ သုဒ္ဓဝိနိစ္ဆယ၊ ဆန်းအလင်္ကာနှင့် ဓာတ်မာတိကာ နေ့ဝါကျမ်းများနှင့် ယမိုက် ၁၀–ကျမ်း၊ ပဋ္ဌာန်း ဟူသော အဘိဓမ္မာ ညဝါကျမ်းကြီးများ ဆုံးခန်းတိုင်မြောက် ပေါက်ရောက်အောင် သင်ကြားတတ်မြောက်ခဲ့ပေသည်။

ထိုစဉ်အခါ မစိုးရိမ်တိုက်ကြီး၌နေ၍တစ်ချိန်တွင်လယ်တီဆရာတော် ဘုရားကြီး၏ ဝိဇ္ဇာမဂ္ဂဒီပနီ၊ နိယာမဒီပနီ စသည်တို့ကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုပေးတော်မူမည့် အရှင်ဉာဏသည်လည်း ပထမကျော်အောင်ပန် ကို ဆွတ်လှမ်းပြီးခါစ လောကုတ္တရာ စာဝါများ ပို့ချပေးနေရင်း အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဟု နောင်အခါ နိုင်ငံတစ်လွှား ကျော်ကြားတော်မူမည့် ဆရာတော်ဦးသုရိယနှင့် တွဲဖက်ကာ သဒ္ဒတ္ထဘေဒစိန္တာ လိမ္မည်သော အဘိဓာန်ကျမ်းကြီးက ပြုနေဆဲ ဖြစ်ပေသည်။ တစ်ဘက်မှလည်း ပဋ္ဌာနုဒ္ဒေသဒီပနီ စသော လယ်တီဆရာတော်၏ လက်ရာများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနေဆဲ ဖြစ်ပေသည်။ ထို့ကြောင့် ရှင်သေဌ္ဌိလသည် ပထမကျော်

ဦးဉာဏကို အားကျ၍ ပထမကျော်လည်း အောင်ရမည်။ လောကီအတန်း ပညာနှင့် အင်္ဂလိပ်စာပေကိုလည်း တတ်ရမည်ဟု အခါခါ သန္နိဋ္ဌာန် ချခဲ့သည်။

သို့ဖြစ်သည့်အလျောက် အတန်းပညာများကိုလည်း ကြိုးကြား ကြိုးကြား ဇွဲကြီးစွာနှင့်ဆည်းပူးနေခဲ့ရာ အတော်ခရီးပေါက်ခဲ့ပေပြီ။သင်လက်စ အောင်ပွဲရပြီး ဖြစ်သည့် အလျောက် ပထမပြန်စာမေးပွဲတွင်လည်း ပထမ ငယ်နှင့်ပထမလတ်တန်းတွင် နှစ်မခြားဘဲ လွယ်လွယ်ကူကူနှင့် အောင်မြင် ပြီးနောက် ပထမကြီးတန်းအတွက်ပင် စာပေများကို အတော်ကြီး ပြည့်ဝ ကျေပွန်စွာ လေ့လာ ကျက်မှတ်ပြီး ဖြစ်နေပေတော့သည်။

## မော်လမြိုင်သို့ ပြောင်းရွှေ့ ပညာသင်ခြင်း

မော်လမြိုင်မြို့တွင် ထင်ရှားသော ကျိုက်သန်လန် စေတီတော်၏ အနောက်စောင်းတန်း ခြေရင်း မြောက်ဘက် မလှမ်းမကမ်းတွင် ကြံခင်း ကျောင်းတိုက်ဟူ၍ ကျောင်းတိုက်တစ်တိုက်ရှိသည်။ ကျောင်းပိုင်ဆရာတော် ကား အရှင်ဥက္ကံသ ဆရာတော်ဖြစ်သည်။ ထိုဆရာတော်ဘုရားကြီးသည် မန္တလေးမြို့ ပိုးရိမ်တိုက်တွင် စာချနေသော စာချဆရာ အရှင်အာဒိစ္စဝံသ ကို ပင့်ခေါ်လိုက်သည်။ မိမိတိုက်တာမှ ပရိယတ္တိသာသနာတော်ကို တိုးချဲ့ ချီးပင့်တော်မူလိုသောကြောင့် ဖြစ်သည်။ စာချဆရာ အရှင်အာဒိစ္စဝံသ ရောက်လာသောအခါ အလုံးစုံလွှဲအပ်၍ နာယကစာချအဖြစ် တာဝန်ပေး တော်မူသည်။

အရှင်အာဒိစ္စဝံသသည် ယင်းကြံခင်းကျောင်းတိုက်၌စည်းကမ်းတကျ အုပ်ချုပ်၍ စာသင်သားများကို သိလွယ် တတ်လွယ်သော စနစ်သစ်များ တီထွင်ကာ ချပို့ပေးနေခဲ့ရာ စာသင်တပည့်များသည်အရေအတွက်တိုးတက် များပြားလာသလောက် အရည်အချင်းလည်း ပြည့်မီ၍လာလေသည်။ တစ် နှစ်သာသာအတွင်း သံဃာ ၁၀၀ ကျော်လောက် ရောက်ရှိလာကြသည်။ နေထိုင်စရာကျောင်းမလောက်၍နောက်ထပ်တိုက်ကလေးတစ်လုံးဆောက် ပေးသည်။ သံဃာများလာသောအခါ တိုးစရာမြေမရှိ ကျောင်းမရှိဖြစ်လာ တော့သည်။ ရှင်သဒ္ဓိလာသည် အသက် ၁၉–နှစ်အရွယ်တွင်ဆရာ၏ အသင် အပြကောင်းခြင်း၊ မိမိ၏လုံ့လဝီရိယနှင့် အခြေခံ အသိဉာဏ်၏ မြင့်မား

ခြင်းအကြောင်း ၂ချက်ကြောင့် ပထမကြီးတန်းတွင်လည်း မပန်း လွယ်ကူ အောင် ဆုယူနိုင်ခဲ့ပေသည်။

## ရဟန်း အဖြစ်သို့ ရောက်ခြင်း

ကြံခင်းကျောင်းတိုက်ကျောင်းဒါယကာကြီး ဦးဘိုးခင်၊ ကျောင်းအစ်မကြီး ဒေါ်ငြိမ်းမြကိုသည် မိမိတို့ကျောင်းတိုက်ကြီး အရှိန်အဟုန်မြင့်မားစွာ တိုးတက်လာနေသည်ကို တွေ့ရ၍ ကျေနပ်ဝမ်းမြောက်နေကြစဉ် ကျောင်းတိုက် အရှည်ခိုင်ခံ့ရေး၊ စာချစာသင်ဘို့ဖြင့် အဆက်မပြတ် ပရိယတ် လုပ်ငန်း လည်ပတ်နေရေးကို လေးလေးနက်နက် စဉ်းစားကြသည်။ ထိုနှစ်တွင် ပထမကြီးအောင်မြင်လာသော ရှင်သောဘိတ၏ ရုပ်လက္ခဏာနှင့် စာပေ စွမ်းရည်များကို ကြည်ညိုလေးစားလှသည်ဖြစ်ကြောင်း၊ ကြံခင်း ကျောင်း တိုက်ကြီးကို နောင်အခါ၌ ဆက်လက် စောင့်ရှောက်မည့် သာသနာပြုမည့် ပုဂ္ဂိုလ်ကျော် ၁ ပါး ဖြစ်လာလိမ့်မည် ဟူသော မျှော်လင့်ချက်ဖြင့် တစ်ကြောင်း ရှင်သောဘိတကို ပစ္စည်းလေးပါး ဒါယကာခံ၍ ရဟန်းအဖြစ်သို့ မြှင့်တင်ပေးလိုကြသည်။ ယင်းအကြောင်းကို စာချဆရာ ရှင်အာဒိစ္စဝံသနှင့် ဥပဇ္ဈာယ်ဆရာတော် အရှင်ဥက္ကံသကို လျှောက်ထားကြသည်။

## တပည့်အပေါ် ဆရာ့တာဝန် ကြီးလေးလှပုံ

မိမိတို့တပည့် သာမဏေတစ်ပါး ရဟန်းအဖြစ်သို့ ပို့ဆောင်လိုသော ဥပဇ္ဈာယ်ဆရာတော်များသည် တပည့်၏ အနာဂတ်ကို မျှော်ခေါ်၍ စဉ်းစားတော်မူကြသည်။ တပည့်တစ်ယောက်သာသနာ့ဘောင်ဝယ်တန့်ဆောင် ဆိမီးသဖွယ် တင့်တယ်ထွန်းတောက်ဖို့ အရေးကို အလေးအနက် ထားကာ စီစဉ်တော်မူကြသည်။

သာသနာတော်သက္ကရာဇ် ၂၀၀ ကျော်လောက်က အရှင် မောဂ္ဂလိပုတ္တတိဿထေရ် အလောင်းသုငယ်ကလေးကို သာသနာတော်တွင်းသို့သွတ်သွင်းပေးဖို့နှင့် ဝိနည်းကျင့်ဝတ်အရာ စာတွေ့လက်တွေ့ သိရှိနားလည် ကျင့်သုံးနိုင်ရေး၊ လောကုတ္တရာတရားများ လက်ရောက်ရရှိသည်အထိ ဗုဒ္ဓဝစနအနှစ်သာရများကို ရရှိစေရေးကို တာဝန်ယူကာ သင်ပေးတော်

မူခဲ့ကြသော အရှင် သိဂ္ဂဝထေရ်နှင့် အရှင်စဏ္ဍဝဇ္ဇီထေရ်တို့၏ ထုံးကိုလည်းကောင်း၊ သာသနာတော်သက္ကရာဇ် အနှစ်၅၀၀ကျော်တွင် အရှင်နာဂသိန် အလောင်းအလျာ သူငယ်ကို ကျမ်းဂန်တတ်မြောက် ရဟန်းကိစ္စ ဆုံးခန်းရောက်သည်အထိ စောင့်ရှောက်တော် မူခဲ့ကြသော အဿဂုတ္တထေရ်နှင့် ရောဟဏထေရ်တို့၏ နမူနာကို လည်းကောင်း။

သာသနာဝင်၌ အစဉ်သဖြင့် နှလုံးပြုကာ သာသနာစောင့် ဆရာတော်ကြီးများသည် တပည့်သားတို့ကို ပစ္စယ၊ မဂ္ဂ နှစ်ဝသောချီးမြှောက်ခြင်းမျိုးဖြင့် ချီးမြှောက်တော်မူခဲ့ကြပေသည်။ ထိုက်လျော်သောနေရာသို့ ပို့အပ်၍ သင့်တော်သော ဒေသ၌ အခြေတကျဖြစ်အောင် ချပေး ထားတော် မူခဲ့ကြပေသည်။

လောကီလောကုတ္တရာ နှစ်ဖြာနှစ်လမ်း ကျမ်းစုံအောင် သင်ကြားခွင့်ကို ဖန်တီးပေးတော်မူခဲ့ကြသည်။ မိဘဆွေမျိုး အသိုင်းအဝိုင်းကောင်းသော ရှင်ငယ်၊ ရဟန်းငယ်အဖို့ ပညာသင်စရိတ် ပြည့်စုံတတ်သော်လည်း နောက်ခံအထောက်အပံ့ နည်းသော ရှင်ငယ်များအတွက် ဥပဇ္ဈာယ်ဆရာတော်များက များသောအားဖြင့်တာဝန်ယူတော်မူခဲ့ကြသည်။ ပစ္စည်းလေးပါး ထောက်ပံ့တတ်သော (ထောက်ပံ့နိုင်သော အင်အားရှိသော) ဒကာ ဒကာမပေါ်ပေါက်လာလျှင်လည်း ထိုဒကာ ဒကာမတို့၏ အကူအညီကို ယူတော်မူကြရသည်။

ထို့ကြောင့် ရဟန်းဒကာခံမည့်သူ၏စိတ်နေစိတ်ထားသဒ္ဓါအားနှင့် ပစ္စည်းအင်အားကို ဆရာမြတ်တို့သည်ချင့်ချိန်တော်မူကြကာ အလားအလာ မကောင်းသူများအား ရုတ်တရက် နှုတ်လွှန်အတိ မထားမိအောင် သတိရှိတော်မူတတ်ကြသည်။

ရှင်လေဋ္ဌိလအဖို့ကား ကျောင်းဒကာ ကျောင်းအစ်မပြုစ်သူဦးဘိုးခင်နှင့် ဒေါ်ငြိမ် မြတို့၏ စေတနာနှင့် သဒ္ဓါအားကိုလည်းကောင်း၊ စေတနာရှိသလောက် ချီးမြှောက် ထောက်ပံ့နိုင်သောဒါနအင်အားကိုလည်းကောင်း ယုံမှားမရှိပြင်းဖို့ရှိပေ။ ဆရာတော်ကြီးဦးဥက္ကံသနှင့်ဆရာအရှင်အာဒိစ္စဝံသတို့အဖို့လည်း အကွင်းသိ အစင်းသိဖြစ်၍စဉ်စားနေဖွယ်မလို၊ ထို့ကြောင့်—

၁၂၇၇ခု၊ တန်ဆောင်မုန်း လဆန်း ၁၁ ရက်နေ့တွင် ကြံခင်းကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ကျောင်းဒါယကာကြီးဦးဘိုးခင်နှင့်

ဒေါ်ငြိမ်းပြုံတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သေဋ္ဌိလာသည် မြင့်မြတ်သောရဟန်း အဖြစ်သို့ ကောင်းစွာရောက်ခဲ့ပေသည်။

## ရန်ကုန်သို့ ပြောင်းရွှေ့ခြင်း

စာချဆရာ အရှင်အာဒိစ္စဝံသသည် ရဟန်း ၁၆ ဝါ ရအပြီး ၁၂၇၉ ခုနှစ်၊ ဝါဆိုဦး၌ မော်လမြိုင်မှ ရန်ကုန်သို့ ပြောင်း ရွှေ့ခဲ့သည်။ ပင့်ခေါ်သူရှိ၍ ရေကန်အသင့် ကြာအသင့်-ဘူဘိသို့ နေရာထိုင်ခင်း အသင့် ရှိသောကြောင့် ပြောင်းရွှေ့ခြင်းမျိုး မဟုတ်။ မော်လမြိုင်သည် မြန်မာ နိုင်ငံ၏ အချက်အချာကျသောနေရာမဟုတ်၊ ဒေသမကောင်းလျှင် ကြီးပွား သင့်သလောက် မကြီးပွား၊ ကြီးပွားတိုးတက်ခြင်းဟူသည် ဆွမ်းကွမ်း ဒါယကာစဉ်၊ ဥယျာဉ်ဗိမာန်၊ ကျောင်းကန် တိုးပွားများပြားခြင်းကို ဆိုလို သည်မဟုတ်၊ စာသင်စာချလုပ်ငန်းတိုးခြင်း၊ ပရိယတ် စာပေနှင့် တကွ အတွေးအခေါ် အယူအဆမြင့်မားခြင်း၊ သဒ္ဒါသင်္ဂြိုဟ်မျှလောက်အခြေခံ စာပေမျှလောက်နှင့်သာ အချိန်မကုန်စေဘဲ နိကာယ် ၅-ရပ်၊ ပိဋကတ် ၃-သွယ်ကို အလွယ်တကူ ကူးမြောက် ပေါက်ရောက်ကျက်စား သွားလာ နိုင်အောင် စနစ်တကျ သင်ယူပို့ချနိုင်မှ ကြီးပွားသည်ဟု ဆိုရမည်။

ရန်ကုန်မြို့သည် ပညာရှိရဟန်းရှင်လူတို့ စုဝေးရာဖြစ်သည်။ မန္တလေး မြို့တော်မှ ရေစီးကြောင်းပြောင်းလာပြီဖြစ်၍ ရန်ကုန်မြို့သည် လောကီ လောကုတ္တရာ အသိပညာ လိုလားနိုင်သော ဗဟိုချက်ချာ ဒေသဖြစ်လာပြီ၊ ရန်ကုန်ပြောင်းမှ ပတိရူပဒေသ အခြေကျရောက်မည်။ ရန်ကုန်မြို့မှာ တွင်ကျယ်နိုင်မှ ထင်ပေါ်ကျော်စောမည်။ ထင်ပေါ်မှ ဒလုပ်လုပ်လို့ တွင်ကျယ်မည်။ ဤကား အရှင်အာဒိစ္စဝံသ၏ ရှုမြင်ချက်၊ ရန်ကုန်ပြောင်း ရွှေ့ခြင်း၏ ရည်ရွယ်ချက်ပြပေသည်။

## အရှင်အာဒိစ္စဝံသ ကျောင်းတိုက်

ရန်ကုန်ရောက်သောအခါ မိမိနှင့် ပါလာသော တပည့်၅၀-ကျော် နေထိုင်ဖို့ရာ သာယာကျယ်ပြန့်သော နေရာထိုင်ခင်းမဖြစ် တောင်လုံးပြန့် သုသာန်၌ ဆာဘိုးသာ ဆောက်လုပ်ထားသော ဇရပ်ကြီးကို အရှင်အာဒိစ္စဝံသသည် ဇရပ်ဒကာ ဆာဘိုးသာ၏ခွင့်ပြုချက်ကိုယူကာ ရွေးချယ်လိုက်သည်။

၂၂၃၆၇

ပုဇွန်တောင် အသိတိကျောင်းကြီးဆရာတော် ဦးပဒုမက မိမိ၏ တပည့် ၂၅-ပါးခန့်နှင့်အတူ မိမိကျောင်းတိုက်ကြီး၌ နေထိုင် သာသနာပြုရန် အပ်နှင်းသော်လည်း လက်မခံပေ။ "သုသာန်ဟူသည် လောကီနည်းအရ လူနေကောင်းသော နေရာမျိုးမဟုတ်၊ မင်္ဂလာမရှိသောနေရာ ဖြစ်သည်။ ဤနေရာ၌ နေထိုင်ဆောင်ရွက်သဖြင့် ကြီးပွားတိုးတက်ခွင့်ရမည် မဟုတ်"... ဤကား အများတကာ လူသာမန်တို့၏ အမြင် ဖြစ်သည်။ အရှင်အာဒိစ္စဝံသကား ဤအယူအဆမျိုးကို ကိုယ်တိုင်လည်းလက်မခံ၊ သူတစ်ပါးတို့၏ အယူအစွဲကိုလည်း ထုခွဲချေဖျက်နေသူဖြစ်သည်။ အဖိုးအခမပေးရဘဲ အလျားအကောင်-၆၀၊ အနံ ၄၂ တောင်ရှိ ၂၁-ပင် ၁၀-ခန်း ဇရပ်ကြီးကို မိမိနှင့်တကွ သံဃာများနေရာထိုင်ခင်းအဖြစ် ရရှိသည်ကို အလွန် ကျေနပ်နှစ်ခြိုက်လျက်ရှိသည်။

မကြာမီပင် "ရှင်အာဒိစ္စဝံသ ကျောင်းတိုက်"ဟု ကမ္ပည်းတင်၍ ကျောင်းတိုက်၏စည်းမျဉ်းများ၊ သင်ရိုးညွှန်းတမ်းများ ထုတ်ပြန် ကြေညာသည်။

## အရှင်သေဋ္ဌိလ ပထမကျော်အောင်ခြင်း

အရှင်သေဋ္ဌိလသည် ရန်ကုန်ရောက်၍ ကျောင်းတိုက်အနေဖြင့် ပီပီပြင်ပြင်မရှိမီကပင် ပါလာသောစာသင်သားတို့အား တစ်ဘက်မှ စာချလျက် မိမိအတွက် တက်လမ်းကိုလည်း အစဉ်လျှောက်၍ နေပေသည်။ ရန်ကုန်မြို့ စေတီယင်္ဂဏစာမေးပွဲနှင့် မန္တလေးမြို့ သကျသီဟ ပရိယတ္တိ သာသနဟိတစာမေးပွဲတွင် စာသင်တန်းအတွက် စာကျက်လျက်ရှိသည်။ ရဟန်း ၁-ဝါအရတွင် အထက်ပါ ရန်ကုန်၊ မန္တလေးစာမေးပွဲကြီး ၂-ခု၌ တစ်နှစ်တည်းပင် စာသင်တန်းတွင် အောင်ပန်းဆွတ်လိုက်ပြီး ဖြစ်သည်။ သက်တော် ၂၁၊ ရဟန်း ၂-ဝါအရတွင်ကား တစ်ပြည်လုံး ပထမပြန်စာသင်တွင် ယှဉ်စရာမရှိ ပထမအပေါ်လွှမ်း၍ အကျော်ပန်း လှမ်းဆွတ်နိုင်လိုက်ပေသည်။ ရဟန်း ၂-ဝါရအပြီးတွင် ပါရာဇိကဏ်နှင့် သီလက္ခန် အဋ္ဌကထာ၊ ရဟန်း ၃-ဝါရအပြီးတွင် အဋ္ဌသာလိနီအဋ္ဌကထာ ဖြေဆို အောင်မြင်၍ သေဋ္ဌိလာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့ပုံ လက်မှတ် အပ်နှင်းပူဇော်ခြင်း ခံတော်မူရလေသည်။

## စာချရင်း စာသင်၊ စာသင်ရင်း စာချ

ဤအချိန်အထိ ဆရာအရှင်အာဒိစ္စဝံသထံ၌ အရှင်သေဋ္ဌိလ သင်ယူ တတ်မြောက်ခဲ့သော ကျမ်းဂန်များကို စာရင်းချကြည့်လျှင် အောက်ပါ အတိုင်း တွေ့မြင်ရမည်ဖြစ်သည်။

| | |
|---|---|
| သဒ္ဒါဘက်ဆိုင်ရာ | ဘေဒစိန္တာ |
| | ကစ္စာယနသာရ |
| | ဉာသ်ကောက် |
| | သဒ္ဒနီတိပဒမာလာ |
| | ။ ဓာတုမာလာ |
| | နိယာမ် ၅-စောင် |
| အဘိဓမ္မာဘက်ဆိုင်ရာ | ဓမ္မသင်္ဂဏီ |
| | ဝိဘင်း |
| | ပုဂ္ဂလပညတ် |
| | ကထာဝတ္ထုနှင့် ညဝါများ |
| သုတ္တန်ဘက်ဆိုင်ရာ | သုတ် ၃-ကျမ်းပါဠိ အဋ္ဌကထာ |
| ဝိနည်းဘက်ဆိုင်ရာ | ဝိနည်း ၅-ကျမ်း အဋ္ဌကထာ |

ဤ အဘက်ပါ ကျမ်းများ ပေါက်မြောက်ပြီးနောက် တစ်ဘက်မှ အရှင်အာဒိစ္စဝံသ ကျောင်းတိုက် ဒုတိယနာယကအဖြစ် စာချရင်း စာ လိုက်နေသည်။

ထိုစဉ်တွင် ရှင်အဒိစ္စဝံသကျောင်းတိုက် စာချတစ်ပါး ဖြစ်နေသော အရှင်ဓမ္မာနန္ဒ ( မော်လမြိုင်ဇာတိ )နှင့် အတူဗဟန်းကျောင်းတော်ရာ ရွှေ ကျင်တိုက်သို့သွားရောက်၍ မှန်ကျောင်းဆရာတော်(ဋီကာ ကျော်ယောဇနာ ကျမ်းပြု) အရှင်ဉာနိန္ဒာသဘထံ ပါရာဇိကဏ်၊ သီလက္ခန်၊ အဋ္ဌသာလိနီ အဋ္ဌကထာကြီး သုံးကျမ်းဆိုင်ရာ အနက်အဓိပ္ပာယ်နှင့် အယူအဆအဆုံး အဖြတ်များကို မှတ်သားနာယူလျက် ရှိနေကြသည်။ စာလိုက်နေကြသည်။

တစ်ဖန် မန္တလေးသို့တက်ကာ မန္တလေးနည်းအရ ပို့ချသောစာဝါ များကို လိုက်ပြန်သည်။ ညောင်ရမ်းတိုက်တွင် နှဟန်း လေးဝါ ရသည် အထိ(နှစ်အပိုင်းအခြားအားဖြင့်) တစ်နှစ်နှင့် ခြောက်လခန့် နေထိုင်၊ စာ

လိုက်သည်။ ခေမာသိဝံ ဆရာတော်၊ ဘုရားကြီးတိုက်ဆရာတော် (ဦးဉာဏကြီး)ထံတွင်လည်း စာလိုက်သည်။

တစ်ကျမ်းတစ်ဖွဲ့ကို သဒ္ဒါနည်း၊ ဆန်းနည်း၊ အလင်္ကာနည်းတို့ဖြင့် လည်းကောင်း၊ အထွက်၊ အဘက်၊ စုဒ်၊ စောဒနာတို့ဖြင့် လည်းကောင်း၊ ဓာတ်ပစ္စည်းအရ၊ ဉာသ်ကောက်နည်းအရ ကောက်ယူနည်း၊ ဝါကျခွဲဝေနည်း၊ ပုဒ်ပါဌ်အဆုံးအဖြတ်၊ အဘိဓမ္မာအဆုံးအဖြတ်၊ ဝိနည်းအဆုံးအဖြတ် ချနည်းများကို နိုင်ရာဆိုင်ရာ၌ အသေးစိတ် ထည့်သွင်းချနည်းကို 'မန္တလေးနည်း' ဟု ခေါ်စမှတ်ပြုကြသည်။

အင်းဝ၊ အမရပူရ၊ မန္တလေးခေတ်အဆက်ဆက်မှ ဆရာစဉ်ဆက် ချပို့နည်းများကို အကျဉ်းမှတ်လွယ်ဆောင်လွယ်စေရန် လင်္ကာဆောင်ပုဒ်များဖြင့် စုစည်းထားသည့် ကျမ်းကို နိယာမ်ကျမ်းဟု ခေါ်သည်။ ဘုရားကြီးနိယာမ်၊ တောင်တွင်းကြီးနိယာမ်၊ ရွှေရေးဆောင်နိယာမ် စသည်ဖြင့် တီထွင်ရေးသားသော ဆရာတော်များ၏အမည်ဖြင့်ထင်ရှားသော နိယာမ်များကို စာချဆရာတော်တို့သည် အလေ့အထပြုလုပ်ကာ စာချရာ၌ စပ်ရာဆိုင်ရာ စည်းမျဉ်းထား၍ ချပို့ပေးတော်မူကြသည်။

## ရှင်သေဋ္ဌိလ၏ ပိဋက စာပေဉာဏ်

ဤသို့မန္တလေးမြို့တော်၌ ရှေးစဉ်လာချနည်း၊ပို့နည်းအရ စာပို့ချပုံကို သိရှိသောအခါ အရှင်သေဋ္ဌိလသည် ရန်ကုန်မြို့သို့ ပြန်ဆင်း၍ ရှင်အာဒိစ္စဝံသ ကျောင်းတိုက်၏တာဝန်ခံ နာယကတစ်ပါးအနေဖြင့် အုပ်ချုပ်ရေးဘက်၌လည်း တာဝန်ခံ၍ ပညာရေးဘက်၌လည်း ရှေ့ဆောင် လမ်းညွှန်အဖြစ် ပို့ချသင်ကြားပေးကာ ရဟန်း လေးဝါမှ ခုနစ်ဝါ ရသည်အထိ သာသနာပြုလျက် နေသည်။

ပိဋကစာပေ၌ နိကာယ်ကြီးများသည် ဗုဒ္ဓရှင်တော်မြတ်၏ အနှစ်သာရတရားစုများ သိုမှီးရာ ဖြစ်သည်။ ပါဠိဘာသာရပ်၌ ကျွမ်းကျင်သောသူများအဖို့ နှိုက်ယူသုံးစွဲ၍မကုန်နိုင်သော ရတနာအိုးကြီး၊တစ်နည်းရတနာတိုက်ကြီးဖြစ်သည်။ လောကုတ္တရာ လမ်းကြောင်း သက်သက်မျှ မဟုတ်။ လောကီမှုခင်းကိစ္စရေးရာဟူသမျှ၌လည်း အဆို၊ အဆုံးအမ၊ သွန်သင်မှု၊ ကြီးပွား တိုးတက်ရေး လမ်းညွှန်မှု၊ စိတ်ဓာတ်သန့်ရှင်း ကြီးပွားရေး သင်ကြားမှုများလည်း နိကာယ်ကြီးများ၌ အပြည့်အဝရှိပေသည်။

ထို့ကြောင့် နိကာယ် သင်တန်းပေးလျက် ရှိသော ဆရာဖြစ်သူ အရှင်အာဒိစ္စဝံသနှင့် တွဲဖက်ညီညီ ချီတက်နိုင်ခဲ့ပေသည်။ အရှင်အာဒိစ္စဝံသသည် ဒီဃနိကာယ်ကို တစ်နှစ်အတွင်း ရှင်းလင်းတင်ပြတော် မူသကဲ့သို့ တစ်ပြိုင်တည်းပင် အရှင်သေဋ္ဌိလကလည်း မဇ္ဈိမနိကာယ်ကို တစ်နှစ်အတွင်း စေ့စပ်သေချာ အကာကိုထုတ် အနှစ်ကိုကိုင်ဆုပ်လျက် တိုတိုတုတ်တုတ် ဖော်ထုတ် ပို့ချနိုင်ခဲ့လေသည်။ "မုဆိုးတောကြေ" သကဲ့သို့ အရှင်သေဋ္ဌိလလည်းနိကာယစုံမြိုင်တွင်ပိုင်နိုင်ကျွမ်းကျင်ထွက်ဝင်ကျက်စားနိုင်ခဲ့ပေသည်။

## အင်္ဂလိပ်စာ စတင် သင်ကြားခြင်း

ဆိုခဲ့သည့်အတိုင်း ပိဋကကျမ်းစာများ၌ အငြိအတွယ်မရှိ၊ ကျက်စားသွားလာနိုင် ထိထိမိမိ ကောက်ယူသုံးသပ်နိုင်သော အဆင့်သို့ ရောက်သောအခါ မိမိလက်အောက်ရှိ စာသင်သားများအား အခြေခံစာများနှင့် နိကာယ်ကြီးများကို ပို့ချသင်ကြား ပေးနေရင်းပင် အင်္ဂလိပ်စာသင်လိုသော စိတ်သည် အရှင်သေဋ္ဌိလကို အငြိမ်မနေနိုင်အောင် လှုံ့ဆော်ပေးလျက် ရှိသည်။

မိမိကိုယ်တိုင် တွေ့ခဲ့သော အတွေ့အကြုံအရ အရာရာတွင် အင်္ဂလိပ်စာမတတ်က အရာမရောက်၊ မိမိကိုယ်ကို မိမိအားကိုး၍ ကိုယ်လုပ်ချင်သလို လုပ်၍မဖြစ်၊ သူတစ်ပါးကို အားကိုးရသည်၊ မိမိ ပြောလိုသော အရာကို ကိုယ်တိုင်မပြောရ၊ အင်္ဂလိပ်စာတတ်ကို ရှေ့တန်းတင်ရသည်၊ ကိုယ်တိုင်မပြောနိုင် မပြောရသောကြောင့် အားမလို အားမရနိုင်လှသည်။

ပထမကျော် ဆုလက်မှတ် ခံယူရေးနှင့်စပ်၍ ကျောင်းဒါယကာကြီး တစ်ဦးဖြစ်သူ ဦးဘိုးသာနှင့် ဆရာအရှင်အာဒိစ္စဝံသတို့ အပေးအယူမတည့် ဆန္ဒမတူမျှကြသောကြောင့် ဘုရင်ခံထံ သွားသည့်အခါသွားရ၍၊ မျက်နှာဖြူ အတွင်းဝန်ထံ သွားသည့်အခါ သွားရသည်။ မိမိမှာ ပါးစပ်ရှိလျက်နှင့် မိမိစိတ်တိုင်းကျ ပြောခွင့်မရ၊ မပြောနိုင်ဖြစ်ရသည်။ "ရှိစေဦး၊ မိမိပါးစပ်နှင့် မိမိပြောနိုင်အောင် လုပ်မည်၊ မိမိရေးလိုရာကို မိမိလက်နှင့် ရေးနိုင်အောင်လုပ်မည်" ဤသို့ အကြိမ်ကြိမ် သန္နိဋ္ဌာန်ချခဲ့သည်။

ထိုစဉ်က ပုဇွန်တောင်ရပ်ကွက်တွင် ကျော်စောသော ဆရာတွား ဆရာကြွားဟူသော အင်္ဂလိပ် ဂရမ်မာဆရာ ၂-ဦး ရှိကြသည်။ထိုခေတ်အယူ

အဆအရ အင်္ဂလိပ်စာ သင်ပေးသော ဆရာများကလည်း ဂရမ္မာ (သဒ္ဒါ)ကို ဦးစားပေး သင်ကြားကြသည်။ စာသင်တပည့်ကလည်း သဒ္ဒါကို အထူး အရေးထား၍ သင်ယူလေ့လာကြသည်။ အရှင်သေဋ္ဌိလလည်း နက်စဖီး ဂရမ္မာကို လက်ကိုင်ပြု သင်ယူရာ ယင်း....ဂရမ္မာတတိယတွဲမှ အချက်အလက် အတော်များများကို ကျက်မှတ်ရသည်။

ဆရာထွားထံ၌ သင်တန်းများ စိတ်ကျေနပ်လောက်အောင် သင်ယူပြီးသောအခါ စီသုံဆရာသင် (သီဟိုဠ်ပြန် အင်္ဂလိပ်စာပြ ဆရာတစ်ဦး)ထံ ကရောင်ရီးဒါးများ လက်ဆင်းအင် အင်္ဂလိပ်များ လေ့ကျက်ရပြန်သည်။ ဤဆရာထံ၌ဆရာ့ကျန်းမာရေးကြောင့် ကြာမြင့်စွာ မသင်လိုက်ရစေကာမူ အတော်ကလေး မျက်စိပွင့်နေပြီဖြစ်၍ လက်လှမ်းမီသမျှ စာအုပ်အမျိုးမျိုးကို ရှာဖွေဖတ်ရှုရင်း အရှင်သေဋ္ဌိလ၏ အင်္ဂလိပ်စာပေဉာဏ်သည် ပွင့်လင်းလာလျက် ရှိလေပြီ။

ပါဠိစာပေ၏ အကူအညီကြောင့် တစ်ကြောင်း၊ မိမိ၏ ပင်ကိုဉာဏ်ထက်မြက်မှုကြောင့်တစ်ကြောင်း၊ လက်လှမ်းမီရာ တွေ့မြင်သမျှ အင်္ဂလိပ်စာအုပ်စာစောင်များကို အငပ်းမရ ဖတ်ရှုနေမှုကြောင့်တစ်ကြောင်း အရှင်သေဋ္ဌိလ၏ အင်္ဂလိပ်စာပေဉာဏ်သည် တစ်နေ့တခြား ရင့်ကျက်တိုးတက်၍ လာလေပြီ။

မှန်၏၊ ဘာသာရပ်တစ်ခုကို ကျွမ်းကျင်စွာ တတ်မြောက် ထားမှုသည် အခြား ဘာသာရပ်တစ်ခုကို သင်ယူရာတွင် အလွန်အသုံးဝင်၍ လျင်စွာ တတ်မြောက်စေတတ်သော အထောက်အကူတစ်ရပ် ဖြစ်သည်။ အင်္ဂလိပ်စာတတ် တစ်ယောက် ပါဠိစာပေ သင်ယူလျှင် လည်းကောင်း၊ အဘိဓမ္မာစသော နက်နဲသည့် သဘောရပ်များကို လေ့လာလျှင် လည်းကောင်း ထိုနည်းတူပင် အပေါက်ရောက်မြန်၍ အတတ်လွယ်သည်မှာ မငြင်းသာသော အချက်ဖြစ်လည်။

## အင်္ဂလိပ်စာ သင်ကြားရေးကို အားမပေးသော ပတ်ဝန်းကျင်

ထိုအချိန်က အင်္ဂလိပ်စာ သင်ယူဖို့ အခွင့်အရေးသည် ရဟန်းတော်များအဖို့ အလွန် ရခဲသော အခွင့်အရေး ဖြစ်သည်။ အရှင်သေဋ္ဌိလ အင်္ဂလိပ်စာ သင်ယူရာတွင် အခက်အခဲ အကျပ်အတည်းများကို ရှုပါ....။

ရှေးဆန်သော ဆရာတော်များက မိမိတပည့် အင်္ဂလိပ်စာသင်ယူမှုကို အလွန်စိုးရိမ်တော်မူကြသည်။ အင်္ဂလိပ်စာတတ်လျှင် လူထွက်သွားလိမ့်မည်ဟု ရိုးသားစွာ မြင်တော်မူကြသည်။ လူဒကာ ဒကာမများကလည်း မိမိဆွမ်းကွမ်းဘောဇဉ် လှူဒန်းထောက်ပံ့နေသော ဦးပဉ္ဇင်း၊ ကိုရင်များအား ဘုရားစကားတော်ဟု ခေါ်သော ပါဠိကျမ်းဂန်များကိုသာ သင်ယူစေချင်ကြသည်။ လောကီပညာသင်ကြားရေးကို မကြည်ဖြူ သဘောမတူနိုင်ကြပေ။ ရဟန်းဘန်မဲ့ ရဟန်းအလုပ်မဟုတ်သော အလုပ်ကိုလုပ်သည်ဟု မြင်ကြသည်။

လူဒကာ ဒကာမတို့၏ အမြင်ကား အင်္ဂလိပ်စာပေ ပညာနှင့်တကွ လောကီပညာရပ်များသည် အိမ်ရာတည်ထောင်၍ လူ့ဘောင်၌နေကြသော လူတို့သာ သင်ယူတတ်မြောက်ထိုက်သော ပညာဖြစ်သည်။ ရဟန်းတော်များနှင့် လုံးလုံး မဆိုင်ဟု....မြင်နေကြသည်။

အချို့ဒကာဒကာမများသည် ပထမကျော် အရှင်သဒ္ဓိလကို စာပေတော်သောကြောင့် သဒ္ဓါထက်သန်စွာလှူဒါန်းနေရာမှ အင်္ဂလိပ်စာပေသင်ကြားသေ့လာနေသည်ဟု ကြားသိသည်နှင့် တစ်ပြိုင်နက် ဆွမ်းဝတ်များကို ဖြတ်ပစ်ကြသည်။လှူဒါန်းမြဲ ဆွမ်း၊ ဆွမ်းဟင်းများကိုမလာင်းလှူခြင်းပြုကြတော့ချေ။

မြန်မာပညာရှိ သတင်းစာဆရာကြီး ဦးဖိုးနီသည် ရဟန်းတော်များ အင်္ဂလိပ်စာမသင်ထိုက်ကြောင်း သတင်းစာမှ ရေးသည်။ပညာရေးရှုထောင့်မှ မသုံးသပ်ဘဲ လောကီဗဟုသုတ အသိကြွယ်ဝရေးကို လုံးဝ မစဉ်းစားဘဲ တိရစ္ဆာနုဝိဇ္ဇာ (ရဟန်းတော်များ မသင်ကောင်းသော၊ မလေ့လာထိုက်သောအတတ်မျိုး)ထဲ၌ ထည့်သွင်း၍ လက်သံပြောင်ပြောင်နှင့် အရေးဆိုးဖြစ်သည်။

ထိုခေတ်အခါက ပါဠိပိဋကတ် တတ်ကျွမ်းသော ဆရာတော်အချို့ကပင် အင်္ဂလိပ်စာကို ဒိဋ္ဌိစာ၊ငရဲစာ စသည်ဖြင့် ခေါ်ဆိုသုံးနှုန်းကာ ဆိုင်ရာတပည့်များကို သင်ယူခွင့်မပေးကြ။ ဘုရားဖြူဆရာတော်ကား လောကာယတာဒိဝိနိစ္ဆယကျမ်းကို ရေးသား၍ အင်္ဂလိပ်စာမသင်ထိုက်ကြောင်း၊ အကျိုးလုံးဝမရှိသော လောကာယတကျမ်းမျိုးကဲ့သို့ အကျိုးမရှိသည့်ပြင် အကျိုးဆုတ်ယုတ် ပျက်စီးစေတတ်ကြောင်း စသည်တို့ဖြင့် အထင်အမြင်လွဲအောင် တွန်းပို့နေသော ခေတ်အခါဖြစ်သည်။

ထိုဆရာတော်များ ထိုသို့ရေးကြ၊ ပြောကြသဖြင့် ဆာဦးဘိုးသာ၊ တရားသူကြီး ဦးသိမ်းမောင်၊ ဦးဖိုးဘစသော ရန်ကုန်မြို့ မျက်နှာဖုံးဖြစ်ကြသော လူပုဂ္ဂိုလ်ကြီးများကလည်း အားမပေးသည့်ပြင် ရဟန်းငယ်များ အင်္ဂလိပ်စာပေ သင်ကြားခြင်းကို ပါရာဇိက ကျသလောက် အထင်အမြင်သေးနေကြလေသည်။

သို့သော် အမြင်ချင်းမတူ တစ်မူကွဲကာ အင်္ဂလိပ်စာသင်ခြင်းကို အားပေးတော်မူကြသော ဆရာတော်များလည်း ရှိခဲ့ပါသည်။ မော်လမြိုင်မှ ဘုံပျံ ကျောင်းဆရာတော်၊ ကျောင်းတော်ရာ မှန်ကျောင်းဆရာတော် စသော ဆရာတော်များက ကိုယ်တိုင်လည်း အင်္ဂလိပ်စာ အထိုက်အလျောက် လေ့လာတော်မူကြ၍ သူတစ်ပါးတို့အားလည်း ဘာသာခြားသင်ကြားရန် အားပေးတိုက်တွန်းတော်မူကြ သည်။

မကြာမီ အရှင်အာဒိစ္စဝံသသည် ဘာသန္တရလမ်းညွှန်ဟူသော စာအုပ်ကို ရေးကာ အင်္ဂလိပ်၊ဟိန္ဒီ စသော ဘာသန္တရများကို သင်ထိုက်ကြောင်း အချက်ကျကျ ခုခံချေပခဲ့လေသည်။ သို့သော် လူများစု၏ ခံယူချက်ကား ပြောင်းလဲ၍ မလာသေးပေ။

ဤသို့ အားပေးသူ မရှိ၊ ကူညီမည့်သူကင်း၍ အများအထင်အမြင် သေးနေကြသည့်အချိန်ဝယ် ဇွဲကောင်းကောင်းဖြင့် လေ့ကျင့်ခန်း များများထပ်၊ အဖတ်အရွတ်မှန်အောင် ကြိုးစား၊ တွေ့သမျှစာ အကြည့်အရှုများသဖြင့် သုံးနှစ်အတွင်း အရှင်သေဋ္ဌိလ ခရီးအတော်ပေါက်ခဲ့ပါသည်။

## နိုင်ငံခြားသို့ ပထမအကြိမ်ထွက်ခြင်း

"နိုင်ငံခြားသွား၍ လွတ်လွတ်ကျွတ်ကျွတ်သင်မှ အရေး၊ အဖတ် အပြောပါကျင်လည်၍ အခြေကောင်းကောင်း ခိုင်မည်" ဟုတွေးကာ အရှင် သေဋ္ဌိလသည် အရှင်အာဒိစ္စဝံသထံ ခွင့်တောင်းလေသည်။

အရှင်အာဒိစ္စဝံသကား လူ့ဘဝကပင် အင်္ဂလိပ်စာ အလွတ်သင်ခဲ့သူ၊ တတ်လိုသည့်ဆန္ဒကလည်း အလွန်ပြင်းထန်သဖြင့် ကိုယ်တိုင်ပင် အခွင့် အရေးကို မျှော်နေသူဖြစ်သည်။ တပည့်၏ အရည်အချင်းကိုလည်း ယုံကြည်၊ အရွယ်ရှိခိုက် စိုက်စိုက်စူးစူး သင်လိုက်လျှင် ၄–၅ နှစ်အတွင်း အသုံးချနိုင်

စရာရှိ သည်–ဟူ၍လည်း မြင်သောကြောင့် ကျေနပ်စွာပင် ခွင့်ပြုပေသည်။

ရဟန်းတော်များ လေ့လာကြ၍ ဆရာအမြော်အမြင်ရှိလေလေ တပည့်၏ ပညာရေး တိုးတက်လေလေ ဖြစ်သည်။ ဆရာသမားများ၏ ခွင့်ပြုချက်နှင့် အားပေးမှု မရှိသောကြောင့် စာသင်ချိန်အရွယ် ငယ်စဉ်က အပြင်ထွက်ခွင့် မရရှာကြသောကြောင့် ရဟန်းတော် အများအပြား ရဟန်း စာ (ပရိယတ်ပညာ) မတတ်ရှာကြပေ။ အချို့ ဆရာသမားများကလည်း တပည့်ကို ခင်၍ 'အခြားရောက်သွားလျှင် ပျက်စီးလိမ့်မည်' ဟူသော ဆင်ခြေဖြင့် ခွင့်မပြုလိုကြ။ အချို့ကား မိမိ၏ ဝတ်ကြီးဝယ်ငယ်ကို ပြုကာ မိမိ၏ ကိုယ်စား ပရိတ်ရွတ် ဆွမ်းစဉ်စသည် ဒုမင်္ဂလ သုမင်္ဂလ ကိစ္စကြီးငယ်ကို ဆောင်ရွက်ကာ မိမိအနား၌ နေစေလိုကြသည်။ အပြင်သို့ ထွက်ခွင့် မပြုကြချေ။ အသွန်ပင် အမြင်ကျဉ်းကြပေသည်။ အချိန်လွန်မှ အခွင့်ရသော်လည်း တပည့်စာသင်သား အချို့မှာ တန်းဆုံးအောင် သင်လိုစိတ်မရှိတော့ပေ။ သင်လိုသော်လည်း မတတ်နိုင်ကြတော့ပေ။

[အခွင့်အလမ်းကို မျှော်နေသူပီပီ တပည့်ရောဆရာပါ နိုင်ငံခြားသို့ သွားရောက်ကာ လေ့လာပုံကို နောက်၌ ရှုရလတ္တံ့]။

အရှင်သေဋ္ဌိလသည် ရဟန်းခုနစ်ဝါရအပြီး ၁၂၈၆–ခုနှစ် အိန္ဒိယ နိုင်ငံ ကလကတ္တားမြို့အနီး "စန်ဘိနိကေတန်" (သန္တိနိကေတံ –ငြိမ်းအေးသော တည်နေရာ)သို့ သွားရောက် ပညာသင်လေသည်။

ဆိုခဲ့ဖူးသည့် အတိုင်း ပထမကျော်နှင့် သကျသီဟ မဟာစရိယ အောင်မြင်ပြီး၍ စာချနေစဉ်အခါက ကြည်ညိုလေးစားပစ္စည်းလေးပါးတို့ ဖြင့် ထောက်ပံ့ကူညီကြသလောက် အင်္ဂလိပ်စာ သင်ကြားနေသည်ဟုကြား သိကြသည့်အခါကစ၍ အကူအညီ အထောက်အပံ့ နည်းလာကြသည့် အလျောက် နိုင်ငံခြားသို့ သွားရာတွင် အထောက်အပံ့မရလှပေ။ မိမိ၏ဆရာ ကြီးပမ်းရှာဖွေ၍ ကိုယ့်အားကိုယ်ကိုးကာ ဖြစ်သလို နေရပေသည်။

## မြန်မာပြည်သို့ ပြန်လာရပုံ

'စိန္တိနိကေတန်'၌ပဓာန ဘာသာရပ်များ အဖြစ်ဖြင့် သက္ကတခေါ် ဆန်ကရိတ်နှင့်အင်္ဂလိပ်ကို သင်ကြားနေခဲ့လေသည်။ ပညာသင်၍ ကောင်း

တုန်းပင် "Hornia" ခေါ်သော ရောဂါစွဲ၍ လာသည်။ ဆေးကုရန် မြန်မာပြည်သို့ ပြန်လာရာမှ အကြောင်းကြောင်းတို့ကြောင့် ရန်ကုန်မြို့ ရှင်အာဒိစ္စဝံသ ကျောင်း၌ပင် ဆက်လက် နေထိုင်ကာ စာချ၍ နေရပြန်ပေသည်။

အကြောင်းကြောင်းတို့တွင် ဆရာဖြစ်သူ အရှင်အာဒိစ္စဝံသကိုယ်တိုင် နိုင်ငံခြားသို့ ထွက်၍ ပညာရှာမိုးလိုခြင်း အကြောင်းတစ်ချက် ပါဝင်လေသည်။ ဤအကြောင်းကို အရှင် အာဒိစ္စဝံသ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ အကျဉ်း(အဓိသောဘ ကျောက်စာတော် စာအုပ်နောက်ပိုင်း)၌—

"ကျွန်ုပ်တို့သည် မိမိသာသနာရေး နိုးနိုးကြားကြား နေထိုင်ခဲ့၍ မိမိ အလုပ် တိုးတက်ခွင့်ကိုသာ အမြဲကြည့်ရှု သတိပြုသူ ဖြစ်ခဲ့သည့်အတိုင်း မိမိတို့ ပရိယတ် သက်သက် အသွားမျှဖြင့် ဖြစ်ပေါ်မည့် ခေတ်မစားမည်ကို ဉာဏ်သွား ထောက်ဆမိဟိုင်း သိတင်းသုံးဖော် တပည့်တပန်းတို့နှင့် တိုင်ပင် နှီးနှော၍ ၎င်းတို့သဘောဆန္ဒအခွင့်နှင့် အိန္ဒိယပြည်သို့ သွားရောက်နေထိုင်ခဲ့ပြီ"

"...စိုင်ကို မြဲစွာ ဖိုက်ထားပြီးနောက် တပည့်ရင်း ဖြစ်ကြသည့် လက်ထောက် ဂဏာဝါစက အရှင်ဝါယာမနှင့် အရှင် သေဋ္ဌိလတို့ကို ကိစ္စ အလုံးစုံ အပ်နှင်း...." ဤသို့ ဆိုထားသည်။

## ဆရာကိုယ်တိုင် အိန္ဒိယသို့ ထွက်၍ ပညာရှာခြင်း

အရှင်သေဋ္ဌိလ အိန္ဒိယသို့ သွား၍ စန္တိနိကေတန်၌ ကစ်နှစ်သာသာ နေပြီး၍ပြန်ရောက်(၁၂၈၆–၁၂၈၇–ခုနှစ်)၌ တစ်နှစ်အကြာတွင် အရှင် အာဒိစ္စဝံသ အိန္ဒိယပြည် ဗာရာဏသီမြို့သို့ သွားရောက် ပညာရှာမိုးလေ့သည်။

အသက်တွင် ပြုထိုခဲ့သည့်အတိုင်း တပည့်ကြီးနှစ်ပါးအား လွှဲအပ်၍ ကျောင်းတိုက်တာဝန်ခံ အုပ်ချုပ်ရေးမှူး ဆရာက အပြင်ထွက်ပညာရှာမိုးစဉ် တာဝန်မကင်းသော အရှင်သေဋ္ဌိလသည် ကျောင်းတိုက် အုပ်ချုပ်ရေး၊ ပညာရေး၊ နေရေးထိုင်ရေး ကိစ္စအဝဝကို အရှင်ဝါယာမနှင့် တွဲဖက်ကာ ဆောင်ရွက်စီမံ ဝေဖန် ထိန်းသိမ်းရပြန်လေသည်။

## သတင်းစာမှ အများသဘောထားခံယူခြင်း

ဤအတွင်း အောင်ဇေယျတု ဦးဘိုးဘသည် ''အင်္ဂလိပ်စာ ရဟန်းတော်များ သင်ထိုက် မသင်ထိုက်''နှင့် ပတ်သက်၍ စုံစမ်းလွှာကမ်းလှမ်းခဲ့သောကြောင့် သတင်းစာများ၌ ရဟန်းများ အင်္ဂလိပ်စာ သင်သဖြင့် အကျိုး ရမရ၊ အပြစ်ရှိ မရှိကို အပြန်အလှန် ရေးကြသည်။ ရှင်အာဒိစ္စဝံသ ကျောင်းတိုက်တွင် 'ပြန်ကြားရေးဌာန' တစ်ခုဖွင့်၍ အလျဉ်းသင့်တိုင်း ငှဲ့၍ ခံမနေသော အရှင်သေဌွိသ စသော နာယကအဖွဲ့ဝင်များက ပြန်လှန်ရေးကြ၊ ဆွေးနွေးကြသဖြင့် လူအများပင် ရဟန်းတော်များ အင်္ဂလိပ်စာ သင်ကြားရေးကို စိတ်ဝင်စားနေကြသည်။

ပဲခူးလိပ်ပြာကန် ဆရာတော်၊ ရန်ကုန်ကျောင်းတော်ရာ တိုက်အုပ်ဆရာတော် အရှင်ပဏ္ဍိတ၊ ညောင်ရမ်းဆရာတော်၊ ပုဇွန်တောင် ညောင်ကုန်းဆရာတော်အရှင်ဥက္ကဋ္ဌ စသော ဆရာတော်ကြီးများနှင့် တရားသူကြီး ဦးသိမ်းမောင်၊ဆာဦးဘိုးသာစသော လူဒါယကာကြီးများက အကြောင်းအမျိုးမျိုးပြ၍ မသင်သင့်ကြောင်း အဆိုပြုကြသည်ကို အခြားတစ်ဘက်မှ မန္တလေး အဘယာ ရာမဆရာတော်၊ မော်လမြိုင် ဘုံပျံဆရာတော်၊ ရန်ကုန် (ကျောင်းတော်ရာ) မှန်ကျောင်းဆရာတော် စသည့် ခေတ်အမြင်ရှိသော ဆရာတော်ကြီးများနှင့် ဆရာမြို့ (ပိဋကတ မြန်မာပြန်သူ)၊ ဦးဘိုးကျား (ပညာဝန်)စသော အမြင်ကျယ်သော လူဒါယကာကြီးများက ထိုအဆိုကိုးချေဖျက်ကာ ပိဋကတတ် ရဟန်းတော်များ ခေတ်ပညာပါ သင်ယူလေ့လာ၍ ခေတ်လူတို့အား ခေတ်နှင့် အံဝင် ခွင်ကျသော ဗုဒ္ဓဝမ္မကို ပိုမို ကျယ်ပြန့်စွာ ဖြန့်ဖြူးဟောပြောထိုက်ကြောင်း ရေးသားပြောဆိုကြလေသည်။

## ဘာသာစုံလေ့လာခြင်း

ယင်းသို့ တစ်ဘက်မှ ရှေ့ဘက်လမ်းကို မျှော်မှန်းကာ အချိန်အားရသမျှ အင်္ဂလိပ်စာပေမှရသော ဗဟုသုတကို ရှာမှီး၊ ယင်းစာပေကို နိုင်နင်းကျွမ်းကျင်အောင်လေ့ကျက်၍နေစဉ်ပထဝီ၊သမိုင်း၊သင်္ချာနှင့်မြန်မာစာပါကျန် ဘာသာစုံကိုလည်း အချိန်ရသမျှ သင်ယူလေ့လာနေခဲ့ပေသည်။ တစ်ဘက်တစ်လမ်းမှလည်း ကျောင်းတိုက် တိုးတက် ကြီးပွားရေးအတွက်

ကျနကောင်းမွန်သော ဥပဒေစည်းမျဉ်းဖြင့် မူလ ပင်မဖြစ်သော ပရိယတ် သင်ကြားမှု တိုးတက်မြင့်မားလာရေးကိုလည်းကောင်း၊ ဆရာကိုယ်တိုင် အခြေချ တည်ထောင်ခဲ့သော အစိုးရ အထောက်အပံ့ခံ မြန်မာ စာသင် ကျောင်း တည်တံ့ခိုင်မြဲရုံမျှမက အဆင့်အတန်း မြင့်တက်လာရေးကို လည်းကောင်း အရှင်သေဋ္ဌိလသည် ဗျာပါရကိုမချ၊ ကြောင့်ကြတစ်ခုပြု ကာ အမြဲ တက်ကြွစွာ အားထုတ် လုပ်ကိုင်ရပေသည်။ ထိုအချိန်တွင် ဗာဟိရ အလုပ်တွေ များလှသောကြောင့် ၁၀—တန်း စာမေးပွဲဝင်ပြီး ဖြေဆိုသော်လည်း အောင်မြင်မှု မရလိုက်ပေ။

## အရှင်အာဒိစ္စဝံသ အင်္ဂလန်သို့ ကြွသွားခြင်း

၁၂၇၇-ခုနှစ်တွင် အရှင်အာဒိစ္စဝံသသည် အိန္ဒိယပြည် ဗာရာဏသီ မြို့တွင် ဟိန္ဒူလူမျိုးတို့၏ အတွင်း၌ တစ်နှစ်လုံးလုံး နေထိုင်၍ ဟိန္ဒူ၊ သက္ကတ၊ ဗင်္ဂါလီ၊ ဂုဇရတ်ဘာသာများအပြင် ဂျပန်ဘာသာကိုပါ သင်ယူ ရင်း အင်္ဂလိပ်စာပေကို အထက်တန်းကျကျ သင်ယူ လေ့လာခဲ့သည်။ ၁၂၇၇-၇၈ ခုနှစ်အတွင်း အိန္ဒိယ၌ နေထိုင်၍ ဟိန္ဒူမြေပိုင်ရှင် သား တစ်ယောက်ဖြစ်သူ ရှရီဆာဒါနန္ဒနှင့်အတူ အင်္ဂလန်ပြည် လန်ဒန်မြို့တော် သို့ သွားကာ အခက်အခဲ အကျပ်အတည်း အမျိုးမျိုးတွေကို ရင်ဆိုင် ကျော်လွှား ပညာရှာမှီး နေထိုင်ခဲ့လေသည်။ ၂—နှစ် ကျော်ကျော် ကြာရှိသည့် တိုင်အောင် ပညာဆည်းပူးပြီး မြန်မာပြည်သို့ ၁၂၈၀—ပြည့်နှစ်၊ နယုန် လဆန်း ၇—ရက်နေ့တွင် ပြန်လည် ရောက်ရှိခဲ့လေသည်။

## အရှင်သေဋ္ဌိလ နိုင်ငံခြားသို့ ဒုတိယအကြိမ် ပညာသင်ထွက်ခြင်း

အရှင်သေဋ္ဌိလသည် ရှင်အာဒိစ္စဝံသ ကျောင်းတိုက်၏ အုပ်ချုပ်ရေး နှင့် ပညာရေး နှစ်ဘက်လုံး၌ တာဝန်အပြည့် ထမ်းဆောင်ပြီး ရဟန်း ၁၂—ဝါအရတွင် နိုင်ငံခြားသို့ ပညာသင်တစ်ကြိမ် ထွက်ပြန်လေသည်။ ၁၂၉၂—ခုနှစ်(၁၉၃၁)နှစ်ဦးလောက်တွင် ထွက်ခဲ့ရာ ယခုတစ်ကြိမ်ကား အိန္ဒိယမဟုတ်၊ သီဟိုဠ်ကျွန်း ဖြစ်သည်။

မြန်မာ ဆရာတော် ဦးဝိနယပိုင် မြန်မာကျောင်းတိုက်သည် မကုဋ္ဌာရာမကျောင်းတိုက်—ဟု သီဟိုဠ်ကျွန်းတွင် ထင်ရှားသည်။ မြန်မာအမျိုးသားရဟန်းရှင်လူတို့၏ မှီခိုရာဖြစ်သည်။ ပညာသင်ကြားရန် မြန်မာပြည်မှလာကြသော ရဟန်းတော်ကလေးများသည် ဤ မြန်မာကျောင်းတိုက်ကိုမှီခို၍ အဆင်ပြေရာ ကျောင်းများနှင့် ဆက်သွယ်ကာ ပညာသင်ကြရသည်။ အချို့လည်း ပရိဂုဏ်ဗိတ် ဆရာများငှား၍ သင်ကြသည်။ အဆင့်အတန်း မီသောသူများသည် အသိအမှတ် ပြုထားပြီး ဖြစ်သော အစိုးရ ကျောင်းများ၌ ပုံမှန်ကျောင်းသားRegular Studentအဖြစ်ဖြင့်ကျောင်းတက်ကြသည်။

အရှင်သေဋ္ဌိလကား ပါဠိ ပိဋကတ်တော်များကို ကျကျနနဘာသာပြန်ဆိုနိုင်ရေး၊ အထက်တန်းကျ၍ စံမီသော အင်္ဂလိပ်စကားဖြင့် ဗုဒ္ဓဓမ္မကို တရားဟောနိုင်ရေးကို အထူးအလေးပေးခဲ့သူ ဖြစ်သည့်အလျောက် အချိန်ကုန်ခံ၍ ကျောင်းတက်နေရန် ဆန္ဒမရှိပေ။ အင်္ဂလိပ်ဘာသာဖြင့် စကားအမြဲပြောနေရသောနေရာ၊ အမြဲရေးနေရသော အခွင့်အလမ်းများကို ရှာဖွေနေသည်။ သို့ဖြစ်၍ မြန်မာကျောင်း၌ နေ၍ မြန်မာစကားကို ပြောသောအခြေအနေ ပတ်ဝန်းကျင်မှ လွတ်လွတ်ရှောင်ရန် သန္နိဋ္ဌာန်ချထားပေသည်။

ထို့ကြောင့် "ဒီပဒုတ္တာရာမ" ဟု သီဟိုဠ်သားတွေက ခေါ်ကြသော Prince Collegeသို့ နေဖို့ရန် ခွင့်တောင်း လျှောက်လွှာ တင်သည်။ ထိုကျောင်းကား ယိုးဒယားမင်းသားတစ်ယောက် တည်ထားသော စေတီတစ်ဆူရှိသည့်ပြင် ထည့်ဝင်တွေ အများအပြား ပါဝင်လှူဒါန်းထားသောကြောင့် "Prince College" ဟု အမည်တွင်သည်။ ဘုတ်အဖွဲ့က စီမံအုပ်ချုပ်၍ ထိုစဉ်အခါ "ဓိနာနန္ဒ" မည်သော ဘုန်းတော်ကြီးက နာယကအဖြစ် ဆောင်ရွက်သည်။

ထိုကျောင်းတွင် ရဟန်းကျောင်းသားများတက်ခွင့်ရကြသည့်အပြင် ကျောင်းလခလည်း မပေးရပေ။ အရှင်သေဋ္ဌိလအား ကိုယ်တိုင် ၂—ပါးနေ (ကျောင်း)အဆောင်ကလေးတစ်ခု ဆောက်လုပ်နေလိုက နေနိုင်ကြောင်း အထူး အခွင့်အရေး ပေး၍ မြန်မာကျောင်းမှ ရဟန်းငယ်ကလေး တစ်ပါး အဖော်ခေါ်ယူကာ ယိုကောသိပ် ဝင်းထဲ၌ပင် ကျောင်းကလေးဆောက်၍ နေခဲ့ပေသည်။ ထိုရဟန်းငယ်ကလေး၏ အုပ်ခံကျွေးမှုကြောင့် ဆွမ်းစရိတ်မကုန်ဘဲ အေးဆေးသက်သာ ပညာဆည်းပူး နေနိုင်ခဲ့ပေသည်။ တစ်ဘက်မှ

မိမိအား ဆွမ်းခံကျွေးပေသော ယိုရှယာန်းငယ်ကလေးအား အင်္ဂလိပ်စာ သင်ပေးရပေသေးသည်။

## နိုင်ငံခြား သာသနာပြုရန် ပြင်ဆင်ခြင်း

အရှင်သေဋ္ဌိလ၏ စာသင်ဝန်းကား ဆိုင်ရာစာအုပ်များ ဖတ်ခြင်း၊ စာအုပ်မှရသော အသိနှင့် ပါဠိပိဋကမှရခဲ့သော အသိဉာဏ်များကို သေချာစွာ နေ့ရက်ကာလ စီစဉ်၍ ပြန်လည်ရေးသားခြင်း၊ ထိုအကြောင်းအရာများကို ဆွေးနွေးခြင်း၊ တင်ပြခြင်း၊ အင်္ဂလိပ်စာ အသုံးအနှုန်း ခံ့ညားသေသပ်ရန် ပြင်ဆင်မွမ်းမံခြင်း၊ အင်္ဂလိပ်ဘာသာဖြင့် စကားပြောခြင်း ဖြစ်ပေသည်။

စကားပြောခြင်းသည် ဘာသာခြားစာပေနှင့် စကားကို သင်ရာ၌ အလွန်အရေးပါသည်။မပြောလျှင် မပြောတတ်၊ မရေးလျှင် မရေးတတ်၊ ပြောတတ်လိုလျှင် စကားများများ ပြောပေးရမည်၊ ရေးတတ်လိုလျှင် အမြဲရေးပေးရမည်၊ ရေးမှသာ တိကျသည်၊ ပြောမှသာ နှုတ်ထွက် ပြေပြစ်ချောမောသည်။ ဤသည်တို့ကား စာပေပညာ သင်ကြားရာ၌ မှန်ကန်သော နိယာမတရားများ ဖြစ်ကြသည်။

ပါဠိကို ငယ်စဉ်ကပင် သင်ကြားလာခဲ့၍ ခက်ခဲနက်နဲသော သဘာဝတ္တအနက်အဓိပ္ပာယ်ကို ပါဠိဘာသာဖြင့် ရေးသားထားသော ပါဠိပဋ္ဌကထာ များမှ အလွယ်တကူ ထုတ်ယူသုံးစွဲနေကြသော မြန်မာ ရဟန်းတော်များ သည် ပါဠိဘာသာဖြင့် အရေးကြုံသောအခါ စကား မပြောနိုင်ကြပေ။ ခံ့ညားမှန်ကန်သော ပါဠိဘာသာဖြင့် စာတစ်စောင်ပေတစ်ဖွဲ့ရေးနိုင်ကြ ပေ၊အကြောင်းကိုရှည်ရှည်ဝေးဝေး ရှာနေစရာ မလို၊မပြောကြ မရေးကြ သောကြောင့်ပင် ဖြစ်သည်။ ပါဠိစကားပြောသော ပတ်ဝန်းကျင် မရှိ—ရှိအောင် ဖန်တီးမှု မရှိကြသောကြောင့်ပင် ဖြစ်သည်။

အရှင်သေဋ္ဌိလသည် ရန်ကုန် သီလဝါမီးပြမှ လွန်ခဲ့သည်ဆိုလျှင်ပင် အင်္ဂလိပ် စကားပြောသော ပတ်ဝန်းကျင်ကို တွေ့ရတော့သည်။အသေး အဖွဲ့ နေ့စဉ်အဖြစ်အပျက်များမှ အခါအားလျော်စွာ တွေ့ကြုံလာရသော အတွေ့အကြုံများအထိ စကားပြောစရာ အခွင့်အလမ်းများသည် တမင်တကာ ဖန်တီးယူနေဖွယ်ပင် မလို၊ အသုံးချတတ်ဖို့သာ လိုသည်။

## တပည့် ဦးနာဂသေနနှင့် တွေ့ဆုံခြင်း

ဆရာတော် ဦးသေဋ္ဌိလ သီဟိုဠ်ကျွန်းသို့ ရောက်သောအခါ တပည့် ဦးနာဂသေန (ယခု ဆရာတော် ဦးနာဂသေန လွယ်ကော် မင်းကျောင်းတိုက်)ကို မရ-ဒါန မြန်မာကျောင်း၌ တွေ့ရလေသည်။ ထိုစဉ်အခါ ဦးနာဂသေနသည် အင်္ဂလိပ်စကားကို အတော် ချောမွေ့သွက်လက်စွာ ပြောဆိုနေပေပြီ။ အရှင်သေဋ္ဌိလ မရောက်မီ တစ်နှစ်နီးပါးခန့်က ရောက်ရှိ ပညာသင်နေခဲ့ပေသည်။

အရှင်သေဋ္ဌိလ၏ ထက်မြက်သော ဉာဏ်နှင့် ခိုင်မာသော ဇွဲလုံ့လကြောင့် ပညာအရည်အသွေးသည် ၂-နှစ်အတွင်း ထူးထူးခြားခြား တိုးတက်ပြောင်း၍ လာလေသည်။ စကား ပြောခွင့်ကြုံလျှင် လက်မလွှတ်တမ်း ပြောသကဲ့သို့၊ ဟောခွင့်ကြုံလျှင်လည်း တရား ဟောလိုက်ပေသေးသည်။ အတန်များပြားသော ပညာရှိ ပရိသတ်အလယ်မှာ တရားပွဲနှစ်ကြိမ်မျှ ဟောပြောခဲ့ပြီးလေပြီ။ တရားဆင်ပုံနှင့် ဘာသာစကား သုံးနှုန်းပုံများကို ရဟန်းပရိသတ်၊ လူပရိသတ်တို့က များစွာ နှစ်ခြိုက်ကျေနပ်ကြောင်း ဖော်ပြခဲ့ကြသည်။ ထိုစဉ်တွင် သီဟိုဠ်၌ ၂-နှစ်ကြာသောအခါ အရှင်သေဋ္ဌိလ တစ်ကိုယ်လုံး အနှံ့အပြား အနာများ ပေါက်လာလေသည်။ ထိုက်သည့် အားလျော်စွာ နိုင်ငံခြားဆေး၊ သီဟိုဠ် တိုင်းရင်းဖြစ် ဆေးတို့ဖြင့် ကုသသော်လည်း အနာများ ရုတ်တရက် ကင်းပျောက်ပုံမရ၊ စိတ်ရော ကိုယ်ပါ နွမ်းလျ၍ နေတော့သည်။ သို့သော် မြန်မာပြည်သို့ ပြန်ကြွ ဆေးကုလျက် အနားယူရန် တိုက်တွန်းကြသော်လည်း ဤတစ်ကြိမ်တွင်ကား သာသနာပြု လုပ်ငန်း အခြေပြုရုံမျှ ရှိသေး၍ ဘာမျှ မလုပ်ကိုင်ရသေးသောကြောင့် မပြန်ရန် စိတ်နှလုံး တိုးတိုး ချထားလေသည်။

ဆေးရုံတက်နေစဉ် မကုဋ္ဌာရာမဆရာတော် ဦးဝိနယာလင်္ကာရ လာရောက်ကြည့်ရှု၍ အခြေအနေ မထူးခြားသောကြောင့် မြန်မာပြည် ပြန်ရန် အတန်တန်တိုက်တွန်းသော်လည်း အရှင်သေဋ္ဌိလသည် မိမိဆုံးဖြတ်ချက်ကို မဖျက်ခဲ့ပေ။ ဆေးရုံမှဆင်းကာ မြန်မာ့နည်း မြန်မာ့ဟန် မိမိနှင့် သင့်တော်မည်ထင်သော ဆေးဝါးတတ်စာများကို စားသုံးကာ အနာရောဂါမှ ထမြောက်ပျောက်ကင်းခဲ့လေသည်။

## အိန္ဒိယပြည်သို့ ပြောင်းရွှေ့နေထိုင်ခြင်း

(၁၉၃၃-၃၄-ခုနှစ်) အနာရောဂါပျောက်ကင်း၍ ကျန်းမာမှုတောင့်တင်းလာသောအခါ သီဟိုဠ်ကျွန်းမှ မဒရပ်သို့ဦးဘည်၍ ထွက်ခဲ့သည်။ ယင်းမှတစ်ဖန် အိန္ဒိယပြည် ဗန်ဂလို၌ နေထိုင်ပညာသင်ဖို့ ကြိုးစားရာ အဆင်ပြေသော ပတ်ဝန်းကျင်ကို မရသည့်ပြင် စရိတ်စက ကြီးကျယ်လှသောကြောင့် ယင်း၌ မနေဖြစ်တော့ပေ။

## ဘော်ဒါဆောင်၌ စွန့်စားမှု

တစ်ဖန် နေရာရှာရင်း မဒရပ်မြို့ရောက်၍ ထိုမြို့တွင် အင်ဂလိုအင်ဒီယန်းခေါ် အင်္ဂလိပ်ကပြားတွေ စုနေရာဖြစ်သော Boarding House တစ်ခုမှာ ငှား၍နေရပေသည်။ ရိုမန်ကက်သလစ် ခရစ်ယာန် ဂိုဏ်းဝင်ဖြစ်သော အိမ်ရှင်အဘွားကြီးသည် မူလတွင် လက်ခံလိုဟန် မတူသော်လည်း Buddhist Monk ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါးအနေနှင့် လူတွေထက် မင်္ဂလာရှိမည်၊ လာဘ်ရမည်ဟူသော မျှော်လင့်ချက်ဖြင့် လက်ခံဟန်ရှိသည်။ လခကိုလည်း လျှော့၍ယူပေသည်။ အခြား တိုင်းရင်းသားများကိုကား သူမ အိမ်ခန်းများ၌ လက်ခံခြင်း မပြုပေ။

ယင်းသို့ အင်ဂလိုအင်ဒီယန် ကပြားတွေ နေရာကိုတွေ့၍ သူတို့နှင့် အတူနေရန် ရွေးချယ်ခြင်းသည် အရှင်သေဋ္ဌိလ၏ စွန့်စားမှုတစ်ရပ်ပင် ဖြစ်သည်။ အကြောင်းမူကား သွေးထက်ဝက်စီ ရောနှောနေသော ကပြားများသည် အများအားဖြင့် အဖအမျိုးကိုလည်း မမီ၊ အမိမျိုးကိုလည်း မမီဘဲ အလယ်၌ လပ်နေ၊ လွတ်နေတတ်သော သဘော ရှိတတ်ကြသည်။ အနေအထိုင် မသိမ်မွေ့ ရိုင်းမျှမက အပြောအဆို ဆက်ဆံမှုများ၌လည်း ကြမ်းတမ်းသယောင် ရှိတတ်ကြသည်။

"ထိုသူများထံမှ ယူနိုင်သမျှ ရတတ်သရွေ့ ယူကာ မိမိကလည်း ဗုဒ္ဓ၏ အမွေအနှစ် ယဉ်ကျေးမှုများကို ဖြန့်ဖြူးပေးမည်း"ဟူသော မှန်ကန်သောရည်ရွယ်ချက်သည် အရှင်သေဋ္ဌိလကို စွန့်စားမှုပြုစေသည်။ ခရစ်ယာန်အယူအဆတွေကိုဆွေးနွေးသောအခါမိမိတို့ဘက်မှအရှုံးမနေရလေအောင် Holy Bible ကို ဖတ်ထားရသည်။ ကျေညက်အောင် လေ့လာထားရ

သည်။ အကွက်ဝင်လာ၍ အဆင်သင့်လာသောအခါတိုင်း၊ အကြောင်းဆိုက်လာသောအခါတိုင်း ဗုဒ္ဓဘာသာရေးတော်နှင့် နိုင်းယှဉ်ကာ ပြောဟော ဆွေးနွေးရသည်။ Debate (အချေအတင် ပြောဆိုမှု)လုပ်ရသောအခါ အင်္ဂလိပ်စကားလုံးများ မေ့လျော့နေရာကပင် လျှင်မြန်စွာ နိုးကြားထကြွလာ၍ သူ့နေရာ၌သူ အဆင်သင့်ဝင်သွားသောအခါ ရရှိလိုက်သောနှစ်သိမ့်ကျေနပ်မှုကား အဘိုင်းအတာ ရှာမရတော့ပေ။

## သီယိုဆိုဖီအသင်း၏ စာကြည့်တိုက်မှူး

"အရှင်သေဋ္ဌိလသည် အင်္ဂလန်သို့သွားရောက်ကာ ဗုဒ္ဓဓမ္မများကို ဖြန့်ဖြူးပေမည်" ဟူသောရည်ရွယ်ချက် ထမြောက် အောင်မြင်ရေး အတွက် အခြေခံသုံးလှောက်မှုပေးသော အခွင့်အရေးဟူသမျှကိုမလွတ်တမ်း ရှာဖွေရယူလျက်ရှိသည်။

ရပ်ရှင်းအမျိုးသမီးကြီး Madam Blackbursky (မဒမ်ဘလက်ဘာစကီ)နှင့် အမေရိကန်လူမျိုး ကာနယ်အော်လကော့တို့ နှစ်ယောက်ပူးတွဲ၍ သီယိုဆိုဖီအသင်းတခု မဒရပ်မြို့၌ တည်ထောင်ထားသည်။ ၎င်းအသင်းသို့ အရှင်သေဋ္ဌိလဝင်လိုသဖြင့် အခွင့်တောင်းရာ မရ၊ အထိုပါ အသင်းတိုက်၌ အင်္ဂလိပ်စကားပြောတတ်ရန်ဟူသောအကြောင်းပြချက်ဖြင့် နေခွင့်နှင့် အသင်းဝင်ခွင့် တောင်းမိသောကြောင့် အသင်းမှ ဥက္ကဋ္ဌလုပ်သူသည် အကြောင်းအမျိုးမျိုးပြ၍ ငြင်းပယ်လျက်သာနေသည်။

ထိုအခါ ရန်ကုန်မြို့သို့ပြန်၍အကြောင်းကြားလိုက်ရသည်၊ မြို့သူကြီး ဦးခင်မှတစ်ဆင့် ရန်ကုန်မြို့ရှိ သီယိုဆိုဖီအသင်းခွဲမှ စာရေးပေးရန် သွားရောက် တောင်းဆိုခိုင်းသည်။ ထိုစာကိုရသောအခါမှ အရှင်သေဋ္ဌိလကို ယာယီအသင်းသားတစ်ဦးအဖြစ် လက်ခံတော့သည်။

ထိုစဉ်အခါ Mr.C.A.Jinaraj ဂျိန်ရာဂျ်မည်သော ဗုဒ္ဓဘာသာဝင် သီဟိုဠ်သားတစ်ဦးသည် ထိုအသင်းတွင် Vice President ဒုတိယဥက္ကဋ္ဌဖြစ်လျက်ရှိသည်။ ထိုသူ၏အကူအညီဖြင့် အရှင်သေဋ္ဌိလသည် အသင်း၏ စာကြည့်တိုက်မှူး Librarian ဖြစ်လာသည်။

အသင်း၏ အစဉ်အလာအရ ထိုအသင်းသို့ဝင်သော သူသည်နှစ်စဉ် အသင်းဝင်အဖြစ် ထပ်လျှောက်ရသည်။ ၃-နှစ် အသင်းသားအဖြစ် ဆက်

တိုက်ရှိရမည်။ လခမှန်မှန်ပေးရမည်။ အရှင်သေဋ္ဌိလ အသင်းသားအဖြစ် လက်ခံသောအခါ အသင်းသက်တမ်း ၃–နှစ်မျှသာရှိသေးရာ စာကြည့် တိုက်မှူးအဖြစ် တစ်နှစ်ခန့်လုပ်ရသေးသည်။ ထိုသို့လုပ်ရသည်မှာ စကား ပြောခွင့်ရအောင် ဗုဒ္ဓဘာသာတရားတော်ကို အခွင့်သင့်တိုင်း ဟောပြော ရန်ပင် ဖြစ်တော့သည်။

တစ်ကြောင်းမှာလည်း ပိဋကတ်တိုက်မှူးပညာကိုရလိုခြင်းကြောင့် ဖြစ်သည်။ ယခုကားစာကြည့်တိုက်မှူးသင်တန်းအထူးတက်ရဘဲနှင့်သင်ယူ လေ့လာပြီးဖြစ်တော့သည်။ ယင်းစာကြည့်တိုက်မှူးသင်တန်းသည် အဖြစ် ကင်း၍ တတ်သင့်ကတ်ထိုက်သော ပညာရပ်တစ်မျိုးဖြစ်ကြောင်း အရှင် သေဋ္ဌိလ ခံယူချက်ရှိသည်၊ အကြောင်းကိုဆိုသော် ရဟန်းတော်များ၏ စာသင်တိုက်ကြီးများတွင် ပိဋကတ်တော်စာအုပ် ပေထုပ်များနှင့် အခြား လောကီသုတပညာရပ်များဆိုင်ရာ စာအုပ်ပေထုပ်များသည်အစီအစဉ်မရှိ၊ အကြောင်းအရာအလိုက် ကဏ္ဍခွဲခြားမှုမရှိ၊ သင့်ရာဗီရို၊သေတ္တာစသည်တို့၌ အလျဉ်းသင့်သလို ထားသောကြောင့် အရေးကြုံ၍ ကြည့်ရှုလို၊ နှီးနှော တိုက်ဆိုင်လိုသောအခါ အချိန်ကုန်ခံ၊ အပင်ပန်းခံမှ၊ ခဲခဲယဉ်းယဉ်းရှာဖွေ နိုင်မှ လိုရာစာအုပ်ကို တွေ့ရှိရသောကြောင့် ဖြစ်သည်။

## မဒရပ်ဗုဒ္ဓဘာသာအဖွဲ့၏ ဥက္ကဋ္ဌ အဖြစ် ဝင်မြောက်ခံရခြင်း

မဒရပ်မြို့တွင် အိန္ဒိယ တောင်ပိုင်း ဗုဒ္ဓဘာသာဝင်တို့၏ South Indian Buddhist Association အသင်းကြီး တစ်ခု ရှိလေသည်။ ထိုအသင်းကြီးသည် ခရစ်နှစ် ၁၈၉၂-ခုနှစ်၌ အဖိနှိပ်ခံတိုင်းရင်းသားတို့ အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရာ နည်းလမ်းပြ ကျမ်းပစ်စောင်ကို ပဏ္ဍိတ် စီ–အယိုဒျာဒိုစ် (C-Ayodyadoss) ဆိုသူက ရေးသား ထုတ်ဝေခဲ့ရာမှ မြစ်ဖျားခံသည်ဟု ဆိုထိုက်ပေသည်။ အဆိုပါ စာအုပ်တွင် လောက ကြီးပွားရေး အခက်အခဲမှ လွတ်မြောက်ရေးများအပြင် ဗုဒ္ဓ၏ အဆုံးအမ တော်များဖြင့် လောကမှ လွတ်မြောက်ရေးကို အလေးအနက် ညွှန်ပြထား ပေသည်။ ထိုစာအုပ်သည် တောင်ပိုင်းသားတို့အား ဗုဒ္ဓ ဓမ္မကို လေ့လာ လိုက်စားကြဖို့ရန် နှိုးဆော်သော ပထမဆုံးစာအုပ် ဖြစ်သည်။

တစ်ဖန် ၁၉၁၀ ပြည့်နှစ်၌ ပဏ္ဍိတ် အယိုဒျာဒိုဆ် ကရိသျှန ဆာမိယာရ်နှင့် Col. Olcott တို့ သီဟိုဠ်သို့ သွား၍ ဗုဒ္ဓဘာသာကို ခံယူပြီး ပြန်လာကြသောအခါ 'အိန္ဒိယပေါင်ပိုင်း ဗုဒ္ဓဘာသာ အစည်းအရုံး'ကို ဖွဲ့စည်း ကြလေသည်။ မဒရပ်မြို့ ရိုယာပေတာ (Royapeta) အရပ်၌ Tamilian ခေါ် ဗုဒ္ဓဘာသာအသင်း စာစောင်တစ်ခု ထုတ်ဝေကြသည်။ အဖွဲ့ခွဲ အများအပြား ပေါ်လာကာ ဗုဒ္ဓဘာသာဝင်များ ဦးရေ အတော် တိုးတက် လာခဲ့သည်။

အရှင်သေဇ္ဇိလနှင့် ထိုအသင်း ဆက်သွယ်မိသော အချိန်၌ ယင်းအသင်း၏ သက်တမ်း သည် အနှစ် ၃၀ ကျော် သွားခဲ့ပြီ။ အများအားဖြင့် ဗုဒ္ဓဘာသာဝင်ရဟန်းတော်များက ဦးဆောင်မှု ပေးခဲ့မြဲဖြစ်၍ ဥက္ကဋ္ဌအဖြစ် မဘင်မြောက်သေးမီ အရှင်သေဇ္ဇိလ၏ သင်ကြားပြသမှု၊ ပြဿနာပေါ်လာလျှင် ဖြေရှင်းပေးမှု၊ အယူဝါဒ ရေးရာ တို့၌ မရှင်းလင်းသော အချက်များကို ရှင်းလင်း ဝေဖန်ပေးမှုတို့ကြောင့် အသင်းသူ အသင်းသားတို့၏ အားတား ယုံကြည်မှုကို အပြည့်အဝ ခံယူခဲ့ပြီး ဖြစ်ပေသည်။ ဤအချက်များ စာရှုသူတို့ ကိုယ်တိုင် ဆုံးဖြတ်နိုင်အောင် ၁၉၃၀ ခုနှစ်၊ အရှင်သေဇ္ဇိလ လန်ဒန် ကြွခါနီး အချိန် ယင်းအသင်းမှ ဂုဏ်ပြု ဆပ်သော မှတ်တမ်းလွှာကို မူရင်းအတိုင်း ခေါက်၍ တင်ပြထားအပ်ပေသည်။

Madras, 7th May 1938

To

Bhikkhu U Thittila
President, South India Buddhist Association,
Perambur, Madras,

Sir,

We the members of the above Association, wish to express sense of endebtedness to you for your valued co-operation and assistance in our efforts to revice Buddhism in South India. Since you were elected as President of the South India Buddhist Association about a year ago, you have been a source of inspiration to us always guiding us along the correct line of activity. As the Manager of the Buddhist Free Elementary school, the good and substantial work you have done for the proper management and advacement of the school will be gratefully remembered by me and all of us. To function as Manager of a school in these degenerate days, in the face of meaningless opposition and various other difficulties is by no means an easy task. That you have overcome all such difficulties speaks volumes for your level headedness, good nature and perfect manners............To the Buddhists of Bangalore, Kolar, Wallajar, Wannivedu, Chekkramallur, Conjeevaram and other centres of Buddhist activity you have endeared yourself by precept and examples and by your readiness to help them to solve the problems peculiar to Buddhists.

We sincerely regret your departure from our midst and feel that your absence will deprive us of a tactful leader. We hope that during your stay in England you will do your best to stimulate the Buddhist movement in Great Britain and that you will continue to help us in all possible ways. We wish you a safe and happy voyage to England and hope that you will carry with you your pleasant recollections of your stay in Madras.

We are,

Members of the South Indian Buddhist Association.

မြန်မာပြန်

ဘိက္ခု ဦးသေဋ္ဌိလ... သို့

အိန္ဒိယ တောင်ပိုင်း ဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌ
ပေရမ်ဘူရ်၊ မဒရပ်မြို့

မေလ ၇-ရက်၊ ၁၉၃၇ခု။

အရှင်ဘုရား—

တပည့်တော်များ အိန္ဒိယတောင်ပိုင်း၌ ဗုဒ္ဓ ဓမ္မ သက်ဝင် လှုပ်ရှားပြန့်ပွားစေရန် လုံးပန်းရာတွင် အရှင်ဘုရား ပါဝင် ဆောင်ရွက် ကူညီချက်ကို ကျေးဇူးတင်ကြောင်း တပည့်တော်အသင်းသား များက လျှောက်ထားလိုပါသည်။

လွန်ခဲ့သောနှစ်က ဤအသင်းကြီး၏ ဥက္ကဋ္ဌ အဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံရချိန်မှစ၍ မှန်ကန်သော လုပ်ငန်းစဉ်များတွင် အမြဲ ဦးဆောင်မှုပေးကာ အရှင်ဘုရား နှိုးဆော်အားပေးတော်မူခဲ့ပါပေသည်။ အခမဲ့ ဗုဒ္ဓဘာသာ စာသင်ကျောင်းမှာလည်း စီမံအုပ်ချုပ်သူ တစ်ဦးအနေဖြင့် ဂနစ်ဘကျ အောင်မြင်တိုးတက်အောင် အရှင်ဘုရား လုပ်ဆောင်ခဲ့တော်မူပုံများကိုလည်း တပည့်တော်များ အမြဲပင် သတိရ ကျေးဇူးတင်လျက် ရှိကြပါမည်။

အဓိပ္ပာယ်မရှိ ဆန့်ကျင်ဘက်ပြုမူခြင်းနှင့် အခြားအထွေထွေသော အခက်အခဲတွေကို အမှုမထားဘဲ စာသင်ကျောင်းဆိုင်ရာ စီမံအုပ်ချုပ်သူတစ်ဦးအနေဖြင့် လုပ်ဆောင်တော်မူခြင်းသည် ဤခေတ်ဆိုးကြီးတွင် မည်သည့်နည်းနှင့်မျှ လွယ်ကူသောအလုပ် မဟုတ်ပါ၊ အရှင်ဘုရား၏မျှတမှုနှင့် ဖြောင့်မတ်ကောင်းမွန်သော သဘောထား၊ သိမ်မွေ့သော အမူအရာများသည် မပြောဘဲနှင့် အလွန် ပေါ်လွင်ထင်ရှားလှပါပေသည်။

*　　　　*　　　　*

အရှင်ဘုရား၏ ကိုယ်ကျင့် သီလနှင့် အရှင်ဘုရား ပြခဲ့သော စံနမူနာ၊ ထူးဆန်းထွေလာပြဿနာအရပ်ရပ်ကို အရှင်ဘုရား လွယ်ကူလိုသားစွာ ဖြေရှင်းပေးတော်မူခဲ့ခြင်းများသည် ဘန်ဂလို၊ ကိုလာဝလ္လာဂျ၊ ဝဏ္ဏဝေဒူ၊ ကျက္ကရမလ္လပုရ်၊ ကွန်ဂျီဝရံ စသော မြို့များမှ ဗုဒ္ဓဘာသာ ဌာနခွဲများက ဗုဒ္ဓဘာသာဝင်များကို အလွန် မြတ်နိုးကြည်ညိုစေခဲ့ပါသည်။

တပည့်တော်များနှင့် အရှင်ဘုရားခွဲခွာသွားသည်ကို တပည့်တော်များ အမှန်ပင် ဝမ်းနည်းပါသည်။ အရှင်ဘုရားမရှိတော့သည့် နောက်ပိုင်းမှာ တပည့်တော်များတွင် အမြော်အမြင်နှင့်ပြည့်စုံသော ခေါင်းဆောင်ကောင်းတစ်ယောက် ဆုံးရှုံးရပါတော့မည်။

အရှင်မြတ် အင်္ဂလန်တွင် သီတင်းသုံးတော်မူခိုက် ဗြိတိန်နိုင်ငံတော်ကြီး၌ ဗုဒ္ဓဘာသာ အရေးတော်ပုံကြီးကို လှုပ်ရှားတက်ကြွစေတော်မူရင်း တပည့်တော်များကိုလည်း ဖြစ်နိုင်သည့် နည်းလမ်းဖြင့် ကူညီ စောင့်ရှောက်တော် မူလိမ့်မည်ဟု တပည့်တော်များ မျှော်လင့်ရပါသည်။

အင်္ဂလန်သို့ အရှင်မြတ် ဘေးရန်ကင်းကွာ ချောမောစွာနှင့် ရောက်တော်မူပါစေကြောင်း ဆုမွန်ကောင်းကို တောင်းကြရင်း တပည့်များနှင့်အတူ မဒရပ်၌ ပျော်ရွှင်ချမ်းမြေ့စွာ နေတော်မူခဲ့ရပုံကိုလည်း အစဉ်သတိရတော်မူနေလိမ့်မည်ဟု ယုံကြည် မျှော်လင့်ပါကြောင်း လျှောက်ထားရပါသည်ဘုရား။

တပည့်တော် အိန္ဒိယတောင်ပိုင်း ဗုဒ္ဓဘာသာ
အသင်းသားများ

ဤမျှဖြင့် တတိယအကြိမ် ၁၉၃၃—ခုနှစ်မှစ၍ ၁၉၃၇ ခုနှစ်အထိ နိုင်ငံခြား သာသနာပြု လုပ်ငန်းကြီးကို ၄—နှစ် ကျော် ၅—နှစ်အတွင်း အရှင်သေဋ္ဌိလ ကြိုးပမ်းလုပ်ဆောင်တော်မူခဲ့ပုံ အကျဉ်းချုပ် သိသာလောက်ပေပြီ၊ဤလအတွင်း သီဟိုဠ်ကျွန်းသို့ လည်းကောင်း၊အိန္ဒိယပြည် နေရာဒေသ အတော်များများသို့ လည်းကောင်း သွားရောက်၍ အခါအားလျော်စွာ ဗုဒ္ဓတရားတော်ကို ထုတ်ဖော်ဟောပြောခြင်း၊ ဘာသာဝါဒ အမျိုးမျိုး၊ လူတို့၏ စရိုက်အဖုံဖုံနှင့် အိန္ဒိယ အတွေးအခေါ် ဓလေ့ ထုံးတမ်းများကို လေ့လာခြင်းဖြင့် အနောက်တိုင်းသို့ ဗုဒ္ဓဓမ္မ ဖြန့်ဖြူးရန် အခြေခံ လုပ်ငန်းများ အောင်မြင်သင့်သလောက် အောင်မြင်စွာ လုပ်ဆောင်ပြီးပြီဟု ဆိုနိုင်လောက်ပေပြီ။ သို့သော် လုံလောက်မှုကား မရှိသေးပေ။

အရှေ့တိုင်း အဘိဓမ္မာဟု ခေါ်ဆိုကြရာတွင် ရှေးအကျဆုံး ဝေဒကျမ်းများမှစ၍ ဥပနိသျှာဒ်ကျမ်းများ အပါအဝင် တရုတ်ပြည်မှ စတင်ပေါ်ပေါက်လာသော ကွန်ဖြူရှပ်စ်ဝါဒစသည်များ ပါဝင်နေရာ အလွန်နယ်ကျယ်လှသည်ဖြစ်၍ အရှင်သေဋ္ဌိလသည် စနစ်တကျမလေ့လာနိုင်သေးပေ။

ပိဋကတ်တိုက်မှူးအဖြစ် အလုပ်လုပ်ရစဉ် မျက်စိအောက်ရောက်လာသော ကျမ်းဆရာ အသီးသီးက အမြင်အမျိုးမျိုးဖြင့် ရေးသားထားသည့် စာအုပ်များကို လေ့လာမိရာ ကောက်ကြောင်း (Outline)မျှ လောက်သာ တွေးထားရသော အခြေအနေတွင် ရှိသေးသည်။

သို့ရာတွင် ဗုဒ္ဓသာဝက ရဟန်းအနေဖြင့် ဗုဒ္ဓဘာသာတရားတော်၏ စာပေအရပ်ရပ်နှင့် သမိုင်းကြောင်းများကိုကား ထုံမိအောင် လေ့လာပြီးဖြစ်ပေသည်။ အနောက်နိုင်ငံစာရေးဆရာများ၏လေ့လာရေးသားချက်များတွင် ဟိန္ဒူဝါဒနှင့် ဗုဒ္ဓဓမ္မ ရောနှော ရှုပ်ထွေးနေသည်ကို အခါများစွာ ဖတ်ရှုတွေ့မြင်ရသောကြောင့် ဝါဒ ၂—ရပ်ကို ကွဲကွဲပြားပြား ပိုင်းခြားပေးဖို့ လိုပေမည်။ ဥပနိသျှာဒ်ကျမ်းများကို အထင်ကြီး၍ ဗုဒ္ဓဓမ္မသည် ထိုဥပနိသျှာဒ်ကျမ်းများ၏ အကိုင်းအခက်မျှသာ ဖြစ်ကြောင်း ရေးသား ဟောပြောမှုများကို အိန္ဒိယ၌နေစဉ် အနောက်တိုင်းသားများ အတွင်း၌သာမက အိန္ဒိယတိုင်းသားများ အလယ်၌လည်း ဆွေးနွေးချေပ ဟောပြောရသော အကြိမ်လည်း မနည်းလှတော့ပေ။

## အရှင်သေဋ္ဌိလ လန်ဒန်သို့ ရောက်ခြင်း

ခရစ်နှစ် ၁၉၃၈-ခု၊ ဇွန်လ (၁၃၀၀-ပြည့်နှစ်၊ ဝါဆိုလ) တွင် အင်္ဂလန်ပြည် လန်ဒန်မြို့သို့ အရှင်သေဋ္ဌိလ ရောက်လာသည်။ ရောက်လာသောအခါ အရှေ့တိုင်းမှ မြန်မာပြည်၊ အိန္ဒိယ၊ သီဟိုဠ်ကျွန်းကဲ့သို့သော ဒေသရှိ ရာသီဥတုမျိုး မဟုတ်၊ တွေ့ခဲ့နေကျမဟုတ်သော ရာသီဥတုနှင့် ရင်ဆိုင်ရသည်။ ကြိုတင်၍ စဉ်းစားတွေးခေါ်ထားသော်လည်း လက်တွေ့ခံစားမှုမှာ ထင်မြင်ချက်မျှမက အဆများစွာ သာ၍နေသည်ကို သိရသည်။ အစားအသောက်မှာ ရဟန်းဘဝတွင် အကြမ်းအနုအကောင်းအဆိုးအမျိုးမျိုးနှင့် ဖြစ်သလို တင်းတိမ်ရောင့်ရဲခဲ့ရသောကြောင့် မထောင်းသာ၊ စားသောက်ချိန်မှာ အနည်းငယ်လွဲ၍ နေပေတော့သည်။ ဝိနည်းကြောင်းဖြင့် စဉ်းစားရသည်။ ရှုလော့....၁၂-နာရီမထိုးမီ (အရှေ့တိုင်း အသုံးအနှုန်းအရ မွန်းမတည့်မီ) မည်သည့်ထမင်းဆိုင် Restaurant မှမဖွင့်၊ ရဟန်းထုံးစံအရ နံနက်စောစော အရုဏ်တက်တွင် ဟာ၍နေသော ဝမ်းကို ဖြည့်ရမှု အလုပ်လုပ်ဖြစ်သည်။ ယခုမူ အခြေအနေကမပေး၊ ရောမ ရောက်လျှင် ရောမ ထုံးစံကို လိုက်ရမည်မှန်းသိသော်လည်း ဝိနည်းတော်နှင့် မဆန့်ကျင်အောင် မည်သို့ ကျင့်သုံးရမည်ကို ဝေခွဲမရဖြစ်နေတော့သည်။ နောက်ဆုံး၌ ရောက်ရှိတွေ့ကြုံရဆဲဘဝနှင့် အခြေအနေအရ ဝိနည်းကျင့်ဝတ်များကိုတတ်နိုင်သမျှ စောင့်ထိန်းရတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

နေရာ တိုက်ခန်း၊ အိမ်သို့မဟုတ် ကျောင်းအတွက် စဉ်းစား၍သင့်ရာ တစ်ခုခုကို မိမိ၏ အင်အားနှင့်မျှရုံ ရှာဖွေကြည့်ရှုသော်လည်း ရုတ်တရက် မပြေလည်ပေ။ ထို့ကြောင့် မောင်စံမြင့်တို့အိမ်၌ ၇-လခန့် ကြာအောင် တည်းခိုနေထိုင်ခဲ့ရပေသည်။

ရောက်ပြီး မကြာမီ London University၏ လက်တက်ခွဲတစ်ခု ဖြစ်သော Polytechnic Schoolပေါ်လီတက္ကနစ်ကျောင်း၌ တစ်နှစ်နီးပါး ကျောင်းတက်ရသည်။ ယင်း ကျောင်းသည် သဘောအားဖြင့် School of Foreign Languages နိုင်ငံခြားဘာသာ သင်တန်းကျောင်းတစ်ခု ဖြစ်သည်။ ယင်းကျောင်း၌ အင်္ဂလိပ်စာအရေးအသား အသုံးအနှုန်း အသံထွက် စသည်သင်ရသည်။ Speech Training Classes စကားပြော

သင်တန်းများ၊ Discussion Groups ဆွေးနွေးပွဲများ အခါအား လျော်စွာ တက်ရောက်ဆွေးနွေး အလေ့အကျင့် လုပ်နေရပေသည်။

## ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာခြင်း

ကမ္ဘာတစ်ဝန်းလုံး စစ်ရိပ်စစ်ငွေ့များ သမ်းနေ၍ လန်ဒန်မြို့သည် လည်း စစ်အတွက် ပြင်ဆင်မှုများကို အမြဲတစေ ပြုလုပ်နေသည်ကို တွေ့ ရသည်။ စစ်ဖြစ်လာလျှင် ဘယ်သို့ခုခံ ဘယ်ပုံ ကာကွယ်ရမည်ဆိုသည်ကို ပညာပေးလျက် ရှိသည်။ ဘယ်မျှအင်အားရှိနေ၍ ဗြိတိန်နိုင်ငံတော်အတွက် အဘယ်၍ အဘယ်မျှ အသင့်အနေအထားရှိနေကြောင်း၊ ပြည်သူလူများ စိုးရိမ်နေဘွင့်၍ ကြောင့်ကြဖွယ်မရှိကြောင်း ပြောဆိုရေးသား ဝါဒဖြန့်၍ ထားသောကြောင့် ပြည်သူပြည်သားများ အမှတ်မဲ့ ရှိနေကြစဉ် ၁၉၃၉-ခုနှစ်၊ စက်တင်ဘာလတွင် လန်ဒန်မြို့ကြီးသည် စစ်၏ ခါးသီးသော အတွေ့ အကြုံကို နဖူးတွေ့ ဒူးတွေ့ တွေ့ကြုံ ခံစား လိုက်ရပေသည်။

ဂျာမန်တို့ တရကြမ်း ဗုံးကြဲတိုက်ခိုက်ကြသဖြင့် တိုက်တာအဆောက် အအုံများ ပြိုပျက်, မီးလောင်၊ ဗုံးများကြောင့် လုံးပြိုမီးလောင်၊ လူ အမြောက်အမြား သေကျေပျက်စီးကြသည်။ နောက်ဆုံး စာရင်းများအရ လူပေါင်း နှစ်သောင်းကိုးထောင်ကျော် သေဆုံး၍ ငါးသောင်းကျော်ခန့် ဒဏ်ရာ ရကြသည်ဟု သိရသည်။

မြန်မာကျောင်းသားများသည် စစ်စဖြစ်ပြီးနောက် တဖြုတ်ဖြုတ် ပြန်ကြလေပြီ။ အရှင်သေဋ္ဌိလအား သနားကြင်နာ မေတ္တာပိုပို ကြည်ညိုကြ သော ကျောင်းသားများနှင့် အခြားပုဂ္ဂိုလ်ကြီးများက စရိတ်ခံ၍ ခေါ် မည်ပြုကြသော်လည်း အရှင်သေဋ္ဌိလသည် ပြန်ရန်စိတ်မကူးပေ၊ သာသနာ ပြုရန်ဟူသော အဓိဋ္ဌာန်ဖြင့် ဇွဲသန်သန် ရောက်လာပြီးခါမှ သာသနာ မပြု ရသေးမီ ပြန်လည်ဆုတ်ခွာသွားရန် ဆန္ဒ အနည်းငယ်မျှ မပေါ်လာပေ။ ထို့ကြောင့် ယင်းတို့၏ စေတနာကို လေးစားသော်လည်း အခါခါငြင်းဆယ် ခဲ့ရလေသည်။ မြန်မာပြည်မှ ဆရာဖြစ်သူ အရှင်အာဒိစ္စဝံသက တပည့်၏ အခြေအနေကို တွေးတောပူပန်၍ မြန်မာပြည်၊ ဗြိတိသျှအစိုးရ နိုင်ငံခြား ရေး ဝန်ကြီးထံ အကြောင်းအကျိုးပြ စာ တင်သွင်းလိုက်သဖြင့် လန်ဒန်မြို့

နိုင်ငံခြားရေးရုံးမှ အစိုးရစရိတ်ဖြင့် အမြန်ဆုံးမီရာသင်္ဘောဖြင့် ပြန်ပို့ပေးမည်ဖြစ်ကြောင်း အကြောင်းကြားလာပေသည်။ သို့သော် အရှင်ဓမ္မဒူလသည် ခေါင်းမာစွာပင် ငြင်းပယ်လိုက်လေသည်။

ငြင်းပယ်မည့်သာ ငြင်းပယ်လိုက်ရသော်လည်း မိမိလက်ထဲ၌ စားစရိတ်၊ နေစရိတ် လုံလောက်စွာ မကျန်တော့ပေ။ နောက်ဆုံးအပတ် အိမ်လခပေးပြီးလျှင် နောက်ထပ် ပေးစရာ မရှိတော့ပေ။ ယနေ့ တစ်ရက် ဆွမ်းအတွက် သုံးပြီးလျှင် ၁-ပဲနီပင် မကျန်တော့ပေ။ "ငါသည် မှန်ကန်သောရည်ရွယ်ချက်၊ ခိုင်မာသော ဇွဲလုံ့လဖြင့် မဖောက်မပြန် လမ်းမှန်လျှောက်ခဲ့သူ ဖြစ်သည်။ ဤမှန်ကန်သောသစ္စာကြောင့် ဤအခြေအနေဆိုးမှ လွတ်မြောက်ပါစေသား...." သစ္စာအဓိဋ္ဌာန် ပြုလေသည်။ ဘုရားအလောင်းတော်တို့၏ ထုံးကို နှလုံးပြု၍ "သစ္စဗလမဝဿာယ" သစ္စာတရားခွန်အားကို မှီခိုရပေသည်။ "အနုဿရိက္ခာ ဓမ္မဗလံ" တရားတော်၏ သတ္တိကိုအဖန်ဖန် အောက်မေ့ရလေသည်။ "ငါသေသော်လည်း အရှုံးမရှိ၊ ငါ၏ထုံးကို နှလုံးမူ၍ ငါ့လို စွန့်စားမည့်သူများ မုချပေါ်လာလိမ့်မည်။ ငါမလျှော့"ဟု ခိုင်မာသော အဓိဋ္ဌာန်ကို ချလေသည်။

## ကယ်တင်မည့်သူ ပေါ်လာခြင်း

ဤအခြေအနေရောက်နေစဉ် နံနက် ၁၁-နာရီခန့်၌ အပြင်ဘက်မှ တံခါးခေါက်သံကြားရ၍ တံခါးဖွင့်ပေးလိုက်သောအခါ လမ်းလျှောက်ရင်း မျက်နှာတန်းမိကာ သိကျွမ်းနေသော ခရစ်ယာန်ဘုန်းကြီး ဂျွန်ကုတ် (John Coat) ဖြစ်နေကြောင်း တွေ့ရလေသည်။

"ခင်ဗျား ပြန်များသွားပြီလားလို့ နှုတ်ဆက်ရအောင် လာခဲ့တယ်၊ ဘယ့်နှယ် မပြန်သေးဘဲကိုး"

"ဟုတ်ကဲ့ ကျုပ် မပြန်ပါ"

"ပြန်ဖို့ လမ်းစရိတ် မရှိလို့လား"

"ဒါကြောင့် မဟုတ်ပါ၊ ကျောင်းသားတွေပြန်ကြတုန်းက စရိတ်ခံခေါ်မယ်လို့ ပြောကြပါတယ်၊ နောက် မြန်မာပြည်အစိုးရ နိုင်ငံခြားရေးရုံးက ညွှန်ကြားချက်အရ ဗြိတိသျှအစိုးရ နိုင်ငံခြားရေးရုံးကလဲ အစိုးရစရိတ်နဲ့ ပြန်ပို့ပေးမယ်လို့ ပြောပါတယ်၊ ဒါပေမယ့် မပြန်ပါဘူး"

“ခင်ဗျား ဒီအတိုင်းနေရင် စားဝတ်နေရေး ခက်လိမ့်မယ်၊ နေဖို့၊ စားဖို့ ဘယ်က ရလိမ့်မလဲ”

“မပြောတတ်ပါ၊ ယခု အပတ် အိမ်ခန်းတွက် ရှင်းပေးပြီးရင် နောက် ပေးစရာ မရှိတော့ပါ၊ စားဖို့ကတော့ အခုကတည်းက မရှိတော့ပါ”

“အိုး....မိုင်ဂေါ့ဒ်....ဒါဖြင့် ကျွန်ုပ်နဲ့ လိုက်ခဲ့ပါ”ဟု ပြောပြောဆိုဆို သူနဲ့လိုက်ခဲ့ရန် ခေါ်သွားရင်း Restaurant တစ်ခု၌ နေ့လယ်စာ ကျွေး လေသည်။ပြီးလျှင် လန်ဒန်တွင် သူတို့ငှားထားသောအိမ်ကြီးသို့ ခေါ်သွား တော့သည်။ ယင်းအိမ်ကြီး၌ အရှင်သောဏ္ဍိလ အတန်ကြာ နေခဲ့ရသေး သည်။

မကြာမီ လန်ဒန်မြို့ပေါ်သို့ ဗုံးများ အဆက်မပြတ် ကျလာသော အခါ Summersed ‘ဆန်းမားဆက်’ခေါ်သော တောပိုင်းရှိ သူတို့၏ အိမ်ကြီးသို့ ခေါ်သွားရှာသည်။လက်ပါးစေတစ်ယောက်နှင့် အခန်းတစ်ခန်း ပေးထားကာ ‘စစ် မပြီးမချင်း နေပါ’ဟု ဆိုလာလေသည်။

ယဉ်ကျေးသိမ်မွေ့သော လူ့စိတ်ဓာတ်၊ စာနာတတ်သောသဘော သည် လူတို့အား သဘာဝကပေးသော ဆုလာဘ်ဖြစ်သည်။ ဘာသာရေး ဆိုင်ရာ ဝန်ထမ်းအဖြစ်ဖြင့် လူအမျိုးနှင့်ဆက်ဆံ၍ အလုပ် လုပ်ရသော အခါ ထိုသဘာဝစိတ်ဓာတ်သည် မြင့်မား ရင့်ကျက်လာလေသည်။ ထို အခြေအနေတွင် Monk ရဟန်းဟူသောအဆင့်ချင်း တူညီချက်က ကူစွက် ပေးလိုက်ပြန်သောအခါ ဗုဒ္ဓဘာသာဝင်ရဟန်းနှင့် ခရစ်ယာန်ဘာသာဝင် ရဟန်းတို့သည် ညီအစ်ကိုပမာ ခင်မင်ကြင်နာစိတ် ရှိလာကြသည်။ဘာသာ ရေး အယူအဆ ကွဲပြားခြားနားခြင်းသည် အရေးကြီးသောအခါမျိုး၌ အတားအဆီး မဖြစ်နိုင်တော့ပေ။

## အလကား မနေတတ်သော အရှင်

အိမ်ကြီးကလည်း ကြီးကျယ်သလောက် ခမ်းနားလှသည်။ ပြတင်း ပေါင်း(၇၀)ကျော် ရှိသည်။အလုပ်သမားပေါင်း မြောက်မြားစွာတို့သည် ဥယျာဉ်နှင့် အိမ်ကြီးအတွင်း ဆိုင်ရာတာဝန်ဖြင့် အလုပ်လုပ်နေသည်ကို ကြည့်၍ မိမိအလုပ်မရှိဘဲ နေရသည့်အဖြစ်ကို စိတ်မသန့်ဘဲရှိနေသည်။တာဝန်

မသိရာ တာဝန်မကျေရာရောက်နေပြီလားဟု အခါခါ စဉ်းစားနေမိသည်။ ဥယျာဉ်ကြီးအတွင်း မိမိနှင့် သင့်တော်၍ မိမိ ပါဝင် လုပ်ဆောင်နိုင်မည့် အလုပ်မျိုးကို ရှာကြည့်မိသည်။ အိမ်ကြီးအတွင်းဘက်၌ မည်သည့်တာဝန်ကို ယူရသော် ကောင်းမည်နည်းဟု တွေးတောနေမိသည်။

စစ်လေယာဉ်ပျံများ ကြားရသောအခါ စစ်အတွင်း ထုံးစံအရ ရန်သူလေယာဉ်များ မမြင်ရအောင် မှောင်ချပေးရသည်။ လျှပ်စစ်မီးများ အားလုံး ငြိမ်းထားရသည်။ သို့မဟုတ် အလင်းရောင် အပြင်မထွက်ရအောင် ကာပေးရသည်။ "ဤအလုပ်သည် ငါနှင့် သင့်တော်သည်၊ ငါ လုပ်မည်" ဟု အကြံရကာ "Blackout" ခေါ် မှောင်ချခြင်း အလုပ်ကို အရှင်သေဋ္ဌိလ လုပ်ပေးလေသည်။

ဘုန်းကြီးဂျွန်ကုဝ်—က တာမြစ်သော်လည်း ဆက်လက်လုပ်မြဲ လုပ်သည်။ တစ်ဖန် ကျယ်ဝန်းလှသော ဥယျာဉ်ကြီးအတွင်း၌ အသီးအနှံများခူးရန်မကုန်သေးသောအခါ မခူးဖြစ်သေးသောအခါ အနှံအပြား ဥယျာဉ်အတွင်း ကြွေကျကုန်တော့သည်။ မကောက်မသိမ်းလျှင် သစ်သီးများ ပုပ်ဆွေး၍ အနံ့အသက်မကောင်း၊ ပိုးကောင်မွှားကောင်များဖြင့် ရှုပ်ယှက်ခတ်၍ နေ သည်။ ဤသစ်သီးပုပ်များကို အရှင်သေဋ္ဌိလသည် ကောက်၍ တစ်နေရာ၌ ပုံသည်။ အပုံကြီးလာသောအခါ လက်တွန်းလှည်းကလေးနှင့် တင်ကာ သင့်လျော်ရာ၌ စွန့်ပစ်သည်။ ရဟန်းကျောင်း များ၌ နေခဲ့စဉ်က ကျောင်းဝိုင်း အတွင်း တံမြက်လှည်းကျင်း၍ အမှိုက်ကျုံးခဲ့သော အရှင်သေဋ္ဌိလသည် ဤသို့ သစ်သီးပုပ်များ ကောက်၍ပစ်ရသောအလုပ်ကို သေးသိမ်သည်၊ အောက်ကျသည်ဟု မမြင်။ မိမိ၏ ဝတ္တရားဟု ထင်မြင်သည်။ မည်သူကခိုင်း၍ လုပ်ရသည်ဟု ဆိုစရာလည်းမရှိ၊ အလုပ်ရှိသောကြောင့် စိတ်လည်း လေ့လွင့် လှုပ်ရှားမှုရှိ။ သို့မှတစ်ဆင့်တက်၍ ဒ ပြစ်ကင်းလျက် ကုသိုလ်ရသော အလုပ် တစ်ခုကို မြင်ပြန်လေသည်၊ ထိုအလုပ်ကား သူနာပြုအလုပ် ဖြစ်သည်။

## သူနာပြုအလုပ် လုပ်ဆောင်ခြင်း

လူနာတို့ သေဘေးရှင်ဘေး သွားအလွန် ထိတ်လန့်နေချိန်တွင် သက်သာ ရာကို ပေးတတ်သော First Aid ခေါ်သော ရှေးဦးသူနာပြုအလုပ်သည် ဘုရား ချီးမွမ်းသောအလုပ်၊ အသက်ကယ်ဆယ်ရသော ဇီဝိတဒါန အလုပ်၊

မေတ္တာကရုဏာကိုလက်တွေ့ပွားများရသော အလုပ်ဖြစ်သည်ဟူ၍ သဘော ပေါက်နားလည်ထားသဖြင့် အရှင်သောဠိလသည် သူနာပြုအလုပ်ကို အလွန် စိတ်အားထက်သန်စွာဖြင့် ပြုလုပ်သည်။ ပေါင်ပြတ်,ရင်ဘတ်ကွဲ,ဦးနှောက် ပေါက် စသော သွေးသံရဲရဲ လူနာများကို Ambulance ခေါ် သူနာတင် ကားပေါ်သို့ မရွံမရှာ ပွေ့ပိုက် ချီပိုး၍ မနိုင့်တနိုင် အမောတကော တင် ပေးရသောအခါမျိုးလည်း အသက်မရှူဘဲ မေ့မြောနေသော လူနာကို အသက်ပြန်ရှူစေရန် နှာခေါင်း, ပါးစပ်များမှ လေမှုတ်ပေးသွင်းရသော အခါမျိုးလည်း ကြုံရသည်။ တစ်ဘက်မှ လူနာကို အဝတ်လဲလှယ်စေ၍ သန့် ရှင်းအောင် ပြုလုပ်ပေးနေစဉ် သွေးနှင့် အသားဖတ်များ မျက်လုံးနှင့်ပါး စပ်ထဲသို့ ဝင်လာသည်ကို ထွေးမထုတ်အားသေးဘဲ ပါးစပ်ထဲတွင် ငုံထား ရင်း ရင်ထဲသို့ ကျဝင်သွားသည့်အခါ အော့အန်ချင်သည်ကိုပင် အတင်း ကျိတ်မှိတ် အောင့်အည်း၍ လူနာချမ်းသာရေးကို အလုအယက် လုပ်အား ပေးခဲ့ရသည်။ သူနာပြုအတတ်ကို သင်ထားမိသည်မှာ အလွန် ကျေးဇူး များပေစွဟု တွေးမိတိုင်း နှလုံးစိတ်ဝမ်း ငြိမ်းချမ်းမှုကို ခံစားရပေသည်။

သူနာပြုအလုပ်ကို လုပ်နေစဉ် လူ့အလွှာမျိုးစုံမှ ပြောဆို သုံးနှုန်း သော အသုံးအနှုန်း အရပ်စကားဆဲရေးတိုင်းထွာသော စကားလုံးများ၊ ညည်းတွားမြည်တမ်းသော စကားလုံးများကိုလည်း ဝေါဟာရဗေဒစာရင်း တွင် တင်သွင်း၍ လေ့လာမှတ်သားမိလျက် ဖြစ်နေသည်။ အတော်အတန် သက်သာလာသော လူနာများကို ဗုဒ္ဓ၏ ငြိမ်းအေးရေး အမြိုက်ဆေးများ တိုက်ကျွေးလိုက်သောအခါ အသိဉာဏ်နှင့်ယှဉ်သော ပီတိသုခ ရလိုက်ပုံကို သူတို့၏မျက်နှာ၌ အထင်းသားပေါ်လာ၍ အရှင်သောဠိလသည် ကျေနပ် နှစ်ခြိုက်ခြင်းကို အခါများစွာ ခံစားရပေသည်။

အခြား လုပ်ဖော်ကိုင်ဘက် သူနာပြုများတွင် ကရိဒ်းမီယာစစ်ပွဲ၌ အစွမ်းကုန် သူနာတို့ကို စောင့် ရှောက် ပြုစုခဲ့သော "ဖလောရင့်စ်နိုက်တင် ဂေး (Florence Nightengale)" ကဲ့သို့သော သူနာပြု ဆရာမ ကလေးများ၊ အလုပ်သမားများကိုလည်း ဗုံးမိုးရွာနေသည့်အတွင်း အသက် ဘေးကို မစိုးရိမ်မကြောင့်ကြဘဲ သွားလာလှုပ်ရှားလျက် ဆေးပေးမီးယူ ကူညီ စောင့်ရှောက် နေသည်ကို တွေ့ရ၍ သာဓု ခေါ်မိသလောက်၊ အတ္တ ဆန်သောကိုယ်ကျိုးရှာသမားများ သူနာကိုပြုစုရမည့်အစား သူနာ၏အဝတ်

အစား ငွေကြေး လက်ဝတ်လက်စားများ ဖြုတ်ယူနေသည်ကို တွေ့ရ၍ ကရုဏာဒေါသ ဖြစ်မိရသည်လည်းရှိ၏။ "အံ့ဖွယ်ကောင်းလှသော တကျော ဘီလူး အပူးခံရသော သူတို့ပေတကား" ဟု သံဝေဂ ယူမိလေသည်။

ဤသို့ အရှင်သေဋ္ဌိလသည် ခရစ်ယာန်ဘုန်းကြီး ဂျွန်ကုတ်၏ အိမ်ကြီးတိုင် ၅-လလောက်မျှနားနေပြီး သူနာပြုလုပ်ငန်းများကို ၂-နှစ်နီးပါး လောက် လုပ်ခဲ့ရလေသည်။

## အသံလွှင့်ရုံ၌ ကူညီရခြင်း

မြန်မာပိုင်းအစီအစဉ် တစ်ရပ် အသံလွှင့်ရန် စတင်အားထုတ်ကြသော အခါ အရှင်သေဋ္ဌိလထံ အကူအညီ လာတောင်းကြသည်။ ဂျပန်များ ဝင်ခါစ လောက်ကစ၍ မြန်မာပိုင်း အစီအစဉ်ကို အသံလွှင့်ခဲ့ကြသည်။ ရဟန်း၏အလုပ်၊ မိမိရည်မှန်းထားသောသာသနာပြုအလုပ် မဟုတ်စေကာမူ ငြိမ်းချမ်းသောကာလ မကုတ်သေး၍ မိမိ၏လူမျိုးနှင့် တိုင်းပြည်အတွက် ကူညီခြင်း-ဟု သဘောထားကာ ကူညီရလေသည်။ တစ်ပတ်လျှင် (၄)ရက် ခန့်၊ (၁)ရက်လျှင် စာရေးသားခြင်းကိစ္စပါ ဆောင်ရွက်ရကာ (၃)နာရီ။ မရေးရဘဲ အသံလွှင့်ရုံ သက်သက်ဆိုလျှင်(၂)နာရီမျှသာကြာသည်။ (၂) ရက်ဆက်၍ လုပ်ပြီးလျှင် (၂)ရက်အနားရသည်။ မြန်မာဌာနမှူးမှာ မြန်မာ ပြည်"Police Training School"ပုလိပ်ကျောင်း၌ ကျောင်းအုပ်လုပ် သွားသော မစ္စဘာဂမစ်ဖြစ်သည်။ အရှင်သေဋ္ဌိလ လုပ်ရသည့် အလုပ်ကား သတင်းစုံဆောင်းရေးသားပြီး ၁၅မိနစ်အသံလွှင့်ပေးရခြင်းမျှဖြစ်ပေသည်။

## မြန်မာ အဘိဓာန် လုပ်ငန်းနှင့် စာကြည့်တိုက်မှူး

မြန်မာ ဝေါဟာရများကို တစ်ကန့်စီ တစ်သန့်စီ စုဆောင်း၍ အင်္ဂလိပ်ဘာသာ ပြန်ပေးရသော မြန်မာ-အင်္ဂလိပ် အဘိဓာန် လုပ်ငန်း တွင်လည်း အရှင်သေဋ္ဌိလ ပါဝင်ခဲ့ရပြန်သည်။ မြန်မာပြည်တွင် အရေးပိုင် လုပ်သွားသော (မြန်မာနှင့် မင်္ဂလာဆောင်ပြုခဲ့သူ) မစ္စတာစတူးဝပ်သည် အဘိဓာန်လုပ်ငန်း၌ ဦးဆောင်သည်။ Colloquial Burmese "အရပ်သုံး မြန်မာစကား" စာအုပ်ကို ရေးသူဖြစ်သည်။ ဤလုပ်ငန်းတွင် ဒေါက်တာ လှဖေလည်း ပါဝင် လုပ်ဆောင်သည်။

တစ်ဖန် အိန္ဒိယပြည် မဒရပ်မြို့၌ သင်လုပ်—လုပ်ခဲ့သော စာကြည့်တိုက်မှူး အလုပ်မျိုးကို အင်္ဂလန်နေစဉ်လည်း လုပ်ခဲ့ရသေးသည်။ ဤအလုပ်များကား စစ်အတွင်းနှင့် စစ်ပြီးစ ကာလအထိ သာသနာပြု လုပ်ငန်းများ တွင်တွင်ကျယ်ကျယ် မလုပ်ရသေးမီ ယာယီနေရာ အိမ်ခန်းများ၌ နေ၍ ယာယီလုပ်ကိုင်နေရသော အလုပ်များသာ ဖြစ်သည်။ စာကြည့်တိုက်မှူးလုပ်ရသည့် အကျိုးကား အလွန်ကြီးလှပေသည်။ စာအုပ်ဖုန်သုတ်ခြင်းမျှမဟုတ် စာအုပ်များကို ဟိုနေရာ သည်နေရာသို့ ရွှေ့ခြင်းမျှမဟုတ်၊ စာအုပ်မျိုးစုံ ဖတ်ရ၍ အသိကြွယ် အမြင်ကြွယ်စေသော လုပ်ငန်းကြီးတစ်ရပ်ဖြစ်ပေသည်။ ဘာသာရေးတရား ဟောသောအခါ အလွန် ကျေးဇူးများလှပါပေသည်။

## သာသနာပြု လုပ်ငန်း စတင်ခြင်း

ဆိုခဲ့သည့် အတိုင်း တိုင်းပြည်အေး မြို့ယံတွေ့ပါ တတိယ စစ်မီးကြီး အေးငြိမ်း၍ ပူပြင်းကြောင့်ကြမှု [illegible] နှင့် စားဝတ်နေရေး မအေးနိုင်သည့်အတွက် ပြေးလွှား ရှာဖွေမှုများနှင့် ပလောင်ဆူနေသည့် အခြေအနေကို လွန်မြောက်လာသောအခါ လူတို့သည် ဘာသာတရားကို နက်နက်နဲနဲ တွေးလာကြသည်။

ဤမျှလောက် ဆိုးရွား ကြောက်မက်ဖွယ်ကောင်းသော စစ်ဘေးကြီးကို မည်သူက ဖန်တီးပေးသနည်း၊ အလုံးစုံကို ထာဝရက ဖန်တီးသည်ဟု ဆို၏။ ဤမျှသောက် ပြင်းထန်သော ဘေးကြီးကို အဘယ့်ကြောင့် ဖန်တီးရသနည်း၊ အကျပ်အတည်း ဆင်းရဲ ဒုက္ခများသည် ထာဝရဘုရား၏ စမ်းသပ်မှု–ဟု ဆိုပြန်၏။ အဘယ်အကျိုးငှာ ဤမျှ ရက်စက်စွာ စမ်းသပ်ရလေသနည်း၊ ဘုရားသခင်သည် ကယ်တင်ရှင် ဖြစ်သည်ဟုဆို၏။ မည်သည့်နေရာ၌ မည်သူကို ကယ်ဘင်သည်ဟု မသိရ၊ ရှိခိုးဆုတောင်း လိုက်ရသည်မှာလည်း မနားရ၊ နေ့ညမဟူ မိမိအသိနှင့် ဘေးကင်းရာဟု ထင်သည့်နေရာကို အမောတကောသွားကာ ပုန်းရှောင်တိမ်းရသည်။ ဘုရားသခင်၏ အနန္တ တန်ခိုးတော်ဟူသည်ကို အနည်းငယ်လေးမျှ မမြင်ရပါကလား–ဟု တွေးတောလာကြသည်။

ထို့ကြောင့် ဘုရားကို မယုံကြည်နိုင်ကြတော့ပေ၊ ဘာသာတရားဟူသည်မှာလည်း စိတ်ရှုပ်ရရုံမျှသာ အကျိုးပြုသောအပိုအလုပ်သာဟု မြင်လာကြသည်၊ ထိုစဉ်အခါတွင် "ဗုဒ္ဓဘာသာကကော ဘာတတ် နိုင်မည်နည်း၊ အခြားခရစ်ယာန်ဘာသာစသည်များထက် ဘာများ ထူးခြားမည်နည်း၊ ဘာသာတရားဟူသည် အတူတူသာ ဖြစ်သည်၊ လူတို့စိတ်ဓာတ်ကို မှိုင်းတိုက်ပေးသော အရာဖြစ်သည်ဟု ရုပ်ဝါဒီတို့ ပြောဟောသော စကားသည် မှန်များမှန်လေမည်လား"ဟု သံသယစိတ်ဝင်လာကြသည်၊ နားမထောင်လို မကြားလိုတော့ပေ။

ဤအခြေအနေမျိုးတွင် ဆရာတော်အရှင်သေဋ္ဌိလ၏ရတနာ၃-ပါး (Triple Gems)ဟူသည်ကို ပြင်ပြင်ကြီးမုန်းတီးရွံရှာသူများက ပြက်ရယ်ပြုကြသည်၊ ကြုံ၍နားထောင်မိသူအချို့ကလည်း မဆီမဆိုင်(ခွ) မေးခွန်းများကို မေးကြသည်။ စိတ်အေးအေးထား၍ သည်းခံမှု အပြည့်ဖြင့် ဖြေရှင်းမှုပြုရပေမည်၊ သဒ္ဒါမော်ကား ရိုင်းသောစကား ကြမ်းသော အသုံးအနှုန်းများကို ဒေါသမထွက် မေတ္တာသက်သက်ဖြင့် အချက်ကျကျ ပြောဟောမှု ဖြစ်ပေမည်၊ ဗုဒ္ဓဘာသာသည် ထိုသူများ စောဒက တက်နေသော (ဘာသာတရား) Religion မဟုတ်ကြောင်း အကြိမ်များစွာ နေရာပေါင်းများစွာ၌ အရှင်သေဋ္ဌိလ ရှင်းပြရပေသည်။

ဆရာတော်က ရှင်းပြသည်မှာ....

သင်တို့များက Religion ဟူသော စကားအရ ယုံကြည်လက်ခံထားကြသော အဓိပ္ပာယ်မှာ ယုံကြည်မှု Faithနှင့်ရှိခိုးဝတ်ပြုမှု (Worship)တို့ကို အခြေခံသည်၊ ယုံကြည်မှုဟူသည်မှာလည်း အနန္တကမ္ဘာ စကြဝဠာကြီးကို ဖန်ဆင်းသော အနန္တတန်ခိုးရှင်ကို ယုံကြည်သောထားခြင်း၊ မည်သည့်အခါမှ မသေ သုံးမပျက်စီးနိုင်သော အတ္တ (An Immortal Soul) နှင့် ပြဟ္မာ ဤရှိ၊ ထာဝရ၏ သန္ဓအတိုင်း အကောင်အထည် မဖော်ရသော ကယ်တင်ရှင် (Savior) သို့တည်းမဟုတ် တမန်တော်ကို ယုံကြည်ခြင်းပင် ဖြစ်သည်၊ ဗုဒ္ဓဘာသာ၌ ဤသို့သော ယုံကြည်ခြင်းမျိုး မရှိပါ။

(မေး) "ဗုဒ္ဓဘာသာမှာ နတ် ဗြဟ္မာရှိတယ် မဟုတ်လား၊နတ်ဘုံ ဗြဟ္မာဘုံဆိုသည့် ဘုံဌာနမျိုး ရှိတယ်လို့ ဆိုတယ် မဟုတ်ပါလား"

(ဖြေ) "နတ် ဗြဟ္မာဆိုတာ ရှိပါတယ်၊ သို့သော် သူတို့မှာ အခြားဘာသာများက လက်ခံယုံကြည်ထားသလို ကမ္ဘာကို ဖန်ဆင်းနိုင်တဲ့ သတ္တိ မရှိပါ၊သူတို့ ကိုယ်တိုင်ပင် သေဆုံး ကွယ်ပျောက်ခြင်းသဘော ရှိပါတယ်၊ အကြောင်း အကျိုးဖြစ်စဉ် ကြီးမှ မလွတ်ပါ၊ မည်သူ့ကိုမျှ ဘဝသံသရာမှ မကယ်တင်နိုင်ပါ၊ ဗုဒ္ဓက မည်သည့် နတ်ဗြဟ္မာ တန်ခိုးရှင်ကိုမှ ယုံကြည်အားထားဖို့ မတိုက်တွန်းပါ"

(မေး) "ဒါဖြင့် ဗုဒ္ဓဘာသာ ခံယူတဲ့ ပုဂ္ဂိုလ်များ ဗုဒ္ဓကို ခိုလှုံရာအဖြစ် မှတ်ယူချခြင်း (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ I Take Refuge in The Buddha)ဆိုတာ ကယ်တင်ရှင် လက်မခံတဲ့ ဗုဒ္ဓဝါဒနှင့် မဆန့်ကျင်ပါလား။"

(ဖြေ) "မဆန့်ကျင်ပါ၊ဗုဒ္ဓသည် မည်သူ့ကိုမှ ပုံ၍အပ်ခြင်းဖြင့် ယုံကြည်ခြင်းမပြုရန် ဟောညွှန်ခဲ့ပါသည်။ ဗုဒ္ဓကို ခိုလှုံရာ အဖြစ်မှတ်ယူခြင်း ဆိုသည်မှာ အမှားနှင့်အမှန် အကောင်းနှင့်အဆိုး အကျိုးနှင့် အပြစ်ကို ဗုဒ္ဓကဟောပြောတဲ့အတွက် ဩဝါဒ ကြားချက်ကို လိုက်နာကြရင်လဲ ဒုက္ခခပ်သိမ်း အေးငြိမ်းနိုင်တဲ့ အတွက် သင်ကြားပြသသူ ဆရာ ရှေ့သွားခေါင်းဆောင် ကျေးဇူးတော်ရှင် အနေ အသိအမှတ်ပြုခြင်းမျိုး ဆိုလိုပါသည်။ ကံနဲ့ သူသာ ကိုယ်ပြုတဲ့ ကောင်းမှု မကောင်းမှုအရ ကောင်းကျိုး ဆိုးပြစ် ခံကြရတာဖြစ်တဲ့ အတွက် ဗုဒ္ဓ ကိုယ်တိုင်က လမ်းပြ ဆုံးမလို့ ရမည့်သူကိုသာ လမ်းပြဆုံးမတော်မူခဲ့ပါသည်။ ဆုံးမ နည်းပေး မရမည့် သူများကို လျစ်လျူရှုခဲ့ရတာ သက်သေ အထောက် အထားရှိပါသည်။

"နောက်တစ်ချက်က ဗုဒ္ဓဘာသာဝင်များအဖို့ ဗုဒ္ဓကိုကိုးကွယ်ရာ ခိုလှုံအားထားရာ အနေနဲ့ ယုံမှတ် ဆည်းကပ်ခြင်းဟာ ဗုဒ္ဓသည် သတ္တဝါအများတို့ရဲ့ မဟာကရုဏာရှင် ဖြစ်တယ်ဆိုတဲ့ ယုံကြည်

ချက်ကြောင့်ပါပဲ၊ဗုဒ္ဓကိုယ်တော်မြတ်ဟာ သတ္တဝါတွေ အမြင်မှန်ရပြီး အားနည်းချက်အမျိုးမျိုး၊စိတ်ညစ်ညူးမှု အဖုံဖုံ၊ပူဆွေးဝမ်းနည်းဆင်းရဲမှု အထွေထွေမှ လွတ်ကြပါစေလို့ ဆင်းရဲကင်းကြောင်း နည်းလမ်းကောင်းတွေ ပြုညွှန်တော်မူဘယ်၊ ဒီနည်းလမ်းကို ကိုယ်တွေ့ရှာဖွေတဲ့အခါ တုန်းကများဆိုရင် ရှည်လျားပင်ပန်းလှတဲ့ အခက်အခဲ အကျပ်အတည်း ဆင်းရဲပင်ပန်းမှုတွေကို ဇွဲကောင်းကောင်းနဲ့ အားထုတ်ကြိုးစားပြီး ခံခဲ့ရတယ်၊ နောက်ဆုံး အမြင့်ဆုံး ဉာဏ်တော် Supreme Enlightenmentကို ရတော်မူတယ်၊ ရတော်မူတော့လဲ နေ့မနေ ညမနား ကိုယ်ကာယ ပင်ပန်းမှုကို နည်းနည်းကလေးမှ အရေးမထားဘဲ၊ သက်တမ်း ကုန်လျောက်လုံး သတ္တဝါအားလုံးတို့ ငြိမ်းချမ်းသာယာရေး၊ဒုက္ခမှ ကင်းလွတ်ရေး၊ ဘဝသံသရာ ပြတ်စဲရေးကို နည်းကေးလမ်းပြ ဆုံးမသွန်သင်ရန် နေရာအနှံ့ ကြွတော်မူတယ်၊ ဒါကြောင့် ဗုဒ္ဓဟာ ဒီအဓိပ္ပာယ် ခံယူချက်နဲ့ ဆိုရင် တကယ့်ကယ်တင်ရှင်ကြီး ဖြစ်တော်မူပါတယ်''

(မေး) ရှိခိုးခြင်း ဆုတောင်း ဝတ်ပြုခြင်းဆိုတာ ဗုဒ္ဓဘာသာမှာလဲ ရှိတယ်မဟုတ်လား၊ ဒါကို ဘာသာတရားReligionလို့အဓိပ္ပာယ်ကောက်ရင် တခြားဘာသာတွေနဲ့ ဘာထူးလို့လဲ''

(ဖြေ) ''ဒါလဲ အခုန ပြောခဲ့တဲ့အတိုင်း ဗုဒ္ဓက သတ္တဝါတွေ လောဘဒေါသ မောဟစတဲ့ အမှောင်ထု အင်အားစုတွေကို တိုက်ခိုက်တွန်းလှန်နိုင်ဖို့ရန် နည်းလမ်းနဲ့ လက်နက်ပေးပြီး တိုက်တွန်းတော်မူခဲ့တဲ့အတွက် နတ်လူအများတို့ရဲ ရှိခိုးဦးတိုက် ဂုဏ်ပြုဖို့ထိုက်တော်မူတယ်၊ဒါကြောင့် ရှိခိုးဦးတိုက်ကြတယ်၊ကယ်တော်မူပါ၊မ တော်မူပါ၊ ဂုဏ်ကျက်သရေစည်းစိမ်ဥစ္စာကို ပေးတော်မူပါလို့ တောင်းခံနေတာ မဟုတ်ပါ၊တောင်းလို့လဲ မရနိုင်ပါ၊ ပေးတဲ့သူကလဲ ပေးလို့ ဖြစ်တာမျိုး မဟုတ်ပါ''

(မေး) ''ဒါဖြင့် မေးပါရစေ၊ဗုဒ္ဓဘာသာမှာ ဆင်းတု ရုပ်ထုကိုးကွယ်ခြင်း ရှိတယ် မဟုတ်ပါလား၊ ဒါက ဘယ်လို သဘောလဲ''

(ဖြေ) "ရှိပါတယ်၊ရှိတယ်ဆိုပေမယ့် အမှန်ကတော့ ရုပ်တုကို ကိုးကွယ်ခြင်း၊ ရှိခိုးခြင်း မဟုတ်ပါ၊ ဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးကို ခေါ်တယ်၊ ဘာကို ဗုဒ္ဓလို့ ခေါ်တယ် ဆိုတာ သိကြပါတယ်၊ သူတို့ ရုပ်တုကို ရှိခိုး ဝတ်ပြုတဲ့အခါ လောကီရေးဆုလာဘ်များ၊ ကာမချမ်းသာများ၊ လူ့စည်းစိမ် နတ်စည်းစိမ်များ တောင့်တ မျှော်လင့်ပြီး ထိုင်ရှိခိုးကြတာ မဟုတ်ပါဘူး။ ဗုဒ္ဓရှင်တော်မြတ်ရဲ့ ဝေနေယျအားလုံးတို့အတွက် တကယ့်ငြိမ်းချမ်းရေးရရန်နည်းလမ်းကို ဖော်ထုတ်ပေးတဲ့ ဉာဏ်တော်နဲ့ လို့လဝီရိယတော်ကို ကိုယ်စားပြုတဲ့ အထိမ်းအမှတ် အနေနဲ့သာ ရုပ်တုရှေ့မှောက် ဒူးထောက်ခြင်း ဖြစ်ပါတယ်။ ပန်းဆီမီးအမွှေးတိုင်နဲ့ သစ်သီးဆွမ်း စသည် ကပ်လှူခြင်းဟာ ဗုဒ္ဓရှင်တော်မြတ်အား အရိုအသေပေးတဲ့ အထိမ်းအမှတ် (Symbols of their reverence for the Buddha) ပါပဲ၊ တစ်နည်းပြောရရင် သူတို့နှုတ်မှ ရွတ်ဆိုချီးကျူးလိုက်တဲ့ ဗုဒ္ဓရဲ့ ဂုဏ်တော် ကျေးဇူးတော်ဆိုင်ရာ စကားလုံးများကို အမွန်းတင် တွန်းအားပေးတဲ့ လက္ခဏာရုပ်များပါပဲ။

"ဉပမာပြောရရင် မိမိရဲ့ သလေးစားသူ၊ ချစ်မြတ်နိုးသူများ သေဆုံးကြ၊ မရှိကြတဲ့အခါ သူတို့၏ ရုပ်ပုံ ကားချပ်များကို လေးစားချစ်ခင်စွာ ကြည့်ရှုလိုကြ၊ ယုယသိမ်းဆည်းလိုကြသလို ပါပဲ"

(မေး) "ဗုဒ္ဓဘာသာဝင်များဟာ ဗုဒ္ဓရုပ်တုတော်ရှေ့မှာ၊သို့မဟုတ်ရဟန်း သံဃာတော်များရှေ့မှာဆုတောင်းဆုယူပြုကြတယ် မဟုတ်လား"

(ဖြေ) "ဆုတောင်း(Prayer)လို့မခေါ်နိုင်ပါ၊ မခေါ်ရပါ၊ အမှန်ကတော့ ကမ္မဋ္ဌာန်းတစ်မျိုးပါပဲ၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတော်များ၏ ဂုဏ်ကျေးဇူးများကို ရုပ်တုရှေ့ စသည်မှာ သူတို့ ရွတ်ဆိုကြပါတယ်၊ ဒါဟာ သူတို့ကို ကြည်ညိုရိုသေတဲ့၊ သူတို့ နှလုံးသားမှာ အမြတ်တနိုးထားတဲ့ ဂုဏ်အရည်အချင်းတွေကို အားကျ လို

လားကြောင်းပြတဲ့ သဘော၊ အဖန်ဖန် အောက်မေ့ဆင်ခြင်တဲ့ အနုဿတိ သဘောများ ဖြစ်ပါတယ်၊ ဒါဟာ ကမ္မဋ္ဌာန်း တစ်မျိုးပါပဲ”

ဤသို့ သာသနာနှင့် ဗုဒ္ဓတရားတော်အကြောင်းကို မသိသေးသော သူတို့အား အခွင့်ရတိုင်း စိတ်ရှည်ရှည်ဖြင့် ရှင်းလင်းပြရပေသည်။ မိမိ၏ အတွေ့အကြုံ ဆွေးနွေးမှုကိုစ ပြေလည်စေခြင်းငှာ အချိန်ပိုင်းဖြင့် လုပ်ရသော အလုပ်ကလေးများလည်း ရှိနေ၍ အမြဲတမ်း အချိန်မရွေး ဟောပြောခြင်း မပြုနိုင်ပေ။

## တရားပွဲများ ပြုလုပ်ဟောပြောလာရခြင်း

နောက် ဗြိတိသျှ ဗုဒ္ဓဘာသာအသင်း၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာ ဟန်ဖရေး၏ စီစဉ်ပေးမှုဖြင့် တရားပွဲများလိုက်၍ ဟောပြော နေရသည်။ အသင်းဥက္ကဋ္ဌ စီစဉ်ပေးမှုဟု ဆိုရသည်မှာ တရားပွဲပြုလုပ်ရန် ဖိတ်ကြားလျှင် ဥက္ကဋ္ဌက လက်ခံသည်။ နေရာထိုင်ခင်းနှင့် ရက်ချိန်း အချိန် နာရီ ကန့်သတ်ပေးသည်။ တရားဟောမည့် ဌာနသို့ သွားသောအခါ အထက်တန်း လက်မှတ်စီစဉ်ပေးသည်။ ပြီးသောအခါ ဆွမ်းစရိတ် အနည်းငယ် လှူဒါန်းသည်။ ဤသို့ အသင်းမှ စီစဉ်ပေးသည့်အတိုင်း ဟောပြောရ သောကြောင့် ဖြစ်သည်။

## ဗုဒ္ဓဘာသာ၏ အနေအထား

ခရစ်နှစ် ၁၉၂၄—ခုနှစ်၊ နိုဝင်ဘာလ ၁၉—ရက်နေ့၌ သီယိုဆိုဖီ အသင်းအဖြစ် တည်ထောင်ခဲ့သည်။ အသင်း၏ ဥက္ကဋ္ဌသည် မစ္စတာ ဟန်ဖရေးဖြစ်၍ မစ္စစ်အေလင်ဖော့ကနား (နောက်မစ္စတာဟန်ဖရေး၏ဇနီး ဖြစ်လာသူ)က ဂုဏ်ထူးဆောင်အတွင်းရေးမှူးအဖြစ်ဆောင်ရွက်သည်။ ၁၉၂၆ ခုနှစ်၌ ပင်မ အဖွဲ့အစည်းမှ ခွဲထွက်၍ ဗုဒ္ဓဘာသာအသင်းအဖြစ် တည်ထောင်သည်။ ထိုနှစ်က Buddhism in England) (အင်္ဂလန်ပြည်ဗုဒ္ဓဘာသာ တရား)ဟူသော မဂ္ဂဇင်း၊ ထို့နောက် (The middle way) အလယ်

အလတ် လမ်းစဉ်)ခေါ် မဂ္ဂဇင်း ထုတ်ဝေခဲ့သည်။ အသင်းမှ ပထမဆုံး ထုတ်ဝေသော စာအုပ်မှာ(What is Buddhism)'ဗုဒ္ဓဘာသာ ဆိုတာ ဘာလဲ'ဆိုသော စာအုပ်ဖြစ်၏။ ၁၉၄၃—ခုနှစ်၌ အမှတ် ၁၀၆—ဂရိတ် ရပ်ဆဲလမ်း၊ ယခု လက်ရှိနေရာသည် အသင်းတည်ရာ ဖြစ်လာသည်။ အသင်းသည် တစ်ပတ်လျှင် အစည်းအဝေး သုံးကြိမ် ကျင်းပသည်။ အရှင်သေဋ္ဌိလသည် အသင်း၏ လိုအပ်ချက်များကို ထိန်းသိမ်း စောင့်ရှောက်ကူညီရ၏။

နောက် ၁၉၄၈-ခုနှစ်တွင် လန်ဒန်မြို့၌ မြန်မာသံရုံးလာဖွင့်၍M-A ဦးမောင်ကြီးသည် ပထမဆုံးမြန်မာသံအမတ်အဖြစ် ဆောင်ရွက်၏။ ထိုအခါ ဝတ်သုံတော်ရ ဦးမေအောင်၏သား ဦးထွန်းလှအောင်သည် စစ်သံမှူးအဖြစ် လန်ဒန်သို့ပါလာလေသည်။ ယင်းသည် အရှင်သေဋ္ဌိလ တရားဟောတိုင်း လာ၍ နာသည်။ စိတ်အားထက်သန်စွာ လာ၍ နာသည်။ စိတ်အာရုံဝင်စား၍ လာဟန် ရှိသည်။ မူလအသင်း၌ပင် အရှင်သေဋ္ဌိလ ဗုဒ္ဓတရားတော် ဖြန့်ပြူးခြင်း၊ ပါဠိ သင်တန်းများ ခုပို့ခြင်း၊ နိကာယ်သင်တန်းများချပို့ပေးခြင်းကို မြန်မာဒကာ ဒကာမများသိအောင် လှူ့ဆော်ပေးသည်။ အများသိသာကြသောအခါ လက်ရှိ ဥက္ကဋ္ဌ ဟန့်ဖရေး ၏လက်အောက်၌ မလွတ်မလပ်သော အခြေအနေကို မြန်မာများမနှစ်မြို့နိုင် ကြတော့ပေ။ မြန်မာကျောင်းတစ်ကျောင်းဖြစ်အောင်၊ ထိုကျောင်း၌ အရှင် သေဋ္ဌိလ အမြဲ သီတင်းသုံး နေနိုင်အောင်၊ တတ်နိုင်ပါက မြန်မာသံရုံးအဖွဲ့ သား များက ဆွမ်း ဝတ် စသည်တို့ကို တာဝန်ယူနိုင်အောင် ဖန်တီးကြဖို့ ဆွေးနွေးကြသည်။ ယင်းအကြံသည် ရုတ်တရက် အထမမြောက်ပေ။

## သင်တန်းများ တိုးချဲ့ရခြင်း

စနေနေ့တိုင်း Group Discussion ဆွေးနွေးပွဲ လုပ်ရသည်၊ တနင်္ဂနွေနေ့တိုင်း Public recrtureပေး၍ အများ နားထောင်နိုင်မည့် ဟောပြောပွဲလုပ်ပေးရသည်။ ကမ္မဋ္ဌာန်းစိတ်ဝင်စားသူများအတွက် ဗုဒ္ဓဟူးနေ့ တိုင်းကမ္မဋ္ဌာန်းသင်တန်းပေးရပြန်သည်။ မစ်စ်ကွန်စတင့်ဘ်လောင်း(စ)ဘာ ရီဆိုသူ အမျိုးသမီးကြီးသည် မြန်မာပြည်စစ်ကိုင်းတောင်ရိုး ပထမ—ဂန္ဓာရုံ ဆရာတော်ကြီးထံ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းများ မေးမြန်းလေ့လာဖူးသည်။ အခြား ကမ္မဋ္ဌာန်းဆိုင်ရာ ကျမ်းစာများကိုလည်း စာတွေ့လက်တွေ့အားဖြင့် လေ့လာဖူးသည်။ ယင်း-အမျိုးသမီးကြီးသည် ဗုဒ္ဓတရားတော်၏ အနှစ်

သာခါများကို ဖော်ပြလျက် ※ကမ္မဋ္ဌာန်းအကြောင်းကို စာအုပ်တစ်အုပ်ရေးခဲ့သည်။ ထိုစာအုပ်ကြောင့် ကမ္မဋ္ဌာန်း စိတ်ဝင်စားသူများ လန်ဒန်မြို့၌ ရှိနေကြသည်၊ ယင်းတို့၏ ဆန္ဒကို ဖြည့်သောအားဖြင့် အရှင်သေဋ္ဌလသည် ကမ္မဋ္ဌာန်းသင်တန်းပါ ဖွင့်ပေးရလေသည်။

## ပါဠိ သင်တန်း၏ ကျေးဇူး

ရှင်ဘော်ဗုဒ္ဓ၏ တရားတော်၌ စိတ်ဝင်စားသူ လေ့လာသူများကို အနောက်၌ ၂-မျိုးခွဲ၍မြင်ရသည်၊ တစ်မျိုးမှာ အင်္ဂလိပ်ဘာသာပြန်တစ်ခုကို ဖတ်ရှုရာမှ စိတ်ဝင်စားဖွယ်ရာ အချက်များကို တွေ့၍ အခြားစာအုပ်များကို ရှာဖွေလေ့လာသူများဖြစ်သည်။ အခြားတစ်မျိုးမှာ ဘာသာစကားများကို လေ့လာလိုက်စားရာမှ ပါဠိနှင့် သက္ကတဟူသော ရှေးအလွန်ကျသည့် အရှေ့တိုင်း ဘာသာရပ် ၂-ခုကို တွေ့ကာ ထိုဘာသာရပ်မှ ရသော သင်ကြားချက်များကို အခြေခံ၍ တောင်ပိုင်းဗုဒ္ဓစာပေ၏ မိဒိယန်ဖြစ်သော ပါဠိကို မြတ်နိုးခုံမင်စွာ လိုက်စားသူများ ဖြစ်သည်။

ပါဠိကို သင်ယူလေ့လာလျှင် ပါဠိဘာသာဖြင့် ရှိနေသော ဗုဒ္ဓဓမ္မကို စစ်စစ်ပေါက်ပေါက် မိမိရရတွေ့ထိလာရသဖြင့် ဘာသာပြန်များကိုများစွာ အားမကိုး(သို့)အားနည်းရဖြစ်လာသည်။ တစ်ဖန် ဘာသာစကား ရှုထောင့်မှ လေ့လာခြင်း မဟုတ်တော့ဘူး၍ ဓမ္မလေ့လာရေးရှုထောင့်ကို ပြောင်းလာတော့သည်။ ထို့ကြောင့် အရှေ့တိုင်း ဘာသာရပ်များက လမ်းခင်းပေးသည့်အတွက် ဗုဒ္ဓဓမ္မကို ယက်တွလေ့လာသည့် အဆင့်သို့ ရောက်သာသူ ဦးရေသည် ဂ်လန်၊ ပြင်သစ်၊ ဂျာမန်—စသော ဥရောပတိုင်းပြည်များနှင့် အမေရိကာကို ကြွေ့ တစ်နှစ်ခြား တိုးပွားလာနေသည်။

---

※ G . Constant Louns Bery ပြင်သစ်ပြည် Les Amis Du Buddisme ခေါ် ဗုဒ္ဓဘာသာ အသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သည်။

စာအုပ်၏ အမည်အပြည့်အစုံမှာ Buddhist Meditation in the southern school theory and practice For westherners အနောက်တိုင်း သားများ အတွက် တောင်ပိုင်း ဗုဒ္ဓ ဘာသာဆိုင်ရာ ကမ္မဋ္ဌာန်း နည်းစနစ်များ—ဟူ၍ ဖြစ်သည်။ မေတ္တာစသော ဗြဟ္မဝိဟာရ တရား၄—ပါးနှင့် သတိပဋ္ဌာန် ၄—ပါး အကျဉ်းမျှရေးထားသည်။ အလွန်လွယ်ကူသော အင်္ဂလိပ်စာဖြင့် ရေးသားထားပေသည်။

ထို့ကြောင့် လန်ဒန်မြို့၌ ပါဠိဘာသာ သင်ကြားလေ့လာလိုသူများ အတွက် ပါဠိသင်တန်း ပေးရလေသည်။ အဆင့်မြင့်သောသော သူများအဖို့ အရှင်သေဋ္ဌိလသည် နိကာယ်သင်တန်း—ဟူ၍ တိုးချဲ့ကာ သင်တန်း အသစ် တစ်ခု ဖွင့်၍ ပို့ချရလေသည်။

အင်္ဂလိပ်လူမျိုးတို့၏ အများစုကိုးကွယ်ရာ ခရစ်ယာန်ဘာသာကြီးမှ မိသားစုအနေ(သို့)တစ်ဦးချင်း အနေအားဖြင့် ဗုဒ္ဓဘာသာတရားကို လေ့ လာလိုက်စားရန် မလွယ်ကူလှပေ၊ သို့ဖြစ်ရာ အချို့ပုဂ္ဂိုလ်များသည် ဗုဒ္ဓ ဓမ္မ သင်တန်းတစ်ခုခု (သို့) ဟောပြောပွဲ တစ်ခုခုသို့ ပုံမှန်တက် ရောက်ရန် ပါဠိသင်တန်းဟူသော ဆင်ခြေကို ပေးရလေသည်။

အရှင်သေဋ္ဌိလ၏ တပည့်တစ်ဦးသည် နေ့စဉ် အလုပ်ရှိရာသို့သွားပြီး အလုပ်ဆင်းလာသောအခါ အိမ်သို့ တန်းတန်းမတ်မတ် မပြန်ဘဲ သင်တန်း သို့ တက်ရောက်နေသည်ကို အိမ်ရှင်မက မနှစ်မြို့နိုင်ပေ။ ထို့ကြောင့်....

“ရှင်ဟာ ခရစ်ယာန် မိသားစုက ကြီးပွားလာတဲ့ ခရစ်ယာန် တစ်ယောက်ဖြစ်ပါလျက် ဘာကြောင့် ဗုဒ္ဓဘာသာကို ဒီလောက် စိတ်ဝင် စားနေရသလဲ၊ ကျွန်မတို့ နိုင်ငံရော လူမျိုးပါ ခရစ်ယာန် ဖြစ်နေတာ လုံလောက်နေပါပြီ၊ ဘာကြောင့် ရှင်တို့က အပို ဒုက္ခခံပြီး အခြားဘာသာ တရားကို ရှာနေရသလဲ”

....ဟု အိမ်ရှင်မ ဆိုလေသည်။

ထိုအခါ ယင်းတပည့်က လက်ထဲရှိ ပါဠိ မှတ်စုများ ထုတ်ပြကာ “ငါ ဗုဒ္ဓတရား သင်ယူနေတာ မဟုတ်ဘူး၊ ပါဠိ သင်နေတာ၊ ပါဠိဟာ အလွန် ရှေးကျတဲ့ ဘာသာစကားတစ်ခု၊ စနစ်လဲကျ သက္ကတခေါ် ဆန်းဆ ကရိတ် ဘာသာနဲ့လဲ အလွန်နီးစပ် ဆက်သွယ်နေတဲ့ ဘာသာစကားတစ်ခုပဲ၊ အလွန် ပျော်စရာလဲ ကောင်းတယ်၊ ဒီဘာသာစကားကြီးနှစ်ခုကို “အင်ဒို ယူရိုပီယန်” ဟင်မ ရေသောက်မြစ်ကြီးလို့ ပညာရှင်တွေက ဆိုကြပါတယ်” ဟူ၍ ဆင်ခြေပေးကာ အိမ်ရှင်မကို နားချ ဖြေသိမ့်ခဲ့ရလေသည်။

ဤအခြေအနေသို့ မရောက်မီ အရှင်သေဋ္ဌိလ ဖြတ်သန်းကျော်လွှား လာခဲ့ရသော လမ်းကြောင်းကို ပြန်ကြည့်လျှင် အရှင်၏ ကြိုးပမ်းချက်များ ကို အားရကျေနပ်ဖွယ်ရာ တွေ့ရပေလိမ့်မည်။

စစ်ကာလအတွင်းမှ စ၍ ဗုဒ္ဓဘာသာ စိတ်ဝင်စား သူများအား တစ်ယောက်ချင်း ဖြစ်စေ၊ သုံးလေးဦး အစုအဖွဲ့ ကလေးကိုဖြစ်စေ၊ ဗုဒ္ဓဓမ္မ၏ အခြေခံကလေးများကိုရှင်းလင်းပြရာမှ စ၍ တစ်ပတ်လျှင် ၂-ကြိမ်ဖြစ်စေ၊ ၃-ကြိမ်ဖြစ်စေ၊ ယင်း-အစုကလေးများအား အချိန်နှုန်းပြောဟောခြင်းဖြင့် သင်တန်းကို စတင် ပျိုးထောင်ရသည်။ ရေရှည်လည်း သဘောပေါက် နားလည်အောင် ပြောနိုင်သောကြောင့် တစ်ကြိမ်တစ်ခါနားထောင်မိလျှင် အရှင်သေဋ္ဌိလ ဟောပြောရာသို့ နောက်ထပ်လာရန် ဝန်မလေးတော့ပေ။

ဗုဒ္ဓဓမ္မသည် သဘာဝ အမှန်တရားဖြစ်သည်။ ယင်း—အမှန်တရားကို ဖော်ထုတ်ပြသူ ရှိလျှင် အမှန်ကို ငြင်းပယ်သူ အလွန်နည်းသည်။ "ဓမ္မသာ အသာဝနတာယ ပရိဟာယန္တိ" (အမှန်တရားကို သတ္တဝါတွေ မကြားကြရလို့ အမှန်တရားနဲ့ လွဲနေကြတယ်) ဂေါတမဗုဒ္ဓ သဗ္ဗညုတ ညာဏ်တော် ရခါစက မိန့်တော်မူသော စကားရှိပေသည်။

အရှင်သေဋ္ဌိလ အခန်းငှားနေရသော အိမ်ရှင် Miss pritchard အမည်ရှိ အမျိုးသမီးကြီးသည် အရှင်သေဋ္ဌိလအား (Uneducated Easterner) "ပညာမတတ်သော အရှေ့တိုင်းသား"ဟု ကျီစယ်သလို လိုနှင့် အဓိပ်ပါယ်မြင့်သေးသော စကားကို မကြာခဏ ပြောဆိုတတ်သည်။

"Education—ပညာတတ်ရပ်ဆိုတာ သိစရာ ရှိတာကို သိတာ၊ တတ်တာ၊ သိအောင် တတ်အောင် လုပ်ဘာကို ခေါ်တယ်၊ ငါ့မှာ သိစရာ တွေ အများကြီး သိထားလို့ ပညာတတ်တဲ့ လူလို့ခေါ်ရင် ငါ့လိုသူကို ခေါ်မှ မှန်တယ်" အရှင်သေဋ္ဌိလက ဤသို့ ဆိုလိုက်သော် ယင်း—အမျိုး သမီးသည် သဘောပြုံး ပြုံး၍ နေသည်။

သူမ၏ အမြင်ကား အရှင်သေဋ္ဌိလကို အစိုးရအရာရှိ လခစား တစ်ယောက် အနေဖြင့်သည်း မမြင်ရ၊ ပညာရှင်တစ်ယောက်အနေဖြင့် သိပ္ပံ ကျောင်း စသည်များ၌ စာပို့ချပေးနေသော ပါမောက္ခတစ်ဦးမဟုတ်သည် ကိုလည်း သိရ၏။ အယောက်ဆိုး ဘွဲ့ရသည်၏ နောက်၌ ဘီအေ—အမ်အေ စသော ဒီဂရီ နောက်မြီးကလေး ကိုသော်မှ မတွေ့ရ၊ လိုကြောင်း အလကား အချိန်ဖြုန်းနေသော လူပိုတစ်ယောက် ဖြစ်သည်—ဟု မြင်ဟန် ရှိသည်။

"အလုပ်အကိုင်မရှိဘဲ၊ အရှေ့နိုင်ငံသား တစ်ယောက်အဖို့ ခေသ့ ထုံးတမ်း အယူဝါဒ—စသည် မတူတဲ့၊ ရာသီဥတု ရေမြေအနေအထား မတူတဲ့ အနောက်မှာ ဘာရည်ရွယ်ချက် ရှိလို့ လာနေရတာလဲ"

"ဒေအး…ဒီမှာ ငါ လာနေတာ ရည်ရွယ်ချက် ရှိတယ်၊ ဗုဒ္ဓဓမ္မကို အနောက်တိုင်းမှာ ဖြန့်ဖြူးရအောင် လာခဲ့တယ်၊စစ်ကာလအတွင်းမှာတာမှ လုပ်လို့မရသေးယ့် စစ်ပြီးခေတ်မှာ Buddhist Missionary မေ့ဒူတ အလုပ်ကို ငါ လုပ်နေတယ်၊ ဒီအလုပ် အောင်မြင်မှ ငါ ပြန်မှာ"

"အို …အနောက်တိုင်းမှသာ အရှေ့တိုင်းကလူတွေ ပညာရပ်အမျိုးမျိုး ယူရတယ်၊အနောက်တိုင်းသားတွေအဖို့ အရှေ့က ယူစရာ ဘာမှမရှိပါဘူး"

"ကြည့်ပါ၊ ငါ သင်တန်းပေးတဲ့ နေရာ လိုက်ကြည့်ပါ၊ ငါ့ဆီက အနောက်တိုင်းသားတွေ ဘာကို ယူနေကြသလဲ ဆိုတာ သိရမှာပေါ့"

ဤသို့ ပြောဆိုပြီး မကြာမီ ပရိသတ်၄၀-မှ ၅၀-အထိရှိသော ဟောပြောပွဲ တစ်ခု၌ အရှင်သေဋ္ဌိလ ဟောပြောနေသည်ကို ယင်း–အိမ်ရှင်မ အမျိုးသမီးကြီး တွေ့မြင်သွားလေသည်။ ဟောပြောပွဲ၌ စိတ်ဝင်စားစွာ နားထောင်၍ ပြဿနာများ မေးမြန်းနေကြသော လူကြီးလူကောင်းအချို့နှင့် ကျောင်းသားလူငယ်များကို မြင်ရသည်။ Academic Lecturer ပညာရှင် ကထိကများမှ ဤသို့သော ပရိသတ်ကို ဆွဲဆောင်နိုင်သော အင်အားရှိကြောင်း၊ သာမန် အခြေခံပညာနှင့် စံမမီသော အင်္ဂလိပ်စကားဖြင့် ဤပွဲမျိုးကို မနွဲနိုင်ကြောင်း သူမ ကောင်းစွာ သိထားသည်။ ထိုနေ့မှစ၍အရှင်သေဋ္ဌိလအား ပညာမဘတ်သော အရှေ့တိုင်းသာ ဟူသော စကားလုံးကို မသုံးနှုန်းရုံမျှမက အဘူးလေးစားစွာ ဆက်ဆံ၍ လာလေသည်။

"နောင်ဘဝ ရှိသလား၊ ငရဲနှင့် ကောင်းကင်ဘုံဆိုတာ ရှိသလား

ဗုဒ္ဓဓမ္မကို အခြေခံကာ၍ သင်သောအခါ ကုသိုလ် အကုသိုလ်၊ ကောင်းမှု၊ မကောင်းမှုနှင့် ယင်းတို့၏ ကောင်းကျိုး ဆိုးပြစ်တို့ကို မလွဲမသွေ ရှင်းပြရမြဲ ဖြစ်သည်။ကုသိုလ်ကောင်းမှုဆိုရာဝယ် ဒါန သီလ ဘာဝနာများ မပါလျှင် မပြည့်စုံနိုင်။ ဒါန၏အကျိုးကို ယခုဘဝ၌သည်းရ၊နောက်ဘဝ၌သည်း ရနိုင်ပုံ ရှင်းပြသောအခါ နောက်ဘဝဟူသော စကားလုံးကို အများစုက လက်မခံသိုကြ၊ မစဉ်းစားလိုကြပေ။

အရှင်သေဋ္ဌိလသည် ၂၀–ရာစုနှစ် အနောက်နိုင်ငံသားတို့၏ စိတ်နေသဘောထားနှင့် အယူအဆကို နားလည်ထား၍ နောက်ဘဝကို သမိုင်

ကြောင်းနှင့် တစ်မျိုး၊ သဘာဝယုတ္တိနှင့် တစ်ဖုံ ဖြည်းဖြည်းနှေးနှေး စိတ်ရှည်စွာနှင့် ရှင်းရလေသည်။

လူ့လောက၌ ရာဇဝတ်မှု အမျိုးမျိုး ရှိကြသည်။ အနိမ့်၊ အမြင့်၊ အသေးအကြီး မည်သည့် အနေအထားမျိုး ဖြစ်ဖြစ်၊ ရာဇဝတ်မှု ဟူသမျှ လူသားအားလုံး မနှစ်မြို့ကြ၊ ပြစ်မှုကျူးလွန်သူကို အပြစ်အလျောက် ဒဏ်ခတ်လို ခတ်ပေးစေလိုကြသည်။ ထို့ကြောင့် ရုံး၊ ဂါတ်၊ အချုပ်ခန်း၊ ထောင် စသည် ရှိကြရ ထားကြရသည်။ လူကောင်းသူကောင်းများ ချမ်းသာစေရန် လူဆိုးသူဆိုးများကို သီးသန့်အခန်းတွင်၌ ထားရ၏။ အခန့်အစားဆင်းရဲစွာ နေစေရ၏။ ယင်းအချုပ်ထောင် စသည်တို့သည် မိမိနေအိမ်ကဲ့သို့ သက်သာမှုကိုမျှမပေး။ ထိုရာဇဝတ်သားသည် မိသားစုနှင့် ပျော်ရွှင်စွာနေခွင့်မရ၊ မနေရသောကြောင့် စိတ်ဆင်းရဲရ၏။ မိမိ မလုပ်လိုသောအလုပ်ကို လုပ်ရ၏။ မစားလိုသော်လည်း အငတ်မခံနိုင်သောကြောင့် ပေးသမျှစားရ၏။ ရာသီဥတု အလွန်အေးသော်လည်း နွေးထွေးစွာ မနေရ၊ လုံလောက်သော အနွေးထည်မရ၊ အလွန်ပူအိုက်ချိန်လည်း ပူလွန်းသောကြောင့် အေးရာအေးကြောင်း ဖန်တီး၍မရ၊ ဤအရာအားလုံးသည် ရာဇဝတ်ပြစ်မှု၏ ဆိုးကျိုးများဖြစ်၏။ ဤအပြစ်ဒဏ်တို့သည် လူလူချင်းပေးသော အပြစ်ဒဏ်မျှ ဖြစ်၏။

သဘာဝသည် ထိုလူသားကို ဒဏ်ခတ်ရန် စောင့်လင့်သည်။ ယင်းဒုစရိုက်ကောင်တို့ကို အချုပ်ထောင်ထက်ဆိုးသောနေရာဌာနသို့ပို့ပေးသည်။ ထိုနေရာမျိုး၌ ဒုက္ခအမျိုးမျိုးကို ခံစေသည်။ အပြစ်ကံအလျောက် ကြီးလေးသော နေ့ရက်တာရှည်သော ဆိုးကျိုးများကို သဘာဝက ပေးလေသည်။ ထိုဆိုးကျိုးများကို ခံစားရသောနေရာတစ်မျိုးရှိသည်။ ဤသည်ကို ငရဲဟု ခေါ်သည်။

(မေး) ဗုဒ္ဓဘာသာမှာ (Perdition) ခေါ် အမြဲအပြစ်ဒဏ်ခံရတဲ့ နေရာမျိုး၊ သဘောမျိုး ရှိပါသလား။

(ဖြေ) ဗုဒ္ဓတရားတော်အရ ငရဲအမျိုးမျိုးရှိပေမယ့် အမြဲခံရတဲ့ ငရဲလို့ မရှိပါဘူး၊ တစ်ခါတစ်ရံ ကောင်းတာလုပ်တယ်၊ ကောင်းတာပြောတယ်၊ ကောင်းတာကို စဉ်းစားစိတ်ကူးတယ်၊ ဒါကို ကုသိုလ်လို့ ခေါ်တယ်၊ ဒီကုသိုလ်ဆိုတဲ့ သဘောတရားလေးဟာ

လို့ ကောင်းတဲ့ အကျိုးပေးဖို့ သတ္တိထူးတစ်ခုမြုပ်နှံပြီး ပျောက်ပျက်သွားပါတယ်၊ ငရဲမှာ ခံနေရတဲ့လူဟာ မကောင်းမှုကံရဲ့ သတ္တိ ပြေးပျောက်သွားတဲ့အလှည့်မှာ ဒီမြုပ်ကွယ်နေတဲ့ သတ္တိကလေး ပေါ်လာပြီး အကျိုးခံစားရတတ်ပါတယ်၊ ဒီတစ်ခါ လူအဖြစ်နဲ့ လူ့ဘဝမှာဖြစ်ဖြစ်၊ အခြား အခြေအနေကောင်းတဲ့ နေရာဌာန ဘုံတစ်ခုခုမှာဖြစ်ဖြစ် ဖြစ်ပေါ်လာပြီး ကုသိုလ်ကံရဲ့ ဆုလာဘ်ကို ခံယူကြရပါတယ်။

(မေး) "ဗုဒ္ဓဘာသာမှာ ငရဲရှိတယ်ဆိုတော့ အနာဂတ်ဘဝရှိတယ်လို့ ဆိုရာရောက်တယ်၊ အနာဂတ်ဘဝ ရှိတယ်ဆိုတာ ကျွန်ုပ်တို့ ဘယ်လိုလုပ် ယုံကြည်ရမှာလဲ၊"

(ဖြေ) "ခနဦး၊ အနာဂတ်ဘဝအကြောင်းကို စုံစမ်းစစ်ဆေးလိုလျှင် ပစ္စုပ္ပန်မရောက်မီက အတိတ်ဆိုတာကို စုံစမ်းစစ်ကြောဖို့ လိုပါတယ်၊ ပစ္စုပ္ပန်ဆိုတာကိုလဲ သေသေချာချာ သရုပ်ခွဲဖို့ လိုပါတယ်၊ ပစ္စုပ္ပန်ဆိုတာ ဘာလဲ ပြောကြပါ၊"

(မေးသူ အဖြေ) "ပစ္စုပ္ပန်ဆိုတာ ယခုလောလောဆယ် လှုပ်ရှားနေတာကို ခေါ်ပါတယ်၊ ယခု ရောက်နေတဲ့အချိန်နဲ့ ရောက်ဆဲနေရာဟာ ပစ္စုပ္ပန်ပါပဲ"

(ဘုရှင်) "ဟုတ်ပြီ၊ အကြမ်းစားပြောရရင် ယခုဘဝစက္ကန့်ဟာ ပစ္စုပ္ပန်၊ လွန်ခဲ့တဲ့ တစ်စက္ကန့်ဟာ အတိတ်၊ နောက်တစ်စက္ကန့်ဟာ အနာဂတ်ပဲ၊ မိနစ်ပိုင်း နာရီပိုင်းနဲ့ ပြောရရင်လဲ ဒီအတိုင်းပဲ၊ နေ့ရက်အခနနဲ့ ပြောရရင် ဒီနေ့ဟာ ပစ္စုပ္ပန်၊ မနေ့သည် အတိတ်၊ နက်ဖြန်ဟာ အနာဂတ်ပဲ၊ ဒီအပိုင်း ၃—ပိုင်းထဲက အတိတ်ပိုင်းဆိုတာ ဟိုအဝေးကြီး မပြောနဲ့၊ ယနေ့မှာပဲ မနက် ၆—နာရီက ၇-နာရီအတွင်း ဘာလုပ်ခဲ့တယ်ဆိုတာ ကိုယ့်ဟာကိုယ် ပြန်စဉ်းစားကြည့်၊ အကုန်လုံး မှတ်မိရဲ့လား၊ ဘယ်မိနစ်လောက်က ဘာပြောခဲ့တယ်၊ ဘာလုပ်ခဲ့တယ်၊ ဘာကို စဉ်စားခဲ့တယ်ဆိုတာ သိသလား၊ မသိပါဘူး၊ မမှတ်မိပါဘူး၊ မသိတာနဲ့ မမှတ်မိတာနဲ့ ဒီနာရီပိုင်းအချိန်ဟာ မရှိဘူးလို့ မပြောနိုင်ဘူး၊ တစ်နာရီ

အတွင်းက ဟာကိုမှ ပြန်မသိရင် မနေ့က ဘာတွေ လုပ်ခဲ့တယ် ဆိုတာ ဘယ်သိမှာလဲ၊ လွန်ခဲ့တဲ့ လတွေ နှစ်တွေက၊ ဒါမှမဟုတ် လူပျိုဘဝက၊ ကလေးဘဝက၊ နို့စို့နို့ညှာဘဝ ဆိုပါတော့၊ အမိဝမ်းထဲ သန္ဓေသားဘဝက ဟာတွေ ဘယ်မှတ်မိမှာလဲ၊ မမှတ်မိလို့ ဒါတွေ မရှိဘူးလို့ ဆိုနိုင်မလား”

မဆိုနိုင်ဘူး၊ မဆိုနိုင်ပေမယ့် ယုံကြည်ရတယ်၊ ကိုယ်တွေ့သိလို့ ဒါမှမဟုတ် မျက်မြင်နဲ့နှိုင်းစာပြီးဟုတ်လောက်မယ်လို့ ယုံကြည်လို့ပဲ မဟုတ်လား၊ ဒါကို ပါဠိလို ဘာသာနဲ့ဆိုရင် ပစ္စက္ခသိဒ္ဓိ၊ အနုမာနသိဒ္ဓိ—လို့ ခေါ်တယ်။

ဒါပေမယ့် မှတ်ဉာဏ်ဆိုတာ ရှိတယ်၊ မှတ်ဉာဏ်ကောင်းတဲ့လူများဟာ ဒါမှမဟုတ် မှတ်မိအောင် တကယ်လေ့ကျင့်ထားတဲ့ လူများဟာ လွန်ခဲ့တဲ့ အဖြစ်အပျက်တွေကို အတော် မှတ်မိတယ်၊ ကိုယ် သိဖူး မြင်ဖူးတဲ့ လူပုဂ္ဂိုလ် ဆွေမျိုးမိတ်ဆွေ ယောက်ယောက်ကိုဖြစ်စေ၊ ကိုယ်သုံးစွဲခဲ့ဖူးတဲ့ ပစ္စည်းတစ်ခုခုဖြစ်စေ၊ ဘယ်လောက် ကြာနေပစေ မြင်လိုက်တာနဲ့ ချက်ချင်းမှတ်မိတာပဲ၊ အဲလို လူမျိုးတွေကျတော့ အခြားသူတွေ မဖြစ်ခဲ့ဘူးလို့ ထင်တဲ့ဟာကို အတိအကျ ပြောနိုင်ကြတယ်၊ ဒါဟာ မနေ့ကလို နေ့မျိုးတွေက တဖြည်းဖြည်း မှုန်လာလို့ မွှေးစားလာလို့ မှတ်ဉာဏ်ဆိုတာ ပေါ် လာရတယ်။

ဒါတောင်မှ ကလေးကလေးဘဝက ဘယ်လို ယောကျ်ားကြီး မိန်းမကြီးတစ်ယောက် ဖြစ်လာတယ်ဆိုတာ သင် သတိပြုမိမှာ မဟုတ်ပါဘူး၊ ဘာကြောင့်လဲ၊ ဒီကလေးဟာ နေ့ချင်း ညချင်း ကြီးလာတာမှ မဟုတ်ဘဲ၊ လူအများကတော့ မှတ်ဉာဏ် အလွန်နည်းကြပါတယ်၊ သြစတြေးလျလူရိုင်းတွေ ဆိုရင်ဖြင့် ကနေ့ဟာ ကနေ့ပဲ မှတ်မိတယ်၊ နောက်နေ့ကျတော့ ယနေ့က ဟာတွေ ဘာမှ မမှတ်မိတော့ဘူး၊ မှတ်လဲ မထားတော့ဘူးတဲ့၊ ရေတွက်တာတောင် တစ်၊ နှစ် အများ ဒါပဲ ရေတွက်တတ်တယ်တဲ့၊

ဒါကြောင့် လူတွေဟာ ခုလောလောဆယ်ကိစ္စ၊ လောလောဆယ် အကြောင်းအရာတွေကိုသာ စဉ်းစားကြတယ်၊ သိချင်ကြတယ်၊ လွန်ခဲ့တဲ့ဟာကို မေ့ပစ်လိုက်ကြတယ်၊ ဒါနဲ့ အတိတ်ဘဝဆိုတာကို ပစ်ပယ်လိုက်ကြတာပဲ။

ဗုဒ္ဓက အတိတ်ဘဝနဲ့အတိတ်အကြောင်းရှိပုံ ဒီလိုဟောပြပါတယ်၊ လူတွေရော၊ အခြားသတ္တဝါတွေပါ အဆင့်အတန်းအမျိုးမျိုး ကွဲပြား ခြားနားနေကြတယ်၊ အချို့ကလှတယ်၊ အချို့က အရုပ်ဆိုးတယ်၊ အချို့မှာ ချမ်းသာပြီး အချို့ကျတော့ဆင်းရဲတယ်၊ အချို့ဟာဉာဏ်အလွန်ကောင်းပြီး သိလွယ်မှတ်လွယ်တယ်၊ အချို့ကျတော့ ဉာဏ်အလွန်ထုံတယ်၊ သင်လို့မရ၊ စာကျက်လို့ မရဖြစ်တယ်၊ ဒီလိုဖြစ်ရတာဟာ အကြောင်းမဲ့ မဟုတ်ဘူး၊ တစ်ချိန်ချိန်က တစ်နေရာရာမှာ အကြောင်းစုဆောင်းခဲ့လို့ပဲ ကိုယ့်ကိုယ်တိုင်ပဲ ကောင်းတဲ့အလုပ်၊မကောင်းတဲ့အလုပ်တွေကို လုပ်ခဲ့ ပြောခဲ့လို့၊ စဉ်းစား တွေးကြံခဲ့လို့ပဲ၊ ဒါကြောင့် မမြင်ရတဲ့ အတိတ်ဘဝဆိုတာရှိတယ်၊အတိတ်ဘဝဆိုတာလဲ တစ်ခုဘည်း တစ်ဘဝတည်း မဟုတ်ဘူး၊ဘဝပေါင်းများစွာ ရှိတယ်တဲ့။

ဗုဒ္ဓရဲ့တပည့်သား ဗုဒ္ဓဘာသာဝင်တွေကျတော့ ဗုဒ္ဓရဲ့ အသိဉာဏ်ကို ယုံကြည်ပြီး ဗုဒ္ဓဟောပြောတာကို အမှန်လို့ ယုံကြည်ကြတယ်၊ ယုံကြည်ကြ ပေမယ့် အကောင်အထည်နဲ့လက်တွေ့တော့ မပြနိုင်ဘူး၊ ဒကာတို့အထဲက အရှေ့တိုင်း မြန်မာတို့ ယိုးဒယားတို့ မရောက်ဖူးတဲ့သူတွေရှိမယ်၊အဲဒီသူတွေ ဟာ ရောက်ဖူးတဲ့လူတွေ ပြောပြတဲ့ ရွှေတိဂုံ စေတီကြီးတို့၊ မြတ်ဘုရား ရုပ်ပွား တို့ဆိုတာ မမြင်ဖူးပေမယ့် ယုံကြည်တယ် မဟုတ်လား၊ဘာဖြစ်လို ယုံကြသလဲ ဆိုရင် ပြောတဲ့သူအပေါ်မှာ ယုံကြည်စိတ်ချလို့ မဟုတ်လား၊ ဗုဒ္ဓ ဘာသာ ဝင်တွေလဲ ဗုဒ္ဓရဲ့ ဉာဏ်တော်ကြီးကို ယုံကြည်ကြလို့ ဗုဒ္ဓ ဟောပြောတာကို ယုံကြည်ကြတာပဲ။

အနာဂတ် ဘဝဆိုတာလဲ ဒီအတိုင်းပဲ၊ယခုဘဝမှာကောင်းတာတွေ လုပ်ကြ ပြောကြတယ်၊အများကောင်းစားရေး၊ အများကြီးပွားချမ်းသာ ရေး တွေးတော စဉ်းစားကြတယ်၊ စိတ်အေးအေးနဲ့ မေတ္တာပွားကြတယ်၊ ဒါတွေဟာ အချည်းနှီး ပျောက်ပျက်မသွားဘူး၊ ဒီကောင်းမှုတွေမှာ အခု ချက်ချင်းပဲဖြစ်ဖြစ်၊ နောက်ဘဝမှာပဲဖြစ်ဖြစ် ကောင်းတဲ့ အကျိုးဖလတွေ ကို ဖြစ်ပေါ်စေတတ်တဲ့ သတ္တိထူးကလေးဟာ ပါရှိလာတာဖြစ်တဲ့ အတွက် အဲဒီသတ္တိကလေးတွေ မြုပ်နှံပြီးမှ ပျောက်ပျက်သွားကြတယ်၊ ဒါကြောင့် အနာဂတ်ဘဝဆိုတာ ရှိတယ်၊ အဲဒီဘဝမှာ အကျိုးပေးမှာ အမှန်ပဲ။

ကောင်းတဲ့ အလုပ်လိုပဲ မကောင်းတဲ့အလုပ်လဲ ချက်ချင်း အဖြစ်ရစေတဲ့ အလုပ် နောက်ဘဝတွေမှာ အဖြစ်ရစေတဲ့ အလုပ်လို့ ရှိတယ်၊ သတ္တဂုဏ်ချင်း ကွဲပြားသလို အကျိုးအဖြစ်ရတဲ့ အခါမှာလဲ အဖြစ် အကြီးအသေး ကွဲပြားခြားနားပြီး ခံရပါတယ်၊ ရာဇဝတ်မှုတစ်ခု ကျူးလွန်တဲ့သူ အဖို့ အပြစ်ဒဏ် ကျခံဖို့နေရာဌာန(အကျဉ်းထောင် ရှိသလို အကုသိုလ် လုပ်တဲ့ သူတွေအဖို့ သူတို့အပြစ်ခံရမယ့်ဘုံဌာနငရဲဆိုတာ ရှိတယ်၊ တိရစ္ဆာန်ဘုံဆိုတာ ရှိတယ်၊ အဲဒီ ဌာနတွေမှာ မကောင်းမှုရဲ့ အကျိုးအပြစ်ကို ခံကြရပါတယ်၊ ဒါဟာ ဗုဒ္ဓရှင်တော်မြတ် ဟောညွှန်တဲ့ ကြောင်းကျိုး ဖြစ်စဉ်ကြီးပါပဲ၊ အဲဒီဖြစ်စဉ်အရ ဗုဒ္ဓဘာသာတွေဟာ အနာဂတ် ဘဝကို မမြင်ရပေမယ့် သေသေချာချာ ယုံကြည်ကြပါတယ်။

ယခုမျက်မြင် ဒီဘဝမှာပဲ အကြောင်းနဲ့ အကျိုးဟာ တွဲပြီး ဖြစ်နေတာ တွေ့ရမယ်၊ ကြောင်းကျိုးဖြစ်စဉ်မှာ အတိတ်ပိုင်း၊ ပစ္စုပ္ပန်ပိုင်း၊ အနာဂတ်ပိုင်းရယ်လို့ ထင်ထင်ရှားရှားကြီး တွေ့နေရသားပဲ၊ အသက်(၆)နှစ်သား သားက ကတည်းကစပြီး အိမ်မှာရော ကျောင်းမှာရော ကလေးငယ် တစ်ယောက်ဟာ ပညာသင်ခဲ့တယ်၊ သင်ကြားမှု သင်ယူမှုကတော့ ဒါထက် စောစောကတည်းက စခဲ့တာပဲ၊ ကလေး ကလေးဟာ မျက်လုံးနဲ့လဲ မှတ်နေတယ်၊ နားနဲ့လဲ မှတ်နေတယ်၊ လျှာနဲ့လဲ မှတ်နေတယ်၊ အမေ အဖေ မှန်းသိတယ်၊ သူစိမ်းကိုချင် အလွယ်ခနဲ မခံလိုဘူး၊ သူစိမ်းမှန်း သိတယ်၊ တစ်စတစ်စနဲ့ အဖေ အမေ အစ်ကိုအစ်မ ခေါ်လာတတ်တယ်၊ သိတတ်လာတယ်၊ ဒါတွေဟာ သင်ယူမှုပဲ၊ စားကောင်းတာ စားမကောင်းတာ ခွဲတတ်လာတယ်၊ ကောင်းတာ သူ့လက်ကောင်းတာ ခွဲပြီး သိမှတ်လာတယ်၊ လူကြီးပြောတဲ့ စကားတွေကို နားနဲ့ မှတ်မှတ်လာတယ်၊ အသံကို ကြားလိုက်ရင် ကားသံ၊ လူသံ၊ ငှက်သံ တိရစ္ဆာန် အသံပဲလို့ သိလာတယ်။ ဒီသင်ယူမှု အပိုင်းထဲမှာ နည်းနည်း သိတတ်တဲ့အခြေအနေကစပြီး မှတ်သိ သင်ကြားလာခဲ့လို့ (၆) နှစ် အရွယ်ရောက်တော့ ကျောင်းသွားရတဲ့အခါ ဆရာပြောတာနားလည်နိုင်တယ်၊ ကိုယ် ပြောချင်တဲ့ ဟာကိုလဲ ပြောတယ်၊ ပြောနိုင်တယ်၊ ဒါဟာ အတိတ် အကြောင်း ကောင်းခဲ့လို့ ယခု ပစ္စုပ္ပန်မှာ အစစ အဆင်ပြေလာ ပုံပဲ။

ဒီကလေးဟာ သူ့မိဘတို့က မြော်ပြပုံအတိုင်း အနာဂတ်လူကြီး ဖြစ်လာတဲ့အခါမှာ အသိဉာဏ်ကြွယ်ဝဖို့၊ ဗဟုသုတများဖို့၊ စာမေးပွဲအောင်

ဖို၊ အလုပ် ရဖို၊ ဂုဏ်သိန် အရှိန်အဝါရဖို့ဆိုတာတွေ မျှော်မှန်းပြီး ပစ္စုပ္ပန်မှာ စာကြိုးစားတယ်၊ ဝါသနာအလိုက် လက်မှုပညာတွေ သင်ယူတယ်၊ သူ ကြိုးစားတဲ့အတိုင်း၊ သူ သင်ခဲ့တဲ့အတိုင်း နောင်တစ်ချိန်မှာ အကျိုးခံစားရတယ်၊ အသက်မွေးဝမ်းကျောင်းအလုပ် အကိုင်တွေရတယ်၊ ဒါဟာ ပစ္စုပ္ပန်ကနေပြီး အနာဂတ်ကို ဖန်တီးယူခြင်းပဲ၊ ဒီတော့ အတိတ်က ပစ္စုပ္ပန်ကို အကြောင်းပြု၊ ပစ္စုပ္ပန်က အနာဂတ်ကို မွေးထုတ်တဲ့ အစဉ်အတိုင်းပဲ၊ ဟိုရှေးရှေးတုန်းကတွေမှာလဲ အတိတ်ပိုင်းအကြောင်းတရားတွေကို သတ္တဝါဟာဖန်တီးခဲ့တယ်၊ ဒါကြောင့် ဒီ ယခု ပစ္စုပ္ပန်မှာ အကြောင်းအလိုက် အကျိုးရခဲ့တာပေါ့။

ဒီနေရာမှာ အနာဂတ် တဝအကြောင်း သဘောပေါက်အောင် ဒီမေးခွန်းကို ဖြေကြည့်ရအောင်....

(မေး) "သင် ဘယ်ကလာခဲ့သလဲ"

"ကျွန်ုပ်တို့ အတိတ်ကလာကြသည်၊ ကျွန်ုပ်တို့ရှေက လုပ်ခဲ့တဲ့ အလုပ်(ကံ)တွေ လာခဲ့ကြသည်၊ လွန်ခဲ့တဲ့ဒုစရိုက်(အကျင့်ဆိုးများ)နှင့် သုစရိုက် (အလေ့ကောင်းများ)တွေထဲက လာခဲ့ကြသည်၊ လက်စမသတ်သေးတဲ့ အလုပ်တွေထဲက လာကြသည်၊ ကျွန်ုပ်တို့၏မသိမှု(အမှောင်)နှင့် တပ်မက်မှု အလိုရမ္မက်များမှ လာခဲ့ကြသည်၊ ယင်းသို့ အတိတ်က အကောင်းနှင့်အဆိုး အမူအကျင့်တွေကို ယူဆောင်ပြီး ယခု ပစ္စုပ္ပန်သို့ ကျွန်ုပ်တို့ ရောက်လာခဲ့ကြသည်။"

(မေး) "ကျွန်ုပ်တို့ ဘာကြောင့် ယခု ဒီလာရောက်နေကြတာလဲ"

"အတိတ်ကြောင့် ကျွန်ုပ်တို့ ဒီရောက်နေကြရခြင်း ဖြစ်သည်၊ အတိတ်သည် ပစ္စုပ္ပန်ကို မွေးဖွားပေး၍ ပစ္စုပ္ပန်မှ အနာဂတ် ပေါက်ဖွားရသည်၊ ကျွန်ုပ်တို့၏ ပျော်ရွှင် ချမ်းမြေ့မှုနှင့် ဝမ်းနည်းကြေကွဲမှုတို့သည် ကျွန်ုပ်တို့ကို ဤနေရာ ဤဒေသသို့ သယ်ဆောင်လာခဲ့ကြသည်။ အများဆုံးကတော့ လိုအင်ဆန္ဒ (ကဏှာပေမ) ကခေါ်ဆောင် လာခဲ့ကြခြင်းဖြစ်၍ နောက်ဆုံး ကိုယ်ကျိုးရှာလိုချင်မှု(Selfish Desire) ကလေးကို လက်စသတ် မဖျက်ဆီးနိုင်မချင်း ကျွန်ုပ်တို့ ဒီမှာ ရှိနေကြဦးမှာပဲ"

(မေး) "ကျွန်ုပ်တို့ ယခု ဘယ်ဆီကပယ်စခန်း ရှိတက်နေကြပါသလဲ"

"ကျွန်ုပ်တို့သည် ကြောင်းကျိုး ဖြစ်စဉ်ကြီး၏ အကျိုးပိုင်းသို့ သွားနေကြသည်၊ အလုပ် မပြီးသေးတဲ့သူ ဟူသမျှသည် ဘဝ စက်ဝိုင်းကြီး ကို လှည့်ပတ်ပြေးလွှားလျှိုသာ နေကြသည်၊ အလုပ် ပြီးအောင် ဆက်ကြရဦးမည် ဖြစ်သည်။ ကို့ကြောင့် မပြီးသေး သော အလုပ်ကို ပုံမှိုပြည့်စုံစွာ ပြီးစီးသည် အထိလုပ်ရန် ရှေ့သို့ တစ်စခန်းပြီး တစ်စခန်း ပျဲတက်ကြရဦးမည် ဖြစ်သည်။"

(မေး) "ဒါဖြင့် စခန်း ဘယ်မှာ ဆုံးမှာလဲ၊ဘယ်လိုအဆုံးသတ်ရမှာလဲ။ မပြီးသေးတဲ့ အလုပ်ဆိုတာ ဘာလဲ။"

"အလုပ်ဆိုတာ အမြင့်လွဲအထင်လွဲမှု မျက်နှာဖုံးကြီးကို ခွာလှစ် ခြင်း အလုပ်ပါပဲ၊ လောကဓမ္မခင်း အမျိုးမျိုး အလယ်မှာ မယိမ်းမယိုင် ရပ်တည်နိုင်ဖို့ အလုပ်ဟာ ဗုဒ္ဓ ညွှန်ပြတဲ့ အလုပ် ဖြစ်သည်၊ဗုဒ္ဓဘုရားတော်ကဘဝဆိုတဲ့ ခန္ဓာငါးပါး(တစ်နည်း) ရုပ် နာမ် နှစ်ပါးကို အဒေါအချော သဘော ပေါက်အောင် ရှုမှတ်ပြီး အဲဒီ ဘဝမှာ ရစ်ပတ် ရှုပ်ထွေး မည်းညစ်ထေး မနေ ရအောင် ဤလုပ်လုပ်ရမည်ဟု ညွှန်ပြသည်၊ အမှန်တကယ်ရှိတဲ့၊ သောက ငြိမ်းရာသဲ ဖြစ်တဲ့ နိဗ္ဗာန်ကိုရအောင် မဂ္ဂင်(၈)ပါး သူဒသောင်ခြင်း ဖြင့် လမ်းဆုံးလိုက်ရမည်၊ နိဗ္ဗာန်သည် လမ်းဆုံး ပန်းတိုင်ဖြစ်သည်၊ နိဗ္ဗာန်ရောက်လျှင် စခန်း ဆုံးတော့သည်"

ဥရောပတိုက်တွင် အရှင်လောဂိလ ဗုဒ္ဓဘုရားတော်များ ဟောပြောနေချိန်တွင် ဗုဒ္ဓ ဘာသာ၏ အခြေအနေ

အနောက်သို့ ဗုဒ္ဓဘုရားတော်ကို ရှေးဦးပို့ပေးသူများတွင် အခြား ပုဂ္ဂိုလ်များထက် ထူးခြားစွာပို့ပေး သူကား ရဟန်းတော် အာနန္ဒမေတ္တေယျ အမည်ရှိသော ဗြိတိသျှလူမျိုး ရဟန်းတော်ဖြစ်သည်။ သူကား ၁၈၇၂– ခုနှစ်၊ ဒီဇင်ဘာလ ၈–ရက်၌ မွေးဖွားသော လန်ဒန်မြို့သား ဖြစ်သည်။ အမည်မှာ စီအိတ်အာလန်ဘင်နက် (Charles Henry Allen Bennett)ဖြစ်သည်။ အသက် ၁၈–နှစ်အရွယ်တွင် "အာရှအရောင်ခြည်" မည်သော ဗုဒ္ဓပုတ္တိပျူကို ဖတ်ရှုမိရာက ဗုဒ္ဓဆိုသော ပုဂ္ဂိုလ်ကြီးကိုလေးစားမြတ်နိုး

မိသည်။သူ ဟောပြောသော တရားတော်များကို ကျေနပ်သဘောကျသည်။ ထိုအချိန်မှ စ၍ ရတတ်သမျှ စာအုပ်စာတမ်း ဆောင်းပါးများကို ရှာဖွေ၍ ဗုဒ္ဓအကြောင်းအရာ၊ဗုဒ္ဓ၏အတွေးအခေါ်၊ဗုဒ္ဓသင်ပြချက်များကို လေ့လာသည်။အသက်မွေးပညာအဖြစ်ဖြင့် "Analytical Chemistry" ခေါ် ဓာတုဗေဒကိုယူ၍ လက်တွေ့အလုပ်လုပ်နေသောကြောင့် ဗုဒ္ဓဓမ္မ၏ လေ့လာဖွယ်ရာများကို တွေ့သိ ခံစားရပေသည်။

ဤနေရာ၌ အာလန်ဘင်းနက်မျှမက အခြားအခြားသော အနောက်နိုင်ငံသား ပညာရှင်များသည် ဗုဒ္ဓတရားတော်ဘက်သို့ အဘယ်သို့ မျက်နှာမူလာကြသည်ဆိုသည်ကို အနည်းငယ်မျှ တင်ပြဦးအံ့။

ပညာရှင်တို့အဆိုအရ ၂၀–ရာစုနှစ် အစပိုင်းလောက်က ဗုဒ္ဓဓမ္မနှင့် အနောက် ထိတွေ့လာကြသည်ဟု ဆိုသည်။ အနှိကား ဂျာမန်လူမျိုး ဒဿနဗေဒပညာရှင်အာသာရှိုပင်ဟွာ(Arthur Schopenhaur 1788–1860)သည် ဗုဒ္ဓဓမ္မဆိုင်ရာ အတွေးအခေါ်များကို တစ်စိတ်တစ်ပိုင်း သွင်းလာခဲ့ပေသည်။

၁၈၇၂–ခုနှစ်၌ (Mr. Rhys Davids) ရိုက်(စ) ဒေးဗစ် ဦးဆောင်၍ ပါဠိစာပေအသင်းကြီးကို လန်ဒန်မြို့၌ တည်ထောင်ခဲ့သည်။ ရိုက်(စ)ဒေးဗစ်နှင့် တစ်ခေတ်တည်းလောက်၌ သီဟိုဠ်ကျွန်းတွင် ရှီးရီး ကျောင်းဆရာ ဘဝမှ မဟိန္ဒကော လိပ်ကျောင်းအုပ်အဖြစ်အထိ ပညာရေး ဘက်တွင်အမှုထမ်း၍ ပါဠိစာပေများကို လေ့လာ လိုက်စားကာ ဓမ္မ နိကာယ်စသည်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသွားသော F.L. Wood– wood ၏ Some Saying of the Buddha လက်ရွေးစဉ်ဗုဒ္ဓဒေသနာ တော်များ၊ အမေရိကန်လူမျိုး ဝါရန်း (1854 – 1899) (H-C. Warren) ဆိုသူ အရှေ့တိုင်း ဘာသာရပ်ဆိုင်ရာ ပညာရှင်၏(Bud- dhism in Translations)ခေါ်သော အုပ်များ၊(Max Muller) မတ်(စ)မူလာနှင့် (Fausboll) ဖော့(စ်)ဘိုးလ် အမည်ရှိသော ဂျာမန် ပညာရှင်များ၏ ပါဠိဘာသာ ဘာသာပြန်များသည် အနောက်နိုင်ငံသား တို့၏ ထက်မြက်သော စဉ်းစားဉာဏ်ကို ပို၍ ထက်မြက်စေသည်။လေးလေး နက်နက် စဉ်းစားစေသည်။ အရှေ့တိုင်း ဖိလိုဆိုဖီကို လိုလိုလားလား လေ့လာနိုင်အောင် အမြဲဘပ်း တိုက်တွန်းအားပေးလျက် ရှိနေသည်

၁၉—ရာစုနှစ် သိပ္ပံအမြင်သည် ရုပ်ပိုင်းဆိုင်ရာ၌ လာ၍သာ ဘောင်ခတ်၍ထားခြင်းကို စဉ်းစားတတ်သော ပညာရှင်များက မနှစ်မြို့နိုင်ကြပေ။ မိရိုးဖလာကိုးကွယ်လာသည့် ခရစ်ယာန် ဘာသာတရားတွင်လည်း အားနည်းချက် အတော်များများကို သူတို့တွေ့နေကြရပေသည်။ သိပ္ပံပညာ၏ တိုင်းတာချက်နှင့် အစမ်းအသပ်ကို မိမိတို့ဘာသာတရားက မခံနိုင်ကြောင်း သိမြင်နေကြ၍ သံသယကုက္ကုစ္စတို့ကို မျိုသိပ်၍မရ ဖြစ်နေကြ၏။

ဘာသာတရားနှင့် သိပ္ပံပညာ နှစ်ရပ်ကို ဆက်စပ်ကာ ပေါင်းကူးပေးနိုင်မည့်သူများကို မျှော်နေကြစဉ် လူသားသည် တဖြည်းဖြည်းတိုးတက်လာသော စကြဝဠာ၏ တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်ကြောင်း သေချာ သိလာသောအခါ Creation ဖန်ဆင်းမှုဆိုသည်ကိုလက်ခံ၍ မဖြစ်တော့ပေ။ Reincarnation ခေါ်သော လူဝင်စားဘဝကို ဘာသာအယူနှင့်ဆန့်ကျင်နေသောကြောင့် လက်မခံလိုသည့်ကြားတွင် ကိန်းဘရစ်(ဂျ်) တက္ကသိုလ်မှ Mac Taggart မက်တက်ဂတ်ကဲ့သို့သော ပညာရှင်များက အထောက်အထားများနှင့် တင်ပြလာသောအခါ မငြင်းနိုင်ဘဲ နားဝေတိမ်တောင်ဖြစ်နေကြသူများလည်း အရေအတွက် မနည်းလှပေ။

အလှအပဘက်မှာရော သိပ္ပံပညာဘက်မှာပါ ရှေးဟောင်း အယူအဆတို့ကို ဘေးဖယ်၍ ရှေးက စွဲအလမ်း ထုံးတမ်း စဉ်လာတွေကို တွန်းထုတ်ကာ အမြင်သစ် အတွေးသစ်များ နေရာယူစပြု နေချိန်တွင် ဗုဒ္ဓတရားတော်များသည် အနောက်နိုင်ငံသားတို့၏ နှလုံးကို အေးစေလျက် တစိမ့်စိမ့် ဝင်လာနေပေသည်။

ရှေးပိုင်းကျသောလူများ ဗုဒ္ဓတရားတော်ကို လက်ခံရာ၌ ပါဠိအဆိုအသာများကို များစွာ မသိကြ သေးသူတို့ လက်လှမ်းမီသမျှသာ လက်ခံယုံကြည်သည်။ အောက်ပါလေးပါး ကောက်နုတ်ချက်ကို ဖတ်ရှုကြည့်ပါလျှင် ထိုစဉ်က ဗုဒ္ဓဓမ္မအပေါ် အနောက်နိုင်ငံသားတို့ သဘောထားပုံ၊ သုံးသပ်ရှုမြင်ပုံတို့ကို ဟာစေ့ဘာဝင်း မြင်ရပါလိမ့်မည်။

The most striking phenomenon of our times, a process which has been going on for more than a decade, is the growing confusion in the Religious Thought of the West. With the Weakening of theological dicta has proceeded an indifference to the higher, more spiritual aspects of life, together with tendencies towards gross superstitions which find their expression in diverse, and most unhealthy forms of heterodoxy. It is not necessary to specify these, indeed; it would be against the Buddhist spirit to do so. The Buddhist method is now, as it has ever been, to refrain from the condemnation of other modes of thought, but simply, gently, yet with emphasis, to set forth its own teachings, and to leave them to pread their own cause at the bar of human reason and experience. In psychology, in the sphere of the mind, in the realms of the spiritual, Buddhism moves at ease, confident of its knowledge, confident of its logic, to state clearly, fully and conclusively its solutions of those problems which have vexed the minds of men from time immemorial, solutions which were presented satistfactorily to the acute mind of the orient two thousand five hundred years ago, and which, finding a mentality, an intellectual standard, in the west only now capable of adequately grasping them, are about to be presented, as we think to the great benefit of this and coming generations........And those who are helping in this great work will, in the future, come to be regarded with the same feelings of gratitude, with the same reverence, which we accord to those who stimulated the Renaissance from the dark ages of Medieval Europe. There is, thus, no hostility, or even rivalry between the Buddhist movement and the conventional forms of religion in the West. Buddhism is the friend of all, the enemy of none, Animosity, if such there be, can only proceed from one side, but it is certain that it will never be returned in kind. For those who are uneasy in their doubts and questionings, who lack a sure guide to peace of mind,

who are bereft of the consolations of Faith in the higher sense, Buddhism has a message, strong, sure, convincing. For those who are satisfied with any other belief, creed, philosophy....call it what they will, Buddhism has no other feelings save of sympathy, of kindness, of fellowship, united with a desire for helpful co-operation, provided only that their efforts are for the benefit for the well-being, for the uplifting of humanity to higher ideals of life, of thought, of action, and of the duties of Common Brotherhood throughout the world.

၁၉၀၉ ထုတ် Buddhist Review (ဗုဒ္ဓဘာသာဝင်တို့ အမြင်) ပထမစောင်တွင် ဂျေအီးအဲလမ်း (J.E.Ellam) မည်သော သူက ခေါင်းကြီးပိုင်း၌ ရေးသားထားပုံကို အောက်ပါအတိုင်း ဖတ်ရှုရသည်။

၁၀ နှစ်ကျော်ကျော် တိုင်အောင် ကျွန်ုပ်တို့ ခတ်၍ အနောက် ဘာသာရေးအတွေးအခေါ်ပိုင်းတွင်တစ်နေ့တခြားရှုပ်ထွေးမှုများ သံသယဝင်မှုများ ပေါ်ပေါက် လာနေသည်မှာ ထူးခြား မှတ်သားဖွယ် ကောင်းသော အဖြစ်တစ်ခု ဖြစ်သည်။

ဘဝ၏ မြင့်မားသော (အတ္တ) ဝိညာဉ်ဆိုင်ရာ အချက်အလက်များ၌ စိတ်ဝင်စားမှုမရှိ လျစ်လျူရှုမှုများ ဖြစ်ပေါ်လာသည်။

ဤပျော့ကွက် ဟာကွက်များကို အထူးလည်း ဖော်ထုတ်နေခြင်းသည် ဗုဒ္ဓဘာသာဝင်ပို့၏ သဘောလက္ခဏာနှင့် ဆန့်ကျင်၍ လိုအပ်သော ကိစ္စလည်းမဟုတ်၊ အခြား ဘာသာတရားများကို အမှန်ပြော ခြင်းမှ ရှောင်ကြဉ်၍ ဗုဒ္ဓ[illegible]၏ သင်ပြချက်များကို ရိုးရိုးကလေးနှင့် နူးညံ့သိမ်မွေ့စွာ အသိပေး ပြောဟောမှုသာ ဗုဒ္ဓဘာသာဝင်တို့၏ လုပ်နည်း လုပ်ဟန်ဖြစ်သည်။ အခြားဘာသာ အယူဝါဒများကို လူတို့၏ စဉ်းစားဉာဏ်နှင့် အတွေ့အကြုံတည်းဟူသော တရားခွင်၌ ခုံဘင်၍ဆုံးဖြတ် ကြလိမ့်မည်။

ဗုဒ္ဓဓမ္မသည် စိတ္တဗေဒ စိတ်၏နယ်ပယ်တွင် သက်သာ လွယ်ကူစွာ တိုးဝင်စေသည်။ အထက်ကျော်ကာရီက လူတို့၏ စိတ်ကို ချောက်ချားစေခဲ့သော ပြဿနာများ၏ အဖြေကို ပြည့်ပြည့်စုံစုံ ပြတ်သားတိကျစွာ ပေးနိုင်ရန် အသိဉာဏ်နှင့် ဒဿနဗေဒကို ယုံကြည်မှုများစွာနှင့် ရှေ့သို့ ချီတက်သည်။ ယင်းအဖြေများကား လွန်ခဲ့သော အနှစ် ၂၅၀၀ လောက်က အရှေ့တိုင်းသားတို့၏ထက်မြက်သောစိတ်ကိုကျေနပ်စေလောက်အောင် တင်ပြပြီး ဖြစ်သည်။

အနာဂတ်၌ ယခုအခါမှသာ ပြည့်ပြည့်စုံစုံ ခံယူနိုင်လောက်သော စိတ်နေသဘောထားနှင့်စူးစမ်းတွေးခေါ်မှုအဆင့်မြင့်ပုံကို တွေ့၍ အဆိုပါ အဖြေများကို ယခုဘင်ပြတော့မည် ဖြစ်သည်။ ကျွန်ုပ်တို့သည်ယင်းသို့တင်ပြခြင်းဖြင့် နောက်သဲ နောက်လတ္တံ့ မျိုးဆက်များအဖို့ အကျိုးကြီးစွာ ဖြစ်ထွန်းလိမ့်မည်ဟု ယုံမြင်ကြ၏။

အလယ်ခေတ်ဥရောပတိုက် ပြန်လည်ပွင့်လန်းချိန် (Renaissance) ကို လှုံ့ဆော်ခဲ့ကြသော သူများအား ကျေးဇူးတင်စွာ မြတ်နိုးတနာပြုခဲ့သကဲ့သို့ ဤဗုဒ္ဓဘာသာပြန့်ပွားရေး ကိစ္စကြီး၌ အကူအညီ ပေးကြသူများကိုလည်း ကျွန်ုပ်တို့ မြဲမြံကြည်နူး အထူးကျေးဇူးတင်စွာ မှတ်တမ်းတင်ကြမည် ဖြစ်ပါသည်။

ဗုဒ္ဓဓမ္မသည် လူအားလုံး၏ မိတ်ဆွေဖြစ်သည်၊ မည်သူ၏ ရန်သူမျှ မဟုတ်၊ ရန်ပြုသာသော်မှ တန်ဖိုးထားသော သဘောဖြစ်၍ ဗုဒ္ဓဓမ္မကား ရန်တုံ့ပြန်လိမ့်မည် မဟုတ်ပါ။

သံသယဒွိဟကွေ့ကြောင့် ရင်မလင်းသူများ၊ စိတ်ငြိမ်ရန် ခေါင်းဆောင်မှုပေးမည့်သူ ကင်းမဲ့နေသူများ၊ အထက်တန်း မျှော်မှန်းချက်၌ မိမိတို့ပင်ရင်းသဘော၏ နှစ်သိမ့်မှုမှ ဆုံးရှုံးနေကြသူများအား ဗုဒ္ဓဓမ္မက ခိုင်ခံ့သေချာ သိသာသော အဆုံးအနများ ပေးပါလိမ့်မည်။

အခြားဘာသာဝင် ယုံကြည်ချက်အမြင်များဖြင့် ကျေနပ်နေသူများအား ဗုဒ္ဓဘုရား၏တော်က ကရုဏာမေတ္တာ ခင်မင်မှု ပြည့်ဝစွာကြင်သ ယကြည်ဖြူပါလိမ့်မည်။ (ကမ္ဘာ့ ဗ နှံ့ ညီရင်းအစ်ကိုကဲ့သို့ ကာယစိတ္တ မျှတညီညာ တာဝန်ကျေစွာ ဆောင်ရွက်လျက်အကျိုးရှိမှု၊ ကြီးပွားအောင်

မြင်မှုနှင့် အဆင့်မြင့်မြင့် လူ့ဘောင်၏ တိုးတက်မှုကို ပေးနိုင်မည် ဆိုလျှင် ဗုဒ္ဓဘာသာက ပူးပေါင်းဆောင်ရွက်ပါလိမ့်မည်။)

အခြားစာရေးဆရာတစ်ဦး၏ Creation ဖန်ဆင်းမှုနှင့်ပတ်သက်သူ့အမြင် သူ့အတွေးကို ရှုပါ။ သိပ္ပံစာရေးဆရာအား နက် အာ-ဂရလို (အမ်အေ၊ဘီအက်စ်) ရေး "အရှေ့နှင့်အနောက် ဘဝကူးပြောခြင်း" ဆောင်းပါးမှ ...

## Transmigration in East and West

(By the scientific writer, Ernest R, Carlos, M.A.BSc

If,Many believe, one single life decides the whol course of the future, why is one life here for a fev weeks, and another for seventy or eighty years For one thing, there is in the first case less risl of eternal loss, but the question, Does this lif matter or does it not? If it does not, why are we here at all? If it does, then evidently the chilc who took his departure after three weeks did not reap the full benefit of life, and if life has value, if we are to learn therefrom, where is the logic in sending into eternal bliss a life which scarcely deserves it? Moreover, if we are to strive for perfection as enjoined by our Teacher, it seems utterly unthinkable that one could arrive at perfection in a single life. Again, it would be unjust for one to have a greater opportunity than another, and if we consider the wide gulf existing between primitive Savage and the enlightened civilised man, we must admit that it would be to great advantage of the former, were he to return a few more times instead of shooting off straightway into eternity "With all his imperfections on his head."

The idea first occureed to man partly from the desire for justice and partly from the deep and overwhelming feeling of pain, which The manifest transience of earthly life produces in the human breast. That the idea did arise in not strange. The

final law of creation is said to be love; but the sin and suffering bequeathed to our race, through no apparent fault, makes us regard life as ceaseless struggle in which the strongest win and the weakest go to the wall. Why are some born rich others poor? Why are some endowed with the seeds of intelligence and high mental qualities, while others have minds the best education can make nothing of? We see royal souls, men in whose faces we may read high sentiments of love and self sacrifice, whose characters are pictures for admiration, and others whose very countenances are strange criminal and even inhuman.

What answer can be given to the criminal, who in reply to our exhortation to love, justice and kindness says, "How can I help being so? Blame him who has put me in bad surroundings. I was born in a slum, brought up by drunkards, heard littlemore than curses and filthy language in my youth, and was taught nothing that was noble. Can you wonder that I am wicked ? I was not so fortunate as you, who, through no merit of your own, were placed among refined people full of tenderness, giving you everything you wanted and offering you no daily temptations to steal. I had not your education, why blame me ? Blame my invironment Justice demands that everyman should have an equal opportunity, and reincarnation gives this opportunity. It furnishes the answer to problems which religious dogma cannot deal with, and which materinal science is not ready to face."

## နောက်ဘဝနှင့် လူဝင်စားပြဿနာ

ပါဠိဘာသာနှင့် ပုနဗ္ဘဝ၊ အင်္ဂလိပ်ဘာသာဖြင့် (Rebirth)ခေါ်သော ယခုဘဝပြီးလျှင် တစ်ဖန် ပြန်၍ဖြစ်ခြင်း၊ လူအဖြစ်နှင့်သာ မဟုတ်၊ ကြက်၊ ငှက်တိရစ္ဆာန်စသော အောက်တန်းစားဘဝ လူတို့ထက် အဆင့်မြင့်

သော နတ်ဘာဝ စသည် ဖြစ်ခြင်းကို ချို့သော အနောက်တိုင်းသား တို့က လက်မခံကြပေ။ အနောက်တိုင်းသားများသည် အများအားဖြင့် ယင်းနောက်ဘဝ ဆိုသည်ကို မစဉ်းစားကြပေ။

သို့သော် (The Doctrine of Rebirth) နောက်ဘဝ ဝါဒ ကား အသစ်အဆန်းတော့ မဟုတ်။ ဘီစီ၊ ခရစ်ကို ၆ ရာစု နှစ်ဦးလောက် က စ၍ ရှိခဲ့ပုံရသည်။ ထိုသက် ရှေးကျလိုကလည်း ကျမည်။ လူသန်းပေါင်း များစွာ ယုံကြည်ကြသော ယုံကြည်ချက် ဖြစ်သည်။

ဤဝါဒ ဤအယူသည် အရှေ့မှာသာ ရှိသည် မဟုတ်။ အနောက်မှာ လည်း ရှိသည်ပင်။ ကမ္ဘာ့ အတွေးအခေါ်များအနက် လူဝင်စား ဝါဒ (Reincarnation in the World Thought) ယူသော ဟက် Head နှင့် ကရင်တန် Cranston တို့ တည်းဖြတ်သည့် စာအုပ်ငယ်တွင် ဘဝ တစ်ပါးကို ယုံကြည် လက်ခံလိုကြသော အနောက်ဘက် တွေးခေါ်ရှင် ကြီးများ ၄၀၀ ကျော် စာရင်းဘင်ထားသည်ကို တွေ့ရပေသည်။ ရှေးပိုင်း ကျသော ပလေတို၊ ပလိုတီနပ်စ်၊ ပိုက်သာဂေါရဆ် စသော တွေးခေါ် ရှင်ကြီးများ၊ နောက်ပိုင်း မကြာမီနှစ်အတွင်းမှ ဖြစ်သော ရှိုပင်ဟွာ၊ ဂေါ် သဲ၊ ဟျူဂို၊ ဗောလ်တဲယား၊ တီဒိပ်ဟပ်စလေ စသော ပညာရှင်ကြီးများ သည် ထိုဘဝသစ် ဝါဒကို ထောက်ခံကြသည်။

သည့်မျှမက ဒေါ်လစဘူလိုင်၊ သော်ရိုး၊ ဘရောင်းနင်း၊ လောင်ဖဲလို၊ ကစ်ပလင်း ဟင်နီဆင်၊ မန်စဖီး၊ ရိုက်တမန် စသော စာရေးဆရာကြီးများ ဘရူနို၊ ဝေါလတား၊ ဆာ ဟင်နရီဝုကဲ့သို့သော ဟူရိယာဂီတပညာရှင် ကြီးများ ဟင်နရီဖို့ကဲ့သို့သော စက်မှုလက်မှု ပညာရှင်ကြီးများ ကလည်း ထိုဝါဒကို ယူဆ ထောက်ခံ ဆွေးနွေးခဲ့ကြသည်။

သို့သော် ဗုဒ္ဓသာသနာ၏ မျိုးစေ့ချလိုသော မျိုးစေ့မှ ပေါက်ပြီး သော အပင်ငယ်များကို ရှင်သန်ကြီးထွားအောင် အားထုတ်လိုသော အရှင် သေဋ္ဌိလသည် နောင်ဘဝ မရှိဟူ၍ လည်းကောင်း၊ ရှိရှိ မရှိရှိ မစဉ်းစားလို၊ တို့နှင့်မဆိုင် ဟူ၍လည်းကောင်း၊ အများစုတို့က လက်ခံ ထားကြသဘောထားကြသော အနောက်နိုင်ငံ အင်္ဂလန်တွင် ဘဝသစ် ဟူသည်ဟု ဘယ်လိုများ ပြောဟောသင်ကြားခဲ့ပါသနည်း

ဗုဒ္ဓဘာသာ တရားတော်များကို နားလည်စေလို၊ လက်တွေ့ကျင့်သုံးစေလိုလျှင် သံသရာ၊ ဘဝသစ်၊ နိဗ္ဗာန်၊ ကံ၊ ကံ၏အကျိုးစသော အခြေခံချက်များကို မလွှဲမရှောင်သာ ဟောရပေမည်။ ဘယ်လိုစ၍ ဘယ်လို ယုတ္တိပြကာ ဘယ့်နှယ်များ အဆုံးသတ်ရပါလိမ့်မည်နည်းဟု စဉ်းစားမိသဖြင့် တွေးတောမိပေလိမ့်မည်။

"ဆရာတော်ဘုရား၊ ဒီဘဝ အသစ်အကြောင်းနှင့် ပတ်သက်ပြီး ဘယ်လိုများ သင်ပြခဲ့ ဟောပြောခဲ့ရပါသလဲဘုရား"

အစက စ ပြောရမယ်ဆိုရင် ဗုဒ္ဓဘာသာဝင် မဟုတ်တဲ့ လူတွေမှာ အတ္တကလေး ရွှေ့ပြောင်း နေတတ်တယ် ဆိုတဲ့ အယူ (A belief in transmigration of Souls) ရှိကြောင်း သမိုင်းကြောင်းနဲ့ချီပြီး ပြောရတယ်။

ရှေးဟောင်း အီဂျစ်လူမျိုးတွေဟာ သူတို့ရဲ့မင်မီခေါ်တဲ့ အလောင်းတွေကို ကြာရှည်တည်နေအောင် ဆေးစိမ်တာဟာ အခြားကြောင့် မဟုတ်ဘူး၊ သူလို့ခေါ်(က)ခေါ်တဲ့ ဝိညာဉ်ကလေး တခြားကိုယ်ကို သွားယူမှာစိုးလို့ လုပ်တာတဲ့၊ အီဂျစ်မှာ ဒီအယူမျိုး ရှိတယ်ဆိုရင် ယဉ်ကျေးမှုချင်း ဘာသာအယူချင်း ဆက်နွယ်နေတဲ့ ဘေဘီလုံတို့ အဆီရီယာတို့မှာလဲ ဒီအယူမျိုးရှိမယ်ဆိုတာ ခန့်မှန်းနိုင်တယ်။

သူတို့ နောက်ကျတဲ့ ခရစ်ကို ၆—ရာစုနှစ်လောက်မှာ ဂရိပြည်က အော့ဖီယတ်ခေါ်တဲ့ (Orpheus) သရေစ်မြို့သား ကဗျာဆရာ တူရိယာဆရာ တစ်ယောက်ဟာ သူ့ခေါင်းလောင်းသံနဲ့ သက်မဲ့ ရုပ်ဝတ္ထုတွေ လှုပ်ရှားပေးနိုင်တယ်လို့ ဆိုတယ်၊ သူ့ရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ အယူအဆအပြုအမူတွေဟာ နောက်တော့ (Orphism) လို့ ခေါ်တယ်၊ သူ့ ဝါဒထဲမှာ ဘဝသစ်ဝါဒ ပါလာတာ တွေ့ရတယ်၊ ဒီဝါဒဟာ ဆီရော့စ (Syros) မြို့က ဖယ်ရီဆိုက် (Pherecydes) လူမျိုးတို့ရဲ့ သင်ကြားခြင်းမှာလဲ ပါလာတာ တွေ့ရတယ်။

ခုန အော့ဖစ်ဝါဒအရ လူဟာ ကောင်းတစ်ဝက်ဆိုးတစ်ဝက်စုံတဲ့ ဖက်စပ်ဖြစ်တယ်တဲ့၊ ဘဝတွေ ထပ်တလဲလဲ ဖြစ်တဲ့ အတွက် ဘာသာရေး ဝတ်ပြုမှုတွေ သုစရိုက်ကိုယ်ကျင့်တရားကောင်းတွေကြောင့် မကောင်းတာ

တော့ ကင်းစင်ပြီး ဘဝစက်ဝိုင်းကြီးက လွှတ်မြောက်ရတယ်တဲ့၊တစ်ခါတည်း နတ် ဖြစ်သွားရောတဲ့။

ဒီအယူတွေဟာ ဗုဒ္ဓဘာသာရေးတောနဲ့ တစ်စိတ်တစ်ဒေသ တူလာတယ်၊ ဟိန္ဒူမှာရော ဂျိန်းမှာရော ခပ်ဆင်ဆင်ရှိတာပဲ၊ အချင်းချင်း ဆက်သွယ်မှု ရှိချင်ရှိနေမယ်၊သမိုင်းသက်သေ ယခုထိမတွေ့ရသေးလို့ တစ်ထစ်ချ မပြော နိုင်ဘူး။

ဒီအချိန်လောက်မှာ ဗြာဟ္မဏကျမ်းစာတွေ ဥပနိသျှဒ် ကျမ်းစာ တွေထဲမှာ ဒီဝါဒဟာ တိုးတက်တည်မြဲနေပြီ၊ဒါကြောင့် ကုန်သည်တွေက ဟစ်ဆင့် အီဂျစ်တို့၊ ဂရိတို့ ရောက်လာတာလို့ ဆိုချင်သိုနိုင်တယ်၊ အဆက် အသွယ်နဲ့ ကူးပြောင်းရောက်ရှိလာတာမဟုတ်ဘဲ တစ်ချိန်တည်း တစ်ခေတ် တည်းမှာ ဂရိမှာ ဒီဝါဒ ပေါ်လာတာလဲ ဖြစ်နိုင်တယ်။

ဘာပဲဖြစ်ဖြစ် ဘဝပြောင်းလဲ ဖြစ်နေတယ် ဆိုတာရယ်၊ (Moral Value ခေါ်တဲ့ သုစရိတမပွတွေနဲ့စင်ကြယ်သန့်ရှင်းအောင် လုပ်လို့ရတယ်၊ ဆိုတာရယ်၊ ဂရိနဲ့အိန္ဒိယ လာတူနေတယ်၊ ပြောင်းလဲနေတာ ဘယ်သူလဲ ဆိုတော့(Soul) အတ္တကလေးပဲလို့ အာရှရော အနောက်ရော ယူဆကြ တယ်၊ ဒါထားလိုက်၊ အတ္တကို နောက်မှ ရှင်းမယ်၊ဘဝသစ် ရှိတယ်ဆိုထာ သမိုင်းကြောင်းက သက်သေခံနေပြီ။

ဒီတော့ ဘဝဆိုတာ စဉ်းစားကြမယ်၊ ဘဝဆိုတာ ဘာလဲ၊ ဘဝ ဆိုတာ ဖြစ်ဖြစ်နေတာပဲ၊ ဖြစ်ဖြစ် လာနေတာပဲ၊ (Life is becoming) အဲဒီဖြစ်လာနေတယ်ဆိုတာ ဘာတွေလဲ စစ်ဆေးကြည့်၊ ကာယ စွမ်းအင်၊ စိတ်စွမ်းအင်တွေပဲ၊တစ်နည်းပြောရရင် ဘဝဆိုတာ စွမ်းအင်နှစ်ခု ပေါင်း စပ်ခြင်းပါပဲ၊ အဲဒီစွမ်းအင်နှစ်ခုဟာ အမြဲ ပြောင်းလဲနေတယ်၊အဲဒီစွမ်းအင် နှစ်ခုဟာ ခဏနှစ်ချက်လောက်မျှ တစ်ဆက်တည်းတူညီကြတာ မဟုတ်ဘူး၊ ခဏတိုင်းဖွားလိုက် သေလိုက်ပဲ၊ အခုဘဝမှာပဲ ခုပဲ ဆိုပါတော့၊ ငါတို့ဟာ အမြဲမပြတ် မွေးလိုက် သေလိုက်ပဲ၊ ဒါပေမယ့် ငါတို့ဟာ ဆက်လက်ရှိနေ တုန်း,ဖြစ်နေတုန်းပဲ။

ဒီတော့ တစ်ခါထပ်ပြီးမေးကြည့်၊ဒီမွေးလိုက်, သေလိုက်,ဖြစ်လိုက်, ပျက်လိုက် ဖြစ်နေတဲ့အစဉ်ဟာ ဘာလဲ၊ လှုပ်ရှားမှုဆိုတာ အင်္ကာရှင်းပဲ'

(Action)ဆိုရင် (Reaction)ဆိုတာ ရှိရတယ်၊ ပြုခြင်း, တုံ့ပြန်ခြင်း၊ တစ်နည်းအကြောင်းနဲ့ အကျိုးပေါ့၊ အကြောင်းအကျိုးဆိုတော့ လူတွေဟာ တသျှပ်လျှပ် လှုပ်ရှားရင်း (Action) ပြုလုပ်မှုနဲ့ (Rection)တုံ့ပြန်မှုတွေ အဆက်မပြတ် ပေါ်အောင် လုပ်နေကြတာပဲ၊ ဒီအကျိုးကရှင်းတွေဟာ လူတွေရဲ့ စိတ်ဆန္ဒစေ့ဆော်မှုအရ ကောင်းတာလုပ်၊ မကောင်းတာလုပ်လုပ်မိတယ်၊ အကောင်းတွေ များလာတော့ ကောင်းတဲ့ ရီအက်ကရှင်းတွေ ပေါ်မလာဘူးလား။

ဒီအခါမှာ ကောင်းအောင် လုပ်တာ ဘယ်သူလဲ၊မိမိ ကိုယ်တိုင်ပဲ၊ မကောင်းအောင်လုပ်တာကော ဘယ်သူလဲ၊ မိမိ ကိုယ်တိုင်ပဲ၊အခြား ဘယ်သူကမှ ဖန်တီးပေးတာ လုပ်ပေးတာ မဟုတ်ဘူး၊ မိမိဟာမိမိ လုပ်နေ ဖန်တီးနေတာပဲ၊ ဒီလိုဆိုရင် (Creator) ဆိုတဲ့ ဖန်ဆင်းရှင် မရှိတော့ဘူးပေါ့။

ပြီးတော့ နောက်တစ်ခုက ကျွန်ုပ်တို့ ရိတ်ကြတဲ့ အသီးအနှံဟာ ကျွန်ုပ်တို့ စိုက်ပျိုးခဲ့တဲ့ မျိုးစေ့နဲ့ တူရမယ်ဆိုတဲ့ သဘောဟာ ရုပ်ဖြစ်စဉ်ရော နာမ်ဖြစ်စဉ်ပါ ယာစ်ပါတည်း မှန်ကန်တဲ့ သဘောဖြစ်တယ်၊ ဒါကို လက်ခံတယ် မဟုတ်လား။

အဲဒီသဘောကြောင့် သတ္တဝါတစ်ဦးနဲ့တစ်ဦး မတူညီကြဘူး၊စိတ်နေ စိတ်ထားရော ပုံပန်းသဏ္ဌာန်ရော ကွဲပြားကြတယ်၊ပညာတတ်တယ် မတတ်ဘူး၊ ရုပ်လှတယ် မလှဘူး၊ ချမ်းသာတယ် ဆင်းရဲတယ်၊ မွေးကတည်းက အသိဉာဏ်ပါလာတယ်၊ ထုံထိုင်းနေတယ်၊ ဒါလို ကွဲပြားမှုတွေ ဖြစ်နေတာဟာ ကိုယ်စိုက်တာ ကိုယ်ရိတ်ရတဲ့ သဘောပဲ မဟုတ်လား။

ဘယ်သူမှ ဖန်ဆင်းပေးတာ လုပ်ပေးတာ မဟုတ်ဘူးနော်၊ကိုယ့်ဟာကိုယ် လုပ်တယ်၊ ဘယ်တုန်းက လုပ်ခဲ့ဘာလဲ၊တစ်ချိန်က တစ်နေရာမှာ လုပ်ခဲ့တာပဲ၊ အက်ရှင်းနဲ့ ရီအက်ရှင်းဖြစ်စဉ်ကြီးဟာ ဘယ်က စတယ်လို့ အစရှာမရဘူး၊ ဟိုရှေးအခါတွေက လုပ်ခဲ့တာတွေ ရှိတယ်၊ လုပ်ခဲ့လို့ အခု ဖြစ်နေရတယ်၊အကျိုးခံစားနေရတယ်၊တစ်ခါ အခု လုပ်နေပြန်တော့ နောက်ဖြစ်ရပျက်ရဦးမှာပေါ့၊ ခံရခံရဦးမှာပေါ့၊ ဖြစ်ဆို ပြန်တော့ ပျက်ရဦးမှာပေါ့၊ တစ်ဘဝ တစ်ခါ -သ- ဆိုတဲ့ အပျက်မျိုးနဲ့ ပျက်ပြီးပြန်တော့လဲ ခရီးမဆုံးသေးဘူး။

အစေ့ကစပြီး သစ်ပင်တစ်ပင် ဖြစ်ထွန်းလာပုံကြည့်ပါ၊ ဒီသစ်ပင်ရဲ့ ယခု လက်ရှိအခြေအနေမရောက်မီ စတော့ ဘယ်ကစသလဲ၊ အစေ့ကလေး က စတင်ကြီးပွားလာတယ်၊ အစေ့ကနေ အစေ့ဖြစ်လာတာ မဟုတ်ဘူး၊ အမြစ် ပင်စည် အကိုင်းအခက်တွေ ရှေးဦးဖြစ်လာတယ်၊ ဖြစ်လာတော့လဲ အစေ့ဆိုတဲ့ အကြောင်းတစ်ခုတည်းကြောင့် ဖြစ်လာတာ မဟုတ်ဘူး၊ မြေကြီး ရေ လေ နေပူဆိုတဲ့ အခြံအရံအကြောင်းတွေ ပါသေးတယ်၊ ဒါတွေမပါနိုင် သစ်ပင်ဟာ ပေါက်ကို မပေါက် ဘူး၊ ဖြစ်လာတော့ အစေ့က အစေ့သာ ဖြစ်တာ မဟုတ်၊ အကျိုး ဆက်အနေနဲ့ အမြစ် ပင်စည် အကိုင်းအခက်တွေ ဖြစ်လာတယ်၊ အခြံအရံ အသိုင်းအဝိုင်းတွေနဲ့ ဖြစ်လာ တယ်၊ ဒါကြောင့် ကြောင်း ကျိုးဖြစ်စဉ်ကြီးမှာ အကျိုးတစ်ခုဟာ အကြောင်း တစ်ခုတည်းကြောင့် မဟုတ်၊ အကြောင်းများစွာပေါင်း ပြီး အကျိုးတစ်ခု ကို သူ့နေရာကနေ သူ ပြုပြင် ဖန်တီးပေးတယ်၊ ဒီလိုပဲ အကြောင်းတစ်ခု ကြောင့် အကြောင်း ကြောင့်ဖြစ်လာတဲ့ အကျိုးကျတော့လဲ ခုနပြောသလို အကျိုးတစ်ခုတည်း ဖြစ်လာတာ မဟုတ်ဘူး၊ ရုံပုံလင်လင် အသိုင်းအဝိုင်းနဲ့ ဖြစ်လာတာပဲ။

ခုနသစ်ပင်ဟာ ချိန်ရောက်လို့ ရင့်ကျက်လာပြီဆိုတော့ မျိုးစေ့နဲ့ တူတဲ့ အသီး သီးလာတယ်၊ သီးလာတော့လဲ အစေ့တုန်းက တစ်ခုတည်းပေ မယ့် အသီးတွေသီးလာတော့ မရေမတွက်နိုင်အောင် သီးလာတယ်၊ တစ်နှစ် မကဘူး နှစ်ပေါင်းများစွာ ဆက်သီးနေတယ်၊ ဒါဟာ သဘာဝပဲ၊ သက်မဲ့ သဘာဝနဲ့ သက်ရှိဘဝဟာ အတူတူပါပဲ၊ နမ်ပိုင်း ပါ ပေါ်လာကြတဲ့ ခြားတယ်။

ဒီသစ်ပင်ဥပမာ ခွဲခြမ်းစိတ်ဖြာစစ်ဆေး ကြည့်ရအောင်။

လက်ရှိသစ်ပင်ကြီးရဲ့ ပင်မ အကြောင်း မျိုးစေ့ဟာ သတ္တဝါတို့၏ အတိတ်ဘဝက လုပ်ခဲ့လိုက်ခဲ့တဲ့ အလုပ်အကိုင်ရှိန်နဲ့တူတယ်၊ ဒါကို ဗုဒ္ဓ အသိ မှာက ကံလို့ခေါ်တယ်၊ ဒါဟာ အတိတ်ပိုင်းနော်၊ အခြံအရံ အကြောင်းတွေ အများကြီး ရှိတယ် ဆိုတာလဲ သတိပြုပါ၊ နောက် သစ်ပင် ကြီးရင့်လာတဲ့အခါမှာ အသီးတွေ သီးသီးပေးနေတယ်၊ ဒါနဲ့ သတ္တဝါ တွေ အခု ပစ္စုပ္ပန်ဘဝမှာ ကိုယ်နှုတ်စိတ်နဲ့ လုပ်ရှိန်း မျိုးမျိုးတွေလုပ်နေ တာနဲ့တူတယ်၊ ဒါက ပစ္စုပ္ပန်ပိုင်းပေါ့၊ ဒီသစ်ပင်ကသီးပေးလိုက်တဲ့ အသီး

တွေမှာ အစေ့ကလေးတွေ ပါတယ်၊ ဒီအစေ့တွေဟာ ခုနပြောခဲ့တဲ့ လေ့၊ မြေ၊ ရေ၊ နေပူဆိုတဲ့ အခြံအရံအကြောင်းတွေ ရလာတဲ့အခါ အဲဒီ သစ်ပင်ကြီးမျိုးတွေ သူ ဖန်တီးပေးလိမ့်မယ်၊ အဲဒီအစေ့ကနေ အပင်ပေါက်တဲ့ အပိုင်းဟာ ဘဝသစ်အပိုင်း၊ ခုန ပစ္စုပ္ပန်က ကြည့်ရင် သူဟာ အနာဂတ်အပိုင်းပေါ့။

ဒီနေရာမှာ အစေ့၊ အပင်၊ အစေ့၊ နောက်တစ်ဆက် အစေ့၊ အပင်၊ အစေ့-လို့ မျိုးဆက်တွေဟာ မဆုံးနိုင်တော့ဘဲ ဝိုင်းကြီးပတ်ပတ်လည်နေတယ်၊ သတ္တဝါတွေမှာလဲ မွေး၊ ကံပြုလုပ်၊ သေ—မွေး၊ ကံပြုလုပ်၊ သေ၊ ဒီအစဉ်ကြီးဟာ မဆုံးနိုင်ဘူး၊ ဒါကို သံသရာခေါ်တာပဲ၊ (Revoulving in Round of Rebirth or Cycle of Becoming)လို့ ခေါ်တယ်။

ဘဝစက်ဝိုင်းကြီးထဲမှာ ချာချာပတ်ပတ်လည်နေခြင်းလို့ အဓိပ္ပာယ်ထွက်တယ်။

ဒီအဆင့်ရောက်လာတော့ အတ္တကူးပြောင်းတယ်ဆိုတာ ဟုတ်မဟုတ်၊ အတ္တဆိုတာ ရှိမရှိကို ဆွေးနွေးလို့ ဖြစ်ပြီ။

ကဲ....ကူးပြောင်းတယ် ဆိုတာ ဘာလဲ၊ ဟိုဘဝနဲ့ ဒီဘဝ ဆက်လာတယ်၊ ဒီကနေ ဟိုသွားတယ်ဆိုရင် ကူးပြောင်းတာပေါ့၊ ရုပ်နဲ့ နာမ်တွေ ဒီလိုကူးပြောင်းသလား၊ ကြည့်ရအောင်။

လူကြီးတစ်ယောက်၊ အသက် (၆၀) လောက်ရှိပြီ၊ နာမည်က Mr.S ဆိုပါတော့၊ သူ ငယ်ငယ်တုန်းက Boy S.ကျောင်းသားအရွယ်မှာ Student S၊ အလုပ်နဲ့ အကိုင်နဲ့ အိမ်ထောင်ကျတဲ့အခါ Mr S၊ သူဟာ ကလေးဘဝက တဖြည်းဖြည်း ကြီးထွားလာတာပဲ၊ သူ ကူးပြောင်းလာတာ ဟုတ်ကဲ့လား၊ ဟုတ်ရင် ကလေးတုန်းက အတိုင်း ပုံပန်းတူရမယ်၊ စိတ်နေစိတ်ထား တူရမယ်၊ ကြိုက်တာချင်း တူရမယ်၊ မတူဘူး၊ အသားအရေချင်းလဲမတူ၊ ပုံပန်းချင်းလဲမတူ၊ သွားပုံ လာပုံ ဟန်ပန် မတူတော့ဘူး၊ ပြောပုံဆိုပုံ လေယူလေသိမ်းလဲ မတူတော့ဘူး၊ စိတ်နေစိတ်ထားလဲ မတူတော့ဘူး၊ ကြိုက်တာချင်းရော တူသေးလား၊ မတူတော့ဘူး၊ မတူရင် ကူးပြောင်းတာ မဟုတ်ဘူး၊ အဆင့်ဆင့် ကြီးပွားလာတာသာ ဖြစ်တယ်၊

 လူကြီးဟာ ကလေးမဟုတ်တာတော့ သေချာတယ်၊ ဒါဖြင့် လုံးလုံးမတူ

ဘူးလားဆိုတော့ မဟုတ်ပြန်ဘူး၊ ညည်းနည်းတူနေတာလဲ အမှန်ပဲ၊ ဒါ ဘယ်လိုလဲဆိုရင် အသွင်တူညီတဲ့ ရုပ်ကလာပ် အမှုန်အမွှားလေးတွေ အဆက်မပြတ် ဖြစ်နေတယ်၊ ဒါကြောင့် တူနေတာ ၊ရှေ့နောက်အသွင်က တူညီနေတာကိုး။

ဥပမာအနေနဲ့ မြစ်ရေအယဉ် စီးသွားနေတာကို ကြည့်ပါ၊ရေဆိုတာ အလွန် မှုန်မွှားတဲ့ ရေပေါက်ကလေးတွေစုနေတာပဲ၊အဲဒီရေပေါက်ကလေးတွေ ဟာလဲ အမြဲ ချုပ်ပျက်နေတာပဲ၊ မျက်စိအောက်က ပျောက်ပျောက်သွားနေတာပဲ၊ဒါပေမယ့် သူ့နောက်က သူနဲ့ အသွင်အပြင်လက္ခဏာတူတဲ့ ရေက ဆက်လက်စီးလိုက်လာတယ်၊ ကြည့်လိုက်တော့ ခုန မြင်ရတဲ့ရေဟာ အခု တွေ့နေတဲ့ ရေလိုပဲ ထင်ရတယ်၊ ဟုတ်တော့ မဟုတ်ပါဘူး၊နာမ်ကလဲ ဒီလိုပဲ၊ရုပ်ကလဲဒီအတိုင်းပဲ၊အမှန်ကတော့ ဒါတွေဟာ(The Process of Becoming and Passing Awsy)ဖြစ်ပျက်စဉ် တစ်ခုသာ ဖြစ်တယ် ဒီအထဲမှာဟိုနာဒီနား ပိုက်လဲ လျှောင်းတည်နေတဲ့အတ္တမရှိဘူး (Permenet And Unchanging Substance)မပြောင်းမလဲတည်ရှိနေတဲ့အတ္တဆိုတာ ဘယ်မှာလဲ။ဆိုလ်(Soul)ဆိုတာ မရှိပါကလား၊(Feeling, Thanking) ဆိုတာတွေပဲ ရှိပါကလား။

တစ်ခါ ရုပ်ဘက်ကို ကြည့်လိုက်တော့ သိပ္ပံပညာဆိုသလို အက်တမ်ခေါ်တဲ့အနုမြူ၊တစ်ဖန် သူ့ထက်အသေးစိတ်လိုက်တော့ နျူထရွန်၊ ပရိုတွမ် အီလက်ထရွန်ဟူ ပိုဘာတွေ တွေ့ရတယ်၊ ဒီအမှုန် အမွှား ကလေးတွေဟာ ဘာတွေလဲလို့တော့ လျှပ်စစ်လှိုင်းတွေ တုန်ခါမှုတွေပဲတဲ့၊အဲဒီအထဲမှာလဲ (Imperishable Entity)ပျက်မစီးနိုင်တဲ့ အတ္တဆိုတာမရှိပါဘူး၊ဒါဖြင့် ကူးပြောင်းတာလဲ မဟုတ်၊ကူးပြောင်းတတ်တဲ့ အတ္တလဲ မရှိဘူးပေါ့၊လူတွေ ထင်နေကြတဲ့(Transmigralion of Soul)ဆိုတာ မဟုတ်တော့ဘူးပေါ့၊ ဒါက ဒီဘဝခန္ဓာကိုယ်ကြီးကို သရုပ်စစ်ဆေးကြည့်တာပဲ။

"ဒါဖြင့်ရင် နောက်ဘဝကျတော့ ဘယ်ကစပြီး ဘယ်ဟာတွေက နေပြီး လူရယ်လို့ ဖြစ်သလာလဲ၊ ဘဝသစ် ပေါ်လာပုံကလေး ရှင်းလင်း ပေးပါ ဘုရား...."

နောက်ဘဝ၊ တစ်မျိုးပြောရင် ဘဝသစ်ဆိုတာ ရုပ်ခန္ဓာကိုယ်ကြီး အလုပ်မလုပ် နိုင်လောက်အောင် ရင့်ရော်ပျက်စီး ပြိုကွဲသွားလို့ အသစ်လို့ ခေါ်ရတာ၊ နောက်ဘဝလို့ ပြောနေရတာ၊ ဖြစ်ပျက်စဉ်ကြီး အနေနဲ့တော့ တစ်ဆက်တည်းပဲ၊ ဒီဘက်ကမ္ဘာက လှုပ်ရှားမှု အက်ရှင်တွေမှာ တုံ့ပြန်မှု ရီအက်ရှင်ကို ဖြစ်စေနိုင်တဲ့ သတ္တိလေး ရှိတယ်၊ အဲဒီသတ္တိကို (Energy) လို့ ခေါ်တယ်၊ အဲဒီ သတ္တိလေးဟာ သစ်ပင်ဥပမာတုန်းက အစေ့ကလေး လိုပဲ၊ အပင်နဲ့ တူတဲ့ ရုပ်သစ် နာမ်သစ်တွေကို သူက ပေါက်ပွားပေးလိုက်တာပဲ၊ တို့ ဗုဒ္ဓ အဘိဓမ္မာ အခေါ်ကတော့ နာနာက္ခဏိက ကမ္မနဲ့ ဝိပါက ခေါ်တဲ့ ပစ္စည်း ဆက်သွယ် အကျိုးပြုခြင်းပါပဲ။

ဒါကို နည်းနည်း ရှင်းအောင် ပြောဦးမယ်၊ တို့ ဗုဒ္ဓအဘိဓမ္မာမှာ စိတ္တနိယာမဆိုတာ ရှိတယ်၊ စိတ်စေတသိက်တွေ အဆက်မပြတ် ဖြစ်ပျက်စဉ်နဲ့ ပြောင်းလဲ ဖြစ်ပျက်နေပေမယ့် ပရမ်းပတာ ဖြစ်ချင်ရာဖြစ်တာ မဟုတ်ဘူး၊ သူ့အစဉ်ကလေးနဲ့ သူ ဖြစ်နေတာ၊ ဒါကို စိတ္တနိယာမ (The Order of Mentality) ခေါ်တယ်။

အဲဒီ စိတ္တနိယာမ သဘောအတိုင်း နာမ်တရားတွေ ဖြစ်ပျက်နေတဲ့ နေရာမှာ ယခု တစ်ဘဝတည်းမှာပဲ အကြိမ်ပေါင်း မရေမတွက်နိုင် ဖြစ်ပျက်နေကြတယ်၊ ဒီနာမ်တရားတွေဖြစ်တဲ့အခါတိုင်းမှာ သူတို့ရဲ့စွဲမှီရာ အာရုံတစ်ခုခုကို အမှီပြုပြီး ဖြစ်ကြတယ်၊ အာရုံပြုတယ်ခေါ်တယ်၊ အဲဒီ အာရုံတွေကို အမျိုးအစားအလိုက် ခွဲလိုက်တော့ အဆင်းရူပါရုံ၊ အသံသဒ္ဒါရုံ၊ အနံ့ ဂန္ဓာရုံ၊ အရသာ ရသာရုံ၊ အတွေ့ ဖောဋ္ဌဗ္ဗာရုံ အဲဒီ ၅-မျိုးမှလွတ်တဲ့ သဘာဝ အမျိုးမျိုး ဓမ္မာရုံလို့ ခြောက်မျိုးရတယ်၊ ဒီ ၆-မျိုးထဲက အာရုံတစ်ခုခုပေါ်လာတယ်ဆိုရင် သူ့ဆိုင်ရာဆိုင်ရာ စိတ် ဝိညာဉ် ဖြစ်ပေါ်လာတယ်၊ အဆင်းဆိုရင် အမြင်စိတ်၊ အသံဆိုရင် အကြားစိတ်၊ အနံ့ဆိုရင် နံစိတ်၊ အရသာဆိုရင် လျှာနဲ့တို့ပြီး မြည်းသုံးစားမျိုစိတ်၊ အတွေ့ဆိုရင် ထိတွေ့စိတ်၊ သဘာဝ အာရုံဆိုရင် အတွင်းစိတ်လို့ သူ့အာရုံနဲ့ သူ့စိတ် ဖြစ်တယ်။

ဒါတွေကို အဘိဓမ္မာ သင်တန်းပေးတဲ့အခါ အသေးစိတ် ရှင်းပြမှ ဖြစ်တယ်၊ စိတ်တစ်ခုမှာ သူ့မှီရာ အာရုံနဲ့ သူ၊ သူ့အလုပ်ကိစ္စ လုပ်နဲ့သူ ဖြစ်နေတာ၊ ဖြစ်ချင်တိုင်း တောရမ်းမယ်ဆို့ ဖြစ်နေတာ မဟုတ်ဘူး၊

ပြီးတော့သဲ စိတ်အစဉ်ဆိုတာငြိမ်ငြိမ်ကလေးဖြစ်နေတဲ့ ဘဝင်စိတ်၊လှုပ်လှုပ်ရှားရှား ဖြစ်ပေါ်လာတဲ့ ဝိထိစိတ်လို့ ၂-မျိုး ကြမ်းစားမှတ်ထားရမယ်၊ ရေငြိမ်ငြိမ်ကလေး စီးနေရာမှ ငါးကပွက်တော့ ရေလှုပ်ပြီး လှိုင်းကလေး ထသွားသလိုပဲ၊ ရေငြိမ်ငြိမ်ကလေး စီးနေတာက ဘဝင်စိတ်နဲ့တူတယ်၊ လှိုင်းထသွားတာက ဝိထိစိတ်နဲ့တူတယ်၊တစ်ခါ အာရုံနဲ့တွေ့လို့ လှုပ်တော့ မယ်ဆိုရင်ဘဝင်စိတ် ၂-ကြိမ်လောက်လှုပ်ပြီးရပ်စဲသွားတယ်၊သူ့နောက်က အစဉ်အတိုင်း အာရုံ၅-ပါးကို ဖင်ပေး ဆင်ခြင်ပေးတဲ့အာဝဇ္ဇန်းစိတ်ပြီး မြင်စိတ်စသည်၊ သူ့နောက် အာရုံကိုခံယူ၊ ယင်း... အာရုံကိုစုံစမ်း၊ ယင်း နောက် ဒီအာရုံကိုမှတ်၊ ယင်းနောက် ဒီအာရုံသိပြီး ၇-ကြိမ်လောက်ဖြစ်၊ ဒီနောက်မှာ ဘဝင်မရောက်သေးခင် ၂-ကြိမ်လောက် ဇောနဲ့သဘောတူ သလိုရှိတဲ့ စိတ်ဖြစ်ပြီး ငြိမ်သွားပြီး ဘဝင်ကျတယ်၊ဒီအစဉ်ကို ခုန်ကျော်ပြီး ကမောက်ကမဖြစ်ချင်တိုင်း ဖြစ်တာမဟုတ်ဘူး၊ ဒါ-တစ်ခုလောက် နမူနာ ပြတာနော်၊ သူ့အကြောင်း ပြောရရင် ကာခမ်းတနားကြီးပဲ။

တိုတိုပြောရရင် နာမ်တရားတွေဟာ ဒီလို သူ့အာရုံနဲ့ သူ့မှီရာနဲ့ သူ့အလုပ်တာဝန် သူ ထမ်းဆောင်ပြီး ဖြစ်ပျက်နေတ ဟာ နာရီကလေး တချက်ချက်သွားနေသလိုပဲ၊သံပတ်ကုန်တော့ နာရီက ရပ်သွားတာလို ကံရဲ့အရှိန်အဟုန်ကုန်တော့ ဒီဘဝဖြစ်စဉ်ရပ်သွားတော့ လိုက်ကြရတယ်၊ သံပတ်ပြန်ပေးတော့ နာရီကလေး သွားပြန်ဟာလို ကံအသစ်တွေ လုပ် ထားခဲ့တဲ့အတိုင်း ကံ၏သတ္တိကလေးပေါ်လာတော့ ခုန် ဘဝဟောင်းတုန်း က ပျော်သွားသလိုဖြစ်တဲ့ စုတိစိတ်ကလေးနောက်က စိတ်အစဉ်ပြတ် မသွားဘဲ ဆက်ပေးတဲ့ ပဋိသန္ဓေစိတ်ကလေး ပေါ်လာတယ်၊ အဲဒီ ပဋိသန္ဓေ ... ပြီး ... လ က ဝေါဟာရ ဘဝသစ်ပေါ်တဲ့ နာမ် တရားတွေ ... ဖြစ်ပျက်စဉ်ကြီး နဲ့ ဖြစ်ပျက်ပြန်ရော၊ ဟစ်ဘာ တစ်ခါ ... ရုပ်တရားကြီးရဲ့မျက်စိနဲ့မြင်သ ... အပျက်ကြီး ပျက်ဘာသို့ ကြည့်ပြီး ပြောနေရတာ၊မျက်စိနဲ့မြင် ... မဉာဏ်နဲ့သာမြင်နိုင်တဲ့ အပျက်တွေ ... ဒီဘဝမှာပဲ ရောက်လို့မကုန်နိုင်ဘူး၊ အသေ ကသေး သော ... စဉ်းလုပ်ပါပဲ။

"ဒီလိုဆိုရင် ဘုရား၊ရုပ်တောင်ကြီးတော့ ဒီဘာ အဆုံးသတ်မှာ တစ်ခါတည်း ပြုတ်ကျ ကျန်ရစ်တယ်၊ နာမ်တော့ ပြုတ်ကျကျန်နေတာ

မဟုတ်၊ သူက အဆက်မပြတ် ဆက်သွားနေတယ်လို့ ခိုရမလား ဘုရား၊ ဒီလိုဆိုရရင် ဥပနိသျှဒ်ကျမ်းများက ဆိုကြသလို အတ္တဆိုတာ ကလေးရဲ့ လက္ခဏာနဲ့ သွားညီနေမလားလို့၊ သူတို့ အဆိုက ပုတီးကုံးထဲမှာ ပါတဲ့ ကြိုးကလေးဟာ ပုတီးတစ်လုံးစီ ရွေ့သွားပေမယ့် ပြန့်မသွားတဲ့ အတွင်းမှာ တည်မြဲ တည်နေပါတယ်တဲ့၊ ပုတီးတစ်လုံးစီ ရွေ့သွားတာနဲ့ ခန္ဓာကိုယ် ကောင်ကြီး ပြုတ်ကျကျန်ရစ်တာနဲ့ တူတယ်၊ အတ္တကလေး အဆက်မပြတ် မပြုတ်ဘဲ တည်နေတာနဲ့ အတွင်းကကြိုးကလေး မပြတ်ဘဲ တည်နေတာနဲ့ တူတယ်လို့ ဆိုပါတယ် ဘုရား။”

ဒါက ဒီလိုပါ၊ အတ္တဆိုတာကို က နာမ်တရား မဟုတ်ဘူးနော်၊ နာမ်ဆိုတာ ခန္ဓာအနေနဲ့ပြောရင် ခန္ဓာ ၄-ပါး၊ ဗုဒ္ဓက ခန္ဓာ ၄-ပါးဟာ အတ္တမဟုတ်တဲ့အကြောင်း သေသေချာချာ ဟောခဲ့တယ်၊ အတ္တဟာ အမြဲ တမ်း တည်ရှိတယ်၊ (Everlasting) မပျက်စီးဘူး( Imperishable ) နာမ်ခန္ဓာ ၄ပါးက မမြဲဘူး၊အမြဲပျက်စီးနေတယ်၊ဒီတော့ အတ္တ သဘောနဲ့ ခန္ဓာ ၄ပါး သဘောဟာ ဖီလာဖြစ်နေတော့ အတ္တနဲ့နာမ် ခန္ဓာတစ်ခုတည်း မဟုတ်ဘူး၊ သဘောအတူတူ မဟုတ်ဘူး ဆိုတာ ထင်ရှားတယ်၊ ဒီတော့ အတ္တဟာ ခန္ဓာ ၄ပါး မဟုတ်ရင် ခန္ဓာရဲ့အပြင်ဘက်မှာ ရှိရမယ်လို့ တချို့ က ဆိုကြပြန်တယ်၊ တချို့ ဆိုတာတွေထဲမှာ (Mrs, Rhys Davids Miss I.B. Honour)တို့ အပါအဝင်အနောက်တိုင်းက ပါဠိပညာရှင်တွေ အတော်များများပါတယ်။

ကိုယ်ကောင်ကြီး ပြုတ်ကျကျန်ရစ်တယ်၊ နာမ်တရားတွေ ပြုတ်ကျ မကျန်ရစ်ဘူးဆိုတာ အနွယ်ပုဂ္ဂိုလ်ဉာဏ်တွေရဲ့ အမြင်ပါ၊ ရုပ်သဘောနဲ့ နာမ် သဘော မတူပါဘူး၊ ရုပ်ကောင်ကြီးမှာ ကံ,စိတ်,ဥတု,အာဟာရ အကြောင်း၄ပါးရှိတယ်၊နာမ်မှာ ဥတုနဲ့အာဟာရဆိုတဲ့အကြောင်းမရှိဘူး၊ ကံနဲ့ စိတ်ဆိုတဲ့ အကြောင်းပဲရှိတယ်၊ မြင်သာတဲ့အကြောင်း အကြမ်းစား ပြောနေတာနော်၊အစာစားရရင်တစ်မျိုး မစားရရင်တစ်မျိုး၊သိသိသာသာ ကြီး ပြောင်းလဲဖောက်ပြန်တာ ရုပ်၊ နာမ်မှာ ဒီလိုမရှိဘူး၊အေးလွန်းပူလွန်း ဥတုကြမ်းကြီးနဲ့ တွေ့ရရင် ရုပ်ဟာဖောက်ပြန် ပျက်စီးတယ်၊ နာမ်ဟာ ဥတု ကြောင့် မဖောက်ပြန်ဘူး၊ အေးလဲ့ စိတ်အစဉ်ဟာ အယောက်နားက ပြောခဲ့ သလို မပြောင်းမလဲ သူ့ဖြစ်စဉ်အတိုင်း ဖြစ်ပြီးချုပ်သွားတာပဲ၊ ပူတော့

ကော ဒီအတိုင်းပဲ၊ဒါကြောင့်ပဲ မြင်သာသိသာလောက်အောင် ဖောက်ပြန်တတ်လို့ ရုပ်ခေါ်တာ၊နာမ်မှာ ခဏမစဲ ပျက်နေပေမယ့် မြင်သာတဲ့ပျက်ခြင်းမျိုးမဟုတ်ဘူး၊ ဒါကြောင့် နာမ်ပျက်နေတာ မမြင်၊ ရုပ်ပျက်တာကိုသာ မြင်ရလို့ ပြုတ်ကျကျန်ရစ်တယ်လို့ ပြောတာ၊ နာမ်မှာလဲ ပြုတ်ကျကျန်ရစ်တယ်လို့ မဆိုသာပေမယ့် ပြတ်စဲ ကုန်ပျောက်သွားတဲ့ သဘောဟာ ခုန ပြောတဲ့အထဲ ပါသွားပြီးပါပြီ။

ဆာလောင်နေလို့ စားလိုတဲ့ စိတ်အာသာကလေး ပေါ်နေတယ် ဆိုပါတော့၊မစားရသေးခင်ကတဆွဲ့ဆွဲ့ခုန်ရလောက်အောင် စားလိုတဲ့ အာသာကလေး၊တဏှာခေါ်တယ်၊ တဏှာလို့ ပြောပါရစေတော့၊ တဏှာ ကလေး ပေါ်နေတယ်၊ စားလိုတဲ့အစား စားလိုက်ရတော့ ဒီအာသာ ကလေး ပျောက်သွားတယ်၊ ခုနက ရှိတယ်၊ခုမရှိဘူး၊ဒါဟာ ကုန်ပျောက် သွားတဲ့ သဘောပဲ၊အိပ်ချင်တဲ့ အာသာ ရှိနေတယ်၊ အိပ်လိုက်ရတော့ အာသာကလေး ပျောက်သွားတယ်၊ ဘယ်ရောက် သွားသလဲ၊ ဘယ်မှ ရောက်မသွားဘူး၊ ကုန်ပျောက်သွားတာပဲ၊ ဟော တော်တော်ကြာတော့ စားလိုတဲ့ အာသာကလေး၊ အိပ်လိုတဲ့ အာသာကလေးမျိုး ပေါ်လာပြန် တယ်၊ ဟိုစိတ်ဟာ ဒီစိတ်လား၊ မဟုတ်ဘူး တူတာပဲ ရှိတယ်၊ ကုန်ပျောက် သွားတဲ့ သဘော မထင်ရှားဘူးလား၊ ဒီလိုဆိုရင် နာမ်မှာလဲ ပြုတ်ကျန်ရစ် တယ်လို့ ပြောရင် ပြောနိုင်တဲ့ အခြေအနေ ရှိပါတယ်။

ရုပ်ကတော့ လူတစ်ယောက် ခဲတစ်လုံးကိုင်ပြီး ပစ်လွှင့်လိုက်တယ်၊ သူ့အား အရှိန်ရှိသလောက် ခဲလုံးကလေးတက်သွားတယ်၊အရှိန်ကုန်တော့ ခဲပြန်ကျလာပြီး နောက်ဆုံး ငြိမ်သွားတယ်၊ ဒီလိုပဲ ကံအရှိန်ကုန်တော့ ကံ စီမံထားတဲ့ ရုပ်ဟာ မလှုပ်မရှား သေသွားတာပေါ့၊ ရုပ်မှာ အကြောင်း ၄ပါးရှိတဲ့အထဲက ကံဆိုတဲ့ အကြောင်းဟာ တော်တော်ကို ပဓာနကျတဲ့ အကြောင်းဖြစ်တယ်၊ဥပမာတစ်ခုပြောဦးမယ်၊သစ်ပင်တစ်ပင်ဟာ မသေခင် ဒီမြေ ဒီရေ ဒီလေ ဒီနေပူက အစာရလို့ ရှင်သန်ကြီးပွား နေပေမယ့် သေ သွားပြီ ဆိုတော့ ဒီမြေ ဒီရေ ဒီလေ ဒီနေပူတွေ ဒီသစ်ပင်ခြောက်ကြီးကို ဘယ့်နှယ်မျှ အကျိုးမပြုတော့ဘူး၊ ဒီသစ်ပင်မှာ(Energy)ခေါ်တဲ့ သတ္တိ ကလေး ကုန်ခန်းသွားပြီ၊ သစ်ပင်ရဲ့(Energy)နှင့် သတ္တဝါတို့ရဲ့ ကံဆိုတာ တူညီတဲ့ သဘော ရှိတယ်”

"ဒါဖြင့်ဘုရား၊ လူဝင်စား (Reincarnation) ဝါဒကို အနောက်နိုင်ငံသားတွေ လက်ခံသလောက် လက်ခံကြတယ်လို့ သိရပါတယ်၊ ဒီဝင်စားဝါဒကို ဆရာတော်က ဗုဒ္ဓဓမ္မရှုထောင့်ကနေပြီး ဘယ်လို ဟောပြောရပါသလဲ ဘုရား။"

တို့ဆွေးနွေးလာခဲ့တဲ့အထဲမှာ အတော်အတန် ပါခဲ့ပြီ၊ အနောက်နိုင်ငံမှာ လူဝင်စားဝါဒကို ဘီစီ ၅၈၀-မှာဖွားတဲ့ (Pythagoras) ပိုက်သာဂေါရသ်ဆိုသူ ဒဿနပညာရှင်ကြီးက သူဟာ ရှေးဘဝကပင် (Euphorbus) ယူပေါဘတ်စ အမည်နဲ့ထင်ရှားခဲ့တဲ့ လူတစ်ယောက် ဖြစ်ကြောင်း ပြန်ပြောတယ်၊ သူ့အဆိုကို ပညာရှင်အသိုင်းအဝိုင်းက လက်ခံယုံကြည်ကြတယ်၊ ဒီအယူအဆမှာ ဗုဒ္ဓဝါဒရဲ့ အရိပ်ကြီးထင်ဟပ်နေတယ်လို့ ဆိုကြတယ်၊ စကားစပ်လို့ ပြောရဦးမယ်၊ ဗုဒ္ဓမြတ်စွာရဲ့ သင်ကြားချက်တွေဟာ အိန္ဒိယ အနောက်မြောက် ပန်ဂျပ်ကနေပြီး အာဖဂန်နစ္စတန်၊ အဲဒီကမှနေပြီး ပါရှား၊ တူရကီစတန်၊ တစ်ခါ အဲဒီကနေပြီး အာရှတိုက် အလယ်ပိုင်း တစိမ့်စိမ့် တိုးဝင်သွားတယ်၊ နောက်ပိုင်းနားမှာ အသောကမင်းရဲ့ ဓမ္မဒူတစ်ရင် အဖွဲ့ဝင် အချို့ဟာ ယောနက, ယဝန, ယောန လို့ ပါဠိအမည်အမျိုးမျိုးနဲ့ တွေ့ရတဲ့ (Bacrian Greece) ဂရိပြည်သို့ ရောက်တဲ့ အကြောင်း ယခုအခါ အထင်အရှား သက်သေ တူနိုင်ကြပြီ မဟုတ်လား၊ (Mecedonia) မက်ဆေဒိုနီယာနဲ့ (Tharasia) သရေစီယာ မြို့များမှာ တွေ့ရတဲ့ ရှေးဟောင်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဆိုင်ရာ အမှတ်အသားတွေကို ခေတ်ပုံတွေဘာတွေနဲ့ (The Archieology of Religion) "ဘာသာရေးဆိုင်ရာ ရှေးဟောင်း သုတေသနစာအုပ်" မှာ ဖတ်ရှုနိုင်ပါတယ်။

ကဲ... ခုနက လူဝင်စားဝါဒ ဆက်ကြရအောင်၊ လူဝင်စားတယ်ဆိုတာ ဘာလဲ၊ အဲဒီ လူဝင်စားတယ်ဆိုတာ (The Encyclopaedia of Psychical Science) ဆိုတဲ့ စိတ္တဗေဒ သိပ္ပံစွယ်စုံကျမ်းက အဓိပ္ပာယ်ကို ဒီလို ဖော်ထားတယ် "Reincarnation (is) The Return to Porporeal Life Beings who have Passed over and Spent a Persod of Existence in the Beyond."

ရှေးဘဝက ဘဝသက်တမ်းတစ်လျှောက်နေခဲ့ပြီး ကွန်လွန်တဲ့ အခါ သတ္တဝါများရဲ့ မူလရုပ်ကိုယ်အတိုင်း ဘဝသစ်ကို ပြန်လာခြင်းလို့ အဓိပ္ပာယ်

ထွက်တယ်၊ ယောကျ်ားဘဝက ယောကျ်ား ပြန်ဖြစ်ခြင်း၊ မိန်းမဘဝက မိန်းမ ပြန်ဖြစ်ခြင်း၊ ယောကျ်ားက မိန်းမ၊မိန်းမက ယောကျ်ား ဖြစ်ခြင်း ဆိုတာတွေ ရှိတယ်။

ကနေဒါပြည်သားစိတ္တဗေဒပညာရှင် ဒေါက်တာအီယန်စတီဗင်ဆင် ရေးတဲ့(**Twenty Cases Suggestive of Reincarnation**)ဆိုတဲ့ စာအုပ်၊အင်္ဂလိပ်ဗုဒ္ဓဘာသာဝင် အနာဂါရိကာသုဂတာနန္ဒခေါ်တဲ့( **Fran-sis Story**)ရေးတဲ့ (The Cas fore **Rebirth**)စာအုပ်မှာ တကယ့် လူကလူပြန်ဖြစ်တဲ့ အထ္ထုပ္ပတ္တိတွေ ရေးသားထားတာ အထင်အရှား တွေ့ ကြရတယ်။

ဒီတော့ အဘိဓမ္မာသဘာနဲ့ကြည့်ရင် ရှင်းနေပါတယ်၊ လူ့ဘဝကို သာမည ကုသိုလ်ကံနဲ့ ရတာ၊ ကုသိုလ်နဲ့ အကုသိုလ်ဆိုတာ လွန်ဆွဲသလို အားရှိ အားမဲ့ လိုက် အကျိုးပေးနေတာ၊ ကုသိုလ်ကံက အားရှိလို့ လူ ပြန်ဖြစ်ရတာ၊လူပြန်ဖြစ်တော့လဲ လွန်ခဲ့တဲ့ဘဝတွေက ရေဒါရကံ လွန်ကျူး မိခဲ့ရင် မိန်းမ ဖြစ်ရတတ်တယ်၊ အကုသိုလ်ကံက အားရှိလို့ အကျိုးပေးလိုက် ရင် လူ ဘယ်မှာ ပြန်ဖြစ်တော့မလဲ။

အဲဒီသဘောကို နာရဒဇာတ်တော်မှာ တွေ့ရတယ်၊ အလာတဆိုတဲ့ အမတ်က သူဟာ ဟိုဘဝတုန်းကပိင်္ဂလခေါ်တဲ့ နွားသတ်သမားဖြစ်ခဲ့တယ်၊ အကုသိုလ်တွေ သူ့အသက်သတ်တာတွေ အများကြီးလုပ်ခဲ့တယ်၊ ဒီအကု သိုလ်တွေဟာ ဘာမှမတတ်နိုင်ဘဲ ယခုစစ်သူကြီးလား ဖြစ်ရတယ်လို့ပြောတယ်၊ ဗီဇကဆိုတဲ့ ကျွန်မ့သားကလဲ သူဟာ ဟိုဘဝက ကုသိုလ်ကောင်းမှုတွေ တကယ်အားထုတ်တဲ့ သေဌေး ဖြစ်ခဲ့ပါတယ်၊ အဲဒီ ကုသိုလ်တွေက ဘာမှ မကယ်ဘဲ အခု ကျွန်မရဲ့ သားလာဖြစ်ရတယ်လို့ ပြောတယ်၊ ရုဇာဆိုတဲ့ ဘုရင့်သမီးတော်က သူမဟာ (၇) ဘဝအထိ ပြန်ပြောင်းမြင်နိုင်ကြောင်း၊ ပန်းသိမ်သည်သား ဖြစ်စဉ်တုန်းက မိတ်ဆွေယုတ်နဲ့ ပေါင်းမိလို့ ပရဒါရကံ ကျူးလွန်ဖူး ကြောင်း၊အဲဒီဘဝကလွန်တော့ ဟိုဘဝဟောင်းတွေက ကုသိုလ် ကံအလှည့်ကျ အကျိုးပေးတာနဲ့ ကောသမ္ဗီပြည်မှာ သေ ဌေး သား တစ်ယောက် ဖြစ်ရတဲ့အကြောင်း၊ ဗီဒေဌေးသား ဘဝမှာ မိတ်ကောင်း မိတ်ဆွေကောင်း ဆရာကောင်းတွေနဲ့ ပေါင်းရလို့ ကုသိုလ် ကောင်းမှုတွေ

အမျှားကြီးလုပ်ခဲ့တဲ့အကြောင်း၊ ဒါပေမယ့် ဒီသေဒွေးသားဘဝက လွန်တဲ့ အခါ ပရဒါရကံက အကျိုးပေးခွင့်ကြုံလို့ ငရဲကျရပုံ၊ ငှေးစေ့ထုတ်ခံ ရတဲ့ဆိတ်ဖို့မျောက်ဖို့လူဘဝပဏ္ဍုက်ဖြစ်ရပုံ၊တစ်ခါကုသိုလ်ကံအကျိုးပေး ခွင့်ကြုံပြန်တော့ နတ်မိဖုရားဖြစ်ရပုံ၊ နောက် ယခုဘဝ ဘုရင့် သမီးတော် ဖြစ်ရပုံတွေကို ပြန်ပြောတယ်။ ဘဝဆိုတာ ဒီလိုပဲ ကုသိုလ် အကုသိုလ် ာရာနှောနေကြတဲ့အတွက် မြင့်တဲ့အခါမြင့် နိမ့်တဲ့အခါ နိမ့်၊ ကံကောင်း ထောက်ရင် ဘဝချင်းနီးကပ်ပြီး လူဖြစ်ပြီးတော့ တစ်ခါလူပြန်ဖြစ်တယ်၊ ဒါတောင် ဒီအမေဒီအဖေနဲ့ ဒီလင်ဒီမယားနဲ့ ပြန်ဆုံရတာက ခပ်နည်းနည်း၊ တကွဲတပြား ရောက်ရာ ကျရာမှာ အဖေသစ် အမေသစ် ခင်ပွန်းသစ်တွေနဲ့ တွေ့ရတတ်ပြန်တာပဲ။

ခုန ပြောခဲ့တဲ့ စိတ္တဗေဒ စွယ်စုံကျမ်း (Encyclopaedia of psychic Science)မှာ ပလာမိုမြို့က နာမည်ကျော် ကာမယ်လိုစမိုနာ ခေါ်တဲ့ ဆရာဝန်တစ်ဦးမှာ အလက်ဇန်ဒရီနာခေါ်တဲ့ ၅ နှစ်ရွယ် သမီး တစ်ယောက် ရှိတယ်၊သမီးကလေး ၁၉၁၀-ခုနှစ်မှာ ဆုံးသွားရှာလို့ အမေ လုပ်တဲ့ မဒမ်စမိုနာဟာ သေမတတ် ရူးမတတ် ဖြစ်ကျန်ရစ်တယ်၊ ၃—ရက် လောက်ကြာတော့ အိပ်မက်ထဲမှာ သမီးကလေး ပြန်တွေ့တယ်၊ အမေ တို့ကို ကျွန်မ ခွဲမသွားပါဘူးလို့ ပြောတယ်။ မကြာပါဘူး၊ အကြောပြင် ခွဲစိတ်ထားတာမို့ ကိုယ်ဝန်တည်ဖို့ အခြေအနေမရှိဘဲ ကိုယ်ဝန်ရလာတယ်၊ နောက် အမြွှာပူးကလေး ဖွားလာတယ်၊ သမီးတစ်ယောက်ကတော့ ကွယ် လွန်သွားတဲ့ အလက်ဇန်ဒရီနာနဲ့ တစ်ထေရာတည်းပဲ၊ ဒီလိုအဖြစ်မျိုးတွေ၊ အလားတူ အဖြစ်မျိုးတွေ မရှားပါဘူး။

ဒါတွေထောက်တော့ (Craving) ခေါ်တဲ့သမုဒယ အစွဲကလဲ ရှိတယ်၊ မိဘတွေနဲ့ ကံချင်းလဲ စပ်နေတယ် ကုသိုလ်ကံကလဲ အလှည့်အခွင့် ကြုံတယ်ဆိုရင် လူအဖြစ် ဝင်စားလာနိုင်တယ်၊ ဟိုဘဝကရတဲ့ ဒဏ်ရာကြီး တွေပါလာတာတို့၊ဟိုဘဝအကြောင်းအရာတွေ အကုန်ပြန်မှတ်မိတာတို့ဟာ သတ္တဝါတွေရဲ့ စိတ်ထဲမှာ စုတိစိတ်ကျခါနီး မရဏာ—သန္နဇောလောက် မှာပဲ စိတ်ထိခိုက်မှု (Impressive Impingement) တွေကြောင့်ပါပဲ၊ ဒီဘဝမှာပဲ စိတ်စွဲလမ်းအားကြီးတဲ့ဟာဆိုရင် စိတ်ထင်တဲ့အတိုင်း ဖြစ်လာ တတ်တာ၊ စိတ်ထဲမှာ ပြတ်ပြတ်သားသား ပေါ်ထင်နေပြီး အတိအကျ မှတ်မိနေတတ်တာမျိုးလိုပါပဲ။

ဒီအထဲမှာ ပတ်ဝန်းကျင် အခြံအရံအကြောင်း ရှိသေးတယ်၊ ဇီဝဗေဒ, ပါဏဗေဒ, ရူပဗေဒ, ဓာတုဗေဒ သိပ္ပံပညာတွေမှာ ပြထားတာလို သွေးနဲ့မျိုးရိုး ဗီဇစတဲ့ အကြောင်းတွေကြောင့် လူက လူပြန်ဖြစ်တဲ့အခါ အဖေနဲ့တူတာ, အမေနဲ့တူတာ၊ အဖေအမေနဲ့မတူဘဲ အဘိုးအဘွားတွေနဲ့ သွားတူတာတွေ ရှိတယ်၊ အချုပ်မှာတော့ သတ္တဝါတွေ ဘဝမဆုံးသေးမီ ဟိုရောက်ဒီရောက် ဖြစ်ချင်တာ ဖြစ်နေတဲ့အထဲက ရှားရှားပါးပါး လူပြန်ဖြစ်တာ (Reincarnation) လူဝင်စားလို့ ခေါ်တာပဲ၊ ဗုဒ္ဓတရားတော်အလို ဘာမှ ထူးတာ မဟုတ်ပါဘူး။

ပါဠိသင်တန်း ပို့ချခြင်းသည် လန်ဒန်သားတို့အား အကျိုးပြုပါသလော။

အနောက်နိုင်ငံသားတို့သည် ဗုဒ္ဓဓမ္မကို ခံယူသိမ်းပိုက်ကြသော်လည်း မြန်မာနိုင်ငံမှ သိမ်းနေသူ လူသားတို့ကဲ့သို့ပင် ပါဠိကိုလေ့လာရန် ဆန္ဒမရှိကြ၊ သိလိုမှတ်လို စိတ်ပေါ်သော်လည်း အသက်မွေးမှုအိမ်ထောင့်ကိစ္စကြောင့် ပါဠိသင်ရန် မလွယ်ကူလှပေ၊ ပါဠိဘာသာဟူသည် ယခုအခါ ဂြိုဟ်စာပေသုံး ဘာသာရပ်တစ်ခုအနေဖြင့်သာ တည်ရှိတော့၍ မည်သည့်နိုင်ငံ မည်သည့်လူမျိုးမှ ပြောဆိုသုံးစွဲခြင်းမရှိတော့ပေ၊ ရှေးက၍ တက်ဖို့မလွယ်ကူသော ဘာသာရပ်ဖြစ်သည်။ ယင်းပါဠိကို သင်ပေးခြင်း၊သင်ယူခြင်းသည် တစ်စုံတစ်ရာ အကျိုးရှိပါသလော ဤမေးခွန်းကို မေးမိကြပေလိမ့်မည်။

ဤနေရာ၌ အနောက်နိုင်ငံသား တစ်ယောက်၏ အမြင်ကို ရှေးဦးစွာ ဖော်ပြပေအံ့၊ ၁၉၅၀ ခုထုတ် Middle Way (အလယ်လမ်း) စာစောင်တွင် Why Study Pali ဘာ့ကြောင့် ပါဠိ သင်ထိုက်သလဲ ဟူသော ခေါင်းစဉ်ဖြင့် M,O,C Walshe မောရစ်ဝေါရှေဆိုသူက အောက်ပါ အတိုင်း ရေးသားထား၏။

ဗုဒ္ဓအရာ ဆောင်းကို ရေးသား ဟောပြောကြသော သူတို့သည် အကယ်ကြောင့် ပါဠိ ဆန်ဆကရိတ် စသောစကားလုံးများ ညှပ်၍ ထုတ်နုတ်ကို ဖော်၍ ရေးသားပြောဟောကြပါသနည်း၊ လွယ်ကူ ရှင်းလင်းသော အင်္ဂလိပ်စကားဖြင့် ဘာကြောင့်မရေးကြ မဟောကြပါသနည်း၊ ဤမေး

ခွန်းများကို မကြာခဏ ကြားကြရ၏။ မေးခွန်းမေးသူတို့သည် သူတို့သမ္မာ ကျမ်းစာဖတ်သောအခါ ဟီဗရူးဘာသာ၊ ဂရိတ်ဘာသာ စကားတို့ဖြင့် ခေါင်းရှုပ်စရာ အခက်အခဲ တစ်စုံတစ်ရာ မရှိသောကြောင့် ဖြစ်ပေမည်၊ သမ္မာကျမ်းစာသည် လက်ခံ အသိအမှတ်ပြုပြီးသော အင်္ဂလိပ် ဘာသာဖြင့် ရှည်လျားလှသော သမိုင်းကြောင်း တစ်လျှောက်လုံး အမျိုးသား အမွေ အနှစ် ဖြစ်ခဲ့ပြီးလေပြီ။ ပါဠိကျမ်းစာများကား ရာစုနှစ် အနည်းငယ် အတွင်း ဤအခြေအနေသို့မရောက်နိုင်၊ မရောက်ကြသေးပေ။

ဗြိတိန်နှင့်တကွ အနောက်နိုင်ငံများ၌ ဗုဒ္ဓဘာသာဝင် ဦးရေသည် ယခုအခါ မများလှသေးသော်လည်း လျင်မြန်သောနှုန်းဖြင့် တိုးတက် ပွားများလာလျက် ရှိနေသည်။ ယင်းတရားသင်ကို တွေ့ရှိခံယူ၍ အနောက်သို့ စတင်သွင်းလာကြသူ Pioneer ခေါင်းဆောင်များသည် ထုံးစံအတိုင်း တွေ့မြဲဖြစ်သော အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ကြရပေမည်၊ အရှေ့တိုင်း အဘိဓမ္မာ၏ နှစ်လိုဖွယ် အချက်များကို ပါဠိနှင့် တက္ကတာ စာပေများမှ ရသည်၊ တိုအရသာများကို ပိုမိုခံစားရန် တိုး၍တိုး၍ လိုက်စားကြရသည်၊ ပါဠိဘာသာချပ် တည်းဟူသော တောအုပ်ကြီးကို ခုတ်ထွင်ရှင်းလင်းကာ အနှစ်သာရများကို ရှာဖွေကြရသည်။ ပါဠိစကောလား တစ်ဦး၏ လုပ်ငန်းသည် ရာသက်ပန်လုပ်ငန်း ဖြစ်သည်။

ဗုဒ္ဓသင်ပြချက်များကို ပါဠိစာပေမှ သိကြရသည့်အတိုင်း ယင်းကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုဖြန့်ဖြူးကြသည်၊ ယင်းသို့ ပြန်ဆိုသော အခါ ပညာရှင်အမျိုးမျိုး၏ အဆိုများ အယူအဆများသည် ရှုပ်ထွေးမျိုး ငါးရာစ်ဖို ကွဲလွဲနေသည်ကို မကြာမကြာ တွေ့ရသည်၊ ထိုအခါ ပါဠိမူရင်းကို ခုံတင် ကြရသည်၊ ပါဠိမတတ်လျှင် အမှားကိုပြင် အမြင်မှန်ရအောင် လုပ်ဖို့ မဖြစ် နိုင်တော့ပေ။

ပုံစံအနည်းငယ်မျှ ပြပါအံ့၊ ဓမ္မပဒကို အင်္ဂလိပ်ပြန်ဆိုထားသော စာအုပ်များ မရှားလှ၊ လူတိုင်းဖတ်ရှုနိုင်လောက်သော လွယ်ကူ ရှင်းလင်း သည့် စကားလုံးများဖြင့် ပြန်ဆိုထားခြင်းဖြစ်၍ ဖတ်၍ ကောင်းသည်။ စာနေ စာသားလည်း မများလှ၊ သူ့ကဗျာနှင့် သူဖြစ်၍ အေးဆေးသောလျှင် ခဏ ချထား၍ရသည်။ "ချစ်လျှင်လုံးလုံး၊မုန်းလျှင်လျားလျား" သို့မဟုတ် "လုပ်ရင်တကယ်လုပ်၊ မလုပ်လျှင် အလျှင်းမလုပ်နဲ့" ဟူသော သဘောကို

ဗုဒ္ဓမသင်ကြား၊ ဗုဒ္ဓ၏ အလယ်အလတ် လမ်းစဉ်တွင် ဤအနက်အဓိပ္ပာယ်မျိုး တွေ့ရမည် မဟုတ်ပေ။

သို့ပါသော်လည်း ဘာသာပြန်များယှဉ်၍ ဖတ်သောအခါ ဘာသာပြန်သူ၏ ပါဠိစာပေဉာဏ်နှင့် ဗုဒ္ဓဝါဒအပေါ် ခံယူချက် အတိမ်အနက်ကိုလိုက်၍ မိမိဉာဏ်သက်သလို ဘာသာခြားသဖြင့် အယူအဆမတူညီ၊ ဗုဒ္ဓသင်ပြချက်ကို မထိမိသော အရေးအသားများကို တွေ့ရပေသည်။ လူသိအများဆုံး အဖတ်အများဆုံးဖြစ်သော မက်စမူလာ၏ ဘာသာပြန်မှ အောက်ပါ နမူနာ ဂါထာကို ကြည့်ကြပါစို့။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ၊
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ၊
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။

မြန်မာပြန် (အဋ္ဌကထာ အဖွင့်ကို မှီးသည်)

စေတသိက် (စိတ်၏ အခြေခံ အခြင်းအရာ) သဘောတရားတို့သည် စိတ်ရှေ့သွားရှိကုန်၏။ စိတ်လျှင် အမြတ်ရှိကုန်၏၊ စိတ်ဖြင့် ပြီးကုန်၏၊ မကောင်းသောစိတ်ဖြင့် ပြောဆို ပြုမူငြားအံ့၊ ဝန်ကိုဆောင်သော နွားလား၏ ခြေရာသို့ လှည်းဘီးအစဉ်လိုက်သကဲ့သို့ ထိုသူနောက်သို့ ဒုက္ခအစဉ်လိုက်တော့သည်။

"All that we are, is the result of what we have thought; it is founded on our thoughts and made up of our thoughts. If a man speaks and act with an evil thought, suffering follows him, as the wheel follows the hoof of the beast that draws the cart."

(မက်စမူလာ)

အင်္ဂလိပ်မြန်မာပြန်။ ။ကျွန်ုပ်တို့—ဟု ဆိုအပ်သော အရာ အားလုံးသည် ကျွန်ုပ်တို့ တွေးကြံစဉ်းစားခဲ့သော သဘောတရား၏ အကျိုးဆက် ဖြစ်သည်။ ထိုအရာသည် ကျွန်ုပ်တို့၏ တွေးကြံချက်များ၌ အခြေစိုက်၍ကျွန်ုပ်တို့၏တွေးကြံချက်များဖြင့် ဖန်တီးထားအပ်သောအရာ ဖြစ်သည်။

ဒိန်းမတ်ပြည်သား ပညာရှင် Faulboll ဖော့စ်ဗူလ်က လက်တင် ဘာသာဖြင့် ယင်းဂါထာကို ပြန်ဆိုရာတွင်(ဓမ္မာ)ကို All that we are ဟု မပြန်ဘဲ Naturaec (Natures)သဘောတရားများဟု ပြန်ဆိုသည်ကို တွေ့ရ၏။

တစ်ဖန် ဒုတိယကမ္ဘာစစ်ပြီး လွတ်လပ်ရေးခေတ် အိန္ဒိယနိုင်ငံ၏ သမ္မတဖြစ်သွားသော S.Radhakrishnan အက်စ—ရာမာကရိရှ်နန် ဆိုသူ ပညာရှင်က....

"(The mental) natures are the result of what we have thought our chieftained by our thoguhts, are made up of our thoughts...."
ဟု ပြန်ဆို၏။

(မြန်မာပြန်) စိတ်သဘာဝများသည် ကျွန်ုပ်တို့ တွေးကြံခဲ့သော အရာ၏ အကျိုးများဖြစ်ကြသည်။ ကျွန်ုပ်တို့၏ အတွေးအကြံများက အကြီးကဲ ပြုအပ်သည်။ ကျွန်ုပ်တို့၏ အတွေးအကြံများဖြင့် ဖန်တီးထားအပ်သည်။

တစ်ဖန် သီဟိုဠ်ကျွန်း နာရဒဘိက္ခုက အောက်ပါအတိုင်း ပြန်ဆို၏။

"Mind is the forerunner of (all evil) condition, Mind is chief; and they are mind-made...."

(မြန်မာ) စိတ်သည် မကောင်းသောအကြောင်း(တရား)တို့၏ရှေ့ပြေး အကြီးအကဲဖြစ်သည်။ ယင်းမကောင်းသော အကြောင်း တရားတို့သည် စိတ်က ပြုပြင်ပေးလိုက်သော အရာများ ဖြစ်ကြသည်။

ဤတွင် မန-ကို က / what we have thought ဟု မက်စမူလာ နှင့် ရာမာကရိရှ်နန်တို့က ပြန်ဆိုကြ၍ ခ/mind tures နာရဒက ပြန်ဆို၏၊ ခ-ပြန်ဆိုချက်သည် တိကျ၍ ရှင်းသည်၊ ဓမ္မ-ကို က / all that we are ဟု မက်စမူလာ ပြန်၏။

ခ / Mental natures
ဟု ရာမာကရိသျှနန်
ပြန်သည်။
ဂ / Condationဟုနာရဒ
က ပြန်သည်။ ခနှင့်ဂ
တို့သည် ဗုဒ္ဓဝါဒနှင့် ကိုက်ညီ၍ ထိထိခိုက်ခိုက်ရှိသလောက် 'က' သည် ဗုဒ္ဓဝါဒ
နှင့် မကိုက်ညီ၊ ပုဂ္ဂိုလ် သုံးသပ်ချက်ပါနေသောကြောင့်ဖြစ်သည်။ ပ ဋ္ဌိနှင့်
ထိထိခိုက်ခိုက် သက်ဆိုင်ခြင်းလည်း မရှိပေ။

ထို့ကြောင့် ဆောင်းပါးရှင် ဝေါရှေက ဓမ္မကို စေတသိက်တရား
များ၏ ခဏမလပ် ပြောင်းလဲတတ်သော သဘောနှင့် ကိုက်ညီအောင်
Mood ဟူသော စကားလုံးဖြင့် ပြန်ဆိုရသော် ကောင်းမည်ထင်ကြောင်း၊
ဒေါက်တာဆူဇူကီးအလို မနော-ကို Mentation ဟု ပြန်ဆိုခြင်းလည်း သင့်
မြတ်ကြောင်း ထင်မြင်ချက်ပေးကာ....

"Mind is the forerunner of moods, mind their master, mind their maker or moods are conditioned by mentation..."

ဟု ပြန်လိုကြောင်း ရေးသွား၏။

က/မနသာ စေ ပဒုဋ္ဌေန၊ ခ/မနသာ စေ ပသန္နေန၊ဤပါဠိ၏အဓိပ္ပာယ်ကို

A/ If mind is tarnished, then states of suffering are bound,

စိတ်ကို သေးသိမ် ထုံထိုင်းအောင်ပြုလျှင် ဆိုးရွားသော ဒုက္ခအခြေ
အနေများဖြစ်ရန် သေချာကြောင်း။

B/ If mind is settled and calm, thus free from such impurities then happy states will arise.

စိတ်ကို ငြိမ်သက်စွာထားနိုင်လျှင်၊အေးငြိမ်းစေနိုင်လျှင်၊ဤသို့သော
စိတ်အညစ်အကြေးများမှ လွတ်စေနိုင်ပါလျှင် ပျော်ရွှင် ချမ်းမြေ့ဖွယ်များ
ပေါ်ပေါက်ပါလိမ့်မည် ဟူ၍ ကောက်ယူလိုကြောင်း ရေးသားထား
သည်။

ဤမျှဖြင့်ဆောင်းပါးရှင်ဝေါ်ရှေက ဘာသာပြန်များကိုသာအားကိုး၍ ပါဠိရင်းမြစ်ကို မလိုက်နိုင်ပါလျှင် အနက်အဓိပ္ပာယ်ကို အယူအကောက်လွဲမှားနိုင်၍ မူရင်းပါဠိကိုလေ့လာသင်ယူထားပါကအနက်သဘောမတိမ်းစောင်းဘဲဗုဒ္ဓ၏ဆိုလိုချက်ကို အကွက်ကျကျ သိနိုင်လိမ့်မည် ဖြစ်ကြောင်း၊ ယင်းအပြင် ပါဠိသည် သက္ကတလောက အဖတ်အရွတ်၌လည်းကောင်း၊ ပုဒ်နေပုဒ်ထား၌လည်းကောင်းရှုပ်ထွေးခက်ခဲခြင်းမရှိကြောင်းတို့ကြောင့် ပါဠိကို သင်ယူခြင်းသည် ဓမ္မကို နားလည်စေရန် အထောက်အကူများစွာ ပြုကြောင်း ရေးသားသွားလေသည်။

မှန်ပေသည်။ အချို့အနောက်ဥရောပတိုက်၊ အမေရိကတိုက်သားများ၊ အရှေ့တိုင်းမှ ဗုဒ္ဓဘာသာ မဟုတ်သော ပညာရှင်များသည်ဗုဒ္ဓ၏ သင်ပြချက်အနှစ်အသားများကို ပါဠိဒေသနာတော်များမှ စေ့စပ်သေချာစွာထုတ်ယူခြင်း၊ နားလည်ကျွတ်သိသော သူများထံမှ ဆည်းကပ်သင်ကြားခြင်းမပြုဘဲ၊ ကြားဖူးနားဝမျှဖြင့် စာအုပ်ကြီးငယ် အသွယ်သွယ်ကို ရေးသားထုတ်ဝေနေကြပေသည်။ ယခုခေတ် အင်္ဂလိယသား စာရေးဆရာ အချို့တို့သည် ဗုဒ္ဓအကြောင်းအရာများနှင့်စပ်လျဉ်းသောအခါ ထေရဝါဒကလက်မခံသော၊ တစ်နည်းအားဖြင့် ပါဠိပိဋကများ၌ မပါသော အကြောင်းအချက်များ (ဥပမာ-အဆူဆူသော ဗုဒ္ဓတို့သည် အမည်နာမအမျိုးမျိုးဖြင့်ခေတ်အမျိုးမျိုး၌ လူသားအသွင်ယူကာ ပေါ်လာကြပြီးနောက် ကောင်းကင်ဘုံ၌ တည်နေခြင်း၊ ပရိနိဗ္ဗာန် ဟူသည်မှာ ရုပ်ကြမ်းနာမ်ကြမ်းများချုပ်ငြိမ်းသွားခြင်းကို ဆိုလို၍ ယင်း၏ အခြားမဲ့၌ အလွန်နူးညံ့သိမ်မွေ့သောနာမ်ရုပ်တို့ဖြင့်တည်ရှိနေပုံစသည်) ကို ကျမ်းညွှန်း အကိုးအကား မဖော်ပြဘဲ ရေးသားကြသည်။ J.G.Jennigs စသော အနောက်စာရေးဆရာ အချို့ကလည်း ကိုယ်တိုင် ပါဠိမတတ်ဘဲ၊ သူတစ်ပါး၏ ဘာသာပြန်အမှားများကိုပင် ကူးချယူငင်ကာ ထပ်ဆင့်၍မှားကြပေသည်။ ထို့ကြောင့် ထေရဝါဒဗုဒ္ဓဓမ္မကိုအခြေခံကျကျ ချလိုပါက ပါဠိဘာသာကို မလေ့လာဘဲ မဖြစ်နိုင်ကြောင်း မောရစ်ဝေါ်ရှေက တင်ပြခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံမှ အနိုင်နိုင်ငံ ဗုဒ္ဓဘာသာသတင်းလွှာ The International Buddhist News Forum ၆၁-နှစ်၊ ဇူလိုင်လထုတ် စာစောင်မှ သြစတြေးလျပြည် ဗုဒ္ဓဘာသာအသင်းတစ်ခု၏ ဥက္ကဋ္ဌဖြစ်သော မစ္စတာနိုက်

Mr. C.F.night, Chairman of The Buddhist Federationof Australia က ဤသို့သော အဓိပ္ပာယ်ကို ဖော်ပြ ရေးသားထား၏။

အရှေ့တိုင်း ဗုဒ္ဓဘာသာဝင် ခေါင်းဆောင်တို့၏ ပရိတ်ရွတ်ခြင်း၊ ပါဠိဝါကျစကားလုံးများ ရွတ်ဖတ်ပြောဆိုသွားခြင်းသည် ကျွန်ုပ်တို့၏ နှလုံးသားကို ငြိမ်းချမ်းစေမည့်အစား ရင်လေး တင်းကျပ် စေပေသည်၊ အမေရိကန်တိုင်းရင်းသူ သီလရှင် ဓမ္မဒိန္နာ ဩစတြေးလျသို့ လာရောက် တရားဟောခြင်းသည် အရှေ့တိုင်းမှ ယိုးဒယား၊ မြန်မာ၊ သီဟိုဠ် ရဟန်းတော်တို့ လာရောက် တရားဟောပြောခြင်းထက် ထိရောက်သည်ဟု ယူဆသည်။ စစ္စတာဓမ္မဒိန္နာသည် အစဉ်အလာပရိတ်ရွတ်ခြင်းများ၊ ပါဠိဘာသာ စကားလုံးများကိုလုံးဝသုံးစွဲခြင်းမပြုဘဲ နေ့စဉ်သုံးအင်္ဂလိပ်စကားရိုးရိုးဖြင့် ဟောပြောသွားသည်။

မစ္စတာနိုက်၏ ဆောင်းပါးတွင် အရှိကို အရှိအတိုင်း ဟုတ်မှန်သလောက်သာတိတိကျကျရေးသားဖော်ပြလိုကြောင်း၊ ၅၃ ခုနှစ်လောက်ကမှ စ၍ စစ္စတာဓမ္မဒိန္နာ ဟောပြောချိန်လောက်မှစ၍ ဗုဒ္ဓဘာသာစိတ်ဝင်စားသူ၊ ကူးပြောင်းခံယူသူ အနည်းငယ် ပေါ်လာသည်ကို ချဲ့ကား၍ ဗုဒ္ဓဘာသာဝင် ဦးရေ မြောက်မြားစွာနှင့် တစ်ဟုန်ထိုး တိုးတက်လာနေပြီ-ဟု ထိုထိုမဂ္ဂဇင်း သတင်းစာ စာစောင်များတွင် ရေးသားခြင်းကို မလိုလားကြောင်း တွေ့ရှိရသည်။ အရှေ့နိုင်ငံများတွင် တွေ့ရှိခဲ့ရသလို ဗုဒ္ဓဘာသာ အမည်ခံသူတို့၏ လုပ်ရိုးလုပ်စဉ် အပေါ်ယံ အဆောင်အယောင် အခမ်းအနားများက ဗုဒ္ဓ၏ဘင်ပြချက် အဆုံးအမ်တို့ကို သေးသိမ်မှေးမှိန်နေစေမည်ကို စိုးရိမ်ဟန် ရှိသည်။ မိမိတို့ ရှေးအခါက နှလုံးသားတွင် စွဲငြိခံယူခဲ့သော ခရစ်ယာန်ဘာသာ အယူအဆထက် ပိုမိုလေးနက် ရင့်ကျက်သည်၊ သာလွန်ကောင်းမြတ်သည်ထင်၍ လက်ခံခဲ့သော ဗုဒ္ဓတရားတော်ကို အကာအမြှေးမလို အနှစ်အသား သက်သက် ရွေးချယ်လိုသော ဆန္ဒကို ဖော်ထုတ်ပြဟန် ရှိသည်။

ဤသို့သော သဘောထားနှင့် အနောက်နိုင်ငံသားတို့၏ စိတ်ဓာတ် အခြေအနေကို သိလား၍ စာရေးသူသည် ဆရာတော် အရှင်သေဋ္ဌိလကို မေးလျှောက်မိသည်။

"ဆရာတော်ဘုရား....ဘယ်လိုလူတွေက အစပြု လျှောက်ထားလို့ ပါဠိဘာသာကို သင်ပြဖြစ်သွားတာပါလဲ ဘုရား၊ ပါဠိသင်တန်းဖွင့်ပြီး သင်ပေးရလောက်အောင် စာသင်သား ပရိသတ်ကော ရပါရဲ့လား ဘုရား...."

"အစကတော့ နည်းနည်းပါပဲ၊ နည်းနည်းဆိုတာက ၂-ဦး ၃-ဦး လောက်ပါပဲ၊ သူတို့ကို ပဋိစ္စသမုပ္ပါဒ် ဟောတဲ့အခါ Causal Relation, Dependent Origination စတဲ့ ဘာသာပြန် စကားလုံးတွေ တစ်ခုနဲ့ တစ်ခု မတူ ကွဲပြား ခြားနားနေတဲ့အတွက် ဘယ်ဟာကို တစ်ထစ်ချ ကိုင်ခဲ့ပြီး အသုံးပြုရမလဲလို့ မေးကြတယ်၊ ဒီတော့ ပဋိစ္စသမုပ္ပါဒေါ....ဆိုတဲ့ ပါဠိစကားလုံးကို တိုက်ရိုက် အဓိပ္ပာယ် ပြန်ပြလိုက်တယ်။

ပဋိစ္စ-Dependent on, because of, on account of

[မြန်မာလို—စွဲမှီ, အခြေခံ၍,မှီရို၍၊ တစ်နည်း-အကြောင်းကြောင့်]

သမုပ္ပါဒေါ-Arising, Origination

[မြန်မာလို—ဖြစ်ပေါ်လာခြင်း]

ပဋိစ္စသမုပ္ပါဒေါ-Dependent Arising, or [Origination]

[မြန်မာလို-စွဲမှီ, အခြေခံ၍ ဖြစ်ပေါ်လာခြင်းလို့ မှတ်ယူပါလို့ ပြောရတယ်။]

ဒီတစ်ခါ အခြားတစ်ယောက် ဘာသာပြန် စာအုပ် တစ်အုပ်ကို ကိုင်ပြီး....

"Dependent on Eye and visible form, Eye-Consciousness Arises; Coincidence of the three is Contact...

(မျက်စိနှင့်ရူပါရုံကို အစွဲပြုအကြောင်းခံ၍ စက္ခုဝိညာဉ်စိတ် ဖြစ်သည်။ ၃-ပါးစုံပေါင်းဆုံခြင်းသည် ဖဿဖြစ်သည်။) ရှာဖတ်ရာ....

"နေဦး... နေဦး၊ ဒကာ ရပ်ဦး၊ ဒီဘာသာပြန် မှားနေတယ်၊ မျက်စိ၊ရူပါရုံ အဆင်း၊ စက္ခုဝိညာဉ်-ဒ-မြင်စိတ် ၃-ပါး ပေါင်းဆုံတာကို ဖဿခေါ်တာ မဟုတ်ဘူး၊ စက္ခု၊ ရူပါရုံ၊ စက္ခုဝိညာဉ် ၃-ပါးပေါင်းဆုံမိကြလို့ ဖဿ (တွေ့ထိမှုခေါ်ကြတဲ့ သဘောတရားကလေး)ပေါ်လာရတာ၊ ဘာသာပြန်ရင် 'Because of Coincidence of the three Arises Contact'လို့ ပြန်ရမယ်။

"ပါဠိတော်မှာ တိက္ခဲ့ သဂ်တိ ဖဃော-ပါဠိထဲက သဂ်တိ'ဟာ The First Case-ending ပထမာဝိဘတ်မဟုတ်ဘူး၊ အမှန်က တတိယာဝိဘတ်၊ ဒါမှမဟုတ် ပဉ္စမီဝိဘတ် The Third or Fifth Case-ending ဖြစ်တယ်၊ အနက်က The Sense or Instrumental or Ablative ကရိုဏ်းအနက်၊ အပါဒါန်အနက်၊ 'သဂ်တိယာ'လို့ ဆိုလျက်နဲ့ ပဉ္စမီဝိဘတ်ချေပြီး သဂ်တိလို့ နေတယ်။"

"ဘာဖြစ်လို့ ချေထားရလဲ ဘုရား"

"ဘယ်ဘာသာမှာမဆို ရွတ်ဆိုရာမှာ ချောမော ပြေပြစ်စေရန် စကားလုံးကို ချုံးပေးလိုက်ရတယ်၊ ဒီတော့ အပိုင်းအစ အစွန်းအနားကလေးတွေ ပြုတ်ကျကျန်ရစ်ခဲ့တဲ့သဘောပေါ့၊ အင်္ဂလိပ်မှာလဲ Do not. Don't လို့ ပြောင်းသွားတာမျိုးတွေ အများကြီးရှိတယ်၊ သက္ကတ စကားလုံးမှာ ဒီလိုပဲ International လိုတဲ့စကားလုံးနဲ့ အလားတူတဲ့ အန္တရ+ရာဇျတရိယ စကားနှစ်လုံးကို တစ်လုံးတည်း ပေါင်းလိုက်တဲ့အခါ ရာဇ်လုံးကိုချေ၊ ရှေ့နားမှာရှိတဲ့ အသံတိုသရကို အသံရှည်သရ ပြောင်းပေးလိုက်ရတယ်၊ ဒီတော့ အန္တာရာဇျတရိ—လို့ ဖြစ်ပေါ်လာတယ်။

"ဒီလိုပဲ ဘာသာတစ်ခုနဲ့ အခြား ဘာသာတစ်ခု ဖလှယ်တဲ့အခါ၊ ဘာသာ ပြန်တဲ့အခါ တစ်ထပ်တည်းတူညီတဲ့ စကားလုံးရတဲ့အခါ ရှိတယ်၊ ပါဠိရင်းဖြစ် ပုဒ်ပါဠိအကြောင်း မသိတဲ့အတွက် တစ်ခါတစ်ရံ ဘာသာပြန်တဲ့အခါ မှားသွားတော့တာပေါ့၊ အထက်နားက ဘာသာပြန်သလိုပဲ။

"ပါဠိ သင်ပေးရတာဟာ ဒီလိုက စသွားတာပဲ၊ ပါဠိသင်ထားရင် ပါဠိကို အနေအထား ဓာတ်ပစ္စည်း ကာရကဆိုတာတွေ နားလည်ထားရင် အများကင်းနိုင်တယ်၊ ဝေခွဲမရ ဖြစ်လာတဲ့အခါမျိုးကျရင် ပါဠိမူရင်း ပြန်ကြည့်၊ မူရင်းကို အုပ်ကိုင်ထားမှ အနက်တိကျနိုင်မယ်၊ ပါဠိကို ကြည့်တော့သိအောင် ကြည့်တတ်အောင်တော့ ပါဠိအခြေခံများကိုသိထားမှဖြစ်မယ်၊ Grammer ဆိုတာ အခြေခံသဘောကို နားလည်အောင် ခွဲစိတ်ရှင်းလင်းပြတဲ့ သဒ္ဒါကျမ်းပဲ၊ ပါဠိတို့ သက္ကတတို့ဆိုတာ ရှေးအတော်ကျတဲ့ ဘာသာစကားတွေ ဖြစ်တယ်၊ သူတို့တစ်တွေ သိအောင်၊ နားလည်အောင် ရှေးကပုဂ္ဂိုလ်ကြီးတွေကသဒ္ဒါဗျာကရုဏ်းကျမ်းကြီးတွေကို ရေးခဲ့တာပေါ့။

ဩစတြေးလျက မစ္စတာနိုက်ဆိုတာ သိပါတယ်၊ ဟိုနိုင်ငံ၊ ဒီနိုင်ငံတွေမှာ အလုပ်လုပ်ရင်း ဗုဒ္ဓဘာသာနိုင်ငံရောက်၊ ဗုဒ္ဓဘာသာရေးတော်များကို မိတ်ဆွေတွေနဲ့ဆွေးနွေး၊ ဗုဒ္ဓကျမ်းစာတွေ ရှာဖွေဖတ်ရှု၊ သာသနာ့ရိပ်သာမှာ တရားထိုင်ပြီး ဗုဒ္ဓဘာသာကို ခံယူလာသူဖြစ်တယ်၊ ဗုဒ္ဓတရားတော်ကို ခံယူတဲ့နေရာမှာလဲ (Rational Thinking) ခေါ်တဲ့ စဉ်းစားဉာဏ်၊ ကြောင်းကျိုးဆင်ခြင်ဖန်ဉာဏ်နဲ့ ခံယူတတ်တဲ့လူတွေဖြစ်တော့ ပြောတိုင်းယုံမှာ မဟုတ်ဘူး၊ သိပ္ပံခေတ်ကြီးမှာ သိပ္ပံနည်းကျကျတွေးပြီး ခိုင်လုံမှုဟူမှာ၊ မူလ ကိုးကွယ်တဲ့ခရစ်ယာန်ဘာသာကို သိပ္ပံနည်းနှင့် အစမ်းအသပ်မခံနိုင်လို့၊ ခိုင်လုံမှုမရှိလို့ စွန့်ပစ်သာပြီးမှ တောရမ်းမယ်ဘဲ့ မဟုတ်ဘရုပ် ဓလေ့ထုံးစံဆိုတာတွေကို ခံယူမိမှာစိုးလို့ ဗုဒ္ဓသမ်းစဉ်ဆိုတိုင်း မခံယူနိုင်ကြောင်း ပြောလိုတဲ့အဓိပ္ပာယ်ပါ၊ ပါဠိကိုလေ့လာမိလို့ ပါဠိနဲ့ဘာသာပြန်တွဲဖက်ပြီး အဓိပ္ပာယ်သိရတဲ့အရသာကို မြည်းစမ်းမိရင် ဗီလိုပညာရှိတွေ ပါဠိကို ရသက်ပန် ဝါသနာပါသွားတော့ဘာပဲ”

“ဒါဖြင့် သူတို့ကို ပါဠိသင်ပေးတော့ ဘာကစပြီးဘယ်လိုသင်ပေးပါသလဲ ဘုရား”

“ချားလစ်ဒူးရှိုင်ဇယ်ရေးတဲ့ Practical Griammer of the Pali Language သီဟိုဠ်က ဗုဒ္ဓဒတ္တရေးတဲ့ The New Pali Course ဆိုတာတွေ အခြေခံပြီး သင်ပေးရတယ်၊ ဝိသုဒ္ဓိမဂ်ကို အင်္ဂလိပ်ဘာသာပြန်နဲ့တွဲပြီး အဖတ်ခိုင်းရတယ်၊ ပါဠိရှည်ရှည်ဝေစ်ဝါကျက အစိတ်စိတ်ဝါကျတိုကလေးတွေ လုပ်ပြ၊ ဘာသာပြန်ပြ၊ ကူးပုံပြောင်းပုံ တွဲစပ်ပုံပြောပြ၊ ဓာတ်ရင်းနဲ့ဝိဘတ် ခွဲစိတ်ပြ၊ နာမ်ပုဒ်တစ်ပုဒ်ကို ဝိဘတ်နဲ့တွဲပြ၊ အင်္ဂလိပ်မှာ နာမ်ဝိဘတ် အာချာဘ်ဝိဘတ်တွေဆိုတာဟာ နာမ်ပုဒ်ရဲ့ရှေ့၊ ဓာတ်ရဲ့ရှေ့ရာနေပုံ၊ ပါဠိမှာ နောက်နားကပ် တွယ်မှီနေပုံတွေ သင်ပြရတယ်”

## နိကာယ် သင်တန်းပေးခြင်း

ပါဠိသင်တန်းမှာ ပြပေးရင်း မဇ္ဈိမ နိကာယ်ကိုပတ်ပြီး သဒ္ဒါဆိုင်ရာ အချက်အလက်တွေပြရင်း အဓိပ္ပာယ်ရှင်းပြ၊ ဘာသာရိုးရိုးပြန်ပြ၊ (F. Woodward) ဝုဒ်ဝတ် ဘာသာပြန်ကို အဖတ်ခိုင်းပြီး ဘယ်နေရာမှာ

လိုနေတယ်၊ ဘယ်ဟာက ပိုနေတယ်၊ တိတိကျကျပြန်ရင် ဒီလိုပြန်ရမယ်၊ အဓိပ္ပာယ် ဒီလိုကောက်ယူရမယ်ဆိုတာတွေ ရှင်းလင်းပြတော့ ပါဠိ သင်တန်းနဲ့တင် မတင်းတိမ်နိုင်ကြတော့ဘူး၊ နိကာယ်ရဲ့အရသာ တွေ့သွားကြပြီ၊ ဗုဒ္ဓမြတ်စွာရဲ့ ဟောပြောတွေးခေါ်ပုံတွေကို သူတို့ နားထောင်နေရင်း၊ ဖတ်နေရင်း သဒ္ဒါကျလွန်းလို့ တချို့များ ဒီသင်တန်း မတက်ရရင် ထမင်းစားမဝသလို ခံစားရတဲ့အကြောင်း ပြောကြတယ်၊ ဒါနဲ့ ပါဠိ သင်တန်းက တစ်ပတ်ဘယ်နှစ်ရက်၊နိကာယ်သင်တန်းက တပတ်ဘယ်နှစ်ရက် နဲ့ဆိုပြီး ဝေပုံချပေးရတယ်၊ တခြားဟောပြောပွဲတွေကလည်း ရှိသေးတယ်။"

"နိကာယ်သင်ပေးတော့ဘယ်နိကာယ်ကို အစထားပြီး၊ ဒါမှမဟုတ် ဦးစားပေးပြီး သင်ပေးပါသလဲ ဘုရား။"

"ဒီဃနိကာယ်က သုတ်တွေရှည်တယ်၊ တော်တော်သေးအချိန်ရလာမှ နောက်ပိုင်းကျတော့ ဒီဃနိကာယ်ကို သင်ပေးတယ်၊ ဒါပေမယ့် အရေးကြီးတဲ့ သုတ်တွေ၊ ဥပမာဆိုပါတော့ မဟာပရိနိဗ္ဗာနသုတ်၊ အဂ္ဂညသုတ် တို့လို သုတ်တွေကျတော့ စောစောပဲ ထုတ်နုတ်ပြီး သင်ပေးရတယ်၊ ပါဠိ သင်တန်း တက်ထားကြသူတွေ ဖြစ်တဲ့အတွက် ပါဠိလျောက်အဖတ်ခိုင်းရင်း လွယ်ကူတဲ့ စာပိုဒ်တွေ ဘာသာပြန်ပေးမနေဘူး၊ ဘာသာပြန် စာအုပ်ကို အဖတ်မခိုင်းဘူး၊ မှားနေတာတွေရင်၊ ဒါမှမဟုတ် ဘာသာပြန် မပြည့်မစုံ ဖြစ်နေတာ၊ အဓိပ္ပာယ် အယူအကောက် လွဲစရာတွေနေရင် ဘာသာပြန်ကို အဖတ်ခိုင်းပြီး လိုရာကို ဖြည့်၊ မှားတာကို ပြင်၊ သဒ္ဒါအနေအထား ပြောစရာ ရှိရင် ရှင်းလင်း ပြောပြတယ်။"

"ပါဠိအဖတ်ခိုင်းတဲ့အခါ အသံက မြန်မာသံနဲ့တော့ မဟုတ်ဘူး ထင်ပါ့ ဘုရား။"

"ဟုတ်ဟုတ်လေ၊ မြန်မာအသံက International Pronunciation အနိုင်နိုင်ငံ အသံထွက်နည်းမှ မဟုတ်ဘဲ၊ ဒါကြောင့် ရောမအက္ခရာနဲ့ ပုံနှိပ်ထားတဲ့ အသံအတိုင်းပဲ အသံထွက်စေတယ်။"

"ခုနကစကား ပြတ်သွားပါတယ်ဘုရား၊ ဒီဃ နိကာယ်က ရှည်လို့ နောက်ပိုင်းကျမှ သင်ပေးတယ်ဆိုတော့ ရှေ့ပိုင်းမှာဘယ်နိကာယ် သင်ပေး ပါသလဲ ဘုရား။"

"မဇ္ဈိမနိကာယ်ပေါ့၊ အဲဒီနိကာယ်ကို အနောက်ပါဠိပညာရှင်တို့က ပို့ဒရှေးကျတယ်လို့ ယူဆကြတယ်၊ ပြီး သုတ္တနိပါတ်ကိုလဲ ရှေးကျတယ်လို့ ယူဆပြီး အလေးအနက် ထားကြတယ်၊ အနောက်က ဝေဖန်သူ တွေဟာ တို့ပိဋကတ်စာပေကို ဘယ်ဟာကရှေးကျတယ်၊ ဘယ်ဟာက နောက်ကျတယ်လို့ ဝေဖန်တတ်ကြတယ်၊ မဇ္ဈိမနိကာယ်ထဲက အနုပဒသုတ်ကို Mrs.Rhys Davidsက နောက်မှ သာဝကတွေ ရေးထည့်ထားတာလို့ ဝေဖန်ထားတာကို ဂျာမန်ဘိက္ခုညာနပေါနိကကသူ့ရဲ့ Abhidhamma Studiesဆိုတဲ့ စာအုပ်မှာ ပြန်လည်ချေပထားတာ တွေ့ရတယ်၊ အဲဒီလို ပြန်လည် ချေပ ရေးစရာတွေ အများရှိတယ်၊ ကလောင်ထက်ထက်နဲ့ ပြန်နှက်ဖို့ရန် သူတို့ အနောက်တိုင်းသားချင်းမှ ပိုနေရာကျတယ်၊ တို့မဇ္ဈိမနိကာယ် ရှေးတာ ကတော့ မတိုမရှည်သုတ်တွေဆိုတော့ တစ်ပတ်တစ်သုတ် ကုန်အောင်သင်လို့ ဖြစ်တယ်။ ဗုဒ္ဓဓမ္မ အခြေခံကျတဲ့ အချက်တွေလဲ ဒီမဇ္ဈိမနိကာယ်က ခြုံမိငုံမိတယ်လို့ ယူဆတဲ့အတွက်ပါပဲ"။

"နိကာယ်သင်ရခြင်း အကြောင်းတော့ ဆရာတော်ဘုရား မိန့်ကြားသွားတဲ့ အထဲမှာ ပါသွားပါပြီဘုရား၊ ဒီ နိကာယ်သင်တန်းအတွက် ပေါ်လာတဲ့ အကျိုး အမိန့်ရှိပါဦး ဘုရား"

"ဟာ....အများကြီးပဲ၊ နိကာယ်သင်တန်းတက်သက်လာနားထောင်တဲ့ သူတွေထဲက ပါဠိသဘောကျပြီး ပါဠိသင်တန်းသား ဖြစ်လာတာတွေ တော်တော်များတယ်၊ ဗုဒ္ဓလက်ထက်တော်က လူတန်းစားသမိုင်း၊ ဒေသနိရုတ်ဗေဒ အုပ်ချုပ်ပုံ အခြေအနေ၊ ဓလေ့ထုံးစံ၊ အဲဒီခေတ်ကလူတွေရဲ့ ဘာသာ ရေး ခံယူချက်စတဲ့ အချက်တွေဟာ ယူလို့မှတ်လို့ မကုန်နိုင်ပါဘူး၊ အနောက်တိုင်းက လူတွေနဲ့ တို့အရှေ့တိုင်းသားတွေနဲ့ မတူတဲ့ အချက်တွေရှိတယ်၊ သူတို့က ရှေးဟောင်း ယဉ်ကျေးမှုကို အလွန်မြတ်နိုးတာကလား၊ ဒီနိကာယ်တွေထဲပါတဲ့ အကြောင်းအရာ အချက်အလက်တွေနဲ့ ဟိန္ဒူတွေရဲ့ ပုရာဏ်ကျမ်းတွေမှာပါတဲ့ အချက်အလက်တွေ နှိုင်းယှဉ်ပြီး လေ့လာကြတယ်၊ အမှန်က ပုရာဏ်ကျမ်းတွေဆိုတာ တို့ဗုဒ္ဓလက်ထက်တော် ကတည်းက ထင်ရှားနေတာပဲ၊ ရှေးကျတာတော့ မှန်တယ်၊ ဒါပေမယ့် အားလုံး ရှေးကျတာချည်း မဟုတ်ဘူး၊ နောက်တိုး ပုရာဏ်တွေလဲ နည်းတာမဟုတ်ဘူး၊ (Epic) ခေါ်တဲ့ မဟာဘာရတတို့၊ ရာမာယနတို့မှာပါတဲ့ အချက် အလက်တွေ၊

ပြာကရိတ်ဘာသာနဲ့ ရှိနေတဲ့ ဂျိန်းဘာသာရေး စာပေတွေမှာပါတဲ့ အချက်အလက်တွေစေ့စေ့စပ်စပ်သေသေချာချာ ရှာဖွေနှိုးနှောပြီး ဗုဒ္ဓမ္မသမိုင်း A History of Buddhist Thoughtလို စာအုပ်မျိုးတွေ ရေးကြ၊ အစောဆုံး အိန္ဒိယသမိုင်းတွေ ရှာရှာဖွေဖွေ ရေးကြတာ သူတို့ပဲ။

"အဲဒီ ဝါသနာက သူတို့ကို အမြဲ နှိုးဆော်ပေးနေတာ၊ဒါကြောင့် ကိုနိုကာယ်သင်တန်းမှာ တက်ရောက်သင်ကြတဲ့ လူဦးရေဟာ တစ်နေ့တခြား တိုးတိုးလာဆယ်၊ အခုနပြောသလို ပါဠိကို ပိုမိုစိတ်ဝင်စားပြီး ပါဠိသင်တဲ့ စာသင်သားလဲ တိုးတက်များပြားလိုက်လာတယ်၊ဒီအထဲ ဗုဒ္ဓတရားတော်ကို လေးလေးနက်နက် မှတ်သားပြီး ဗုဒ္ဓဟောကြားချက်ကို လက်ခံယုံကြည်ကာ ဗုဒ္ဓဘာသာ ကူးပြောင်းလာသူလဲ မနည်းပါဘူး။"

"ဩြော်... ဒါဖြင့် ဆရာတော့်သင်တန်း တက်ကြတဲ့ လူတွေဟာ ဗုဒ္ဓဘာသာဝင် အားလုံး မဟုတ်ကြဘူးပေါ့။"

"အို... ဘယ်အားလုံး ဗုဒ္ဓဘာသာဝင်ဟုတ်မလဲ၊စုံစမ်းသူ၊လေ့လာသူ၊ ငြင်းချက်ထုတ်သူ၊ဗုဒ္ဓရဲ့ အနတ္တ သင်ပြပုံကို လက်မခံနိုင် သဘောမကျနိုင်လို့ သင်တန်းကို သပိတ်မှောက်သွားသူ စုံလို့ပေါ့။ တချို့ ခရစ်ယာန်ဘုရားသာတွေ၊ စစ္စတာတွေ လာရောက် ဆွေးနွေးကြတယ်၊သင်တန်း လာတက်ကြတယ်၊ တွေးတော စဉ်းစားတတ်တဲ့ ယောနိသောမနသိကာရ Rational Thinkingရှိတဲ့ လူတွေကျတော့ 'ခရစ်ယာန် ဘာသာရေး အစ္စလာမ်ဘာသာပါ အရှေ့တိုင်းကလာတဲ့ ဘာသာလို့ ဆိုကြတာ ဟုတ်မှာပါပဲ၊ခရစ်တော်ဟာ အသက် ၁၇-နှစ်အရွယ်လောက်က ပျောက်သွားပြီး ၃၂-နှစ်လောက်ကျမှ ပေါ်လာတာဟာ တိဗက်ပြည်သွားပြီး ဗုဒ္ဓဓမ္မတွေ လေ့လာခံယူခဲ့နေတဲ့ အပိုင်းပဲ၊မြုပ်ကွက်တစ်ခုပဲလို့ ပြောနေကြတာ အမှန်ပဲဖြစ်ရမယ်' လို့ သူတို့ကိုယ်တိုင် ထုတ်ပြောလာကြတယ်၊ တချို့ကျတော့ 'ခရစ်တော်ရဲ့ သင်ပြချက်ဟာ ဗုဒ္ဓရဲ့ သင်ပြချက်လောက် မလေးနက်ပါဘူး၊စိတ်ကိုပြုပြင်ပုံ ပွားများပုံ နည်းလမ်းပေးမထားဘူး၊ သူ ကိုယ်တိုင်လဲ လမ်းဆုံးရောက်သူ ဟုတ်မယ်မထင်ပါဘူး'လို့ ပြောကြတယ်။

"ဒါတွင် မကသေးဘူး၊ဝတ္ထုသုတ်မှာပါတဲ့ ဥပက္ကိလေသ ၁၆-ပါးကို အဘိဓမ္မာ သင်တန်းမှာ ကိလေသာ ၁၀-ပါးနဲ့ တွဲယှဉ်စပ်ဟပ်ပြီး အဓိပ္ပာယ်ကောက်ယူပုံ၊ ဝေဒနာ ၂-ပါး၊ ၃-ပါး၊၅-ပါးတွဲပုံ-ခွဲပုံ၊ဗုဒ္ဓရဲ့

ချည်နှောင်ချက်၊ တရားလက်ခံသူ နာယူသူရဲ့ အသိဉာဏ်အဆင့် အမြင့် အနိမ့် လိုက်ပြီး ဟောပုံတွေကို ထည့်သွင်းသင်ပေးရတယ်၊သုခဝေဒနာတစ်ခုတည်း ကနေပြီး Discussionတစ်ခုမှာ ဟောပြောရတယ်၊အဝိဇ္ဇာIgnorance တစ်ခုတည်းနဲ့ Public Lectureတစ်ခုဟောပြောရတယ်၊ဇီလိုအသေးစိတ် ပြောဟောပြီဆိုတော့ ဗုဒ္ဓမြတ်စွာရဲ့ အလိုတော်ကို ခေတ်သဘောနဲ့ နှိုင်း ယှဉ်ပြီး ဥပမာ ဥပမေယျတို့နဲ့ မျက်မှောက်ခေတ်ရေးရာCurrent Airfia တွေနဲ့ ယှဉ်ဟပ်ပြီး ပြောဟောရတယ်၊ သဘောကျ လက်ခံကြသူ များ ပါတယ်"

## အဘိဓမ္မာ သင်တန်းပေးခြင်း

"အဘိဓမ္မာသင်တန်းက ဘယ်တော့ကမှ ပေးရတာလဲ ဘုရား။"

"အေး....အဘိဓမ္မာ သင်တန်း ဆိုတာလဲ နိကာယ်သင်တန်းက ပေါက်မွားလာတာပဲ၊နိကာယ်ကိုသင်ပြတဲ့ နေရာမှာ အဘိဓမ္မာသဘောနှင့် ရှင်းပြမှ ဖြစ်တဲ့ အချက်တွေ အများပဲ ပါတယ်၊တစ်ပိုဒ်တစ်ဒေသ ရှင်းပြလို့ ရကောင်းတာကို ရှင်း၊ အတော်အတန် ကျယ်ကျယ်ဝန်းဝန်း ပြောပြီး အသေးစိတ် ရှင်းရတာကျတော့ တစ်ရက်တည်းပြောလို့မရ၊ နှစ်ရက်သုံးရက် ဆက်ပြီး အကုန်ကျအောင်၊အဆက်အစပ်မိအောင် စဉ်းစားစီစဉ်ပြီးပြော ဟောရတယ်၊ ဒီအခါမှာ အဘိဓမ္မာကို သင်ချင်တဲ့ပိတ်တွေဟာ နိကာယ် သင်တန်းသားတွေမှာပေါ်လာတာပေါ့။ သူတို့ တောင်းဆိုတာနဲ့ အဘိဓမ္မာသင်တန်း တစ်ပတ်တွင် ၂ ရက်လောက် အနည်းဆုံးထားပြီး သင် ပေးရတယ်။"

"ဒီသင်တန်းစတော့ ဘာကနေ စသင်ပေးပါသလဲ ဘုရား။"

ဘိက္ခုဂျူဂဗီသျှကဆ်ယပ ရေးတဲ့ သင်္ဂြိုဟ်၊ ဦးရွှေဇံအောင် ပြန်ဆို အဖွင့်ရေးတဲ့ Abhidhamma Compendiumခေါ်တဲ့သင်္ဂြိုဟ်စာအုပ် နှစ်အုပ်ကို လက်ကိုင်ထားရတယ်၊ နောက်သီဟိုဠ်က နာရဒဘိက္ခု ရေးတဲ့ A Manual of Abhidhamma ခေါ်တဲ့ စာအုပ်ကိုလဲ အကူအညီအဖြစ် သူတို့ကို အဖတ်ခိုင်းရတယ်၊ ဒါနဲ့ အခြေခံ စပျိုးတာပေါ့"

"ဒီအခါမှာ တပည့်တော်တို့ မြန်မာပြည်မှာလို သင်္ဂြိုဟ်ပါဠိ စာအုပ်ကလေးကို လက်ကိုင်ထားပြီး ချပေးရရင် မိမိ ရရှိလာကြလိမ့်မယ် ထင်ပါတယ် ဘုရား။"

"အံ့မယ်….သူတို့ကို အထင်မသေးနဲ့၊ အမှတ်အသားစေ့စေ့စပ်စပ်ရှိတယ်၊ ပြောသမျှမှတ်မိတယ်။ အလွန်ကြိုးစားကြတဲ့ လူတွေပဲ။ သင်္ဂြိုဟ်စာအုပ်လဲ ရှိပါတယ်။ မြန်မာ အက္ခရာကို သူတို့ လေ့လာကြပါတယ်။ သူမှဝတ်သင်္ဂြိုဟ်ပါဠိကို ကောင်းကောင်းကြီး ဖတ်နိုင် ကျက်နိုင်ကြတယ်၊ သင်္ဂြိုဟ်သရုပ်ကွဲအောင်၊ တစ်နည်းပြောရရင်တော့ မာတိကာ ခေါင်းစဉ်ကလေးတွေ မှတ်မိနေအောင် လေ့ကျက်ထားမှ ရှေ့ကို သွားလို့ ရမယ်လို့ ပြောထားတာနဲ့ လေ့လာကျက်မှတ်ထားကြပါတယ်။ ဒါပေမယ့် မြန်မာပြည်မှာ သင်သလို သင်လို့ မဖြစ်ဘူး။

"ကျမ်းစာတစ်ခုကို သင်တော့မယ်ဆိုရင် အဲဒီ ကျမ်းစာရဲ့ နောက်ခံသမိုင်းကြောင်း၊ ဆက်သွယ် ပတ်သက်နေတဲ့ အဖြစ်အပျက် အရေးအခင်းတွေ အကုန်ပြောရတယ်။ အဘိဓမ္မာကို ဗုဒ္ဓမြတ်စွာကိုယ်တိုင် မဟောပါဘူးလို့ ဆိုတဲ့ အမြင်ဟာ သူတို့ပါဠိကတ် ပညာရှင်တွေရဲ့ ရင်ထဲ နှလုံးထဲမှာ စွဲနေတဲ့အမြင် ဖြစ်တယ်၊ ဒါကြောင့် အဘိဓမ္မာကို သိပ်အလေးအနက်မထားလိုကြဘူး၊ အဲဒါကို တဖြည်းဖြည်း အကြောင်းအကျိုး ယုတ္တိခိုင်လုံစွာနဲ့ ပြောရတယ်၊ Western Psychologyက လက်ဖျားနဲ့မှ မတို့ဖူးတဲ့ ခက်ခဲနက်နဲတဲ့ သဘောတရားတွေ နားလည်သဘောပေါက်လာကြတော့ အဲဒီ ပြောခဲ့တဲ့ သူတို့အမြင်ဟာ ပြောင်းလဲသွားတယ်။

"မိဘင်းပါဠိတော်ကို ဘာသာပြန်ရင်း တဖြည်းဖြည်း ချပို့ပေးလာခဲ့တယ်၊ မူလပဏ္ဏာသပါဠိတော်ထဲက ဆိုင်ရာဆိုင်ရာတွေကို ထုတ်နုတ်ပြီး ရှင်းလင်း ပြောပြရတယ်၊ ပြီးတော့ သင်္ဂြိုဟ်ထဲမှာပြန်ပြီး စပ်ဟပ်ပြရတယ်၊ ဝါသနာပါတဲ့ ဒေတွင်းရေးမှူး အမ်ဂလေဒင်တို့လို စာသင်သားတွေကျတော့ သဘောလဲ အတော်ပေါက်တယ်၊ ပေါက်အောင်လဲ ကြိုးစားတယ်၊ ပါဠိတွေများ နှုတ်တက်အာဂုံဆောင်ထားလိုက်သေးတယ်။

အနာတမူလိတ် အကြောင်း ပြောတော့မယ်ဆိုရင် လောကကိုပုဒ္ဓ ဘယ်လိုဟောသလဲဆိုတာ မူလပဏ္ဏာ စိတ္တပြဒကဏ္ဍ ပါဠိတော်ကိုထုတ်ပြ၊ အဓိပ္ပာယ်ရှင်းပြ၊ အဲဒီလောကနဲ့ တွဲယှဉ်တဲ့စိတ်ဟာ အရှင်စိတ်၊

အတည်စိတ် နှစ်မျိုး ရှိနိုင်တယ်၊ ဒီလောဘစိတ်မှာ အမြင်မှား အရင်းခံသလား၊ မခံဘူးလားလို့ နှစ်မျိုးစီခွဲစိတ်ပိုင်းခြားနိုင်တယ်၊ နှစ်မျိုးကွဲထွက်လာတယ်၊ ဒီတော့ ခုနှစ်မျိုးနဲ့ မြှောက်ပွားလိုက်တော့ လေးပါးဖြစ်လာတယ်၊ အဲဒီလေးမျိုးတစ်ခုတစ်ခုမှာ ပင်ကို ထက်သန်ခိုက်၊ ပင်ကိုက မထက်သန်လို့ နှိုးဆွပေးရတဲ့စိတ်လို့ နှစ်မျိုးစီထွက်လာပြန်တော့ လေးအမြှောက်နှစ်ပေါင်းရှစ်ပါး ဖြစ်လာတယ်၊ ဒါထက် လောဘသဟဂုတ်စိတ် (ဝါ) လောဘမူစိတ်ရှစ်မျိုးဖြစ်ပုံပဲ၊ ဒါထက်လဲမများဘူး၊ ဒါထက်လဲပိုမထွက်တော့ဘူး၊ ဒီလိုသင်ရတာ ကလေးတွေသင်သလို အကျက်ခိုင်းလို့ ရတာမဟုတ်ဘူး။"

"မြန်မာပြည်က လယ်တီဆရာတော်ရဲ့ ပရမတ္ထဒီပနီတို့၊ သီဟိုဠ် ဖြစ် အဘိဓမ္မတ္ထ ဝိဘာဝနီခေါ် ဋီကာကျော်တို့ သင်တန်းမှာ ထည့်သင်ပါသေးသလား ဘုရား။"

"စာပေသမိုင်းနဲ့ သူတို့ ပြောပြတဲ့အခါ တို့ မြန်မာ ပြည်မှာ ဖြစ်တဲ့ ဋီကာကျော် ဋီကာချော် အရေးတော်ပုံက ထည့်ပြောရတာပေါ့၊ မြန်မာတွေ ညံ့ကဲ့အကြောင်း၊ သီဟိုဠ်က ဋီကာဆရာ အမှားအယွင်းတွေကို ထောက်ပြပြီး ဋီကာသစ်ကယ်လို့ ပေါ်လာပြီးတော့ သီဟိုဠ်ကရော မြန်မာပြည်ကပါ ဘယ်သူမှ လယ်တီဆရာတော်ရဲ့ ဋီကာကို လှုပ်ချောက်ချားနိုင်တဲ့သူ မပေါ်ပါဘူး၊ နည်းနည်းပါးပါး ရှေးရိုးပုဂ္ဂိုလ်နှစ်ဦး၊ သုံးဦးကပြန်လှန်ပြီး ဋီကာကျော်ဘက်က ခုခံပြောဆို ရေးသားကြပေမယ့် အရာ မရောက်တဲ့ အကြောင်း ပြောပြရတယ်။"

"အဘိဓမ္မာသင်တန်းဟာအောင်မြင်မှု တော်တော် ရပါရဲ့လား ဘုရား"

"အေး....တော်တော်သင်ရပါတယ်၊ စတင်ပို့ချတာက ၁၉၄၈ ခုနှစ် လောက်မှာပဲ၊ ၁၉၄၉ ခုနှစ် ဇူလိုင်လမှာ စာမေးပွဲလုပ်ပါတယ်၊ လက်မှတ်လဲ ပေးတယ်၊ ပထမရတဲ့သူလဲ ပါတယ်၊ ဒုတိယရသူလဲ ပါတယ်၊ ရိုးရိုးအောင်သူတွေလဲ ရှိတယ်။

"စိတ်ဝင်စားသူတွေ တိုးတက်များပြားလာတယ်၊ စေတသိက်ပိုင်း စတော့မယ်လုပ်တော့ သင်တန်းသားတွေများတာနဲ့ နှစ်တန်း ခွဲလိုက်ရပါတယ်၊ စိတ်ပိုင်း အစကနေ တစ်တန်း အချိန်တစ်ချိန်ပေး၊ စေတသိက်

ပိုင်း ရောက်နေတဲ့လူတွေအတွက် ၁တန်း၊ ဒီအထဲမှာ ပထမပိုင်း ပြန်နား ထောင်တဲ့ စာသင်သားလဲရှိတယ်၊ ပြတဲ့လူကလဲ ပထမအကြိမ် ပြတာထက် ပိုလာပြီးလာတယ်၊ နာတဲ့လူတွေထဲမှာလဲ ပိုနားရှင်း၊ ပိုသဘောပေါက် လာတဲ့သူတွေ ဝမ်းသာစရာ တွေ့ရပါတယ်။"

(မေး) မေတာသိက်ပိုင်းဆိုရင် သူတို့အတွက် ပျင်းစရာကြီးများ ဖြစ်နေ မလား ဘုရား။

(ဖြေ) ဟာ...မပျင်းဘူး၊ မပျင်းဘူး။ စေတသိက်သဘောတစ်ခု ပြော ပြတော့မယ်ဆိုရင် ဓမ္မသင်္ဂဏီထဲကရော ဝိဘင်းပါဠိတော်ထဲက ပါ ကုတ်နုတ်ပြီး ဗုဒ္ဓနှုတ်ထွက်စကားတော်နဲ့ စရတယ်၊ သုတ္တန် ပါဠိ၊ ပမာဆိုပါတော့၊ ဒီဋ္ဌိဆိုတဲ့ စေတသိက်ပညာ တစ်နည်း အားဖြင့်မောဟဆိုတဲ့ စေတသိက်ကို ပါဠိတော်ဘာသာပြန်ရော ပါဠိ စကားလုံးပါ တွဲမှတ်ခိုင်းပြီးအဓိပ္ပာယ် ရှင်းရှင်း ပြောရတယ်၊ Buddhist Terminology ခေါ်တဲ့စကားလုံးရဲ့အဓိပ္ပာယ်နဲ့ စကားလုံးအသစ်တစ်လုံး၊ Synonym ခေါ်တဲ့ပရိယာယ်ပုဒ်ကို မှတ်ရမှာ ဝန်မလေးရအောင် တိုက်တွန်းပေးရတယ်၊ မှတ်ချင် သိချင်လာအောင် အမြဲတမ်း လှုံ့ဆော်ပေးနေရတယ်၊ ဒါပေ မယ့် စိတ်ဝင်စားကြတော့ ကြိုးစားပြီး မှတ်ကြတယ်၊ ဘာသာ ရပ်တစ်ခုကို ကျကျနန သင်ချင်ရင် Technical Term ဆိုင်ရာ ဝေါဟာရထူးဆိုတာရှိတယ်၊ ဒါကို မှတ်မိအောင် လုပ်ရတယ်၊ မှတ်မိမှ အဲဒီ ဘာသာရပ်ကို နိုင်နင်း ကျွမ်းကျင်တယ်ဆိုတာ လူတိုင်း သိနေတာပဲ။

ဟိုသင်္ချိုင်းပိုင်းသင်္ဂြိုဟ်မှာ အာသဝ, ဩဃ, ယောဂ, နီဝရဏ, ကိလေသ, သံယောဇဉ်ဆိုတဲ့ အောက်တန်း သဘောတရား အုပ်စုမှဖြစ်စေ၊ သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်တို့တဲ့ အထက်တန်း သဘောတရားအုပ်စုမှ ဖြစ်စေ၊ တရားကိုယ်အနေအားဖြင့် တရားသဘော တစ်ခုတည်းကိုအမည် နာမအမျိုးမျိုး ထည့်ခေါ်ရတယ်၊ ခေါ်ဆို သုံးနှုန်းထားတယ် ဆိုတာ သင်ပေးရတယ်။

(မေး) နို့....နေပါဦး ဘုရား၊ ဗုဒ္ဓမြတ်စွာ တရားဟော သင်ပြနေစဉ် အခါမှာ ဗုဒ္ဓထွင်တော်မူလိုက်တဲ့ စကားတွေကို တရားနာ ပရိသတ်က နားလည်ပါ့မလား ဘုရား။

(ဖြေ) ဗုဒ္ဓထွင်တော်မူတာက နည်းနည်းပါ၊ လောကမှာ တွင်ကျယ် ပြီးသား စကားလုံးတွေ ဝေါဟာရတွေသာ များပါတယ်၊ ဝေါဟာရ ဒေသနာ၊ ပရမတ္ထဒေသနာ (Conventional Usage, Ultimate Usage)လို့ ၂ မျိုးရှိတယ် မဟုတ်လား၊ အရပ်သုံးစကားနဲ့ အရပ်ထဲကလူတွေ နားလည်အောင် ဟော ပြတာဖြစ်လို့ တရားနာသူများ လက်ခံသဘောပေါက်ကြတာ ပေါ့၊ ဒါပေမယ့် လောကမှာ ဖြစ်ရိုးဖြစ်စဉ် မဟုတ်တဲ့ အနက် သဘောတွေမှာ ဝေါဟာရ ဘယ်မှာ ရှိမှာလဲ၊ ဒါကိုတော့ ဗုဒ္ဓမြတ်စွာက ထိုခေတ်က ပညာတတ်လူတန်းစားတွေ နားလည် နိုင်တဲ့ စကားလုံးနဲ့ တွဲစပ်လို့ ဖြစ်စေ၊ ဆင်တူယိုးမှား အသစ် ဖော်ထုတ်လို့ဖြစ်စေ၊ လုံးလုံးသစ်ဆန်းနေတဲ့ ဝေါဟာရဖြစ်စေ ဗုဒ္ဓ မလွဲမရှောင်သာ သုံးစွဲပြီး ဟောတော်မူရတယ်။

ဥပမာဆိုပါတော့ နိဗ္ဗာန်ဆိုတာ "ဘဝပြတ်ငြိမ်းခန္ဓာသိမ်း" ဆိုတဲ့ အဓိပ္ပာယ်နဲ့ ဗုဒ္ဓဒေသနာမှတစ်ပါး ဘယ်မှာမှ မရှိပါဘူး၊ စကားကတော့ ဗုဒ္ဓမပေါ်မီက ရှိနေသုံးစွဲနေတဲ့ စကားလုံးပဲ၊ အဓိပ္ပာယ်ချင်း မတူပါဘူး၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ဆိုတာ ယခု ကာမစိတ် ဖြစ်ပေါ်လာတယ်၊ ယခုပဲ ဤကာမစိတ်ကို ကာမဂုဏ် ခံစားပြီး ဖြေဖျောက်လိုက်တာနဲ့ ငြိမ်းသွားတယ်၊ ဒါမျိုးကို ခေါ်ထားတာ၊ ဥပမာ ထမင်းဆာနေတယ်၊ ထမင်းစားလိုက် တော့ ဆာလောင်မှု ပျောက်ငြိမ်းသွားတယ်၊ ဒါကို နိဗ္ဗာန်လို့ ခေါ်ထားတယ်၊ တို့ဗုဒ္ဓနိဗ္ဗာန်နဲ့ ဘယ်လောက် ကွာခြားသွား လဲ၊ ပြီးတော့လဲ ဘဂဝဂ်ဂီတာမှာပါတဲ့ နိဗ္ဗာန်ဆိုတာ ရှိ[illegible] တယ်၊ ဂီနိဗ္ဗာန်က ဗုဒ္ဓနိဗ္ဗာန်[illegible] အတုခိုးပြီး ပုံမှားရိုက်[illegible]၊ ဇီဝ-အတ္တနဲ့ ပရမ—အတ္တ ၂-မျိုး ပေါင်းစပ်ပူးတွဲ တစ်ခုတည်း ဖြစ်သွားတဲ့အခါ လှုပ်ရှားမှုမရှိ ငြိမ်းသွားတာ နိဗ္ဗာန်တဲ့၊ နိဗ္ဗာန် ရိုးရိုးမခေါ်ဘူး၊ ဗြဟ္မနိဗ္ဗာန်တဲ့၊ ပြီး....အဲဒီလို အတ္တ ၂-မျိုးပေ

သွားတဲ့ အဘွက်လောကအနှောင်အဖွဲ့ တို့မှ လွတ်သွားတော့တဲ့ အတွက် မောက္ခတဲ့။ အဲဒါ...ဗုဒ္ဓခေတ်နောက် အများကြီးကျမှ ပေါ်လာတဲ့ကျမ်း၊ မဟာဘာရတကဗျာရဲ့ ကဏ္ဍတစ်ခုလို့ ဆိုကြတယ်၊ ဘဂဝတ်ဂီတာဟာ ဟိန္ဒူတွေရဲ့ဓမ္မကျမ်းစာပဲ၊ ဘယ်ခေတ်မှာမှ အသုံးမရှိ ဘယ်ကျမ်းမှာမှ မပါတာကတော့ ဒဿန-သောတာပတ္တိမဂ်၊ ဘာဝနာ-အထက်မဂ်၄-ပါး၊ သစ္စာ-လုပ်လို့မရတဲ့နိဗ္ဗာန်၊ ဂေါတြဘူ-အနှယ်အဆက် အကွက်အဆင်ဖြတ်တဲ့ လောကုတ္တရဝိပဿနာ ဘာဝန ရဲ့ ထိပ်ဆုံးပိုင်း၊ ဒါမျိုးတွေတော့ ဗုဒ္ဓမြတ်စွာရဲ့ ဝေါဟာရ ဆန်းသစ်ပုံများလို့ ဆိုနိုင်တယ်၊ လောကုတ္တရာ တရားတွေဆိုရင် အများအားဖြင့် ဗုဒ္ဓမြတ်စွာရဲ့ စကား သက်သက်ပါပဲ။

(မေး) ဓမ္မသင်္ဂဏီနဲ့ ဝိဘင်းကို ဆရာတော့် သင်တန်းမှာ သင်ပုံကလေး အကြွက်မျှ မိန့်တော်မူပါဦး ဘုရား။

(ဖြေ) ဓမ္မသင်္ဂဏီဆိုတာ ဓမ္မ-သဘောတရားများ၊ သင်္ဂဏီ-စုပေါင်းရေတွက်ထားရာကျမ်း၊ သဘာဝ တရားစုများကို အသေးစိတ် စေ့စေ့စပ်စပ် စုပေါင်း ရေတွက်ပြတယ်၊ ရေတွက်ရုံ၊ မာတိကာ ပေါင်းစည်းရုံမျှမက Analysis ခွဲခြမ်းပိုင်းခြားပြခြင်း Classification အမျိုးတူ အတန်းစား ခွဲဝေပြခြင်း နည်းများနဲ့ ဟောတော်မူတယ်၊ ဥပမာ Consciousness စိတ်ရဲ့ သဘောသဘာဝကို ဖဿ ဝေဒနာ မနသိကာရ စသည်ဖြင့် Characteritics လက္ခဏာပေါ်လာအောင် ပြပြီးတဲ့နောက် စိတ်ဘယ်နှစ်မျိုး၊ ကုသိုလ်ဘယ်နှစ်မျိုး၊ တစ်မျိုးတစ်မျိုး ကဏ္ဍငယ် ဘယ်ရွေ့ ဘယ်မျှ ခွဲခြမ်းပြတော်မူတယ်၊ ရှေ့စ်စက်မှာ မိုက်ကရိုစကုပ် တစ်ခုကောင်းကောင်းနဲ့ကြည့်ပြီး၊ မရေမတွက်နိုင်သေးနုပ်လှတဲ့ သတ္တဝါကလေးတွေကို ပြသလို စိတ်ရဲ့ယူနစ်တစ်ခုခုကကလေး တစ်ခုမှာ အသက်သွန်ဘိုကောင်းတဲ့ Mental Constituent စေတသိက်ကလေးတွေ ဘယ်ရွေ ဘယ်မျှ ဘာတွေဘာတွေ ဆိုတာ ဗုဒ္ဓရဲ့ဉာဏ်တော်မှန်ပြောင်းကြီးနဲ့ထိုးပြထားတော်မူတယ်၊ ဒါမျိုးတွေ အခြေခံပြီး ဆိုင်ရာဆိုင်ရာ လိုတဲ့နေရာကလေးတွေ

မှာ သင်ပြရတယ်၊ မသင်မီသင်ပြနည်းကို ခေတ်နဲ့ဒေသနဲ့ လူမျိုးနဲ့ တော်အောင် စဉ်းစား စီစဉ်ရတယ်။

ဝိဘင်းတော့ဒါထက်ကျယ်ပြီး ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်စတဲ့ သဘောတရားတွေကို ပိုမိုကျယ်ပြန့်တဲ့ ခွဲခြမ်းပိုင်းခြား နည်းနဲ့ ခွဲပြတယ်၊ သုတ္တန်နည်းနဲ့ ခွဲဝေရင် ဒီလိုခွဲ၊ အဘိဓမ္မာနည်းနဲ့ ခွဲဝေရင် ဒီလိုခွဲ၊ ရသင့်တိုင်း အဖြေရှိရှိ-မရှိရှိ၊ မေးခွန်း ထုတ်ပြီး ရှင်းလင်းဝေဖန်ရင် ဒီလိုလုပ်ရှင်းလို့ နည်းပြီး အကျယ်ပြန့်ဆုံး ဟောကော်မူတယ်၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်မှာ ဖဿကြောင့် ဝေဒနာ ဖြစ်တယ်လို့(ဖဿပစ္စယာဝေဒနာ)လောက်သိထားတဲ့ ပုဂ္ဂိုလ်များကို ဝေဒနာကြောင့်လည်း ဖဿဖြစ်တယ်၊(ဝေဒနာပစ္စယာ ဖဿော)လို့ အပြန်အလှန် သင်ပြဟောတော်မူပုံ၊ အကြောင်းအနေနဲ့ ဘယ်လိုဖြစ်၊ အကျိုးအနေနဲ့ဖြစ်ဆိုတာတွေ ခပ်ဖြည်းဖြည်း သင်ကြားသွားရတာပေါ့၊ ဒီအကြောင်းတွေအသေးစိတ်လွန်းရင် စာဖတ်သူတွေ စိတ်ရှုပ်ထွေးကုန်မယ်၊ ကဲ....ဒီနေရာမှာ ဘာတရန်ရပ်ဆဲလ်ခေါ်တဲ့ ဗိလေဒ်ဆိုဖာ(လောကအမြင်ဆရာကြီး)၏ အဆိုတစ်ရပ်ဟာ ဗုဒ္ဓအဘိဓမ္မာ ဒေသနာတော် ဟောပုံနဲ့ လာတိုက်ဆိုင်နေလို့ သူ့အဆိုလေးကို ပြောပြလိုက်ဦးမယ် Bertrand Russell က သူ့ရဲ့ Our Knowledge of the External World ဆိုတဲ့ စာအုပ်မှာ ဒီလို ရေးထားတယ်။

"A complete description of the existing world require not only a catalogue of things but also a mention of all their qualities and relations." (Abhidhamma Studies by Nyanaponika Thera)

ဉာဏပေါနိကထေရ်၏ အဘိဓမ္မာလေ့လာချက်မှ)

(မြန်မာ) လက်ရှိကမ္ဘာကြီးကို အပြည့်အစုံဖော်မယ်ဆိုရင် အရာဝတ္ထုများ၊ အကြောင်းအချက်များကို ရေတွက်ပြရုံနှင့် မပြီး၊ ယင်းတို့၏ အရည်အချင်းနှင့် အဆက်အသွယ်များကို ဖော်ပြဦးမှ ဖြစ်မည်။

ဆရာတော်အရှင်သေဋ္ဌိလ၏ အဘိဓမ္မာစာမေးပွဲမေးခွန်း

အထက်ပါမေးခွန်းကို မြန်မာ ဥပါသကာများ စုပေါင်း တည်ထောင်ထားသော သာသနကာရီဝိဟာရ၌ ၁၉၄၉ခုနှစ် ဇူလိုင် ၂၉ရက်နေ့တွင် အောက်ပါမေးခွန်းများကို မေးရှိသင်တန်းသားများအားဖြေဆိုစေသည်။

## Abhidhamma Examination, Question-papers

1. What are feelings, roots, functions, doors, objects, and bases of the thoughts of a political leader who is lying about his opponents systematically under the heading of propaganda?
2. Can a child be born by chance or created by God, or who, or what is the immediate determining factor of its birth?
3. Is there any such thing as subconsciousness or universal consciousness? If so, what are they called in the Abhidhamma? If not, what is it that is constantly exerting powerful influence upon our present life?
4. What are the types of consciousness with which one can understand everything in the whole world as it is?
5. Is Nibbana a state of consciousness? If so, what is it conscious of? not, what are the types of consciousness by wich it may be realised?

(၁) ဝါဒဖြန့်ဖြူးသည့် အနေဖြင့် မိမိ ပြိုင်ဘက်(အရွေးခံမည့်သူ) အကြောင်းကို သေသေချာချာ တစ်တစ်ခွခွ လိမ်လည်ပြောဆိုနေသောနိုင်ငံရေးခေါင်းဆောင်တစ်ယောက်၌မည်သည့် ဝေဒနာ၊မည်သည့်ဟိတ်၊မည်သည့်ကိစ္စ၊ မည်သည့် ဒွါရ၊မည်သည့် အာရုံ၊မည်သည့်ဝတ္ထုများ ဖြစ်ပေါ်လာနိုင်ပါသနည်း။

(၂) ကလေးတစ်ယောက်သည် အမှတ်မဲ့ ဖွားလာနိုင်ပါသလား၊ သို့မဟုတ် ထာဝရဖန်ဆင်း၍ ဖွားလာနိုင်ပါသလား၊ ကလေး မွေးဖွားခြင်း၏ နီးကပ်သော အကြောင်းရင်းကား အဘယ်ပါနည်း။

(၃) မသိစိတ်၊ သို့မဟုတ်၊ တစ်ကမ္ဘာလုံးနှင့် ဆိုင်သော စိတ်ဟူ၍ ရှိပါသလော၊ ရှိပါလျှင် ယင်းတို့ကို အဘိဓမ္မာ၌ အဘယ်ခေါ်ဆို၍ ကျွန်ုပ်တို့၏ ယခု မျက်မှောက်ဘဝ၌ အမြဲတမ်း အရှိန်အဝါကြီးကြီးဖြင့် သြဇာပေးလျက် ရှိသော အရာကား အဘယ်နည်း။

(၄) တလောကလုံး၌ အရာရာကို သူ့နဂိုအတိုင်း သိနိုင်သော စိတ်မျိုးသည် မည်သည့် စိတ်မျိုး ဖြစ်ပါသနည်း။

(၅) နိဗ္ဗာန်သည် စိတ်၏ အခြေအနေတစ်ခု ဖြစ်ပါသလော၊ ဖြစ်လျှင် ယင်းနိဗ္ဗာန်သည် မည်သည့်စိတ်၏ အခြေအနေ ဖြစ်ပါသနည်း၊ မဖြစ်လျှင် ယင်းကို မျက်မှောက်ပြုနိုင်သည့် စိတ်မျိုးကား အဘယ်စိတ်မျိုး ဖြစ်ပါသနည်း။

ဤစာမေးပွဲကို ဖြေဆိုသူများအနက် ဂုဏ်ထူးဖြင့် အောင်မြင်သူများ....

၁။ မစ္စတာ အာ—အီး အစ်ဂလေဒင်၊
၂။ မစ်စစ် အစ်ဂလေဒင်၊
၃။ မစ်စစ် အိတ်—ပါလ်မား၊
၄။ မစ္စတာ အီး—အက်စ် အန်ဒါဆင်၊
၅။ ဒေါက်တာ အက်ဖ်—ဝေါလ်တန်၊

ရိုးရိုးအောင်သူမှာ—

၁။ မစ်စ် အယ်လ်—ပေါလ်စ် ဖြစ်ပါသည်။

(၁၉၅၂—ခု၊ အေဒ်တွန် အာလယ်လမ်းစာစောင်မှ ကူးယူဖော်ပြပါသည်။)

## အရှင်သေဋ္ဌိလ ဆရာတော်၏ ဝါသနာ

ဝါသနာဟူသည်ကို Natal Tendency မွေးရာပါစိတ်ညွတ်ယိမ်းမှု၊ တစ်နည်းပြောရလျှင် Habitually begotten character အလေ့အထ အလိုက် ဖြစ်ပေါ်လာသော စရိုက်သဘာဝ....ဟု အနက် ဖွင့်ဆိုကြသည်၊ ဗုဒ္ဓ၏မင်္ဂလာတရားတော်အရ ပုဗ္ဗေစ ကတပုညတာဟူသော ရှေးရှေးဘဝတို့၌ ဆည်းပူးအားထုတ်ခဲ့သော ကုသိုလ်ထူးကြောင့် မကောင်းမှုလုပ်ရန် စိတ်မဝင်စား၊ ကောင်းမှုကောင်းရာကိုတုပ၍ ကောင်းသည်ကိုသာ လုပ်လိုသော ဆန္ဒစိတ်ဓာတ်ကလေးကို ကောင်းသောဝါသနာဟု ဆိုရမည်ဖြစ်၏။

ထို့အတူပင် ပုဗ္ဗေစကတပုညတာ မင်္ဂလာနည်းခဲ့သူ၊ ကုသိုလ်ကနည်း၍ အကုသိုလ်က အလေးသာခဲ့သူများအဖို့ ကောင်းမှုကောင်းရာ၌ စိတ်မဝင်စား၊ မကောင်းမှုမျိုးစုံကို ကြုံတွေ့သမျှ မလွှတ်တမ်း ပြုလုပ်လိုသော ဆန္ဒဓာတ်ကလေးကိုလည်း မကောင်းသော ဝါသနာ...ဟု ဆိုရမည်ဖြစ်သည်။

ဆရာတော်အရှင်သေဋ္ဌိလအဖို့ကား ကလေးဘဝကပင် ကောင်းသော ဝါသနာ ဖူးမြှပ်သော အထုံအကြိုက်စရိုက်ကလေးများ ထင်ဟပ် ပေါ်လွင်လျက် ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ကျောင်းသားငယ်ဘဝ ရှင်မပြုမီကပင် ဆူဆူညံညံ ရပ်ရွာအတွင်းပွဲခင်းပွဲလိ လူ့လောကီ ဓလေ့များ၌ ပျော်မွေ့ခြင်းမရှိ၊ အေးဆေးတိတ်ဆိတ်သော ရဟန်းကျောင်းများ၌သာနေလိုစိတ် ပေါ်ခဲ့သည်။ မိဘများက ရှင်ပြုပြီးနောက် ရှင်အဖြစ် ရောက်စဉ်က ပျင်းလှသည်ဟူ၍ စိတ်တစ်ကြိမ်တစ်ခါမျှမဖြစ်၊ ဆရာတော် အရှင်ကဝိန္ဒနှင့် အတူ တောထွက်၍ တရားကျင့် ပွားများနေခိုက်တွင် ဆရာတော်ပုံချ၍ နည်းလမ်းပြသည့် အတိုင်း စိတ်ဝင်တစား အရွယ်နှင့်မလိုက် နှစ်ခြိုက် ကြည်နူးစွာ ရှုမှတ်ပွားများ တရားအရသာ ခံစားနိုင်သည်ကို တွေ့ရ၏။

သာမဏေငယ်ဘဝ ဆရာတော်ဘုရားနှင့်အတူမန္တလေးမြို့သို့လိုက်ပါ သွားရစဉ် ဘုရားကြီးတိုက်တွင် သံဃာတစ်ထောင်နီးပါး စာလိုက်နေကြသည်ကို မြင်ရသောအခါ "ငါကြီးလာရင် ဟိုခုတင်ပေါ်က စာချနေသော ဆရာတော်ကြီးလို စာချဘုန်းကြီးလုပ်၍ စာချမည်" ဟု မွန်မြတ်လှသော စိတ်ဆန္ဒကလေးများ ပေါ်လာခဲ့သည်။ စာချခန်းမကြီးမရောက်မီ လှေကား

အဘက် ဖိနပ်ချွတ်နေရာတွင် များပြားလှစွာ စီတန်းချထားကြသော ဖိနပ်တို့ကို မြင်ရသောအခါနှင့် စာချဆရာတော်၏ ရှေ့နောက်ဘေးနှစ်ဘက်တွင် ထိုင်လျက်တစ်မျိုး၊ ဝပ်လျှိုး၍တစ်ဖုံ၊ ကျုံ့ကျုံ့ကလေးနေ၍ စိုက်စိုက်ဦးစူး စာနာနေကြသော စာသင်သား သံဃာအမြောက်အမြားကို တွေ့မြင်ရသောအခါများ၌ သာသနာတော်၏ အသရေကို ဝေဆာသောသာဓု၊ ကြည်သင်သော စေတနာဖြင့် ကောင်းစွာမှတ်သား လေးစားကြည်ညို ခဲ့ဖူးပေသည်။

၁၆-၁၇နှစ်သားအရွယ်၌ မန္တလေး မြို့မစိုးရိမ်ကျောင်းတော်ကြီး၌ ပညာသင်နေစဉ် ပထမကျော် ရှင်ဉာဏ-ဟု တွင်သော ဆရာတော်တစ်ပါးကို တွေ့၍ ရင်းနှီးကြည်ညိုခဲ့ရသည်။ ထိုဆရာတော်သည် လယ်တီဆရာတော်ဘုရားကြီးထံ ရောက်လာသော အဘိဓမ္မာဆိုင်ရာ မေးခွန်း ပြဿနာများကို အင်္ဂလိပ်ဘာသာဖြင့် ပြန်လည်ဖြေကြား ပေးရကြောင်း၊ မေးခွန်းမေးသူ သန်ဒန်ဒေဝီ-ဟု ယိုးခတ်ခေါ်ကြသော Mrs. Rhys Davids မစ်ရိုက်ဒေးဗစ်ကိုယ်တိုင်က ခက်ခဲနက်နဲသော အဘိဓမ္မာပြဿနာများ၊ သိမ်မွေ့တိမ်မြုပ်နေသော အချက်အလက်များကို ထိမိသော၊ စံထားထိုက်သော အင်္ဂလိပ်ဘာသာဖြင့် ပြန်လည်ဖြေကြားလိုက်သော ဆရာတော် ပထမကျော် ရှင်ဉာဏ၏ အရေးအသားများ၊ ယစ်မျိုးဝန်ထောက်ကြီး ဦးရွှေဇံအောင်၏ ပဋ္ဌာန်း ပစ္စယနိဒ္ဒေသနှင့် အဘိဓမ္မာ၏နိဒါန်း၊ သင်္ဂြိုဟ်ကျမ်းများကို အထူးအမွန်းတင်ကာ ချီးကျူးကြောင်း သတင်းကောင်းများကို ကြားသိရ၍ ထိုပထမကျော် ဆရာတော်နှင့် ယိုဝန်ထောက်ကြီးတို့ ကဲ့သို့ အင်္ဂလိပ်စာတတ်အောင် သင်မည်၊ ဥရောပနိုင်ငံ၌ သာသနာပြုမည်ဟူသော ရည်ရွယ်ချက်ကို ရင်တွင်း၌ ထည့်သွင်း ပိုက်ကျုံး နှလုံးသွင်းခဲ့ပေသည်။

ထိုအချိန်က သိမ်းမှူးခဲ့သော ရည်ရွယ်ချက်ကို မပျောက်ပျက်စေဘဲ ရှင်သန်အောင်ပြုပြင် အစဉ်သဖြင့် အားပေးခဲ့သည့်အလျောက် ရဟန်း ၁၀ ဝါရတွင် ပထမကျော် အောင်ပန်းကို မရမနေ အရယူဆွတ်လှမ်းခဲ့ပြီးလေပြီ၊ အင်္ဂလိပ်စာပေ သင်ကြားရေးကို အားမပေးလှသော ပတ်ဝန်းကျင်မှ တိုက်ခိုက်တွန်းလှန် ရုန်းကန်ခွာထွက်၍ အိန္ဒိယ၊ သီဟိုဠ် ကျွန်းရှိရာ စခန်း အောင်မြင်ရေးကန်နန်းငြိ၍ မပန်းနိုင်မမောနိုင် အခြေကိုင်အောင် လေ့လာ၍ မိမိမျှော်မှန်းခဲ့သော အင်္ဂလိပ်စာကျမ်းကျင်ရေးနှင့် နိုင်ငံခြား သာသနာပြုရေးတို့ကို မတွန့်မဆုတ် အားထုတ် အောင်မြင်ခဲ့လေသည်။

အောက်၌ဖော်ပြထားသကဲ့သို့အောင်မြင်မှုပန်းတိုင်သို့လှမ်းကိုင်ရန် ချီတက်ရာ၌ ပန်းခင်းသောလမ်းကဲ့သို့ အစစအဆင်ပြေလျက် အခက်အခဲ လုံးဝမတွေ့၊ အသုံးစုံချောမွေ့သည်ဟုကား ဆိုဖွယ်ရာမရှိပါချေ၊ အခြား အခြားသော အခက်အခဲများထက် ပုထုဇဉ်လူသားတို့ ရှောင်ရှားနိုင်ခဲ လှသော ကြီးမားသည့် အခက်အခဲတစ်ရပ် ရှိပေသည်။ ထိုအခက်အခဲကြီးကို အဘယ်သို့ ကျော်လွှားလွန်မြောက်ခဲ့မှုပုံကို စာရေးသူသည်ပွင့်ပွင့်လင်းလင်း မေးလျှောက်ခဲ့သည့် အလျောက် အရှိကိုအရှိအတိုင်း အဟုတ်ကိုအဟုတ် အတိုင်း ဖော်ပြပါအံ့။

"အခြားမဟုတ်ပါဘုရား—ဆရာတော် လျှောက်ခဲ့တဲ့ ခရီးကြမ်းကြီး ဟာ အမျှော်မှန်းသလောက် ခရီးပေါက်ခဲ့ပြီမို့၊ ဆိုပါတော့ ဘုရား၊ ဘာသန္တရ စာပေနဲ့ စကားကို ကောင်းကောင်းကြီး နိုင်နင်းကျွမ်းကျင်ခဲ့ပြီး သင်တန်း ပေးခြင်း၊ လက်ချာပေးခြင်း၊ ဟောပြောခြင်းများကို လိုသလို စွမ်းဆောင် နိုင်ပြီမို့ ဒီအခါမှာ အရွယ်တော်ကလဲ မကြီးလှသေး၊ ကျန်းမာရေးကလဲ ကောင်းတုန်း၊ လုံးရပ်သဏ္ဌာန် ကြန်အင်လက္ခဏာကလဲ ကောင်းလှသမို့ ဝတ္ထုအာရုံ ကာမဂုဏ်တွေနဲ့ တွေ့တဲ့အခါ တုန်လှုပ်ဖောက်ပြန်ခြင်းများ ရှိခဲ့ပါသလား ဘုရား၊ တပည့်တော် လျှောက်ထားရတာက အခြားကြောင့် မဟုတ်ပါ၊ အမြင်အတွေ့တွေ ရှိလို့ပါ ဘုရား၊ မြန်မာပြည်မှာ နေရင်တော့ တော်တော်နဲ့ မဖောက်ပြန် မယိမ်းယိုင်ပါ ဘုရား၊ ပတ်ဝန်းကျင်က ဗုဒ္ဓဘာသာ ပတ်ဝန်းကျင်ဖြစ်တဲ့အတွက်အမြင်မတော်—အကြားမတော်ရင် ကဲ့ရဲ့ကြမှာပါ ဘုရား၊ ဗုဒ္ဓဘာသာနိုင်ငံ မဟုတ်တဲ့ နေရာတွေမှာ ကဲ့ရဲ့မယ့် လူလဲ မရှိ၊ ပြစ်တင်မယ့်လူလဲ မရှိတော့ ပတ်ဝန်းကျင်ရဲ့ ဓလေ့ထုံးစံ အနေ အထိုင်တွေ လိုက်ပြီးတော့ နေမိမှား ထိုင်မိမှားတတ်ဖြစ်လို့ပါ ဘုရား။

"အနောက်နိုင်ငံဆိုတာက ကာမဂုဏ်အာရုံတွေကများ၊ နေထိုင်မှု လွတ်လပ်တာမို့ တစ်ခါမဟုတ်တစ်ခါ ပရိယုဋ္ဌာနသဘော လှုပ်ရှား ဖောက် ပြားမှုများ မပေါ်လာရအောင် ထိန်းချုပ်နိုင်ပါရဲ့လားလို့ သံသယဖြစ်မိ လို့ မေးရတာပါ ဘုရား"

"အေး.. ဦးညနိက မေးချင်တာက လန်ဒန်နေတုန်းက ဝတ္ထုကာမ ဂုဏ်တွေနဲ့ တွေ့တဲ့အခါ ယိမ်းယိုင်လိုစိတ် မပေါ်ဘူးလားလို့ မေးလိုတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါက ဒီလိုပါ၊ ငါဟာ သာသနာပြုနေတာပဲဆိုတာ စိတ်ထဲမှာ ဘယ်တော့မှ ပျောက်မသွားဘူး၊ မပျောက်ရအောင်လဲ အမြဲနှိုးဆော်ထားတဲ့ အထွတ်အထိပ်သို့ ရောက်လိုတဲ့စိတ်နဲ့ အားထုတ်နေတုန်းမို့ အသက်ငယ်တဲ့ အပိုင်းတုန်းကလဲ ဒီလိုယိမ်းယိုင်လိုတဲ့စိတ်မျိုးတွေ အဝင်မခံခဲ့ဘူး၊ အသက်ကြီးလာတဲ့အပိုင်းကျတော့လဲ သေးသိမ်တဲ့ စိတ်ကူးစိတ်သန်းတွေကို ငါလုပ်နေတဲ့သာသနာပြုလုပ်ငန်းနဲ့ မလော်ပါလားလို့ အမြဲချိုးနှိမ်ထားတယ်၊ သာသနာကို အားနည်းကွက်ထင်စေမယ့် အနေအထိုင်မျိုး၊ အပြောအဆိုမျိုး မဖြစ်စေရဘူးဆိုတဲ့စိတ်က အမြဲတမ်းသတိရှိဖို့ အားပေးနှိုးဆော်နေတယ်၊ ဒါကြောင့် ဘယ်လို ဝတ္ထု ကာမဂုဏ်အာရုံတွေနဲ့ တွေ့တွေ့ နှစ်ရှည်လများ သိမ်းမွေးလာတဲ့၊ ရင်ထဲမှာကိန်းလာတဲ့ သာသနာပြုစိတ်ဓာတ်ဟာ တည်တည်ငြိမ်ငြိမ် ပေါ်လာတယ်၊ 'ဥဠာရဇ္ဈာသယ နံ နိသမ္မကာရိနံ ပယောဂ / သမ္ပတ္တိနာမ မနာပါယေဝ ဟောတိ'တဲ့၊ အနုဋီကာဆရာရဲ့ သြဝါဒ၊ အဓိပ္ပာယ်ကတော့ လူတစ်ယောက်ဟာ မြင့်မြတ်တဲ့ စိတ်နေစိတ်ထားလဲ ရှိတယ်၊ စဉ်းစဉ်းစားစားလဲ လုပ်တတ်တယ်၊ လုပ်ပုံကိုင်ပုံလဲ မှန်ကန်တယ် / ဆိုယင် နှစ်သက်ဖွယ်ကောင်းလှပါတယ်တဲ့"

(က) မြင့်မြတ်တဲ့ စိတ်နေစိတ်ထားဆိုတာ ကိုယ်နဲ့ မထိုက်တာ မလုပ်သင့်တာကို စိတ်မှမကူးဘဲ၊ ကိုယ်ရောသူရော အကျိုးရှိမယ့်အလုပ်၊ အများကောင်းကျိုး ဆောင်မယ့်အလုပ်ကိုသာ လုပ်ဖို့ စိတ်ကူးတာမျိုး။

(ခ) စဉ်းစဉ်းစားစားလုပ် ဆိုတာလဲ ထင်ရှားတယ်၊ ဟူးဟူး ဒိုင်းဒိုင်းမလုပ်ဘဲ တော်မတော် သင့်မသင့် အဖန်ဖန်တွေး၊ အဘက်ဘက်က တွေးပြီးမှ လုပ်တာမျိုး။

(ဂ) စိတ်ကောင်း စိတ်မြတ် ရှိတယ်ထား၊ တွေးတွေးဆဆ လုပ်တတ်တယ် ထား၊ လုပ်ပုံကိုင်ပုံ နည်းမမှန်ယင် မကောင်းပေဘူး။

"နောက်တစ်ခု ပြောဦးမယ်၊ အင်္ဂလန်ရောက်ပြီး တစ်နှစ်လောက် ကြာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်တယ်၊ စစ်ဖြစ်လာတော့ လူတွေဟာ အတန်း

အစား မရွေးနိုင်ကြဘူး၊ ဟိုရောက် ဒီရောက်၊ စစ်ဘေး ပြေးရင်းရှောင်ရင်း ဘယ်တုန်းကမှ စိတ်မကူးခဲ့တဲ့နေရာလဲ ရောက်ကြတာပဲ၊ စားရေးသောက်ရေးလဲ ဟန်နဲ့ပန်နဲ့လုပ်နေလို့ ရတာမဟုတ်၊ ချော (ဂျီး)ထူနေလို့ မဖြစ်ဘူး၊ စားနေကျအစာ၊ ကိုယ်ကြိုက်တဲ့အစာကို ရမှစားမယ်ဆိုရင်တော့ သေကုန်မှာ၊ ဗိုလ်ချုပ်ဘုရားမှာ ဒုက္ခ—ဆာလောင်ခြင်းဟာ အဆိုးဆုံးသောဒုက္ခလို့ ဗုဒ္ဓဟောထားတယ်မဟုတ်လား၊ အဲဒီတော့ ဆာလာယင် ဝမ်းဝအောင် တော်ဘဲ့ဟာ စားလိုက်ရတော့တာပဲ၊အဲဒီလိုအခါမျိုးမှာဟိုတစ်ခါတုန်းကပြောခဲ့သလို ငါဟာ သူနာပြုအဖွဲ့ဝင်တစ်ဦးအဖြစ်နဲ့ အလုပ် လုပ်နေတယ်။

''အဲဒီသူနာပြုအဖွဲ့ထဲမှာ လူမျိုးစုံပါတာပဲ၊ သူနာပြုအဖွဲ့ထဲ ပါဝင်နိုင်ဖို့ သင်တန်းတက်ရသေးတာ၊ စာမေးပွဲလဲဖြေရတယ်၊ Topography ခေါ်တဲ့ လန့်ဒန်မြေပုံကို အပ် ကျပျောက်တောင် ရှာတတ်အောင် လေ့လာထားရတယ်၊ Gas Suit ခေါ်တဲ့ မီးလောင်ဗုံးတွေ ဘာတွေ ချတဲ့အထဲ ပြေးလွှားသွားလာ လုပ်ရမှာဖြစ်လို့ အဆိပ်ငွေ့ကို ကာကွယ်နိုင်တဲ့ ဝတ်စုံကို ၅—မိနစ်အတွင်း အပြီးအစီး ဝတ်ဆင်တတ်ရတယ်၊ အဲဒီလိုလေ့ကျင့်ခန်းတွေ အကုန်လုပ် အကုန်စား၊ သွားလာလုပ်ကိုင်တော့လဲ အတူတူ၊ အလွန် ရင်းနှီးခင်မင်နေကြတဲ့ သူတွေပေါ့၊ဒီအထဲမှာ အလွန်အထက်တန်းကျတဲ့ ပျိုကြီးအဆွကြီးတွေလဲ ပါတယ်၊ အသယ်အသက် တန်းစားတွေသဲပါတယ်၊ အောက်လွှာက လူတွေလဲ ပါတာပေါ့။

''သူတို့တွေဟာရန်သူလေယာဉ်အလာနည်းသွားပြီး အလုပ်သိပ်မရှိတဲ့အခါငါ့ကို ဝက်ဖမ်းဆဲ့ပြီး အရက်အဟင်းတိုက်ကြတယ်၊ ငါမသောက်ပါဘူး၊ ပြီး ရှည်းစားမထားဖူးဘူးလားလို့ မေးကြတယ်၊ မထားဖူးပါဘူးလို့ ပြောတော့ သူတို့မယုံဘူး၊ သူတို့တော့ အသီးသီးရည်းစား ထားကြပုံ၊ ချိန်းတွေ့ကြပုံ၊ ချစ်ကြပုံ၊ကွဲကြပုံ၊ အစုံပြောကြတယ်၊လူရယ်လို့ဖြစ်လာရင် ဒါတွေဟာ မကင်းနိုင်တဲ့သဘာဝတွေပဲ၊ ယောကျာ်းကမိန်းမ ရှာ၊မိန်းမက ယောကျာ်း ရှာ၊သဘာဝကြီးကိုက ခေတ်ဖိုနဲ့ခေတ်မ ဟဲ့နေတာ၊ မိန်းမနဲ့မတွေ့ဖူးဘူးဆိုတာ မဟုတ်နိုင်ပါဘူးလို့ ပြောကြတယ်။

''ဟိုလမ်းပေါ်မှာ ပြေးလွှားပြီး ရရာရှာဖွေစားသောက်နေတဲ့ပိုင်ရှင်နဲ့ ကင်းကွာနေကြတဲ့ ခွေးတွေဟာ သခင်မရှိတော့ စားစရာမရှိ၊ တွေ့

ကရာ စားသောက်နေကြရတယ်၊ အစားအစာလဲ ရတဲ့အခါမှ ရတယ်၊ဒီ အထဲမှာ သဘာဝအတိုင်း မွေးကြ ပေါက်ကြသေးတာပဲ၊ ဒီသဘာဝကို တော်လှန်ပြီး မိန်းမ မယူဘူး၊ မယူချင်ဘူးဆိုတာ မဖြစ်နိုင်၊ သဘာဝ မကျဘူးလို့ ပြောကြတယ်။

"ဒီတော့ ငါက သံသရာတွေ၊ နိဗ္ဗာန်တွေ၊ ဝဋ်ဆင်းရဲတွေ တစ်လုံးမှ မပြောဘဲ Craving လောဘတဏှာအကြောင်းကို ရှင်းပြတယ်၊လူတွေကို ဒုက္ခပေးနေတာ အဲဒီ တဏှာဆန္ဒပဲ၊ သူ့အလိုကိုလိုက်ပြီး သူ့အကြိုက် လုပ်ပေးနေရင် ဘယ်တော့မှမကုန်နိုင်ဘူး၊ အတွင်းစိတ်ကို ပူးကပ်ပြီး သူက တိုက်တွန်းနေတာနဲ့ အခု ဒီဟာလိုချင်၊ ရအောင်ရှာ၊ ရတော့ ပြီးသလား၊ မပြီးသေးဘူး၊ နောက်တစ်ခု ဟိုဟာကို လိုချင်ပြန်ရော၊ ကိုယ်လိုချင်တိုင်း လိုတာရသလား၊ မရဘူး၊ မရတော့ စိတ်ဒုက္ခအလွန်ရောက်ရတယ်၊ တချို့တော့ ကိုယ်တစ်ဦးတည်း မဟုတ်ဘူး၊လိုရာမရလို့ သူတစ်ပါးကိုပါ ဒုက္ခပေးတယ်၊ စိတ်ဆိုတာလဲ ပန်ကာလေလွင့်လိုက်တဲ့ စက္ကူစတွေလိုပဲ၊ လွင့်ချင်ရာ လွင့်ပါသွားတာပဲ၊ Paper weight ပေပါဝိတ်နဲ့ ဖိထားလိုက်တော့ လွင့်သေးသလား၊ မလွင့်တော့ဘူး၊ ဒီလိုပဲ ဒီ Desire ဒါမှမဟုတ် Craving ခေါ်တဲ့ တဏှာကို ဆင်ခြင်ဉာဏ်နဲ့တွေး၊ သတိနဲ့ထိန်းပြီး သမာဓိနဲ့ဖိထားလို့ ရတယ်၊ တို့ဗုဒ္ဓက ဒီနည်းတွေ သူကိုယ်တိုင် ကျင့်သုံးပြီး လက်တွေ့ အောင်မြင်မှုရတယ်၊ ရတဲ့အတိုင်း သင်ကြားလမ်းပြတယ်၊ သူ့နည်းလမ်းအတိုင်း အတိအကျ တကယ်လုပ်ရင် တကယ် အောင်မြင်တယ်။

"ဒီလိုပဲရလာတဲ့ အခွင့်အလမ်း ဖမ်းပြီး ဗုဒ္ဓတရားတော်ကို ဟောရတယ်၊ တချို့က လိုတည်ငြိမ်လေးနက်တဲ့အကြောင်း ကြားလိုက်တဲ့အခါ မျက်နှာအမူအရာပါ ကြည်ငြိမ် လေးနက်ပြီး စဉ်းစားသွားတော့တာပဲ။

"ဒီလိုဉာဏ်ရှိပဲ့သူတွေပါသလို ဉာဏ်မရှိတဲ့ ပိုက်ကိုပေါက်လွှတ်ထားပြီး တစ်သက်လုံး အာလာလိုက်လာတဲ့ လူ တွေလဲ ပါတာပဲ။

"သူတို့ကတော့ပြောလဲ့ အို တော့ ကျွန်ုပ်တို့ဟာ စင်ကြီးဖြစ်ခင်က ဆို သိပ်လွတ်လပ် သိပ်ပျော်ကြတာပဲ၊ လူ့လောကမှာ ခဏကလေး နေရတာ၊ နေရတုန်းကလေး ပျော်ပျော်ပါးပါး နေသွားချင်တယ်၊ စိတ်ဆင်းရဲမှာ, ကိုယ်ဆင်းရဲမှာ ကြောက်နေလို့ မဖြစ်ဘူး၊ ဒီစိတ်ဆင်းရဲမှုကို ပယ်ဖျောက်ချင်လို့ပဲ ပင်လယ်ကမ်းခြေသွားကြတယ်၊ အပျော်တမ်း ခရီးထွက်

ကြတယ်၊ ဘောတွေတောင်တွေ ချောင်းမြောင်း အင်းအိုင်တွေ လျှောက်သွားကြတယ်၊ ပျော်ပွဲစား ထွက်ကြတယ်၊ တင်းနိုင်ငံနဲ့ တစ်နိုင်ငံကူးလူးပြီး အထူးအဆန်းတွေ ကြည့်ကြ ရှာကြ ဖွေကြတယ်၊ ဒါတွေဟာ ဘကယ် ချမ်းမြေ့ပျော်ရွှင်မှုပေးတာပဲ၊ပြီးတော့စားချင်တာစာ တယ်၊စားရအောင် အလုပ်လုပ်တယ်၊ မိန်းမလိုချင်တယ်၊နေအောင်ရှာယူတယ်၊ သူ့တန်ဖိုးတော့ ပေးရမှာပေါ့၊ ဒါဟာ ဒုက္ခမဟုတ်ပါဘူး၊ ငွေဒင်္ဂါး ငွေဒင်္ဂါးမှာ ခေါင်း တစ်ဘက် ပန်းတစ်ဘက်ရှိတယ်၊ လှည့်ကြည့်၊ တစ်ဘက်ဘက်ကျမှာ သေချာတာပဲ၊ ခေါင်းကျကျ, ပန်းကျကျ၊ အလျော်အစားလုပ်ရင် ရှုံးတဲ့အခါ နေးသိုက်၊ နိုင်တဲ့အလှည့်ကျတော့ ကိုယ်ရတာပေါ့။ ဒုက္ခ ကြောက်နေရင် လောကကြီးမှာဘာမှ လုပ်ဖြစ်မှာ မဟုတ်ဘူး၊ Pessimistic point of view အဆိုးမြင်အတွေးမျိုး အသိမျိုး ကျွန်တော်တို့ လက်မခံဘူး၊ မလိုချင်ဘူး၊ ဘာသာတရားတွေ သင်ကြားချက်ဟာ စိတ်ကို တုန်လှုပ် ချောက်ချားအောင်လုပ်တာ သက်သက်ပဲ’လို့ ပြောကြတယ်။

‘‘မိတ်ဆွေတို့၊အဆွေတို့ပြောတာတွေဟာ အကုန် မမှန်ဘူး၊ ဝ ခြား ဘာသာတွေမပြောလိုဘူး၊တို့ ဗုဒ္ဓဘာသာဟာ အဆိုးမြင်သင်ပြတာ မဟုတ်ဘူး၊ အမှန်ကိုမြင်အောင် အလင်းရောင်ထိုးပြတာ၊ သင်တို့ပြေ သလို ပျော် သလို နေရအောင် ကို ပ်ပင်ပန်းသာတွေ စိတ်ပင်ပန်းတာတွေ မရတွက်ပဲ ပျော်စရာလိုက်ရှာကြတာ တွေကော တွေ့ရဲ့သား၊ တွေ့ပြီဆိုပါတော့၊ဘယ် လောက် ကြာကြာ ပျော်လို့ရပါသလဲ၊ စိမ့်စမ်းရေတံခွန်တွေနဲ့ ရှုခင်း ကောင်းကောင်း ကြည့်ပြီး ဓာတ်ပုံ ရိုက်ကြ, ပန်းချီ ဆွဲကြ, ပေးလားဝါး လား လုပ်ကြ,ပြေးကြလွှားကြ စားကြသောက်ကြနဲ့ ခဏကလေး ပျော် သလို ရှိပြီး တော်တော်ကြာ ဖိသွားတာပဲ၊ ဗိုက်ဟာနဲ့ မပျော်နိုင်ပြန်ဘူး၊ ဗိုနည်း မကြိုက်တော့ပြန်ဘူး။

‘‘နောက်တစ်ခု ဘယ်သင်းကောင်းမလဲ၊ဘယ်သွားရရင် ကောင်းပါ့ မလဲ၊ ဘာစားရရင် ကောင်းပါ့မလဲ ဆိုပြီး အသစ်ရှာပြန်တာပဲ၊သိပ္ပံပညာနဲ့ ထွင်လိုက်တဲ့ဟာတွေဟာ သက်သာဖို့ ပျော်ရွှင်ဖို့ ကျန်းမာဖို့ချည်းပါပဲ။ ဒါပေမယ့် လူတွေပျော်ကြရဲ့လား၊အသက်၄၀—၅၀ လောက် အစွမ်းကုန် ပျော်လိုက်ကြတယ်၊ ဟိုဘက်မှာ ပျော်စရာရှာလို့ကို မတွေ့တော့ဘူး၊ ရုပ် ခန္ဓာကိုယ်ကြီးက ဆွဲတိုင်းမပါဘူး၊ ကျန်းမာရေး မကောင်းတော့ဘူး၊

စိတ်ကရော ငယ်ငယ်တုန်းက ပျော်ရာလို့ ထင်ရတာတွေနဲ့ ပျော်နိုင်သေး ရဲ့လား၊ ငြီးငွေ့နေပြီ၊ အိနေပြီ၊ ပူပင်စရာ၊ စိတ်တိုင်းမကျစရာတွေ ဒုနဲ့ဒေး၊ ဖြေလို့ရှင်းလို့ကို မနိုင်နိုင်ဘူး၊ အခက်အခဲ တစ်ခုပြီးတစ်ခု ပေါ်လာတယ်၊ ငိုတတ်တဲ့လူတွေ ငိုလို့တောင် မျက်ရည် မထွက်တော့ဘူး၊ ချစ်တဲ့ဟာ ကလေးတွေ၊ မြတ်နိုးတဲ့ဟာကလေးတွေ ချစ်လျက်နဲ့ကွဲသွားရ၊ မြတ်နိုး လျက်နဲ့ လက်လွှတ်ဆုံးရှုံးရ၊ ဟော... အဲဒီလို စိတ်ကြီး ဖြစ်ပေါ်လာတော့ ကောင်းပါ့ပလို့ တန်ဖိုးအထားဆုံးဟာတွေ ပျက်စီးကုန်ရတော့ အစား ထိုးလို့ မရတဲ့ ငါ့ဟာကလေး၊ ငါ့ပစ္စည်းကလေး၊ ငါချစ်တဲ့ ငါ့သားလေး ငါ့သမီးလေး၊ ငါ့လင် ငါ့မယားလေး ဆုံးရှုံးရလေခြင်းလို့ ယူကျုံးမရ မဖြစ်ဘူးလား။

"ဒါကြောင့် တို့ဗုဒ္ဓက(Sensual pleasure, Happiness in the Sensuous Sphere-

"အာရုံငါးပါး ပျော်ရွှင်မှုတွေ, ကာမနယ်ပယ်ထဲက ချမ်းသာမှု တွေဆိုတာ အိပ်မက်မက်သလို ခဏလေး ပျက်စီး ကုန်ဆုံး ကုန်ပြီးတော့ အိုဘေးနာဘေးမလွတ်နိုင်ဘူး၊ သေဘေးနဲ့ရင်ဆိုင်ရမှာ မလွဲဘူး၊ ဒါကြောင့် ဗုဒ္ဓဘုရားမှာပဲ ဒါထက်ချမ်းသာတဲ့ ဒါထက်ကောင်းမြတ် အထက်တန်းကျတဲ့ ချမ်းသာကို ပြပေးတော်မူတယ်၊ စိတ်ကို တည်ငြိမ်အောင်, လှုပ်ရှားနိုင် အောင် ထိန်းနိုင်ရင် ငြိမ်သက်ပြီး နေးလာမယ်၊ Right Direction by self-guidence အတ္တသမ္မာပဏိဓိ (ကိုယ့်ကိုကိုယ် ကိုယ် ကျောင်းပြီး) အမှန်ညွှန်ပြပေးနိုင်အောင် နည်းလမ်းတွေ ပြထားတော်မူတယ်၊ အဲဒီ တကယ်ချမ်းသာတဲ့ တကယ်ကောင်းမြတ်တဲ့ နည်းလမ်းတွေကို ဗုဒ္ဓဘာသာ ကမှတစ်ပါး ဘယ်ဘာသာကမှ မညွှန်ပြဘူး၊ အဲဒီအတွက် ဗုဒ္ဓဘာသာကို Optimistic view အကောင်းမြင်ဝါဒလို့ ခေါ်နိုင်တယ်၊ အဆိုးမြင် ဝါဒ မဟုတ်ဘူး။

"နောက်ပြီး ကြည့်ဦး၊ သင်တို့မှာ မိန်းမရှိတယ်၊ ကလေးရှိတယ်၊ အိမ် ရှိတယ်၊ ကိုယ်ပိုင်ပစ္စည်းတွေ အများကြီးတယ်၊ မိန်းမအတွက် ကလေး အတွက် သင်တို့ဘယ်လောက် အသက်ခွန်ပြီး အလုပ်လုပ်နေရတယ်၊ အိမ်ကို စိတ် မချဘူး၊ ကလေးတွေ မယားတွေ စိတ်မချဘူး၊ ထပ်ခါလို ကိုယ့်အတွက် ထက် သူတို့အတွက် ပိုပူရ, ကြောင့်ကြရတယ်၊ ငါ့ကို ကြည့်စမ်း၊ ငါ့မှာ

ပူစရာဘာမှမရှိဘူး၊ ပူလဲမပူဘူး၊ အများချမ်းသာရေးအတွက် ငါ အလုပ်လုပ်နေတယ်၊ ငါ သေသွားလဲ ငါ့မှာ ဘာမှမရှိဘူးလို့ ဘယ်သူမှ ငါ့အတွက် ကြောင့်ကြစရာမလိုဘူး၊ ဒါကြောင့် ငါ မိန်းမ မယူဘူး၊ လိုချင်တဲ့ စိတ် ပေါ်လာရင်လဲ ငါ ဒီစိတ်ကို ချိုးနှိမ်ဖျောက်ဖျက်ပစ်တယ်၊ ငါ့မှာ အမှန် ချမ်းသာရှိတယ်၊ ဒါထက်ထူးတဲ့ ချမ်းသာတွေ ငါမျှော်မှန်းသေးတယ်၊ တို့မြတ်စွာဘုရားက ဆုံးမထားတာ ရှိတယ်၊ 'နဓေါ ဟိ နန အဂ္ဂဿ ပတ္တိ ဟောတိ၊ အဂ္ဂနေဝ အဂ္ဂဿ ပတ္တိ ဟောတိ' သင်ဟာ ညံ့ဖျင်းအောက်ကျသော စိတ်နေ စိတ်ထား အပြုအမူဖြင့် မြတ်သောအဆင့် မြင့်သောပန်းတိုင်သို့ မရောက်နိုင်၊ အထက်တန်းကျ၍ ဖြူစင်ပြင်းထန် ထက်သန်သော စိတ်နေစိတ်ထားဖြင့်သာ ရောက်နိုင်သည်တဲ့။"

"ဒါထက်ထူးတဲ့ ချမ်းသာတွေ အရှင်ဘုရား မျှော်မှန်းထားတယ်လို့ ဆိုတယ်၊ ကဲ...ပြောစမ်းပါဦး၊ ထူးတဲ့ ချမ်းသာမှုတွေ ဆိုတာက ဘာတွေပါလဲ။"

"အဲဒါတွေဟာ ထူးလှတာတော့ မဟုတ်ဘူး၊ လူတိုင်း ရနိုင်တယ်၊ ကြိုးစားယူလို့ ရနိုင်တယ်၊ လုပ်လို့မဖြစ်နိုင်တာ မဟုတ်ဘူး၊ အခုလုပ်အခုရ နိုင်တယ်၊ (Come and see လာပြီးလုပ်ကြည့်စမ်းပါလို့) ရဲရဲကြီး အာမခံ ချက် ပေးထားတယ်၊ ဒါတွေဟာ ဘာတွေလဲဆိုတော့ Morality, virtuousness ကိုယ်ကျင့်တရား ကောင်းမွန်မြင့်မားရေးဟာ ၁-အချက်ပဲ။"

"နေပါဦး၊ နေပါဦး၊ အရှင်ဘုရား ပြောတဲ့ Virtuousness ဆိုတာ ယောကျ်ားက မိန်းမ မယူရဘူး၊ မိန်းမက ယောကျ်ားမယူရဘူး၊ အရှင်ဘုရားလိုပဲ ဘုန်းကြီးဝတ် လုပ်ရမယ်၊ ကာမချမ်းသာ ခံစားမှုကို ပယ်ရမယ်လို့ ဆိုလိုတာလား။"

"ဟာ .. ဒီလိုမဟုတ်ပါဘူး၊ ကိုယ့်စည်းကမ်းနဲ့ကိုယ်၊ ကိုယ့်ဘဝကိုယ့် အခြေအနေ ပေါင်အတွင်းက 'You must be morally good, purified on the base of morality ကိုယ်ကျင့်တရားကောင်းရမှာ၊ ဒီကိုယ်ကျင့်တရားအပေါ်မှာတည်ပြီး ဖြူစင်သန့်ရှင်းရမယ်လို့ ဆိုလိုတာပါ၊ မိန်းမက မိန်းမပီပီ အမျိုးကောင်းသမီး တို့ရဲ့ တာဝန်အရ လင်မှတ်မှတ် သားမှတ်မှတ်နေရမယ်၊ လင်ကိုကျော်ပြီး ကျင့်ရဘူး၊ ယောကျ်ားကလဲ ယောကျ်ားတို့ကျင့်ဝတ်မဖောက်ဖျက်ရဘူး၊ အမျှောင်အငယ်မထားရဘူး၊

သားသမီးတွေ ကျေးကျွန်တွေ မိဘတွေကို အထောက်အပံ့ပေး စောင့်ရှောက်ရမယ်၊ ဒါဟာအိမ်နေသူလူသား Layman တို့ရဲ့ သီလ၊ ကိုယ်ကျင့်တရားပဲ၊ တို့ရဲ့ဗုဒ္ဓက မယုတ်မလွန်ကျင့်ဖို့ရန် ဆုံးမသွန်သင်တယ်၊ စားတဲ့နေရာ ဝတ်ဆင်တဲ့နေရာ စသည်အားလုံးမှာပေါ့လေ၊ Moderate ဖြစ်ရမယ်၊ အသင့်အတင့်လောက်ပဲ လိုက်စားရမယ်၊ အလွန်အကျွံ မလုပ်ရဘူး၊ ကာမချမ်းသာ ခံစားယင်လဲ ဒီအတိုင်းပဲ၊ အလယ်အလတ် လမ်းစဉ်ကျင့်သုံးရမယ်တဲ့။''

ထိုစဉ်တွင် နားထောင်နေကြသော လုပ်ဖော်ကိုင်ဘက် သူနာပြုအဖွဲ့ထဲမှ တစ်ဦးသောလူက—

''အရှင်ဘုရား၊ အလယ်အလတ် လမ်းစဉ်ဆိုတာ မဖြစ်နိုင်ဘူး၊ လမ်းလယ်ပေါ်မှာ အရှင်ဘုရား သွားနေရင်ကားတိုက်ခံရမှာပေါ့၊ ယခုခေတ်ကြီးမှာ လက်ဝဲရယ်၊ လက်ယာရယ်လမ်းနှစ်သွယ်ရှိတယ်၊ တစ်ခုခုကိုလိုက်မှ၊ အလယ်အလတ်နေယင်ကြားချောင်ပြီး ပျက်စီးမှာပေါ့''ဟု ရယ်ကာမောကာနှင့် လှောင်သလိုလို မယုံသလိုလို ဝင်၍ပြောသည်။

ထိုအခါ အရှင်သေဒ္ဓိလက ဆက်၍ ...

''ငါ့ညီ့မင်းအဓိပ္ပာယ်အကောက်လွဲပြီ၊လမ်းပေါ်မှာသွားနေတုန်းအလယ်လိုက်ရမယ်...ဆိုတာလဲ ဟိုဘက်ဒီဘက်အစွန်းအနားမှာရေမြောင်းဆူးချုံ့မညီညာတဲ့ ခလုတ်ကန်သင်းစတဲ့ ဟာတွေ ရှောင်ပြီး အလယ်ဘေးကင်းတဲ့ လမ်းမကြီးက သွားပါလို့ အဓိပ္ပာယ် ကောက်ရမယ်၊ လက်ယာနဲ့ လက်ဝဲလွန်ဆွဲနေတဲ့နေရာမှာလဲ ဟိုဘက်ရောဒီဘက်ရောနှစ်ဘက်စလုံး ခြေစုံပစ်ဝင်တာမျိုး၊ သို့ဆိုတဲ့ သတ္တဝါလို စိုက်စိုက်ကြီး နောက်ကလိုက်တာမျိုးမဟုတ်စေဘဲ နှစ်ဘက်နှစ်ဝါဒထဲက ကောင်းတာ၊ ကိုယ့်ဒေသကိုယ့်လူမျိုးနဲ့တော်တဲ့၊ကိုယ့်ပတ်ဝန်းကျင်နဲ့ သင့်တန်တဲ့အချက်ကို လိုက်နာကျင့်သုံးတတ်ရင်၊ အလယ်ကနေပြီး ပရိယာယ်ကြွယ်ဝစွာနဲ့ ဘေးကင်းအောင် နေတတ်ရင် အန္တရာယ် မဖြစ်တဲ့အပြင် အကျိုးရှိနိုင်ပါတယ်။

''ဗုဒ္ဓ ညွှန်ပြတဲ့ အလယ်လမ်းဆိုတာက စိတ်ကိုပေါက်လွှတ်ထားပြီး အပိုင်းအခြားမဲ့ ထင်သလို ကာမချမ်းသာခံစားမှု မပြုရဘူး၊ အစွန်း

တစ်ဘက်မရောက်စေနဲ့၊ အယူသီးပြီး အစွဲအလမ်းကြီး ကြီးနဲ့အကျင့်ကျင့် တယ်ဆိုပြီး အိန္ဒိယက ယောဂီတွေလို အလွန်အေးတဲ့ အခါကြီးမှာ အဝတ်အစား အခြုံအရုံမရှိဘဲ ကိုယ်တုံးလုံး နေတာမျိုး၊ နေအလွန်ပူတဲ့ အခါကြီးမှာ ဘေးကမီးပုံကြီးတွေ ပုံပြီး အပူခံတာမျိုးမလုပ်ရဘူး၊အစွန်း တစ်ဘက်မရောက်စေနဲ့အလယ်အလတ် မျှမျှတတ ချိန်ချိန်ဆဆညာဏ်နဲ့ယှဉ် ပြီးကျင့်သုံးပါလို့ ဆိုလိုပါတယ်။

"ဟို ဘုန်းကြီးတွေလို အိမ်ရာမထောင်တဲ့ လူတွေ ကျတော့ ဗုဒ္ဓမြတ်စွာက ကျင့်ဝတ်သိက္ခာပုဒ်တွေ ပေးထားတယ်၊ ဒါတွေကိုမဖောက် ဖျက်ရဘူး၊ ဆိုလိုတာက ဘုန်းကြီးဝတ်နဲ့ မိန်းမ မယူရဘူး ကာမကိုရှောင်ရ မယ်၊ ဒါဟာ ဘုန်းကြီးများရဲ့ ကျင့်ဝတ်သီလပဲ၊ တစ်သက်လုံး ဘုန်းကြီး လုပ်ရမယ်လို့ အတင်းအကျပ် ပိတ်ပင်မထားဘူး၊ ဒီကျင့်ဝတ်ကို မထိန်း နိုင်ယင် လူလို နေပြီး ကာမချမ်းသာ ခံစားနိုင်ပါတယ်၊ ရဟန်းအဖြစ် ရဟန်းဘဝ Regulation ကို မဖောက်ဖျက်ရင် ဘုန်းကြီးများရဲ့ Morality ဟာ ကောင်းတယ်လို့ ဆိုရတယ်။

"ဒါနဲ့ မပြီးသေးဘူး၊ Concentration, ons-pointedness ခေါ်တဲ့စိတ်ထိန်းကျောင်း တည်ကြည်မှုကို ဒုတိယအဆင့် အနေနဲ့ လုပ်ရ မယ်၊ မလုပ်မနေရ လုပ်ကို လုပ်ရမယ်၊ ဒီသမထဟာလဲ သူ့ကိုယ်တိုင် လမ်းဆုံးမဟုတ်သေးဘူး၊ လှေကားထစ်လောက်ပဲ ရှိသေးတယ်၊ဟိန္ဒူတွေရဲ့ ယောဂ အကျင့်တွေ၊ အနောက် ဆိုင်ကော်လော်ဂျီက လက်ခံထားတဲ့ Hypnotism လမ်းစဉ်တွေ၊ တရုတ်တို့ ဂျပန်တို့ဆီမှာ ခေတ်စားနေတဲ့ zen ဈာန်-လုပ်လုံးလုပ်နည်းတွေဟာ Concentation စိတ် တည်အောင် လုပ်ခြင်းထဲမှာ ပါဝင်ကြတယ်။

"နောက်ဆုံး အဆင့်က Wisdom ပညာပဲ၊ ပညာဆိုတာကလဲ သက်ရှိသက်မဲ့ အရာအားလုံး မတည်မမြဲ မပြတ်ပြိုကွဲ ပျက်စဲ့ကုန်ပျောက် နေတယ်၊နှစ်သက်သာယာစရာဘာမျှ မရှိဘူး၊မရှိလို့ကျေနပ်ရောဘာတစ်ခုမျှ မရှိဘူးဆိုတာကို တကယ်သိ သိခိုက်ခိုက်နားလည်သဘောပေါက်တဲ့ညာဏ်ပဲ၊ အပေါ်ယံ သိတာမျှ သိတာမျိုးမဟုတ်၊ဒုတိယ အဆင့် သမထလုပ်ငန်းကနေ ပြီးမှ ရောက်လာကဲ့အဆင့်၊ ဒီအဆင့်ရောက်ယင် ပြန်မဆင်းတော့ဘူး၊အိုနာ သေဆိုတာ လုံးလုံးမဖြစ်တော့ဘူး၊ဗုဒ္ဓဘာသာမှာ ဒီအဆင့်ကို မျှော်မှန်းပြီး

အလုပ်လုပ်ကြရတယ်၊ အခုငါလုပ်နေတဲ့ အလုပ်၊ သူနာပြုလုပ်ငန်းလုပ်တယ်၊ သင်တို့ကိုအသိဉာဏ်ရအောင်အမြင်နှင့်အောင် ငါပြောပြနေတယ်၊ ဒီအလုပ်တွေဟာ နောက်ဆုံးအဆင့်ရဖို့ လေ့ကျင့်ထစ်တွေသာ ဖြစ်တယ်၊ ဗုဒ္ဓရဲ့ သင်ပြချက်ကိုမကြားမသိဖူးသေးတဲ့လူတွေဟာ ပထမအဆင့် ဒုတိယအဆင့် လောက်တော့ လုပ်ကြပါရဲ့၊ ဒါနဲ့လမ်းဆုံးသွားတယ်၊ ရှေ့မှာ ဆက်လမ်း မရှိကြဘူး၊ ကြားလဲမကြားဖူးဘူး၊ လုပ်နည်းလဲ မရှိဘူး၊ လုပ်လဲမလုပ်တတ် ကြဘူး၊ ဆိုလိုတာက အဲဒီနောက်ဆုံးအဆင့်မရောက်မချင်း သတ္တဝါတွေ ဟာ ဘယ်တော့မှ သေဆုံးမှာ မဟုတ်ဘူး၊ အသေ မသေဆုံးဘူးဆိုတဲ့ အဓိပ္ပာယ်က ထပ်ကာထပ်ကာ ကလေးပြန်ဖြစ်တယ်၊ Rebirth မဆုံးနိုင် တော့ဘူး၊ ဒါကို တို့ဗုဒ္ဓဘာသာက Cycle of rebirth သံသရာလို့ ခေါ်တယ်။

"ဒါနဲ့တစ်ဆက်တည်းပြောရဦးမယ်၊ မြန်မာပြည်လွတ်လပ်ရေးရပြီး နောက် မကြာမီဘဲထိုစဉ်က ဝန်ကြီးချုပ် ဦးနု လန်ဒန် ရောက်လာတယ်၊ ရောက်လာတော့ ငါ့ကို ပင့်ပြီးလျှောက်တယ်။ 'အရှင်ဘုရား ဒီမှာဘာလုပ် နေလဲ ဘုရား၊ သိမ်လဲမရှိ၊ ဥပုသ်ပြုစရာလဲ မရှိ၊ အလကားနေပြီး အာပတ် သင့်သင့်နေလို့ ဘာကောင်းမှာလဲ၊ မြန်မာပြည် ပြန်ကြွပါဘုရား။"

"အလကားနေတာ မဟုတ်ဘူး ဒကာကြီး၊ ဒီမှာ သာသနာပြု နေတာ၊ စစ်အတွင်းကတည်းကလက်လုမ်းမီသ လောက် အခွင့်ရသလောက် သာသနာပြုလာခဲ့တာ၊ အခုဆိုရင် ဗုဒ္ဓဘာသာ စိတ်ဝင်စားသူတွေ အများ အပြား ဗုဒ္ဓဘာသာ ဖြစ်လာတယ်၊ ခရစ်ယာန်ဘာသာဝင်တွေရော အခြား ဘယ်ဘာသာမှ မယုံကြည်တဲ့ သူတွေပါ အတော်များများ ဗုဒ္ဓဘာသာ စိတ်ဝင်စားလာကြပါတယ်၊ မကြာမီရက်အတွင်းမှာ ဗုဒ္ဓဂုဏ်ကိုခံယူကြမယ့် လူတွေ ဖြစ်ပါတယ်။"

"ဒါတော့ ထားပါတော့ ဘုရား၊ သူတစ်ပါးအတွက် သာသနာပြု နေတာကတော့ ဟုတ်ပါပြီ၊ ကိုယ်အတွက် သာသနာ ပျက်နေပြီး အာပတ်တွေ တစ်ပုံတစ်ပင်ကြီးနဲ့ဆိုရင် အရှင်းမြတ် ဘယ်လိုကုစ်ရပါ့။"

"ဒကာကြီးမှားနေပြီ၊ သမုတ်ထားတဲ့သိမ်မရှိလို့ ဥပုသ်မပြုကောင်း၊ ပြုလဲ မပြုဘူးလို့ ထင်ရင် မှားမှာပေါ့၊ သိမ်ဆိုတာ နှစ်မျိုးရှိတယ်၊ ကမ္ဗဝါ ဖတ်ပြီး သမုတ်မှ သိမ်ဖြစ်လာတဲ့ သိမ်၊ မသမုတ်ရပဲ ကမ္ဗဝါ ဖတ်မှနေရဘဲ

သူ့အလိုလို ဖြစ်နေတဲ့ သိမ်ရယ်လို့ နှစ်မျိုးရှိပါတယ်၊ ပထမအမျိုးအစားက ဗဒ္ဓသိမ်၊ ဒုတိယအမျိုးအစားက အဗဒ္ဓသိမ်လို့ ခေါ်ပါတယ်။"

"ရှာ(သို့မဟုတ်)သူ့အပိုင်းအခြားနဲ့သူ သတ်မှတ်ထားတဲ့ရပ်ကွက်ကြီးတစ်ခုဟာ ဂါမသိမ်ခေါ်တယ်၊ ဒီသိမ်မျိုးဟာ ဒုတိယ အမျိုးအစား၊ ကမ္မဝါစာမဖတ်ရပဲ သူ့အလိုလို ဖြစ်နေတယ်၊ ဂီသိမ်၊ ဒီရွာထဲမှာ ရဟန်းများရှိလျှင်တစ်နေရာမှာစုစည်းပြီး ဥပုသ်ပဝါရဏာစတဲ့ ကံကြီးကံငယ်တွေပြုလို့ရတယ်၊ ရဟန်းခံလို့ရတယ်၊ အခြား ရဟန်းသံဃာတွေ မရှိရင် အမိဋ္ဌာန်ဥပုသ်ပြုလို့ ရပါတယ်၊ ဒါကြောင့် ဗိဘိုလပ်မှာ သိမ်ရှိနေတယ်လို့ ပြင်ဆင်မှတ်ယူပါ ဒကာကြီး။

"ပြီးတော့ အာပတ်တွေ တစ်ပုံကြီးနဲ့ဆိုတဲ့ စကားလဲ မမှန်ပါဘူး၊ အာပတ်ဟာသတိရှိပြီး စောင့်ထိန်းတတ်ရင် မသင့်ပါဘူး၊ သတိမေ့ပြီး အမှတ်မထင် သင့်တဲ့ အာပတ်တွေတော့ ရှိချင်ရှိမယ်၊ဒါတွေလဲပဲ အခွင့်သင့်လို့ သဘာဂ(အယူသီလတူညီမျှတဲ့)ရဟန်းများနဲ့ တွေ့တဲ့အခါကုစားပါမယ်လို့ စိတ်ထဲက နှလုံးသွင်းလိုက်ရင် အန္တရာယ်မပြု၊ ဒုသီလမဖြစ်ပါဘူး၊ လပြည့်လကွယ်တိုင်း အမိဋ္ဌာန်ဥပုသ်ပြုတယ်၊ အဓိဋ္ဌာန်ဥပုသ်ပြုတိုင်း ခုန ပြောသလို နှလုံးသွင်းတယ်၊ ဘုန်းကြီးဟာ သာသနာ ပြုမယ်ဆိုတဲ့ စိတ်မွေးပြီးစ အားထုတ်လာကတည်းက ကိုယ့်ကိုကိုယ် ဖြူဖြူစင်စင်အပြစ်ကင်းအောင်နေတယ်၊ သီလ မညစ်နွမ်းအောင် တတ်နိုင်သမျှ သတိကြီးစွာထားပြီး စောင့်ထိန်းတယ် ဒကာကြီး။

"ဒီလို ပြောလိုက်တော့ ဝန်ကြီးချုပ် ဦးနုဟာ အတော်ကျေနပ်သွားတဲ့ လက္ခဏာနဲ့ 'ဒီလိုဆိုလဲသာဓုခေါ်ပါတယ်၊ ဝမ်းမြောက်ပါတယ်ဘုရား' လို့ လျှောက်တယ်၊ဒါကသူကိုယ်တိုင်တွေ့ပြီး သူ့ စိတ်ထဲရှိသာသူလျှောက်တာ၊အမှန်က လွတ်လပ်ရေးမရမီ ဝန်ကြီးချုပ်မဖြစ်မီ နုအင်တာလီစာချုပ်ချုပ်ရအောင် လာတုန်းကတည်းက လန်ဒန်မှာ ဘုန်းကြီးတစ်ပါး ရှိတယ်၊ အင်္ဂလိပ်စကားလဲ ကောင်းကောင်းပြောတတ်တယ်၊ ဗုဒ္ဓ တရားတော်ကို ဖြန့်ဖြူးဟော ပြောနေတယ် ဆိုတာ ကြားသိသွားတယ်။

"ဒါကြောင့် မြန်မာပြည်လွတ်လပ်ရေးရလို့ ဘိလပ်မှာမြန်မာသံရုံးလာဖွင့်တဲ့အချိန်မှာငါ့ကိုစုံစမ်းဖို့ လူတစ်ယောက်တာဝန်ပေးထားပုံရတယ်၊ ဟန်ဟန်ပန်ပန်နဲ့ မြန်မာ့ကျက်သရေ ဆောင်နိုင်တယ်၊ သာသနာတော်ကျက်သရေဆောင်နိုင်တယ်ဆိုရင် မြန်မာပြည်က ထောက်ပံ့ကူညီလို့

ကျောင်းတို့ သိမ်တို့ ကျကျနနဆောက်ပြီး အခြေတကျသာသနာဆက်လက် ပြုစေမယ်၊ ထော်၏လျှော်၏ထဲကဆိုရင် မြန်မာပြည် ပြန်ပင့်ခေါ်မယ်ဆိုတဲ့ အာနေနဲ့ စုံစမ်းခိုင်းတဲ့ သဘောပေါ့။

"ဒီလိုနဲ့ ဒကာတစ်ယောက် ငါနေတဲ့အခန်းကို နေ့စဉ်ရက်ဆက်လာ တယ်၊ ငါဘာလုပ်တယ်၊ ဘယ်သူနဲ့ စကားပြောတယ်၊ ဘယ်သွားတယ်၊ ဘယ်မှာ ဘောပြောပွဲရှိလို့ တက်ရောက်ဟောပြောတယ်ဆိုတာ လိုက်ကြည့် ရှုမှတ်သားတယ်၊ ဒီအခါ အိမ်ရှင်မိန်းမကြီးက ဒီလိုအမြဲတမ်း လာနေတာ ကိုကျေနပ်ပုံမရဘူး၊တစ်နေ့တော့ 'ဒီလူဟာဘယ်ကလဲ၊ဘာလာလုပ်တာလဲ၊ ကိစ္စမရှိဘဲနဲ့ သူများ အနှောင့်အယှက်ပေးရအောင် တမင်လာတာလား၊ ကျွန်မတို့နိုင်ငံမှာ ဒီလိုအမူအရာမျိုးကို ယဉ်ကျေးတယ်လို့ မယူဆဘူး'နဲ့ ပြောလာတယ်၊ ငါကလဲ....

"'ဒကာဘာကြောင့် ဒကာအမြဲ ဒီကိုလာလာနေသလဲ၊ ဒကာလဲ အလုပ်ပျက်၊ ဘုန်းကြီးမှာလဲ အလုပ်ပျက်၊ အနှောင့်အယှက်ဖြစ်တယ်၊ ဘိလပ်ထုံးစံက ကိစ္စရှိလို့လာရင်တောင်မှ ခွင့်တောင်းပြီးလာရတယ်၊တစ်ဦး တစ်ယောက်နဲ့စကားပြောနေတတ်ဆိုရင် ဝင်မလာရဘူး၊ဝင်တိုင်ပြီးစကား မပြောရဘူး၊ဒါကြောင့် ဒကာအခုလို မကြာမကြာမလာပဲနေယင် ကောင်း မယ်'လို့ ပြောလိုက်ရတော့တယ်။

"ဒီတော့ အဲဒီလူက....

"'ဆရာတော်ဘုရား ခွင့်လွှတ်ပါ ဘုရား၊ တပည့်တော် သံရုံးက တာဝန်ပေးထားလို့ ဆရာတော်ကိုလာပြီး စုံစမ်းနေရပါတယ် ဘုရား၊ ဆရာတော် နေပုံထိုင်ပုံ လုပ်ပုံကိုင်ပုံတွေ တပည့်တော်အားလုံး အစီအရင်ခံ ပြီးပါပြီ၊ တပည့်တော် ဆရာတော့်ကို အလွန်ကြည်ညိုပါတယ်၊ ဆရာတော့် လုပ်ငန်းက အသွန်လဲ မှန်မြတ်ပါတယ်၊ အောင်လဲ အောင်မြင်ပါတယ်၊ ဝန်ကြီးချုပ်ဦးနုရဲ့ စေခိုင်းချက်အရ သံရုံးက ဆောင်ရွက်ရခြင်း ဖြစ်ပါ တယ်ဘုရား၊ တပည့်တော်ရဲ့ အစီရင်ခံချက်အရ မြန်မာသံရုံးသူသံရုံးသား တွေလဲ အားလုံး ဝမ်းသာအားရ ဖြစ်ကြပါတယ်၊ ဂုဏ်လဲယူကြပါတယ် ဘုရား၊ ဝန်ကြီးချုပ်ဘိလပ်ရောက်တဲ့အခါ အရှင်ဘုရား နေရေးထားရေး တွေ့ပါ အားလုံးအဆင်ပြေပြေနဲ့ သာသနာပြုလုပ်ငန်းကြီးကို ဆောက်ချ လုပ်နိုင်တော့မှာပါ ဘုရား'လို့ လျှောက်တယ်။

"ဦးနုဟာ အဲဒီအစီရင်ခံစာကိုလဲ ဖတ်ပြီးသားဖြစ်တဲ့အတွက် ဘာမှ အထူးအထွေ နောက်ထပ် မလျှောက်တော့ဘဲ ခုနပြောခဲ့သလို သာဓုခေါ်ပြီး ပြန်သွားဘာပါပဲ။"

(မေး) နောက်တော့ကော ဘုရား၊ မြန်မာအစိုးရအနေနဲ့ ဖြစ်စေ၊ မြန်မာသံရုံးအနေနဲ့ဖြစ်စေ ဆရာတော် နေရေးထိုင်ရေးတွေ စီမံပေးပါသေးသလား။

(ဖြေ) ဒါကကွယ် နည်းနည်းရှည်ရှည်လေး ပြောရလိမ့်မယ်၊ ဒုတိယ ကမ္ဘာစစ်ကြီးပြီးတော့ လွတ်လပ်ရေး ရပြီးခါစ လန်ဒန်မှာ မြန်မာသံရုံးဖွင့်ပြီးပြီဆိုတဲ့ အခါကျတော့ အခု ဗုဒ္ဓမမ္မလောတ စာစောင် စဘင်ထုတ်ဝေတဲ့ ဦးထွန်းလှအောင်ပေါ့၊ စစ်သံမှူး အဖြစ်နဲ့ ပါလာတယ်၊ သူဟာ ငါတရားပွဲတွေ အတော်များ များ လိုက်နားထောင်တယ်၊သူကိုယ်တိုင် သိချင်တာကလေး တွေလဲ မေးမြန်းတယ်၊ သူ့ ပင်ကို စိတ်ကိုက ဘာသာတရား လေးစားတဲ့ စိတ်မျိုး၊ ဒါပေမယ့် အရက်က ကာကွယ်ထားလို့ ဘာသာရေးတရားနဲ့ ခပ်ဝေးဝေး ဖြစ်နေတယ်၊ဗုဒ္ဓဘာသာနိုင်ငံ မဟုတ်တဲ့နိုင်ငံရောက်လာရတော့ဘာသာရေးစိတ်ဟာ ပြန်လည် နိုးကြားလာတဲ့ လက္ခဏာရှိတယ်၊ သူတစ်ပါးနဲ့ စကားပြောတဲ့ အခါမှာ မြန်မာဆိုတာ ဗုဒ္ဓဘာသာ ကိုးကွယ်တဲ့ လူမျိုးပဲလို့ သိထားကြတော့ ဗုဒ္ဓတရားတော်နဲ့စပ်လို့ ဖြစ်ဖြစ်၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေနဲ့စပ်လို့ပဲဖြစ်ဖြစ်မေးကြတယ်၊တစ်ခါတလေ ဘယ်လိုဖြေရမှန်း မသိဘူး၊ ကိုယ့်ဘာသာရေးအကြောင်း ကိုယ် မသိဘူး၊ ခရစ်ယာန်ဘာသာရေးအကြောင်း ပိုသိတယ်၊ ကိုယ့် လူမျိုးရဲ့ ဂန္ထဝင်ရာဇဝင် သမိုင်းမှတ်တမ်းမှတ်ရာတွေနဲ့ စပ်လာ ရင်လဲ ခြေခြေမြစ်မြစ် ဘာတစ်ခုမျှ သေသေချာချာ မပြော တတ်ဘူး၊ မြန်မာ့ယဉ်ကျေးမှုဆိုတာလဲ ဗုဒ္ဓဘာသာကို အခြေခံ ပြီး ပေါ်ပေါက်လာတာများတော့ ဗုဒ္ဓဘာသာကို နှုတ်လိုက် ရင် သုညပဲကျန်တော့သလိုဖြစ်နေတာ၊ ဟော… ကျောင်းစာ စသင်လာကတည်းက ဗြိတိသျှသမိုင်း၊ အနောက်တိုင်းယဉ်ကျေး မှုတွေနဲ့သာ ရင်နှီးလာခဲ့ရ၊ အထင်ကြီးလာခဲ့ရတာ ဖြစ်တော့ မြန်မာခေတ် ပြန်ရောက်လာပြီး မြန်မာ့ယဉ်ကျေးမှုတွေ ဖော်

ထုတ်ရမယ့်အချိန်မှာ မြန်မာ့ဦးစွန်းသဖွယ်ဖြစ်တဲ့ ကိုယ့်ဘာသာရေးအကြောင်းအရာတွေကို မေမြန်းခံရတဲ့ အချိန်မှာ ယောင်နနကြီး မပြောတတ်မဆိုတတ် ဖြစ်နေတာ ရှက်စရာကောင်းတယ်လို့ ယူဆလာတဲ့ပုံပဲ။

"အဲဒါကြောင့် ဦးထွန်းလှအောင်တစ်ယောက် ငယ်မူ ငယ်ရာတွေပျောက်ပြီးတော့ ဘုရားနဲ့တရားနဲ့ မြလာဘာ၊ တိုင်းရင်းသား ယဉ်ကျေးမှုကို မြတ်နိုးလာတာ၊ အရက်ရဲ့ကျေးကျွန်ဘဝက တဖြည်းဖြည်း ကျွတ်လွတ်လာတာဟာ ငါ့ ဟောပြောပွဲတွေရဲ့ ကျေးဇူးပဲလို့ ဆိုနိုင်ပါတယ်၊ ဒါနဲ့ငါ့ရဲ့နေရေးထိုင်ရေးတွေလဲ သိသွားတယ်၊ ငါ့မှာလဲ ဗုဒ္ဓဘုရားတော်တွေကို ဟောပြောနေရပေမယ့် ကျောထောက်နောက်ခံ တစ်ဦးတလေမှ မရှိတော့ ဝါသနာနဲ့ သဒ္ဓါတရားရှိလို့ လုပ်သာလုပ်နေရ၊ လခပုံမှန်ရတာမဟုတ်တဲ့အတွက် အခက်အခဲကလေးတွေ ရှိတန်သလောက်ရှိနယ်၊ အသင်းဥက္ကဋ္ဌ မစ္စတာဟန်ဖရေးရဲ့လက်အောက်မှာ အဖိုးစားနားဆိုပြီး အခနဲ့အလုပ်လုပ်ရသလိုတရားဟောရမယ်၊ တရားဟောပြန်လာတော့ ဂီနီ (၂၁-သျှီလင်) တစ်ပေါင်သာသာလောက်ရတယ်၊ တရားပွဲ လာဖိတ်သူတွေဟာ အသင်းဥက္ကဋ္ဌနဲ့သာ တွေ့ပြီး ဆက်သွယ်ရတယ်၊သူ စီမံတဲ့အတိုင်း ပြီးရတာပေါ့၊ ဦးထွန်းလှအောင် ဒီအကြောင်းသိသွားတာနဲ့ တခြားမြန်မာလူမျိုး မျိုးသူရိုးသားတွေ တစ်ဆင့် ပြောပြတယ်။

"ဒီအခါမှာ ဝါးခယ်မက သခင်သူမင်းဆိုတာကလဲ ငါ့အခက်အခဲတွေလာမေး၊ လိုအပ်တာကလေးများ လာအကူအညီပေးနေတယ်၊ သူတို့နှစ်ဦးရဲ့ဆော်ဩမှုကြောင့် အခြား ဒကာ၊ ဒကာမတွေကလဲ လှူဒါန်းကြ၊ ကျွေးမွေးကြတယ်၊ နောက် အားလုံး လူ ၃၀၀-ခန့် စုပေါင်းတိုင်ပင်ပြီး ဝိတိုရိယရပ်ကွက် ဘဲလ်ဂရေ့ဗ်လမ်း၊ အမှတ် ၂၉-မှာ အိမ်တစ်အိမ်ငှားပြီး ဘုန်းကြီးကျောင်း လုပ်ထားလိုက်ကြတယ်၊ သာသနကာရိဝိဟာရ...လို့ ခေါ်တွင်တယ်၊ တစ်ပတ် ၁၂-ပေါင်၊ မြန်မာငွေ အဲဒီတုန်းက ၁၆၀ ကျပ်သာသာကျမှာပေါ့၊ ပထမတစ်ထပ်တည်းနော်၊ တစ်အိမ်လုံး မဟုတ်ဘူး။

"ပထမ အမ်အေ ဦးမောင်ကြီး သံအမတ်သက်တမ်းကုန်သွားတော့ သံအမတ်ကြီး ဦးကာစီ (အိုင်စီအက်) ရောက်လာတယ်၊ သူဟာ မြန်မာပြည်တုန်းက အတွင်းဝန်ရုံး ဗုဒ္ဓဘာသာအသင်းကြီးရဲ့ အတွင်းရေးမှူး လုပ်ခဲ့ဖူးတဲ့သူပဲ၊ သူ့လက်ရာထက်ကျတော့ ပိုစည်ကားလာတယ်၊ ဇာပွဲယနေ့

တစ်ဖွဲ့ (A Group of Attendant)ဖွဲ့ ထားတယ်၊ သီတင်းပတ်တိုင်း ငွေကြေး စုဆောင်းပြီး ဆွမ်းစရိတ်ပါ ထောက်ပံ့လှူဒါန်းကြတယ်။

"ကံကောင်းမှုလို့လား၊ကံဆိုးချင်လို့လား မသိဘူး၊အင်္ဂလိပ်လူမျိုး ဗုဒ္ဓ ဘာသာဝင်တစ်ယောက်၊ သူ့ နာမည်က (Mr.C. Cruikshank) စီကရူရှန့်လို့ ခေါ်တယ်၊ သူက အိမ်ထောင်မရှိ၊ လူပျိုကြီးတစ်ယောက်ပဲ၊ သူ့တစ်ယောက်တည်းက ပေါင်၁၀,၀၀၀-မတည်ပြီး ကျောင်းဆောက်ဖို့ စီမံပါတယ်၊ အခြားက မြန်မာတွေရော ဗုဒ္ဓဘာဝင်တွေပါ နောက်ထပ် စုပေါင်းပြီး ပေါင် ၁၀,၀၀၀—လောက်ထည့်လို့ စုစုပေါင်း ပေါင် ၂၀,၀၀၀—ဆိုယင်ဖြင့် အတော်ကလေး ဟန်ကျပန်ကျ ဘုန်းကြီးကျောင်း တစ်ကျောင်းဖြစ်လာဖို့ရှိတာပေါ့၊ဒါပေမယ့် အချိန်တွေလင့်လာသလောက် အကောင်အထည် ပေါ်မလာခဲ့ဘူး၊ မြန်မာတွေကလဲ သဒ္ဓါတရားရှိကြပေ မယ့် နိုင်ငံရပ်ခြားမှာ လှူရုံကလေး ဝတ်၊ ဝ,ရုံကလေးစားပြီး ချွေချွေလာ တာနဲ့ နေကြရှာတာကလား၊ ခုနကလိုနေတဲ့ ငွေပေါင်း ၁၀,၀၀၀ လောက်ဟာ ပေါ်ထွက်မလာခဲ့သေးဘူး။

"ဒီအတွင်း ကံ ဆိုး ချင် တော့ မစ္စတာ ကရူရှန့်ဟာ ဆွစ်ဇာလန် တောင်တက်သမားအဖွဲ့မှာမင်းသားတစ်ယောက် ဖြစ်တဲ့အတိုင်း တစ်နေ့မှာ စကော့ဘလန် တောင်တစ်တောင်တက်ရင်း ရေခဲတွေ ပျော်ကျလာတဲ့လမ်း ကြောင်းမှာ မရှောင်သာမတိမ်းသာဖြစ်ပြီးပါသွားရှာလို့ သေပါလေရော၊ နောက် သူ လျာထားပြီး သီးသန့်ဘဏ်မှာထားတဲ့ငွေလဲ သူ့အစ်မကြီး တစ်ယောက်က ထုတ်ယူလိုက်တော့ လက်စပျောက်သွားတော့တာပေါ့။

(မေး) ဒီအခါမှာ သီဟိုဠ်တို့၊ယိုးဒယားတို့ကတော့ ကိုယ်ပိုင် ဗုဒ္ဓ ဘာသာအသင်းတိုက်တွေ ကျောင်းတွေရှိနေပြီ မဟုတ်ပါ လား ဘုရား။

(ဖြေ) အေး....ရှိနေပြီ၊ လန်ဒန် ဗုဒ္ဓဝိဟာရဆိုတာ သီဟိုဠ်ပိုင်ပဲ၊ ယိုးဒယားကလဲ သူ့ကိုယ်ပိုင် သီးသန့်ကျောင်း ရှိတယ်၊ ဖွင့်ပွဲလုပ်စဉ်အခါ ထိုင်းဘုရင်ကိုယ်တိုင် လာဖွင့်ပြီး အခမ်း အနား တော်တော် ကြီးကြီးကျယ်ကျယ် လုပ်လိုက်သေး တယ်၊ လူထွေအထင်ကြီးစရာ ဖြစ်သွားတာပေါ့၊တို့ရှိတုန်း ကတော့ သံဃာ ၄—ပါးလောက် တွေ့ရတယ်။

## ၁၉၅၁ ခုနှစ်၊ ၃–လတစ်ကြိမ်ထုတ် အာလယ်လမ်းခေါ် ဆောင်းရာသီ စာစောင်၌ တည့်သွင်းဖော်ပြသော ဆရာတော် အရှင်သေဋ္ဌိလ၏ ဝိဇ္ဇာဘာဝနာ ဟောပြောချက်

ကျွန်ုပ်တို့က လူဟူ၍ ခေါ်ဆိုထားသော အရာကား စိတ်နှင့် ဒြပ်ဝတ္ထု၊ တစ်နည်းပြောလျှင် နာမ်နှင့် ရုပ် ပူးတွဲပေါင်းစပ်ထားသော အရာဖြစ်သည်။ စိတ်–သို့မဟုတ် နာမ်ဟူသည် အတိအကျပြောလျှင် ဝိထိစိတ် အစဉ်ဖြစ်သည်။ ယင်းကို Thought) အသိဓာတ်ဟု ပြောနိုင်သည်။ သို့သော် (Thought) အသိဟူသည် ရုပ်ကိုယ်ကြီး၏ လုပ်ငန်းတစ်ရပ်သာ ဖြစ်သည်မဟုတ်၊ အလင်းရောင်၊ သို့မဟုတ် လျှပ်စီးလှိုင်းအင်နှင့် တူသော သတ္တိတစ်မျိုး ဖြစ်သည်။ အသိနှင့် စိတ်အစဉ်၏ ဓာတ်လှိုင်းများသည် နာမ်ကာယ၏ စိတ်ပိုင်းဆိုင်ရာ အခြေခံ ဓာတ်ကြီးများဖြစ်၍ ရုပ်ဝတ္ထုများ၏ ဓာတ်ကြီး ၄–ပါးနှင့် တူညီသည်။ ကျွန်ုပ်တို့သည် နာမကာယသတ္တိမှ ပေါ်ပေါက်လာသော ထင်ဟပ်ချက် ဖြစ်ကြသည်။ ယင်း–သတ္တိများ၊ စိတ်လှိုင်းများသည် အနိစ္စသဘောအရ မမြဲသော်လည်း လုံးလုံး ပျောက်ဆုံးသွားသည်ကား မဟုတ်ပေ။

ကျွန်ုပ်တို့၏ စိတ်ဓာတ်စွမ်းအင်သည် ကမ္ဘာမြေကြီး၏ ဆွဲငင်အား
17 နယ်ပယ်ကို လွန်မြောက်နိုင်လောက်အောင် လုံလောက်စွာ ခိုင်မာလာပါမူ

စိတ်ဓာတ်၏ အရည်အသွေးအလိုက် ပိုမိုနူးညံ့၊ပို၍မြင့်မားသော သတ္တိများ ဖြစ်လာကြသည်။ယင်း ကို ထပ်ဆင့် ပွားထုံပေးလျှင် အနူးညံ့ဆုံး၊အမြင့်ဆုံး သော သတ္တိ အဆြိုင်သို့ ရောက်လာနိုင်ကြသည်။ ဒုက္ခအထွေထွေ သောက အစုံစုံ မှ ကျွတ်မှုချမ်းသာသို့ ကင်းလွတ်သော နိဗ္ဗာန်သို့ ပို့ဆောင်ပေးသည် ကား ယင်း အနူးညံ့ဆုံး၊အမြင့်မားဆုံး စိတ်ဓာတ်စွမ်းအင်ပင် ဖြစ်ပေသည်။ ကမ္ဘာမြေကြီး၏ဆွဲငင်အားနယ်ပယ်ကိုလွန်နိုင်သော အစွမ်းမရှိသေးမူကား အထိုပါ စိတ်ဓာတ်စွမ်းအင်သည်ကမ္ဘာမြေကြီး၏ ဆွဲငင်အား အတွင်း၌ပင် ကည်းလျက် အရာဝတ္ထုအားလုံးနှင့် အတူ လည်၍သာ နေချေမည်။ ယင်း စိတ်ဓာတ်စွမ်းအင်သည် တစ၏အသွင်သစ်တင်မျိုးကို ဆောင်၍ သတ္တဝါ ယောက်ျားမိန်းမ ခေါ်ဆိုကြသောပုဂ္ဂလပညတ်၏စိတ်အစဉ်တွင် ပျောက် ဆုံးသွားရုံမျှသည်၊ စိတ္တဘာဝနာဖြင့် မဟန့်တား မပယ်ရှင်းနိုင်သမျှ မွေးသေလည်ပတ်မှု အလျဉ်တွင် အစဉ်မပြတ် ဆက်၍ နေမည်သာတည်း။

အဘိဓမ္မာ ဒေသနာအလိုအားဖြင့် စိတ်က ၁—ကာမာဝစရ (တဏှာခေါ် လိုအင်ဆန္ဒများလှသော)စိတ်၊ ၂—မဟဂ္ဂုတ(အဆင့်မြင့်မားသော စိတ်၊ ၃—လောကုတ္တရ(လောကကို လွန်မြောက်သော)စိတ် ဟူ၍ သုံးမျိုး ပိုင်းနိုင်သည်။ ၁—အမျိုးအစားတွင် အဆိုးနှင့် အကောင်း၊ အကုသိုလ်နှင့် ကုသိုလ်ဟူ၍ အကြမ်းစားအားဖြင့် ကွဲပြားသည်။ကိုယ်ကျိုး မရှာမှု (အလောဘ)၊ အများအကျိုး လိုလားမှု (အဒေါသ-မေတ္တာ)နှင့် အသိပညာ(အမောဟ)ဟူသော ကောင်းသောအခြေခံအကြောင်း(ဟိတ်) ၃ ပါးနှင့် ယှဉ်မှု စိတ်ကောင်းဟူ၍ ခေါ်ဆိုရသည်။ ဤ စိတ်ကောင်း ကလေးဖြင့် ပြုလုပ်မှု ပြောဆိုမှုကို ကောင်းသောကံဟူ၍ ခေါ်သည်။ ထိုကောင်းသောကံမှ လူ့စိတ် လူ့သဘောထားများသန့်ရှင်းကြင်နာမေတ္တာ ထားခြင်း ထက်မြက်ရှင်သန် အမြင်မှန်ခြင်းများ ပေါ်ပွားလာသည်။

အလိုကြီးခြင်း၊ မလိုမုန်းထားခြင်း၊ မိုက်မှား တွေဝေခြင်းများနှင့် တွဲယှဉ်မှု စိတ်ဆိုးဟူ၍ ခေါ်ရသည်။ ထို စိတ်ဆိုးစိတ်ရိုင်းဖြင့် ပြုလုပ်မှု ပြောဆိုမှုများကို မကောင်းသောကံ(သတ်မှု၊ခိုးမှုစသည်)ဟူ၍ခေါ်ရသည်။ ယင်း မကောင်းသောကံမှ အသက်တိုခြင်းနှင့်တကွ နှမြော စေးနဲမှု၊ ဒေါသစက်ထန် ရန်လိုမှု၊ ထုံထိုင်းဖျင်းအမှုများ ပေါက်ပွားလာသည်။

ဤနည်းအားဖြင့် ကာမလောကတွင် စိတ်ကောင်းစိတ်ဆိုး ၂-မျိုး ရှိရကား လူကောင်း လူဆိုး ၂-မျိုးပင် ရှိပေသည်။ သို့သော် လူဆိုးကို လူကောင်း ဖြစ်အောင် လုပ်၍ ရနိုင်သည်။ စိတ္တဘာဝနာ အလုပ်ဖြင့် နိမ့်ကျသော သဘောထားများကို မြင့်မားသော သဘောတရား ဖြစ်အောင် လုပ်၍ ရနိုင်သည်။ လောဘ ဒေါသ မောဟ တည်းဟူသော အခြေခံ မကောင်းသောအကြောင်း (ဟိတ်)များကို ဖြူစင်အောင် ပြုလုပ်ခြင်း၊ ရက်ရောမှု၊ မေတ္တာတရားမှု၊ မြော်မြင်မှုများကို ရယူခြင်းဖြင့် အကောင်း ဖြစ်အောင် လုပ်၍ ရနိုင်သည်။ လူကောင်းတစ်ယောက်သည် မိမိကိုယ်ကို ပို၍ ကောင်းအောင် ပို၍ မြင့်မားအောင် ပြုလုပ်၍ ရနိုင်ပေသည်။

စိတ်ကို မြင့်မားအောင် ပြုလုပ်ရန် သီလ သမာဓိ ပညာဟူ၍ အဆင့် ၃-ဆင့်ရှိသည်။ စိတ္တဘာဝနာ(စိတ်ကိုမြင့်တင်မှု) အစဉ်ကျစေရန် မဂ္ဂင် ၈-ပါးကို ၃-ပိုင်းပိုင်းရသည်။ အမြင်မှန်ခြင်း(သမ္မာဒိဋ္ဌိ)၊ အတွေးအထင် မှန်ကန်ခြင်း (သမ္မာသင်္ကပ္ပ)ကို ပညာအုပ်စုတွင် တစ်ပိုင်းခွဲဝေ၍ မှန်သော စကား(သမ္မာဝါစာ)၊မှန်သောအပြုအမူ(သမ္မာကမ္မန္တ)၊မှန်သောအသက် မွေးမှု(သမ္မာအာဇီဝ)၊ ဤသုံးပါးကို သီလအုပ်စုတွင် တစ်ပိုင်းခွဲရသည်။ မှန်ကန်စွာ လုံ့လ စိုက်မှု (သမ္မာဝါယာမ)၊ မှန်ကန်စွာ သတိရှိမှု (သမ္မာသတိ)၊ နည်းမှန် လမ်းမှန် သမာဓိထူထောင်မှု (သမ္မာသမာဓိ) ဤ သုံးပါးကို သမာဓိအုပ်စုတွင် တစ်ပိုင်းခွဲ ပိုင်းရသည်။

ဤသို့ အပိုင်း ၃-ပိုင်း ခွဲချခြင်းမှာ ကိလေသာ ပယ်ရာ၌ (၁) အနုသယ ကိလေသာ (၂)ပရိယုဋ္ဌာန ကိလေသာ (၃) ဝီတိက္ကမ ကိလေသာ ဟူ၍ ၃-မျိုး ပယ်ရန် ရှိသောကြောင့် ဖြစ်သည်။ ထိုတွင် (၁) အနုသယ ကိလေသာဟူသည်မှာ သတ္တဝါအသီးသီး၌ ကိုယ်မှုအရာ နှုတ်အမူအရာ အားဖြင့် မထင်ရှား ငုပ်လျှိုးနေသော သဘော ရှိသည်။ (၂) ပရိယုဋ္ဌာန ကိလေသာ ဟူသည်မှာ နှစ်သက်ဖွယ်ရာကဲ့သို့ မနှစ်သက်ဖွယ် ဒ နိဋ္ဌ ၏ အာရုံတစ်ခုခု နှိုးဆော်မှုကြောင့်ကိုယ်နှုတ်တို့၌ မထင်ရှားစေကာမူ ပေါ်၍ စိတ်လှုပ်ရှား ခံစားမှုများအဖြစ် သိသာစွာ ဖြစ်ပေါ်လာ သော သဘောရှိသည်။ (၃) ဝီတိက္ကမကိလေသာ ဟူသည်မှာ ထိန်း နိုင် ပြင်းထန်လှ၍ ကိုယ်ကြမ်းနှုတ်ကြမ်း ဆိုးရွားသော အမူအကျင့်ကြမ်းများ ကို ဖြစ်စေသော သဘောရှိသည်။

အဆိုပါ ကိလေသာ အဆင့် ၃-ဆင့်ကို ပယ်နိုင်ရန် စိတ္တဘာဝနာ အဆင့် ၃-ဆင့် လိုအပ်နေပေရာ တတိယအဆင့် ကိလေသာကို သီလအုပ်စု မဂ္ဂင် ၃—ပါးဖြင့် ပယ်ရှားတားမြစ်ရသည်။ ကျန်ကိလေသာအဆင့် ၂-ဆင့်ကို မပယ်နိုင်သေးပါလျှင် သီလဖြင့် ပယ်ထားသော ကိလေသာများ ပေါ်လာနိုင်ခွင့် ရှိပြန်သည်။ ထို့ကြောင့် ဤသီလပိုင်းဖြင့် ပယ်ခြင်းကို တစ်ခဏမျှ ပယ်ခြင်း (တဒင်္ဂပဟာန်)ဟု ခေါ်ဆိုရသည်။

သမာဓိအုပ်စု မဂ္ဂင်ကို ထူထောင်ခြင်းမှာ (သီလဖြင့် မပယ်မလှန် ကြွင်းကျန်နေသော) ဒုတိယအဆင့် ကိလေသာကိုပယ်ရန် ဖြစ်သည်။ သို့သော် ပထမအဆင့် အနုသယ ကိလေသာများ ရှိနေသေးလျှင် သမာဓိဖြင့် သုတ်သင်ပြီးသော ကိလေသာများ တစ်ဖန်ပေါ်လာနိုင်သောကြောင့် သမာဓိဖြင့် ပယ်ရှားခြင်းကို ကိလေသာများ ဝေးသွားအောင် ခွာခြင်း (ဝိက္ခမ္ဘနပဟာန်)ဟု ခေါ်ဆိုရသည်။ သို့ရာတွင် သမာဓိသည် အဆင့်မြင့်မားသော နှလုံးရည်နှင့် ကိုယ်ကျင့်တရားကို ဖန်တီးတတ်သောကြောင့် ကိလေသာများ မြန်ဆန်စွာ ပေါ်မလာနိုင်ကြ၊ ယင်း သမာဓိသည် သီလထက် အဆများစွာ ခွန်အား ရှိပေသည်။

ဝိပဿနာ ပညာအထိ အဆင့်ရှိသော ပညာအုပ်စု မဂ္ဂင်နှစ်ပါးကို ဖြစ်ပွားစေခြင်းသည် သီလ၊ သမာဓိနှစ်မျိုးဖြင့် ပယ်ရာတွင် ကြွင်းကျန်နေသေးသော ပထမအုပ်စု အနုသယ ကိလေသာတို့ကို ပယ်သတ်ရန်ဖြစ်သည်။ ပညာမဂ္ဂင် ဝိပဿနာဉာဏ်စဉ်ဖြင့် ပယ်ရှားသုတ်သင်ပြီးသော ကိလေသာတို့သည် နောက်တစ်ဖန်ပေါ်လာတော့မည်မဟုတ်။ ယင်းပညာဖြင့်ပယ်ခြင်းကား သစ်ပင်ကို အမြစ်မှ ပယ်ခြင်းနှင့် တူသည်။ ထို့ကြောင့် ယင်းကို (အကြွင်းမဲ့) ပယ်ခြင်း သမုစ္ဆေဒပဟာန်ဟု ခေါ်ရသည်။

ဤသို့ စိတ္တဘာဝနာ အဆင့်သုံးဆင့်သည် အချင်းချင်းမှီ၍ တစ်ခုနှင့်တစ်ခု ဆက်သွယ်လျက် ရှိသည်။ ထို့ကြောင့် သုံးဆင့်လုံးကို တစ်ပေါင်းတည်း တစ်ပြိုင်နက် လေ့ကျက်ရမည်။ ဥပမာဆိုသော် မှန်ကန်သော အသက်မွေးခြင်းဖြင့် သီလလုံ့လွှာ နေထိုင်ပါလျှင် မှန်ကန်သော သမာဓိနှင့် မှန်ကန်သော ဉာဏ်အမြင်များ ရလွယ်ပေလိမ့်မည်၊ တစ်ဖန် မှန်ကန်သောသမာဓိကို လေ့ကျက်နေလျှင် အသက်မွေးမှန်ကန်၍ သဘာဝဓမ္မတို့ကို အမှန်အတိုင်း မြင်နိုင်ပေလိမ့်မည်။ ထို့အတူပင် ဉာဏ်အမြင်မှန်အောင် လေ့ကျင့်ပွားများခြင်းသည် မှန်ကန်စွာ သက်မွေးနေထိုင်၍ သမာဓိအမှန်ကို ရစေနိုင်

ပေသည်။(တစ်မျိုးပြောရလျှင်) သမာဓိနှင့် ကင်းကွာသော ဉာဏ်မှန် မပေါ်လျှင် သမ္မာအာဇီဝဖြင့် သီလဖြည့်ကျင့်ခြင်း ဟူသည် အကျိုးထက် ရောက်မှု နည်းပေလိမ့်မည်။ အချက်ငါးခုကို တစ်ချိန်လုံး စောင့်ထိန်းသော်လည်း အခြားတစ်ချိန်တွင် ထင်ရှားမှုကင်းလိမ့်မည်။ ထိုအချက်ကို အကြောင်းပြု၍ တစ်ချိန်တွင် ပျော်ရွှင် ကျေနပ်နေသော်လည်း အခြားတစ်ချိန်တွင်မူ စိတ်မသက်မသာ ရှိပေလိမ့်မည်။ အကြောင်းမူကား မှန်ကန်စွာ မသိခြင်းကြောင့်ပင်ဖြစ်သည်။ ကိုယ်ကျင့်သီလမှန်ကန် ကောင်းမွန်မှုရှိသော် အမြင်မှန်လည်း မရှိသော သမာဓိ အမှန်ရနိုင်ပေ။ (ထိုနည်းတူစွာပင်) သီလမပါ သမာဓိနှင့် ကင်းကွာပါလျှင် အမြင်မှန်ရနိုင်ဖို့ မဖြစ်နိုင်သော အလားအလာ ရှိပေလိမ့်မည် ဖြစ်ကြောင်း။

## A Talk on Mental Development

### Ven. BHIKKHU U THITTILA

That which we call "man" is composed of Mind and Matter, Nama and Rupa Mind, Nama, is essentially a stream of consciousness and it can be expressed by the word "Thought". Thought, however, is not simply a physiological function, but a kind of energy—something like light or electricity. Thoughts and radiations of currents of thought are mental elements of the mental world which correspond to the four material elements of the physical world. We are essentially the manifestation of our thought forces. These forces, the currents of our thoughts, though subject to change, are not lost.

If the forces of our thoughts are sufficiently strong to overcome the gravitational sphere of the earth, they become by their degree of perfection finer and higher energies of thought, and if they are further developed they become the finest and highest energies of thought. It is with these finest and highest energies of conscious thought that we are able to attain the state of Nibbana, the end of suffering, sorrow and dissatisfaction. The currents of thoughts which are not capable of overcoming the grav, ational sphere of the earth, witin the circula-

tion of all things. But they will form a new type of life, so a current of thought is not lost; it will continue its life in the consciousness of an individual called a being, a man or a woman. In this way this circulation of life and death goes on forever. until and unless it is checked by the developing of one's own thoughts.

According to the Abhidhamma Philosophy there are three classes of thought, namely, thought of the world of desires, the higher grade of thought, and supramundane thought. Of these three, the thought of the world of desires is mainly of two types, good and bad. The thougt which is accompanied by three good roots, unselfish-ness or benevolence, goodwill, and knowledege, is called "good" type of thought. Any word or deed done with this good thought is called good karma or good action, such as kindness, help, etc; this produces good effect such as philanthropic nature (alobha), a compassionate and loving nature (adosa), and a sharp, intelligent and clearly understanding nature (amoha).

The type of thought which is accompanied by three bad roots greed, ill-will and ignorance, is called' bad" thought Any word or deed done with this bad karma or bad action such as killing, stealing, etc; this produces bad effect such as short life, miserly nature (lobha) irritative and quarrelsome nature(dosa), and dull naturae (moha).

Thus in the world of desires there are two main types of thought, good and bad. Accordingly there are in the world two main types of beings, good and bad; but a bad person can be changed into a good one by developing his lower nature into a higher nature, by purifying his thoughts from the three bad roots, greed, ill-will and ignorance, and

thereby acquiring the three good roots, unselfishness, goodwill and knowledge. A good person can developed himself into a still better and higher type.

There are three stages of development, namely, Sila—morality, Samadhi— concentration and Panna— wisdom. According to the order of development, the Eightfold Path is classified into three groups. The first two, right understanding and right thought, are grouped in Wisdom (Panna), the second three, right speech, right action and right livelihood in morality (Sila), and the last three, right effort, right mindfulness and right concentration, in Concentration (Samadhi).

Why are the three stages of development? Because there are three stages of defilements, first, second and third. In the first stage the defilements do not become manifest words or deeds, but lie latent in each one of us. In the second stage they come up from the latent state to the level of thoughts, emotions and feelings when any object, pleasant or unpleasant, awakens or disturbs them. In the third stage they become so fierce and ungovernable that they produce evil actions in words and deeds.

In order to dispel the three stages of defilements, the three stages of development are necessary. Of these three the development of morality is able to dispel or put away only the third of the defilements. As there remain two stages undispelled, the defilements which are got rid of by Morality would again arise; therefore the putting away by morality is called the temporary putting away (Tadangapahana).

The development of Concentration is able to dispel or put away only the second of the defilements which have been left undispelled by morality. As there remains the first stage undispelled, the defilements which were put away by concentration would again arise. Therefore the putting away

by Concentration is called the putting away to a distance (Vikkhmabanapahana). Concentration, however can dispose of the defilements for a considerable time, and so they do not arise again so soon for concentration represents higher mental and moral culture and is more powerful than morality.

The development of Insight, Wisdom, is able to dispel, or put away the first of the defilements that have been left undispelled by Morality and Concentration. The defilements that are entirely got rid of through Insight will never arose again. It is like cutting a tree by the root. Therefore the putting away by Insight is called the cutting away (Samucchedapahana).

As the stages of development are interdependent and interrelated, all the three should be pratcised together and at the same time. For example, when living a right life, a moral life, it is easier to have right concentration and right understanding. Practice of right concentration helps one to live rightly and to understand things rightly. In the same way, practice of right understanding unable one to live rightly and to concentrate rightly. Butto try to live a right life without right concentration. which is mind control, and without right understanding, cannot be effective. You may think a thing good at one moment and may not think so at another. At one moment you may be happy about it and at another sorry, because you do not understand rightly. Right concentration cannot be attained without living a right life and without right understanding. It is not possible to have right understanding without right living and right concentration.

From-

THE MIDDLE WAY

Vol.XXVI. NO 3 Published Quarterly WINTER, 1951

PP. 80.81

## နိုင်ငံခြား သာသနာပြုနိုင်ရန် သူရဲကောင်း စိတ်ဓာတ် မွေးရမည်

သုနာပရန္တတိုင်းသို့သွား၍ သာသနာပြုလိုပါကြောင်း အရှင်ပုဏ္ဏ ထေရ်က လျှောက်ထားသောအခါ ဗုဒ္ဓမြတ်စွာက အရှင်ပုဏ္ဏ သာသနာပြု အရည်အချင်း ရှိမရှိ မေးစစ်ပုံမှာ မှတ်သားဖွယ် ကောင်းလှပေသည်။

ဗုဒ္ဓ ။ ။ပုဏ္ဏ…သုနာပရန္တတိုင်းသားများသည် ကြမ်းကြုတ်ခက်ထန် ကြသည်။ သိမ်မွေ့မှုကင်းဝေး၍ ယဉ်ကျေးဖွယ်ရာ နည်းပါး ကြသည်။ သင်က တရားစကားပြောသောအခါ သဘော မသက် အနှက်မခံပါ ဟောသူကို သရော်လိမ့်မည်။ ခြိမ်း ခြောက် မောင်းမဲ ဆဲဆော်လည်း ဆဲရေးလိမ့်မည်။ ထိုအခါ သင်ဘယ်သို့ ပြုမည်နည်း။

ပုဏ္ဏ ။ ။မေတ္တာကို အရင်းခံ၍ အသိဉာဏ်ပေးလိုပါသည့်အတွက် ဆဲ ဆော်သည်း ခံပါမည်၊ ပြောင်လှောင်သော်လည်း အမျက် မထွက်၊ သည်းခံပါမည် ဘုရား။ လက်နှင့်ရိုက် ခဲနှင့် မပေါက်သေးဘဲ ဆဲရုံမျှဆဲကြပေသည်။ ပြောင်လှောင်ရုံမျှ ပြောင်လှောင်ကြပေသည်။ ဤသူတို့ကား တော်ကြပါပေ သည်ဟု နှလုံးသွင်းပါမည်ဘုရား။

ဗုဒ္ဓ။ ။ပုဏ္ဏ....ပြောင်လှောင်ရုံ ဆဲရုံမက သင့်ကို လက်နှင့် ရိုက်လာကြလျှင်၊ သို့မဟုတ် ခဲနှင့်ပေါက်လာကြလျှင် သင် ဘယ်သို့ ပြုမည်နည်း။

ပုဏ္ဏ။ ။သူတို့ဘစ်တွေ တော်ကြပါပေသည်။ လက်နှင့်ရိုက်ရုံမျှ၊ ခဲနှင့် ပေါက်ရုံမျှ ပြုမူကြသေးသည်။ တုတ်၊ လှံတံဖြင့် ထိုးပုတ် ရိုက်နှက်ခြင်း မပြုဘဲ နေကြပေသည်...ဟု နှလုံးသွင်းကာ မေတ္တာပွားပါမည် ဘုရား။

ဗုဒ္ဓ။ ။တုတ်လှံတံဖြင့် သင့်ကို ထိုးပုတ် ရိုက်နှက်လာလျှင် သင် ဘယ်သို့ပြုမည်နည်း။

ပုဏ္ဏ။ ။ဤသူတို့သည် ငါ့ကို အသေမသတ်ကြသေး၊ တုတ်လှံတံမျှဖြင့် ထိုးပုတ်ရိုက်နှက်ပေသည်....ဟု နှလုံးသွင်းကာ မေတ္တာပွားပါမည်ဘုရား။

ဗုဒ္ဓ။ ။ပုဏ္ဏ.... သူတို့ သင့်ကို သတ်လျှင် သင် ဘယ်သို့ ပြုမည်နည်း။

ပုဏ္ဏ။ ။ထိုအခါ တပည့်တော်သည် ထိုသူတို့ကို မေတ္တာမပျက် ဆက်လက်၍ ပွားပါမည်။ ဘုရားရှင် တပည့်အများပင် အသက်နှင့်ကိုယ်ခန္ဓာကို ရှုံရှာစက်ဆုပ်ကြ၍ ဓားလက်နက်ဖြင့် အသက်ကို သုံးစေကြဖူးသည်။ ငါမှာမူကား မိမိ၏ အားထုတ်ခြင်းမရှိဘဲ ဤသူတို့၏လုပ်ဆောင်မှုကြောင့် ခန္ဓာဝန်ကြီး ချသွားရပေပြီတကားဟု နှလုံးသွင်းကာ ကျေးဇူးပင် တင်ပါဦးမည်ဘုရား။

အရှင်ပုဏ္ဏ၏ ဤစကားဖြာကို ကြားတော်မူရသောအခါ ဗုဒ္ဓမြတ်စွာသည် သာဓုခေါ်တော်မူကာ အရှင်ပုဏ္ဏအား သာသနာပြု ကြွခွင့်ပေးတော်မူခဲ့ပေသည်။

(မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ ပုဏ္ဏောဝါဒသုတ်)

ဤထုံးကို အစဉ်အားဖြင့် အရှင်သေဋ္ဌိလ သတိရှိတော်မူသည်။ အခါတစ်ပါး(Preaching Tour) တရားဟောအကြွ အမေရိက၊ နယူးရောက်မြို့လေဆိပ်၌ ခေတ္တဆိုင်း၍ ထုံးတမ်းစဉ်လာ ရှာဖွေစစ်ဆေးမှုများ

အပြီးကို စောင့်စားနေစဉ် အသက် ၃၀-ခန့် အမျိုးသမီးတစ်ယောက် ချဉ်းကပ်လာသည်။ နှုတ်ဆက်စကား အနည်းငယ် ပြောပြီး ဗုဒ္ဓ ဘုရားတော် ဟောပြော ဖြန့်ဖြူးရန် လာသူဖြစ်ကြောင်း သိရသည်နှင့်ကပ်ပိုင်နက် အရှင်သေဋ္ဌိလပါးစပ်မှ မပြင်ရသေးမီ ခရစ်ယာန်ဘာသာ တရားနှင့် ခရစ်တော်၏ အကြောင်းကို(Holy Bible)သမ္မာကျမ်းစာမှ စာပိုဒ်များကို ထုတ်နုတ်ကိုးကားကာ အိုးမှ ရေသွန်ချလိုက်သကဲ့သို့ ကြားဝင်ခွင့်မပေး မနားတမ်း ပြောလေတော့သည်။ ၁၅-မိနစ်ခန့်လျှောက်တည်း ပြောပြီး ရုတ်တရက် ထကာ ထွက်သွားလေတော့သည်။

ထိုအမျိုးသမီး၏ ဟန်ပန်ကား ဘာသာခြား နိုင်ငံခြားသား တစ်ယောက်က ခရစ်ယာန်ဘာသာ အနည်ထိုင်သော အမေရိကလို တိုင်းပြည်မျိုး လာပြီး သာသနာပြုခြင်းသည် အရာရောက်မည်မဟုတ်၊အချိန်ကုန် လူပန်းသာဖြစ်မည်။ တိုင်းရင်းသား ပညာတတ်တို့ကို ပိုင်၍ နိုင်မည်လည်း မဟုတ်၊ ဤသို့တွေး ဤသို့အထင်သေးကာ ပမာမခန့် ပြုမူသွားဟန်တည်း။

အခြားနိုင်ငံမှ အခြားဘာသာတရားများကို သူတို့ အထင်ကြီးသည်မှာလည်း မဆန်းလှ။ သူတို့ ကိုးကွယ်သော၊ သူတို့ယုံကြည်သော ဘာသာဓမ္မကို သူတို့ ဖြန့်ဖြူးကြပုံမှာ အလွန်ပြည့်စုံသည်။ဓမ္မသစ် ကျမ်းစာများကို အပြည့်အစုံ လည်းကောင်း၊ အပိုင်းခွဲ၍ လည်းကောင်း၊ စာအုပ်ပုံသဏ္ဌာန်အမျိုးမျိုး၊ အရွယ်အမျိုးမျိုးဖြင့် ပုံနှိပ်ဖြန့်ဝေထားကြသည်။ ခရစ်စဖွယ် အိတ်ဆောင်စာအုပ်ကလေးများကို ပုံနှိပ်ကာ လက်ဆောင်အဖြစ် ဖြစ်စေ၊ အနည်းဆုံးသော တန်ဖိုးဖြင့် ဖြစ်စေ စက္ကူကောင်း အဖုံးကောင်းဖြင့် ဖုံးအုပ်ချုပ်လုပ်၍ ဖြန့်ဖြူးကြသည်။ဘစ်ရှော့ဘစ်ပါးသော ဘာသာဖြင့်လည်း ပြန်ဆို ဖြန့်ဖြူးကြသည်။

အရှင်သေဋ္ဌိလသည် မိမိ၏အခြေအနေကို ပြန်လည် သုံးသပ်ကြည့်လိုက်မိ၏။ အထောက်အပံ့ မည်မည်ရရမရှိ။ မိမိတိုင်းပြည်၊ မိမိအစိုးရမှ အားပေးမှုကိုမရ။ မိမိတို့ဘာသာဝင် အယူတူညီကြသော တိုင်းပြည်နိုင်ငံပြည်သူလူထုထံမှလည်း ထောက်ပံ့မှု မရ၊နိုင်ငံခြားရောက် မြန်မာ အမျိုးသား အမျိုးသမီး အနည်းငယ်၏ အားပေးကူညီမှုဖြင့်သာ ရပ်တည်နိုင်သည်။ ရပ်တည်နိုင်သည်ဆိုသဖြင့် ပေါပေါများများ ပြည့်ပြည့်စုံစုံ ဟုတ်

လှူသော်လည်း အခန်းတစ်ခန်းငှား၍ ကုဋြွရရှနေနိုင်ရုံမျှ၊ ဆွမ်းလခမှန်မှန် ပေးနိုင်ရုံမျှ ရှိသည်ဟု ဆိုလိုပေသည်။

သို့သော် အရှင်သေဋ္ဌိလ အားမငယ်ပါ။ မိမိမှာရှိသည့် အင်အားကလေးဖြင့် မိမိတတ်သိထားသောပညာကို အသုံးချကာ စဉ်းစားဉာဏ်ရှိသူ တစ်စုံတစ်ယောက်အား လမ်းမှန်သို့တင်၍ ဗုဒ္ဓဘာသာတော် အလင်းရောင်ပြလိုက်နိုင်ခွင့်ရသည်ဆိုလျှင် အတိုင်းမသိ တန်ဖိုးထွက်သည်ဟု ယူဆသူ ဖြစ်သည်။

ကြည့်ပါ။ သြစတေးလျသို့ တရားဟောကြွစဉ်က.... (The Sun Herald, Fact ., April, 18 1954) သတင်းစာက သရော်ထားပုံကို ကြည့်ပါဦး။

"I am Afraid Bhudku U Sithila won't find much mental peace in Sydney, nor will he see Christianity at its Best"...

...."The Sydney's Philosophy is" everyman for himself and devil take the hindmost"

ရဟန်းတော် သေဋ္ဌိလသည် ဆစ်ဒနီမြို့၌ စိတ်ချမ်းသာမှုကိုရမည် မဟုတ်၊ ခရစ်ယာန်ဘာသာကိုလဲ အကောင်းဆုံး တွေ့သွားလိမ့်မည်မဟုတ်ဟု ကျွန်ုပ်ထင်သည်။ ဆစ်ဒနီ၏ လောကအမြင်ကား ဤသို့ဖြစ်၏။

''တယ်သူကဘာပြောပြော လူတိုင်းလူတိုင်း လုပ်ရမှာက ကိုယ့်အတွက် ကိုယ် အမွှမ်းကုန် အကောင်းဆုံးဖြစ်အောင် လုပ်ကြရမှာ၊ နို့မဟုတ်ရင် နွေးကွေးနေတဲ့သူ၊ နောက်ကျနေတဲ့သူ၊ အဖျင်းအညံ့ဆုံးလူများကို ဘယ်သူကမှ စောင့်ခေါ်မှာမဟုတ်၊ သူ့ထိုက်နဲ့သူ့ကံ ထားပစ်ခဲ့ရမှာပဲ''

သာကင်းအထောက် တစ်ယောက် ရေးပုံကို ရှုဦး။

..."The thing I like about Bhikkhu U Thittila is that he is aggressive attempt to convert us to Buddhism, but prefers to let his philosophy speak itself"....

...."There would be an outcry if the Buddhist dared to flood us with missionaries"....

...."But we staill go on trying to convert the Heathens to Christianity which would must amuse Bhikkhu U Thittila at times"...

ဘိက္ခုဦးသေဋ္ဌိလနှင့်စပ်၍ ကျွန်ုပ်ကြိုက်တာကတော့ ဦးသေဋ္ဌိလဟာ ကျွန်ုပ်တို့ကို ဗုဒ္ဓဘာသာဝင်ဖြစ်အောင် အတင်းအကျပ် မကြိုးစားဘဲ သူ့တရားကပဲ ဘယ်၍ဘယ်မျှ မှန်မမှန် ကောင်းမကောင်း ပြောချင်တဲ့ အချက်ပဲ။

ဗုဒ္ဓဘာသာဝင်များက ကျွန်ုပ်တို့ကို ဓမ္မဒူတ လုပ်ငန်းရပ်တွေနဲ့ လွှမ်းမိုးမယ်ကြံရင်တော့ ဒါဟာ ကျွန်ုပ်တို့ကို စစ်ကြေညာခြင်းဖြစ်မှာ အမှန်ပဲ။

ဒါပေမယ့် ကျွန်ုပ်တို့ကတော့ မိစ္ဆာဒိဋ္ဌိတွေကို ခရစ်ယာန်ဖြစ်လာအောင် အဆက်မပြတ် အားထုတ်နေရမှာပဲ၊ ဒီလို အားထုတ်ခြင်းဟာ တစ်ခါတော့ ဦးသေဋ္ဌိလကို ရှင်မြူးစေပါလိမ့်မည်။

သို့ရာတွင် အကောင်းမြင် သတင်းစာများလည်း ရှိသေးသည်။ (Sydney Sun) သတင်းစာကြီးက ၂၁-၅-၅၆ ထုတ်တွင် ဘရစ်ဘိန်း, ကင်ဘာရာ, မဲလဘုန်းနှင့်ဆစ်ဒနီ၄မြို့မှ ဗုဒ္ဓတရားတော်ကိုလေ့လာသူ ၃၀၀ မှ ၅၀၀အထိရှိပုံ။နယူးဆောက်ဝေး ဗုဒ္ဓဘာသာ အသင်းကြီး၏ ဧည့်သည်တော်အဖြစ် ဘိက္ခု ဦးသေဋ္ဌိလ ရောက်ရှိလာပုံ၊ ဗုဒ္ဓပရိနိဗ္ဗာန်ဝင်စံတော်မူသည်မှ အနှစ်၂၅၀၀ပြည့်မြောက်သည့်နှစ် အထိမ်းအမှတ်ပွဲ ကျင်းပရန်ရောက်လာပုံ၊ ကမ္ဘာကြီး၏လောကအဖုံဖုံပြဿနာမျိုးစုံကို ဗုဒ္ဓဘာသာက ဖြေရှင်းပေးနိုင်, ငြိမ်းအေးစေနိုင်ပုံကို မျက်နှာမည်းစာလုံးကြီး များဖြင့် ရေးသား၍ ဖော်ပြသည်။

အရှင်သေဋ္ဌိလ၏ ဟောပြောချက် အကျဉ်းချုပ်ကိုလည်း သတင်းအဖြစ် ဤသို့ဖော်ပြထားလေ၏။ စိတ်ဆိုတာ သင့်ပြင် ဘာသာဘာဝ ကာ ခြားနားသော်လည်း သဘော လက္ခဏာအားဖြင့် အတူတူပင် ဖြစ်တယ်

(Atomic energy) အနုမြူအင်အားကြီးမားပုံ လူတွေပြောနေကြတယ်၊ ဒါထက် အင်အားကြီးမားတာ စိတ်ဖြစ်ကြောင်း လူတိုင်း မသိကြဘူး၊ အနုမြူဗုံးကြီးဟာ သူ့ဘာသာသူ ကျလာတာမဟုတ်၊ လူ့စိတ်က ယင်းအနုမြူဗုံးကို ထိန်းချုပ်ပြီး လိုရာကျအောင် လုပ်ပေးတာဖြစ်တယ်။

"ယခုအခါမှာ အနုမြူဗုံး တားဆီးရေး၊ လက်နက်ကိရိယာ တားဆီးရေးကို လူတော့ပြောနေကြတယ်၊ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်တွေက စိတ်ချုပ်တည်းရေး စိတ်ဓာတ်ပြင်ဆင်ရေးကို ပြောကြရတယ်၊ နိုင်ငံရေးသမားများ စိတ်ဓာတ်မှန်ကန်နေလျှင် ကျွန်ုပ်တို့စစ်ကို မကြောက်ကြရပါ၊ စစ်ပွဲတစ်ခုဟာ အခြားစစ်ပွဲတစ်ခုကို ဆောင်ကြဉ်းတတ်လို့ စစ်ဟာ အဖြေတစ်ခု ဘယ်တော့မှ မဖြစ်နိုင်၊ ကျွန်ုပ်တို့ဟာ ငြိမ်းချမ်းရေးကို ယုံကြည်ကြတယ်၊ စိတ်ငြိမ်းချမ်းရေးဟာ အရေးပါဆုံး ဖြစ်ပါတယ်" ဟုသို့ ဖော်ပြထားသည်။

၂၈-၅-၅၆ ထုတ် ကင်ဘာရာ တိုင်းသတင်းစာ ကြီးကလည်း ဘိက္ခုသင်္ဃသည် ၂၅၀၀ ပြည့်အထိမ်းအမှတ်ပွဲ ဝေသာခပွဲ ဆင်နွှဲရန် ကင်ဘာရာသို့ ရောက်သာကြောင်း မစ်စစ်စအယ်ဂျာရင်နှင့် တွဲဖက်၍ လန်ဒန် ဗုဒ္ဓဝိဟာရ တည်ထောင်ရေး ကော်မတီမှာ အကျိုးဆောင်သူ တစ်ယောက်ဖြစ်ကြောင်း၊ လက်ချာရာ တစ်ယောက်အဖြစ် အလွန်ပွဲတောင်းခံရသူဖြစ်ကြောင်း၊ ဂျပန်ပြည်၌ ဗုဒ္ဓဓမ္မအကြောင်း ဟောပြောပြီး သြစတြေးလျသို့ ရောက်လာကြောင်း အရေးတယူဖော်ပြသည်။

၆-၆-၅၆ ထုတ် သီအက်တလတ် (The Atlas) သတင်းစာကြီးကလည်း ဗုဒ္ဓဘာသာဆိုတာ အခြေခံအားဖြင့် စိတ်ကို ပွားထုံခြင်းနှင့် စိတ်၏အစွမ်းသတ္တိအပေါ် အခြေစိုက်ထားသော ဒဿန ပညာတစ်မျိုးဖြစ်ကြောင်း၊ ခန်းမကြီးတစ်ခုလုံးပြည့်လုနီးပါး တက်ရောက်နားထောင်ကြသော ပရိသတ်ကြီးသည် ထူးခြားစွာ ရှင်းလင်းပြတ်သားသော ဟောပြောချက်က ဆွဲဆောင်ထားသဖြင့် စူးစိုက်ငြိမ်သက်လျက်ရှိကြောင်း၊ တစ်ခါတစ်ရံ မမျှော်လင့်သော ဟာသကလေးများကြောင့် ရွှင်မြူးလျက်ရှိကြောင်း ဖော်ပြရေးသားထားလေသည်။

ဆရာတော် အရှင်မသင်္ဃလသည် သြစတြေးလျသို့ ၃ကြိမ်တိုင် တရားဟောကြွတော်မူသည်၊ ပထမအကြိမ် ၅၄ ခုနှစ်ဖြစ်ပြီး ဒုတိယအကြိမ်မှာ

၁၉၅၆ ခု၊ မေလ-၁၉ ရက်မှ ဇွန်လ ၁၄ ရက်အထိ ဖြစ်၍၊ တတိယ အကြိမ်မှာ ၁၉၆၂-ခု၊ ဒီဇင်ဘာလ ၂၉ ရက်မှ ၁၉၆၃ ခု၊ ဖေဖော်ဝါရီလ ၁၃ ရက်အထိ ဖြစ်သည်။

ဩစတြေးလျ ဗုဒ္ဓဘာသာအသင်း (The Buddhist Society of New South Wales) ကြီးကို ၁၉၅၂-ခုနှစ်၊ အောက်တိုဘာလ၌ တည်ထောင်သည်။ ဆရာတော် ၄ စဉ်က ဗုဒ္ဓဘာသာဝင်ပေါင်း ၁၂၅ မှ ၁၅၀ အထိ လောက်သာ ရှိဦးမည် ဖြစ်သည်။ ရာပေါင်း များစွာသော သူတို့သည် ဗုဒ္ဓဘာသာ၌ အလွန် စိတ်ဝင်စား နေကြလေသည်။

လက်ရှိအသင်းဥက္ကဋ္ဌဖြစ်သူ (Leo Berkeley) လီယိုဘားကလေသည် လန်ဒန်မှ လွန်ခဲ့သော ၇-နှစ်က ပြောင်းရွှေ့လာသူ ဖြစ်သည်။ လန်ဒန်၌ နေစဉ်က အရှင်သေဋ္ဌိလ၏ ဓမ္မဒေသနာ ဟောပြောပွဲများကို မလွတ်တမ်း တက်ရောက် နားကြားခဲ့သော ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်သည်။

သူ၏ ဗုဒ္ဓဘာသာအသင်းကြီးအတွက် စည်းရုံးလှုပ်ရှားအလုပ်များ နေသည်ကို ကြည့်၍ ပရိုဘက်စတင့်ဂိုဏ်းဝင် အစွဲကြီးသူ မရီးတော်သူက "ရှင်ဘာကြောင့် ဒီလောက် စိတ်မအားလူမအား အလုပ်များနေရတာလဲ၊ ကျွန်မကတော့ ဗုဒ္ဓဘာသာလုပ်ငန်းတွေကို (Black Magic) စုန်းကဝေ တစ္ဆေသရဲတွေ ပူကပ်စေပြီး လူတွေကို လှည့်စားလိမ်ညာတဲ့ အလုပ်ပဲလို့ ထင်တယ်" ဟူ၍ ပြောဖူးသည်။ အချို့ပုဂ္ဂိုလ်များကလည်း "ဗုဒ္ဓဘာသာဆိုတာ ကွန်မြူနစ်တွေနဲ့များ ဆက်စပ်နေဘာသလား" ဟု မေးမြန်းကြသည်။

မစ္စတာကလေသည် ထိုသူများအား ရယ်ကာ မောကာ အကျဉ်းချုပ်ပြီး ဤသို့ ဖြေဆိုခဲ့ရလေသည်။

"The dhamma exposes the truth of life and gives mankind a direct and immediate realization of supreme reality here and now. The way to realization is the noble eightfold path."

ဓမ္မဆိုတာ (သင်တို့ထင်သလို မဟုတ်ပါ) ဘဝရဲ့ အမှန်တရားကို ထုတ်ဖော်ပြတယ်၊ ယခု လောလောဆယ် ဒီဘဝမှာ ထိပ်ဆုံး အမှန်တရားကို တိုက်ရိုက် သိဖို့၊ နီးနီး ကပ်ကပ် သိဖို့ လူတို့အား ပေးဝေနေတဲ့ သဘောတရားပါပဲ၊ သိအောင် လုပ်တဲ့ နည်းလမ်းကတော့ အခြား မဟုတ်၊ အရိယာအဋ္ဌင်္ဂိကမဂ်ပါပဲ။

ဒီအရိယအဋ္ဌင်္ဂိကမဂ် (အင်္ဂါရှစ်ပါးရှိတဲ့ မြတ်သောလမ်းကြောင်း) ဆိုတာကို ထပ်ပြီး ရှင်းအောင် (Simplify) ဗုဒ္ဓက ၁/Doing of good ကောင်းတာလုပ်၊ ၂/Abstaining of evil မကောင်းတာကိုရှောင်၊ ၃/Purification of heart စိတ်နှလုံးကို ဖြူစင်အောင်လုပ်လို့ ဆိုပါတယ်'' ဟူ၍ ရှင်းလင်း ပြရလေသည်။

ထင်ဖန် ၁၉၅၃-လေးက်ကစ၍ ဆစ်ဒနီမြို့မှ မိုင်အနည်းငယ်ကွာ (Rose ville) ရိုဇ်ဗီလ်အရပ်ရှိ မစ္စတာဘာကာလေတို့ အိမ်တွင် ဗုဒ္ဓဘာသာ အသင်းတစ်ခု တည်ထောင်သည်။ တစ်ပတ်လျှင်တစ်ကြိမ်စည်းဝေးသည်။ မစ္စတာ ဂေါ်ဒွန်လစ်ရှမန်က အသံမီဘားပြု၍ ၃-လတစ်ကြိမ်ထုတ် (Buddhist News) ဗုဒ္ဓဓမ္မ သတင်း စာစောင်တစ်ခု ထုတ်ဝေသည်။ ခေါင်းဆောင်မှု ပေးရန်အလွန်လိုနေ၍ဗုဒ္ဓဘာသာကိုလူများအလွန်တောင်းဆိုနေကြသည်။

ဩစတြေးလျသို့ အရှင်သေဋ္ဌိလ ၇—ပတ်ကြာ (Lecture Tour) ကရားဟော ထွက်ရာတွင် ဘယ်သို့ ဗုဒ္ဓဓမ္မအတွက် အလုပ် လုပ်ပေးရပုံကို သိသာရုံမျှ ဖော်ပြဦးအံ့။ အရှင်သေဋ္ဌိလ တတိယအကြိမ် ကြွသောအခါ အသက်(၆ဂ)နှစ် ရှိတော်မူပြီ၊ ၁၉၆၂ ခု ဒီဇင်ဘာလ ၂၉—ရက်နေ့ ဆစ်ဒနီလေဆိပ်ရောက်သည်။ လေဆိပ်၌ ဘာကာလေတို့ ဇနီးမောင်နှံ၊ ဩစတြေလျတစ်နိုင်ငံလုံး ဗုဒ္ဓဘာသာအဖွဲ့ဥက္ကဋ္ဌ Buddhis Federation of Australia) မစ္စတာ C.F.နိုက်၊ နယူးဆောက်ဝေးမှ ဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌ (Mrs. Jackson) မစ်စစ်ဂျက်ဆင် အပါအဝင် ဗုဒ္ဓဘာသာဝင် မိတ်ဆွေများ လာရောက်ကြိုဆိုနေကြသည်။ ဆစ်ဒနီမြို့ မော်ဂန်လမ်း ဘဲလ်ရိုစ်ရှိ ဘာကာလေတို့အိမ်တွင် တည်းခိုစေ၍ ကောင်းမွန်စွာ ပြုစုကြသည်။

သတင်းစာများက....''The Buddhist groupsetting their palms together, bowing their heads in greeting met him at Sydney airport''

ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမများ လက်အုပ်ချီကာ ဦးညွှတ်ကာ ကြိုဆိုကြကြောင်း အသားပေး၍ ထည့်ပေးကြသည်။ အရှင်သေဋ္ဌိလ ဝတ်ရုံသော သင်္ကန်းရောင်ကိုပင်....

"သစ်သီးတစ်လုံးသည် ရင့်မှည့်လာသောအခါ အစိမ်းရောင်မှ ပြောင်း၍ အဝါလိမ္မော်ရောင်ရှိလာသလို လူတစ်ယောက်သည် ဉာဏ်ပညာကြီးမား၍ ရင့်ကျက်လာသောအခါ သူ၏အဝတ်အစားသည် ရင့်ကျက်မှုနှင့်လိုက်ဖက်အောင် ရင့်ကျက်သောအရောင်ရှိမှ လျော်ကန်ပေသည်" ဟူ၍ ချီးကျူးရေးသားကြသည်။

ဗိုလ်ဇင်ဘာလ ၃၀-ဇန်နဝါရီလ ၁၃

ဆစ်ဒနီမြို့ ၁၂-မိုင်ခန့် ကွာဝေးသော တောင်ကုန်းများအကြားတွင်-၆ ကေခွဲ ကျယ်ဝန်းသည့် ဥယျာဉ်၌ ကမ္မဋ္ဌာန်း၊ ဌာနယာစ်ခု ဖွင့်ပေးရသည်။ ဥယျာဉ်ပိုင်ရှင်မှာ (L. Berkelay) ဇနီးမောင်နှံဖြစ်သည်။ နယူးဆောက်ဝေး ဗုဒ္ဓဘာသာအသင်း တည်ထောင်သူဖြစ်သည်။ ၎င်းတို့ပင့်ဆောင်မှုကြောင့် အရှင်ဇေဋ္ဌိလ ညီစာတြားလျှော့သို့ ကြွလာခြင်း ဖြစ်သည်။

ယင်းနေ့ညနေ ၃-နာရီမှ စ၍ ကမ္မဋ္ဌာန်းဌာန ဖွင့်ပွဲကျင်းပသည်၊ အစအဆုံး မေတ္တာပို့ဝခြင်းဖြင့် မေတ္တာဘာဝနာ ပွားစေသည် (Grand High Way to the Supreme Bliss of Nibbana) နိဗ္ဗာန်ရောက်ကြောင်းတရား သီလ, သမာဓိ, ပညာ ၃-မျိုးကို ရှင်းပြသည်၊ သမာဓိကို အထူးဂရုစိုက်၍ ရှင်းပြသည်၊ သမာဓိ မရသေး မရှိသေးလျှင် ပညာစခန်း မပေးနိုင်ကြောင်း ပြောရသည်၊ နေ့စဉ် ကမ္မဋ္ဌာန်းသင်တန်းကို ၇-၇/၄၅ အထိ နံနက်တိုင်း ပေးသည်၊ ကျောင်းလိုက် ကမ္မဋ္ဌာန်းထိုင်ကြသည်။ ညနေ-၃-နာရီမှ ၄-နာရီအတွင်း ကမ္မဋ္ဌာန်းတိုင်ရန် အချိန်သတ်မှတ်ပေးထားသည်၊ ၄-နာရီမှ ၉-နာရီအထိ တစ်ဦးစီ ကမ္မဋ္ဌာန်းစစ်မေးသည်။

ကမ္မဋ္ဌာန်းသင်တန်းပေးသောအခါ ရတနာသုံးပါး၊ ၅-ပါးသီလ၊ ဗြဟ္မဝိဟာရတရား ၄-ပါး (The Four Sublime States) တို့ကို ရှင်းလင်းသင်ပြသည်၊ သမာဓိကို လေ့ကျင့်ထူထောင်ပေးပုံ၊ ကမ္မဋ္ဌာန်းသည် သမာဓိကို လေ့ကျင့်ထူထောင်ရန်၌ အရေးပါလှပုံ စိတ်၏ သဘောတရားလက္ခဏာ စသည့်ဝိတ္တဘာဝနာ လုပ်နည်းများ၊ အကျင့်အလေ့ဆိုးများကိုဖျောက်၊ အကျင့်ကောင်း အလေ့ကောင်းများ မွေးမြူယူပုံ၊ ကံ၏ အကြောင်းနှင့် ကြောင်းကျိုးဆက်စပ်ပုံဥပဒေ၊ ပဋိစ္စသမုပ္ပါဒ်၊ ဘဝသစ်ဖြစ်လာပုံ၊ အတ္တနှင့် အနတ္တအကြောင်း၊ အတ္တမရှိလျှင် ဘဝသစ်သို့ ဘယ်ဟာ
119 ပြောင်းရွှေ့လိုက်ပါလာသလဲ၊ အတိတ်ဘဝမှတ်မိခြင်း၊ ဘဝ၏ မူလ၊ သုခ

သောမနဿနှင့် ဒုက္ခ ဒေါမနဿ၊ သုခကို ရအောင်ယူနည်း၊ နိဗ္ဗာန်၏ အဓိပ္ပာယ်၊ နိဗ္ဗာန်ရခြင်းအကြောင်းတရား၊ ဝိသုဒ္ဓိ ၇-ပါး၊ ဉာဏ်စဉ် ၇-ပါး တို့ကို အနည်းငယ်စီ ဖြည်းဖြည်း ရှင်းလင်း ပေးရသည်။

ဇန်နဝါရီလ ၁၄—၂၃

ဆစ်ဒနီမြို့ (Odd Fellow's Hall) အောဖဲလိုးခန်းမ၌ နယူး ဆောက်ဝေးလ် ဗုဒ္ဓဘာသာအသင်း၏ ဦးဆောင်မှုဖြင့် (Public Lecture) အများစုတရားပွဲ ဖွင့်ပေးရသည်။ သုခ ပျော်ရွှင်ချမ်းမြေ့မှု အကြောင်း ဟောပြောသော နေ့တွင် ပရိသတ်အလွန်များ၍ ခန်းမကြီးတစ်ခုလုံး ပြည့် သွားလေသည်။ ဟောပြောပွဲအပြီး မေးခွန်းများမေးကြ၍ အဖြေပေးသော အခါ အလွန် ကျေနပ်ကြသည်။ ၂၄—၂၅ ဇန်နဝါရီတွင်လည်း (The Cause of Happiness) သုခ၏ အကြောင်းကို ထပ်၍ ရှင်းလင်း ဟော ပြောရပြန်ရာ ဟောပြောနေစဉ်နှင့် မေးခွန်းအဖြေများကို ကြားနာရသော အခါ အလွန် စိတ်ဝင်စားကြသည်ကို တွေ့ရသည်။

ဇန်နဝါရီ ၂၆

မဲလဘုန်းမြို့ ဗုဒ္ဓဘာသာ အသင်း ဥက္ကဋ္ဌ ဒေးဗစ်ကေး ဆိုသူ ပင့် သောကြောင့် နံနက် ၇-နာရီမှစ၍ ထွက်ခဲ့သည်။ ဆစ်ဒနီမြို့မှ မိုင် ၄၀၀—ခန့် ဝေးသော ကင်ဘာရာမြို့တော်သို့ မစ္စတာကေးသည် သူ့ ကားနှင့် ပင့်ခေါ်သွားသည်။ အစည်းအဝေး ကျင်းပသောအခါ ကွင်းစ် လမ်း အမှတ်-၃၂ မှာ တည်းခိုသည်။ နောက် မြန်မာသံအမတ် ဦးအောင်ရွှေ အိမ်၌ တစ်ညမျှ တည်းခိုသည်။

ကင်ဘာရာ၌ နေသည့် ရက်အတွင်း အများစု တရားပွဲ (Public Lecture) ၅ ကြိမ် ဟောပြောရသည်။ (Nurses' Memorial Centre) သူနာပြုအထိမ်းအမှတ် ဌာန၌ ၃-ကြိမ် ဟောပြောရသည်။

ဇန်နဝါရီလ ၂၉-ညနေ ၈-နာရီ ကံအကြောင်း

〃 ၃၀—ညနေ ၃-နာရီ မေတ္တာအကြောင်း

〃 ၃၁-ညနေ ၈-နာရီ ဗုဒ္ဓဘာသာဝင်တို့ လက်တွေ့ ကျင့်စဉ်

ဖေဖော်ဝါရီ ၁-ညနေ ၈နာရီ ပျော်ရွှင် ချမ်းမြေ့မှုအကြောင်း

〃 ၂—ရက် မြန်မာ-ကိုလံဘို အထောက်အပံ့ခံ ကျောင်းသား များ မိတ်ဆွေများ အသင်းတိုက်၌ ဆွမ်းစား၊ ယင်း၌

အကြောင်းနှင့်အကျိုး Actionနှင့် Reaction အကြောင်းကို ဟောပြောသည်။

ဖေဖော်ဝါရီလ ၃-ရက် အမ်အာဘေအော ဟက်ကွာတာ၌ ဆွမ်းစား၊ ယင်း၌ အဆင့်နိမ့် အညံ့စားစိတ်နေသဘော ထားများကို အဆင့်မြင့်အမြတ်စားစိတ်နေ သဘောထား အဖြစ် ရောက်အောင် ပြုပြင် ပြောင်းလဲပုံ နည်းဟောပြောသည်။

ဖေဖော်ဝါရီလ ၄-ရက် မဲလဘုန်းလေဆိပ်သို့ မစ္စတာကေးကားနှင့် လိုက်ပို့သည်။ ယင်းမှဘရစ်ဘိန်း(Bris-bane)မြို့သို့ နံနက် ၈-နာရီခန့်တွင် မိတ်ဆွေဟောင်း မစ္စစ်ဂျေဘီအက်-တို့၏ဘိုရှယ် စင်တာကို ကြည့်ရန်သွားသည်။ ၃-ရက် ကြာသည်။ စကားပြောရသည်။ လူမှုရေး ပြဿနာများနှင့် စပ်၍ အကြံပေးခြင်း၊ အဖြေပေးခြင်းများ ပြုရသည်။ ၇-ရက်နေ့ ဆစ်ဒနီပြန်ပို့ပေးသည်။

ဖေဖော်ဝါရီလ ၈-ရက် သီယိုဆိုဖီကယ် ကွန်မြူနီတီဌာနမှူးက ပင့် ဖိတ်သဖြင့် ၃-ရက်တိုင်တိုင် သွားရောက် နေထိုင်ကာ မှန်သောအမြင်၊ ချစ်ခြင်း မေတ္တာ၊ နည်းမှန်ကမ္မဋ္ဌာန်း ပွားများနည်း ၃-မျိုးကို အချိန်ခွဲ၍ ဟောပြောခဲ့သည်။

ဖေဖော်ဝါရီလ ၁၂-ရက် ည ၈-နာရီအချိန်၌ ကမ္မဋ္ဌာန်း သင်တန်း သား ဒကာ-ဒကာမများ မိတ်ဆွေများ နှုတ်ဆက်ပွဲ (Bon Voyage) လုပ်ကြ သည်။

ဖေဖော်ဝါရီလ ၁၃-ရက် နံနက် ၁၁-နာရီ၌ ရန်ကုန်သို့ပြန်ကြသည်။ ဤကား ၇-ပတ်တိုင် ဩစတြေးလျသို့ အရှင်သေဋ္ဌိလ သာသနာပြု ကြွရောက်မှုပုံ ဖြစ်သည်။

ပထမဆုံးအကြိမ် ကြွရောက်စဉ် ၁၉၅၄-ခု၊ ဧပြီလ ၂၁-ရက်နေ့တွင် သြစတြေးလျနှင့် နယူးဇီလန်တွင် အကြီးဆုံး ယူနီဗာစီတီဖြစ်သော (Sydney University)၌ ဂျူးကျောင်းသားများ ပင့်ဖိတ်၍ ဟောပြောရာ ပထမဘုဉ်လုပ်ထားသော ခန်းမသည် ပရိသတ်မဆံ့၊ ကျဉ်းမြောင်းနေသဖြင့် နောက်ခန်းမကျယ်ကြီးတစ်ခုသို့ ရွှေ့ပြောင်း ဟောရသည်။ ကျောင်းသား ၃၀၀-ကျော် တက်ရောက်သည်။ ဟောပြောပွဲကို အလွန်စိတ်ဝင်စားကြသည်။

နောက်ထပ် လေယာဉ်သက်မှတ်ပို့၍(Lecture Tour)ပင့်သော်လည်း အကြောင်းကြောင်းတို့ကြောင့် မကြွရောက်ဖြစ်တော့ပေ။ နောက် ၃-ကြိမ်လောက် ဆက်တိုက်ဟောခွင့်ရပါလျှင် ဗုဒ္ဓဘာသာဝင်ဦးရေ အဆမတန် များပြားလာမည်မှာ ကေန်ဖြစ်သေသည်။

ဆရာတော် အရှင်ဇေဋ္ဌိလသည် အမေရိကသို့ ၆-လကြာ Visiting Lecturer ခရီးသည် ဓမ္မကထိကအနေဖြင့် ပြည်နယ်ပေါင်း ၃၀-ခန့်၊ ကောလိပ်နှင့် ယူနီဗာစီတီပေါင်း ၅၀-ကျော်၌ ဗုဒ္ဓဓမ္မများကို သူတို့နားလည်အောင် ခေတ်နှင့်လျော်သော အသုံးအနှုန်း၊ အချိန်အခါနှင့်ကိုက်ညီနေသော အချက်အလက်များဖြင့် တန်ဆာဆင်ကာ ဟောပြောသွားပုံများကို သတင်းစာဆရာများ ရေးသော သတင်းအတိုအထွာကလေးများဖြင့် တင်ပြပါမည်။

မြန်မာနိုင်ငံမှ ဦးနုက ၁၉၅၆-ခုနှစ်တွင် ချစ်ကြည်ရေး အလည်အပတ်သွားရင်း ဗုဒ္ဓတရားတော်များကို ဟောပြောခဲ့ပြီးနောက် ဒေါ်မြစိန်က ၁၉၅၇-ခုနှစ် သမိုင်းပညာရှင်အဖြစ်ဖြင့် လည်းကောင်း၊ သံအမတ်ကြီး ဦးဝင်းက ၁၉၅၈ ခုနှစ် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖြစ်ဖြင့် လည်းကောင်း အမေရိကသို့ ကြွရောက် ဟောပြောဖူးကြ၍ အမေရိကန်လူမျိုးများသည် မြန်မာနိုင်ငံနှင့် ဗုဒ္ဓဘာသာကိုတွဲ၍ သိနေကြ၏။ ယခုအခါ ၁၉၅၉ ခုနှစ်တွင် Asian Studies Institute မှ အာရှဆိုင်ရာ လေ့လာရေးအသင်းကြီးက တာဝန်ယူကာ ပင့်ဖိတ်သဖြင့် ဆရာတော်အရှင်ဇေဋ္ဌိလသည် ဒေါက်တာလင်အောင်၊ ဒေါ်မြစိန်တို့နှင့် အတူ အမေရိကသို့ ကြွရောက်လာခြင်းဖြစ်သည်။

သတင်းစာကြီး တစ်စောင်က—

"The Lecture Programme was started in honour of U Nu 3 years ago. This the concluding year" ဓမ္မဒေသနာ ဟောပြောချက်များကို လွန်ခဲ့သောသုံးနှစ်က ဦးနုလာသည်ကို ဂုဏ်ပြုသောအားဖြင့် စီမံကြောင်း ဖော်ပြသည်။

လူများနှင့် လက်ဆွဲနှုတ်မဆက်ခြင်းကို အာရှရေးရာ လေ့လာရေး အင်စတီကျူချယ်ယာမင်ဒဗလျူဟော်ဝါစ် မြပုံမှာ Because he (The Sayadaw) observes the rules of a Buddhist Monk insofar as possible...ဗုဒ္ဓဘာသာ ရဟန်းတော်တစ်ပါး၏ ဝိနည်း ကျင့်ဝတ်စည်းကမ်းများကို လိုက်နာသောအားဖြင့် လက်ဆွဲနှုတ်ဆက်ခြင်း မပြု—ဟု ပြောသည်။

အမှန်စင်စစ် အရှင်သေဋ္ဌိလ လက်ဆွဲနှုတ်မဆက်ဘဲနေမည်မဟုတ်၊ အခါအခွင့်ကြည့်၍ လက်ဆွဲနှုတ်ဆက်ခဲ့သည်။ အရှင်သေဋ္ဌိလ၏ ဆရာဖြစ်သူ နာမည်ကျော် ရှင်အာဒိစ္စဝံသသည် ဘိလတ်၌ ပညာသင်နေစဉ် ဤကိစ္စနှင့်ပတ်သက်၍ အခက်အခဲ ကြုံခဲ့ဖူးသည်။ ပရော်ဖက်ဆာကြီး တစ်ဦး က အိမ်သို့ကြွရောက် လည်ပတ်ပါရန် လိပ်စာပေးကာ ပင့်၍ တစ်နေ့သော အခါ ရှင်အာဒိစ္စဝံသ ထိုလိပ်စာအတိုင်း ကြွရောက်ရာ အဆောင်သင့်ပင် ထို ပရော်ဖက်ဆာကြီးနှင့်တွေ့၍ လက်ဆွဲနှုတ်ဆက် နေရာထိုင်ခင်းများပေးပြီး အိမ်တွင်းရှိ အိမ်ရှင်မထံသို့ ညွှန်သည်ထူးတစ်ဦးကို လာရောက်နှုတ်ဆက်ပါရန် လှမ်းခေါ်လိုက်သည်။ အိမ်ရှင်မကြီးသည် ထွက်လာ၍ နှုတ်ဆက်ရန် လက် ကမ်းပေးသည်။ သို့သော် ရှင်အာဒိစ္စဝံသသည် ကမ်းလင့်သော လက်ကိုမသိ ယောင်ပြုကာ ရှောင်လိုက်သည်။ အိမ်ရှင်မကြီးသည် ချာနေ၊ ရည်ရွက် သွားကာ စိတ်အလွန်ကောက်၍နေသည်။ ကောင်းပြုင်ခဲ့ပါနော် ရှောင်ဂျ ဆာကြီး အခါခါပြောသော်လည်း အတွင်းမှ ပေါ်မလာ။ နောက်ဆုံး အဆုံး အိမ်တွင်းဝင်၍ ကြောင်းကျိုးမေးမြန်းသောအခါ နှုတ်ခမ်းဆူ၍ ရှိနေသေးသော အိမ်ရှင်မက ...

"ဒီလောက်ရိုင်းတဲ့လူများ အိမ်ခေါ်လာရသေးတယ်၊ ဘယ်တော့မှ ဒီလိုလူရိုင်းမျိုးနဲ့ မတွေ့ပါရစေနဲ့" ဟု ဆိုကာ လက်ကမ်းပေးသည်ကို လက်မှ နှုတ်ဆက်ခြင်းမပြုကြောင်း ဖွင့်ဟပြောလေသည်။

ပဒေ၇ှင်ဖက်ဆာကြီးသည် မျက်စိမျက်နှာမကောင်းဖြစ်ကာ အိမ်ရှေ့ထွက်လာ၍ ရှင်အာဒိစ္စဝံသကို မေးသည်။

"ကျွန်ုပ်တို့ အရှေ့တိုင်းမှာ ယောကျ်ားနှင့် မိန်းမ ထိတွေ့ခြင်းကို အပြစ်မြင်ကြတဲ့ ဓလေ့ထုံးစံရှိပါတယ်၊ ဒါကြောင့် ကျွန်ုပ်တို့ ဗုဒ္ဓကလေ့ တပည့်များအား မိန်းမနှင့် ထိတွေ့ကိုင်တွယ်သုံးသပ်ခြင်းကို တားမြစ်ထားပါတယ်၊ အိမ်ရှင်မကြီးစိတ်ထိခိုက်သွားပါလျှင် တောင်းပန်ပါတယ်" ဟု အကျအလည်ရှင်းပြမှ စိတ်ကျေနပ်သွားကြသည်။

အဆိုပါအာရှဆိုင်ရာ လေ့လာရေး (The Asian Studies Institute)အင်စတီကျူ၌ ဟောပြောရမည့် ဘာသာရပ်များတွင်....

၁။ အာရှတိုက် ပဓာနယဉ်ကျေးမှုများ နောက်ခံ သမိုင်းကြောင်းများ၊

၂။ မနုဿဗေဒဆိုင်ရာ အချက်အလက်များ၊

၃။ အနုပညာ, စာပေ, ပန်းချီ, ပန်းပု စသည်များ၊

၄။ သမိုင်းကြောင်း၊

၅။ ပထဝီဝင်၊

၆။ ခေတ်ပေါ် ဘာသာစကားများ၊

၇။ အတွေးအခေါ်များ (လောကအမြင်များ) ပါဝင်ရာ ဆရာတော် အရှင်အာဒိစ္စဝံသအနေဖြင့် ၇–နံပါတ်တရ ဗုဒ္ဓဓမ္မကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဟောပြောရခြင်း ဖြစ်သည်။

"For a thousand year or more the Burmese have been buddhists. They are Buddhist to-day. Buddhism has largely created their character and given them their chance. It is now the largest independent Buddhist nation".

နှစ်ပေါင်းတစ်ထောင်ကျော်ကပင်မြန်မာလူမျိုးတို့သည်ဗုဒ္ဓဘာသာဝင်များ ဖြစ်ခဲ့ကြ၍ ယခုလည်း ဗုဒ္ဓဘာသာဝင်များပင် ဖြစ်ကြ၏။ဗုဒ္ဓဘာသာသည် မြန်မာလူမျိုးတို့၏ အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ လိမ္မာရေး၊

ယဉ်ကျေးသိမ်မွေ့ရေး၏ အခြေခံဖြစ်၏။ မြန်မာပြည်သည် ယခုအခါ ကမ္ဘာပေါ်တွင် လွတ်လပ်သည့် အကြီးဆုံးသော ဗုဒ္ဓဘာသာ နိုင်ငံဖြစ်လေသည်။

ယင်းနောက်ထိုစာအုပ်၌ဗုဒ္ဓဘုရားတော်သည်ကြောင်းကျိုးဆင်ခြင်တုံပညာကို အခြေခံ၍ အမှန်၄ချက် သစ္စာ၄ပါးကို ပြပုံကို ရေးသားသွား၏။ ယင်းသစ္စာ ၄ ပါးတရားကို ရှင်းလင်းရာတွင် ကိုယ်ချမ်းသာအောင် ကိုယ်လုပ်နိုင်၍၊ကိုယ်ဆင်းရဲအောင် ကိုယ်ပင်ဖန်တီးနိုင်ကြောင်းဗုဒ္ဓကသင်ပြသည်၊ သို့ဖြစ်၍ဗုဒ္ဓဝါဒသည် သိပ္ပံပညာနှင့် မဆန့်ကျင်ကြောင်းထုတ်ဖော်ရှင်းလင်းသွားခဲ့သည်၊ ထို့ကြောင့်ပင် ယင်းခေါင်းစဉ်ဖြင့် သတင်းစာကဖော်ထုတ်ကြေငြာပေးသောအခါ အရှင်သေဋ္ဌိလတရားပွဲ၌ နေ့စဉ် ခြားတိုး၍ တိုး၍ လူစည်ကားလာသေသည်။

ဆရာတော်သည် The Thiel College သီယယ်ကောလိပ်Roth Hall ရော့သခန်းမ၌လည်းကောင်း၊ Living Stone Hall လစ်ဗင်စတုန်းခန်းမ၌ လည်းကောင်း၊ "The Meaning of Buddhism" ဗုဒ္ဓဓမ္မ၏ အဓိပ္ပာယ်ကို ဟောပြောသည်။

The Fairley Dickinson University ဖယ်ယာလေဒစ်ကာ ဆန်ယူနီဗာစီတီ၌ ဗုဒ္ဓဝါဒအကြောင်းကို ဟောပြောရာ၌ အများထင်မြင်ယူဆထားသလို ကိုးကွယ်ဝတ်ပြုခြင်း၊ ယင်အခေါ်အသုံး ဓိရင်ကျင်းပခြင်းနှင့် မစပ်ဆိုဘဲ ဗုဒ္ဓဘာသာဟူသည်မှာလက်တွေ့ကျင့်သုံးနေထိုင်ပုံ နည်းလမ်းတစ်ခုမျှသာဖြစ်ကြောင်း၊အကောင်းမြင်ချည်းလည်း မဟုတ်၊ အဆိုးမြင်ချည်းလည်း မဟုတ်သော ကြားပြတ် အလယ်အလတ် လမ်းစဉ်သည် ဗုဒ္ဓဘာသာလမ်းစဉ်ဖြစ်ကြောင်း ပြောဟောပြီးနောက်ဆက်လက်၍-

"Buddhism teaches that a man is a child of his own past and the parent of his future. It removes the fear of death and much of the sorrow associated with sorrow by viewing both birth and death as alternating incidents in the endless cycle of this universe."

ဗုဒ္ဓဝါဒ လူတစ်ယောက်သည် မိမိအတိတ်ပိုင်း၏ သားသမီးဖြစ်၍ အနာဂတ်ပိုင်း၏ မိဘများဖြစ်ကြောင်း သင်ပြသည်။ မွေးခြင်းနှင့် သေ

ခြင်းကို အဆုံးမသတ် သံသရာစက်ဝိုင်းကြီး၌ တစ်လှည့်စီဖြစ်နေတတ်သော အဖြစ်အပျက်အဖြစ် မြင်စေကာ ဤဘဝ၌ သေခြင်းနှင့် ပတ်သက်သော ကြောက်လန့်ပူဆွေးမှုများကို ပယ်ရှား ဖျောက်ဖျက်ပေးသည်။

"Buddhism arouses self-reliance, teaches **peace** unity, considering **mankind** as one family. It proves life worthliving if one knows **and** practises the virtues, justice, compassion and sympathetic understanding."

"ဗုဒ္ဓဘာသာတော်က မိမိကိုယ်ကို မိမိအားကိုးခြင်းကို လှုံ့ဆော်ပေး၍ လူ့တန်းစားကြီးတစ်ရပ်လုံးကို မိသားစုသဖွယ် သဘောထားကာ ငြိမ်းချမ်းခြင်းနှင့် စည်းလုံးခြင်းကို သင်ပြသည်။ လူသည် သီလကျင့်ဝတ်များ၊ ဖြောင့်မတ်တည်ကြည်ခြင်း၊ ချစ်ခြင်းမေတ္တာနှင့်သနားကြင်နာခြင်း၊ စာနာစိတ်ဖြင့် နားလည်မှုတို့ကို နားလည်၍ လေ့ကျင့်လိုက်နာလျှင် ဘဝသည် နေပျော်ဖွယ်ဖြစ်ကြောင်း ဗုဒ္ဓဝါဒက သက်သေထူသည်။"

ဤသို့ ဗုဒ္ဓဓမ္မ အခြေခံသဘောများကိုပြ၍ နိဂုံးချုပ်သော အခါ ဗုဒ္ဓဘာသာသည် အမှန်တရား၊ တစ်နည်းအားဖြင့် လူ၏စိတ်နှလုံး၌တည်ရှိသော ဥပဒေသဖြစ်သည်။ ဖြူစင်သန့်ရှင်း အပြစ်ကင်းသောဘဝ၌ နေရခြင်းသည် [illegible] ဗြဟ္မာစသည်တို့ ကျေနပ်စေရန်မဟုတ်ဘဲ မိမိအပေါ် မိမိ ဖုန့်ကန့်စေရန် ညွှန်ပြသော ဥပဒေသဖြစ်သည်ဟူ၍ နိဂုံးချုပ်သည်။ ဤကား သတင်းစာများ၌ အကျဉ်း ရေးသားချက်များ ဖြစ်သည်။ Student Faculty Covocation Hall ( ကျောင်းသားများ မဟာဌာန ဆွေးနွေးသဘင်ခန်းမ)၌ ဟောပြောစဉ်က ကျောင်းသားများနှင့် ပရိသတ် စိတ်ဝင်စားသော အချက်များအနက် ဤအချက်ကို သတင်းစာများက အောက်ပါအတိုင်း ဖော်ပြသည်။

"Buddha is **reversed** not as **savior** but as a teacher, who shows the ways and the Buddhists pay homage to jesus aud to other **religious** teachers in **the similar way.**"

"ဗုဒ္ဓကို ကယ်တင်ရှင်အဖြစ် ပြောဆိုကြလျှင်မမှန်၊ နည်းလမ်းပြညွှန်သော ဆရာအဖြစ် ပြောဆိုကြမှ မှန်မည်။ ဗုဒ္ဓဘာသာဝင်များက ဂျီးဇက်စခရိုက်နှင့် အခြား ဘာသာရေး ခေါင်းဆောင်များကို အလားတူ ဆရာသခင်ဟူသော အသိဖြင့် အရိုအသေ ပေးကြခြင်း ဖြစ်သည်"

"The central thought in Buddhist teaching is that idealism is not enongh. It must be implemented in the performance of daily duties with kindness, sympathy and truthfulness."

"ဗုဒ္ဓဝါဒ၌ အနှစ်သာရ ဝတ်ဆံဖြစ်သော သဘောတရား အသိသက်သက် (ဝိညာဏဝါဒ) မျှဖြင့် လုံလောက်သည် မဟုတ်၊ ယင်းအနှစ်သာရကို မေတ္တာ, ကရုဏာ, မှန်ကန်ဖြောင့်မတ်ခြင်းများကို အခြေခံ၍ နေ့စဉ်ဝတ္တရားများကို ပြုလုပ်သောအားဖြင့် လက်တွေ့ပြုလုပ်ကျင့်ဆောင်ရမည်"

## Colorado ကော်လိုရာဒို တက္ကသိုလ်၌ ဟောပြောချက်

ဆရာတော်သည် ချစ်ခြင်းမေတ္တာ, အတွင်းနှလုံးသားမှ ငြိမ်းချမ်းမှု, အတွင်းသားမှ သည်းခံမှု စသည်များကို အလွန်ရှင်းလင်း ရိုးသားသော စကားလုံးဖြင့် ဟောပြောသွားသည်။

ကမ္ဘာ့လက်နက်နိုင်ငံကြီးများ ငြိမ်းချမ်းရေးရလိုလျှင် တစ်ဦးချင်း အနေဖြင့် လူအသီးသီးက အားထုတ်ကြရမည်။ မိမိ၏ ချစ်ကြည်ငြိမ်းချမ်းမှုနှင့် ပုံမှန်သဘောတရားများကိုတားဆီးပိတ်ပင်တတ်သောအချက်အလက်တို့ကို လူတိုင်း ပယ်ရှား တွန်းထုတ်ပစ်ရမည်၊ ဤသို့ လုပ်လျှင် ရေကန်ထဲက လှိုင်းလုံးကလေးများပမာ ပြင်ဘက်ကမ္ဘာသို့တိုင် ငြိမ်းချမ်းမှုပျံ့နှံ့ရိုက်ခတ်သွားပေလိမ့်မည်။

"In the world, there is plenty of money, material, intelligence. Our intelligence has created many things including The League of Nations and The United Nations. But something must be lacking or we would be able to creat peace."

ကမ္ဘာကြီး၌ ငွေကြေး, ပစ္စည်းဝတ္ထု, အသိပညာကြွယ်ဝလှပါ၏၊ ကျွန်ုပ်တို့အသိပညာက များစွာသောအရာဝတ္ထုတွေကို ဖန်တီး၍ ပေး နေသည်။နိုင်ငံပေါင်းချုပ်အသင်းကြီးနှင့် ကမ္ဘာ့ကုလသမဂ္ဂကိုလည်းကျွန်ုပ်တို့ အသိပညာက ထုတ်လုပ်ဖန်တီးလိုက်ခြင်း ဖြစ်သည်။သို့သော် ချွတ်ယွင်းလစ်ဟင်းနေချက် တစ်ခုခုတော့ ရှိတန်ရာ၏။ သို့မဟုတ်လျှင် ကျွန်ုပ်တို့သည် ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ကြပေလိမ့်မည်။

"The lack is love and understagding. This love is not emotion or feeling, but a pure desire for the well-being and welfare of all men."

ထိုဟာကွက်သည် မေတ္တာ နှင့် အချင်းချင်း နားလည်မှု ဟာကွက် ဖြစ်သည်။ ဤမေတ္တာဟူသည်လည်း ရုတ်တရက် ပေါ်ထွက်လာသော အချစ်၊ သို့မဟုတ် ခံစားမှုမဟုတ်မူ၍ လူသတ္တဝါအားလုံးတို့ ကြီးပွားချမ်းသာဖို့ သန့်စင်သောမေတ္တာသာ ဖြစ်သည်။

"It is this love that is lacking and which has been placed by money, material and intelligence. This lack of love dethroned The League of Nations and will wreak The United Nations."

လိုနေ ဟာနေသောအရာကား မေတ္တာဖြစ်သည်။ ထိုဟာကွက်ကို ငွေကြေး,ပစ္စည်းဝတ္ထု, အသိပညာဖြင့် အစားထိုးနေကြသည်။ဤမေတ္တာကင်းမဲ့မှုသည် နိုင်ငံပေါင်းချုပ် အသင်းကြီးကို ရုပ်သိမ်းစေခဲ့၍ ယခု ကမ္ဘာ့ကုလသမဂ္ဂကိုလည်း ဖယ်ရှားပစ်ပေလိမ့်ဦးမည်။

ဤနေရာ၌ သင်္ကန်းစာဆရာ၏ မှတ်ချက်ကလေးကို ဖော်ပြရပေဦးမည်။

"The Sage's softly spoken words came brieftly and pointedly to the Audience then."

သိမ်မွေ့စွာ ပြောလိုက်သော ဆရာတော်၏ စကားလုံးများသည် ထိုအခါက ပရိသတ်အများထံ တိုတိုကျဉ်းကျဉ်းနှင့် ထိထိခိုက်ခိုက် ရောက်လာခဲ့ပေသည်။

## မိချဲဂန် စတိတ်ယူနီဗာစီတီ၌ ဟောပြောချက်

The practice and meaning of Buddhism (ဗုဒ္ဓဝါဒ လက်တွေ့လိုက်နာခြင်းနှင့် ဗုဒ္ဓဝါဒအဓိပ္ပာယ်)

ဤခေါင်းစဉ်ဖြင့်အရှင်သေဋ္ဌိလဟောပြောချက်များမှာ ဆရာတော်က ဗုဒ္ဓဘာသာ၌ စိတ်ဝင်စားကြသူများ ယူအက်စ်မှာ အတော်များများ ရှိသည်ကို သူ တွေ့ရကြောင်း၊ ဤသို့ စိတ်ဝင်စားကြခြင်းမှာလည်း ဗုဒ္ဓစာပေကို အင်္ဂလိပ်ဘာသာဖြင့် အများဆုံးပြန်ဆိုသွားသော ပါဠိအသင်းကြီး၏ လုပ်ဆောင်မှုများကြောင့် ဖြစ်သည်ဟု သူ ထင်မြင်ကြောင်း ပြောပြသွားသည်။

ဗုဒ္ဓဘာသာကို စိတ်ဝင်စားမှုအများဆုံးမှာ ဝါရှင်တန်မြို့တော်ကို ဗဟိုပြု၍တည်ရှိကြောင်း၊ ယင်းဝါရှင်တန်မြို့တော်မှာ ဗုဒ္ဓဘာသာအသင်းကြီးတစ်ခု တည်ထောင် ပြီးစီးသွားကြောင်း၊ ၎င်းနောက် နယူးရောက်မြို့တော်သည်လည်း ဗုဒ္ဓဓမ္မပညာရေးဌာန၏ တည်ရာတစ်ခုဖြစ်ကြောင်း၊ ဆန်ဖရန် စစ်စကိုမြို့၌ကား ဇင်ဗုဒ္ဓဘာသာအပေါ် စိတ်ဝင်စားမှုများသည်ကို တွေ့ရကြောင်း၊ ယခုအခါ အသက် ၇၇ နှစ်ရှိပြီဖြစ်၍ အမေရိကန်သူဇနီးနှင့် အခြေတကျ နေထိုင်လျက်ရှိသူ ဒိုင်ဆက်ဆူဇူကီ မည်သော ဂျပန် ဒဿနဗေဒ ပညာရှင်၏ ဟောပြောမှု၊ ရေးသားမှုများကြောင့် ဇင်ဗုဒ္ဓဘာသာ ရှေ့တန်းရောက်နေဟန်ရှိကြောင်း ဆရာတော်က ထည့်သွင်းပြောကြားသွားကြောင်း သတင်းစာများတွင် ရေးသားသည်ကို တွေ့ရ၏။ သတင်းစာတစ်စောင်က ဘိက္ခုဦးသေဋ္ဌိလ၏ ဟောပြောချက်အဖြစ် (A Search for Truch—Dhamma) 'အမှန်တရားရှာဖွေခြင်း' ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ရေးသားထား၏။

"Estimates of the Buddha's believers today run as high as 500 million. Even in Great Britain Buddhism has recently been reported gaining ground. One aspect of the strangely powerful Buddhist philosophy is revealed in the following exercept from the Current Atlas U Thithila, the lecturer in the

Buddhist philosophy at the Uuiversity of Rangoon and contributer to "The Path of the Buddha" Buddhism interpreted by Baddhists as regarded as one of the foremost interpreters of Buddhism to the West."

ယနေ့ ဗုဒ္ဓဝါဒကိုယုံကြည်သူများ ခန့်မှန်းချက်ဦးရေမှာ သန်း ၅၀၀-ခန့်ရှိနေပြီ ဖြစ်ကြောင်း၊ ဂရိတ်ဗြိတိန်မှာပင် မကြာမီက သတင်းပို့ချက်အရ ဗုဒ္ဓဝါဒ တိုးတက်လျက်ရှိကြောင်း၊ ဗုဒ္ဓဝါဒဆိုင်ရာ ဒဿနဗေဒပညာ၏ အရှိန်အဝါကြီးမားပုံအချက်တစ်ချက်ကို ကာရင့်အတ်တလန်တိတ်စာစောင်၌ဖော်ပြသားသည်မှာ ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဒဿနဗေဒ ကထိက တစ်ဦးဖြစ်သော (The Path of the Buddha) ဟူသော စာအုပ်တွင် ဗုဒ္ဓဝါဒီများက ပြန်ဆိုနားလည်ထားကြသော ဗုဒ္ဓဝါဒဟူသော အခန်းကဏ္ဍကိုပါဝင်ရေးသည့် ဦးသေဋ္ဌိလသည် အနောက်နိုင်ငံအတွက် ဗုဒ္ဓဝါဒကို ဘာသာပြန်သူ အကျော်အမော်တွင် တစ်ယောက်အပါအဝင် ဖြစ်ကြောင်း အသိအမှတ် ပြုထားကြပြီး ဖြစ်သည်။

ဆရာတော် အရှင်သေဋ္ဌိလ၏ ဟောပြောချက်အဖြစ် ထိုသတင်းစာက ဆက်လက်ဖော်ပြထားသည်မှာ ဗုဒ္ဓဘာသာသည် အများနားလည်ထားကြသော (Religion) မဟုတ်ကြောင်း၊ ဗုဒ္ဓဝါဒ၌ ယုံကြည်မှုသက်သက်၊ သို့မဟုတ် ရှိခိုးဝတ်ပြုမှုသက်သက်ဟူ၍ မရှိကြောင်း၊ တရားသေယုံမှတ်စွဲလမ်းကြသည့်ဗြဟ္မာ၊ဗိဿနိုး၊ကမ္ဘာကိုဖန်ဆင်းသူ၊ကာဝရဝိညာဉ်၊ ကယ်တင်သူ အနန္တတန်ခိုးရှင် ဟူသောအရာချို့ ဗုဒ္ဓဝါဒ၌ မရှိကြောင်း ဆိုပြီးလျှင် ဆက်လက်၍....

"Buddhism begins as a search for truth. The Buddha taught that We should believe only that which conforms to reason and is conducive to the highest good and welfare of all beings. Men must rely on themselves. Even taough he may take refuge in the Buddha, the expression used when a man pledges himself to live a righteous life, he

must not fall victim to a blind faith that the Buddha can save him. The Buddha can point out the path, but he cannot walk it for us."

ဗုဒ္ဓဝါဒသည် အမှန်တရား ရှာဖွေခြင်းမှ ပေါ်ပေါက်ခဲ့သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ပိုင်အတွေ့အကြုံပေါ်မှီ၍ မှန်သောတရားကိုယုံကြည်ရမည်။ ကြောင်းကျိုးဆင်ခြင်မှုနှင့် ကိုက်ညီသောတရားကို ရှာဖွေရမည်။ အကောင်းမြတ်ဆုံးဖြစ်သော တရား၊ သတ္တဝါအများအတွက် အကျိုးစီးပွားဖြစ်ထွန်းမည့် တရားမျိုးကိုသာ ယုံကြည်ရမည်ဟု ဗုဒ္ဓက သင်ကြားတော်မူသည်။ လူသည်ကိုယ့်အားကိုယ်ကိုးရမည်။ သရဏဂုံသီလခံယူရာ၌ ဆိုမြဲဖြစ်သည့် "ဗုဒ္ဓကို ကိုးကွယ်ပါ၏" ဟုဆိုသော်လည်း ဗုဒ္ဓက သူ့ကို ကယ်တင်နိုင်သည်ဟူသော အကန်းယုံခြင်းမျိုးကို မယုံကြည်ရ၊ ဗုဒ္ဓသည် လမ်းကိုပြညွှန်သူဖြစ်သော်လည်း ကျွန်ုပ်တို့အတွက် ထိုလမ်းကိုလျှောက်ပေးမည် မဟုတ်ပေ။

* * *

ဗုဒ္ဓဆိုသည်မှာ ဗောဓိဉာဏ်ကို ရသူဖြစ်သည်။ ဗောဓိ ဆိုသည်မှာ လူသားတို့ လုပ်နည်းလုပ်ဟန်အကျက်ဖြင့် ရနိုင်သော အသိနှင့်အကျင့် ပြည့်စုံမှုဟု ဆိုနိုင်သည့် ဉာဏ်ပညာကို ခေါ်သည်၊ ဗုဒ္ဓသည် လူသားဖြစ်သည်၊ လူဆိုသည်မှာ မိမိကိုယ်ကို ကောင်းအောင်၊ လိမ္မာအောင်၊ ပျော်ရွှင်အောင် လုပ်နိုင်သည်။

* *

ဓမ္မဟူသည်မှာ အမှန်တရား၊ အမှန်တရားဟူသည် တကယ်ရှိသည်၊ လူ၏နှလုံးအတွင်းမှာရှိသော ဥပဒေ၊ အမှန်တရား၏ ထုံးနည်းများလည်း ဓမ္မပင်ဖြစ်သည်၊ ထို့ကြောင့် ဓမ္မကို သင်ပြသောအခါ ဗုဒ္ဓသည် လူများအဖို့ မြင့်မြတ်အောင်၊ ဖြူစင်အောင်၊ ရက်ရောတတ်အောင် သင်ပေးတော်မူသည်၊ မိမိကိုယ်ကိုမိမိ အမှန်ဆုံးဖြစ်အောင် သင်ပြတော်မူသည်ဟု ဓမ္မ၏ သရုပ်လက္ခဏာကို ထုတ်ဖော်ပြခြင်း ဆရာတော် အရှင်သေဋ္ဌိလသည်

"Dhamma, the Law of righteousness, exists not only in a man's heart and mind, but it exists in the universe also. All the universe is an embodiment

and revelation of Dhamma. When the moon rises and sets, the rains come, the crops grow, the seasons change, it is because of Dhamma, for Dhamma is the Law of universe which makes matter act in the ways revealed by our studies of natural science."

အမှန်တရား၏ ဥပဒေသဖြစ်သော ဓမ္မသည် လူသား၏နှလုံးသားအတွင်း၌သာ ရှိသည်မဟုတ်၊ စကြဝဠာ ကမ္ဘာလောက၌လည်း ရှိသည်၊ စကြဝဠာ ကမ္ဘာ အနန္တသည် ဓမ္မကို အကောင်အထည်ဖော်ခြင်း၊ သရုပ်ဆောင်ခြင်းဖြစ်သည်၊ လသည်ထွက်သည်၊ ဝင်သည်၊ မိုးရွာသည်၊ ကောက်ပဲသီးနှံများ သီးကြသည်၊ ရာသီဥတု ပြောင်းလဲနေသည်၊ ယင်းတို့ကား ဓမ္မကြောင့် ဖြစ်နေကြသည်၊ အကြောင်းမူကား ဓမ္မဟူသည် စကြဝဠာ ကမ္ဘာ၏ ဥပဒေပင်ဖြစ်၍ ယင်းဥပဒေက ကျွန်ုပ်တို့ သဘာဝသိပ္ပံလေ့လာသင်ကြားရာ၌ ဖော်ပြထားသော နည်းလမ်းအတိုင်း ဒြပ်ဝတ္ထုများကို အလုပ်လုပ်စေသောကြောင့် ဖြစ်သည်။

* * *

လူတစ်ယောက်သည် ဓမ္မနှင့်အညီနေလျှင် ဒုက္ခမှ လွတ်မြောက်၍ နိဗ္ဗာန်ထိရောက်မည်၊ နိဗ္ဗာန်ဟူသည်ကား ဒုက္ခအဝဝမှ အဆုံးသတ် ကင်းလွတ်ခြင်း ဖြစ်သည်၊ ယင်းဒုက္ခကင်းငြိမ်းခြင်းသို့ ပို့ဆောင်မည့် ဓမ္မကား ဆုတောင်း၍ မရ၊ ယဇ်ပူဇော်၍ မရ၊ နတ်တို့ကို ပသ၍ မရ၊ ကိုယ့်စာရိတ္တကို ကိုယ့်ဘာသာ မြှင့်တင်၍ ကိုယ့်စိတ်ကို ကိုယ်ထိန်းချုပ်ခြင်း, ကိုယ့်နှလုံးကို ကိုယ်ဖြူစင်အောင်လုပ်ခြင်းများဖြင့်သာ ရနိုင်သည်၊ ရင်တွင်း၌ ထကြွ လှုပ်ရှားသော မုန်တိုင်းကို ငြိမ်အောင် မလုပ်နိုင်သမျှ၊ သတ္တဝါ အားလုံးအပေါ် ချစ်ခြင်းမေတ္တာ မထားနိုင်သမျှ လူသည် မိမိပန်းတိုင်ဆီသို့ ခြေတစ်လှမ်းမျှ လှမ်းရနိုင်မည် မဟုတ်ပေ။

ဤသို့ ဘိက္ခု ဦးသဉ္ဇလသည် ဗုဒ္ဓဝါဒတွင် အရေးပါလှသော ဗုဒ္ဓနှင့်ဓမ္မကို လူအများ နားလည်အောင် လွယ်ကူ ရှင်းလင်းသော စကားလုံးများ၊ ထိမိသော အသုံးအနှုန်းများဖြင့် တင်ပြ ဟောပြောသွားကြောင်း ထိုသတင်းစာက ဆိုလေသည်။ ဆရာတော် အရှင်သဉ္ဇလ၏

Preaching Tour ဒေသနာခရီးစဉ်သည် အောင်မြင်သည်ဟု ဆိုနိုင်ပေသည်။ ဆန့်ကျင်ဘက်ပြောသူများ၊ မြင်သူများရှိကြသော်လည်း မများလှပေ။ အနတ္တတရားဟောသောအခါ အတ္တစွဲကြီးသူများအနက် အချို့က နားပိတ်၍ နှာခေါင်းရှုံ့သော်လည်း အချို့က နားစိုက်ထောင်ကာ လေးလေးနက်နက် စဉ်းစားလေသည်။ စဉ်းစားဉာဏ် စူးစမ်း စစ်ဆေးမှုတို့ဖြင့် မကြားဖူးသော တရားကို နက်ရှိုင်းစွာ နာတတ်သောသူများသည် ထိုအတ္တစွဲမှ ကွာကြလေသည်။

ခရစ်တော်ကို အရိုးစွဲအောင် ကြည်ညိုနေသူများသည် ခရစ်တော်၏ အပြစ်အနာ ချွတ်ယွင်းချက်များ တစ်သုံးဘစ်ပါဒမျှ ဖော်ထုတ်ခြင်းမပြုဘဲ၊ ဗုဒ္ဓသည်အလွန်ကြီးမြတ်သော ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်းနှင့် ဗုဒ္ဓ၏ ဆုံးမသွန်သင်ချက်မျှကိုသာ သဘောပေါက်အောင် ဟောပြောခြင်းကြောင့် ဗုဒ္ဓဟူသည် ခရစ်တော်ကဲ့သို့ လေးစား ရိုသေထိုက်သော ပုဂ္ဂိုလ်ကြီးပါတကားဟု နှစ်ဆူဘုရားကို အတူထား၍ လက်ခံထိုက်သောသူများ ရှိသကဲ့သို့ (Supernatural) Revclauion ခေါ် သဘာဝ ဖြစ်ရိုး ဖြစ်စဉ်ထက် ပိုလွန်၍ မယုံကြည်နိုင်လောက်အောင် ထင်ရှားပြခြင်းများ၊ သိပ္ပံပညာ၏ အစမ်းအသပ် မခံနိုင်သော အဆိုများကြောင့် သံသယ ဝင်နေသူများအဖို့ ဗုဒ္ဓ၏ ပုဂ္ဂိုလ်ရေးစင်ကြယ်ပုံ၊ သင်ပြချက်များ ယုတ္တိရှိလုံ၍ သိပ္ပံနည်းကျပုံများကြားသိရခြင်းကြောင့် ဗုဒ္ဓဘာသာသို့ ပြောင်းလဲ ခံယူသောသူများလည်း အများပင်ရှိကြောင်း သိရလေသည်။

အချို့နေရာများ၌ ဩစတြေးလျ ဘွင်သည်းကောင်း၊ အမေရိကတွင်လည်းကောင်း ရေဒီယိုမှ ထုတ်လွှင့်ရန် အသံသွင်း မိန့်ခွန်းများ ပေးခဲ့ရသေးရာ အပတ်စဉ် ခရစ်ယာဉ်ကျမ်းဟောဆရာဉ်များနှင့်ယှဉ်ငင်းယှဉ်၍ နာကြားရဖွယ်ရာ ရှိပေသည်။ ထိုရေဒီယို မိန့်ခွန်း များသည်လည်း အလွန်ပင် ဩဇာကြီးသော သာသနာပြုချက်များဖြစ်၍ သတ္တဝါများ အဖို့ လွန်စွာ ကျေးဇူးပြုမည်အမှန်ပင် ဖြစ်ပေသည်။

# ရန်ကုန် ယူနီဗာစီတီ၌ အဘိဓမ္မာကထိကအဖြစ် ဆောင်ရွက်တော်မူခြင်း

မြန်မာပြည်လွတ်လပ်ရေးရပြီးသောအခါ မြန်မာခေါင်း ဆောင်ကြီးတို့သည် မြန်မာစာပေကို အထက်ဆုံး၌ထားချင်ကြသည်။ မြန်မာစာပေကို ရုံးသုံးစာပေ ပြုလုပ်လိုကြသည်။ အများစုကိုးကွယ်သော ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ဦးထိပ်ထက် ရွက်ဆင်လိုကြသည်၊ နိုင်ငံမလွတ်လပ်မီ သခင်နိုင်ငံရေးသမား ဘဝတုန်းက မြန်မာပြည်သည် တို့ပြည်၊ မြန်မာစာသည်တို့စာ-စသည်ကြွေးကြော်အော်ဟစ်ခဲ့ကြသည်၊ မြန်မာပြည် ဟကယ်လွတ်လပ်သောအခါ မြန်မာစာကို ထိပ်ဆုံး၌ထား၍ ဗုဒ္ဓဘာသာကို ခေါင်းပေါ် တင်ထားလိုကြသည်မှာလည်း သဘာဝ ကျပါပေသည်။ သို့သော် မြန်မာနိုင်ငံဆိုပေသည့် မြန်မာလူမျိုး တစ်မျိုးတည်းသာ ရှိသည် မဟုတ်။ ရှမ်း၊ကချင်၊ကရင်၊မွန်၊ပအို့၊ ပလောင်စသည်မြန်မာစကားမပြောသောလူမျိုးများလည်း ရှိသည်။ ကိုးကွယ်သည့် သာသနာအနေဖြင့်လည်း ဗုဒ္ဓဘာသာတခုတည်းသာ မဟုတ်၊ ခရစ်ယာန်၊ အစ္စလမ်၊ ဟိန္ဒူ စသည်ဖြင့် ကွဲပြားလျက်ရှိပေသေးသည်။

သို့ပါသော်လည်း အများစုဖြစ်သော မြန်မာတို့ ကိုးကွယ်သည့် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာဟု ပြဋ္ဌာန်းသတ်မှတ်ရုံမျှဖြင့် အခြား ဘာသာများကို ဖျက်ဆီးရှုတ်ချပစ်မည် မဟုတ်သောကြောင့် အခြား ဘာသာဝင်များက သဘောထားကြီးစွာ ခွင့်ပြုကျေနပ်ကြလိမ့်မည်ဟု

ထင်မြင်ခဲ့ကြသည်။လက်တွေ့တွင် ဤသို့ မဟုတ်ချေ။ထို့ကြောင့်နိုင်ငံတော် ဘာသာဟူသော အမည်ဝေါဟာရ ယနေ့ထိပေါ်၍မလာတော့ချေ။

ဗုဒ္ဓဘာသာ ကျမ်းစာများကိုဗုဒ္ဓဘာသာဝင် ကလေး သူငယ်များ ငယ်စဉ်ကစ၍ သင်ကြားလေ့လာနိုင်ရန် သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်း ပြဋ္ဌာန်းမည် ပြုသောအခါလည်း ကိုရအန်တို့၊ ရာမာယဏတို့ကိုလည်း သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းပေးရန်တောင်းဆိုသံတို့က ဆူညံ၍လာပြန် သည်။ သို့ဖြစ်၍ နည်းလမ်းရှာသောအခါ ကမ္ဘာ့အရပ်ရပ်တက္ကသိုလ်များ တွင် ဖိလော်ဆိုဖီသည် အတော်အတန်မြင့်သော နေရာကိုယူ၍ သင်ကြား လေ့လာသူများပေည်း မနည်းလှကြောင်းတွေ့ရသည်။ ဗုဒ္ဓအဘိဓမ္မာသည် အရှေ့တိုင်း ဖိလော်ဆိုဖီတစ်ရပ်ဖြစ်သည်။ယင်းကို ရန်ကုန်တက္ကသိုလ်၌ သင် ပေးရသော် ကောင်းမြတ်သင့်တော်ပေလိမ့်မည်—ဟူသော အဆိုးအဖြတ် သည် ခိုင်မြဲစွာ အဘည်ပြုခြင်း ခံရပေတော့သည်။

ဤဘာသာအဘိဓမ္မာကိုသင်ပေးနိုင်မည်လက်ချာရာ(ဆရာ)တစ်ယောက် လက်လှမ်းမီရာ အလျဉ်းသင့်သလို ခန့်ထားလိုက်ကြသည်။ သုံးလခန့်ကြာ သော်လည်း အကောင်အထည် ဘာမျှ မပေါ်လာပေ။ တက္ကသိုလ်အဓိပတိ ဝန်ကြီးချုပ်ဟောင်းဦးနုနှင့် တကွ ဆီးနိတ်အဖွဲ့ဝင် တရားသူကြီးဦးသိမ်း မောင်၊ဆာ-ဦးသွင်စသော လူကြီးများတိုက်စိုက်စစ်ဆေးကြည့်သောအခါ အဘိဓမ္မာသင်တန်းစတင်နိုင်ရန်အကောင်အထည်ဖော်ထားပြီးဖြစ်ကြောင်း ဆရာတစ်ဦးပင်ခန့်ထားပြီးဖြစ်ကြောင်း ဆိုင်ရာမှ တင်ပြကြသည်။

သို့ရာတွင် အဆိုပါ ခန့်ထားခြင်း ခံရသူ ဆရာကို ခေါ်ယူတွေ့ဆုံ မေးမြန်းသောအခါ ဆရာလုပ်မည့်သူကိုယ်တိုင် အဘိဓမ္မာအတတ်ကြောင်း၊ အယုတ်ဆုံးသင်္ဂြိုဟ်ကလေးမျှ မသင်ဖူးကြောင်း၊စာသင်ခါနီးမှ ဟိုမှသည်မှ မေးမြန်း၍ စာအုပ် အတိုအထွာ မှတ်စုကလေးများ ထုတ်၍ သင်ပေးမည့် အနေအထားမျိုးကို လူကြီးများ သိသွားကြသည်။

သို့ဖြစ်၍ ထိုအဘိဓမ္မာဌာနကို ခေတ္တမျှ မှောင်ချထားကာ ရပ်သိမ်း လိုက်ရတော့မည့် အနေသို့ပင် ရောက်လာသည်။ ထိုနောက် မကြာမီပင် ဗုဒ္ဓကျမ်းစာဌာနတွင်အဘိဓမ္မာကိုသင်ပြနိုင်မည့်ဆရာတစ်ဦး၊အလိုရှိကြောင်း သတင်းစာတွင် ကြော်ငြာတစ်ခုပါလာသည်။ ထိုအခါ အိန္ဒိယမှ ဒါကျူ ဂျူဂဒိသျှကရှယပ၊ သီဟိုဠ်မှ ရဟန်းဆရာတစ်ယောက်အပါအဝင် လျှောက်

လွှာများရောက်လာကြသည်။ သင်တန်းဆရာသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။ နိုင်ငံခြားသား မဟုတ်စေရ…ဟူသော စည်းကမ်း သတ်မှတ်ချက်ရှိယားသောကြောင့် နိုင်ငံခြားမှ လျှောက်လွှာများကို စဉ်းစားခြင်းမပြုကြတော့ပေ။ မြန်မာနိုင်ငံတွင်းမှ ပဋ္ဌာန်းဆရာတော် ဦးနာရဒနှင့်တောင်ဘီလူးဆရာတော် ဦးကေတုမာလာတို့လည်း တက္ကသိုလ်တွင် အဘိဓမ္မာသင်ပေးရန် ကမ်းလှမ်းလာကြသည်။ အင်္ဂလိပ်ဘာသာဖြင့် ချပို့ရမည်ဟူသောဘောင်အတွင်းသို့ မဝင်သောကြောင့် ယို ကမ်းလှမ်းချက်များကိုလည်း လက်မခံနိုင် ရှိပြန်လေသည်။

ထိုစဉ်တွင် အခက်အခဲများကို ဗိုလ်ခင်မောင်ကလေးက ဝင်၍ဖြေရှင်းပေးခဲ့လေသည်။ ဗိုလ်ခင်မောင်လေးသည် အရှင်သေဋ္ဌိလ၏အရည်အချင်းကို ကောင်းစွာသိထားသည်။ ဘိလပ် မြန်မာသံရုံးတွင် အမှုထမ်းနေကြသော ပထမအတွင်းဝန်ဦးဇော်ဝင်းနှင့်ဇနီး(မိုးဒေဝါ)ဒေါ်လှရွှေတို့သည် ဘာသာရေး၌ ကိုင်းရှိုင်းသူများဖြစ်ကြသည်အလျောက် အရှင်သေဋ္ဌိလထံ ချဉ်းကပ်၍ ဘာသာရေးဆိုင်ရာ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ တရားနာခြင်းများကို အခွင့်အခါရသလောက် အားထုတ်ကြရင်း ဆရာတော် အရှင်သေဋ္ဌိလ၏ သာသနာပြုလုပ်ငန်းများ အောင်မြင်တိုးတက်နေသည်ကို ကိုယ်တိုင် သိမြင်ကြည်ညိုနေကြသူများ ဖြစ်သည်။ ဒေါ်လှရွှေ၏ဖခင် မင်္ဂလာဦးဘသန်းသည်ပင် အဝေးမှ သက်န်း စသည် လှူဒါန်းလျက် ဆရာတော်အရှင်သေဋ္ဌိလကိုထောက်ပံ့ခဲ့နေသော ဒါယကာတစ်ဦးဖြစ်သည်။ ဗိုလ်ခင်မောင်ကလေးကား ဒေါ်လှရွှေ၏ မင်းဖြစ်၍ ဦးဘသန်းနှင့် သမီး ဒေါ်လှရွှေတို့မှတစ်ဆင့်အခြေအနေကို သုံးသပ်မိသောကြောင့် ဆရာတော် အရှင်သေဋ္ဌိလကို အဘိဓမ္မာကထိကအဖြစ် ခန့်အပ်ရန် အဆိုပြုလိုက်ခြင်း ဖြစ်ပေသည်။

ထိုစဉ်က ရန်ကုန်တက္ကသိုလ် ဖိလော်ဆိုဖီဌာနမှူးကား ဒေါက်တာ ဦးလှဘူးဖြစ်သည်။ ၎င်းက မည်သည့် ယူနီဗာစီတီ၊ မည်သည့် ဖီလော်ဆိုဖီဌာနမှာမှ အဘိဓမ္မာဟူ၍ မပါဖူးကြောင်း ကန့်ကွက်သေးသည်။ သို့ရာတွင် ဆာဦးသွင်နှင့် ဝက်လုံဘော်ရ ဦးသိမ်းမောင် စသော လူကြီးများသာမက ဝန်ကြီးချုပ်ဟောင်း ဦးနုကိုယ်တိုင်က အလွန်လိုလားနေသောကိစ္စရပ်ဖြစ်၍ နောက်ဆုံး၌ အရှင်သေဋ္ဌိလကို ပင့်ရန် သဘောတူကြလေသည်။

ထိုအခါ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးထင်အောင်က တရားဟောင် ပင့်စာပို့ရလေသည်။ ထိုအချိန်တွင် ဥရောပ၌ ဗုဒ္ဓဘာသာကို လေ့လာလိုက်စားသူဦးရေ များလာနေပြီဖြစ်သည်။ လန်ဒန်၌ကား အရှင်သေဋ္ဌိလ၏ တပည့်တပန်း ဗုဒ္ဓဘာသာဝင်ဟုတ်သူရော မဟုတ်သူပါ အရှင်သေဋ္ဌိလ၏ သင်တန်းများကျေးဇူးကြောင့် အဓမ္မတိုင်းအတွေးအခေါ် ပီလော်ဆိုဖီဟု ခေါ်ကြသော ဗုဒ္ဓအမြင်ဝယ် ကြည်လင်ကျေနပ်ကြသူများက သင်တန်းများကို နေ့ရက် တစ်ရက်ဘာလမျှအပျက်မခံဘဲ သင်ယူလေ့လာလိုနေကြပြီဖြစ်သည်။ ထိုစဉ်ခိုက်ဝယ် သင်တန်းသားတို့သည် လေ့ပြေးတုန်း တက်ကျိုးဆိုဘိသကဲ့သို့ မဖြစ်စေချင်ကြ။ အရှင်သေဋ္ဌိလကိုယ်တိုင်ကလည်း အရှိန်အဟုန်ကလေးရတုန်း ဆက်လက်၍အားထုတ်လိုပေသေးသည်။ ထို့ကြောင့် မယုတ်မလွန် ၆–လသာလောက် အစမ်းသဘောအဖြစ် လက်ခံ၍ မြန်မာပြည် ပညာရေးကို အကူအညီပေးရန် ဝန်ခံချက်ပေးလိုက်သဖြင့် သင်တန်းသား တပည့်များကလည်း လိုက်လျောခွင့်ပြုကြရပေတော့သည်။

၁၉၅၂–ခုနှစ်၊ မတ်လ ကုန်ခါနီးလောက်တွင် အရှင်သေဋ္ဌိလ မြန်မာပြည် ရောက်သည်။ ယင်းနှစ် ဇွန်လတွင် အဘိဓမ္မာကို စတင်ပို့ချသည်။ အင်္ဂလိပ်ဘာသာဖြင့် ပို့ချသည်။ သင်္ဂဟကိုအခြေခံ၍ ဓမ္မသင်္ဂဏိ၊ ဝိဘင်း၊ ပုဂ္ဂလပညတ်ကို ၄–နှစ်စာသင့်လျော်အောင် ခွဲဝေပိုင်းခြားသည်။ ဘီအေတန်းတွင် အထက်တန်း အောက်တန်း ၂-တန်း၊ အမ်အေတန်းတွင်လည်း အထက်တန်း အောက်တန်း ၂ တန်းပါ ခွဲ၍ ပြဋ္ဌာန်းပေးရသည်။ စာဖြေသောအခါမူ မိမိတို့ဆန္ဒရှိသလို အင်္ဂလိပ်–မြန်မာ ၂–ဘာသာတွင် ကြိုက်ရာဘာသာဖြင့် ဖြေခွင့်ပေးထားပေသည်။

အဘိဓမ္မာဟူသည် မြန်မာပြည်သူပြည်သားတို့ ဂုဏ်ယူပြောဆိုနေကြသော ကျမ်းစာဖြစ်သည်။ ဘုန်းကြီးကျောင်းများတွင် ကျောင်းသားငယ်၊ သာမဏေကလေးများပင် သင်ယူတတ်မြောက်ကြ၍ အချို့ ဒေသများတွင်ကား အရပ်သား တောင်သူလယ်သမားများပင် လယ်ထွန်ရင်း စာကျက်၊ နွားထိန်းရင်း သရဇ္ဈာယ်၊ ဆန်ပြာရင်း အနက်ပြန်ကြသည်။ အရပ်ထဲ အလှူအိမ် အသုဘအိမ်များ၌ သင်္ဂြိုဟ်ရွတ်ခိုကြသည်။ ထို့ကြောင့် ဦးပုည၏ စာတစ်ပိုဒ်တွင်အောက်ပါအတိုင်းခပ်မြူးမြူးကလေး သရော်ထားသည်ကို တွေ့ရသည်။

"ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဖြစ်စိမ့်ငှာဟု၊ ဉာဏ်ပါဠိစိ၊ မှတ်စုကိုညှိပြီးလျှင်၊ အဘိဓမ္မတ္ထသင်္ဂဟော၊ သင်္ဂြိုဟ်ကိုဝိုက်သိုင်း၍၊ ကိုးပိုင်းလုံးမွှေခဲ့မည်၊ စေ့ရေမှုလ၊ ပညာရှိငါပဲ့နော်၊ အာဘောင်ကို၊ ပြုပြီးလျှင်၊ မာနဗိစိ၊ မနိုးမဓနွာ၊ သောမနဿ ဗာဟဂုဏ်၊ လက်ဖက်က သုံးလေးလုတ်၊ ဒိဋ္ဌိဂတသမ္ပယုတ်၊ ကြက်သွန်ကြော်များများနှင့်၊ ဗိုက်ကားအောင် တုတ်ပြီးလျှင်၊ သရုပ်များခွဲလေဟန်၊ လက်လေးသစ်ဆလာက်စာတို့ကို၊ ဝိဂြိုဟ်တွေကျဉ်းပြီးလျှင်၊ အငြင်းကကြောက် ဖွယ်သန်၊ မာနဂုဏ် သူကိုး၍၊ ဖြတ်ဆိုးနှင့်တညံညံ၊ ရုပ်ဘူတုပါဒါယ ဘေဒဘိန္နာ၊ ကွမ်းကော ဆေးကော၊ ချလော ခုလျှင်၊ အလျှူရှင် ပြင်ခဲ့ပြင်ခဲ့—"

ဤသို့ပင် သင်္ဂြိုဟ်သည် အရပ်ထဲ၌ ပွဲဘကာဂုဏ်မောက်၍ သတင်းထောက်ခဲ့ပေသည်။ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း၊ ခက်ခဲသော ကျမ်းများကိုပင် သက်ကြီးရွယ်အို အရပ်သားများ လိုက်စားလေ့လာခဲ့ကြပေသည်။ မန္တလေးနှင့် ရန်ကုန်မြို့တော်ကြီးများ၌ အဘိဓမ္မာ ပြန့်ပွားရေး အသင်းများ ထွန်းကားခဲ့ကြ၍ ယခုတိုင်အောင်ပင် ပဋ္ဌာန်းအခြေခံမှ စ၍ သင်ယူလေ့လာဆဲပင် ဖြစ်သည်။

ထို့ကြောင့် ရန်ကုန်ဘက္ကသိုလ်၌ အဘိဓမ္မာ သင်ယူခွင့်ရရှိအောင် အကြံကောင်းများပေး၍ လှုံ့ဆော်အားပေးခဲ့ကြသော ပုဂ္ဂိုလ်ကြီးများအား အထူးပင် ကျေးဇူးတင်ထိုက်လှပေသည်။

ဆရာတော်အရှင်သေဋ္ဌိလ၏ သင်တန်းသို့ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်မှ ဆရာတော်ဦးကောသလ္လ၊ သံဃတက္ကသိုလ်မှ ဆရာတော်ဦးပညာဇောတ စသော သံဃာတော်များ၊ တက္ကသိုလ်ရဲလွင်၊ စစ်ထွန်းမှတ်ဝင်း စသော ဘွဲ့လွန်ကျောင်းသားများပါ ရောက်လာ၍ သင်ယူမှတ်သား လေ့လာသွားကြပေသေးသည်။ ထိုစဉ်ကထိုအဘိဓမ္မာကို ဘာသာရပ်တစ်ခုအဖြစ် ယူခဲ့ကြသော အမျိုးသားအမျိုးသမီးများသည် ကျောင်းမှထွက်၍ အလုပ်လုပ်နေကြသည့်တိုင် ဗုဒ္ဓအဘိဓမ္မာကို စိတ်ပါဝင်စားစွာနှင့် ဆက်လက်လေ့လာနေကြပေသည်။

## ရဟန်းတော် တစ်ပါး အနေဖြင့်

## လခယူထိုက် မယူထိုက် ပြဿနာ

ဒေးရှင်သေဋ္ဌိလ အာဘိဓမ္မာ ကထိကအဖြစ် တာဝန်ယူသောအခါ ကျောင်း၊ သို့မဟုတ် နေအိမ်ပြဿနာ ပေါ်လာခဲ့သည်။ နေရေးထိုင်ရေး စားရေးသောက်ရေးနှင့် စပ်၍ စီစဉ်ကြရသည်။ ဤပြဿနာကား မြန်မာ ပြည်ကဲ့သို့သော ဗုဒ္ဓဘာသာနိုင်ငံများ၌ မကြီးမကျယ် လှပေ။ မိသားစုနှင့် နေသည်မဟုတ်သောကြောင့် ကမ္ဘယကာရက တစ်ဦးရှာပေးထားရမည်။ သီးသန့်အဆောင်တစ်ဆောင်ထားပေးရမည်။ ဤသည်ကို တက္ကသိုလ်ဆီး နိတ်အဖွဲ့ဝင်လူကြီးများ တိုင်ပင် ညှိနှိုင်းစီစဉ်ပေးလိုက်သဖြင့် အခက်အခဲ ဘာမျှမရှိဘဲ ပြီးငြိမ်းသွားသည်။

အမှန်ပြဿနာကား ကထိက လစာပေးရကောင်းမလား၊ မပေးဘဲ ထားရကောင်းမလား ဟူသောပြဿနာဖြစ်သည်။ ရွှေညောင်ရမ်းဆရာတော် ကြီးနှင့်မန္တလေးမှအခြားဆရာတော်ကြီးများက “ဘုန်းတော်ကြီးများသည် သာသနာ့သက်တမ်းဘစ်လျှောက်လုံး၊ မြန်မာ့သာသနာဝင် တစ်လျှောက် လုံး ပရဟိတဝန်ထမ်း သက်သက်မျှသာ ဖြစ်ခဲ့ကြသည်၊ လစာရိက္ခာယူ၍ ကောက်လောကုတ္တရာ စာပေပညာ သင်ပေးသည်ဟူ၍ မရှိခဲ့ကြဖူးချေ။ ထို့ကြောင့် လခမပေးသင့်။ ဦးသေဋ္ဌိလအနေဖြင့်လည်း နိုင်ငံခြားကွင်းပြင် အဖိုးစားနား လခဟူ၍မရှိဘဲ စေတနာ့ ဝန်ထမ်း ထမ်းရွက်နိုင်ခဲ့သော်လျှင် ကိုယ့်ပြည်၊ ကိုယ့်သာသနာကို ကိုယ်တိုင်ချီးမြှောက်ခွင့်ရတုန်းအဘယ့်ကြောင့် လခမယူဘဲ မဆောင်ရွက်နိုင် ရှိရမည်နည်း၊ ထို့ကြောင့် လခမယူသင့်၊” ဤသို့ ဩဝါဒ ပေးကြသည်၊ အကြံဉာဏ်ပေးကြသည်။

ဤအကြံဉာဏ်နှင့် ဩဝါဒကို ခံယူကြ၍ ဦးသိန်းမောင်နှင့် ဦးခုန် ထွန်းတို့ ဆရာတော် ဒေးရှင်သေဋ္ဌိလထံ လာရောက်ကြသည်။ ဆရာ တော်၏ သဘောထားကို တီးခေါက်ကြည့်ကြသည်။

“ဆရာတော်ဘုရား၊ တပည့်တော်တို့ ဒကာကြီးများ ဆရာတော်ရဲ့ လစာအတွက် အလေးအနက် စဉ်းစားကြပါတယ်ဘုရား၊ မန္တလေးက ဆရာတော်ကြီးများရဲ့ ဆန္ဒသဘောထားကိုလဲ တပည့်တော်များ လျှောက်ခဲ့ ခဲ့ကြပါတယ်ဘုရား၊ ဒီအခါမှာ လခပေးမယ့်အစား ဆရာတော်ရဲ့လိုအပ်

ချက်တွေကို တပည့်တော်များ ဆီးနိတ်အဖွဲ့က ပစ္စည်း ၄–ပါးအနေနဲ့ ထောက်ပံ့ကြဖို့ တိုင်ပင်ညှိနှိုင်းကြပါတယ်ဘုရား၊ ဒီကိစ္စနဲ့စပ်လို့ ဆရာတော်ရဲ့ ဆန္ဒကိုလဲ တပည့်တော်များ သိချင်ကြပါတယ်”

“ဒကာကြီးများ လျှောက်ထားလို့ ပြောရတာပေါ့၊ ဒီကိစ္စက ပညာကို ပူဇော်တဲ့ကိစ္စပဲ၊ လခပေးတယ်လို့ ဘယ်ဟုတ်ပါ့မလဲ၊ မြန်မာဘုရင်များလက်ထက်ကပြီး လစဉ် ဆွမ်းဆန်တော် ထောက်ပံ့လှူဒါန်းတဲ့ထုံး အရှိသားပဲ၊ ဘုန်းကြီးတို့ လွတ်လပ်ပြီး နောက်ပိုင်းခေတ်မှာလဲ ပါဠိတက္ကသိုလ်ဆိုတာ ဖွင့်ပြီး ကထိကတွေ ကျောင်းအုပ်ဆရာတော်တွေကို ဆွမ်းဆန်တော် ဘယ်ရွေ့ ဘယ်မျှဆိုပြီး လှူဒါန်းကြတယ် မဟုတ်လား၊ ဒါကြောင့် ဘုန်းကြီးများ လခကြေးငွေယူ၍ စာပေပို့ချတယ်လို့ ဘယ်သူကမျှ မပြောပါဘူး၊ အခုလဲ ဒီလိုပဲဖြစ်သင့်တာပေါ့၊ လိုအပ်ချက်ဆိုတာက လစဉ် ရှိချင်မှ ရှိမယ်၊ ရှိတဲ့ လိုအပ်ချက်ကလဲ တစ်ခါတစ်ရံ ဒကာကြီးတို့ ချီးမြှောက်နိုင်တာထက် ပိုများချင် များနေမှာပေါ့၊ ဘုန်းကြီးများ မှာလဲ တရားသဖြင့် အပ်စပ်တဲ့နည်းနဲ့၊ ကပ္ပိယကာရကနဲ့ အပ်စပ်တဲ့ အစီအမံနဲ့စီမံဘတ်ရင် ရှေးရှေးက အပ်စပ်ခဲ့တာလို့ ယခုလဲ အပ်စပ်ရမှာပေါ့”

“ကောင်းပါပြီဘုရား၊ ဒါဖြင့်ရင် တပည့်တော်များ Trustee ဂေါပကအဖွဲ့ ဖွဲ့ပြီး ဆရာတော် ထံလျှောက်ပါမယ်ဘုရား၊ အရှင် ဘုရား လိုအပ်ချက် ပေါ်ပေါ်တဲ့ အခါ လိုအပ်သလို အမိန့်ရှိပါ ဘုရား၊ ဒီဂေါပက အဖွဲ့က ဆရာတော့်အတိုင်း အပြည့်အဝ ဆောင်ရွက်ပေးစေပါမည် ဘုရား။”

“ဒါလဲ ပွင့်ပွင့်လင်းလင်း ဒကာကြီးတို့ကို ဘုန်းကြီး ပြောချင်ပါတယ်၊ ဘုန်းကြီးနာမည်နဲ့ ဘဏ်မှာ အကောင့်ဖွင့်ပြီး အပ်ရင်မဖြစ်နိုင်ဘူးလား၊ ဒါဟာ ငွေကို အလှူခံတာလဲ မဟုတ်ပါဘူး၊ အလှူခံရာလဲမရောက်ပါဘူး၊ ဘုန်းကြီးအလိုရှိတဲ့ အခါ ဘုန်းကြီးက ဂေါပကအဖွဲ့ထံမှာလာပြီး တောင်းနေရလဲ မလိုဘူးပေါ့၊ ကပ္ပိယကာရကနဲ့ ဘဏ်ကထုတ်ယူသုံးစွဲနိုင်လို့ ဒီနည်းက ရှင်းလဲရှင်း၊ ပြဿနာလဲ ဘာမှမပေါ်နိုင်၊ အပ်လဲအပ်စပ်တယ်၊ ဒီနည်းကို ဘုန်းကြီး အကြံပေးပါရစေ။”

ဤတွင် ပြဿနာပြေလည်၍ သွားတော့သည်။ လခပေးသည် မဟုတ်၊ ဉာဏ်ပူဇော်ခလှူဒါန်းသည်။ ငွေကို အလှူခံသည်မဟုတ်၊ ဆွမ်းဆန်တော်ကိုအလှူခံသည်။ Trustee ဂေါပကအဖွဲ့ဖွဲ့ပြီး အပ်စရာမလို၊ ဘဏ်မှာ

အကောင့် Account ဖွင့်ပြီးလစဉ်သွားအပ်ဖို့သာ ရှိတော့သည်။ အစတွင် နေရာမပေးနိုင်သေးမီ တက္ကသိုလ်ဓမ္မာရုံအတွင်း၌ ခေတ္တ နေရသေးသည်။ မကြာမီဆရာမျှားအိမ်ဂေဟာကဲ့သို့ သပ်ရပ်လှတဲ့လပ်သောကျောင်းဆောင် ကလေးတစ်ခုတွင်ဆရာတော်သီတင်းသုံးရလေသည်။ ဘုန်းကြီးကျောင်းသို့ တကူးတက မသွားနိုင်သော ဆရာ ဆရာမများ ဥပုသ်သီတင်းလည်း စောင့် နိုင်သည်။ ဘာသာရေး ပြဿနာ မရှင်းလင်းသည်များကိုလည်း အလွယ် တကူသွားရောက် မေးမြန်းနိုင်ကြသည်။ တက္ကသိုလ်ဝေ ရုံတွင် အခါအခွင့် အားလျော်စွာ ဝတ်တက် ဝတ်ပြုခြင်း, တရားနာခြင်း, ဆုံးမြဩဝါဒ နာခံခြင်းများ ပြုလုပ်နိုင်သည်။ နိုင်ငံခြား ဧည့်သည်တော်ကြီးများရောက် လာသောအခါ ဗုဒ္ဓအဘိဓမ္မာကြီး သည် ဆရာတော် အရှင်သေဋ္ဌိလ၏ အပြောအဟောကြောင့်လည်းကောင်း၊ ဘာသာရေးပြဿနာများ၏အဖြေ ရှင်းလင်းချက်များကြောင့် လည်းကောင်း၊ ရုတ် တုင်ငေပ့်ငေ့် တွန်းထိန် တင့်လျက် မြင့်မြတ်သားနား ထူးခြားသော ဌာနကြီးအဖြစ် ပေါ်လွင် လျက်ရှိပေသည်။ ဆွမ်းဆန်တော် လျှုဒါန်းငွေ ကား လစဉ် ၁၀၀ ကျပ်၊ နှစ်တိုး ၅၀ကျပ်ဘန် ဆွမ်းဆန်တော်အဖြစ် သတ်မှတ် ပြဋ္ဌာန်းရန် သဘော တူညီမှု ရကြပေသတည်း။

## ၆-လ လွန်မြောက် ခရီးပေါက်သော်

၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလ လယ်လောက် တွင်အနောက် ပြတ်နှ် လန်ဒန်မှ စာများ အဆက်မပြတ် ရောက်လာခဲ့တော့သည်။ ဆရာတော် ပြန်ကြွသွားသည်မှာ ၆ လတိတိရှိပြီကတိဝန်ခံစကားထားခဲ့သည့်အတိုင်း လန်ဒန်က တပည့်များထံ ပြန်ကြွ၍ သင်ပြတော်မူပါ၊ တပည့်များ အထူး မျှော်လင့်လျက် ရှိပါကြောင်းနှင့် စာတိုင်းတွင် ဤအငိုပွာယ် ပါရှိသည်။ သနားစရာလည်း ကောင်းသည်။ သူတို့၏ ဆရာသခင်ကို Beloved Teacher ချစ်ခင်အားကိုး မြတ်နိုးကြည်ညိုအပ်ပါသောဆရာ... ဟူသော စကားလုံးဖြင့် ချီးမြှောက်ခေါ်ဝေါ် သုံးစွဲတတ်ကြသည်။ အကောင်း ကြိုက်တတ်သော သူအဖို့ အကောင်းဆုံး အရသာကို စားသုံးပြီးနောက် အခြားစားဖွယ်ကို မနှစ်မြို့၊ ထိုအကောင်းဆုံး အရသာကိုသာ စားလိုး လိုသကဲ့သို့ ဆရာ့အဆုံးအမ, ဆရာ့ဘုရေးကိုသာ နာခံ မှတ်သားလိုကြပေ

မည်။ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတို့သည် လိမ္မာတတ်ကျွမ်းသော တပည့်သာဝကတည်းဟူသော ရေယဉ်စမ်းချောင်းဖြင့် အဆက်မပြတ် စီးဆင်းလာနေပါလျှင် အောက်ဘက်တလွှား နှစ်ဘက်သော ကမ်းနားဌနေထိုင်၍ ထိုစမ်းရေကို သောက်သုံးခွင့် ရကြသော သူတို့သည်ချမ်းသာအေးမြသုခကို ရကြကုန်၏။ အကြောင်းတစ်စုံတစ်ရာကြောင့် ထိုစမ်းရေခန်းခြောက်သဖြင့် မသောက်သုံးရသောအခါ ပူဆာနွမ်းဟိုက် စိတ်ထိခိုက်ကြမည်မှာ သေချာလှပေသည်။

ဟက္ကသိုလ်လူကြီးမင်းများအား စာကိုပြ၍ ပြန်ကြွခွင့် ရလိုရငြား စကားစပ်လိုက်ရုံမျှဖြင့်....

''ဟာ... မဖြစ်နိုင်တာဘုရား၊ အရှင်ဘုရားမျိုးတဲ့ သစ်ပင်ငယ်အမြစ်မှ မစွဲမထွက်၊ အရွယ်ညွန့်ဖျား ကားကားလေးမှ မလူခင် အရှင်ဘုရားပြန်ကြွလို့ ဘယ်ဖြစ်နိုင်မှာလဲ၊ အစားထိုးစရာ လူတွေထဲလဲမမြင်၊ ရှင်တွေလဲမပေါ်သေး၊ သည်းခံပါဦးဘုရား၊ ဘီအေတန်းနှင့် အမ်အေတန်း ၂–နှစ်စီသင်တန်းဆုံးအောင် ၄–နှစ်တစ်ဆက်တည်း နေပေးတော်မူပါ ဘုရား၊ အရှင်ဘုရား့ တပည့်များထံ တပည့်တော်တို့အကြောင်း ပြန်၍ တောင်းပန်ပါမယ် ဘုရား။''

ဤသို့ ဦးသိမ်းမောင်စသော လူကြီးများသည် အထူးတားဆီးအရေးတကြီး ငြင်းဆန်အပြင်းအထန်ကန့်ကွက်ကြလေသည်။ အနောက်သို့ အကြောင်းသင့် အခွင့်ပန် ကျေနပ်ရန် စာပြန်ကြား နှစ်သိမ့်၍ ထားလိုက်ရပြန်လေသည်။

## သုတေသနဌာနမှူး၊ ဓမ္မရောင်ခြည် အယ်ဒီတာ အဖြစ် ဆောင်ရွက်ရခြင်း

ဆရာတော် အရှင်သေဋ္ဌိလသည် ဓမ္မရောင်ခြည် အယ်ဒီတာ မစ္စတာ မောရစ်အသုပ်မှ နုတ်ထွက်သွားသောအခါ မောရစ်၏ နေရာတွင် အယ်ဒီတာ အဖြစ်ခန့်ထား၍ ၂–နှစ်ခန့် လုပ်လိုက်ရသေးသည်။ သာသနာရေးတိုးတက်မှုဘက်လက်တစ်ဘက်ပေးသောအားဖြင့်ရောက်လာသောတာဝန်ကို မညည်းမညူ ဆောင်ရွက်တော်မူသည်။ တစ်ဆက်တည်းပင် သုတေသနဌာနမှူးအဖြစ်လည်း မရှောင်သာသော တာဝန်ကို ထမ်းရွက်တော် မူရပြန်သည်။

## ၄-နှစ်သက်တမ်း ကုန်ဆုံးသောအခါ

အနောက်နိုင်ငံမှ တပည့်တို့သည် ဆရာတော်နှင့် ဝေးနေကြသော်လည်း သွေးအေး၍ မသွားကြ၊ သည်းခံ၍ စောင့်မျှော်နေကြသည်။ ၄နှစ်ကုန်ဆုံးသောအခါ ဆရာတော် ထံသို့ လည်းကောင်း၊ တက္ကသိုလ် ဆီးနိတ်အဖွဲ့သို့လည်းကောင်း သူတို့ဆရာကို ပြန်လွှတ်ပါမည့်အကြောင်း တောင်းဆိုသောစာများ ရေးကြသည်။ ဤအခါတော့ဖြင့် မုချဆရာပြန်လာမည်ဟု မျှော်လင့်နေကြ၏။ သို့သော် သူတို့၏ အလိုဆန္ဒသည် ဤအကြိမ်တွင်လည်း မပြည့်ဝပါပေ။

## အဂ္ဂမဟာပဏ္ဍိတ ရတော်မူခြင်းနှင့် ၄-နှစ်ဆက်၍ အဘိဓမ္မာကထိကအဖြစ် ဆောင်ရွက်တော်မူခြင်း

၄–နှစ် သင်ဘန်းတစ်ပတ် ပြီးစီးသွားသောအခါ ၁၉၅၆-ခုနှစ်၌ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရသည် ဆရာတော် အရှင်သေဋ္ဌိလ၏ သာသနာတော်နှင့်စပ်သောဆောင်ရွက်ချက်များကို ကြည်ညိုမြတ်နိုးသဖြင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ ကို ပေးအပ်ချီးမြှောက်လေသည်။ဂုဏ်နှင့်ဂုဏော လိုက်ဖက်သဖြင့် အနက်နှင့်လျော်သော အနွတ္ထသညာ မင်္ဂလာဘွဲ့တူးမှာ ပို၍ အနှစ်သာရ ပြည့်ဝ လေးနက်ပေသည်။

အနောက်နိုင်ငံရှိတပည့်များကို လှည့်စားသလိုမဖြစ်ရအောင် သက်ဆိုင်ရာ အစိုးရဌာနမှ ကြောင်းကျိုးပြန်ကြားစေမှ သင့်မည်ဟု နှလုံးသွင်းမိ၍ တက္ကသိုလ်ဆီးနိတ်အဖွဲ့မှ စာပြန်ကြားစေသည်။ စာ၏အတိုချုပ်မှာ.... ''မြန်မာနိုင်ငံသည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၏ ၂၅၀၀-နှစ်မြောက် အထိမ်းအမှတ်ပွဲကြီး ဆင်ယင်ကျင်းပဆဲဖြစ်ခြင်း၊ သင်္ဂါယနာ တင်ရာတွင်လည်း ဗုဒ္ဓဘာသာဝင် အပြည်ပြည်ဆိုင်ရာ ရဟန်းရှင်လူတို့၏ သင်္ဂါယနာပွဲဖြစ်စေရန် နိုင်ငံခြားရောက် မြန်မာရဟန်းတော်များကို ပြန်လည်ပင့်ခေါ်ခြင်း၊ ဗုဒ္ဓဘာသာနိုင်ငံခြားတိုင်းပြည်များမှလူနှင့် ရဟန်းပညာရှင်များကို ပင့်ဖိတ်ခြင်း၊ နိုင်ငံတော်၏ဗဟိုချက်ချာ ရန်ကုန်တက္ကသိုလ်ကြီးတွင် ဆရာတော် အရှင်သေဋ္ဌိလကဲ့သို့သော အဘိဓမ္မာကထိကမျိုးရှိနေသင့်၊ ပို့ချပြရှိနေသင့်သောအချိန်အခါမျိုး ဖြစ်ခြင်းကြောင့် နောက်ထပ် ၄–နှစ်ဆက်တိုက်

တာဝန်အပ်နှင်းလိုက်ရပြီးဖြစ်သဖြင့် အနောက်နိုင်ငံမှအဘိဓမ္မာသင် တပည့်များ သည်းခံ စောင့်ဆိုင်း၍ နေကြစေလိုပါကြောင်း'' ဟူ၍ ဖြစ်သည်။

ဆရာတော်ကိုယ်တိုင်လည်း မြန်မာနိုင်ငံအစိုးရသည် ဆဋ္ဌသင်္ဂါယနာ ကိစ္စကြီး ပြီးဆုံးသွားသောအခါ အင်္ဂလန်မြို့တွင်ဗုဒ္ဓဘာသာသာသနာ့ဌာနချုပ်တစ်ခု ပြုလုပ်ထား၍ သိမ်နှင့် ကျောင်းနှင့် အမြဲနေ သံဃာတော်များနှင့် အပြည့် အစုံထားရှိသော ဆည် ဖြစ်သည်။ ယခုအခါသင်္ဂါယနာကိစ္စ ပြီးသော်၍ မိမိ ကိုယ်တိုင်ပင် ထိုသာသနာ့ကိစ္စရပ်များကို တစ်ဘက်တစ်လမ်းက ညီထမ်း ပိုး ရခြင်း၊ မိမိ နေရာ၌ အစားထိုးစရာ မရသေးမီ ၄--နှစ်သင်တန်း ဆက်လက် ပို့ချရခြင်း အကြောင်းများကြောင့် လန်ဒန်သို့ မပြန်နိုင်သေးပါကြောင်း စာရေးသား လိုက်ရပေသည်။

## ကမ္မဋ္ဌာန်း သင်တန်းပြခြင်း

(မေး) ''ကမ္မဋ္ဌာန်းသင်တန်း စတင်ပြပေးတာဟာ ဗုဒ္ဓမှာ ကမ္မဋ္ဌာန်း ပေးလျှင် ပြီး၊ ကမ္မဋ္ဌာန်းပေါ်မှ ပြီးပြည့်စုံမယ်လို့ ယူဆပြီး ဆရာတော်ဆန္ဒအရ ပြပေးတာပါလား၊ သင်တန်းသားတွေက တောင်းဆိုလာကြလို့လား ဘုရား။''

(ဖြေ) ''ဒါက ဒီလိုရှိတယ်ကွာ၊ ဗုဒ္ဓဘာသာဝင်ဟုတ်သူရော၊ မဟုတ်သူ များပါ ဥရောပတစ်တိုက်လုံးအနှံ့အပြားဆိုသလိုအနှံ့တိုင်းက ရောက်လာတဲ့ ဝေဒန္တဝါဒ၊ တစ်နည်းယောဂဆိုဟဲ့ ဟိန္ဒူ ကမ္မဋ္ဌာန်း၊ တရုတ်နဲ့ ဂျပန်က ရောက်လာတဲ့ ဈာန်ဗုဒ္ဓဇင်း ဆိုတာဟာ ထေရဝါဒ စာပေနယ်ကရောက်လာတဲ့ ကမ္မဋ္ဌာန်း နဲ့ ရောယှက်ယှက် တူသလိုလိုကွဲပြားသလိုလို၊ ဘယ်ဟာက ဘယ်လို၊ဘယ်အခါ ကဘယ်ပုံဆိုတာ ကွဲကွဲပြားပြားနားလည်တဲ့ လူမရှိကြဘူး၊ ဆင်တူယိုးမှား အချက်တွေလဲ ရှိနေတာကိုး၊ ဒါကြောင့် ရိုးရိုးရှင်းရှင်းနဲ့ ထေရဝါဒ စာပေလာအတိုင်း ကမ္မဋ္ဌာန်းဆိုတာ ဘာလဲ၊ ဘာဖြစ်လို့ ဒီကမ္မဋ္ဌာန်းကို အလုပ် ကြီးတစ်ခုလုပ်ပြီးရှုမှတ်နေရမှာလဲ၊ရှုမှတ်တော့ ဘယ်လိုအကျိုးရှိ သလဲဆိုတာ ပြောဟောပြဖို့ လိုနေတယ်၊ ဟောပြောပွဲတွေမှာ သီလ သမာဓိပညာအဆင့်ဆင့်သုံးဆင့်ခွဲခြားဟောဖို့လိုလာတဲ့အခါ

တိုင်း အမြွက်မျှလောက် ဟောပြောခဲ့တဲ့ အကြိမ်ပေါင်းကလဲ များနေပြီ။

"နောက် တို့ပါဠိသင်တန်း၊ နိကာယ်သင်တန်း၊ အဘိဓမ္မာသင်တန်း တွေ တက်ကြတဲ့လူတွေထဲကလဲ စိတ်ကိုထိန်းနည်းဟာ Theory သီအိုရီနဲ့ တင် မလုံလောက်၊ လက်တွေ့လဲ လုပ်ကိုင်၊ စမ်းသပ် ကြည့်ချင်ကြပါ တယ်လို့ တောင်းဆိုလာကြတယ်၊ ဒါကြောင့် ကမ္မဋ္ဌာန်းသင်တန်း စတင် ပြုဖြစ်သွားတာပဲ"

(မေး) "အခုန ဆရာတော် အမိန့်ရှိသွားတဲ့ ဈင်နဲ့ ယောဂက ဗုဒ္ဓဝါဒ ကမ္မဋ္ဌာန်းနဲ့ဆင်တူယိုးမှားဖြစ်ပုံကလေးနည်းနည်းအမိန့်ရှိတော် မူပါဘုရား"

(ဖြေ) "ကမ္မဋ္ဌာန်းဆိုတာ တို့အဋ္ဌကထာတွေဖွင့်တဲ့ အလိုက ကမ္မ-ဘာဝ နာအလုပ်၊ ဌာန-အဆင့်မြင့်တဲ့ သမာဓိပညာ ရရာရကြောင်း၊ ကမ္မဋ္ဌာန-အဆင့်မြင့်တဲ့ သမာဓိနဲ့ ပညာရဖို့ အားထုတ်ရတဲ့ ဘာဝနာကံအလုပ်လို့ ဆိုတယ်၊ အင်္ဂလိပ်လိုMaditationလို့ ခေါ်တယ်၊ဗုဒ္ဓအလိုတော်ကျအောင် အင်္ဂလိပ်လို ပြောတော့.... Meditation means the cultivation of mindfullness. Through meditation one can deepen and develop his awareness, continuity of awareness, or concentration. It is through concentration that insight develops.

"ကမ္မဋ္ဌာန်းဆိုတာ သတိကြီးစွာ ထူထောင်ခြင်းပါပဲ၊ ကမ္မဋ္ဌာန်း အလုပ်နဲ့ မိမိအသိစိတ်ကလေးကို ပိုမိုနက်ရှိုင်းလာအောင်, တိုးတက်လာ အောင်, အသိစိတ်ကလေး အဆက်မပြတ် တိုးတက်လာအောင် အာရုံ စိုက်လာအောင် လုပ်နိုင်တယ်၊ အာရုံစိုက်လာတော့ ဝိပဿနာ ဉာဏ်အမြင် တိုးတက် ထက်သန်လာတာပေါ့။

"ဒီတော့ အစပိုင်းနားမှာ သတိခိုင်မြဲအောင်,သမာဓိရလာအောင် လုပ်ပုံလုပ်နည်း အခုနနဲ့ မထူးခြားလှဘူးပေါ့။ ယောဂ ကမ္မဋ္ဌာန်းကလဲ သူ့နည်းနဲ့သူ သမာဓိရအောင် လုပ်တာပဲ၊ ဈင်ကလဲ ထိုနည်းလည်းကောင်းပဲ၊ ဈင်ဆိုတာ မဟာယာန ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်း ဖြစ်တော့ ထေရဝါဒ ကမ္မဋ္ဌာန်းနဲ့ သာလို့ တူတာပေါ့။"

(မေး) "လုပ်ပုံလုပ်နည်း ကွဲပြားပုံကလေး အမြွက်မျှ မိန့်တော်မူပါဘုရား"

(ဖြေ) "လုပ်ပုံလုပ်နည်း အသာထားဦး၊ ပြင်ဆင်မှီ ကလေးတွေ အရင် ကြည့်ပါဦး၊ ကမ္မဋ္ဌာန်းမလုပ်မီ ဝေဒန္တကလာတဲ့ အတိုင်း ရှန်ကရာက လိုအပ်ချက် ၄လေးမျိုးလို့ ပြထားတယ်၊ ဒါတွေက....

(1) Ability to distinguish reality from illusion-
ဝိပလ္လာသတွေနဲ့ အမှန်တရားကို ခွဲထုတ်ပေးရန် ငွမ်းနိုင်ခြင်း။

(2) Detachment from objects (knowing them to the unreal)
အာရုံခြောက်ပါးတရားစုတွေကို အမှန်တကယ်မဟုတ်ကြောင်း နားလည်ပြီး ယင်းတို့မှ တပ်မက်မှု ကင်းစေခြင်း။

(3) Serenity, self-control, with the drawal, endurance faith one pointedness.
ပဿဒ္ဓိ–ငြိမ်းချမ်းမှု၊ ဒမ–ဆုံးမမှု၊ ဝိဝေက–ကင်းဆိတ်မှု၊ ဝီရိယ–ထက်သန်မှု၊ သဒ္ဓါ–ယုံကြည်မှု၊ ဧကဂ္ဂတာ–အာရုံ စူးစိုက်မှုကို ထားခြင်း။

(4) Intense desire for freedom-
လွတ်မြောက်မှုကို ထက်သန်စွာ လိုလားခြင်း၊ ဒီ ၄–ချက်ဖြစ်တယ်။

ဈင်ကမျှော်မှန်းချက် ၃-မျိုးကို ရှေးဦးစွာထားပြီး ကမ္မဋ္ဌာန်း လုပ်ရမယ်တဲ့။

(က) ချမ်းသာဆင်းရဲ, ဝမ်းနည်းဝမ်းသာ တစ်ဘက်မစောင်းစေဘဲ ချိန်ကိုက်မှု အေးငြိမ်းမှုရအောင်တဲ့။

(ခ) ဝီရိယကို တိုးဟက်ထက်သန်စေရန်နှင့်ဆန္ဒစေတက်ကို တိုးမြှင့်ရန်တဲ့။

(ဂ) ပြုပြင်လို့ ရကောင်းတဲ့၊ အပြင်အဆင်ဘတ်တဲ့ အရည်အချင်းနဲ့ အခြားထက်မြက်မှု ဟူသမျှတွေရစေရန်တဲ့၊ အဲဒီ မျှော်မှန်းချက် ၃ ချက်ကို ကြိုဘင် မျှော်မှန်းထားပြီး ကမ္မဋ္ဌာန်း လုပ်ရမယ်လို့ ဆိုဘယ်။

"ဒါတွေဟာ ထူးဆန်းတာ မဟုတ်ပါဘူး၊ ယောဂကမ္မဋ္ဌာန်းရော၊ ချင်ပါ ၂–ခုသုံး ထေရဝါဒ နည်းစနစ်တွေက ပေါက်ပွားလာတာပဲ၊ ဝေဒန္တဟာ ဗုဒ္ဓလက်ထက်တော်က မပေါ်သေးဘူးလို့ ပညာရှိအများ လက်ခံကြတယ်၊ ဘာပြော ပြော ဝေဒန္တကို ဖော်ထုတ်ပြီး ရှေ့တန်းပို့လာ တာဟာ ရှန်ကရာကျာရှယ်တို့ လူစုတွေပဲ၊ သူတို့ပေါ်တာ ဘာကြာသေး လို့လဲ၊ အဲဒီ ရှန်ကရာကျာရှယ်ဆိုတာ စောစောပိုင်းက ဗုဒ္ဓဘာသာ ကျမ်း စာတွေ သင်ကြားပြီးနောက် ဆင်တူယိုးမှား ဝါဒတွေ၊ အဆိုတွေကို သက္ကတ စာပေနဲ့ ရေးသားဖြန့်ဖြူးလာတဲ့သူပဲ၊ မဟာယာန အယူအဆ စျင်ဆိုတာ တော့ အများသိကြတဲ့အတိုင်း တဘိယသင်္ဂါယနာ နောက်ပိုင်းကျတော့မှ ပေါ်လာတာပဲ၊ သမိုင်းကြောင်းကို အကျယ်ကြီး အတိအကျ မပြော လိုပါဘူး၊ အနှစ်သာရပိုင်း သွားကြစို့။

"တို့ဝိသုဒ္ဓိမဂ်မှာ သပ္ပာယာ သပ္ပာယ ကထာဆိုပြီးကမ္မဋ္ဌာန်းအား ထုတ်မည့်သူဟာ ဘယ်ဟာနဲ့သင့်၊ ဘယ်ဟာနဲ့မသင့်ဘူးလို့ နေရာထိုင်ခင်း၊ အစားအစာ စသည်တွေပါမကျန် ပြထားတယ်၊ ကြောင့်ကြပူပလိဗောဓ ၁၀–ပါးကို ပယ်ရမယ်လို့ စောစောကတည်းက ရှောင်ရမယ့်ဟာတွေလဲ ပြထားတယ်၊ သတ္တဝါရဲ့ ပင်ကိုဝါသနာခေါ်တဲ့ စရိုက်အလျောက် ဘယ် ကမ္မဋ္ဌာန်းယူရမယ်၊ ဣရိယာပုထ်ဆိုရင်လဲ ဘယ်ဣရိယာပုထ်က ဘယ်လို အကျိုးပြုတယ်၊ ဘယ်ဣရိယာပုထ်ဟာဖြင့် ဘယ်လိုဝါသနာရှိသူနဲ့မသင့်ဘူး ဆိုတာတွေ အစုံပါတယ်၊ ပြီး ဦးတည်ညွှတ်ယိမ်းမှု ၆–မျိုးပြထားသေး တယ်၊ ချုပ်လိုက်တော့ ဝေဒန္တက ဆိုတာရော၊ စျင်ကဆိုတာရော ထေရ ဝါဒနဲ့ မဆန့်ကျင်ပါဘူး၊ ထေရဝါဒက ရေသောက်မြစ်ခံခဲ့တာပဲ၊ ဘယ် ဆန့်ကျင်မလဲ။

"တူတဲ့အချက်၊ တူသလိုလိုနဲ့ ထူးတဲ့အချက်ကလေးတွေကိုလဲ သတိ ထားရမှာဖြစ်တယ်၊ တို့ ထေရဝါဒ ကမ္မဋ္ဌာန်း နည်းစနစ်အရ ယောဂီ ပုဂ္ဂိုလ်ဟာ ကလျာဏမိတ္တခေါ်တဲ့ ကမ္မဋ္ဌာန်း ဆရာကောင်းကောင်းထံ ချဉ်းကပ်နည်းခံရမယ်လို့ ဆိုတယ်၊ ရှန်ကရာကျာရှယ ကတော့....

"နံပါတ်–၁၊သဝဏ-Hearing from a qualified teacher အရည်အချင်းရှိတဲ့ဆရာထံမှာ နာခံမှတ်သားရမယ်လို့ ဆိုပြီးတဲ့နောက် ဤ ရှုရ(ထာဝရဘုရားကြီး)က တရားထိုင်မယ့် ပုဂ္ဂိုလ်အား ဆရာမှတစ်ဆင့် ပြောဆိုသင်ကြားပေးတာ ဖြစ်တဲ့အတွက် ဆရာကို လွန်စွာတန်ဖိုးထားရ

မယ်တဲ့၊ပြီး စျင်ကလဲစျင်ကို တရုတ် ဂျပန်အထိဆောင်ယူတည်ဆောက်လာခဲ့သော ဗောဓိဓမ္မဆိုတဲ့ဆရာကို ဇင်ကမ္မဋ္ဌာန်းဝင်လျှင်ဝင်ချင်း အာရုံပြုရမယ်တဲ့၊ သူ့ရုပ်ပုံကို မိမိ၏အာရုံစိတ်ပေါ်လာအောင် ခြယ်မှုန်းရမယ်တဲ့၊ သူ့ကိုရည်ရွယ်ထားတဲ့ ကဗျာလင်္ကာများလဲ ရေးစပ်သီဆိုရမယ်တဲ့။

"ထေရဝါဒဝိသုဒ္ဓိမဂ်ကကမ္မဋ္ဌာန်းထိုင်တော့မယ့်ယောဂီပုဂ္ဂိုလ်ဟာ မိမိကိုယ်ကို ဆရာ့ထံလဲ အပ်နှံထားရမယ်၊ ချွတ်ချော်မှားယွင်းလို့ လမ်းလွဲသွားရင် မငဲ့မညှာ ပြောဆိုမာန်မဲပြီး လမ်းမှန်တွန်းပို့နိုင်အောင် 'ဣမာဟံ ဘန္တေ အတ္တဘာဝံ တုမှာကံ ပရိစ္စဇာမိ'–အရှင်ဆရာ၊ ဤကိုယ်အတ္တဘောကြီးကို အရှင့်အား စွန့်လွှတ်အပ်နှင်းပါတယ်ဘုရား–လို့ ဆုံပြီး အပ်နှံရမယ်လို့ဆိုပါတယ်၊ ဒါမှမဟုတ် ဘုရားရှင်ထံ "ဣမာဟံ ဘဂဝါ အတ္တဘာဝံ တုမှာကံ ပရိစ္စဇာမိ'–မြတ်စွာဘုရား၊ (ဤအလုပ်ကိုလုပ်နေစဉ် အရိုးပဲကျဲကျဲ၊ အသည်းပဲကြေကြေ၊ အရေပဲပြတ်ပြတ်၊ ခန္ဓာဇာတ်ပြတ်ငြိမ်း၍ သေကံနံးပဲကြုံကြုံ၊ မတုန်မလှုပ်၊ နောက်မဆုတ်ဘဲ အဟုတ်လုပ်ပါမည်ဖြဲ) ဤအတ္တဘောကြီးကို မြတ်စွာဘုရားအား လှူဒါန်းပါသည်ဘုရား–လို့ လျှောက်ပြီးအပ်နှံထားရမယ်လို့ ဆိုပါတယ်၊ ဆရာကို ဘုရားလိုလုပ်ပြီး အာရုံ လမ်းမှန်းနေဖို့ မလိုပါဘူး၊ ဘုရားရှင်ထံ ခန္ဓာကြီးအပ်နှံထားတာဟာလဲ ဘုရား ဂုဏ်တော်တွေပွားများပြီး အာရုံပြုနေဖို့ မဟုတ်ပါဘူး၊ ဘုရားပေးတဲ့ ကမ္မဋ္ဌာန်းကို ဘုရားကိုပုံ ယုံကြည်တဲ့စိတ်နဲ့ စွန့်စွန့်စားစားလုပ်စေလိုတဲ့ သဘောပါ။

"နံပါတ် ၂–၊မနနMental application စိတ်ထဲက ကမ္မဋ္ဌာန်းအာရုံကို စွဲမြဲစွာ ယူခြင်းဆိုဘာ ပို့ထေရဝါဒ နည်းနေစ်အရ ရေိကမ္မသမာဓိခေါ်တဲ့ အစပျိုးသမာဓိကို ရအောင် မျက်စိနဲ့ကြည့်၊ ပြီးတော့ မျက်စိမှိတ်ပြီးစိတ်ထဲက ဒီအာရုံကိုပျောက်မသွားအောင်ဆက်လက်ယူရတယ်၊ ဒါကို ဥဂ္ဂဟနိမိတ်ခေါ်တယ်၊ ယောဂ သုတ္တကို စီရင်တဲ့ ပတဉ္စလိဆရာကတော့ The object of meditation is the all-pervading, omniscient, omnipetent Lord (in the form of incarnation)

"ကမ္မဋ္ဌာန်းအာရုံကိုစိတ်ထဲက ဖမ်းယူတဲ့အခါ အရုပ်ခပ်သိမ်းနှံ့ပြည့်နေတဲ့ အာကုန်မြင် အနန္တ တန်ခိုးရှင်ကြီးကို ဗိဿနု စတဲ့ အဝတာရ

ပုံသဏ္ဌာန်မျိုးပေါ်အောင်ရှုရမယ်--လို့ဆိုတယ်၊လူတွေရှုပ်ပွေနေတဲ့ဈေး၊ရုံး၊ ပွဲခင်း စသည်ထဲမှာ မျက်စိလည်လမ်းမှား စိတ်ချောက်ချားနေတဲ့ ကလေးလေးဟာ သူ့ကို ဆီးပွေ့မယ့် ဖခင်ကိုတွေ့တော့ ရင်ခွင်ထဲ ပြေးဝင်သလို ဗိထာဝရ ဂေါ့ထံ ပြေးဝင်ရမယ်တဲ့။

“နံပါတ်၃—၊နိဒိဗျာသန(နိဗ္ဗာန?)Identificative meditation တကယ့်ချုပ်ပုံလှာနဲ့ ဆင်တူယိုးမှား အလွန် ပြာသားကြည်လင်တဲ့ အာရုံကို ရအောင်ရှုခြင်း၊ ဒါဟာ တို့အခေါ်က ပဋိဘာဂ နိမိတ်ပေါ့၊ကြည့်နော်၊ ဆင်တူ ဆင်တူကလေးတွေ၊ ဘယ်ကလာတယ်၊ ဘယ်ကငှားယူတယ်ဆိုတာ အလွန်သိသာပါတယ်၊ဈင်မှာတော့ ဂိုဏ်းကွဲတွေ အဆိုတွေ ကွဲပြားနေလို့ တစ်ခုစီ မပြောလိုတော့ဘူး။

“ပြီးတော့ ယောဂမှာ ‘ပြာဏယာမ’ဆိုတဲ့ အသက်ရှူနည်းလေ့ကျင့်ခန်းကိုပြတယ်၊ ဒီလေ့ကျင့်ခန်းကို အစဉ်မပြတ် လေ့ကျင့်လာရင် ယောဂီပုဂ္ဂိုလ်ရဲ့ စိတ်အာရဉ်ဟာ နည်းသထက် နည်းလာမယ်၊ နှေးသထက် နှေးလာမယ်၊ စင်ကြယ်တဲ့စိတ်ရဲ့ ကြားကာလကို ရှင်းလင်းစွာ တွေ့မြင်လိမ့်မယ်တဲ့၊ ဒီနောက် အမှောင်ကို လွန်မြောက်လို့ နေလိုပဲ အမြဲ ရောင်ခြည် လွှတ်နေတဲ့ Supreme self ပရမအတ္တကို တွေ့လိမ့်မယ်တဲ့၊ ဘဂဝတ်ဂီတာမှာပါတဲ့ I am the self in every living being-‘ငါဟာ သက်ရှိ သတ္တဝါတိုင်းမှာရှိနေတဲ့ အတ္တကြီးပဲ’ဆိုတဲ့ ပရမအတ္တကြီးကို ယောဂီပုဂ္ဂိုလ်မြင်သွားမယ်တဲ့၊ ဒါဟာဖြင့် The highest foim of meditation=ကမ္မဋ္ဌာန်းရဲ့ အမြင့်ဆုံး ပုံသဏ္ဌာန်ပဲတဲ့။

“တို့ဗုဒ္ဓကဒီအတ္တကိုပယ်ဟောမူတယ်၊Supreme Self,Supreme Being, Supreme Realityဆိုတာ မရှိဘူး၊သမာဓိက ဝိပဿနာပို့လို့ ဝိပဿနာဉာဏ် ထက်မြက်ပြည့်စုံလာတဲ့အခါ ဘုံသုံးပါးဆိုတဲ့ တိုက်အိမ်ကြီး ပြိုကျပျက်စီးသွားတာကို မြင်လိုက်ရပြီး အားလုံး ငြိမ်းအေးတဲ့ အမတဓာတ်ကြီးကို လက်တွေ့ ခံစားလိုက်ရမယ် တွယ်တာမှုလဲမရှိ၊ စိုးရိမ်ပူပန်နေခြင်းလဲကင်း၊ အလွန်ကို ချမ်းသာတဲ့ ချမ်းသာကြီးကို ကိုယ်တွေ့ တွေ့လိုက်ရမှာပဲ၊ ဒါကို နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်လို့ ခေါ်တာပဲ။”

(မေး) "ဈင်ရဲ့ လမ်းဆုံးကတော့ ဘယ်လိုပါလဲ ဘုရား။"

(ဖြေ) "အားလုံးသောသင်ပြင်နဲ့ ဝေါဟာရတွေဟာ စိတ်ရဲ့ဖန်တီးမှု များသာ ဖြစ်သတဲ့၊ စိတ်ကပြုပြင်ဖန်တီးထားတဲ့ ခြားနားချက်ကို ဖြုတ်ချနိုင်တဲ့အခါ Great death ခေါ် အသေကြီး သေခြင်းကို ရောက်မယ်တဲ့၊ သူတို့ပြောနေကျစကားကတော့— "Don't think whether you are succeeding or failing but try to take a plunge into death." 'အောင်မြင်သလား မအောင်မြင်ဘူးလား တွေးမနေနဲ့၊ အသေကြီးထဲ နစ်မြုပ် ပျောက်ကွယ်သွားရအောင်ကြိုးသာကြိုးစားပါ'တဲ့။

"အမိပ္ပာယ် ကောက်တဲ့ယူအခါကျတော့ တို့ထေရဝါဒအယူနဲ့တူတဲ့ နိဗ္ဗာန်ကိုပဲဆိုလိုသလား၊ ဒါမှမဟုတ် ထာဝရသုခ လို့ခေါ်တဲ့ ဝိညာဏကာယကိုဆိုလိုသလား၊ ဈင်ဆရာတွေကိုယ်တိုင် ပြတ်ပြတ်သားသား မဖွင့်ဆိုကြဘူး၊ တချို့ဆိုတဲ့ အဆိုက ယောဂနဲ့ သွားတူနေတော့တယ်၊ အဲဒီအဆင့်ရောက်ရင် ဇီဝအတ္တနဲ့ ပရမအတ္တ နှစ်ခုပေါင်းစပ်ရောနှောသွားပြီး မောက္ခရောက်သွားတယ်၊ ဝါ—လွတ်မြောက်သွားတယ်လို့ ဆိုတဲ့ ယောဂအသိနဲ့ဆင်ဆင်၊ဗုဒ္ဓအဆူဆူတွေဟာ အမြဲထာဝရ တည်ရှိနေတယ်၊သတ္တဝါတွေ ချေချွတ်ရအောင်သာ လူအသွင်ယူတယ်၊ နောက်ဆုံး ဗုဒ္ဓပြန်ဖြစ်သွားတယ်၊ လူတိုင်းလူတိုင်းဟာလဲ ဗောဓိသတ္တတွေချည်းပဲတဲ့၊ဒါကြောင့် အမှန်သိဖို့ နည်းလမ်းကတော့—

"The way to realisation is simply to drop off body and mind and rest in our eternal Buddha-nature."

"ကိုယ်နဲ့စိတ်ကို ချချပြီး ထာဝရ ဗုဒ္ဓအဖြစ်နဲ့ နေဖို့ပါပဲတဲ့။"

"အေး... ဒါလောက်ဆို ဈင်အကြောင်းအတော် ရိပ်မိလောက်ပါပြီ၊ အနောက်မှာ၊အထူးအားဖြင့် အင်္ဂလန်မှာ ဈင် တော်တော် ခေတ်စားနေတဲ့အတွက် ဈင်ကိုမမှန်ဘူးပြောလို့ မရဘူး၊ ဒါကြောင့် ထေရဝါဒ လမ်းကြောင်းအတိုင်း မတိမ်းမစောင်း မမှားယွင်းရအောင် သတိကြီးစွာ

ထားပြီး ဟောပြောရာတယ်၊ ဒါဟာ ထေရ၀ါဒလမ်းစဉ်ပဲလို့ အတိအလင်း ပြောပြီး ကမ္မဋ္ဌာန်းပြရတယ်။

(မေး) ''ဆရာတော်ကမ္မဋ္ဌာန်းသင်ပြပုံလေး မိန့်တော်မူပါဦးဘုရား။''

(ဖြေ) ''ဗုဒ္ဓဘုရားဟောက ညွှန်ပြသွန်သင်တော်မူတဲ့ အနှစ်သာရဟာ တစ်ခါက အီတာလျံ ဘုန်းကြီး ဦးလောကနာထ ပြောသလိုပဲ၊ ဒီ(D)သုံးလုံးကို ငုံမိရင် ပြည့်စုံဘာပဲ၊ (ဒီ)သုံးလုံးဆိုတာက—

| | | |
|---|---|---|
| ၁။ | Disgust | ရွံမုန်းစက်ဆုပ်ခြင်း၊ ပါဠိဘာသာနဲ့ နိဗ္ဗိဒါ၊ |
| ၂။ | Detachment | တွယ် တာ တပ် မက် မှု ကင်း ခြင်း၊ ပါဠိ ဘာသာနဲ့ ဝိရာဂ၊ |
| ၃။ | Deliverance | လွတ်မြောက်ခြင်း၊ ပါဠိဘာသာနဲ့ ဝိမုတ္တိ ပါပဲ။ |

''မှန်တယ်၊ ဒီအတိုင်းပဲ၊ သံသရာကမ္ဘာလောကကြီးကို ရွံမုန်း စက်ဆုပ်လာအောင် လုပ်ရမယ်၊ ဘယ်နည်းနဲ့လုပ်မလဲ၊ ယထာဘူတဉာဏ်နဲ့ လုပ်ရမယ်၊ ယထာဘူတဉာဏ်ဆိုတာ Understanding things as they really are–အတွင်း အပြင် ရှိရှိသမျှ သက်ရှိသက်မဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတွေကို သူ့ အရှိ အတိုင်း အမှန်သရုပ် အနေနဲ့ အဟုတ်တကယ် သိမြင်တာကို ဆိုတယ်။

''အဲဒီ ယထာဘူတဉာဏ်ကိုရဖို့ အလုပ်သဘောနဲ့ လက်တွေ့ လုပ်လာတော့ ခေတ်ခွဲခန်းတွေ ဓာတ်ခွဲကိရိယာတွေ မလိုပါဘူး၊ ကိုယ့်အတ္တဘောကိုယ့်ခန္ဓာမှာလုပ်ရှားဖြစ်ပျက်နေတဲ့ရုပ်နာမ်တွေကို ဖြစ်နေမှန်းပျက်နေမှန်း သိအောင် လုပ်ပေးရတယ်၊ ဒီလိုလုပ်တာကို ကမ္မဋ္ဌာန်းလို့ ခေါ်တာပဲ၊ လုပ်ရင်းနဲ့သတိမပြတ် ချုပ်နေတော့ သမာဓိရလာတယ်၊ သမာဓိရလာတော့ ဉာဏ်အသိဟာ ကိထိခိုက်ခိုက် စိုက်စိုက်စူးစူး သိမြင်လာတယ်၊ အမှန်အတိုင်း မြင်လာတယ်၊ အပေါ်ယံ အပေါ်မြေးကို ဖောက်ထွင်းပြီး အတွင်းပိုင်းကို သိလာတယ်၊သိလာတော့ မြို့တစ်မြို့ရွာတစ်ရွာမီးလောင်နေတာကြည့်နေသူ တစ်ယောက်ဟာ သူ့ မျက်စိအောက်မှာပဲ တိုက်ကြီးတွေပြိုကျ၊ အိမ်တွေ အဆောက်အအုံတွေ ပြိုကျမီးလောင်ပြီး ချက်ချင်း ပြာကျသွားတာတွေ

မြင်ရတာနဲ့ လောင်နေတဲ့ မီးအပေါ်မှာရော၊ မီးလောင်ခံရထဲ့ အရာဝတ္ထု တွေ အပေါ်မှာရော လန့်ကြောက်ရွံမုန်းတဲ့စိတ် ပေါ်လာတယ်၊ ဒီအတိုင်း မိမိကိုယ်အတွင်းမှာ ဖြစ်ပျက်စဉ်ကြီးနဲ့ ဖြစ်နေ ပျက်နေ တာကို ကြောက်ရွံ့ လာတယ်၊ ရွံမုန်းလာတယ်၊ နောက်တော့ အဖြစ်ကိုတောင် မတွေ့ရတော့ဘဲ ပျက်နေတာသာ တွေ့ရတော့ ပိုပြီးရွံ့ကြောက်ကြီး ကြောက်လာတယ်၊ ဒီအမြင်ဟာ နိဗ္ဗိဒါပဲ၊ ပထမဆုံး ဒီ—Disgust ပဲ။

"ရွံ့လာပလား၊ ရွံ့သာပြီဆိုရင် လိုချင် တပ်မက် ပါဦး တော့ မလား၊ မတပ်မက် မလိုချင်တော့ဘူး ဆိုတော့ ဒုတိယ ဒီ—Detachment ဝိရာဂပေါ့။

"မလိုချင်တော့ ခွာရှောင် ထွက်ပုန်း အလွတ်ရုန်းတဲ့အတွက် လွတ် သွားရောပေါ့၊ ဒါဟာ တတိယ ဒီ—ပဲ၊ Deliverance ဝိမုတ္တိပေါ့၊ ဒါဟာ သီအိုရီပိုင်း သဘောတရားရေး အပိုင်းပေါ့။

"လက်တွေ့ပိုင်းကတော့ သတိပဋ္ဌာန် ဒေသနာအတိုင်းပဲ သင်ပြပေး ပါတယ်၊ သတိပဋ္ဌာန်ထဲမှာလဲ ကာယာနုပဿနာနဲ့ စိတ္တာနုပဿနာ ၂-မျိုး ကိုပဲ စိုက်ပြီးသင်ပြတယ်၊ဒီအထဲ ကာယာနုပဿနာထဲက အာနာပါနာသတိ ပိုင်းကို လက်တွေ့လုပ်ခိုင်းတယ်၊ ထွက်သက်နဲ့ဝင်သက် ၂-ခုဟာ လူတိုင်းရဲ့ ကိုယ်ထဲ ဝင်လိုက် ထွက်လိုက် ပုံမှန်လှုပ်ရှားနေတယ်၊ အဲဒီလှုပ်ရှားနေတာ ဝင်နေတာ ထွက်နေတာ အပေါ်ယံအားဖြင့် လူတိုင်းသိပေမယ့် နောက်က လိုက်ပြီး မှတ်နေရတာ သိပ်ခဲယဉ်းတယ်၊ မှတ်လို့မရနိုင်ဘူး၊ ဖမ်းလို့မရနိုင် ဘူးလို့ ညည်းလဲ ညည်းကြတယ်။

"ဒီတော့ ဥပမာကလေးတစ်ခု ပြောရတယ်၊ သင့်ကို တစ်စုံ တစ် ယောက်သောသူက ငွေ ၁၀၀၀/ ပေးမယ်၊ ဒါပေမယ့် ငွေစက္ကူတွေရဲ့ နံပါတ် ကို အတိအကျ မှတ်မိမှပေးမယ် လို့ ပြောလာရင် သင်ဘာယ်လို လုပ်မလဲ၊ ငွေ ၁၀၀၀/ မလိုချင်ဘူးလား လိုချင်သလား၊ လိုချင်ပါတယ်၊ လိုချင်ရင် နံပါတ်တွေ မှတ်ရလိမ့်မယ်၊ မှတ်လို့ရနိုင်ပါမလား၊ ရနိုင်ပါတယ်၊ ရအောင် မှတ်မှာပေါ့၊ အေး-ဒီလိုပဲ အမှန်တရားကို လိုချင်ရင် ဒီ ထွက်သက် ဝင်သက် ကို မှတ်ပါ၊ ရအောင်မှတ်ပါ၊ ရှိတာကို မှတ်ရတာမဟုတ်၊ ရှိနေတာ ဖြစ် နေတာကို မှတ်ရတာပဲ မှတ်မိအောင်မှတ်ပါ။"

(မေး) "ဒီလိုပြောပြပြီး အမှတ်ခိုင်းတော့ တပည့်တွေက ဘယ်လိုများ တွေ့ကြသလဲ ဘုရား"

(ဖြေ) "မှတ်လို့တော့ရပြီ၊ ရှေ့ကို ဘယ်လိုဆက်လုပ်ရမှာလဲလို့ မေးကြတယ်၊ ဒီတော့ မလွတ်တမ်းမှတ်မိအောင်မှတ်ရမယ်၊ ခဏကလေးနဲ့ စိတ်မချရသေးဘူး၊ တော်တော်နေ ပျောက်သွားလိမ့်မယ်၊ ဒါဟာ သတိကို ထူထောင်ခြင်းပဲ (The cultivation of mindfulness)"

(မေး) "သတိကို ထူထောင်တယ်ဆိုတာတော့ ဟုတ်ပါပြီ၊ တပည့်တော်တို့ စာမှာပါတာက ကမ္မဋ္ဌာန်းဆိုတာ သမာဓိနဲ့ပညာ၊ သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်း ၂မျိုးပဲရှိပါတယ်၊ အခုဟာက သတိဆိုတော့ဘယ်လိုဆက်စပ်ကူးပြောင်းသွားမှာပါလဲဘုရား"

(ဖြေ) "သတိဆိုတာမှတ်မိတာနော်၊သတိအားကောင်းအောင်ဘယ်သူက ကူညီပေးသလဲ၊ သမာဓိက ကူညီပေးတယ်၊ တစ်ဖန် သတိကောင်းလေလေ သမာဓိ တက်လေလေပဲ၊ သမာဓိ သိပ်တက်လာပြီဆိုတော့ လက်ဝဲနဲ့လက်ယာ လမ်းနှစ်ဖြာရှိတယ်၊ လက်ဝဲလမ်းလိုက်မိရင် ဈာန်တွေရလာမယ်၊ အဘိညာဉ်တွေ ရလာမယ်၊ အိန္ဒိယကယောဂီတွေဟာလက်ဝဲလမ်းပဲလိုက်ကြတယ်၊လက်ယာလမ်း သူတို့မသိကြဘူး၊ ဒါကြောင့် အနောက်နိုင်ငံ ဆောင်းရာသီ ရေခဲနေတဲ့အချိန်မှာ လက်ဗွတ်တီကလေးနဲ့ လမ်းပေါ်မှာ လျှောက်ပြတယ်၊ မီးပုံရဲရဲကြီးထဲမှာ တိုင်ပြ အိပ်ပြတယ်၊ ဒါတွေ လက်ဝဲလမ်းခေါ်တယ်၊ဗုဒ္ဓက ဒါကို အားမပေးဘူး၊ တစ်ခါကတပည့်သာဝကရဟန်းတစ်ပါးလူတွေရှေ့မှာတန်ခိုးပြမိလို့ ပုံဝက်မျှ အသပြာကလေးနဲ့ ပိဋကဂါကို လုစ်ပြသောမိန်းမကဲ့သို့ ဘာမဟုတ်တဲ့ လာဘသက္ကာရ (ဘုန်းကြီးချင်၊ နာမည်ကြီးချင်၊ လူအထင်ကြီးစေချင်တာ) ကလေးနဲ့ တန်ခိုးပြရမလား၊ တန်ခိုးရှိကြောင်း ပြရမလား၊ တန်ခိုးဟာ ဘာတန်ခိုးရှိလို့လဲလို့ ပြင်းပြင်းထန်ထန် ရှုတ်ချတော်မူဖူးတယ်။

"လက်ယာလမ်းဆိုတာဝိပဿနာ၊ဝိပဿနာဆိုတာအထူးမြင်အောင်ရှုခြင်း(Insight)အတွင်းဘက်ကိုမြင်တာ၊ မြင်အောင်ရှုတာ၊အတွင်းဟာ ဘာလဲ၊Own being သဘာဝ—ကိုယ်ပိုင်အဖြစ်၊ ကိုယ့်မှာ ရှိတဲ့ သဘော

လက္ခဏာပဲ၊ အဲဒါဟာ ဘာလဲလို့ ထပ်မေး၊ ထွက်သက် ဝင်သက်အနေနဲ့ ဆိုရင် The characteristic of impermanance မမြဲတဲ့ လက္ခဏာ၊ The characteristic of unsatisfactoriness ကျေနပ်ဖွယ်မကောင်းတဲ့ လက္ခဏာ၊ The characteristic of unsubstanciality အနှစ်သတ္တမရှိတဲ့ လက္ခဏာပဲ၊ ဒါကို ဦးလှည့်ပေးရမယ်၊ သာမန် Layman တစ်ယောက်အနေနဲ့ ဘုရားရုပ်ပွားတော်ရှေ့ အမွှေးတိုင်ကလေး ထွန်းညှိပြီးထား၊ မခိုတ်မသုန်ကိုက်ကြည့်နေစမ်း၊အငွေ့တလူလူနဲ့ အမွှေးနံ့ကလေး ထွက်ပြီးလွင့်ပြန့်နေတယ်၊ အငွေ့ကလဲ ချက်ချင်းပျောက်၊ အမွှေးနံ့ကလဲ ချက်ချင်းပျောက်၊ အမွှေးတိုင်ကလေးရဲ့ သေးငယ်မှုန်မွှားတဲ့ အစိတ်အပိုင်းကလေးကလဲ ချက်ချင်းပျောက်၊ ပျောက်ပျောက်သွားတာ တွေ့ရတယ်။

''ဒီအတိုင်းပဲ ထွက်လေဝင်လေ ပျောက်ပျောက်နေတယ်၊ထွက်လေဝင်လေကို လိုက်မှတ်နေတဲ့ မှတ်စိတ်ကလေးကလဲ အမြဲပျက်နေပျောက်နေတယ်၊ အဲဒါတွေလာအောင် သဘောပေါက်လာအောင် ရှုမှတ်ရမယ်... ဒါ ဝိပဿနာပဲ။

"တချို့ သင်တန်းသားတွေက မေးကြတယ်၊ သမထနဲ့ ဝိပဿနာတူသလား၊ တူးသလားတဲ့၊ဦးတည်ချက်အားဖြင့်တူတယ်၊ လက္ခဏာအားဖြင့် ထူးတယ်၊အလုပ်တာဝန်အားဖြင့် ထူးကြတယ်၊ ''They are two ways of approaching to the same goal. While one is paying attention to the object, the other one is grasping it to analise.''

''သူတို့ဟာ ပန်းတိုင်တစ်ခုတည်းသို့ အသီးသီး ချီတက်ကြတယ်၊ တစ်ခုက အာရုံတစ်ခုကို စိုက်ပေးထားတုန်း အခြားတစ်ခုက သူ့လက္ခဏာတွေ ခွဲစိတ်ဖို့ ဆုပ်ကိုင်ထားတယ်။

''တစ်နည်းပြောရရင် စပါးရိတ် ဂျုံရိတ်တဲ့ လူတစ်ယောက်ဟာ လက်ဝဲလက်နဲ့ ကောက်ပင်ကို ကိုင်ဆုပ်ပြီး လက်ယာလက်နဲ့ ကောက်ပင်ကို ရိတ်သလိုပါပဲ၊ ကောက်သီး (စပါး၊ ဝါ၊ ဂျုံ)ကို ရလိုခြင်း ဦးတည်ချက်ကတော့ အတူတူပဲပေါ့။

(မေး) ''စိတ္တာနုပဿနာကို အခြား တစ်ချိန်မှာ သီးခြား ပြပေးပါ သလား ဘုရား။''

(ဖြေ) "မဟုတ်ပါဘူး၊ အဘိဓမ္မာသင်တန်းသားတွေ ဆိုတော့ ပြောရတာလွယ်တယ်၊ ဒီလိုရှုမှတ်နေဆဲခဏ ကိုယ့်စိတ်သန္တာန် အစဉ်ကြီးထဲမှာ အခုဖြစ်နေတာဘယ်စိတ်၊ လွန်သွားတဲ့စိတ်ကလေးဟာ ဘယ်စိတ်၊ အဲဒီစိတ်ကလေးဟာ တိုတောင်းတဲ့ စိတ္တက္ခဏကလေး အတွင်းမှာဘယ်လိုချုပ်ပျောက်တယ်ဆိုတာ လက်တွေ့အမှတ်ခိုင်း ပြန်အပြောခိုင်း၊ မှန်တယ်၊ မှားတယ် ရှင်းပြပြီး စိတ်အား ထက်သန်လာအောင် အားပေးစကား ပြောပေးရတာပါပဲ။

"ပြီးတော့ အခြားကသိုဏ်းလိုဟာမျိုးတော့သိရုံမျှဖြင့်ရှင်းပြတယ်၊ လက်တွေ့အလုပ် မခိုင်းပါဘူး၊ ဗြဟ္မဝိဟာရ ၄ပါးကို ဆင်တဲ့အခါတော့ မေတ္တာကို အတော် ကျယ်ကျယ်ပြန့်ပြန့် ပြောပြတယ်၊ မေတ္တာဟာ ပေါင်းသင်း ဆက်ဆံရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးများအတွက် အလွန်ထက်မြက် စူးရှတဲ့ လက်နက်တစ်ခု ဖြစ်တဲ့ အကြောင်း၊ လက်နက်ဒဏ်နဲ့ ကုန်းဘေးရေဘေးတို့ မဖြစ်ရအောင် အကာအကွယ် အစောင့်အရှောက်ပေးတဲ့အကြောင်း၊ အခြား ဘယ်ကမ္မဋ္ဌာန်းကိုမဆို အားထုတ်မယ်ကြံရင် ပထမဦးဆုံး ဘုရားကို ခန္ဓာအတ္တဘော အပ်နှင်းပြီးတဲ့အခါ မေတ္တာပို့ရတဲ့အကြောင်း အကျယ်ပွားများပုံနဲ့တကွ ပြောပြရတယ်။"

(မေး) "လူမှုရေး ပေါင်းသင်းဆက်ဆံရေးများမှာမေတ္တာကအကျိုးပြုတယ်ဆိုတာ ရှင်းပါတယ်ဘုရား၊ ပညာရေးနဲ့ စီးပွားရေးမှာ ဘယ်လိုများ မေတ္တာက အကြောင်း ဆက်ပေးပါလဲ ဘုရား"

(ဖြေ) သူတို့လဲ ဒီလိုမေးကြတာပဲ၊မေတ္တာဟာ တကယ်စူးစိုက်ပွားများမယ်၊ အဝေလ့ အကျင့်လဲ များလာမယ်ဆိုရင် စိတ်ဟာအလွန်ပဲ ကြည်လင်တယ်၊ စိတ်ဟာ သိပ်အရေးကြီးတယ်၊ တန်ခိုးလဲ အင်မတန်ကြီးတယ်၊ စိတ်ကြည်လင်မယ်၊ စူးစိုက်မှုရှိမယ်ဆိုရင် ပညာသင်လို့ အလွန်ကောင်း၊ စာကျက်လို့ ရလွယ်၊ အနက်အဓိပ္ပာယ်လဲ ပြတ်ပြတ်သားသား နားလည်တယ်၊ ဗုဒ္ဓမြတ်စွာရဲ့ နည်းအတိုင်း မေတ္တာအရင်းခံပြီး ပညာသင်ရင် ဒီပညာဟာ ဖျက်ဆီးရေးအတွက်လုံးလုံးရှေးမရှုဘဲသတ္တဝါအားလုံးအတွက် အကျိုးပြုမယ့်သိပ္ပံတီထွင်မှုတွေသာပေါ်လာမှာအမှန်ပဲ၊စီးပွား

ရေး လုပ်ကြတဲ့ လူတွေလဲ ရှောင်းလို့ဝယ်လို့ကောင်း၊ အလိမ် အညာမခံရ၊ ကူညီမစမယ်၊ မိတ်ကောင်း ဆွေကောင်းများ ပေါများမှာ အမှန်ပေါ့၊ အေး....ဒီလိုအကြောင်း ဆက်ပေး တယ်လို့ မှတ်ပါ''

(မေး) ''အနောက်က လူတွေယာ မေတ္တာပို့တယ်ဆိုတဲ့ အလေ့အလာ မရှိလို့ ယုံမှ ယုံပါ့ရဲ့လား ဘုရား''

(ဖြေ) ''အေး....မေးစရာပဲပေါ့၊ မေတ္တာအကြောင်းဟာပြောတဲ့အခါ အမေးအမြန်း တော်တော်ပေါတယ်၊ ကျန်းမာပါစေ ချမ်းသာ ပါစေ-ဆိုလို့ တစ်ဘက်သား ကျန်းမာသွားပါ့မလား၊ ချမ်းသာ သွားပါမလားတဲ့၊ မေတ္တာပွားလို့ ကျန်းမာ ချမ်းသာတယ်ဆို ရင် ဆေးရုံတွေ သွားပြီး မေတ္တာပို့ပေးစမ်းပါတဲ့၊ အကျိုး မရှိဘူးဆိုရင်လဲ အကျိုးမရှိတဲ့ အလုပ် ဘာကြောင့် အချိန်ကုန် ခံပြီး လုပ်နေမလဲတဲ့။

ဒီတော့ မေတ္တာပို့တယ်ဆိုတာ သူ့အတွက် မဟုတ်ဘူး၊ ကိုယ် အတွက်ပဲ၊ မေတ္တာပို့လို့ သူတစ်ဘက်သား ကျန်းမာလာချင်လာမယ်၊ မလာ ချင်လဲမလာဘူး၊ ဒါပေမယ့် စိတ်ရဲ့ မဟာမိတ်ဖြစ်တဲ့ စိတ်ကို ညစ်ထေး နောက်ကျအောင် လုပ်တတ်တဲ့ ဒေါသမာန ဣဿာမစ္ဆရိယတွေပေါ်မလာ ဘူး၊ ဖြူစင်ကြည်လင်တဲ့ စိတ်ကလေး ပေါ်လာနေတယ်၊ ကျွေးချင်မွေး ချင်တယ်၊ ပေးချင် ကမ်းချင်တယ်၊ ကူညီချင်တယ်၊ အနာရောဂါ ဝေဒနာ ဆိုးကြီး ပျောက်ကင်း သွားစေချင်တယ်၊ ဒါဟာ သူမှာ ဖြစ်တာ မဟုတ် ဘူး၊ ကိုယ့်မှာဖြစ်တာ၊ ဒါတွေ အကျိုးအမြတ်တွေ မဟုတ်ဘူးလား၊ ဒီမေတ္တာကို အကြောင်းခံပြီး သူနာပြုလုပ်ငန်းတွေ ဆေးရုံကြီး တွေ ပရ ဟိတလုပ်ငန်းတွေ ကြက်ခြေနီအသင်းတွေ ပေါ်လာရတာ မဟုတ်လား။ လောကသားတို့အတွက် လူကြီးလူကောင်း သူတော်သူမြတ်တို့ စိတ်ထဲမှာ ဒါတွေ ပေါ်လာတာဟာ ဘာကြောင့် ထင်သလဲ၊ မေတ္တာကြောင့်ပဲ၊ ဒီမေတ္တာကို လူတိုင်းနားလည်ပြီး လူတိုင်းပွားများ နေကြမယ်ဆိုရင် ရန် ဘယ်တော့မှ မဖြစ်ဘူး၊ စစ် ဘယ်တော့မှ မဖြစ်ဘူး၊ ဒါကြောင့် မေတ္တာ ဟာ ပွားကို ပွားကြရမှာလို့ ဖြေရတာပေါ့''

## ဆရာတော် အရှင်သေဋ္ဌိလ၏ ကျန်းမာရေး

ယခုစာရေးသည့် အချိန် သက်တော် (၇၈) နှစ်ရှိ သည် အထိ ဆရာတော်၏ ကျန်းမာရေးသည် ဖောက်ပြန် ချွတ်ယွင်းခြင်းမရှိ။ ပကတိ ကောင်းမွန်နေသည်ကို တွေ့ရ၍ ဆေးဝါးဓာတ်စာ မှီဝဲခြင်းကြောင့်လော၊ ကိုယ်တိုင်သတိရှိ၍ နေတတ် ထိုင်တတ် ခြင်းကြောင့်ပေလော သိလိုသည့် အလျောက် မေးမြန်းလျှောက်ထားကြည့်ရာ ဆရာတော်က....

"ငါ့ကျန်းမာရေးက ဆေးစားလို့ ကောင်းတာ မဟုတ်ပါဘူးကွ၊ သတိနဲ့ယှဉ်တဲ့ စောင့်ရှောက်ထိန်းသိမ်းမှုကြောင့်လို့ ဆိုရမှာပေါ့၊ အသက်ကြီးလာတဲ့ အပိုင်းကျတော့ ဒေါက်တာမင်းစိန်လို ဆရာဝန်ကြီးတွေရဲ့ လျှောက်ထားချက်အရ ဘားပလက်စ်တော့ ဆွမ်းစားပြီးစ တစ်နေ့နှစ်လုံး စီလောက်စားတယ် သည့်ပြင် ဆေးဝါးဓာတ်စာရယ်လို့ အထူးမရှိပါဘူး"

(မေး) "ကြီးကြီးကျယ်ကျယ် ရောဂါ တစ်စုံတစ်ရာ မဖြစ်ဖူးပါလား ဘုရား"

(ဖြေ) "ဘယ်မဖြစ်ဖူးပဲ ရှိမလားကွ၊ ဒီရုပ်ကြီးဟာ အိုတတ် နာတတ် အခံခက်ခဲတတ်တဲ့သဘော၊ ရောဂါဘယတွေရဲ့ တည်ရာဖြစ်တဲ့ သဘောအတိုင်းပဲ၊ ရောဂါဆိုတာဖြစ်တာပေါ့၊ မှတ်မှတ်ရရ ငယ်ငယ်ဘုန်းက၊ ငယ်ငယ်ဆို ၁၆-နှစ် သားတုန်းကပေါ့ကွာ၊ မန္တလေးမစိုးရိမ်ကို စာသင်ရအောင် သွားမလို့ ရထားစီးတယ်၊ ရထားပေါ် ရောက်ကတည်းက ဆီး အောင့်တောင့်တောင့် ခံစားရတယ်၊ ဆီးသွားပြန်တော့လဲ များများမသွားဘူး၊ နည်းနည်းပဲသွားတယ်၊ သွားပြန်တော့လဲ ပူပြီးတော့ကျင်တယ်။

"ထူးခြားတဲ့အဖြစ်အပျက်တခု စကားစပ်လို့ပြောရဦးမယ်၊ ရထားပေါ်ရောက်ပြီး မကြာခင်မှာပဲ သာစည်ဘူတာက ထင်တယ်၊ဘုန်းကြီးတစ်ပါးတက်လာတယ်၊ နေရာထိုင်ခင်း ယူပြီးတဲ့ နောက် အနီး အနားမှာရှိတဲ့ လူသုံးလေးယောက်ရဲ့ မျက်နှာကို ဟိုကြည့်ဒီကြည့် ကြည့်ပြီးတော့ တစ်ခါတည်း စွတ်ပြောလိုက်တယ်၊ မင်းတို့ကိစ္စတစ်ခုနဲ့ သွားမလို့၊ အဲဒီကိစ္စဟာ အောင်မြင်မှာမဟုတ်ဘူး၊ ငါ အတိအကျ သိတယ်၊ မင်းတို့မသွားတာပဲ

ကောင်းတယ်' ဤသို့ ပြောလိုက်သောအခါ ထိုလူများသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ထိုဘုန်းတော်ကြီးကို မစံ့မရဲ လျှောက်ထားကြသည်။

"တပည့်တော်တို့ သွားမှာက ရုံးကိစ္စ ပါဘုရား၊ အမှုဖြစ်နေလို့ ရုံးချိန်းအရ သွားရတာပါ။ အရှင်ဘုရားက တပည့်တော်တို့မအောင်မြင်ဘူးလို့ ပြောတာ ဘယ်လို အချက်အလက်များ သိထားလို့ပါလဲဘုရား၊ တပည့်တော်တို့ အနေနဲ့တော့ အခုကိစ္စမှာကိုယ့်ဘက်က မိမိရရ ခိုင်ခိုင်မာမာ အမှန်တရားလဲ ဖြစ်တဲ့အတွက် မုချပဲ နိုင်လိမ့်မယ်လို့ ယူဆထားပါတယ်ဘုရား'

'ငါ့ကိုတော့ ဘယ်လို အချက်အလက် အကြောင်းလို့ ပြန်မေးမနေနဲ့၊ ငါ့အသိ ငါ့ပညာနဲ့ ငါပြောတာပဲ"

ထိုစဉ်တွင် ဆရာတော် အရှင်သေဋ္ဌိလ အလောင်းဖြစ်သော မောင်ရှင်သည်လည်း မိမိ၏ စာအုပ်စာဝမ်း ထည့်သိုထားသည့် ဖာသေတ္တာများကိုအနည်းငယ် ရွှေ့ပြောင်းရင်း ထိုဘုန်းတော်ကြီးနှင့် ဒကာများ၏ အပြန်အလှန်ပြောဆိုနေသံကိုတစေ့တစောင်း နားထောင်လျက်ရှိနေသည်၊ ထိုအခါ ဘုန်းတော်ကြီးက ပင်....

"ဟိုကိုရင်က စာသင်သွားမယ့်ကိုရင်နဲ့ တူတယ်၊ မင်း တစ်ပတ်အဘွင်းပြန်လာရလိမ့်မယ်၊ ရောဂါတစ်ခု ဖြစ်လိမ့်မယ်'ဟု မိန့်တော်မူလိုက်ပြန်သည်။ ရှင်သေဋ္ဌိလသည်မယုံတစ်ဝက် ယုံတစ်ဝက်နှင့်ထိုဘုန်းတော်ကြီး မျက်နှာကိုမော့၍ ကြည့်မိသည်။ မကြာမီ ရထားဆွဲဆောင်ရာသို့ အသီးသီး လိုက်ပါကြရင်း ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်သလို ဖြစ်၍သွားကြသည်။

မန္တလေးရောက်ပြီး မကြာမီပင် မိမိ၏ ဆွေရိပ်မျိုးရိပ်မကင်းသော ဘုံကျော်တိုက်တိုက်အုပ်ဆရာတော်ရှိရာ ကျောင်းသို့ပစ္စည်းများတင်ဆောင်လျက် ရောက်သွားသည်နှင့်တစ်ပြိုင်နက် ဆီးသွားလိုသောစိတ် ပေါ်၍လာသည်။ ကျဉ်သလိုလို၊ အောင့်သလိုလိုလည်း ခံစားရသည်။ ထို့ကြောင့် တိုက်အုပ်ဆရာတော်ကိုဝပ်ချပြီး ပစ္စည်းများမသိမ်းဆည်းရသေးမီ ကုဋိရှိရာ မေးမြန်း၍ ကပျာကယာ သွားရောက် ကျင်ငယ်စွန့်သည်။ ဆီးများများ

မထွက်ဘဲ မခံသာအောင် ပူလျက်နေသည်။ ဆီးသွားလိုစိတ်တလည်း မပျောက်သေး၊ ထပ်၍သွားပြန်သောအခါ တစ်စက်စက်မျှသာထွက်၍ နာကျင် ကိုက်ခဲ၍သာနေသည်။ ထို့ကြောင့် ရုတ်တရက် ကျင်ငယ်အိမ်မှ မထွက်သေးဘဲ ၁၀-မိနစ်ခန့်ထိုင်၍ နေရသည်။

ကုဋီမှ ကျောင်းပြန်ရောက်သောအခါ တိုက်အုပ်ဆရာတော်က— "ဘာဖြစ်နေတာလဲကွ၊ ကြာလှချည်လား"ဟု မေးသောအခါ မျက်နှာအနည်းငယ် ရှုံ့လျက် ဆီးမသွားနိုင်ကြောင်း လျှောက်ထားလေသည်။ "ယာယီပါကွာ၊ ခရီးသွားတုန်းမို့ ဆီးချုပ်သွားလို့ ဖြစ်တာပါ"ဤသို့ ပြောဆိုပြီး စာအုပ်သေတ္တာ စသည်များကို တစ်နေရာတွင်ထားစေ၍ နေရာထိုင်ခင်းပေးကာ အနားယူစေသည်။ အိပ်ရာပေါ်၌ လဲလျောင်းအနားယူနေသော်လည်း ဆီးသွားလိုစိတ်သည် မပျောက်ဘဲရှိနေလေသည်။ ဆီးသွားမည်ဟု စဉ်းစားလိုက်သောအခါ ပူခြင်း နာခြင်းကို ခံစားမိပြန်သည်။ ဤသို့လျှင် တစ်ညသုံး အိပ်၍ပျော်သည်မရှိ။ ဆီးသွားချင်လျက် ထ၍သွားသောအခါဆီးမရ၊ပူခြင်းနာခြင်းကိုသာ ခံစားနေရသည်။ဤသို့ ချွတ်ချွတ်တလူးလူးနှင့် ဖြစ်နေသည်ကိုသိရ၍ တိုက်အုပ်ဆရာတော် ထလာကာ— "ဘယ့်နှယ်လဲကွ—အိပ်လို့မရဘူးလား၊ မင့် ဆီးရောဂါက ဈေးက ဒီလိုပဲဖြစ်ဖူးသလား၊ သိပ်ပြီးပင်ပန်းနေရင် ကုဋီသွားမနေပါနဲ့ကွာ၊ ဒီ ကြမ်းပေါ်ထဲကပဲ စွန့်ချပါ"ဟု ပြော၍ ပြန်ကြွသွားလေသည်။

နံနက်မိုးသောက်သောအခါ စားလိုသောဆန္ဒလည်းမရှိ၊ အိပ်ချင်မူးထူးဖြင့် အိပ်ရာထဲ၌ လှဲ၍နေသော်လည်း အိပ်၍ကားမပျော်၊ဆီးအတွက်ကြောင့် အခံရခက်လျက်သာ ရှိနေလေသည်။ တိုက်အုပ်ဆရာတော်က မသက်သာမှန်းသိ၍ မြန်မာဆရာတစ်ယောက် ခေါ်ပေးသည်။

ဆရာရောက်လာသောအခါ ချက်ချင်းဆေးတစ်ခွက်တိုက်ပြီးနောက် စားသုံးရန် ဆေးများကိုပေး၍ ပြန်သွားလေသည်။ ထိုနေ့ တစ်နေ့လုံး သက်သာသည်ဟူ၍ မရှိ၊ ပို၍ပင် ဆိုးလာသယောင် တွေ့ရသည်။ အရပ်ပြန်ပြီး ဆေးကုမှ နေရာကျတော့မည်ဟု စဉ်းစားမိကာ တိုက်အုပ်ဆရာတော်ကို သွား၍လျှောက်သည်။ဆရာတော်ကလည်း အံ့အားသင့်ကာ

"မင်းကွယ် ရောက်တာမှမကြာသေးဘူး၊ အရပ်ပြန်ရတယ်ဆိုတော့ 
24 ကြားလို့ မကောင်းပါဘူး၊ နေပါဦး၊ ဆရာလဲ ခေါ်ထားသားပဲ၊ ဆရာ့

ဆေးကို မှီဝဲကြည့်ဦးမှပေါ့” ဟူ၍ ပြောနေပြန်သဖြင့် အသာအောင့်ကာ တစ်ရက်နှစ်ရက် မနေလိုက်ရပြန်သည်။ ဆရာကို သုံးကြိမ်ပင့်ခေါ်၍ ဆေးကုစေသည်၊ သက်သာမှုကို မရပေ၊ စားပြန်သော်လည်း အရသာဟူ၍မရှိလှ။ နှစ်နှစ်ခြိုက်ခြိုက်လည်း အိပ်၍မပျော်။ ရောဂါထဲတွင် စိတ်ရောက်နေသဖြင့် နေမထိထိုင်မသာ ဖြစ်၍နေလေသည်။ သုံးရက်မြောက်သောနေ့၌ တိုက်အုပ်ဆရာတော်ကို နားပူနားဆာလျှောက်၍ အကုပ်အပိုးများ ထုပ်ပိုးကာပြန်မည်ပြုလေသည်၊ တစ်ယောက်တည်းလမ်းတွင် အခက်အခဲ ကြုံမည်စိုးသဖြင့် ရွာနီးချင်း အရှုပ်သားကိုရင်ကြီးတစ်ပါးကို တိုက်အုပ်ဆရာတော်က အဖော်ထည့်ပေးလိုက်လေသည်။ ပျော်ဘွယ်ရောက်သောအခါ ၅-မိုင်လောက် လှည်းစီး၍ ရွာအရောက် သွားလေသည်။

ထိုရပ်သို့ ပြန်၍ရောက်သောအခါ ဆရာတော် အရှင်ကဝိန္ဒက မျက်စိမျက်နှာမကောင်း၊ အသားအရေလည်း ကြုံလှီလျက် ဝန်စည်စလယ်များနှင့် ပြန်ရောက်လာသော တပည့်မောင်ရှင်ကို အကျိုးအကြောင်းမေးမြန်းသည်၊ ဆီးရောဂါဖြစ်ကြောင်းသိရသောအခါ “ဒါမခက်ပါဘူးကွာ၊ ဆီးရောဂါဟာ သင်မသာရင် ဖြစ်တတ်တယ်၊ မင်းဟာ ငရုတ်သီးလဲ တော်တော်ကြိုက်တာယ် အပူတွေအစပ်တွေ စားလွန်းရင် ဒီလိုပဲ ဖြစ်တတ်တာပဲ” ဤသို့ ပြောပြီး မယ်ဇလီရွက်များကို တစ်ပြည်သားလောက် ကျောင်းသား တစ်ယောက်ကို အရှာခိုင်း၍ သုံးခွက်တင်ခွက် တင်ကျိုစေသော ပျားရည်နှင့် တိုက်ပေးသည်။ လက်ဖက်ရည်ပန်းကန် ထက်ဝက်လောက်တစ်နေ့သုံးကြိမ်သောက်ရသည်။ ကြက်ဟင်းခါးရွက် ကြက်ဟင်းခါးသီးများကို ဟင်းချိုချက်စေ၍လည်းကောင်း၊ ဆီပြန်ချက်စေ၍လည်းကောင်း၊ ခေတ်စွာအဖြစ်စားစေသည်၊ ဆရာ၏ မေတ္တာကရုဏာကို ယုံကြည်၍တစ်ကြောင်း၊ ဆေးဝါးဓာတ်စာနားလည်မှုကို နဂိုကပင်စိတ်ချပြီးသားဖြစ်၍တစ်ကြောင်း စားသောက်သောအခါ စား၍လည်းအရသာရှိသည်။ သက်သာသည်ဟုလည်းထင်မိသည်၊ နောက်ပေါက်သွားသောအခါ အမျှင်အမျှင်တွေ ကျလာသည်ဟု ထင်လိုက်ရသည်၊ ဆီးထဲမှလည်းနောက်ကျိသော အညစ်အကြေးများကျလာသည်ကို တွေ့ရသည်။ ဤသို့ဖြင့် ၇–ရက်အတွင်းမှာဆရာတော် အရှင်ကဝိန္ဒ၏ ဓာတ်စာဖြင့်ပင် ရှင်းရှင်းပျောက်၍ သွားလေသည်။/

ဆရာတော်က မှာကြားသည်မှာ “နောက် မင်း ဒီစာကို စားရင် သတိပြုစားပါ၊ အစာကြေလောက်တဲ့အချိန်မှာ တစ်ခုခုဖောက်ပြန်လာရင်

မနက်တုန်းက ငါ ဘာစားတယ်၊ ဘယ်အရွက် ဘယ်အသီး စားတယ်၊ ဘယ်အသားစားတယ်ဆိုတာ ပြန်စဉ်းစားရမယ်၊ ဘယ်ဟာဖြင့် ဝ ညှိတယ်၊ ဘယ်ဟာဖြင့် မတည့်ဘူးဆိုတာ တစ်ခါနှစ်ခါ တွေ့ကြုံလာ ယင် ကိုယ်နဲ့တည့် မတည့်ဆိုတာ သိရောပေါ့။ ပြီးတော့ စားသောက်ပြီးယင်လဲ ရမကြာကြာ သောက်ရတယ်၊ သိပ်လဲမသောက်ရဘူး၊ ရေဆိုတာက အစာလဲ ကြေစေ တယ်၊ သီးရောခတ်ရော နှစ်ပါးစလုံး အကျိုးပြုတယ်၊ မျှစ်ချဉ်ဟင်း ပဲကြီး ဟင်းများရှောင်ပါ—ဟူ၍ ဩဝါဒ ပေးလေသည်။

ထိုအချိန်မှ စ၍ အစားအသောက်ကို အထူးသတိထား၍ စား သောက်ခဲ့သည်။ တော်၏မတော်၏တည့်၏ မတည့်၏ဟူ၍ သည်ကိုစားသောက် ရင်းပင် မိမိဘာသာ မှတ်သားလာခဲ့သည်။ ရထားပေါ်တွင် အမှတ်မထင် ထိုဘုန်းတော်ကြီးပြောဆိုချက်သည်အကယ်မှန်၍နေကြောင်းတွေ့ရှိရသည်။ ထိုမျှမက မန္တလေးသို့တက်၍ တရားဆိုင်ကြရာသော ထိုလူများသည်လည်း အမှုရှုံး၍သွားကြောင်း နောင်သောအခါ ကြားသိရလေသည်။

ရှင်သေဋ္ဌိလသည် ထိုအချိန်မှစ၍ အစားအသောက် စားတိုင်း သတိနှင့် စားသောက်တတ်လာသည်။ အပူအစပ်များကို ကြိုက်သော်လည်း ရှောင်နိုင်သမျှရှောင်သည်။ မရှောင်နိုင်၍ စားမိလျှင် အနည်းငယ်မျှသာ စားတော့သည်။

(မေး) ဗိုက်ကြီး ကြီးကြီးကျယ်ကျယ် ဖြစ်ပြီး နောက် ရောဂါ ဝေဒနာ ပြင်းပြင်းထန်ထန် မဖြစ်တော့ပါဘူးလား ဘုရား။

(ဖြေ) သီဟိုဠ်ကျွန်းမှာ နေတုန်းက တစ်ခါ ဖြစ်သေးတယ်၊ ဆေးရုံတက် ကုရတယ်၊ ဆရာဝန်တွေလဲ အမျိုးမျိုးဆေးထိုးကြ စားဆေး ပေးကြနဲ့ ကုပေးကြပါတယ်၊ သက်သာ ပျောက်ကင်းတယ် မရှိဘူး၊ တစ်လကျော်ကျော်လောက် ကြာတယ်၊ ကျောင်းရောမ ဆရာတော် ဦးဝိနယက မြန်မာပြည်ပြန်ပြီး ဆေးကုဖို့ ကြင်ကြင် နာနာနဲ့ ပြောရှာပါတယ်၊ ငါကလဲ မြန်မာပြည် မပြန်ချင်ဘူး၊ ဆေးရုံဘက်သို့ နေရာမကျတော့ ဘာအာလ်ယက်ကုန်ခန်း၊ လူလဲ ပိန်ကြုံနေတော့တယ်၊ ဒါနဲ့ ဆေးရုံက ဆင်းပြီး ကိုယ်စ ချင်တဲ့ ဟင်းအချက်ခိုင်းပြီး စားတယ်၊ ဆရာတော်ဦးကေဝိန္ဒ (ပေ ဆရာ)ရဲ့

ခေတ်ပေးခေတ်ယူ သဘော နည်းနည်း ရိပ်စားမိသလောက် ပြုပြင်ပြီး စားသောက်ကြည့်တယ်၊ ဒါနဲ့ပဲစားသောက်ကောင်းပြီး အားအင် ပြန်ရှိလာတယ်၊ နောက် လုံးလုံး ပျောက်ကင်းသွားတယ်၊ မကုဋ္ဌာရာမ ဆရာတော်တွေတော့ အံ့အားသင့်ပြီး "ဟေ့....မင်း ဘယ်ဆေးနဲ့ တဲ့သွားလဲ၊ ဘယ်ဆရာနဲ့ ကုလဲ"လို့ မေးရှာတယ်၊ "ဟာ....ဘယ်ဆရာမှ မခေါ်ပါဘူး ဘုရား၊ တပည့်တော်ဘာသာ စဉ်းစားပြီး သင့်မယ်ထင်တဲ့ ဟင်းသီးဟင်းရွက်ကလေးနဲ့ ဖန်တီးပြီး ခေတ်စာသဘောနဲ့ စားပါတယ် ဘုရားလို့" လျှောက်လိုက်ရတယ်။

"နောက်ဆိုရင်နှာစေးချောင်းဆိုးလောက်ပဲ ဖြစ်တော့တယ်၊သဘောဇနမတ္တညုအဘိုင်းအရှည်သိပြီး Moderate ဖြစ်အောင်စားသောက်နေထိုင်ရတာအင်မတန်ချမ်းသာတယ်၊ ပြီးတော့ပူပင်ကြောင့်ကြမှုများရင်လူဟာ အသက်တိုတယ်၊ လူအိုဘယ်၊တောင်ငူတုန်းက အသက်တစ်ရာကျော်အဘွားကြီးတစ်ယောက်နာမည်ကြီးလွန်းလို့သွားကြည့်ကြရတယ်၊ ဘယ်ဆေးဘယ်ဝါးများ မှီဝဲပါသလဲလို့ မေးကြတာပေါ့။

အဘွားကြီးက ကျွန်မ ငန်းဆေးပဲ သောက်ဖူးပါတယ်၊ဆီးခေတ်တွေဆိုတာ အဆင်မပြေဘူး ထင်ရင် မန်းကျည်ဖျော်ရည်လေးပဲ သောက်ပါတယ်၊ အစားအသောက်လဲ ဇီဇာမကြောင်ဘူး၊ အသီးအရွက်ကလေးငါးကလေးယောက်နဲ့ပဲ မျှတဘာပါပဲ၊ အိမ်ကလူကြီး ဆုံးပြီးစ သားတွေ ၈၀–ရွယ် ၇၀ ကျော်အရွယ်တွေလဲ သူ့အိမ်ထောင်နဲ့ သူနေကြ၊သားအငယ်ဆုံးက အသက်၆၀–လောက်မှာဆုံးတော့နွားတစ်စီး၊လှည်းတစ်ရှဉ်း၊ လယ် ၁၀ ဧကလောက် ရှိပါတယ်၊ ငွေလဲ လက်ထဲ၃၀ဝိ–ထက်ပိုမကိုင်ဖူးပါဘူး၊ တောင့်တောင့်တတဘာလေးဖြင့်လိုချင်လှပါတယ်လို့လဲမရှိ၊ ဘယ်ဟာလေးတွေဖြင့် ပျက်စီးပျောက်ဆုံးပါတယ်လို့လဲ မပူလှ၊အေးအေးပဲနေပါတယ်၊ အိမ်ရှေ့ဘက် ဥယျာဉ်ကလေးထဲမှာ ရွက်ရော်ဝါတွေ ကြွေကျသလို ရွက်နုကလေးတွေလဲ ပြုတ်ပြတ်ကျတာ တွေ့ရတာပဲ၊အသီးတွေလဲ အငယ်ကလေးတွေ အကင်းကလေးတွေ ကြွေသလို မှည့်ရင့်လို့ ကြွေတာတွေလဲ ရှိတာပဲ၊ ဒါတွေဟာ ဖြစ်ရိုးဖြစ်စဉ်တွေပဲ၊ အသီးတဝင်းဝင်း အကင်းတဖုတ်ဖုတ်ဆိုတာလို သားတွေ လင်တွေသေတော့ မျက်ရည်တစ်ပေါက်မှ မကျပါဘူး

တရားကျပြီး မပူမပင် စိတ်ချမ်းသာမှုကို ရှာနေတာပဲ''ဟူ၍ လေအေး ကလေးနဲ့ အေးအေးဆေးဆေး ပြောနေတာကို တွေ့ခဲ့ရတယ်၊ သူ့ဒင်မ်က သွပ်မိုးဝါးထရံကာ သပ်သပ်ရပ်ရပ်ကလေးရှိတယ်၊ အဆုံးမတော့ အစား အသောက် အနေအထိုင် အခရာ၊ ပူပင်ကြောင့်ကြမှု နည်းနိုင်သမျှ နည်း တာဟာ စိတ်ချမ်းသာရေး ကျန်းမာရေးလို့သဘောပေါက်တယ်။

ဦးဇင်းကလေးတစ်ပါး အင်္ဂလိပ်စာသင်ပေးတုန်းကRapid Reader နံပါတ်၅–မှာထင်တယ်၊ ပါရှင်းလယ်သမား လင်မယား ဇာတိုးအဘွား အကြောင်း ပါလာတာ မှတ်မိတယ်၊ ဒီလယ်သသမား လင်မယားဟာ ဟိုငယ်ရွယ်စဉ် စီးပွားဥစ္စာ မရအရ အပူတပြင်း ရှာဖွေနေစဉ်တုန်းက သားသမီးတွေကလဲများ၊ စီးပွားရေးလဲ ကောင်း၊ အိမ်နဲ့ခြံနဲ့ ခိုက်တွေ သိုးတွေလဲများတော့ ဟိုတုန်းကအနေနဲ့ ပျော်စရာပဲလို့ထင်ခဲ့တယ်၊စိတ်ကြီး ဝင်ခဲ့မိတယ်၊ ရပ်ထဲရွာထဲမှာ မျက်နှာရှိတယ်၊ ဘယ်ကိစ္စမဆို ရှေ့တန်းက နေခဲ့ရတာကို အဟုတ်ကြီး ထင်ခဲ့ဘယ်။

''နောက်ပိုင်း အသက်အရွယ် နည်းနည်းထောက်လာတော့သားသမီး တွေလဲ အိုးအိမ်အသစ် ထူထောင်ကြ၊ သိုးဆိတ်တွေလဲ သေကျေပျက်စီး ကုန်ကြရော၊ဒီတော့မှ အရပ်ထဲက ကြေးရတတ်တစ်ဦးထံမှာ သိုးကျောင်းတဲ့ အလုပ်တစ်ခုလုပ်ပြီး အေးအေးနေကြရဘယ်၊ သူပေးတဲ့ တဲကုပ်ကလေးထဲ မှာ နေရပေမယ့် ဘာမှမပူဘူး၊စောစောအိပ်ရာဝင်၊ဘုရားထံ ဆုတောင်းပြီး ချမ်းချမ်းသာသာ နေရတယ်၊ ဟိုတုန်းကဆို တော်တော်နဲ့မအိပ်ရ၊ပူပန်ရ ကြောင့်ကြရတာတွေ များလွန်းလို့ နံနက်ကျတော့လဲ မိုးမလင်းခင်ထပြီး အော်ကာဟစ်ကာ ပြောရဆိုရ လုပ်ရှားရတယ်၊အခုတော့ တယ်အေးတာပဲ၊ မပူမပင်ရဘူး၊ ဘုရားအလုပ် လုပ်ရဘယ်၊အခုမှ ဘဝချမ်းသာ တွေ့ရတော့ တယ်လို့ ပြောတဲ့အကြောင်း ရေးသားထားတယ်။

''တို့ပါဠိတော်ထဲမှာလဲ ''အတိတ်ကိုစွဲပြီး မပူပန်ပါ၊အနာဂတ်ကိုလဲ၍ မတောင့်တပါ၊ ပစ္စုပ္ပန်ရှိဘာလေးနှင့် မျှတပါသည်၊ထို့ကြောင့် ရုပ်ဆင်း ကြည်လင်ပါသည်''လို့ ဟောထားတာ ရှိသားပဲ။

''ဒါကြောင့် တို့ကျန်းမာရေး ကောင်းခြင်းရဲ့ အကြောင်းတစ်ရပ် ကတော့ စိတ်အေးအေး ထားတတ်ခြင်း၊ ပူပန်ကြောင့်ကြမှု ကင်းခြင်း ပဲလို့ ဆိုနိုင်ပါတယ်၊ တစ်ခါတုန်းက အင်္ဂလန်မှာ နေတုန်းကပေါ့၊ဟာဝါယီ

ကျွန်းမှာ အစည်းအဝေး တစ်ခုရှိလို့ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အနေနဲ့ တက်ရောက်ရတယ်၊ ဒီအခါမှာ အသက်၁၁၀--ရှိတဲ့ ဒိန်းမတ်အဘိုးကြီး တွေ့ တွေ့ခဲ့ကယ်၊ အများအားဖြင့် ခရစ်ယာန်တွေပေါ့၊ သူတို့အသက်ရှည် ခြင်းရဲ့ အကြောင်းကို မေးကြည့်တဲ့အခါ ပြောတဲ့အထဲက....

၁။ အနာဂတ်အတွက် အိုစာမင်းစာကိုယ်တိုင်က တည်းက ရှာဖွေ စုဆောင်းခြင်း၊ ယင်းသို့ စီမံခြင်းဖြင့် နေနိုင်ရုံ အိမ်ပိုင်ကားပိုင် ရှိခြင်း၊

၂။ နောက်ပေါ် ခေတ်ပေါ် ဆေးမှိုဝဲ၊ ရှေးမိရိုးဖလာဆေးသာ စားခြင်း၊

၃။ အစားအသောက်ကို မိမိနှင့် သင့်ရာရွေးချယ်စီမံစားသောက် ခြင်း၊

၄။ ပြဿနာပေါ်လာလျှင် ဖြေနိုင်ရင်ဖြေ မဖြေနိုင်လျှင် မစဉ်းစား တော့ခြင်း၊

၅။ Don't pay any attention to the problems, don't entertain the worryings. ပြဿနာတွေကို အာရုံ မစိုက်နှင့်၊ စိတ်ပူပန်ခြင်းကို လက်မခံနှင့်၊ ဒီအချက် ၅--ချက် လောက် မှတ်သားမိတယ်။

"ပြီးတော့ ပြောတတ်ကြတယ်၊ 'သင်မရှိ မဖြစ်နိုင်၊ ငါမရှိ မဖြစ် နိုင်" မဟုတ်ဘူး၊ သူ မရှိလဲ ဖြစ်တာပဲ၊ ငါမရှိလဲ ဖြစ်တာပဲ၊ သင်မရှိလဲ ဖြစ်တာပဲ၊ မြန်မာစကားမှာ ငကန်းသေငစွေ ပေါ်လိမ့်မတဲ့၊ ဟုတ်လား။ ရယ်စရာပြောတာ မဟုတ်ဘူး၊ တကယ့်အဖြစ် ပြောရဦးမယ်၊ ခွေးသားအုပ် မကြီးတစ်ကောင် မကြာမီက တွေ့ရတယ်၊ သား--၅ကောင်ရှိတယ်၊ ခွေးမ ကြီးဟာ သူ့သားကလေးတွေကို ဟိုကဒီက ရှာဖွေကျွေးတယ်၊ ခွေးကလေး တွေဟာ မဝတဝပဲ စားရရှာတယ်၊ တော်တော်နေ ခွေးမကြီး သေသွား ရော၊ ခွေးကလေးတွေတော့ ခက်ပြီ၊ သေကုန်ကြတော့မှာပဲလို့ အောက် မေ့တယ်၊ ဘယ်ဟုတ်မလဲ၊ ခွေးမကြီး မရှိတော့မှ ဟိုလူကလာကျွေး ဒီလူက လာကျွေးနဲ့ ခွေးကလေးတွေ ဖီးလို့ဝလို့၊ ဒါကြောင့် ငါမရှိ မဖြစ်ဘူးလို့ ဆိုပြီး မပွပါနဲ့၊ သူ့ဟာသူ ဖြစ်နေ့ာပါပဲ။

''နောက်ဆုံးတစ်ခုကတော့ စိတ်အလုပ်ပဲကွ၊ ငါ့ကိုယ့်ကို စိတ်အလုပ် လုပ်ထားတဲ့သူ တစ်ယောက်ဟာ သေချိန်ကျလို့ သေခါမှ သေရော၊ ကျန်းမာ ဖြစ်ခဲ့တယ်၊ ဟိုဘဝက ပါလာတဲ့ ကံကောင်းကံကြွေးရှိလို့ ခံရတာ မျိုးမှတစ်ပါး ကျန်းမာရေး မထိခိုက်နိုင်ဘူးဆိုတာ တို့တကယ်ယုံကြည် တယ်၊ အလုပ်လုပ်နေတယ်၊ အလုပ်လုပ်နေလို့ ညအိပ်ချိန်နည်းသွားမယ်၊ ဘာမှမဖြစ်ဘူး၊ စိတ်အလုပ်ပြောတာနော်၊ ကမ္မဋ္ဌာန်းပေါ့၊ သူများကို တရားသာ ဟောတယ်၊ ကိုယ်ကတော့ မလုပ်ဘူးဆိုတာ မဟုတ်ဘူးကွယ့်၊ မကောင်းဘူး၊ ဩစတြေးလျရောက်တော့ သူတို့ကို ကမ္မဋ္ဌာန်းအကြောင်း ပြောပြီး လက်တွေ့ အလုပ်လုပ်ခိုင်း၊ ကိုယ်ကလဲ ဒီအခါမှာ စိတ်စူးစိုက်ပြီး တကယ်လုပ်တယ်၊ ဟန်လုပ်တာ မဟုတ်ဘူး၊ ဘုရားဟောတော်ကို ကိုယ်တိုင် နှစ်နှစ်ကာကာကြီး ယုံကြည်ပြီး အလုပ်လုပ်ပြ၊ သူတစ်ပါးလဲ နှစ်နှစ်ကာကာ ယုံကြည်လာမယ်၊ အလုပ်လုပ်မယ်၊ ဒါဟာ ငါ့ဝါဒ ငါ့အယူအဆပဲ၊ အား ဒါကြောင့် ငါ့ကို ခေတ်ဆန်တဲ့ဘုန်းကြီးဆိုပြီး အပြောသမားသက်သက်၊ အဟောသမားသက်သက်လို့ ထင်တဲ့လူ ရှိတယ်၊ မဟုတ်ဘူး၊ ငါငယ်ငယ် ကတည်းက လုပ်ခဲ့တာပဲ၊ ဒီအလုပ်ကလဲ ငါ့ကို ကျန်းမာစေတယ်လို့ ငါ ယူဆတယ်။

''နောက်တစ်ခုက physical exercise ကိုယ်လက်လှုပ်ရှားခြင်းဟာ ကျန်းမာရေးအတွက် အလွန်အရေးပါတဲ့ လေ့ကျင့်မှုအစီအရင်ပဲ၊ လမ်း လျှောက်ခြင်းဟာ ကမ္မဋ္ဌာန်းထိုင်တဲ့ ပုဂ္ဂိုလ်များ ထိုင်ပြီး အလုပ်လုပ်ရတဲ့ Sedentary worker များအတွက် လမ်းမလျှောက်လို့ ဖြစ်ကိုမဖြစ်ဘူး၊ ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်မှာ စင်္ကြံသွားခြင်းရဲ့ အကျိုးငါးပါး ဟောထား တာ ရှိတယ်။

''ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကြေညက်၊ မပျက်သမာဓိ၊ ငါးပါးရှိ၊ များ၏ စင်္ကြံအကျိုးတည်း.. အဲဒီ ၅ပါးပေါ့၊ ငါတော့ အင်္ဂလန်မှာနေတုန်းက ဘယ်လောက်အေးအေး ထွက်လျှောက် တာပဲ၊ မိုးသိပ်များလို့ မထွက်နိုင်ရင် Indoor exercise လုပ်တယ်၊ Touch-toe ခြေဖျားကို ထိအောင်ကွေးညွတ်ရတဲ့ လေ့ကျင့်ခန်းမျိုးတွေ မပျက်မကွက် လုပ်လေ့ရှိတယ်၊ ဒါကြောင့် နှာစေး ချောင်းဆိုးမှတစ်ပါး အခြားရောဂါ ဖြစ်တယ်လို့ သိပ်မရှိပါဘူး''။

## ဆရာတော် အရှင်သေဋ္ဌိလ၏ အင်္ဂလိပ်စာရေးဟန်

ဆရာတော်၏ရေးဟန်သည် လွယ်ကူသည်။ ရှင်းလင်းပြတ်သားသည်။ အသိခက်သော စကားလုံးများကို မသုံး။ ဝါကျတိုများဖြင့် နားထောင်သူ နားရှင်းအောင် ရေးတတ်သည်။ မလွဲမရှောင်သာမှ ဝါကျရှည်များကို အသုံးပြုသည်။ Good English အင်္ဂလိပ်စာကောင်းကို ယခုခေတ်၌ လွယ်ကူ ရှင်းလင်းသော အင်္ဂလိပ်စာဟု ပညာရှိများက ဆိုကြသည်။ ဗုဒ္ဓဘာသာဝင် စာရေးကောင်းသော အနာဂါရိက သုဂတာနန္ဒ အမည်ခံသူ France Storg က "အရှင်သေဋ္ဌိလ၏ အင်္ဂလိပ်စာသည် စံမီသော အင်္ဂလိပ်စာ ဖြစ်ကြောင်း လွယ်ကူပြတ်သားသော အင်္ဂလိပ်စာကို လူတိုင်းမရေးတတ်၊ အင်္ဂလိပ်စာပေ၌ ကျွမ်းကျင်သော သူများသာ ရေးသားတတ်ကြောင်း" ဆိုဖူးသည်။

ဒီတာလျှံ ဗုဒ္ဓဘာသာဝင်ဘုန်းတော်ကြီး ဦးလောကနာထသည် မြန်မာပြည်အရပ်ရပ်၌ ဗုဒ္ဓတရားတော်များကို လှည့်လည်၍ ဟောသောအခါ သူဟောသည့် အင်္ဂလိပ်စကားကို ရှေးခေတ်(၆)တန်းကျောင်းသား ကလေးများပင် နားလည်နိုင်သည်။

လွတ်လပ်စ မြန်မာနိုင်ငံ၌ သမ္မတကြီး ဖြစ်ခဲ့သူ ဒေါက်တာ ဘဦးသည် အင်္ဂလိပ်စာကို အလွယ်ဆုံးရေးရာ၌ နာမည်ကြီးလှသည်။ တရားသူကြီး တစ်ဦး အနေဖြင့် တရားစီရင်ချက် ရေးသားသောအခါ သာမန်ကျောင်းသား ကလေးများပင် နားလည် နိုင်သော အင်္ဂလိပ်စာကို ရေးသားသည်ဟု သိရသည်။ အရှင်သေဋ္ဌိလ၏ ရေးဟန် လွယ်ကူပြတ်သားပုံကို အောက်ပါ နမူနာ အနည်းငယ်ဖြင့် ပြပါအံ့....

"It (Dhamma) means truth, that which really is. It also means law, the law which exists in a man's own heart and mind. It is the principle of righteousness. Therefore the Buddha appeals to man to be noble, pure and charitable not in order to please any supreme being, but in order to be true to the highest in himself" (The Path of the Buddha P.67.)

"ဓမ္မ—ဟူသည် အမှန်တရားဟုဆိုလိုသည်။ အမှန်တရား ဟူသည်မှာလည်း တကယ်ရှိသောတရားဖြစ်သည်။ တစ်နည်းဓမ္မဟူသည် ဥပဒေသဖြစ်သည်။ ယင်းဥပဒေသဟူသည်မှာလည်း လူတို့၏စိတ်နှလုံးအတွင်း၌ တည်ရှိနေသော သဘောဖြစ်သည်။ ယင်းသည် မှန်ကန်ဖြောင့်မတ်ခြင်း ဟူသော နိယာမ သဘောတရားပင် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ ဘုရားသည် လူသတ္တဝါတို့အား မြင့်မြတ်ဖြူစင်၍ စိတ်ကြည်လင်ဖို့ရန် ဟောတော်မူရာ၌ မိမိ၏ဘာသာ အမြင့်ဆုံးအဆင့်ထိ ဖြောင့်ဖြူးရန်သာ တိုက်တွန်းတော်မူသည်။ အခြားကယ်လူ ဘယ်နတ် ဗြဟ္မာတို့ကိုမှ ကျေနပ်နှစ်သိမ့်စေရန်မဟုတ်ချေ"

သံဃ—ဟူသည် အဘယ်နည်း၊ ဤမေးခွန်းကို လွယ်ကူသော အင်္ဂလိပ်စကားလုံးလေးများဖြင့် ရှင်းလင်းစွာ ဖော်ပြထားသည်မှာ....

"According to the Buddha rapid progress in spiritual life and handing down of his doctrine to posterity are not easy for a layman who is leading a household life with all the impediments it places in the way or spirituality. He saw that only an order of monks who devoted their whole lives to the Dhamma could successfully transmit the teachings and attain Arahatship. Therefore he founded the Sangha, the Order of Monks who break away from all worldly bonds, the Order made up of the homeless ones." (ibid 124)

"ဗုဒ္ဓမြတ်စွာ၏ အလိုတော်အားဖြင့် သမာဓိပညာရေးရာ လျင်စွာ တိုးတက်ရေးနှင့် နောင်လာနောက်သားတို့အား မိမိကိုယ်တော်၏သင်ကြားချက်များကို သက်လွဲပြောင်းပေးရေး ကိစ္စသည် အိမ်နေသူ လူများအဖို့ လွယ်ကူသော ကိစ္စမဟုတ်ချေ။ အိမ်ရာတည်ထောင်လူ့ဘောင်၌နေကြသော သူများအဖို့ သမာဓိ ပညာရေးရာ လေ့လာရှာဖွေမှု၌ အနှောင့်အယှက် အတားအဆီးများလှချေ၏။ တပည့်သား သံဃာများသာ သူတို့၏ တဘဝ လုံးကို ဓမ္မကျင့်ရေး ဖြန့်ဖြူးရေး၌ မြှုပ်နှံထားကြရသဖြင့် ဒေသနာတော် များကို အောင်မြင်စွာ လက်ဆင့်ကမ်းနိုင်၊ အရဟတ္တဖိုလ်သို့ ရောက်နိုင်ကြ လိမ့်မည် ဟု ဗုဒ္ဓမြတ်စွာမြင်တော်မူသည်။ ထို့ကြောင့် ဗုဒ္ဓသည် သံဃာအဖွဲ့ အစည်းကြီးကို ထူထောင်တော်မူခဲ့လေသည်။ ယင်း သံဃာအဖွဲ့အစည်း

ဟူသည်မှာ လောကီအနှောင်အဖွဲ့တို့ကို ချိုးဖဲ့ဖြတ်ခွာ၍ အိုးအိမ်မဲ့သော အနာဂါရိက ရဟန်းများဖြင့် ပေါင်းစပ် ဖွဲ့စည်းထားသော အဖွဲ့အစည်းသာဖြစ်လေသည်"

စေတီရုပ်ပွား တည်ထားကိုးကွယ်မှုနှင့် ပတ်သတ်၍ ရုပ်တုရှိခိုးသူအဖြစ် အချို့က စွပ်စွဲမိတတ်ကြရာ ယင်းကို အဖြေပေးသည့် အနေဖြင့် အရှင်သဇ္ဇိလက ရှင်းပြထားသည်မှာ....

"But some people mistake for idol worshipers because there is image of the Buddha in the shrines. That is quite far from truth. Not a single Theravada Buddhist deifies the image of the Buddha. The respect paid to the Buddha image is nothing more than the general practice of cultured people to honour a statue or monument of a great personage with flowers, incense, similar signs of veneration."(ibid 130)

"အချို့က ဘုရားခန်း၊ဘုရားကျောင်းများ၌ ဘုရားရုပ်တုရှိသောကြောင့်ဗုဒ္ဓဘာသာဝင်များကို ရုပ်တုရှိခိုးသူများဟုအထင်လွဲတတ်ကြသည်။ ၎င်း ယူဆချက်မှတ်ခြင်းကား အမှန်တရားနှင့်ဝေးကွာလှသည်။မည်သည့် ထေရဝါဒဗုဒ္ဓဘာသာဝင်မှ ဗုဒ္ဓရုပ်ပွားတော်ကိုနတ်ရုပ်လိုသဘောမထားကြပေ။ အမှန်စင်စစ်ကား ရိုသေထိုက်သူ ပုဂ္ဂိုလ်ကြီးတစ်ယောက်၏ ရုပ်မှုံအမှတ်အသား တစ်ခုခုကို ပန်းအမွှေးတိုင်နှင့် အခြားအလားတူ အလေးပြုသည့် အသိမှတ်အမှတ်တစ်ခုခုဖြင့် လူယဉ်ကျေးများပြုလေ့ရှိသော အလေးပြုနည်းထက် ပိုမို၍ ဗုဒ္ဓရုပ်ပွားကို အရိုအသေပြုသည်မဟုတ်ပေ"

တစ်ဖန် ဘုရားရှေ့၌ ရွတ်ဖတ်ကြသော စကားသည် Prayer ခေါ်သော ဆုတောင်းစကားများ မဟုတ်ကြောင်းကို ဆက်လက် ရှင်းပြထားသည်မှာ—

"The words said by a buddhist before the image are a meditation on the virtues of the Buddha, an expression of aspiration for similar virtues." (ibid 130)

"သို့ရာတွင် ရုပ်ပွားတော်ရှေ့၌ ဗုဒ္ဓဘာသာဝင်တစ်ဦးရွတ်ဆိုသော စကားလုံးများသည် [ဆုတောင်းစာများမဟုတ်ကြ]ဘုရားရှင်၏ဂုဏ်တော် များအပေါ် ဘာဝနာပွားထုံခြင်း၊ ထိုကဲ့သို့သော ဂုဏ်တော်များကို တုယူ အားကျ တောင့်တသည့် စကားများသာ ဖြစ်သည်"

ဗောဓိပင်ကဲ့သို့ သစ်ပင်ကို ရှိခိုးပူဇော်ခြင်းမျိုးသည် သစ်ပင် တော တောင်နှင့် သစ်ပင်စောင့်နတ်ကို ရှိခိုးခြင်း မဟုတ်ကြောင်းကိုလည်း ဆက်၍....

"The respect and honour paid to a Bodhi tree, also, is an expression of gratitude, for it was under the shadow of a Bodhi tree that the Bodhisattva attained Buddhahood."(ibid P, 130)

"ဗောဓိပင်ကို ရှိခိုးခြင်း အရိုအသေပြုခြင်းသည်လည်း အလောင်း တော်သိဒ္ဓတ္ထသည် ဗောဓိပင်၏ အရိပ်တွင်းဝယ် သဗ္ဗညုတ ဉာဏ်ကို ရတော်မူခဲ့သောကြောင့် ကျေးဇူးတင်သည့် အမူအရာကိုပြသခြင်းမျိုးသာ ဖြစ်သည်"(သစ်ပင်တောတောင်ကို ရှိခိုးခြင်း မဟုတ်ပေ။)

ဆရာတော်သည် အီတာလျံ ဘုန်းတော်ကြီး ဦးလောကနာထ၏ ဖြောင့်စင်း လွယ်ကူသော အသုံးအနှုန်းများကို ပြောပြလေ့ရှိ၏။ သီဟိုဠ်မှ ထုတ်ဝေသော Buddhism will make you free ဟူသောစာအုပ် ငယ်၌ ဦးလောကနာထသည် "ဗုဒ္ဓဘာသာသည် နတ်မရှိ(ဂေါ့မရှိ)သော ဘာသာဖြစ်သည်"ဟု ဂန္ထကြီး၏ အဆိုကို ချေပသောအားဖြင့် ဤသို့ ရေးသားထားသည်ကို တွေ့ရ၏။

"Buddhism is not Godless. Buddhism is the religion of Truth or the religion of God. God is the highest; Truth is the highest; therefore God is Truth; things equal to the same thing are equal to each other. So Truth is the God of the Buddhists.'

"ဗုဒ္ဓဘာသာသည် နတ်မရှိ (ဂေါ့မရှိ)မဟုတ်၊ ဗုဒ္ဓဘာသာသည် အမှန်တရားရှိသော ဘာသာ၊ သို့မဟုတ် နတ်(ဂေါ့)ရှိသော ဘာသာဖြစ် သည်။ ဂေါ့ ဟူသည်မှာ အမြင့်မြတ်ဆုံး ဖြစ်သည်။ အမှန်တရားသည် အမြင့်မြတ်ဆုံးဖြစ်သည်။ သို့ဖြစ်ရာ ဂေါ့သည် အမှန်တရားဖြစ်သည်။

တဖြက်တည်း တပိုင်းတည်း တူညီသော အရာများသည် အချင်းချင်း တူညီမြဲဖြစ်သည်''

ဦးလောကနာထသည် sylogism ခေါ်သော လော့ဂျစ်နိယာမ ကလေးများကို ထုတ်၍ အရာရာ၌ နှိုင်းယှဉ်ပြောလေ့ရှိရာ သူ၏ရှင်းလင်း လွယ်ကူသော အင်္ဂလိပ် အသုံးအနှုန်းကြောင့် နားမရှင်းစရာ ဘာမျှ မရှိ၊ ရှင်းလင်းစွာ နားလည်ရသည်သာ ဖြစ်၏။

ဆရာတော် အရှင်သေဋ္ဌိလ၏ အသုံးအနှုန်းများလည်း ဦးလောက နာထကို နည်းယူ၍ သုံးနှုန်းထားသည်ဟု ထင်မြင်ဖွယ်ရှိ၏။ ရှုလော့၊ဗုဒ္ဓ ရုပ်ပွားတော် ထုလုပ်ကိုးကွယ်သောခေတ် (အသောကခေတ် နောက်ပိုင်း၊ ခရစ်ကြို ၁—ရာစုနှစ်ခန့်)မှစ၍ ဗုဒ္ဓဘာသာ နိုင်ငံများအတွင်း အရာရာ ယဉ်ကျေးမှုများကို ဗုဒ္ဓရုပ်ပွားတော်က လှုံ့ဆော် ဖန်တီးပေးခဲ့ပုံကို ဤသို့ ရိုးရိုးကလေးပင် ဖော်ပြထားသည်။

"The image of the Buddha expresses the deep-rooted inspiration which moved the followers of the Buddha to create glorious stupas, pagodas, images and paintings as monuments to the Enlightened One. The creative energy of Buddhism transforms the literature and arts of all the countries where it prevailed."

"ဗုဒ္ဓရုပ်ပွားတော်သည် ဗုဒ္ဓ၏ တပည့်တပန်း သာဝက များအား သဗ္ဗညုတ ဉာဏ်တော်ရှင်ကို အမှတ်ရ အထိမ်းအမှတ်ပြုသည့် အနေအား ဖြင့် ခန့်ညားတင့်တယ်၊ သပ္ပာယ်လှသော ပုထိုး စေတီ ရုပ်ပွားပန်းချီကား များကို တီထွင်ဖန်တီးအောင် ဖန်တီးပေးသော အခြေခံ နိုင်မာလှသည့် အားဓာတ်ဖြစ်သော အရာဝတ္ထုတစ်မျိုး ဖြစ်ကြောင်း ဖော်ပြသည်။''

ဗုဒ္ဓဇယန္တီ မတိုင်မီ တစ်ခါက ဗုဒ္ဓဘာသာသို့ ကူးပြောင်းခံယူလိုကြ သော ဇာတ်နိမ့်အိန္ဒိယ အမျိုးသားများ၏ ခေါင်းဆောင်ဖြစ်သူ ဒေါက်တာ အမ်ဗေဒကာရ်သည် ဗုဒ္ဓနှင့် ဓမ္မကို ရတနာအဖြစ် ဦးထိပ် ရွက်ပန်ဆင် ကိုးကွယ်ဖို့ သဘောတူပြီး သော်လည်း သံဃာ့အဖွဲ့ အစည်းကြီးကို အမှန် အမြတ် ရတနာတစ်ပါးအဖြစ် ဦးထိပ်ရွက်ပန်ဆင်ရန် တွန့်လျက်ရှိသည်။ သံဃာ ရတနာ ၏ ဓမ္မနှင့် စပ်၍ အရေးကြီးပုံ၊ သာသနာတော် တည်တံ့ ရေးအတွက် အခြေခံကျပုံကို မမြင်ရှာသော ကြောင့် ဆုတ်ဆိုင်းဆိုင်း

ဖြစ်နေသည်။ ထိုအချိန်တွင် အိန္ဒိယပြည် ကုသိနာရုံ၌ သီတင်းသုံးသာသနာပြုနေသော မြန်မာ ဘုန်းတော်ကြီး ဦးစန္ဒာရမှုနိသည် ဒေါက်တာအမ်ဗေဒကာရ်၏ သံဃယတို့ကို သံဃာ့ဂုဏ် ၉–ပါး ရှင်းလင်းပြလျက် ပယ်ရှားခဲ့ဖူးသည်။

ထိုနည်းတူစွာပင် ယခုခေတ်၌ ခရစ်ယာန် သာသနာ၊ ဟိန္ဒူနှင့် အစ္စလာမ် သာသနာများ၌ တွေ့မြဲဖြစ်သော Monk Fakir ခေါ် ရဟန်းများနှင့် နှိုင်းယှဉ်၍ ဗုဒ္ဓဘာသာ ရဟန်းတော်များအပေါ် အထင်မြင်မှောက်မှားလျှက် ရှိသူများ မနည်းလှပေ။ ထိုသူတို့အား အရှင်းသဒ္ဓိလှကအဘယ်ပုံ အဖြေပေးထားသည်ကို အောက်ပါအတိုင်း ရှုလော့ –

"The Buddhist takes the Third Refuge, in the Sangha, because the Sangha is the living stream through which the Dhamma flows to humanity. Sangha literally means group, congreation, and is the name for the community of Noble Ones who have reached the stages of sanctity of which the last is perfect sainthood. It is also the name for the community of monks (Bhikkhus) who are striving to attain Arahatship by following the Dhamma. Sangha is the point at which the Dhamma makes contact with humanity, it is the bridge between living man and absolute truth. The Buddha strongly emphasized the importance of the Sangha as a necessary instruction for the good of mankind. If there had not been the Sangha, the Dhamma would have been a mere legend and tradition after the demise of the Buddha. It is the Sangha which has preserved not only the word of the Master, but also the unique spirit of the Noble Teaching since the Master's passing away." (ibid PP. 76-77).

"ဗုဒ္ဓဘာသာဝင်များက သံဃာကို တတိယ ကိုးကွယ်ရာအဖြစ် ခံယူကြ၏။ အကြောင်းကား သံဃာတော်သည် လူသားတို့ထံမှ (မြတ်တရားကို) စီးဆင်းသွားစေတတ်သော အသက်ဝင်နေသည့် ငါးစမ်း မြစ်ချောင်းဖြစ်သောကြောင့်ပင်တည်း။ သံဃာဟူသည် အစုအဝေးဖြစ်သည်။ ယင်း

သံဃာဟူသောအမည်ကား နောက်ဆုံးအဆင့် အရဟတ္တဖိုလ် ကျအောင် မြင့်မြတ်သော၊ အရိယာအဖြစ်သို့ရောက်သော အရိယာသံဃာအတွက် ပေးသောအမည် ဖြစ်သည်။ သည်မျှသာမက တရားကျင့်၍ အရဟတ္တဖိုလ်ရရန် ကြိုးစားနေကြသော သမ္မုတိသံဃာတော်၏ အမည်လည်းဖြစ်သည်။ သံဃာသည် ဓမ္မကို လူသားနှင့် တိုက်ရိုက် ဆက်သွယ်ပေးသော (ဝါ)တွေ့ထိစေသောအချက်အချာနေရာ၊တစ်နည်း သက်ရှိလူသားနှင့် မြင့်မြတ်သောဓမ္မကို ပေါင်းကူးပေးသောတံတား ဖြစ်သည်။ လူသားတို့ ကောင်းကျိုးအတွက် လိုအပ်သောလမ်းညွှန်အဖြစ် သံဃာ၏ အရေးပါ အရာရောက်ပုံကို ဗုဒ္ဓအာလေးအနက်ထားပြတော်မူရသည်။ (မှန်လှ၏) သံဃာသာမရှိခဲ့လျှင် ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဓမ္မသည် ဒဏ္ဍာရီသဖွယ် ရိုးရာအစဉ်အလာတစ်ခုသဖွယ်သာ ဖြစ်ရပေတော့မည်။ စင်စစ်မှာကား သံဃာတော်သည် ဗုဒ္ဓ၏ ဒေသနာတော်များကိုသာမက မြတ်သော သင်ကြားချက်၏ အနှစ်သာရများကိုပါ ဗုဒ္ဓနိဗ္ဗာန်စံရာအခါမှစ၍ စောင့်ရှောက် ထိန်းသိမ်းခဲ့ကြပါပေသည်”

ဗုဒ္ဓဘာသာ မြန်မာပြည်ကလေး၏ အနေအထားနှင့် ဗုဒ္ဓဘာသာတရားတော်၏ အခြေအနေမှန်ကို အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့ဖူးသည်။

"Under their present independence the Burmese can live their own lives, politically, economically, and in alliance with other nations. They have personal freedom, justice, and the right to worship as they please. They have a happy family life, and indeed are known in the West as the happiest people in the world. They are at peace."

“မြန်မာလူမျိုးများသည် ယခုလွတ်လပ်ရေးရပြီးနောက် နိုင်ငံရေး၊ စီးပွားရေးများတွင် သူတို့ဘာသာ လွတ်လပ်စွာ နေနိုင်ကြ၊ အခြားနိုင်ငံများနှင့် စိတ်တိုင်းကျ ပေါင်းသင်းနေနိုင်ကြ၏။ သူတို့သည် လွတ်လပ်မှု၊ တရားမျှတမှုနှင့်အတူ သူတို့သဘောကျသလို လွတ်လပ်စွာ ကိုးကွယ်ဆည်းကပ်နိုင်ကြသည်။ သူတို့၌ ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝ ရှိကြသည်။ အနောက်နိုင်ငံများက သူတို့ကို ကမ္ဘာပေါ်တွင် အပျော်ဆုံးသော လူမျိုးများအဖြစ် သိထားကြ၏။ သူတို့မှာ ငြိမ်းချမ်းမှုလည်း အပြည့်ရှိ၏”

## What is Buddhism?

The Buddha began with life as we know it, not with a First Cause or First Beginning. He analysed existance and showed it to be anicca, impermanent; dukkha, filled with suffering and anatta, interdependent in all its parts, that is, lacking an immortal soul which separates one man from another and from the life which is common to all. As life is one, and all that lives is an expression of it, follows that brotherhood is a fact in nature, and not an unattainable ideal; hence the foolishness of war, and of those beliefs and practices, which make it inevitable. History relates that never, in the last two thousand and five hundred years, has blood been shed in the name of the All-compassionate One.

## ဗုဒ္ဓဘာသာဆိုတာ ဘာလဲ

ဗုဒ္ဓမြတ်စွာသည် ကျွန်ုပ်တို့ နားလည်ထားကြသလို ဘဝရိုးရိုးနှင့် အစပြုခဲ့သည်။ ပထမအကြောင်း-ဟု ခေါ်ကြသော ထာဝရနှင့် စသည် မဟုတ်။ ဗုဒ္ဓသည်ဘဝကို ဝေဖန်ပိုင်းခြား၍ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်ကြောင်း ပြတော်မူခဲ့သည်။ အနတ္တဖြစ်၍ ဘဝ၏ခန္ဓာ, အာယတန, ဓာတ်, ဟူသော အစိတ်အပိုင်းများ အချင်းချင်းစပ်နေကြပုံ၊ အမြဲတည်ရှိသော အတ္တမရှိပုံ၊ လူတစ်ဦးနှင့်တစ်ဦး ခွဲခြားပေးတတ်သောအတ္တ၊ အများလူအားလုံးနှင့် တူညီသောဘဝနှင့် ခွဲခြားပေးတတ်သောအတ္တ မရှိကြပုံကိုပြသည်။ ဘဝ (ဝါ) အသက်ဟူသည် သဘာဝအားဖြင့် တစ်မျိုးတည်းဖြစ်၍ အသက်ရှင်သန်နေသော သတ္တဝါအားလုံးသည် ဘဝဟူသည်ကို ဖော်ပြနေသဖြင့် သတ္တဝါ ဟူသမျှညီအစ်ကိုသားချင်းဖြစ်ကြောင်းမှာ သဘာဝအားဖြင့် မှန်ကန်နေသော အချက်ဖြစ်သည်။ ညီအစ်ကို သားချင်းဟူသော သဘောမှာ မရနိုင်ကောင်း မဖြစ်နိုင်ကောင်းသော သဘော မဟုတ်ပေ။ ထို့ကြောင့်စစ်နှင့် ယင်းစစ်ကို မဖြစ်မနေအောင် ပြုလုပ်ပေးတတ်သော ယုံကြည်မှုနှင့် အလေ့အလာများသည် မိုက်ရိုင်း မှားယွင်းလေသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀–အတွင်း၌ ဗုဒ္ဓဘုရားရှင်ကို အကြောင်း

ပြု၍ သွေးတစ်ပေါက်မျှ မကျခဲ့ဖူးကြောင်း သမိုင်းကြောင်းက သက်သေထူလျက် ရှိပေသည်။

ဆရာတော် အရှင်သေဋ္ဌိလ၏ အာဝဇ္ဇန်းရှင်ပုံ၊ လူ့ဝစီဘက်သားနားရှင်းအောင်ပြောဟောတတ်ပုံကို အောက်ပါ 'Alchemy'ဟူသော ဆောင်းပါး(ဘာသာပြန်)ဖြင့် တင်ပြပါအံ့-

"Alchemy"ဆိုတဲ့ စကားလုံးဟာ 'Al kimia'ဆိုတဲ့ အာရပ်စကားနှစ်လုံးကို ပေါင်းစပ် ဖြစ်ပေါ်လာကြတဲ့ စကားလုံးပါပဲ၊ လျှို့ဝှက်နက်နဲတဲ့ ပြောင်းလဲခြင်းအတတ်၊ သတ္တုတစ်ခုမှ သတ္တုတစ်ခု(ခဲမှ ရွှေ—ငွေစသည်) ပြောင်းလဲခြင်း အတတ်ပါပဲ၊ အဲဒီပညာကို တစ်သက်ပန်ရှာခဲ့ကြတဲ့ လူတွေ ဆောင်ပေါင်းများစွာ ရှိခဲ့ကြဖူးတယ်၊ အဲဒီအတတ်ကို ရှာဖွေရင်း စမ်းသပ်ရင်း လူသားမန်တွေ မသိကြတဲ့ အချက်အလက် အမြောက်အမြားကို သူတို့သိခဲ့ကြတယ်။

သူတို့ရှာတာက ဘာမဟုတ်တဲ့ တန်ဖိုးမရှိတဲ့ ဓာတ်တစ်ခုကနေပြီး တန်ဖိုးမဖြတ်နိုင်တဲ့ ဓာတ်တစ်ခုဖြစ်လာအောင်၊ ပြောင်းလာအောင် လုပ်တဲ့ နည်းနေ၁်၊ အဲဒါလိုပဲ စိတ်ညှိုးငယ်တာ မုန်းတီးခြင်း၊ မနာလိုခြင်း၊ ခက်ထန်ခြင်း စသည်ကို စိတ်ကောင်း စိတ်မြတ် (နှစ်ခြင်း၊ တွေ့ခြင်း၊ ကြင်နာခြင်း၊ ရက်ရောခြင်းစသည်)ဖြစ်အောင် ပြောင်းလဲနည်း ရှာသူလဲ ရှိခဲ့ဖူးတယ်။

နာမ်ပိုင်းဆိုင်ရာ အဂ္ဂိရတ်ပညာရှင်တွေဟာ သူတို့ကိုယ်တိုင် သန့်စင်ကြ၊ လုပ်ကြ၊ အားရှိကြတယ်၊ သူတို့တွေ့တဲ့နည်းစနစ်ကို ငါတို့အားပြတော့ လွှသ်ယောင်နဲ့ ခက်နေတာ တွေ့ရတယ်၊ ဗွဲလုံ့လ ရှိကြလို့ ယုံကြည်ကြလို့ ဖနမှာပါပဲ၊ သူတို့ အခိုင်အမာ ပြောကြတာကတော့ မအောင်မြင်ခြင်းဟာ စိတ်ကို လျှော့ပစ်လို့ဖြစ်တာပဲ ပြောကြတယ်။

နာမ်ပိုင်းဆိုင်ရာ အဂ္ဂိရတ် ပညာရှင်တို့ ပြတဲ့နည်း အောင်မြင်—မအောင်မြင်ဆိုတာ စမ်းသပ်ကြည့်မှသိမှာ၊ စာမေးပွဲ အပြေခိုင်းပြီးတော့ အရည်အချင်းပြည့် မပြည့် စမ်းသပ်ရသလိုပေါ့၊ မအောင်သေးရင် ကျောင်းပြန် တက်ပြီး တစ်နှစ်လုံး ကြိုးစားရပြန်တာလို၊ မအောင်မြင်သေးရင် စိတ်မလျှော့ကြနဲ့၊ ပြန်လုပ်ကြ၊ အားထုတ်ကြဦးပေါ့။

ကျောင်းပြန်တက်သလို ပြန်စ၊ ပြန်တက်ပြီး လုပ်ရတော့မအားနိုင်ဘူး၊ အားရက်မယူနိုင်ဘူး၊ ဒါတွေဟာ ဘာတွေလဲဆိုတော့....

ရိုတ်ဘာနဲ့ စိုက်ပျိုးတာပါပဲ၊ ရိတ်တယ်ဆိုတာက လွန်ခဲ့တဲ့ဘဝတွေ၊ ငါတို့ စိုက်ခဲ့ကြတဲ့ ကောင်း—ဆိုး မျိုးစေ့က ဖြစ်လာတဲ့ ကောင်းကျိုး-ဆိုးပြစ်တွေ မလွဲသာ မရှောင်သာ ခံရစံရခြင်းကို ပြောတာပဲ။

စိုက်တာကတော့ လာမယ့်ဘဝတွေမှာ ပျော်ရွှင်မှု၊ နာကြည်းမှု၊ သုခ၊ ဒုက္ခဆိုတဲ့ အသီးတွေ သီးစေဖို့ ယခု ကောင်းတာတွေ မကောင်းတာတွေကို ငါတို့ လုပ်နေကြတာကို ဆိုလိုတယ်၊ ဒီတော့ တို့ဘဝရဲ့ ရည်မှန်းချက်ကတော့ နာမ်ပိုင်းဆိုင်ရာ အဂ္ဂိရတ်ပညာ စာမေးပွဲကြီးကို တတ်သိနားလည်ပြီး အောင်မြင်ဖို့ပါပဲ၊ အောင်မြင်ဆိုတာက လမ်းရိုးလမ်းစဉ် အညံ့စားအပေါစား သေးသိမ်တဲ့ စိတ်နေစိတ်ထားတွေ ပြောင်းလဲစေပြီး ပြည့်စုံတဲ့ ငြိမ်းချမ်းမှု၊ ချမ်းမြေ့သာယာမှု အသိဉာဏ် ကြွယ်ဝမှုနဲ့ ယှဉ်တဲ့ မဟာကောင်း စိတ်မြတ်တွေ ဝင်စားလာတာကို ဆိုလိုတာပါပဲ။

အဲဒီသို့ ပြောင်းလဲ အားထုတ်ရာမှာ လမ်းမှားနဲ့ လမ်းမှန်လို့ လမ်းနှစ်သွယ်ရှိတယ်၊ တစ်နည်းပြောရရင်တော့ အမှောင်နဲ့ အလင်းပါပဲ၊ လမ်းမှား တစ်နည်း အမှောင်—ဆိုတာက အလွန်ကျယ်ဝန်းတာပဲ၊ ဆွဲဆောင်မှုလဲ အပြည့်ရှိတယ်၊ အဲဒီလမ်း လိုက်ပြီးတော့ စမ်းသပ်ကြ၊ ရှာဖွေကြ၊ ကောက်ယူထားလိုက်ကြတာတွေဟာ ထားရော နေရာမရှိအောင် များသွားတယ်၊ ကိုယ့်ထက်ဦးနေတဲ့လူ၊ လမ်းခုလတ် ကန့်လန့်လာခံနေတဲ့လူ များ တွေ့ရင်တော့လား၊ ဒေါသအမျက် ချောင်းချောင်းထွက်နေတော့ပေါ့၊ အစိမ်းလိုက် ဝါးစားပစ်ချင်လောက်အောင် မုန်းတီးတာပေါ့၊ အခြားသူကို ကူညီကယ်မယ်ဆိုတာ ဘယ်ရှိမှာလဲ၊ ငါ့ပို၊ ငါ့သား၊ ငါ့သမီး၊ ငါ့ဆွေမျိုးဖို့ဆိုတဲ့ Selfish motive တွေပဲပေါ့၊ တစ်နည်းပြောရရင် အတ္တ အတ္တနိယတွေပေါ့၊ ရှေ့ဆက်သွားလေ၊ လမ်းက မှောင်လာလေ၊ လမ်းက မှောင်လာလေ၊ ကြောင်နာမှု၊ ခရီးဖော်တွေအပေါ် ဂရုစိုက်မှုတွေ များလာလေပေါ့။

တစ်ခါလမ်းက မှောင်လွန်းပါတယ်၊ လူတွေလဲ များလွန်းပါတယ်လေဆိုပြီး လမ်းပြောင်းဖို့စဉ်းစားလိုက်ပြန်တော့ တခြားသူတွေနဲ့ တစ်ဘက်တစ်လမ်းဖြစ်ပြန်ပြီ၊ ဒီတော့လဲ ကိုယ်ကျိုးစွန့်နိုင်တဲ့ အတ္တသမားဆိုတော့ တခြားသူတွေ ဘာဖြစ်ဖြစ် ကိုယ်ရှေ့တန်းရောက်ဖို့၊ ကိုယ့်မျှော်မှန်းချက်တွေ သူ့ထက်အရင်ရဖို့ ဖြစ်လိုက်ရတဲ့ စိတ်ဆန္ဒ စောဒကတွေ၊ မကျေနပ်မှုတွေ အကြံတူရန်သူဆိုသလို ကိုယ့်လိုပဲ လမ်းပြောင်းလာတဲ့သူတွေ တွေ့ပြန်တော့

ပြိုင်ရဆိုင်ရ၊ ကိုယ်ထက် သာသွားမှာ စိုးရ၊ သာသွားပြန်ရင်လဲ မနာလိုရနဲ့၊ Selfish motive တွေ မကင်းနိုင်ပါလား၊ ကောင်းတယ်ထင်လို့ ကောက်ယူထားတာတွေကလဲ တစ်ခုပြီးတစ်ခု စိတ်ဘိုင်းမကျသေးလို့ ပစ်ပစ်ချလိုက်ရတာတွေကလဲ တစ်ပုံကြီးပဲ။

ဒါနဲ့ သွားရင်း ခပ်မှောင်မှောင်မှာ အလင်းရောင်ကလေးတွေလိုက်ရှာရင်း တွေ့သွားတယ်၊ လမ်းမှန်ပဲလို့ စိတ်သက်သာမှု ရလာပြီ။ တစ်လှမ်း ကြီး ပါလှမ်း ရှေ့တိုးတိုးသွားတော့ လမ်းဆုံးရောက်တယ်၊ လမ်းဆုံဆိုတဲ့ အခါကျ တော့ နှမ်သမ်းဟာ တစ်ခုနဲ့တစ်ခု နီးလာပြီး ပေါင်းစပ်သွားတယ်။

ဒီတော့ လမ်းမှန်ရောက်နေကြသူတွေရဲ့ မျက်နှာ သဲသဲကွဲကွဲမြင်လာရတယ်၊ အားမာန်ပြည့်နေတဲ့ သူတို့ရဲ့ ရေမူရေရာ မျှော်လင့်ချက်တွေပြည့်စုံသလို မြူးနေတဲ့ သူတို့ရဲ့ ဟန်ပန်တွေကိုကြည့်ပြီး လိုလို စိတ်ချမ်းသာလာတယ်၊ စိတ်တက်ကြွလာတယ်၊ သူတစ်ပါးကို ကူညီချင်တဲ့ စိတ်တွေပေါ်လာတယ်၊ သူတို့ ထမ်းပိုး သယ်ဆောင်လာခဲ့ကြတဲ့ ဝန်တွေက သူတို့အဖို့ အင်အားပြည့်စေတဲ့ အကူအညီတွေ ဖြစ်လာတာတွေ့ရတယ်။ မှန်တဲ့ မဟုတ်တဲ့ အသုံးမကျတဲ့ဟာတွေ နည်းနည်းစီ ဖြုတ်—ဖြုတ်ချ ရလာလို့ ပေါ့သထက် ပေါ့လာမှန်းသိရတယ်၊ သူတစ်ပါးရေ့ ကူညီရလေ လစိတ်လက်ပေါ့ပါး အားရှိလာလေလေ၊ ဒီလိုဖြစ်လာလေလေ ကိုယ်လိုက်ရှာနေတဲ့ အဖြူသမ်း အဝ လမ်းဆိုတာတွေ တွေ့လာရလေလေပဲ၊ ဒီအဆင့်ကျတော့ ခက်ခဲပင်ပန်းမှု ဘာမှ မရှိတော့ဘူး။

အဲဒီအခါမှာ ဟိုတုန်းက မနာလိုစိတ်တွေ ဘယ်ရောက်ကုန်မှန်းမသိတော့ဘူး၊ အခြား အမှောင်လမ်း လမ်းမှား လိုက်နေတဲ့ လူတွေကိုလှမ်းခေါ်နေမိတယ်၊ တချို့ကလဲ သူ့စိတ်နဲ့ သူ့အာရုံ ခေါ်လို့ မကြား၊ မှားမြဲ မှားနေကြတာပဲ၊ တချို့တလေလောက်ပဲ လမ်းဆုံးခါနီးမှ အမှန်ရောက်လာကြတယ်။

ဒီနေရာမှာ တစ်ခုပြောရဦးမယ်၊ လမ်းမှန်အဖြူလမ်း၊ အဝါလမ်းရောက်လာပေမယ့် စိတ်မချရသေးဘူး၊ ပေါ့ပေါ့လုပ်လို့ မရဘူး၊ သတိအထူး၊ ညဏ်အထူးနဲ့ လုပ်ရတယ်၊ နည်းနည်းလေး မှားနဲ့၊ ချော်ထွက်သွားမယ်၊ စမ်းသပ် စစ်ဆေးမှုလဲ အထပ်ထပ်လုပ်ရတယ်၊ ငါ အခု သွားနေတဲ့ သူတစ်ပါးထိခိုက်နစ်နာစေသလား၊ ဒါမှမဟုတ် ကိုယ့်ကိုကိုယ် ချစ်မြတ်နိုးစေသလား၊

မိမိစိတ်အစဉ်ဖြူစင်လာရဲ့လားဆိုတာ စစ်ဆေးရတယ်၊ အကယ်၍သူတစ်ပါးကိုမထိခိုက်စေဘဲ မေတ္တာစိတ်ထားနိုင်ပြီ၊ စိတ်အစဉ်ကလဲ ဖြူစင်လာပြီလို့ တွေ့ရရင် လမ်းမှန်ရောက်ပြီလို့ မှတ်ပေတော့။

နာမ်ခေတ်အဂ္ဂိရတ်ဆရာကြီးတွေဟာ အလွန်မြင့်မြတ်တယ်၊ ငါတို့ အောင်မြင်ရမယ့် အရာဟူသမျှ သူတို့အားလုံး အောင်မြင်သွားကြပြီးပြီ၊ သူတို့မလုပ်တဲ့ဟာကို သူတစ်ပါးလုပ်ဖို့မတိုက်တွန်းဘူး၊ နာမ်ခေတ်ဆိုင်ရာ အဂ္ဂိရတ်ပညာစွမ်းအင်ဖြင့် ငါတို့အားလုံး ဒါတွေလုပ်နိုင်တယ်လို့ သူတို့ယုံကြည်ကြတယ်၊ အကြောင်းမျိုးစေ့ ဓာတ်ခံကလေးတွေဟာ ငါတို့မှာ ငုပ်လျှိုးပြီး ရှိနေတယ်ဆိုတာရယ်၊ ငါတို့ကိုယ်တိုင် ကြိုးကြိုးစားစား အားထုတ်ရှာဖွေရယူနိုင်တယ်ဆိုတာရယ် သူတို့ သိကြတယ်၊ အဖြူလမ်းလဲ ဆုံးရော၊ ကြင်နာမှု၊ သနားမှု၊ ချစ်ခင်မှု၊ ပျော်ရွှင်မှု၊ ချမ်းမြေ့မှုနဲ့အတူ ဉာဏ်အလင်းကြီး မြင်ရတော့တာပါပဲ။

## ဆရာတော်၏ လက်ရာများ

ကျမ်းစာတစောင်တဖွဲ့ အနေအားဖြင့်အရေအတွက်မများလှသော်လည်း မဂ္ဂဇင်းသတင်းစာ ဆောင်းပါး အနေအားဖြင့်ကား များပြားလှ၏။ လက်ကရေးရုံသာမက နှုတ်ကလည်း အမြဲ ပြောဟောနေရသောကြောင့် မအားလပ်အောင် ရှိနေရသဖြင့် ရေးသားချိန်လည်း ပေါင်းများမရ။ ရေးပြီးသော ဆောင်းပါးအတိုအထွာများ၊ ဟောပြောချက်များလည်း စနစ်တကျ စုဆောင်းသိမ်းဆည်းထားနိုင်ခြင်းမရှိ။ မဂ္ဂဇင်း[illegible] မျှ မဂ္ဂဇင်းပါသိမ်းဆည်း၍ သတင်းစာတွင် ပါသောလောက်ကိုလည်း ဖြတ်တောက် ကိုက်ညှပ် သိမ်းဆည်းခဲ့သော်လည်း အများပင် ပျောက်ဆုံးကုန်ကြသဖြင့် ယခုအခါ ဆရာတော်ထံတွင် အနည်းငယ်မျှသာ တွေ့မြင်နိုင်တော့သည်။ ရနိုင်သမျှစုဆောင်းတည်းဖြတ်၍ မကြာမီပုံနှိပ်ဖြန့်ချိလိမ့်မည် ဖြစ်ကြောင်း ဤနေရာက အသိပေး ကြေညာလိုက်ပါရစေ။

နေရာဒေသအမျိုးမျိုး၌ လူအမျိုးမျိုးတို့အားအခြေအနေအမျိုးမျိုး ကိုလိုက်၍ ဟောပြောရ ရေးသားရသောကြောင့် ထပ်နေသည့်အကြောင်း အရာများတွေ့ရပေမည်။ သို့သော်တစ်ကြိမ်နှင့်တစ်ကြိမ်အရေးချင်းလည်းမ တူ အပြောအဟောအချက်အလက်ချင်းလည်းမတူသောကြောင့် နှိုင်းယှဉ်၍

ဖတ်သောအခါ အလွန်ထူးခြားသောအရသာကိုပေးလေသည်။ဟင်းချက်ကောင်းသောသူသည်ကစ်ခါတစ်ရံဝက်သားပေါင်းကိုနူးနူးနပ်နပ် အချိုချက်ကာ တခါတရံ၌ အချဉ်ခတ်၍ ချဉ်ဟင်းအဖြစ် ပြောင်းလဲပေးလျက်အသီးအရွက်အဖူးအညွှန့်တို့ဖြင့် အကြော်အပြုတ် လုပ်တန်လုပ်သကဲ့သို့ဆရာတော်၏ဟောပြောချက်များသည်တစ်ခါတရံ၌ မွှေးကြူ၍နေသည်။တခါတရံ၌လေးနက်တည်ငြိမ်၍ စကားလုံးတိုင်းနားထဲဝင်အောင် ဖြည်းညင်း ခါမြဲသောလေယူသေသိမ်းဖြင့် ပြောဟောနေသောကြောင့် ဆွဲဆောင်မှုအပြည့်ရှိလေသည်။ထိုနည်းတူစွာပင် အကြောင်းအားလျော်စွာရေးသားရသောအခါများ၌ အချက်အလက်ချင်းတူသော်လည်း ရေးဟန်နှင့်အသုံးအနှုန်း၊ ပမာပမည်း ပုံပြင်သက်သေ စသည်များမှာ မတူကွဲပြား နေသောကြောင့် ဆောင်းပါးဘပုဒ်ဖတ်ပြီးသော်လည်းအခြားအလားတူဆောင်းပါးတစ်ခုကိုဖတ်ရသောအခါ အသစ်ဖြစ်၍ အရသာရှိနေပြန်သည်။ ထို့ကြောင့်လက်ရာမျိုးစုံကိုသတိထား၍ စုဆောင်းသင့်ပေသည်။ တူသည်ဟူ၍ ချန်လှပ်မထားသင့်ပေ။

အဘိဓမ္မာပိဘင်းပါဠိတော်ကို ဘာသာပြန်ဆိုသောအခါအနေးက်၌ တွေ့ကြုံရသော အခွေ့အကြုံများ အရဆရာတော်၏စိတ်အစဉ်၌နားလည်လွယ်အောင် အဘယ်ပုံ ရေးရပါမည်နည်းဟု သိလွယ် မှတ်လွယ်သောစကားအသုံးအနှုန်းကို သုံးနှုန်းပြန်ဆိုရန် ကိန်းအောင်းနေသဖြင့် ပါဠိပညာရှင်များအနေဖြင့် အချို့နေရာများ၌ ပေါ့နေသလိုဟာနေသယောင်ထင်ကောင်း ထင်မိပေလိမ့်မည်။ သို့သော်မှားသည်ဟူ၍ကားမဆိုသာပေ။

ဥပမာ ကဘာမ ဓမ္မာ ကုသလာ "အဘယ်တရားများသည်ကုသိုလ်မည်ပါသနည်း"ကို What states are good ဟု အလွယ်ဆုံးဘာသာပြန်ဆိုရာ အဋ္ဌသာလိနီ အဋ္ဌကထာ အဖွင့်ကို လေ့လာကြည့်ရှုထားသူ အဖို့မထိမခိုသလို ဟာနေသယောင် ပေါ့နေသယောင် ထင်စရာ ရှိနေလေသည်။ သို့သော် ကုသိုလ်ဟူသည် ကောင်းသော သဘာတရား ဖြစ်ကြောင်း အဋ္ဌသာလိနီ၌သည်းကောင်း၊အခြားသောအဋ္ဌကထာများ၌လည်းကောင်း ဖွင့်ဆိုထားသောကြောင့် မှားသည်ဟုမဆိုနိုင်သလိုပေါ့နေသည်ဟူ၍လည်းဆိုစရာ မရှိပေ။

ထိုမှ တစ်ပါးဝိဘင်းပါဠိတော်တစ်အုပ်ကို ဘာသာ ပြန်လိုက်ရုံဖြင့် အဘိဓမ္မာ(၇)ကျမ်းလုံးကို အင်္ဂလိပ် ဘာသာပြန်လိုက်သလို ဖြစ်သွားပေ

သည်။ အကြောင်းမှာ ဝိဘင်းပါဠိတော်၌ အဘိဓမ္မာတွင် ဖွင့်ပြထားသော ဦးတည်၍ဟောတော်မူသော ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေ စသော တရားများကို အကျယ်တဝင့်ခွင့်ဆို ဝေဖန်၍ထားသော ကြောင့် ဖြစ်ပေသည်။ ထို့ကြောင့်အဘိဓမ္မာကို လေ့လာလိုသောသူကို ဝိဘင်းပါဠိ တော်ဘာသာပြန်ကိုကြေလည်အောင် ဖတ်ရှုဖို့ တိုက်တွန်းရန်ရှိ လေသည်။ ဝိဘင်းပါဠိတော် ဘာသာပြန် "The Book of Analysis" စာအုပ် တစ်အုပ်တည်းဖြင့် ဆရာတော်၏ ပိဋကတ်ဉာဏ်နှင့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်လိမ္မာပုံကို သိသာနိုင်ပေပေသည်။

## ဆရာတော်၏ ဥရောပ နောက်ဆုံးခရီး

ဗြိတိန်နိုင်ငံ ဘာမင်ဂန်မြို့၌ သာသနာပြုနေသော ဆရာတော်အမှူး ပြုသော မြန်မာ ဒကာ-ဒကာမများနှင့် ဆရာတော်အရှင်သေဋ္ဌိလထံပည့် ဖြစ်ခဲ့ကြသော အင်္ဂလိပ်ဗုဒ္ဓဘာသာ ဒကာ-ဒကာမများ၏ ပင့်လျှောက် ချက်အရ ဆရာတော်နှင့် နိုင်ငံကျော် ဓမ္မကထိက သဲကုန်း ဆရာတော်တို့ နှစ်ပါးသည် ၁၉၈၂-ခုနှစ် ဇူလိုင်လ(၈)ရက် (၁၃၄၄-ခု၊ ပထမ ဝါဆိုလပြည့်ကျော် ၃-ရက်) နေ့၌ ဥရောပတိုက် ဗြိတိန်နိုင်ငံသို့ ထွက်ခွာ ကြွသွားတော်မူကြသည်။ ဤစာရေးသူကား အကြောင်းကြောင်းကြောင့် တခေါက်တည်းမလိုက်နိုင်ဘဲ တစ်သင်္ကြန်ကျော်နောက်ကျ၍ထိုနှစ် ဩဂုတ် လ(၁၀)ရက်နေ့မှ လိုက်ဖြစ်တော့သည်။

လန်ဒန်သို့ ရောက်သောအခါ ကွယ်လွန်သည့် လွန်ခဲ့သော်ပါဠိစာပေ အသင်းကြီး၏ အဘွင်းရေးမှူး စွတာအစ်ဂလေလဒင်၏ဇနီး မစ်စစ်အစ်ဂ လေဒင်နှင့် မစ္စတာဒေဗစ်ဆင်တို့သာရောက်ကြို၍မစ်စစ်အစ်ဂလေဒင်၏ အိမ်၌ပင် ကျောင်းအဖြစ် သီတင်းသုံးစေကာ ဆွမ်းကွမ်းစသည့် ဝေယျာ ဝစ္စလုံးစုံ တာဝန်ယူ၍ပြုစုစောင့်ရှောက်ထားကြလေသည်။ တစ်ချိန်တည်း မှာပင် သင်ယူလက်စ အဘိဓမ္မာကို ဆက်လက်၍ သင်ယူကြလေသည်။ အခြားအောက္ကစ်ဖို့၊မန်ချက်စတာ စသော ဒေသများသို့ တရားဟောပင့် သောအခါ လေယာဉ်ဖြင့်လည်းကောင်း၊ကားဖြင့်လည်းကောင်းကြွရောက် ဟောပြောပြီးလျှင် မစ်စစ်အစ်ဂလေဒင်၏ ကျောင်းသို့သာ ပြန်ကြွသီတင်း သုံးရလေသည်၊ ဤစာရေးသူပင် လန်ဒန်ရောက်စတာလှနီးပါးဆရာတော်နှင့် အတူ ဤအိမ်ကျောင်း၌ပင် နေရပေသေးသည်။

နေရခြင်း အကြောင်းမှာ အခြားနေစရာဌာနရှိသော်လည်း ဆရာတော်ကြီးနှင့် နီးနီးနားနား ဆည်းကပ်နေထိုင် ဆွေးနွေးလိုသောကြောင့် ဖြစ်ပေသည်။ အိမ်ရှင်ဒကာမကြီးကလည်း သဒ္ဓါတရား ကောင်းကောင်းနှင့် ဘုံ ပေးသေး မရှိရအောင် ပြုစုလုပ်ကျွေးသည့်အပြင် သဟာယ သယ်ယူဆောင်ပေးတတ်မှ လွှတ်စေရန် သူမ၏အစ်မအိမ်သို့သွား၍ ပင်အိပ်ရှာပေသည်၊ စားအုပ်စားထမ်း စာအိုက်ခေါင်းမှစ၍ လိုအပ်သော လိုအပ်သည်ဟု သူမမြင်သော အရာဝတ္ထုပစ္စည်းများကို စကားတစ်လုံး မမြွက်ရဘဲ အလိုက်သိစွာ ပြုစုစောင့်ရှောက်ပါပေသည်။

စာကြည့်တိုက်လည်း ဟုတ်၊ ဘုရားကျောင်းလည်း ဟုတ်သော သူမ၏ အိမ်ကား များစွာမကြီးကျယ်လှသော်လည်း ၉၊ ၁၁၊ အမြင့် ၇-ပေခန့်ရှိသော စာကြည့်တိုက်ခန်း၊ ၆၊ ၁၂၊ အမြင့် ၇-ပေခန့်ရှိသော ဘုရားခန်း၊ အထပ်(၂)ထပ်၊ အိပ်ခန်း(၂)ခန်းစီနှင့် ရေချိုးခန်းအသီးအသီး ရှိသည်။ မီးဖိုခန်းကား အိမ်အောက်ထပ်၌သာ ရှိသည်။ ကာဂိုဒေါင်၊ မီးသွေးစသော ပစ္စည်း အဘိုးအထွာထားသော ဂိုဒေါင်တစ်လုံး အိမ်ရှေ့ လက်ယာထောင့်နှင့် အိမ်နောက်ဖေး လက်ဝဲထောင့် အသီးသီး၌ ရှိသည်။ မစ်ဇစ် အစ်ဂလေဒင်ကား အသက်(၆၁)နှစ်မျှရှိသေးသည်။ သွက်လက်ဖျတ်လတ်သည်။ စည်းစနစ်အလွန်ကောင်း၍ သပ်ရပ် သေချာသူဖြစ်သည်။ ဆရာတော် အရှင်သေဋ္ဌိလ အပေါ်၌ထားရှိသော မေတ္တာ စေတနာ သဒ္ဓါတရားကား အံ့မခန်းကြီးမားလှပါပေသည်။ သမီးတစ်ယောက်က အဘအိုကို ပြုစုလုပ်ကျွေးသည်ထက် ပိုကောင်းပိုပါလိမ့်မည်။ မလျော့နိုင်ပါ။ နေ့စဉ်ဆရာတော်၏ ဝေယျာဝစ္စများဆောင်ရွက်၍ အိမ်ကိုရှင်းလင်းသုတ်သင်မှုပြီးသည်နှင့် တစ်ပြိုင်နက် စာရွက်၊ ခဲတံနှင့် ဆိုင်ရာသိမှတ်လိုသော အချက်များ ယူကာ ဆရာတော် ရှေ့မှောက်ရောက်၍ နေပေပြီ။ စာပေဗဟုသုတ အနေနှင့်လည်း သူမ ယောကျ်ားကို အမီလိုက်နိုင်သော အမျိုးသမီးကြီး တစ်ယောက် ပါပေ။

စာကြည့်တိုက်ကို အကဲခတ်နိုင်ရုံမျှ ဖော်ပြပါရစေ။ အင်္ဂလိပ်စာပေ သမိုင်းရာဇဝင်နှင့် ဥရောပတိုက်ယဉ်ကျေးမှုသမိုင်း၊ ခရစ်ယာန်ဘာသာရေး စာပေ၊ ယဉ်ကျေးမှု အနုပညာမှစ၍ နက္ခတ္တဗေဒပညာအထိ စာအုပ်ပေါင်း များစွာ ရှိသည်။ ဗုဒ္ဓကျမ်းစာများနှင့်စပ်၍ မြန်မာဆင့်မှု ပိဋကတ် ပါဠိ အဋ္ဌကထာဋီကာ အစုံ၊ မြန်မာနိဿယများ၊ အရေးကောက်စာအုပ်များ၊ သင်္ဂြိုဟ်

သချာခဲ့စာအုပ်များမျိုးစုံတွေ့ရပေမည်။ ရှေးမြန်မာအက္ခရာနှင့်ပိဋကတ်စာပေများ၊ အင်္ဂလိပ်ဘာသာပြန် ပိဋကတ်စာအုပ်များလည်း ဟိနယာန ဆိုင်ရာ မဟာယာနဆိုင်ရာမျိုးစုံရှိသည်။ ပါဠိစကားသင် စာရေးသင်၊ သက္ကတ သင်ခန်းစာ၊ သဒ္ဒါကျမ်းများကိုလည်း ရှေ့ကျင့်ဆည်းပူးတားသော လက်ရေးလက်သားနှင့်တကွ တွေ့ရပေသည်။ မြန်မာဆင့်သင်္ဂါယနာခေတ်ကမြန်မာပြည်သို့ ရောက်ဖူး၊ ကမ္ဘာအေးဘုရားဖူး၊ မြန်မာများနှင့် တရင်းတနှီး နေခဲ့ဖူးသောကြောင့် မြန်မာမှုကိုလည်းမြတ်နိုးလှ၍ စာကြည့်ခန်း၌လည်းကောင်း၊ ဘုရားခန်း၌လည်းကောင်း၊ ရုပ်ပုံရုပ်ပွား ပန်းချီကား၊ ဓာတ်ပုံစသည်ကား ချိတ်ဆွဲထားသည်။ ကွယ်လွန်သူမစ္စတာအဲဗ်ဂလေဒင်ကားလက်မှုပညာ လည်းတတ်မြောက်သူ ဖြစ်သောကြောင့် အိမ်တွင် ကိုးကွယ်သည့် ကြေးရုပ်တုကို ကိုယ်တိုင်သွန်း လုပ်သည်။ ဧည့်ခန်း ဘုရားခန်းတွင် ခင်းသော ကော်ဇောကို ကိုယ်တိုင် ဒီဇိုင်းဆွဲ၍ ကိုယ်တိုင်ရက်လုပ်သည်။ အိမ်ရှင်မကလည်း လင်ယောကျ်ား၏ ဝါသနာကို စိတ်ရှည်လက်ရှည် ကူညီအားပေးသည်၊ ထိန်းသိမ်းစောင့်ရှောက်သည်၊ စာအုပ်စုကိုယ်တိုင် တစ်သိန်းကျော် နေသိုင်းခဲ့ရာ စာတော်တစ်ယောက် ဖြစ်၍မဝ၊ အချိန်ကုန်ခဲ့ရတော့သည်။ ရှေးကမမြင်ဖူး၊ ကြားပင်မကြားဖူးသော စာအုပ်စာတမ်း များကို တွေ့ရသောအခါ စာလာတကြီး မကောင်းမိ ဖတ်မိ၍ အညောင်းစွဲကြောက် ကြုံရတော့သည်။

ဤအိမ်ဤကျောင်းကား ဆရာတော် တစ်သက်တာတွင်ကျွေးမွေး များလှသောနေရာဖြစ်သောကြောင့် မှတ်တမ်းတင်ရပေမည်၊ The Book of Analysis ခေါ် ဝိဘင်းဘာသာပြန်နှင့် အခြား ဆောင်းပါး စတို အရှည်များစွာကို ဤကျောင်း၌ မပူမပင် ချမ်းသာစွာ နေထိုင်၍ရေးသားသွားတော်မူသည်။ ရန်ကုန်တက္ကသိုလ်၌ ၈—နှစ်မျှဆက်လျက် အဘိဓမ္မာကို အင်္ဂလိပ်ဘာသာဖြင့် ချပို့ပေးခဲ့ပြီး အနားယူမနေအားသေးဘဲ အင်္ဂလန်သို့ တပည့်များပင့်ဆောင်ခြင်းကို လက်ခံကာ ၁၉၆၄—ခုနှစ်မှစ၍ (၂)နှစ် တိုင်တိုင် ကြွရောက်သီတင်းသုံးစဉ်က ဤအိမ်ဤကျောင်း၌သာနေထိုင်သွားခဲ့ပေသည်။

ရှာကလေးကားမကြီးလှသော်လည်းစာတိုက်နှင့် စာသင်ကျောင်း နှင့်၊ ပုလိပ်ဌာနနှင့်၊ သေးငယ်လှကျင့်ကြွင်းနှင့်သာယာသော ရှာကလေး

ဖြစ်သည်၊ လမ်းကောင်း၍ တစ်အိမ် ကားတစ်စီး အနည်းဆုံးရှိသော ရွာကလေးဖြစ်ခြင်းကြောင့်လည်း ကားသံမစဲ။ သို့သော်လူသံသူသံဆူညံခြင်းမရှိ။ အင်္ဂလိပ်ထုံးစံအတိုင်း ကိုယ့်အိမ် ကိုယ့်မိသားစုမှတစ်ပါး အခြားအိမ်သို့မလည်၊ အခြားသူနှင့်အဘင်းအဖျင်းမပြော၊ အေးအေးနေကြသူများဖြစ်၍ဘုန်းကြီးရဟန်းများနှင့် အထူးသင့်လျော်သော ရွာကလေးဖြစ်သည်။

ရွာနောက်ဖေး ဂျုံခင်းကွင်းကျယ်ကြီး၏ အဆုံး မီးရထားကုန်းအလွန်ကလေးတွင် ပြေလျှောသော ကုန်းမြင့်ကလေးတစ်လျှောက် ဂျုံခင်းကို ဖြတ်၍ ဖောက်ထားသော မြေလမ်းတွင် ဆရာတော် နေ့စဉ် လမ်းလျှောက်သည်။ လေကောင်းလေသန့်လည်းရ၊ ရှုမြင်ခင်းကလည်းကောင်းသောကြောင့်စိတ်ကြည်လင်၍ ကိုယ်ခန္ဓာ လန်းဆန်း ကျန်းမာရေးအတွက်အလွန် အဆင်ပြေသောနေရာ ဖြစ်ပေသည်။ လန်ဒန်နှင့်လည်း မဝေးလှ၊မိုင် ၃၀-ခန့်သာ ကွာဝေးသည်။ ၈-မိုင်ခန့်တွင် ရက်ဒင် ခေါ်သောမြို့ခပ်သတ်သတ်တစ်မြို့ရှိသေးသည်။ လန်ဒန်မှာရနိုင်သော ပစ္စည်းမှန်သမျှရက်ဒင်မှာလည်း ရနိုင်သောကြောင့် ကိစ္စကြီးလျှင် လန်ဒန်သွားနေစရာမလို။ တော်နေရာနှင့်ဘစ်ရော့ဘစ်မြို့နှင့်တစ်မိုင်ဝေးကွာသောကြောင့်ပစ္စည်းအမျိုးအစား မှားမည်မစိုးရ။ ဈေးနှုန်းကွာနေမည်လားဟု တွေးစရာမလို။ စနစ်ကောင်းတွေအချို့ ပျက်ယွင်းလာသော်လည်း တိုင်းကြီးပြည်ကြီး၏ လက္ခဏာများမတိမ်ကော မပပျောက်သေးပေ။ ထို့ကြောင့် ဆရာတော် အရှင်သေဋ္ဌိလ၏ဘဝသက်တမ်း အရေးကြီးသော အပိုင်းကလေးတွင် ဤရွာနှင့် ဤကျောက်ဝန်းကျင် ဤသူတို့၏ အသွင်သည် နောင်အခါ၌အတိတ်၏ အရိပ်သဖွယ် ထင်ကျန်တော့မည် ဖြစ်ပေသတည်း။

## အဘိဓမ္မာနှင့် ဆရာတော်၏ နာမည်

အင်္ဂလန်၌ အဘိဓမ္မာသင်တန်းကို ဆရာတော်ပင် စတင်ဖွင့်ခဲ့သည်။ဆရာတော်၏ လုံ့လ အမြော်အမြင် အသင်အပြကြောင့် အဘိဓမ္မာကိုအင်္ဂလန်သားတို့ လေ့လာရကောင်းမှန်း သိလာကြသည်။ ရှေးက သူတို့အဘိဓမ္မာကို "A valley of dry bones" ရိုးခြောက်ဂနိုင်)ဟု ကင်ပွန်းတပ်ခဲ့ကြ၏။ ဆရာတော် အရှင်သေဋ္ဌိလ၏ မနားမနေစိုက်ရှည်ရှည်နှင့်ရှင်းလင်းသင်ပြပေးမှုကြောင့် အနောက်တိုင်း စိတ္တဗေဒထက် သာလွန်

နက်နဲ၍ ပြည့်စုံ ကြွယ်ဝသော အဘိဓမ္မာကို လိုလား လက်ခံ လေ့လာ လိုက်စားလာကြပေသည်။

ယခုနှစ်အတွင်း လွန်ခဲ့သော ဩဂုတ်လ ၂၀-၂၂ ရက် နေ့များက အောက်စဖို့မြို့ အုတ်ကင်ဟောတွင် အဘိဓမ္မာ ဆီမီနာ ဟောပြော ဆွေးနွေးပွဲကြီးတစ်ခု ကျင်းပခဲ့သည်။ ဆရာတော် နာမည်ကို အသုံးပြု၍ ကြော်ငြာခဲ့ရသည်။ ဆရာတော် အမည်နှင့် အဘိဓမ္မာ ခွဲမရအောင် ဖြစ်နေသည်။ ပညာရှင်ပေါင်း(၃၁) ပါဝင်ကျင်း တက်ရောက် နားထောင်ကြ၊ ဆွေးနွေးကြသည်။ ဆရာတော်၏ မိန့်ခွန်းကို အထူး အာရုံ စိုက်ကြသည်၊ ဆရာတော်ကား စာရေး၍ ဖတ်သည်မဟုတ်ဘဲ စိတ်မှတ်ဖြင့် မှတ်သား၍ ဟောပြောသည်။ သက်တော် (၇၇) နှစ် အရွယ်တွင် မှတ်ဉာဏ် အားပျော့ မသွားသေးပေ။ ဥပမာ ပုံပြင်ကလေး ညွှန်ကာ ညွှန်ကာ ရှင်းရှင်းကလေး ဟောပြောသောကြောင့် ဆရာတော့် အလှည့်အတွင် ပရိသတ်နားမညောင်း ခါးမညောင်းဘဲ ကောင်းမွန်စွာ ကြားနာ ပေးကြပေသည်။

ဘာမင်ဂန်မြို့မှ ဆရာတော် တစ်ပါး၏ အဘိဓမ္မာ ပို့ချလက်ကွက် စေတသိက်များအကြောင်း၊ သိဟိုဠ်မှ ဂွေးဟာပတ္တိဿ သက်တော်(၇၉) နှစ်ရှိ ဆရာတော် အရှင် အာနန္ဒ မေတ္တေယျ၏ လောကီနှင့် လောကုတ္တရာ တရားစုများ အကြောင်းများလည်း စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ ပွဲတွင်းတွင် မေးကြလည်သော ပြဿနာများကို ပွဲပြီးသည့်အခါ ဆရာတော် အရှင်သေဋ္ဌိလထံ အခွင့်တောင်း အချိန်ယူကာ နှစ်နာရီခန့် ဆွေးဆွေး မေးမြန်း လျှောက်ထားကြသေးသည်။

အခြားဆွစ်ဇာလန်ပြည်တန်းမြို့မှ ဒေါက်တာ ဖရီဘာက အဘိဓမ္မာ ရှုဒေါင့်မှ ဆိုက်ကိုသရပီကိုလည်းကောင်း၊ မစ်စ် ဖရီဘာက ဝီထိစိတ်များ အကြောင်းကိုလည်းကောင်း ဆွေးနွေးဝေဖန်သွားကြသည်။ စာရေးသူကလည်း အဘိဓမ္မာ နားလည်လျှင် အခြား ဗုဒ္ဓဘာသာစကားတော်များကို နားလည်သဘောပေါက်ဖို့ လွယ်ကြောင်း စာတမ်းမတိုမရှည်တစ်စောင် ဖတ်ခဲ့ရသေးသည်။ အချိန်နီးကပ်လှမှ ဖိတ်ခေါ်ရသောကြောင့် ဆွေးနွေးဖို့ အချိန်မလုံလောက် ဖြစ်ခဲ့ရပေသည်။ အင်္ဂလန်ကဲ့သို့သော ဒေသမျိုး၌ ဤမျှလောက် စိတ်ဝင်စားစွာ လာရောက် နားထောင်၊ ဆွေးနွေး ကြခြင်းကား ရှေးက မပေါ်ဖူးသေးသော အခြေအနေမျိုး ဖြစ်ပေသည်။

မန်ချက်စတာ ယူနီဗာစီတီမှ ပါမောက္ခများ၊ ကထိကများ ဦးဆောင်၍ အခြားစိတ်ဝင်စားကြသော ကျောင်းသား၊ ကျောင်းသူများနှင့် အဘိဓမ္မာ လေ့လာရေး အဖွဲ့ငယ်ကလေးတစ်ခုဖွဲ့ကာ သင်ယူလေ့လာနေကြသည်ဟု ကြားသိရပေသည်။ အဘိဓမ္မာစာတမ်းများဟူသော ခေါင်းစဉ်ဖြင့် စာအုပ်ငယ်တစ်ခု ရိုက်နှိပ် ဖြန့်ဝေထားသည်ကိုလည်း တွေ့မြင်ဖတ်ရှုရသည်။ ထို့ကြောင့် အဘိဓမ္မာ သင်ကြားပေးရန် ထေရဝါဒနိုင်ငံများမှ နှစ်ဘက်ရ စွယ်စုံ တတ်မြောက်သော ဆရာတော်များကို မျှော်လင့်တောင့်တ နေကြပြီဖြစ်ကြောင်း၊ ဆရာတော် အရှင်သေဋ္ဌိလ ချပေးသော မျိုးစေ့မှ ပေါက်ဖွားလာသော အပင်ငယ်များ ရှင်သန်အောင် ပြုပြင်ပေးမည့် ဥယျာဉ်မှူးများ လိုလားနေကြပြီဖြစ်ကြောင်း ဤနေရာမှ ကြော်ငြာလိုက်ပါရစေ။

ဤ နောက်ဆုံးအခေါက် ဆရာတော် ကြွလာသော ခရီးစဉ်တွင် အခြား အခြားသော တိုင်းပြည်နိုင်ငံများသို့ သွားရောက် ဟောပြောရန် အစီအစဉ် မရှိသည်ကတစ်ကြောင်း၊ အသက်အရွယ် ကြီးပြီဖြစ်၍ ခရီးများ များများ သွားရန် မသင့်လျော်တော့သည်ကတစ်ကြောင်း၊ ဤအကြောင်းများကြောင့် လန်ဒန်နှင့် ပတ်ဝန်းကျင်တွင် ဆရာတော်တရားပွဲများ များများ မရှိလှပေ။ စကော့တလန်မှပင့်၍ လေယာဉ်ဖြင့် ကြွကာ တရားဟောပြော အားပေးခြင်း၊ မြန်မာမိသားစုများ ပူဇော်ကန်တော့ပွဲတွင်လည်းကောင်း၊ ဘာမင်ဂန်မြို့ ဗုဒ္ဓဝိဟာရ မြန်မာ ကထိန်ပွဲတွင်လည်းကောင်း၊ လန်ဒန်မြို့ သီဟိုဠ်ကျောင်း ကထိန်ပွဲတွင်လည်းကောင်း၊ ဘာမင်ဂန် အင်္ဂလိပ် ဗုဒ္ဓဘာသာဝင်များ ပင့်လျှောက်၍ ကမ္မဋ္ဌာန်းနှင့်စပ်သော သိမှတ်ဖွယ်နှင့် အခြား သိဖွယ်များကို ဟောပြခြင်းမျှလောက်သာ ရှိလှသည်။

ဤမျှသာ ဆရာတော်အရှင်သေဋ္ဌိလ၏ ယခုရောက်ရှိဆဲ သက်တော် အထိ ကျင်လည်ခဲ့ရ၊ တွေ့ကြုံခဲ့ရ၊ အောင်မြင်ခဲ့ရသော ဖြစ်စဉ်အကျဉ်းချုပ် ဖြစ်ပေသည်။ ဇတ္တုပ္ပတ္တိဟူသည် သက်တမ်းမကုန်မချင်း ဆက်လက်၍ ဖြစ်ပျက်နေဦးမည်ဖြစ်သောကြောင့် ဆုံးပြီဟု မဆိုနိုင်သေးပေ။ ဤစာတမ်းကို ရေးနေချိန်အထိ ဆရာတော် ကျန်းမာရေးသည် အလွန် ကောင်းနေသေးသည် ဖြစ်သောကြောင့် သက်တော်ရာကျော် ရှည်တော်မူလိမ့်မည်ဟု ခန့်မှန်းရပါသည်။ သက်တော်ရှည်သည်နှင့်အမျှ နိုင်ငံတော်၏ သာသနာရေး ဆောင်ရွက်ချက်များတွင် အမှန်ပင် ဆရာတော်၏ အခန်းကဏ္ဍသည်

အရေးတကြီး ပါဝင်ရမည်ဖြစ်ပါသည်။ ဤသို့ သက်တမ်းတစ်လျှောက်လုံး မိမိကိုယ်ကျိုးထက် အများအကျိုး၊ သာသနာတော်အကျိုး ဆောင်ရွက် နိုင်ခွင့်ရခြင်းသည် လူသားမန်တို့ ရနိုင်သောအခွင့်အရေးမျိုး ဖြစ်ပါ၏။ သို့ဖြစ်သောကြောင့် ယခုနေအတိုင်း ဆက်လက်အသက်ရှည်၍ ဆောင်ရွက် ကာ အများအကျိုး၊သာသနာတော်အကျိုး ဆောင်ရွက်နိုင်ပါစေ ကြောင်း ဆုတောင်းလျက် ဤအတ္ထုပ္ပတ္တိစာတမ်းကို တစ်ခန်းရပ်နိဂုံးဖြင့် ဖုံးလိုက်ရ ပါသတည်း။ ။

* * *

## ကျမ်းပြုဆရာ၏ မျှော်မှန်းချက်

ဤအတ္ထုပ္ပတ္တိစာတမ်းကို ပြုစုရာ၌ အောက်ပါ အချက်များကို မိမိ စိတ်အစဉ်တွင် ထားရှိ၍ ပြုစုရပါသည်။

(က) မြန်မာနိုင်ငံအတွင်း သာသနာတော်ရောက်စဦး အချိန်မှ စ၍ ယနေ့အထိ ရှည်ဝေးလှသော အချိန်ပိုင်းအတွင်း သာသနာတော်ကို ကြည်ညိုလေးစား၍ သာသနာတော်အသက် ရှည်ရာရှည်ကြောင်း စွမ်းစွမ်း တမံ အားထုတ်တော်မူသွားကြသော သာသနာ့ဝန်ထမ်း ရဟန်းတော် များ၏ အကြောင်းအရာ အတ္ထုပ္ပတ္တိများကို အကြိုအကြား စာပဟောင်းပေ ဟောင်း ပုရပိုက်တွေတဲ့မှလည်းကောင်း၊ အမှတ်အသား ကောင်းကြ သော ရဟန်းအို လူအို ပညာရှင်ကြီးများထံမှ လည်းကောင်း ရှာဖွေကာ ပြု ဖြစ်စဉ် စာတမ်း ရေးသားကြ၍ နောင်လာနောက်သား သာသနာ့ဝင် ရှင်ငယ် ရဟန်းငယ်များအ တွင်း သာသနာပြုလိုစိတ် သွင်းပေးလိုပါသည်။

(ခ) သာသနာပြုဆိုရာတွင် မိမိကိုယ်တိုင်၌သာ သာသနာတည် အောင်ပြုနိုင်သူ၊ မိမိကိုယ်တိုင်လည်း သာသနာအဆုံးအမအတိုင်း ကျင့်ကြံ နေထိုင်၍ သူတစ်ပါးကိုလည်း မိမိကဲ့သို့ပင် နေနိုင်အောင် ဟောပြော ဆုံးမနိုင်သူဟူ၍ ပုဂ္ဂိုလ်(၂)မျိုး ပါဝင်ပါသည်။ ထို(၂)မျိုးတွင် ပထမ အမျိုးအစား ပါဝင်သူပုဂ္ဂိုလ်များအား သူတစ်ပါးကို သာသနာပြုနိုင် ရှိပါစေ။ မိမိကိုယ်ကို သာသနာပြုနိုင်ရင် အလွန်ကောင်းလှပါပြီ။ ကြိုး စား၍ ပြုပါ။ သာသနာတော်၏ အဆုံးအမအတိုင်း အားသစ်၍ ကျင့်ကြံ

နေထိုင်ပါ။ သာသနပြုအသံပေး၍ ကိုယ့်မှာ သာသနာမတည်ပါတဲ့ သူတစ်ပါးတို့အား သာသနာပြုရန် အားမထုတ်ပါလေနှင့်ဟု တောင်းပန် လိုပါသည်၊ ရှေးအခါက ကိုတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်သောအခါ ရဟန္တာပုဂ္ဂိုလ်ကြီးများအားလွှတ်ခဲ့ပါသည်၊ မြန်မာမင်းများလက်ထက်က သာသနာပြု ပုဂ္ဂိုလ်များလွှတ်ရန် ရွေးချယ်သောအခါ သီလဝန္တ စာတတ်ပေတတ်ပုဂ္ဂိုလ်များ ရွေးချယ်ခဲ့ပါသည်။ စာတတ်ရုံမျှဖြင့် မရွေးကောက်၊ သီလဝန္တဖြစ်မှ ရွေးကောက်သည်ကို သတိပြုရန်ရှိပါသည်။

(ဂ) ဒုတိယ အမျိုးအစား ပုဂ္ဂိုလ်များတွင် အခြေခံအားဖြင့် သီလဝန္တဖြစ်ပြီး ဂန္ထဓုရနှင့်တကွ ပိဋကစာပေတတ်ကျွမ်းသူ၊ ပိဋကစာပေများက ဘာသန္တရ လေ့လာလိုက်စား၍ နှစ်ဘက်ရင့်စုံတော်သူ ဟူ၍ (၂)မျိုး(၂)စား ပါဝင်ပါသည်။ ထို(၂)မျိုးတွင် ရှေ့က အမျိုးအစား ပုဂ္ဂိုလ်များအား မိမိနိုင်ငံသား စာပေကျမ်းဂန်များပို့ချ၍ နိုင်ငံတွင်း၌ သာသနာပြုရန်၊ စာပေပို့ချလိုပါလျှင် အောက်ကျ နောက်ကျ ဗဟုသုတမရှိ၊ ဘာသာရေးမျက်စိ ကွယ်နေသူများထံ သွားရောက်၍ ဗုဒ္ဓအဆုံးအမများ ဖြန့်ဖြူးသော အမြင်ဓာတ်ကို ပေးဝေဖို့ရန် တောင်းပန်လိုပါသည်။

ခရီးလမ်း ဆက်သွယ်ရေးကောင်းရုံ ဖြစ်စေ၊ ရာသီဥတု၊ ရေမြေ အနေအထား ကြိုမ်ဟမ်းသော ကြောင့်ဖြစ်စေ၊ လူသူ အရောက်အပေါက် နည်းသော ချောင်ကြို ချောင်ကြားနေရာများ၌ ဗုဒ္ဓဘာသာသားများရောက်၊ ခရစ်ယာန်ဘာသာ ရောက်၍ နေနှင့်ပြီ၊ ကြိုးဖြစ်မျိုး မဖြစ်စေနှင့်၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးတို့အား ကိုယ့်တရားကို ဟောပြောသိမ်းသွင်း၍ ကိုယ့်လူမျိုးကိုအားကိုးဖက်၊ ချစ်မြတ်နိုးစေအောင် သင်ပေးဖို့ လိုပါသည်။ ဤသည်လည်း သာသနာပြုခြင်းဝ န်မျိုးပင် ဖြစ်ပါသည်။ အလွန် လိုအပ်သော သာသနာပြုဖြစ်ပါသည်။

သည်မျှမက မြို့ကြီးရွာကြီး တိုင်းလိုက်သို့ ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွေ၊ ဗလီဝတ်ကျောင်းကြီးတွေ မိုးယိုလုနီးပါး ရှိနေကြပါသည်။ ထိုသူများ၏ သာသနာပြုစိတ်ဓာတ်ကို အတုယူစေလိုပါသည်။ ထိုသူများကဲ့သို့ အားမထုတ်လျှင် မိမိတို့မြို့၊ မိမိတို့ရွာ၌ ဗုဒ္ဓဘာသာဝင်မိသားစုမှ အခြားဘာသာဝင်အဖြစ် ကူးပြောင်းသွားပါလိမ့်မည်။ ဘာသာပြောင်း

လျှင် အမျိုးချစ်စိတ်ပါ ပြောင်းလဲသွားပါလိမ့်မည်။ ထို့ကြောင့် သက်သာသလို အချောင်ခိုမနေပါဘဲ တတ်နိုင်သည့်ဘက်က သာသနာပြုစေလိုပါသည်။

(ဃ) နောက်အမျိုးအစား ဘာသန္တရပညာရှင်၊ သီလဝန္တအာခြံနှင့်တကွ ပိဋကတ်ပညာပါ တတ်ကျွမ်းလိမ္မာသူ၊ ဤပုဂ္ဂိုလ်မျိုးကား ရှားပေလိမ့်မည်။ ရှားသော်သည်း မရှိသည့်ကား မဟုတ်ပါ။ မရှိသေးလျှင် ရှိအောင် လုပ်ကြရပါမည်။ လိုအပ်ချက် (၃)ခုရှိပါသည်။ (၁) သီလစင်ကြယ်သူ၊ အနေအထိုင်ကောင်း၍ လူကြည်ညိုဖွယ် နေတတ်၊ ထိုင်တတ်၊ ပြောတတ်၊ စိတ်ထားတတ်သူ ဖြစ်စေလိုပါသည်။ (၂) ပရိယတ်ပညာ တတ်ကျွမ်းရပါမည်။ ပရိယတ်မတတ်ဘဲ နိုင်ငံခြားသာသနာပြုလျှင် ဗုဒ္ဓသာသနာပြု မဟုတ်တော့ဘဲ မိစ္ဆာသာသနာပြု ဖြစ်ပါလိမ့်မည်။ (၃) ဘာသန္တရတစ်ခုခုကို ကျနစွာတတ်ကျွမ်းဖို့ လိုပါသည်။ ဥပမာ—အင်္ဂလိပ်စာပေဆိုပါတော့၊ အင်္ဂလိပ်ဘာသာပေသည် အလွန်ကြွယ်ဝပါသည်။ နှစ်အနည်းငယ်မျှ လေ့လာရုံမျှဖြင့် တတ်ကျွမ်းလိမ့်မည်ဟု မမျှော်လင့်ပါနှင့်။ အလွန်ကြိုးစားမှု၊ အချိန်ယူမှု၊ မရှက်မကြောက် စွန့်စားမှု၊ ကိုယ့်ကိုကိုယ် အထင်မကြီးမှု တတ်မြောက်ကျွမ်းကျင်ပါလိမ့်မည်။ နိုင်နင်းကျွမ်းကျင်မှ ထိုဘာသာစကားနှင့် ရေးသားပြောဆို သာသနာပြုနိုင်မည်ဖြစ်ပါသည်။ ယင်း ဒုတိယအမျိုးအစားပုဂ္ဂိုလ်မျိုး များများပေါ်ထွန်းစေအောင် အတုယူစရာကျကာ ကြိုးစားကြစေလိုသောကြောင့် ဤအတ္ထုပ္ပတ္တိစာတမ်းကို ရေးပါသည်။ မိမိကိုယ်တိုင်လည်း ဤလမ်းစဉ်အတိုင်း လုပ်ကိုင် ဆောင်ရွက်ပါသည်။ အခက်အခဲဟူသည် နေရာတကာ၌ရှိမြဲ။ အခက်အခဲနှင့် ရင်ဆည်မှ ထွက်လာသောအကျိုးအမြတ်သည် အဖိုးတန်ပါသည်။ ဤအတ္ထုပ္ပတ္တိရှင် ဆရာတော်ကား သင် ဤစာအုပ်ကိုဖတ်ရှုပြီးသည့်အတိုင်း အခက်အခဲရှိ၍ တုံ့ချွန်လာသူ မဟုတ်ပါ။ ကိုယ်ကျင့်တရား ပေါက်ပြားဘဲ ဇွဲသမတ်တည်း ကြိုးစားခဲ့သူ၊ အခက်အခဲအမျိုးမျိုးကို ကျော်လွှားလွန်မြောက်အောင် အားထုတ်ခဲ့သူ ဖြစ်ပါသည်။ သင်လည်း ဤဆရာတော်ကြီးကဲ့သို့ အားထုတ်ကြိုးစား သာသနာပြုပြီး အောင်မြင်သူအဖြစ် မြင်စမ်းပါရစေ။

ဦးဉာဏိက
၂-၁၂-၈၂

# နိဂုံး သံပိုင်း


(၁) တိုင်းမြန်မာ့ဒွမှ၊ ငါတို့မြေသို့၊ ဝေးရှာဟိုခေတ်၊ ထောင်ကျော်နှစ်က၊ ရှင်ချစ်သားလှ၊ ဥတ္တရနှင့်၊ သောဏမည်သား၊ ထေရ်ကျော်များတို့၊ ဘုရားဗျာဒိတ်၊ နှုတ်တော်ရိပ်ကို၊ စိတ်၌မှတ်သား၊ နာသောအားဖြင့်၊ တရားအစစ်၊ ပေါ်ထွန်းသစ်သည့်၊ ဒါနှစ်သ ရ၊ ပေးဝေငှဖို့မြန်းကြွရောက်ကာ၊ဖြန့်ဖြူးလာ၍၊ခေတ္တရာသီရိ၊ ဋ္ဌေဘူမိဟု၊ပြည်ကြီးဌာန၊ သုမု (သထုံ) မှလျှင်၊စ၍တစ်ဖန်၊ ထက်သို့ဆန်လျက်၊ ပုဂံမြေ၊ ခေါ်မျို ၊မင်းနေမြို့သို့၊ သွင်းပို့ဆောင်လတ်၊ပိဋကတ်ကို၊သိမှတ်နာကြား၊ ကိုယ်တိုင်ပွား၍၊ ရှေ့သွား ရှုရှက်၊ မိဘက်ဖွား၊ မြန်တိုင်းသားတို့၊ အားပါးတရ၊ ခံယူကြ၏၊ ထိုမှဆင်းသက်၊ သားမြေးဆက်၍၊ကျက်ကျက်ကြံကြံ၊သင်အံ့ကျင့်ပွား၊ ရှင်လူများတို့၊ လေးစားစိုက်စိုက်၊ အဖိုးထိုက်အောင်၊ သိမ်းပိုက်နိယာမ်၊ ပွဲကြီးခံလျက်၊ အမှန်ဆင့်ပွား၊ ရေမြေခြားလည်း၊ ထွန်းကားသာသနာ၊ တည်မြဲလာ၏၊ မြန်မာထီ ရိုး၊ဖြန့်ကြက်မိုး၍၊ ကြီးစိုးကာလ၊အမနေလာ၊ ခေဟ်တိုင်သာခဲ့၊ ယက္ခာပူရ၊ မည၀တီ၊ အနောက်ဆီလည်း၊ ပြည်မိမွေ့၊ လူတိုင်းရ၏၊ ဒလ ဒဂုန်၊ ဆန့်စုံကြွင်း၊ တနင်းသာရီ၊ တောင်ဘက်ဆီလည်း၊ စုံညီပြည့်လျှမ်း၊ စည်ကြီးရွမ်းသို့ ငြိမ်ရုံမ် နှလုံးသား၊ လူတိုင်းကြား၏၊ မခြားမလတ်၊ ဖြောင်မတ်စင်ဖြူ၊ ရှမ်းတောင်သူလည်း၊ ခံယူချင့်ပိုင်း၊ ကိုယ်လုံးသိုင်းသည်၊ ရံစိုင်းခလိုနေပေသော်။ ။

(၂) ဝိုင်းရံခနေ၊ မြန်တိုင်းဖွေတွင်၊ စေ့ရေတွက်ကျုံး၊တစ်ပြည်လုံးမျှ၊အုံးအုံးကျွက်ကျွက်၊ သူထက်ကားငါ၊ သားကြီးသားဖောင်၊ ယထာဘူတ၊နည်းမှန်ရဖို့၊ ထကြွလှုပ်ရှား၊ လွန်ကြိုးစား၍၊ရွှေဖျားမေ့စက်၊ အလွန်ထက်လည်း၊ ယွင်းပျက်ပြောင်းရွေ့၊ ယခုနကား၊ ရှေးရှေးကာလ၊ နိုင်းမရအောင်၊တစစလျော့၊အရှိန်ပျော့၏၊ သော့သော့သွမ်းသွမ်း၊စရိုက်ကြမ်းတို့၊ ဝင်လမ်းရှိသမျှ၊ ဝင်လာကြ၍၊ဝါဒဆူဆူ၊အယူထွေပြား၊ကျင့်နည်းမှားကို၊ လိုက်စားတုပ၊ခံသင့်ကြ၏၊ မမွှစစ်စစ်၊ဂုဏ်အနှစ်လည်း၊ နည်းသစ်မွန်နှော၊ သျှောက်လှက်ရော၍၊ ဟောပြောရေးသား၊ အတွေးမှားဖြင့်၊ ပျက်ပြားကုန်ဆုံး၊ အကာဖုံး၏၊ စည်းရုံးမှုကြဲ၊အကွဲကွဲဖြင့်၊ပြည်ထဲရေးစွက်၊လေးကနက်လည်း၊ မဘက်မပွား၊ ဝါဒများ၏၊ သွေ့လွဲသွား ဖြစ်ပျက်၊ သာသနာနက်ကို၊ ပြက်ပြက်ပြတ်သား၊ အမြင်ထား၍၊ လှုပ်ရှားတက်ကြွ၊ ရပ်တိုင်းထလျက်၊ ဓမ္မအရေး၊ အဘွင်းဆေးကို၊ တိုက်ကျွေးကြရန်၊ ချိန်သင့်တန်ပြီ၊ ဘုံဝန်ကြီးမား၊မြတ်ဘုရား၏၊သားတော်ဝန်ထမ်း၊ ရှင်ရဟန်းတို့၊ကြိုးပမ်းတကုတ်၊ လွန်အားထုတ်မှ၊ မယုတ်ဘိုးပွား၊ဘုရားသာသနာ၊စည်ပင်သာလိမ့်၊ရွာသိမ်ကျေးလက်၊နယ်စုံသွက်၍၊ တောနက်လျှိုတွင်း၊ကုန်းကျင်းမရွေး၊ဝေးဝေးနီးနီး၊ ခရီးခထာင့်ခသာ၊ မဖြောင့်သောဟု၊ တွေးတောမရှိ၊ နှောက်မတွန့်ပဲ၊ စွန့်စွန့်စားစား၊ အရောက်သွား၍၊ တရားဖြန့်ဝေ၊ သိပါစေလော့၊ သိခေါထက်ခေါင်၊ အမြင့်ဆောင်သည့်၊ တောင်အထပ်ထပ်၊ ချပ်အလီလီ၊ ဘေးမသိပဲ၊ကျွဲသည့်မြေဘွင်း၊ဝေးမှချဉ်းသား၊အသင်းတော်ဟု၊သာသနာပြုကို၊ တုသူပုံခိုင်း၊ ညာက်ဖြင့်ပိုင်းသည်၊ စံနိုင်းဆလို့ ဖွေစေသော်။

(၃) နိုင်းစံဆဖွေ၊ ယူထိုက်ပေစွ၊ ကေဝုစ်နည်း၊ အယူပေည်း၏၊ ငါချည်းသာ့နှန်၊ သူ့ကိုချန်၍၊ ပွားမာန်ကြီးဖောက်၊ အထင်ရောက်သော်၊ မှောက်မှားတဝ်လျှင်း၊ ကျိုးမဲ့ယွင်း၏၊ ထင်လင်းမျက်မှောက်၊ မှိုတိုင်းချောက်သည့်၊ဘောက်ဦမ်ံ့တွား၊ ကြွားရရွှားနှင့်၊ ဘုရားကျောင်းခေါ်၊ ဝတ်ကျောင်းခေါ်သား၊ မျှော်စဉ်အမြင့်၊ စွင့်ချချင့်တည်း၊ လုစ်ဖွင့်ဘည်ဘား၊ လွန်ကြိုးစား၍၊ တိုင်းခြားသာသနာ၊ ပြုသည့်တာကို၊ ကောင်းစွာတိ၊ ထားကုန်ဘိလော့၊ မိမိနိုင်ငံ၊ မိမိကံကို၊ သယ်ကာရ၊ ပြုသင့်လှ၏၊ ထကြွမရှိ၊ မသိမဝင်၊ပျှင်းရိကျင့်မှု ပြင်ပအဝေး၊ ဘာသာရေးနှင့်၊ ရှေးထူးကူယှက်၊ လူချိုးပျက်လိမ့်ပြင်ဘက်တခွင်၊ ခရီးနှင်၍၊ငါလျှင်ကြိုးကုတ်၊သူတို့လုပ်သို့။

ဗုဒ္ဓသာသနာ၊ဖြန့်ဝေကာလျှင်၊ကမ္ဘာအလင်း၊ ငါဆောင်ကြဉ်းအံ့၊ယင်းသို့
လူရှင်၊စိတ်ကူးဝင်၍၊တုမြင်အားကျ၊ ဆောင်ရွက်ကြဖို့၊ ကမ္ဘာ့သာသနာပြု၊
ယခုထင်ရှား၊ ဆရာဖျား၏၊ ကြိုးစားလုပ်ရပ်၊ အတ္ထုပ္ပတ်ကို၊ ကျမ်းမြတ်တစ်
ဆူ၊ သမိုင်းထူ၏၊ဗိုလ်လူအများ၊ ဤယောကျ်ားကို၊စံထားသမှု၊ ပမာပြု၍၊
လူ့ဘဝသာသနာ၊ ထွန်းစိမ့်ငှာဟု၊ ဒေသစာစက်၊ ခုဖြန့်ကြက်လော့၊
အခက်အခဲ ရှိစမြဲဘည့်၊ဆင်းရဲဒုက္ခ၊ရင်းတည်မှုလျှင်၊ သုခအကျိုး၊ ဆဆင့်ို
လိမ့်၊အမျိုးဘာသာ၊သာသနာ၊လည်း၊ လူသားမူလ၊ဒေရင်းကူ၏၊လုံ့လမကူ၊
ဉာဏ်ခလူက၊ ကံမှုသိမ်ဖျင်း၊ ပျက်ပြိုဆင်း၏၊ မယွင်းထပ်တူ၊ လုံ့လ
ကူသော်၊ ဉာဏ်ယူလည်းပွင့်၊ ကံလည်းမြင့်၏၊ ဇသင့်ဒေချို့၊ ဂုဏ်ရောင်
ပျို့၍၊ တို့မြန်မာ့တိုင်း၊ ကမ္ဘာ့နိုင်းသည်၊ ကံမှိုင်းမလှို ဝေစေသော်။

*　　　*　　　*



ဇာတာတော် ဟောစာတမ်း

ကမ္ဘာ့ ဗုဒ္ဓသာသနာပြု ဆရာတော် အရှင်သေဋ္ဌိလ၏ အထက် ဖော်ပြပါ ဇာတာတော်အရ ၃ င်္ဂါ၊ ၄ ဟူး၊ ၅ တေး၊ စနေ ဂြိုဟ်လေးလုံး တို့သည် မိမိတို့၏ ဥစ်အိမ် ကသစ်အိမ်၌ တည်ကြသောကြောင့် ရုစ္စကယုဂ် ကို ရလျက်ရှိသည်။ ရုစ္စကယုဂ်ဟူသည်မှာ ယောကျ်ားမြတ်တို့ရမြဲ ယုဂ် ၅ ပါးတွင် တစ်ပါး အပါအဝင် ဖြစ်သည်။

မန္တြေ့သွရဆရာ၏ ဖလဒိပိကာကျမ်းလာ ရှစ္စကယုဂ် အလိုကား—

၁။ ကြည်လင် တင့်တယ်သော မျက်နှာတော်၊ ဖြူဝင်းသော အသားအရေရှိခြင်း။

၂။ ထက်မြက်ခိုင်ခံ့သော စိတ်တန်ခိုးနှင့် ပြည့်စုံခြင်း။

၃။ လောကီလောကုတ္တရာ ၂—ဖြာသော ပညာအရည်အချင်း ကောင်းများနှင့် ပြည့်ဝခြင်း။

၄။ ဗုဒ္ဓမြတ်စွာသာသနာတော် ပြန့်ပွားရေးအတွက် ရဲရဲရင့်ရင့် စွန့်စားလုပ်ကိုင် ဆောင်ရွက်နိုင်ခြင်း။

၅။ ကြံစည်လုပ်ဆောင်သမျှ အောင်မြင်မှုအရများခြင်း။

၆။ နိုင်ငံဘုန်း နိုင်ငံပ ကျော်စောကိတ္တိရှိခြင်း။

၇။ အကြီးအမှူး ဦးစီးဦးဆောင်ဖြစ်ခြင်း၊ ဤအကျိုးများကို ဤ ရှစ္စကယုဂ်က ဖော်ပြလျက် ရှိပေသည်။

တစ်ဖန် အသက် (၁၉)နှစ်အရွယ်မှစ၍ အသက် ၂၂ နှစ်ခန့် အတွင်း၌ ဆရာတော်၏ ပညာရေးဘက်တွင် အမျိုးသား စာမေးပွဲများ နှင့် အစိုးရ ပထမပြန် စာမေးပွဲ၊ စေတီယင်္ဂဏ စာမေးပွဲ၊ မန္တလေး သကျသီဟ သီးခြား စာချောက်ပွဲများ၌ အခက်အခဲမရှိ တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်မှုရခြင်း၊ မြင့်မြက်သော ရဟန်းအဖြစ်ကို ရခြင်းများ သည် ဇာတာခွင်၌ ရာဟုမဟာဒသာအတွင်း ဂြိုဟ်နက္ခတ်တို့၏ အစီးအမြင် အယှဉ်အပူး ကောင်းသောကြောင့်ဖြစ်ပေရာ ဂြိုဟ်အနေအထားကို စဉ်း စားသော် အောက်ပါအတိုင်း တွေ့မြင်ရမည် ဖြစ်ပေသည်။

(က) ရာဟုဂြိုဟ်သည် မိမိမူလ တြိဂုဏ်းအိမ်ဖြစ်သော လဂ်၏ ၇/တန့် ကိန်းအိမ်၌ တည်ခြင်း။

(ခ အိမ်ရှင်စနေ ဂြိုဟ်သည် ၃/တန့်၌ ဥစ်မှု၍နေခြင်း။

(ဂ) အားကြီးသော ယောဂကာရက ဂြိုဟ်ဖြစ်သော အင်္ဂါနှင့် စနေဂြိုဟ် အပြန်အလှန် မြင်နေခြင်း။

(ဃ) အင်္ဂါအစိုးရသော နက္ခတ်ဘိုပင် စီး၍နေခြင်း၊ ဤအချက်များ ကို တွေ့မြင် ရပေမည်။

တစ်ဖန် ရဟန်း ရဟန်း သူတော်မြတ်တို့ လက္ခဏာကို ဇာတာ ခွင်၌ မြင်တွေ့ရမြဲဖြစ်ရာ အနည်းငယ် ထောက်၍ပြရသော်—

(က) အနောက်ဂြိုဟ်၊ အရိပ်ဂြိုဟ်၊ ရာဟုဂြိုဟ်၊ ၇-တန့် ပထနီဘာဝကို လွှမ်းမိုးလျက်ရှိခြင်း၊

(ခ) ယင်းရာဟုဂြိုဟ်သည်ပင် အိမ်ရှင် စနေဂြိုဟ်ကို ၄-ပါဒ် အပြည့် မြင်လျက်နေခြင်း၊

(ဂ) စနေဂြိုဟ်သည် ဥစ်-အိမ်၌ အသွားဖောက်ပြန်၍မိးရာသီအိမ်ရှင် ဂြိုဟ် ၃-ဂ်္ဂါဂြိုဟ်၏ ရန်မူခြင်းကို ခံနေရခြင်း၊

(ဃ) ယင်းမီးရာသီ၌ပင် နိစ်နဝင်းစီးလျက်နေခြင်း၊

(င) ၅-တန့်ဘာဝ ၅-ဘန့်သခင် ၅-တေးနှင့် ၉-တန်ဓမ္မဘာဝ လောကုတ္တရာသခင် ဂြိုဟ်တို့သည် ၃-ဂ်္ဂါ စနေနှင့်သမ္ဗန္ဓပြုလျက် ရှိနေကြခြင်း။

(စ) သုက်သွေးရမ္မက်နှင့် ကာမအင်အားကို အစိုးရသော သော့ကြာ (အချစ်)ဂြိုဟ်သည် ပူပြင်း တောက်လောင်လျက် ရှိသော မီးပုံ ကြီးနှင့်တူသည့် တနင်္ဂနွေဂြိုဟ် နေမင်းကြီးနှင့် အံသာညီမျှစွာ ပူးယှဉ်လျက်ရှိခြင်း၊ ဤသို့ ဂြိုဟ်တို့၏ နက်နဲသော သဘာဝ ကာရက အကြောင်း တို့က ဆရာတော် အရှင်သေဋ္ဌိလအား ရှုပ်ထွေး ပွေလီသော လောကီ ဝတ်ကြောင် အမှောင်နယ်မှ ဆွဲထုတ်၍ချမ်းမြေ့သာယာ လင်းရောင်ဖြာသောလောကုတ္တရာ နယ်သို့ ပို့ဆောင်ခဲ့ခြင်း ဖြစ်ပေသည်။

တစ်ဖန် ထိုးထွင်းသိမြင်တတ်သော ပညာဉာဏ်ကို အစိုးရသော ၁၅-တန့်သခင် ၅-တေးသည် ၁၂-တန့် ဥစ်မူ၍နေခြင်း၊ ပညာဉာဏ်ကိုပင် ဟောဆိုရာဖြစ်သော ၄-တန့်ဘာဝကို ပါဒ်ပြည့်မြင်ခြင်း၊ အားကြီးသော ၄-တန့်သခင် ၃-ဂ်္ဂါဂြိုဟ်ကလည်း ၅-တေး ဂြိုဟ်ကို ၄-ပါဒ်ပြည့်မြင်ခြင်း၊ စန်းအိမ်ရှင် ၄-ဟူးဂြိုဟ်ပိုင်သော ၉-လုံးမြောက် အဒလိသနက္ခတ်နှင့်ယှဉ် ခြင်း၊ ဤအကြောင်းတို့ကြောင့် ၁၉၁၈ ခု၌ သက်တော် ၂၂ အရွယ်တွင် အစိုးရပထမပြန်စာမေးပွဲကြီး၏ အမြင့်ဆုံး ပထမကျော် အောင်ပန်းကို ဆင်မြန်းကာ ရွှေတံဆိပ်ဆုကို ရရှိခဲ့ခြင်း ဖြစ်ပေသည်။

သည်မျှမက ၅-တေး ထူလ၊ စနေ အန္တရဒသာအတွင်း ဖြစ်သော ၁၉၂၂ ခုနှစ်ပိုင်း အတွင်းတွင်—

(က) စနေဂြိုဟ်သည် နိစ်နဝင်းစီး၍ ဥစ်အိမ်၌ဘည်ကာ ဗျဿစာကျင့်ခဲ့သော်လည်း ပရမ ဥစ်စစ်အံသာ ၂၀-၌ တည်ခြင်း၊

(ခ) ယောဂကာရကဂြိုဟ် ၃-ဂ်ါနှင့် သမ္ဗန္ဓပြုလျက်နေခြင်း၊

(ဂ) ၅-တေးဂြိုဟ်သည် စနေဂြိုဟ်ကိုမမြင်သော်လည်း စနေနဝင်း၌ တည်ကာ စနေပိုင်အိမ်ကိုမြင်ခြင်း၊

(ဃ) ထူလဒသာဂြိုဟ် ၅-တေးနှင့် အန္တရဒသာဂြိုဟ် စနေတို့သည် အချင်းချင်း လောကုတ္တရာမိတ်ဂြိုဟ်များဖြစ်ခြင်း၊

(င) စနေအိမ်ရှင် ၆-ကြာဂြိုဟ် အားကောင်းခြင်း၊

ဤ အကြောင်းများကြောင့် မြန်မာနိုင်ငံ သာသနာတော်ဆိုင်ရာ စာမေးပွဲများတွင် အခက်အခဲဆုံးဖြစ်သော သကျသီဟစာမေးပွဲကို အောင်မြင်ကာ သေဋ္ဌိလာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့ကို ခံယူတော်မူခဲ့ရလေသည်။

သို့ရာတွင် ဘဝခရီးလမ်း ဟူသည် အမြဲတမ်းဖြောင့်ဖြူး သာယာသည်ချည်းမဖြစ်နိုင်ပေ။ ပန်းခင်းသောလမ်း ရှိသကဲ့သို့ ဆူးငြောင့်ခလုတ်တို့ ပြွမ်းသော ခရောင်းလမ်းကြမ်းလည်း ရှိသည်သာ ဖြစ်သည်။ အချိန်ကား ၁၉၃၇ ခုနှစ်ပိုင်းဖြစ်သည်။ အင်္ဂလန်ပြည်သို့ကြွ၍ ဗုဒ္ဓသာသနာ ဖြန့်ဖြူးရန် တာစူ၍အားယူခါစဖြစ်သည်။ ထိုအချိန်သည် စနေထူလကိတ်အန္တရဒသာအတွင်း၌ကျ ရောက်နေဆဲဖြစ်သည်။ကိတ်အိမ်ရှင်သည်ကိုယ်ခန္ဓာနှင့်ဝိညာဏစွမ်းအင်ကို အစိုးရသော လဂ်သခင် တနင်္ဂနွေ ဖြစ်သည်။ တနင်္ဂနွေဘာဝခေါ် လဂ်၏သဘောမှာလည်း ကိုယ်ခန္ဓာကျော်စောခြင်းနှင့်ဆိုင်သည်။ကိတ်ဂြိုဟ်နှင့်အတူ ရန်နဝင်းကိုစီး၏။ ကိတ်အတွက်မူ နိစ်နဝင်း ဖြစ်သည်။ တစ်ဖန် စက္ကူ ၃-၅ာနလုံး၌ ရန်ဂြိုဟ်ရာဟု၏ အမြင်ဆိုး မြင်ခြင်းကို ခံရပြန်သည်။ ထူလဒသာသခင်ဂြိုဟ်နှင့် အန္တရဒသာသခင်ဂြိုဟ်တို့သည်လည်း နေသဂ္ဂကရန်ဂြိုဟ်များဖြစ်ကြသည်။ နက္ခတ်အားဖြင့် ၇-လုံး အစိုးရသော ၅-တေးဂြိုဟ်သည်သည်း ဗျာဘာဝ ဒုဋ္ဌာန၌တည်၏။ ဤအခြေခံ အကြောင်းတရားတို့သည် တိမ်ယောင်နှင့်နက်၊ လွယ်ယောင်နှင့် ခက်သော အခက်အခဲများနှင့် ရင်ဆိုင်စေဖို့ ဖန်တီးပေးကြပေသည်။

ယင်းအခက်အခဲများသည် မကျော်လွှားနိုင်သော အခက်အခဲများ မဟုတ်ကြပေ။ အင်္ဂလိပ်လူမျိုးပရိသတ်အား အင်္ဂလိပ်ဘာသာဖြင့် တရား ဟောလျှင် ရှိရမည့်အရည်အချင်းများ မပြည့်မီသေးကြောင်း တွေ့ရခြင်း ဖြစ်သည်။ အင်္ဂလိပ်သဒ္ဒါကို ကျေညက်စွာသင်ယူခဲ့ပြီးမှန်သော်လည်း သံတို သံရှည် အလေးအပေါ့ လေယူလေသိမ်း မှန်ကန်စွာပြောနိုင်ဖို့ လိုနေသေး သည်။ အနောက်တိုင်း စိတ္တဗေဒ ဒဿနဆိုင်ရာ အချက်အလက် များကို လေ့လာမှုနည်းနေသေးသောကြောင့် ဗုဒ္ဓအဘိဓမ္မာစိတ္တဗေဒ နည်းနိဿယ များကို နှိုင်းယှဉ်၍ ဟောပြောနိုင်ခြင်း မရှိသေးပေ။ အိန္ဒိယနှင့် သီဟိုဠ် နိုင်ငံများ၌ အင်္ဂလိပ်ဘာသာဖြင့် စကားပြောခြင်း၊ တရားဟောခြင်းများ ရှိခဲ့သော်လည်း အင်္ဂလိပ်လူမျိုးတို့ အလယ်တွင် မိမိ ပြောလိုသော အကြောင်းအရာ အယူဝါဒများကို အလွယ်တကူ နားလည် သဘော ပေါက်အောင် ပြောဟောနိုင်ဖို့ လေ့လာရပေဦးမည်။ ဤသည်တို့ကား လူသာမန်များအဖို့ အခက်အခဲကြီးများ ဖြစ်နေဖွယ် ရှိသော်လည်း ဆရာတော် အရှင်သေဋ္ဌိလ အဖို့ကား ပြောပလောက်ဖွယ် ကြီးကျယ်သော ပြဿနာများ မဟုတ်ပေ။

လန်ဒန်မြို့၌ ဘာသာစကား မျိုးစုံ သင်သော ပေါ်လီတက္ကနစ် ကောလိပ်ကျောင်းကြီးတွင် အရှင်သေဋ္ဌိလ ဝင်ရောက်လေ့လာသင်ကြား လေသည်။ ရေးနည်း၊ ပြောနည်း၊ ကဗျာလင်္ကာ ရွတ်ဖတ်နည်း စသည် များကို တစ်နှစ်တာမျှ လေ့လာ သင်ကြားပြီးနောက် နှစ်ပတ်လည် စာမေးပွဲတွင် ဝင်ရောက် ဖြေဆိုရာ အဆင့်မြင့်မြင့် ဂုဏ်ထူးနှင့် အောင် မြင်ခဲ့ပြန်လေသည်။

တကယ့်အခက်အခဲကား ၁၉၃၁-နှစ်၌ကြုံတွေ့လာရသော ဒုတိယ ကမ္ဘာစစ်ကြီးပင် ဖြစ်သည်။ ပုံမှန်အခြေအနေမျိုးမှ ရုတ်တရက် ပြောင်းလဲ တွေ့ကြုံလာရခြင်းဖြစ်၍ စိတ်အားငယ်စရာ အလွန် ကောင်းပေသည်။ နေရေး စားရေးအတွက် စိတ်မအေးစရာ ဖြစ်နေပေသည်။ သို့သော် ဆရာတော်ကား နောက်ဆုတ်လိုစိတ်မရှိ၊ အခက်အခဲကို ရင်ဆိုင်ဖို့ အသင့် ပြင်လျက် ရှိနေပေသည်။

နက္ခတ်ဗေဒင်သဘောအရ လေ့လာသုံးသပ်ရသော်

(က) ရဲစွမ်းသတ္တိနှင့် လုံ့လဝီရိယကို အစိုးရသော၊ အားကြီးသော ဇ—တန့် သခင်အင်္ဂါဂြိုဟ်သည် ၃—တန့်ဘာဝနှင့် ၄—တန့်ဘာဝ မိမိအိမ်ကို မြင်နေခြင်း၊

(ခ) ၆—တန့်သခင် စနေနှင့်လည်း အပြန်အလှန် သမ္ဗန္ဓပြုလျက်နေခြင်း၊

(ဂ) အင်အားဗလနှင့်ပြည့်စုံသော ၃—တန့်သခင် ၆—ကြာ ဂြိုဟ်သည် ၃—ဂ်ါဂြိုဟ်မှ ၃—တန့်မြောက်ဘာဝ၌ တည်နေခြင်း။

ဤအကြောင်း အချက်တို့သည် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း အင်္ဂလန်၌ တွေ့ကြုံရသော အခက်အခဲပေါင်းစုံကို မဘုန်မလှုပ် ကြံ့ကြံ့ခံနိုင်ရန် ဆရာတော် အမှူးသေဌ္ဌိလအား အထောက်အပံ့ပေး၍ မတုန်မဆုတ် ရပ်တည်စေခဲ့ကြပေသည်။

ယင်းသို့အခက်အခဲများနှင့် ရင်ဆိုင်၍ ဒေရိကြမ်များကို ကျော်လွှားကာ အောင်မြင်မှုများ ရင်ဝယ်ပိုက်၍ (၁၄)နှစ်ပိုင်တိုင် အင်္ဂလန်၌ သိတင်းသုံးနေထိုင်ကာ သာသနာပြုနေစဉ် ၁၉၅၂ ခုနှစ်၌ မြန်မာပြည် ရန်ကုန်တက္ကသိုလ်မှ ပင့်သဖြင့် အဘိဓမ္မာ ကထိကအဖြစ် ကူညီဖို့ အခွင့်ကြုံလာပြန်လေသည်။ ဤအခြေအနေကို ဇာတာ၌ စိစစ်ကြည့်လိုက်သော် ဤသို့ တွေ့ရမည်ဖြစ်သည်။

(က) မေဘာဝနှင့်လာဘဘာ ဝသခင် ၄—ဟူးဂြိုဟ်သည် လာဘဘာဝ မိမိအိမ်၌ တည်နေခြင်း၊

(ခ) နဝင်းစက်၌ ယောဂကာရက ၃—ဂ်ါနှင့် သမ္ဗန္ဓပြု၍နေခြင်း၊

(ဂ) ၃—ဂ်ါပိုင် နက္ခတ်ကိုပင် စီးလျက်နေခြင်း၊

(ဃ) နက္ခတ်အားဖြင့် ၅—လုံးကို စိုးပိုင်သော ၃—ဂ်ါဂြိုဟ်သည် မိမိ၏ တြိဂုဏ်းအိမ်ခေါ် သုဘဘာဝ၌ တည်နေခြင်း၊

ဤအချက်များကို တွေ့မြင်ရမည် ဖြစ်ပေသည်။

တစ်ဖန်—၁၉၅၆ ခုနှစ်တွင်

(က) ၁၀—တန့်သခင် ၆—ကြာဂြိုဟ်၏ ၂—တန့်သခင် ၄—ဟူး၊ ၁—နေ၊ ၂—လာတို့နှင့်အတူ ၄—ဟူးပိုင် လာဘဘာဝ ဥပ္ပစ္စယအိမ်၌ ပူးယှဉ်ကြခြင်း၊

မှတ်ချက်။ ။၁၀-တန့် ကမ္ဘာ၀သည် မင်းအစိုးရနှင့် စပ်ဆိုင်သည်။ ၉-တန့် ဘဂ္ဂဘာ၀သည် အတိတ်ကုသိုလ်၊ ဘုန်းသမ္ဘာနှင့် ဆိုင်သည်။ သတ္တဂုဏ်ကို အစိုးရသော ၁-နေ၊ ၂-လတို့သည် မင်းအစိုးရဂြိုဟ်များ ဖြစ်ကြသည်။

(ခ) နဝင်းစက်၌လည်း အပြန်အလှန် မြင်ကြခြင်း၊

(ဂ) ထူလဒသာဂြိုဟ်နှင့် အန္တရဒသာဂြိုဟ်တို့သည်လည်း မိတ်ဖက်များ ဖြစ်ခြင်း၊

(ဃ) တစ်ဖန်ဂုဏ်ဒြပ်ကို အစိုးရသောယောဂကာရကဂြိုဟ် ၃-ဂ်ါ၏ ၆-ကြာဗိုင် သဟဇာဘာ၀ကို မြင်ခြင်း၊

(င) ဗုဒ္ဓဟူးထူလ၊ သောကြာ အန္တရဒသာအတွင်း ကျရောက်နေခြင်း၊ ဤအချက်တို့သည် နိုင်ငံတော်အစိုးရ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ဆက်ကပ်ရန် တိုက်တွန်းကြသည်။ ဆရာတော် အရှင်သေဌိလသည် ထို အချိန်အခါကောင်းတွင် နိုင်ငံတော် အစိုးရ ကပ်လှူပူဇော်သော "ပညာထွတ်မှူး အထူးဆုံးပညာကျော်" ဟု အမိပ္ပာယ်ထွက်သော ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

ကျမ်းပြုအကျော်နှင့် ကမ္ဘာ့ သာသနာပြုခရီးသည်

အားကြီးသော ၃-ဂ်ါ၏ အထောက်အကူရ၍ ဥစ်မူသော ဗုဒ္ဓဟူးထူလ၊ ၅-ဒေါးအန္တရဒသာအတွင်း (ဖြစ်သည့် ၁၉၆၄-ခုနှစ်တွင် ဆရာတော် အရှင်သေဌိလသည် အင်္ဂလန်သို့ တစ်ဖန်ကြွရောက်ပြီး နိုင်ငံခြားသာသနာပြု အလုပ်ကို ဆက်ရပြန်လေသည်။ ထိုစဉ် အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့သော ဝိဘင်းပါဠိတော် ဘာသာပြန်သည် ၁၉၆၉-ခုနှစ်တွင် ထွက်ပေါ်လာခဲ့လေသည်။)

(က) ဇာတာတော်၌ လဂ်စနေ၊ ၅-ဒေါးတို့၌ ဓရ နဝင်းစီးခြင်း၊

(ခ) ၃-ဂ်ါ၊ ၅-ဒေါးနှင့် စနေတို့သည် ဓရ ရာသီ၌ တည်ခြင်း၊

(ဂ) စနေ၊ ရာဟုမှတစ်ပါး ကျန်ဂြိုဟ်အားလုံးတို့သည် ၉-၁၁-၁၂ တန့်တို့၌ တည်ခြင်း၊ ဤအကြောင်းတို့ကြောင့်ဆရာတော်သည်ကမ္ဘာလှည့်၍ သာသနာပြုနိုင်ခဲ့ခြင်း ဖြစ်သည်။ အင်္ဂလန်(ဗဟိုပြု၍ စကော့တလန်ပြည်

နယ်တို့၌ သာသနာပြုတော်မူခဲ့ရာ ဗုဒ္ဓဘာသာဝင်လူဦးရေပေါင်း သောင်းဂဏန်းမျှ ရရှိခဲ့ပေသည်။ ဗြိတိန်မျှမက ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ဟော်လန်၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ ဒိန်းမတ်၊ ဂျာမနီ၊ အမေရိကန်၊ သြစတြေးလျစသော နိုင်ငံများကိုလည်း အကြိမ်ကြိမ် အခေါက်ခေါက် ကြွရောက်ပြီး သာသနာပြုတော်မူခဲ့ရာ ထိုနိုင်ငံများမှ နိုင်ငံသားအများ ဗုဒ္ဓဘာသာကို စိတ်ဝင်စားလာကြ၍ ဗုဒ္ဓဘာသာ အသင်းအပင်းများ၊ ကမ္မဋ္ဌာန်းဌာနများ ပေါ်ပေါက်လာခဲ့ကြသည်။ ဗုဒ္ဓဓမ္မဆိုင်ရာ ဆွေးနွေးရေးသားသော မဂ္ဂဇင်း ဆောင်းပါး အများပင် တွေ့မြင် ဖတ်ရှုကြရပေသည်။

## သြဝါဒါစရိယ ဘာသာပြန်အသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခြင်း

ရာဟုထူလ၏ မိတ်ဆွေအားကောင်းသော ဥပ္ပစ္စယအိမ်ရှင် ၄-ဟူးအန္တရဒသာအတွင်း ၁၉၇၅—ခုနှစ်မှစ၍ ယနေ့တိုင် ရန်ကုန်ရွှေတိဂုံစေတီတော်နှင့် ကမ္ဘာအေးစေတီတော် ဘဏ္ဍာတော်ထိန်းအဖွဲ့ သြဝါဒါစရိယ ဆရာတော်အဖြစ် လည်းကောင်း၊ ၁၀—တန့်ကမ္မိဿရအိမ့်ရှင် သောကြာထူလ၏ အားကြီးသော ယောဂကာရကပ္ပိုဟ် ၉-တန့်သခင် ၃-ဂ်ါအန္တရဒသာအတွင်းဖြစ်သော ၁၉၈၁—ခုနှစ်တွင် မြန်မာနိုင်ငံ ပိဋကတ်ဘာသာပြန် စာပေဖြန့်ချိရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် လည်းကောင်း တင်မြှောက်ခြင်း ခံရပြီး အရေးပါလှသော သာသနာပြုကိစ္စများတွင် ရှေ့တန်းမှ မားမား မတ်မတ် ရပ်၍ ဆောင်ရွက်တော် မူခဲ့ရပါသည်။

ဇာတာခွင်လာ ကိန်းခန်းဂဏန်းတို့မှ ကျွန်ုပ် ထောက်ပြခဲ့သည့်အတိုင်း ၆-ကြာထူလ၊ ရာဟုအန္တရဒသာ အတွင်းဖြစ်သော ၈-၇-၈၂ ရက်တွင် ဆရာတော်သည် အင်္ဂလန်နိုင်ငံသို့ သာသနာပြု ကြွတော်မူရပြန်လေသည်။ ဆရာတော်ဘုရား သက်တော်ရာကျော်ရှည်တော်မူ၍ လောက, သာသနာနှစ်ဖြာသောအကျိုးစီးပွားများကိုဆောင်ရွက်တော်မူကာ သဗ္ဗေသာနံ သုခါဝဟံ (သတ္တဝါအားလုံးတို့၏ ချမ်းသာကို ဆောင်ပေးတော်မူသော) အသောင်းတော်ကြီးများထုံးအတိုင်း ဆက်လက် ကြိုးပမ်းတော်မူနိုင်ပါစေဟု ဆုတောင်း၍ နိဂုံးချုပ်လိုက်ရပါသတည်း။ ။

တပည့်တစ်ဦးဖြစ်သော—

အရှင်ပညာသာမိ(ပဲခူး) ၉—၁၀—၈၂

ရန်ကုန်တက္ကသိုလ် ပါဠိအသင်း မဂ္ဂဇင်း

သာသနာတော် ၂၅၀၀-ပြည့် အထိမ်းအမှတ်

သာသနာသက္ကရာဇ် ၂၅၀၀ ခရစ်သက္ကရာဇ် ၁၉၅၆

နေ့စွဲ ၁၉၅၆-ခု၊ မေလ(၂၁)ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတကြီးက ဆရာတော် ဦးသေဋ္ဌိလအား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဖြင့် ပူဇော် ချီးမြှောက်ခဲ့သည့်အတွက် ရန်ကုန်တက္ကသိုလ်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိဘပည့်ဒကာ ဒကာမများသာမက အင်္ဂလန်ပြည်နှင့်သြစတြေးလျပြည်ရှိ တပည့် ဒကာ ဒကာမများအားလုံး ဝမ်းမြောက်ကြပါသည်။

ပူဇော်ထိုက်၊ ချီးကျူးထိုက်သော ပုဂ္ဂိုလ်များကို ပူဇော်ခြင်း၊ ချီးကျူးခြင်းသည် ဘုရား အစရှိသော သူတော်သူမြတ်တို့ ချီးမွမ်းသော ကောင်းမြတ်သော အလေ့အကျင့်ဖြစ်သည်နှင့်အညီ ဤရန်ကုန်တက္ကသိုလ် ပါဠိအသင်းကြီးက ဆရာတော် ဦးသေဋ္ဌိလအား ပူဇော်ချီးကျူးရန် အခမ်းအနားအစီအစဉ် ပြုလုပ်ခြင်းသည် လျော်ကန်သင့်မြတ်လှပေသည်။ ဤအခမ်းအနားတွင် ဆရာတော် ဦးသေဋ္ဌိလ၏ ဂုဏ်ကျေးဇူးများကို ချီးကျူးပြောဆိုရသဖြင့်လည်း ကျွန်တော် များစွာဝမ်းမြောက်ပါသည်။ ဆရာတော် ဦးသေဋ္ဌိလသည် ၁၈၉၆-ခုနှစ်တွင် ဖွားမြင်ခဲ့၍ ယခုအသက်တော် ၆၀၊ ဝါတော် ၄၀ရှိပြီ ဖြစ်ပါသည်။

ဆရာတော်သည် ၁၉၁၈-ခုနှစ်တွင် အစိုးရ ပထမပြန် စာမေးပွဲတွင်ပထမကျော် အောင်ပန်းကို ဆွတ်လှမ်းရရှိတော်မူခဲ့ပါသည်။ ဤစကားစပ်၌ ဆရာတော် ပထမကျော် အောင်ပန်းကို ဆွတ်လှမ်း ရရှိခဲ့ပြီးနောက် သာသနာ့ သမိုင်းတွင် စာတင်လောက်အောင် ဖြစ်ခဲ့သော အကြောင်းကိစ္စ တစ်ရပ်ကို ထည့်သွင်း၍ ပြောကြားလိုပါသည်။ ၎င်းကိစ္စမှာ အခြားမဟုတ်၊ ဆရာတော်အား ပထမကျော်ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းရန် အခမ်းအနား အစီအစဉ်မှာ ဆရာတော်နှင့်အခြားစာပြန်ပွဲအောင် ပုဂ္ဂိုလ်များက

အောက်အနိမ့်က နေခဲ့မည်ဖြစ်ပြီး ဘွဲ့တံဆိပ် ဆက်ကပ်မည့် ဘုရင်ခံက စင်မြင့်ပေါ်သို့ ရောက်နေမည်ဖြစ်သောကြောင့် ထိုအစီအစဉ်ကို ကန့်ကွက်သောအနေဖြင့် ဆရာတော်သည် ထိုအခမ်းအနားကို သပိတ်မှောက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသပိတ်မှောက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ တစ်လက်မခန့်ထူသော ပထမပြန် အရေးတော်ပုံ စာအုပ်ကြီးပင် ထိုစဉ်အခါက ထွက်ခဲ့ပါသည်။ ထိုအခါမှစ၍လည်း အင်္ဂလိပ် အစိုးရသည် ဘွဲ့နှင်းသဘင်များ၌ ထိုကဲ့သို့ နောက်ထပ် မဖြစ်ပွားရအောင် သတိကြီးစွာနှင့် စီစဉ်ခဲ့ကြရပါသည်။

နောက် ဆရာတော်ဦးသေဋ္ဌိလသည် ၁၉၂၁–ခုနှစ်တွင် မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ (သကျသီဟ) ဓမ္မာစရိယ စာချတန်း၊ စာမေးပွဲကို အောင်မြင်တော် မူခဲ့ပါသည်။ ထို့နောက် ဆရာတော်သည် ရန်ကုန်မြို့ ပုဇွန်တောင် အရှင်အာဒိစ္စဝံသ ကျောင်းတိုက်တွင် စာပေပို့ချ၍ နေခဲ့ပါသည်။

ထို့နောက် ဆရာတော်သည် ၁၉၃၈–ခုနှစ်တွင် အင်္ဂလန်ပြည်သို့ သာသနာပြုရန်နှင့် ပညာဗဟုသုတ ဆက်လက် ဆည်းပူးရန် ကြွမြန်းတော်မူပြီးလျှင် ထိုပြည်တွင် ဆယ့်လေးနှစ်တိုင်တိုင် သာသနာ ပြုခဲ့ပါသည်။ ပညာဗဟုသုတတို့ကိုလည်း ဆည်းပူးခဲ့ပါသည်။

ထို့နောက် လွတ်လပ်ရေးရပြီးသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ကျက်သရေဆောင်ဖြစ်သော ရန်ကုန်တက္ကသိုလ်ကြီးတွင် လွတ်လပ်ရေး၏ အရသာကို ထုတ်ဖော်သောအနေဖြင့် အဘိဓမ္မာ ကျမ်းစာများနှင့် အခြား ဗုဒ္ဓဘာသာ ကျမ်းစာများကို သင်ကြားလေ့လာရန် အခွင့်ရရှိခဲ့သည့်အတိုင်း ထိုစာများကို ရန်ကုန်တက္ကသိုလ်တွင် သင်ကြားပြသတော်မူပါရန်၊ ရန်ကုန်မြို့သို့ ပြန်၍ ကြွသာတော်မူပါမည့် အကြောင်း ရန်ကုန်တက္ကသိုလ် အာဏာပိုင်တို့၏ ပင့်လျှောက်ချက်အရ ဆရာတော်သည် ကြွရောက်တော်မူပြီး ထို ကျမ်းဂန်များကို သင်ကြားပြသ၍ နေခဲ့သည်မှာ လေးနှစ်ခန့်ရှိခဲ့ပြီ။

ဤနေရာ၌ စကားအလျဉ်းသင့်၍ ထည့်သွင်း ပြောကြားလိုသေးသည်မှာ လွန်ခဲ့သည့် ကမ္ဘာ့စစ်ကြီးပြီးမှစ၍ ကျွန်တော် ကြိုးမှုးခဲ့သော ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာ အသင်းကြီးသည် ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်းတွင် ကျောင်းတစ်ဆောင်ဆောက်လုပ်ရန်နှင့် တက္ကသိုလ်ဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသားများ ကိုးကွယ်ရန် ဆရာတော်တစ်ပါးကို

ထိုကျောင်းသို့ ပင့်ထားရန် စီမံ စိုင်းပြင်းခဲ့ပါသည်။ ထို စီမံစိုင်းပြင်း၍ နေဆဲမှာပင် ကံကောင်းထောက်မ၍ အထက်တွင် ပြောကြားခဲ့ပြီး ဖြစ်သည့်အတိုင်း ဆရာတော် ဦးသေဋ္ဌိလသည် ရန်ကုန်တက္ကသိုလ်သို့ ရောက်လာပြီး ထို တက္ကသိုလ် နယ်မြေအတွင်းတွင် သီတင်းသုံးတော်မူသောကြောင့် ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာ အသင်းသည် ကျောင်းတစ်ဆောင် သီးခြား မဆောက်ရဘဲ ဆရာ ဆရာမများ ကျောင်းသူ ကျောင်းသားများ ကိုးကွယ်ရန် သီလသမာဓိပညာသိက္ခာသုံးရပ်နှင့်ပြည့်စုံတော်မူသော ပြည်တွင်း ပြည်ပ ထင်ရှားကျော်ကြားသော ဆရာတော်ကြီးတစ်ပါးကိုရရှိခဲ့ပါသည်။

ဤသို့ တက္ကသိုလ်မှာ အဘိဓမ္မာနှင့် အခြား ဗုဒ္ဓဘာသာ ကျမ်းစာများကို သင်ကြားပို့ချရန် ဆရာတော်တစ်ပါးပင့်၍ ထားခြင်းသည်လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် လွတ်လပ်ရေး ရရှိပြီးနောက် ရန်ကုန်တက္ကသိုလ်တွင် မြတ်စွာဘုရား၏ သာသနာတော် အရေးကိစ္စသည် မည်မျှ တိုးတက်အောင်မြင်လျက် ရှိခြင်းသည်လည်းကောင်း ထင်ရှားမစ သော သာဓကများ ဖြစ်ကြပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်မှာ နိုင်ငံသူ နိုင်ငံသား အများဆုံး ဗုဒ္ဓဘာသာ သာသနာကို သက်ဝင် ယုံကြည်သူများ ဖြစ်ကြ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်လည်း ကမ္ဘာတစ်ဝန်းလုံးတွင် ဗုဒ္ဓဘာသာ အထွန်းပဆုံး ဖြစ်လေရာ ရန်ကုန်တက္ကသိုလ်သည် ရတနာသုံးပါးနှင့် များစွာနီးကပ်ဆက်စပ်၍လာပြီဖြစ်သောကြောင့် တစ်နေ့တခြား ကြီးပွား တိုးတက်ပြီး၊ တိုးတက်ဆဲ ဖြစ်ပါသည်။ သည်အတိုင်းသာ တစ်ရှိန်တည်း သွားလျှင် ကမ္ဘာသို့ မြတ်စွာဘုရား၏ သာသနာ့ အလင်းရောင်ပေးရာတွင် ရန်ကုန်တက္ကသိုလ်သည် မကြာမြင့်မီ အရေးပါ အရာရောက်သော ကဏ္ဍမှ ပါဝင်၍ ကူညီဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ဖွယ် ရှိပါသည်။

ဆရာတော် ဦးသေဋ္ဌိလ ရန်ကုန်တက္ကသိုလ်တွင် အဘိဓမ္မာနှင့် အခြား ဗုဒ္ဓဘာသာ ကျမ်းစာများကို သင်ပြနေခိုက်မှာပင် ဩစတြေးလျပြည်ရှိ ဗုဒ္ဓဘာသာ အသင်းသူ အသင်းသားများ၏ ပင့်လျှောက်ချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓဘာသာအဖွဲ့၏အကူအညီဖြင့် ၁၉၅၄ ခုနှစ်အတွင်း၌ ဩစတြေးလျပြည်သို့ ကြွရောက်ပြီးလျှင် ထိုပြည်တွင် ဧပြီလ ၁၂–ရက်နေ့မှ မေလ ဂ ရက်နေ့အထိ လှည့်လည်၍ မြတ်စွာဘုရား၏ တရားဓမ္မကို ဟောပြတော်မူခဲ့ပါသည်။ ထို့အတွက် ထိုပြည်ရှိ ဗုဒ္ဓဘာသာ

ဝင် သူဘော်စင်တို့က များစွာကြည်ညိုလေးစားကြပြီးလျှင် မိမိတို့ကျောင်းဆောက်၍ ကိုးကွယ်ကြပါသည်။ ထိုပြည်မှာပင် အမြဲ သီတင်းသုံးတော်မူပါတော့ဟု ဆရာတော်အား လျှောက်ထားခဲ့ကြသေးသည်။

၁၉၅၄—ခုနှစ်၊ ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သော ကမ္ဘာ့ဗုဒ္ဓဘာသာသာသမဂ္ဂ ညီလာခံသို့ အင်္ဂလန်ပြည်မှ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖြစ် လာရောက်ခဲ့ကြသောမစ္စတာအင်္ဂလိဒန် Mr. Iggledon နှင့် သူ၏ ဇနီးကလည်း အင်္ဂလန်ပြည်ရှိ တပည့်ဒကာများက ဆရာတော် ဦးသေဋ္ဌိလ၏ တရားဒေသနာပေါ်များကို မကြားနာရသည်မှာ ကြာမြင့်ပြီ ဖြစ်သောကြောင့်လည်းကောင်း၊ ဆရာတော် တည်ထောင်ခဲ့သော အဘိဓမ္မာ သင်တန်းမှာလည်း ဆရာလိုသောကြောင့် လည်းကောင်း ဆရာတော်ကို အင်္ဂလန်ပြည်သို့ အမြန်ပြန်၍ ကြွရောက်ပါရန် ပင့်လျှောက်ခဲ့ကြသေးသည်။ တက္ကသိုလ်အာဏာပိုင်များနှင့် နိုင်ငံတော် ဗုဒ္ဓဘာသာအဖွဲ့ ဝင်လူကြီးများကိုလည်း ဆရာတော်အား အင်္ဂလန်ပြည်သို့ ပြန်၍ကြွခွင့်ပြုရန် တောင်းပန်ခဲ့သေးသည်။ သို့ရာတွင် ရန်ကုန်တက္ကသိုလ်မှာလည်း ဆရာတော် သင်ကြားပို့ချ၍ နေသော အတန်းများ မပြီးဆုံးသေး၊ ဆဋ္ဌသင်္ဂါယနာ တင်ရန်မှာလည်း ဆရာတော်မပါလျှင် မဖြစ်နိုင်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က တည်ထောင်ဖွင့်လှစ်၍ ထားသော ဓမ္မဒူတဝိဇ္ဇာလယမှာလည်း တပည့်များအား ဆရာတော်က အင်္ဂလိပ်စာကို သင်ကြား ပေးနေရသေးသည်။ ဤအကြောင်းများကြောင့် ဆရာတော်အင်္ဂလန်ပြည်သို့ ပြန်၍ကြွတော်မူရန် အချိန်မရောက်သေးဟု ဆုံးဖြတ် ခဲ့ကြရလေသည်။

အမှန်အတိုင်း ဆိုလျှင် ဆရာတော် အင်္ဂလန်ပြည်သို့ ပြန်ကြွရန် သင့်မသင့်ဟူသော ပြဿနာသည် မကြာခဏ ပေါ်ပေါက်လိမ့်ဦးမည်။ ပေါ်ပေါက်တိုင်းလည်း သက်ဆိုင်ရာတို့နှင့် ဆရာတော်ဘုရားသည် အခါကာလအားလျော်စွာ အင်္ဂလန်ပြည်တွင် ဆောင်ရွက်ဖို့ ကိစ္စနှင့် မြန်မာပြည်တွင် ဆောင်ရွက်ရန် ကိစ္စများကို နှိုင်းယှဉ်၍ ဆုံးဖြတ် ကြရလိမ့်မည်။

ဤမျှလောက်နှင့်ပင် ဆရာတော် ဦးသေဋ္ဌိလသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ အင်္ဂလန်ပြည်နှင့် သြစတြေးလျပြည် (၃)ပြည်ရှိ ဗုဒ္ဓဘာသာ တပည့်ဒကာဒကာမများ၏ ကြည်ညိုလေးစားခြင်းကို ခံရသော၊ မြတ်စွာဘုရား၏ သာသနာတော်၌ အလွန်အရေးပါ အရာရောက်သော ပုဂ္ဂိုလ်ထူး ဖြစ်ကြောင်း ထင်ရှားလှပါသည်။

သို့ရာတွင် ဆရာတော် ဦးသေဋ္ဌိလ ရေးသား စီရင်တော်မူသော စာအုပ်များအနက် စာအုပ် (၂)အုပ်၏ အကြောင်းကို ဆက်လက်၍ ပြောကြားလိုပါသည်။

"ပထမစာအုပ်မှာ "ဗုဒ္ဓဘာသာနှင့် ကိုယ်ပိုင်နေထိုင်ရေး" ကျမ်းစာအုပ် ဖြစ်ပါသည်။ ထိုကျမ်းစာအုပ်ကို မြတ်စွာဘုရား၏သာသနာတော်နှင့် ကွန်မြူနစ်ဝါဒ၏အကြောင်းကို ကောင်းစွာ သိလိုသူတိုင်း ဖတ်ကြားသင့်ပါသည်။

နောက်စာအုပ်မှာ The Fundamental Principles of Theravada Buddhism ထေရဝါဒ ဗုဒ္ဓဘာသာ၏ အခြေခံ သဘောတရားများအကြောင်း ကျမ်းစာအုပ် ဖြစ်ပါသည်။ ထိုကျမ်းစာအုပ်မှာ အမေရိကန်ပြည်တွင်ပုံနှိပ်ဖြန့်ချိရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ လျှောက်ထားချက်အရ စီစဉ်ရေးသား၍ ပေးသနားတော်မူသော ကျမ်းစာအုပ်ဖြစ်သည်။ ထိုစာအုပ်ကို မြတ်စွာဘုရားသာသနာတော်၏အစစ်အမှန် အခြေခံ သဘောတရားများကို သိလိုသူတိုင်း ဖတ်သင့်ကြပါသည်။

အချုပ်အားဖြင့် ဆိုရသော် ဆရာတော် ဦးသေဋ္ဌိလသည် အထွတ်အမြတ်ဖြစ်သော လုံ့လဝီရိယ စသည်တို့ဖြင့်သာလျှင် အထွတ်အမြတ်ဖြစ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ရတော်မူခဲ့ပေသည်။

မြတ်စွာဘုရားကလည်း အယုတ်အညံ့ ဖြစ်သော လုံ့လဝီရိယစသည်ဖြင့် အထွတ်အမြတ်သို့ မရောက်ကြောင်း၊ အထွတ်အမြတ်ဖြင့်သာ အထွတ်အမြတ်သို့ ရောက်ကြောင်းကို နိဒါနဝဂ္ဂသံယုတ် ဒသဗလဝဂ်၊ သုတ်အမှတ် ၂—တွင်—

န ဘိက္ခဝေ ဟီနေန အဂ္ဂဿ ပတ္တိ ဟောတိ၊ အဂ္ဂေန စ ဘိက္ခဝေ အဂ္ဂဿ ပတ္တိ ဟောတိ ဟု အတည့်အလင်း ဟောကြားတော်မူခဲ့ပေသည်။

နိဂုံးချုပ်သောအနေအားဖြင့် ကျွန်တော်က ရန်ကုန်တက္ကသိုလ်ပါဠိအသင်းကြီး၏ ကိုယ်စား၊ ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီး၏ ကိုယ်စား၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ ကိုယ်စား ဦးသေဋ္ဌိလ ဆရာတော်ဘုရားသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ သက်တော်ရာကျော်ရှည်ပါစေ၊ သာသနာတော်၏အကျိုးကို ဆတက်ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းပါသည်။

* * * *

# သာသနာ့ရောင်ခြည်

## အတွဲ(၁၂) အမှတ်–၂

## ၁၃၂၅–ခု၊ ကဆုန်လပြည့်(၇–၅–၆ )

## လူ့ဘဝ၏ တန်ဖိုး

ဆရာတော် ဦးသေဋ္ဌိလ၊ ပထမကျော် အဂ္ဂမဟာပဏ္ဍိတ (The Light of the Dhamma)တာဝန်ခံအယ်ဒီတာ၏ ရန်ကုန်မြို့ သက်ကြီးတက္ကသိုလ်တွင် ဟောပြောတော်မူချက်။

လူ့ဘဝ၏ဘန်ဖိုးကို မည်သူမျှအကဲမဖြတ်နိုင်ပုံ၊ လူ့ဘဝ၏ အဓိကရည်ရွယ်ချက်ကြီးနှင့် ထိုရည်ရွယ်ချက်ကြီး အောင်မြင်ရေး လမ်းစဉ်များ အပြင် မည်သည့်အဆင့်အတန်းသို့ရောက်မှ လူဖြစ်ရကျိုးနပ်ပုံ၊ စိတ်မထည် သူ၏အလုပ်သည် မဖြောင့်တန်းတတ်ပုံနှင့် တာရှည်စွာမခံတတ်ပုံ စသည်တို့ကို ဤဟောပြောချက်တွင် ဖတ်ပါ။

(အယ်ဒီတာ)

လူ့ဘဝဆိုသည်မှာ လူ့ရုပ်၊ လူ့နာမ်၊ လူ့ခန္ဓာ စုပေါင်း၍ လူဟုဖြစ်နေသည်ကိုပင် လူ့ဘဝဟု ခေါ်လေသည်။ လူ့ဘဝသည် ချမ်းသာအမျိုးမျိုးကို ပေးနိုင်သော ဘဝပဒေသာပင်ကြီးဖြစ်သဖြင့် ဤလူ့ဘဝ၏ တန်ဖိုးကို မည်သူမျှ အကဲမဖြတ်နိုင်ချေ။

ဤလူ့ဘဝ၏ တန်ဖိုး ကြီးကျယ်ပုံမှာ နတ်မင်း၊ သိကြားမင်းတို့၏ ဘဝနှင့် စည်းစိမ်ချမ်းသာကိုရရန် လူ့ဘဝမှာ အခြေစိုက်၍ တည်ထောင်ရသည်။ ဗြဟ္မာမင်းတို့၏ ဘဝနှင့် စည်းစိမ်ချမ်းသာကိုရရန် လူ့ဘဝမှာ အခြေစိုက်၍ တည်ထောင်ရသည်။ ဗြဟ္မာမင်းတို့၏ဘဝနှင့် ဘုန်းတန်ခိုး ဣဒ္ဓိပါဒ်ချမ်းသာတို့ကိုရရန်လည်း လူ့ဘဝမှာပင်အခြေစိုက်၍ တည်ထောင်ရသည်။ လူ့ပြည်၌ သေဋ္ဌေး၊ သူကြွယ်၊ ပဒေသရာဇ်၊ ဧကရာဇ်၊ စကြဝတေးမန္ဓာတ်မင်းတို့၏ ဘဝနှင့်စည်းစိမ်ချမ်းသာတို့ကိုရရန် လူ့ဘဝမှာပင်အခြေစိုက်၍ တည်ထောင်ရလေသည်။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍

သာဝကဗောဓိ၊ ပစ္စေကဗောဓိ၊ သမ္မာသမ္ဗောဓိ များကို ရတော်မူကြသော လူ့နတ်ဗြဟ္မာ အရိယာအမော် ပုဂ္ဂိုလ်ကျော် ပုဂ္ဂိုလ်မြတ်တို့သည်လည်း မိမိတို့ဆိုင်ရာ ဗောဓိပန်းတိုင်များသို့ ရောက်ကြရန် ဤလူ့ဘဝမှာပင် အခြေတည်ခဲ့ကြရလေသည်။ ဤသို့လျှင် လူ့ဘဝသည် ဘဝ ပဒေသာပင်ကြီး ဖြစ်သဖြင့် ဤလူ့ဘဝ၏ တန်ဖိုးကို အဘယ်သူ အကဲဖြတ်နိုင်ပါမည်နည်း။

ဤသို့ အကဲမဖြတ်နိုင်လောက်အောင် တန်ဖိုးရှိသော ဘဝပဒေသာပင်ကြီးဖြစ်သည့် လူ့ဘဝမှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ဟူသော အောက်တန်းလောကီချမ်းသာနှင့် မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော အထက်တန်းလောကုတ္တရာချမ်းသာများကို အစွမ်းရှိသမျှယူနိုင်ရန် အခွင့်အရေးသည် လွယ်ကူသောအခွင့်အရေးမျိုး မဟုတ်ချေ။ ကမ္ဘာလောက၌ အလွန်တရာ ရနိုင်ခဲသည့် အခွင့်အရေးမျိုး ဖြစ်သောကြောင့်ပင် နေသတ္တဒုလ္လဘာ လူ့ဘဝရခဲသည်ဟု ဘုရားရှင် ဟောတော်မူခဲ့လေသည်။

ထိုသို့ အလွန်တရာရခဲလှစွာသော အခွင့်ကောင်းကြီးနှင့် ကြုံတွေ့ပါလျက် မိမိဘဝ၏တန်ဖိုးကို မသိသဖြင့် ဘဝပဒေသာပင်ကြီးမှ ယူလိုလျှင် ရနိုင်သော အထက်တန်းလောကုတ္တရာချမ်းသာ တစ်စုံတစ်ရာကိုမျှမရဘဲ (အကိုမဟုတ်) ၎င်းချမ်းသာမျိုးစေ့တစ်ခုခုကို ရအောင်အားမထုတ်ဘဲ အချိန်ကုန်လွန်သွားခဲ့ပါလျှင် အဖိုး မဖြတ်နိုင်လောက်အောင် ထိုက်တန်လှသော ပတ္တမြားတုံးကြီးကို မြင်ပါလျက် ၎င်း၏ တန်ဖိုးကို မသိသဖြင့် မြက်ကိုသာ စား၍ ပတ္တမြားတုံးကြီးကို ကျော်သွားသော သားသမင်မှာ ပဒေသာပင်ကြီး၏ အရသာကို မခံစားရလျှင် ထိုဘဝပဒေသာပင်ကြီး ဘည်းဟူသော လူ့ဘဝကို ရသည်ကပင် မည်မည်ရရ မပြောပလောက်ချေ။

## လူ့ဘဝ၏ ရည်ရွယ်ချက်ပြည့်စုံရေး

ဗုဒ္ဓဘာသာသဘောအရ လူ့ဘဝ၏ အဓိကရည်ရွယ်ချက်မှာ ယုတ်နိမ့်သော အဆင့်အတန်းမှ မြင့်မြတ်သော အဆင့်အတန်းသို့ တက်ရန်၊ မကောင်းမှုအကုသိုလ်သဘောမှ ကောင်းမှုကုသိုလ်သဘောသို့ ပြောင်းရန်၊ သေးငယ်သောဘဝမှ ကြီးကျယ်သောဘဝသို့ပြောင်းရန်၊ အဝိဇ္ဇာ အမိုက်မှောင်မှ ဝိဇ္ဇာအလင်းသို့ဝင်ရန်၊ အောက်တန်းလောကီချမ်းသာမှ အထက်တန်း လောကုတ္တရာချမ်းသာသို့ တက်ရန်ဖြစ်ပေသည်။

အထက်ပါရည်ရွယ်ချက် ထမြောက်၍ ကြီးပွား ချမ်းသာခြင်းသို့ ရောက်လိုသောသူသည် (၁) ကိုယ်ကျင့်တရားရှိခြင်း၊ (၂) စိတ်ထားစင်ကြယ်၍ တည်တံ့သော သမာဓိ ရှိခြင်း၊ (၃) အသက်မွေးဝမ်းကျောင်းအတွက် ကောင်းသော လောကီပညာ တစ်ခုခုနှင့် မိမိ၏ ဘဝလမ်းစဉ်အကြောင်းကို ကောင်းစွာသိနိုင်သော လောကုတ္တရာပညာရှိခြင်း ဤအချက် သုံးမျိုးနှင့် ပြည့်စုံရပေမည်။

ထိုသုံးမျိုးအနက် (၁) ကိုယ်ကျင့်တရားရှိခြင်းဆိုသည်မှာ... (က) သူတစ်ပါး အသက်ကို သတ်ဖြတ်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းမှ ရှောင်ကြဉ်၍ သူတစ်ပါးတို့အား သနားကြင်နာခြင်း၊ (ခ) သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၍ သူတစ်ပါးတို့အား တတ်နိုင်သမျှ ကူညီစောင့်ရှောက်ခြင်း၊ (ဂ) ကာမဂုဏ်မှုမှားသော အကျင့်မှ ရှောင်ကြဉ်၍ သန့်ရှင်းစင်ကြယ်ခြင်း၊ (ဃ) မမှန်သောစကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်၍ မှန်ကန်အကျိုးများနှင့်သက်ဆိုင်သောစကားကို ပြောဆိုခြင်း၊ (င) မေ့လျော့ယစ်မူး စိတ်ရူးနောက်ကျိ ဖြစ်စေတတ်သောသေရည်အရက်မှ ရှောင်ကြဉ်၍ မမေ့မလျော့သော သတိရှိခြင်း။ ဤ(၅)မျိုးသောကိုယ်ကျင့်တရား အမြဲရှိရမည်။ ဤကိုယ်ကျင့်တရား ငါးပါးမြဲလျှင် မြဲသလောက် ချမ်းသာမည်။ မမြဲလျှင် မမြဲသလောက် ဆင်းရဲဒုက္ခရောက်မည်။

ကိုယ်ကျင့်တရားနှင့်စပ်၍ လူအများ အထင်အမြင်မှားတတ်ကြပုံမှာ မှန်တာကိုလုပ်၊ ဟုတ်တာကိုပြောခဲ့လျှင် ကိစ္စနှောင့်နှေးပုံမျှသာမက မပြီးစီးဘဲ ရှိတတ်သည်။ ဈေးသည်ဖြစ်လျှင်လည်း ကုန်ရောင်းပြီး အကျိုးကြီးနည်း၍ မွဲချိုသာရှိချေမည်ဟုထင်မှတ်တတ်ကြလေသည်။ ထိုသို့ထင်မှတ်သည့်အတိုင်းပင်... ''မုသားမပါ လက်ာမချော'' ဟူသော စကားကို လက်ကိုင်ထား၍ တရား ဓမ္မကို မတွေးတော၊ လောလောဆယ်အကျိုးကိုသာ မျှော်ကိုးကာ စီးပွားရေးသောင်းကျန်း အမှားလမ်းလိုက်ကြသဖြင့် ဒုက္ခများရုံသာမက အကျင့်စာရိတ္တလည်းပျက်၊ ပေါင်းသင်း ဆက်ဆံရေးတွင်လည်း လူအယုံအကြည်ကင်း၍ စီးပွားရေး မရေကာ င်းသို့ ဆင်းရတတ်လေသည်။ မရိုးသား မဖြောင့်မတ် လှည့်ဖြားဝှက်အုပ်သောအမှုဖြင့်စီးပွားရှာလျှင်အကြီးပွားမြန်သည့်ဟု ထင်ရသော်လည်း ထိုမတရားလှည့်ဝှက်မှုပေါ်မည်စိုးသဖြင့် အမျိုးမျိုးပိတ်ဆို့ရန် အချိန်ကုန်၊ ငွေကုန်၊ အားကုန် လူပင်ပန်းခံရသည့် အတွက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကွက် ပေါ်နိုင်မည် မဟုတ်ချေ။ ဤမျှ

သာသကသေး၊ မဘာရှားလျှို့ဝှက်မှု ပေါ်ပေါက် ပြန့်လျှင်လည်း အရှက်တကွဲ အကျိုးနည်း၍ ဆင်းရဲသောဘဝသို့ ရောက်ရဲပြန်လေသည်။

အကြယ်၍ လောလောဆယ် လက်ငင်း အကျိုးမျှလောက်ကိုသာ မမျှော်ကိုးဘဲ အရှည်ကိုကြည့်ကာ မိမိပြုလုပ်သောအမှုမှာ သူတစ်ပါးကို မထိပါး တရားတော်အလုပ်ဖြစ်ကြောင်း ကောင်းစွာသိ၍ ပြုလုပ်ပါက စိတ်ချမ်းသာဖွယ် တစ်စုံတစ်ရာမျှရှိ ချမ်းသာအတိသာဖြစ်ပြီးလျှင် ယင်းဖြောင့်မတ်သော အလုပ်အတွက် အကျိုးပိုထွက်လာပါကလည်း ဆတက်ထမ်းပိုး တိုး၍ပင် ချမ်းသာသုခ ခံစားရမည်မှာ မလွဲပင်ဖြစ်ချေသည်။

(၂) စိတ်ထားစင်ကြယ်၍တည်ကြည်သောသမာဓိရှိခြင်းဆိုရာ၌ သူတစ်ပါးအပေါ်စွဲလမ်းတဲ့ လိုချင်နှစ်သက်ခြင်း၊ သူတပါး၏ပျက်စီးကြောင်းကို ကြံစည်ခြင်းမှ ကင်းလွတ်၍ မိမိစိတ်ကို ကောင်းသောအရာ၊ အကျိုးရှိသော အရာ၌သာ တည့်တည့်စွဲမြဲစေရမည်ဟု ဆိုလိုသည်။ စိတ်ထား မစင်ကြယ်လျှင်ပြောသောစကားသည် စင်ကြယ်နိုင်မည်မဟုတ်၊ အလုပ်မှုလည်း အပြစ်ကင်းနိုင်မည် မဟုတ်ချေ။ လူဘဝ ယခုကဲ့သို့ပြောနှင့် လုပ်သည် ထိုသူ၏ စိတ်ထားပေါ်မှာ မူတည်သဖြင့် ထိုသူ၏ စိတ်ထား စင်ကြယ်ကောင်းမွန်သောလျှင် ထိုသူ၏ အပြောနှင့် အလုပ်များလည်း စင်ကြယ်ကောင်းမွန်ပေမည်။ သမာဓိရှိခြင်းဆိုသည်မှာ အရာတစ်ခုသို့မဟုတ် ကိစ္စတစ်ခုပေါ်၌ စိတ်ကို တည့်တည့်တည်တံ့အောင် ထားခြင်း ဖြစ်ပေသည်။ စိတ်မတည်ငြိမ်သော သူ၏အလုပ်သည် ဖြောင့်ဖြောင့်တန်းတန်း ဝင်းသတော် တည်းပိုး တက်ပြီးစီးနိုင်မည် မဟုတ်ချေ။ ပြီးစီးသည်ဟု ဆိုရပြန်ပါလည်း အခြေမခိုင်သော အမိမ်ကဲ့သို့ ကာလရှည်မခိုင်ဘဲ ပျက်စီးသည်သာ ဖြစ်သည်။

(၃) အသက်မွေးဝမ်းကျောင်းအတွက် ကောင်းသောလောကီပညာ တစ်ခုခုနှင့် မိမိ၏သံသရာဘဝလမ်းစဉ် အကြောင်းကို ကောင်းစွာသိနိုင်သော လောကုတ္တရာပညာရှိခြင်းဆိုရာ၌ (က) အသက်မွေးဝမ်းကျောင်း ပညာရှိလျှင် ဥစ္စာပစ္စည်းမရှိနိုင်၊ ဥစ္စာပစ္စည်း ရှိလျှင် နောင်ဘဝလမ်းစဉ်တွင် ချမ်းသာရေးအတွက် ကုသိုလ်ကောင်းမှုပြုနိုင်မည်ဝေးစွ၊ ယခု ဘဝမှာပင် လူချင်းတူတူ ချမ်းမျှမျှ မနေနိုင်မသွားနိုင်ဘဲ ဆင်းရဲဒုက္ခနှင့်ရင်ဆိုင်တွေ့ရမည်ဖြစ်၍ ထိုဆင်းရဲဒုက္ခမှ ကင်းလွတ်၍ ချမ်းသာစွာ နေနိုင်ရန် ခတ္တ ကောင်းသော အသက်မွေးဝမ်းကျောင်းပညာတစ်ခုခု နှင့်ပြည့်စုံရပေသည်။ (ခ) ဤကဲ့သို့ လောကီအသက်မွေး ဝမ်းကျောင်း

ပညာဘက်ခုခုဘက်၌ စားသောက် ဝတ်ဆင် နေထိုင်ရေး၊ အိမ်ထောင်ရေး စသည် ပြည့်စုံသော်လည်း လူ့ဘဝ ရကျိုးနပ်ပြီဟုကား မဆိုနိုင်သေးချေ။ ကြီးကျယ်သော သေဌေး သူကြွယ် စည်းစိမ်တို့ထက် ကြီးကျယ်သော ပဒေသရာဇ်၊ ဧကရာဇ် စည်းစိမ်၊ လူ့ပြည်တွင် အကြီးကျယ်ဆုံးဖြစ်သော စကြဝတေး၊မန္ဓာတ်စည်းစိမ်ကိုပင် ရသော်လည်း၊ လူ့ဘဝရကျိုးနပ်ပြီဟု မဆိုနိုင်သေးချေ။ဤဆိုခဲ့သော ကာမစည်းစိမ်မျှလောက်ကို ရည်ရွယ်တော်မူ၍ လူ့ဘဝ ရခဲသည်ဟု ဘုရားရှင် ဟောတော်မူခြင်း မဟုတ်ချေ။လူ့ဘဝ တည်းဟူသော ဘဝပဒေသာပင်ကြီးမှ အောက်တန်း လောကီချမ်းသာ နှင့် အသက်ဘန်းလောကုတ္တရာ ချမ်းသာများကိုပူလိုက ရနိုင်သည်ဖြစ်ရာ အထက်တန်းဖြစ်သော လောကုတ္တရာချမ်းသာကိုရှာသော လူ့ဘဝရ ကျိုးနပ်သည်ဟု ဆိုနိုင်ပေမည်။

ဗုဒ္ဓဝါဒသည် သံသရာဘဝလမ်းစဉ် အကြောင်း၊ ထိုဘဝလမ်းစဉ် တွင် တွေ့ကြုံရမည့် ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် ချမ်းသာသုခ အမျိုးမျိုး အကြောင်း၊ထိုဆင်းရဲဒုက္ခအမျိုးမျိုးမှ ကင်းလွတ်၍ ချမ်းသာသုခ အမျိုး မျိုး ရနိုင်ပုံအကြောင်း၊အထူးသဖြင့် အထက်တန်းဖြစ်သော လောကုတ္တရာ နိဗ္ဗာန်ချမ်းသာကို ရနိုင်ပုံအကြောင်းများကို ပြဆိုသော ဝါဒ ဖြစ်၍ ချမ်းသာ အစစ်ကို အလိုရှိသောသူသည် ထိုဗုဒ္ဓဝါဒဖြစ်သော လောကုတ္တရာ ပညာနှင့်လည်း ပြည့်စုံရပေမည်။

ဤပြဆိုခဲ့ပြီးသည့်အတိုင်း၊လူ့ဘဝ၏တန်ဖိုးကို သိကြပြီးလျှင်(၁) ကိုယ်ကျင့်တရား၊ (၂) စိတ်ထား စင်ကြယ်၍ တည်တံ့သော သမာဓိ၊ (၃) လောကီ လောကုတ္တရာ ပညာ၊ ဤသုံးဖြာတို့နှင့် ပြည့်စုံကြ၍ လူ့ဘဝ ၏ တန်ဖိုးကို တစ်စ တစ်စ တိုးမြှင့်ကြပြီးလျှင် လောကီ လောကုတ္တရာ နှစ်ဖြာသော ချမ်းသာတို့ကို လျင်မြန်စွာ ခံစား၊ စံစားနိုင်ကြပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်လိုက်ပါသည်။ ။

❋ ❋ ❋

## မင်္ဂလာဗျူဟာအသင်းချုပ်

ငွေရတုသဘင်စာစောင် (၂၅၀၀-၂၅၂၅) (၅-၇-၈၂)

ပထမကျော် အဂ္ဂမဟာပဏ္ဍိတ

ကမ္ဘာ့ ဗုဒ္ဓ သာသနာပြု ဆရာတော်

အရှင် သေဋ္ဌိလ၏ ဩဝါဒကထာ

ရခဲလှစွာသော ဒုလ္လဘတရား ငါးပါးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သည့်လူ့ကမ္ဘာကြီးသည် ကောင်းမှုတည်းဟူသောအခြေခံ ဖောင်ဒေးရှင်းရှိသဖြင့် ကောင်းမြတ်သည့်ဘဝ ပဒေသာပင်ကြီးဖြစ်ပေသည်။ ထိုသို့ဘဝ ပဒေသာပင်ကြီးဖြစ်သည့်အတိုင်း ကိုယ့်ဘဝတန်ဖိုးကို သိဟတ်၍ဂါရိယရှိသောသူတို့အတွက် လောကစည်းစိမ်ဘက်၌ သေဌေးသူကြွယ်ပဒေသရာဇ်ဧကရာဇ်၊ စကြဝတေးမင်းစသော လူ့စည်းစိမ်မှအစ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်အထိ ချမ်းသာသုခများကို ဆွတ်ခူး နိုင်ကြလေသည်။ လောကုတ္တရာဘက်၌လည်း အပါယ်အစရှိသော သံသရာ ဝဋ်ဆင်းရဲမှကင်းလွတ်သည့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ၊ နိဗ္ဗာန် ချမ်းသာများကိုဆွတ်ခူးခံစားနိုင်ကြလေသည်။

ထိုကဲ့သို့ ချမ်းသာအမျိုးမျိုးကို ပေးစွမ်းနိုင်သော လူ့ကမ္ဘာ၊ လူ့ဘဝပဒေသာပင်ကြီးကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင် ရရှိကြပါကုန်လျက် ကမ္ဘာသူကမ္ဘာသား လူအများတို့သည် မွဲကြတေကြ တော်မွတ်ခေါင်းပါးကြ၊ နေစရာ ထိုင်စရာ ဝတ်စရာ စားစရာ ရှားပါးကြ၍ကမ္ဘာအနှံ့အပြား နိုင်ငံအသီးသီးတို့၌ တစ်နေ့ထက်တစ်နေ့ ဆူပူသောင်းကျန်းမှုများ တိုးပွားမြင့်တက်လာကာ ဘေးအန္တရာယ်ကြီးများနှင့် တွေ့ကြုံနေကြရလေသည်။ ထိုအန္တရာယ်ရောဂါဆိုးကြီးများမှ ကင်းလွတ်ကြောင်း ဖြစ်သော နည်းလမ်းကောင်း၊ ဆေးဝါးကောင်းများကို ကြိုးစားရှာဖွေကြ၍၊ ဒီမိုကရေစီဆေးနည်း၊ ကွန်မြူနစ်ဆေးနည်း စသည်ဖြင့် အနည်းနည်းအဖုံဖုံ ကုစားကြသော်လည်း၊ ထိုအန္တရာယ် ရောဂါဆိုးကြီးများသည်

သက်သာသည်မရှိ၊ တစ်နေ့ထက်တစ်နေ့ တိုးပွားဆိုးရွားလျက်သာ ရှိကြလေသည်။

ထိုကဲ့သို့ ဖြစ်ရခြင်းမှာ အနာနှင့် ဆေး မဘည့်သော သောကြောင့်သာ ဖြစ်လေသည်။ "အနာနှင့်ဆေး၊ တည့်အောင်ပေး၊ ပျောက်ရေးခေါ်ပါ" ဆိုသည့်အတိုင်း အနာ၏ဖြစ်ကြောင်းမှန်ကိုသိ၍ သင့်တော်သော ဆေးနှင့် ကုသလျှင် အန္တရာယ် ရောဂါပျောက်ကင်းမည်မှာ မလွဲပေ၊ ကမ္ဘာ့အန္တရာယ်ဆိုးကြီးများဖြစ်ခြင်း၏ အကြောင်းရင်းမှာ ကမ္ဘာသူ ကမ္ဘာသားတို့သည် မိမိတို့ လိုက်နာကျင့်သုံးရမည့် လူ့ကျင့်ဝတ်၊ လူ့တာဝန်၊ လူ့ဥပဒေ၊ လူ့စည်းမျဉ်း ဖြစ်သည့် ကမ္ဘာ့ဥပဒေကောင်း မင်္ဂလာတရားတော်များကို ချိုးဖောက် ဖျက်ဆီးကြ၍ နည်းလစ်လမ်းသစ် လုပ်ငန်းသစ် အမျိုးမျိုးတို့ကို တီထွင်ဖန်တီးကြပြီးလျှင် သင်ရာမြင်ရာ ပြုလုပ်ကြခြင်းကြောင့်ပင် ဖြစ်လေသည်။ ထိုသို့ပြုလုပ်ကြသောကြောင့် ရပ်ရွာငြိမ်းချမ်းရေးတိုင်းပြည် ငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး ကွယ်ပျောက်၍ ဆူပူသောင်းကျန်းမှုများ တိုးပွားကာ ဘေးဆိုးအန္တရာယ်ဆိုးကြီးများ ကျရောက်လာခြင်း ဖြစ်ခဲ့လေသည်။

ထိုအန္တရာယ် ရောဂါဆိုးကြီးများကို ပျောက်ကင်းအောင် နှိမ်နင်းနိုင်ရန်ဗုဒ္ဓရှင်တော်ဘုရား၏မင်္ဂလာတရားတော်တည်းဟူသောဆေးအကျဆုံး အဖောင်းဆုံးအကောင်းဆုံး ဆေးတော်ကြီးမှ တစ်ပါး အခြားသော ဆေးနည်းကောင်း ရှိနိုင်တော့။မင်္ဂလာတရားတော်သည် သာလျှင်အကောင်းဆုံး အကောင်းဆုံးဆေးတော်ကြီး ဖြစ်သည်ဟု မင်္ဂလာဗျူဟာ အသင်းသူ အသင်းသားများက တစ်သံတည်း သံနှုတ်ဆွဲ၍ ဆုံးဖြတ်ခဲ့ကြပေသည်။

ထိုသို့ဆုံးဖြတ်ကြပြီးလျှင် "ဝဂ်မှာ မင်္ဂလာတရားတော်ကိုသာ ယကဲ ပြောက် လက်တွေ့ကျင့်သုံးရန်" အသင်းကြီး၏ အဓိကရည်ရွယ်ချက် ထားရှိကြောင်း၊ "တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကျေးဇူးပြုခြင်း၊ တစ်ဦး၏ ကျေးဇူးကို တစ်ဦးက ရိုသေစွာ တုံ့ပြန်ခြင်း" ဟူသော ကတည့်တာ မင်္ဂလာတရားတော်ကို ဦးစားပေး၍ ဆောင်ရွက်ရန်ရည်ရွယ်ချက် ထားရှိကြောင်း သိရသဖြင့် ဆရာတော် အလွန် ဝမ်းမြောက်ပေသည်။

"အလိမ္မာ စာမှာရှိသည်" ဟူသော စကားအရ စာမှာရှိသော အလိမ္မာကို ကိုယ့်ကိုယ်သို့ ရောက်စေ၍ ကိုယ့်ကိုယ်မှာ အလိမ္မာ တရားရှိစေနိုင်သဖြင့် အထက်ပါ မြင့်မြတ်သော ရည်ရွယ်ချက်များအတိုင်း မင်္ဂလာ

တရားတော်များကို ကာယကံမြောက် ဆောင်ရွက်၍ မင်္ဂလာ တရားများ မိမိပို့ကိုယ်၌ ရှိဖို့လိုပေသည်။ သင့်တော်သော ဆေးကို စား၍ ဆေး ကိုယ်တွင်းသို့ ရောက်မှ ဆေး၏ အကျိုးကို ခံစားရသကဲ့သို့၊ တရား ကိုယ်ထဲ ရောက်မှ တရား၏ အကျိုးကို ခံစားရပေမည်။

"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ၊ ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ" "တရားစောင့်သော သူကို တရားက စောင့်၏။ ကောင်းစွာ ကျင့်သုံးအပ်သော တရားသည် ချမ်းသာကို ပေးဆောင်တတ်၏"ဟု မြတ်စွာဘုရားသည် နှစ်ပေါင်း ၂၅၀၀ကျော်က ဟောကြားခဲ့သော်လည်း ယနေ့ ဤအတိုင်းပင် ဟုတ်မှန်သဖြင့် အလွန်ခေတ်မီသော တရားတော် ဖြစ်ပေသည်၊ ဤဒေသနာ တော်အရ ၃၈-ဖြာ မင်္ဂလာများ အနက် တစ်မျိုး နှစ်မျိုးစသည် တတ်နိုင် သလောက် ကာယကံ မြောက် လေ့ကျင့်လျှင် လေ့ကျင့်သလောက် အတော လိက အချိန်အခါ မရွေး၊ သန္ဒိဋ္ဌိက အဆိုင်းမဟုတ် လက်ငင်း အကျိုးပေး နိုင်သည်။ သို့ပါလျက် မင်္ဂလာတရားတော်များကို အားထုတ်ကြောင့်မ လေ့ကျင့် ကြပါသနည်း။ အဖြေမှာ တရားတော်၏ ဂုဏ်သတ္တိကို နားလည်မှု နည်းသောကြောင့် ဖြစ်ပေသည်။ "နောက်ဘဝပါ အကျိုးဆောင် ကိုယ့်အကျိုး အောင်"ဟူသော ရှေးပညာရှိတို့ စကားကို ကောင်းကောင်း သဘော မပေါက်ကြသဖြင့် သူ့ဘဝပါ အကျိုးဆောင်သူနည်းပါးလျက် ရှိလာသည်။ ဘုရားလောင်းသည် ကာလရှည်လျားစွာ ဒါနစသော ပါရမီတော် သူ့ဘဝပါ အကျိုးများကို ဆောင်ရွက်သဖြင့် သဗ္ဗညုတဉာဏ်ရှင် သုံးလောကထွတ်ထင် ဘုရားသခင်အဖြစ်သို့ ရောက်ခြင်း တည်းဟူသော မိမိ အကျိုး အောင်မြင်ခဲ့ သည်မှာ ထင်ရှားသော သက်သေသာဓက ကြီးတစ်ခု မဟုတ်ပါလော။

၃၈-ဖြာ မင်္ဂလာသည် နိဗ္ဗာန်ပါ ဝင်ပါးနုပ် ပိဋကတ်သုံးပုံကို အကျဉ်း ချုပ်၍ အသုံးဝင်သော နည်းဖြင့် ထုတ်ဖော် ဟောကြားထားသော တရား တော်ဖြစ်၍ ယင်း-မင်္ဂလာ တရားတော်ကို ထိရောက်စွာ လေ့ကျင့်လျှင် အဝိဇ္ဇာ၊ တဏှာ၊ အမိုက်တည်းဟူသော သိက္ခာ ၃-ပါး၊ သာသနာ ၃-ရပ် ပြည့်စုံ၍ ငြိမ်းချမ်းရေး အစစ်ဖြစ်သော နိဗ္ဗာန်ကို ရနိုင်ပေသည်။ မင်္ဂလာတရား ပြန့်ပွားကြောင်း ဖြစ်သော အလုပ်သည်လည်း သာသနာပြု အလုပ်၊ ငြိမ်းချမ်းရေးလုပ် ဖြစ်ပေသည်။ သို့ဖြစ်၍ အထက်ဖော်ပြပါ ရည်ရွယ်ချက်ဖြင့် အလုပ်လုပ်လျက်ရှိသော ဤမင်္ဂလာ ဗျူဟာအောင်း

ချုပ်သည် သာသနာပြုအသင်း၊ တိုင်းပြည် ငြိမ်းချမ်းရေး အသင်းကြီး ဖြစ်ပေသည်။

"ရှေးဦးစွာ မိမိကိုယ်တိုင် သင့်လျော် ကောင်းမြတ်သော အကျင့်ကို ကျင့်ရာ၏။ နောက်မှ သူတစ်ပါးကို ဟောပြောဆုံးမရာ၏။ ထိုသို့ကျင့်သော ပညာရှိသည် (သူတစ်ပါးကဲ့ရဲ့ခြင်းဘေးမှ ကင်းလွတ်၍) စိတ်ပင်ပန်း ညစ်နွမ်းခြင်း မဖြစ်ရာ။"

"သူတစ်ပါးကို ဆုံးမသကဲ့သို့ မိမိကိုယ်ကိုဆုံးမရာ၏။ မိမိကိုယ်ကို ကောင်းစွာ ဆုံးမပြီး သူတစ်ပါးကို ဆုံးမရာ၏။ မိမိကိုယ်ကို ဆုံးမရန် ကား အလွန်ခဲယဉ်း၏" (ဓမ္မပဒပါဠိတော် အတ္တဝဂ်၊ ဂါထာအမှတ်-၁၅၈၊ ၁၅၉)။

ဤဒေသနာတော်အရ သာသနာပြုမည့် ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပထမသာသနာပြု၍ နောက်မှ သူတစ်ပါးကို ပြုသင့်ပေသည်။ သို့မှသာ ခရီးရောက်ပေမည်။ သာသနာပြုရေးနှင့် စပ်၍ (၁) ကိုယ်တိုင်လည်း တရားကျင့်၊ သူတစ်ပါးကိုလည်း ဟောပြောသူ၊ (၂) ကိုယ်တိုင်ကားကျင့်၏၊ သူတစ်ပါးကို မဟောပြောသူ၊ (၃) ကိုယ်တိုင်က တရားမကျင့်၊ သူတစ်ပါးကိုသာ ဟောပြောသူ၊ (၄) ကိုယ်တိုင်လည်းမကျင့်၊ သူတစ်ပါးကိုလည်း မဟောပြောသူဟု (၄) မျိုးရှိသည်။ ထိုလေးမျိုးအနက် (၁) ပုဂ္ဂိုလ်သည် အကောင်းဆုံး ဖြစ်သည့်အတိုင်း ဤ အသင်းသူ အသင်းသားတို့သည် ကိုယ်တိုင်လည်း မဂ်သာတရားတော်ကို လေ့ကျင့်၍ သူတစ်ပါးတို့ကိုလည်း လေ့ကျင့်အောင် ဆောင်ရွက်နိုင်ကြပြီ လျှင် ဤ မင်္ဂလာဗျူဟာ အသင်းချုပ်သည် ယခု လူအများ ကြုံတွေ့ နေကြရသော အခက်အခဲ အကျပ်အတည်း အမျိုးမျိုး၊ ဘေးအန္တရာယ်ဆိုး အမျိုးမျိုးတို့မှ ကင်းငြိမ်းအောင် ဆောင်ရွက်နိုင်သည့် သာသနာပြု အသင်းကြီး၊ မြို့-ရွာ ငြိမ်းချမ်းရေး၊ တိုင်းပြည်ငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး အသင်းကြီး ဖြစ်ပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။ ။

ပြီးပါပြီ။

ဘာသာပြန်စာစဉ်နှင့် ကမ္ဘာ့ဗုဒ္ဓသာသနာပြုမှတ်တမ်းစာအုပ်

## လှူဒါန်းစာအုပ်များ

| အလှူရှင်အမည်နှင့် လိပ်စာ | စာအုပ်ပေါင်း |
|---|---|
| ၁။ စည်သူဦးညွန့်<br>အငြိမ်းစား အတွင်းဝန်ချုပ်၊ ကုလသမဂ္ဂ<br>စီးပွားရေး ကော်မရှင်၊ အမှတ်-၁<br>ငါးထပ်ကြီး ရိပ်သာလမ်း၊ ဗဟန်း။ | ၆၅ |
| ၂။ မဉ္ဇူသက ဦးသန်းမောင်<br>နိုင်ငံကျော်ရည် ဒု-အာသင့်၊ အမှတ် ၁၁၆/F.<br>တက္ကသိုလ်ရိပ်သာလမ်း။ | ၅၀ |
| ၃။ မစ္စအီဂဲ(လ်)ဒင်<br>လန်ဒန် ပါဠိအသင်းကြီး (အင်္ဂလန်) | ၅၀ |
| ၄။ ဘုရား/ကျောင်းအစ်မ ဒေါ်စိန်ခင်<br>၁၃၁—ရွှေတိဂုံဘုရားလမ်း၊ရန်ကုန်။ | ၅၀ |
| ၅။ ဓမ္မသာကစ္ဆာ ဦးဆိုင်<br>အမှတ် ၂၃၈-ဘောက်ထော်ဘုရားရုံလမ်း၊<br>သင်္ဃန်းကျွန်း။ | ၁၁ |
| ၆။ ဦးမောင်မောင်ဘော်၊ ဒေါ်ယဉ်ယဉ်မြင့်<br>လပြည့်ဝန်းဆေးတိုက်၊ ၃၉-ဘီ<br>ငှက်ပျောတောလမ်း၊ စမ်းချောင်း။ | ၂၀ |
| ၇။ ဦးတေဇနီယာဘိဝံသ<br>မစိုးရိမ်ကျောင်းတိုက်၊ ကမ္ဘာအေး<br>ရေကူးရပ်၊ မရမ်းကုန်း။ | ၁၀ |

၈။ ဦးမြင့်ကြင်း ဒေါ်ခင်ညွန့် ၁၃

၂၅-လှည်းတန်း၊ ကမာရွတ်။

၉။ ဦးအောင်ကျော် ဒေါ်ခင်စိန် ၁၇

၉၃-တက္ကသိုလ်ရိပ်သာလမ်း။

၁၀။ ဦးစောဦး မိသားစု ၁၀

၉၅-သစ်တောလမ်း။

၁၁။ ကျောပုံ ဦးသန်းမောင် ဒေါ်ငွေလက် ၁၀

အမှတ် ၁၇၁-၅၁ လမ်း၊ ပုဇွန်တောင်။

၁၂။ ဦးမြင့်လေး ဒေါ်လှရီ မိသားစု ၁၀

၁၄၆-၅၁ လမ်း၊ အလယ်လမ်း။

၁၃။ ဦးမြင့် ဒေါ်သန်းတန်း ၁၀

၄၈ ဆေးရုံလမ်း။

၁၄။ ဒေါက်တာ ဒေါ်စမ်းစမ်းလွင် ၁၀

ကထိက ဒေါ်မြင့်မြင့်ဆန်း

အမှတ် ၄၉၀၊ အောက်ပုဇွန်တောင်လမ်း။

၁၅။ ဦးစိုးမင်းနှင့်မိသားစု ၁၄

၁၄၅ ၅၁ လမ်း၊ ပုဇွန်တောင်။

၁၆။ ဦးအောင်သိန်း ၁၂

[illegible]တ်ဖြ၊ ၉၂-လမ်း။

၁၇။ သခင်ခင်ညွန့် ၅၀

[illegible]၊ ၁၉၄-၃၃ လမ်း။

ဆရာတော်

# အရှင်သေဋ္ဌိလ

…. ယင်းသို့ လှူရှင်၊ စိတ်ကူးခင်၍၊ တုမြင်အားကျ၊ ဆောင်ရွက်ကြဖို့
ကမ္ဘာ့သာသနာပြု၊ ယခုထင်ရှား၊ ဆရာဖျား၏၊ ကြိုးစားလုပ်ရပ်၊
အတ္ထုပ္ပတ်ကို၊ ကျမ်းမြတ်တစ်ဆူ၊ သမိုင်းထူ၏၊
မိုလ်လူအများ၊ ဤယောက်ျားကို၊ စံထားသမှု၊ ပမာပြု၍၊
လူ့ဘာ သာသနာ၊ ထွန်းစိမ့်ငှာဟု၊ ဒေသစာစက်၊ ခုဖြန့်ကြက်သော့၊
အခက်အခဲ၊ ရှိစမြဲတည့်၊ ဆင်းရဲဒုက္ခ၊ ရင်းတည်မှုလျှင်၊
သုခအကျိုး၊ ဆဆတိုးလိမ့်၊ အမျိုးဘာသာ၊ သာသနာလည်း၊
လျှသာမူလ၊ အရင်းကျ၏၊ လုံ့လမကူ၊ ဉာဏ်မလူက၊
ကံမူသိမ်ဖျင်း၊ ပျက်ပြိုဆင်း၏၊ မယွင်းထပ်ဟူ၊ လုံ့လကူသော်၊
ဉာဏ်ယူလည်းပွင့်၊ ကံလည်းမြင့်၏၊ အသင့်အချို့၊ ဂုဏ်ရောင်ပျို့၍၊
တို့မြန်မာတိုင်း၊ ကမ္ဘာ့နိုင်းသည့်၊
ကံမှိုင်း'မ'လို့၊ ဝေစေသော်၊ ။

အရှင်ဉာဏိက

